

# ဆိုင်းသမား

ရွာစားစိန်တင်ဟန်

# သိုင်း သမား

ဈာစားဆိုန်တာင်ဟာန်

အမှတ် ၁၄၀၊ ၄၅ လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။
ဖုန်း- (၀၁) ၂၉၇၀၇၂၊ ၅၂၇၆၅၆

## မာ တိ ကာ


| | |
|---|---|
| အမှာစာ | င |
| စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း | စ |
| ၁။ ကျွန်တော့်ဘဝ | ၁ |
| ၂။ ကျွန်တော့်ဇာတာခွင် မဟာဘုတ် | ၂ |
| ၃။ အဖေ့အသံ | ၃ |
| ၄။ အမေ့အသံ | ၄ |
| ၅။ ကျွန်တော်တို့ရွာ | ၆ |
| ၆။ ဘုန်းတော်ကြီး | ၈ |
| ၇။ ဆွေမျိုးစဉ်ဆက် | ၁၁ |
| ၈။ မြင်းရထား ခိုးစီးခြင်း | ၁၃ |
| ၉။ ဆွမ်းတော်ကြီး | ၁၅ |
| ၁၀။ အရေးတော်ပုံ | ၁၇ |
| ၁၁။ ပုံသဏ္ဌာန်များ | ၁၈ |
| ၁၂။ နှမလေး ပါးတွင်ခွေးကိုက်ခံရခြင်း | ၂၁ |
| ၁၃။ ဘကြီး ဦးလူဝတို့အလှူ | ၂၂ |
| ၁၄။ ဒုတိယကမ္ဘာစစ်ကြီး | ၂၆ |
| ၁၅။ စစ်ပြေး | ၂၉ |
| ၁၆။ ကစားသမား | ၃၁ |
| ၁၇။ ဗိုလ်အောင်ဒင် | ၃၆ |
| ၁၈။ စိန်ဆပ်ပြာ | ၃၉ |

၁၉။ ငရဲမီး ၄၀

၂၀။ ရဟန္တာ ၄၃

၂၁။ ဖက်ဆစ်ဂျပန် ၄၅

၂၂။ နပန်းပွဲ ၄၆

၂၃။ အရက်ပုန်းနဲ့ ဘလိုင်ကြီး ၅၀

၂၄။ ကက်ဆွဲခြင်း ၅၃

၂၅။ မြင်းရောလူရော ၅၅

၂၆။ မီးကျည်ချခြင်း ၅၆

၂၇။ ပုံးအမျိုးမျိုး ၅၇

၂၈။ ကျွဲနှစ်ကောင် ၅၈

၂၉။ ဝဲပေါက်ခြင်း ၅၉

၃၀။ ငွေစက္ကူ ၆၀

၃၁။ ကိုမြသွင် ၆၁

၃၂။ အခေါ်အဝေါ်များ ၇၂

၃၃။ ကျွန်တော်ရောက်တဲ့ နေရာ ၇၄

၃၄။ ပတ်စာမျိုရခြင်း ၇၈

## အမှာ

ဆိုင်းဆရာတစ်ဦးက ကိုယ်ရေးအတ္ထုပ္ပတ္တိ ရေးလေ့မရှိပါ။ဤ စိန်တင်ဟန်၏ "ဆိုင်းသမား"မှာ ဆိုင်းဆရာ (ပတ်တီးဆရာ) ရေးသော ပထမဆုံး ကိုယ်ရေးအတ္ထုပ္ပတ္တိ ဖြစ်ကောင်းဖြစ်နိုင်သည်။ဖြစ်ကောင်းဖြစ်နိုင်သည်ဟူရာ၌ ကျွန်တော်က သုတေသနသမား မဟုတ်သောကြောင့် ဖြစ်သည်။သို့သော် ဖြစ်နိုင်ခြေ အတော့်ကို များပါသည်။မှားလျှင်တော့ ပြင်ပေးကြပါ။

ဆရာစိန်တင်ဟန်ကား "ထန်းရွက်ပုတီး" သီချင်းရေးသူ၊ "ဘိသိက်မြိုင်" ဆောင်းပါးရေးသူ ဆိုင်းသမားသာမက စာရေးဆရာ သီချင်းရေးဆရာလည်း ဖြစ်သည်။

ကိုတာ

## စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

### ရွှာစား စိန်တင်ဟန် (၁၉၃၂ –၂၀၀၄)

အဖ ဦးဖိုးသစ် – အမိ ဒေါ်မြမှုံတို့မှ ၁၉၃၂ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် မြင်းခြံမြို့နယ် စွန်းလွန်းရွာတွင် မွေးဖွား၊ ငယ်နာမည် မောင်ကိုလေး။ ၁၉၄၂ ခုနှစ်တွင် အစ်ကိုဖြစ်သူ စိန်လှမောင်က မန္တလေးသို့ခေါ်ယူ၍ ဆိုင်းပညာသင်ပေးခဲ့။၁၉၅၃ ခုနှစ်တွင် ဆိုင်းဝိုင်းတော်တီးဖြစ်ခဲ့။၁၉၅၄ ခုနှစ်တွင် ဆရာကြီး စိန်ဗေဒါ၏ဆိုင်းကို ဆက်လက်ခေါင်းဆောင်တီးမှုတ်ခဲ့။၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလတွင် ဒေါ်စိန်တင်နှင့် အိမ်ထောင်ကျခဲ့ပြီး ကိုယ်ပိုင်ဆိုင်းတည်ထောင်ခဲ့။လက်ဦးဆရာများမှာ ဦးစိန်ကျော်တင့်၊ ဦးစိန်ငှက်ရိုး၊ မြန်မာညွန့် ဦးချစ်မောင်၊ ဦးဘကလေး၊ ဦးဟန်ပတို့ဖြစ်၊ အေဝမ်းဆရာညွှာ၊ မြို့မငြိမ်း၊ နန်းတော်ရှေ့ဆရာတင်၊ နန်းတော်တောင် ဆရာခင်၊ ဦးဘလှိုင်၊ မြန်မာညွန့် ဆရာတင်တို့ထံ၌လည်း သီချင်းရေးစပ်နည်းပညာများ သင်ယူခဲ့။၁၉၈၃ ခုနှစ်မှ စတင်ကာ ယဉ်ကျေးမှုအနုပညာဆိုင်ရာ ဆောင်းပါးများကို မဂ္ဂဇင်းများတွင် ရေးသားလာခဲ့။မြန်မာစာကော်မရှင် အဖွဲ့ဝင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပညာရေးကောင်စီဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနကဇာတ်ဌာနခွဲ (မန္တလေး) ဂီတအကြံပေးပုဂ္ဂိုလ်၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး ဗဟိုကော်မတီဝင် စသည့်တာဝန်များ ထမ်းဆောင်ခဲ့သည်။

၂၀၀၄ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် မန္တလေးမြို့၌ ကွယ်လွန်သည်။

* * *




ရှာစား စိန်တင်ဟန်
(၁၉၃၂-၂၀၀၄)

# ကျွန်တော့်ဘဝ

ဤမှတ်တမ်းစာအုပ်ကလေးကို မန္တလေးအရှေ့တောင်မြို့နယ် သမဝါယမအသင်း အတွင်းရေးမှူး ဦးကျော်လှိုင်က ပေး၏။စာအုပ်အရွယ်မှာ အလျား ၉ လက်မ၊ အနံ ၆ လက်မခန့် ရှိ၏။စာအုပ်ကို ကတ်ထူအကောင်းစားဖြင့် သေသပ်စွာ ဖုံးထားပြီး မှတ်တမ်းလွှာဟု လက်ရေးစာလုံးကြီးသဏ္ဌာန် ရိုက်နှိပ်ထားပြီး အောက်နားတွင် စက္ကူ စာရေးကိရိယာ စာအုပ်နှင့် ဓာတ်ပုံပစ္စည်းကုန်သွယ်ရေးကော်ပိုရေးရှင်းဟု ပုံနှိပ်စာလုံးမျိုးဖြင့် ရိုက်နှိပ်ထားပြီး အဖုံးမှာ အစိမ်းပုတ်ရောင် ဖြစ်၏။အတွင်းစာရွက်များမှာ အချော အဖြူဖြစ်ပြီး မျဉ်း ၂၆ ကြောင်း ပါရှိကာ အပေါ်ဆုံးက မျဉ်းနီ ၂ ကြောင်းပူးနှင့် ကန့်လန့်ဖြတ်မျဉ်းနီ ၁ ကြောင်းက ရေးချက်အစ ၁ လက်မခန့်အကွာနှင့် အဆုံး ၁ လက်မခန့်အကွာတွင် မျဉ်းနီ ၁ ကြောင်းစီ ရိုက်နှိပ်ထား၏။ထိုအချိန်တွင် ကျွန်တော်သည် သမဝါယမအသင်း အမှုဆောင်တစ်ဦးဖြစ်နေသဖြင့် တာဝန်များ များပြားသော်လည်း စာအုပ်ကလေးကိုကြည့်ကာ သန့်ရှင်းသပ်ရပ်ပြီး မြတ်နိုးစရာကောင်းလှသဖြင့် အခြားမှတ်တမ်းများရေးမည့်အစား ကျွန်တော့်ဘဝမှတ်တမ်းများ စတင်ရေးသားရလျှင် ကောင်းလိမ့်မည်ဟု ထင်မိသဖြင့် ခေါင်းစီးတွင် အထက်ပါအတိုင်း ကျွန်တော့်ဘဝဟုတပ်လိုက်ခြင်း ဖြစ်လေသည်။ထိုနေ့ကား ၁၇. ၈. ၈၅ နေ့ ဖြစ်၏။ မြန်မာရက်စွဲမှာ ၁၃၄၇ ခု၊ ပထမဝါဆိုလဆန်း ၉ ရက်၊ ကြာသပတေးနေ့ ဖြစ်၏။

ကျွန်တော့်ကို မြင်းခြံမြို့၊ စွန်းလွန်းရွာနေ အဖေ ဦးဖိုးသစ်၊ အမိ ဒေါ်မြမှုံတို့မှ ဆဋ္ဌမမြောက်အဖြစ် အောက်ပါနေ့ရက်တွင် မွေးဖွားခဲ့သည်။

ဇေယျတု — ကာမဘုမ္မိ သုဂတိဟု ဇာတိလူ့ပြည် သန္ဓေတည်၍ မွေးသည်။စင်စစ် သက္ကရာဇ်ကား ၁၂၉၄ ခု၊ ဝါဆိုလဆန်း ၉ ရက်၊ တနင်္လာနေ့၊ နံနက် စက် ၇ နာရီအချိန်တွင် ဘုန်းပညာလက္ခဏာနှင့်ပြည့်စုံသော သတို့သားကို မာတာမိခင် ဖွားသန့်စင်သည် မည်တွင်သညာ ခေါ်စရာကား မောင်ကိုကြီး ရက်ချုပ် အာယုဒီဃံသုခံ အဝေရာကျော် အသက်ရှည်စေသော်ဝ်။

* * *

# ကျွန်တော့်ဇာတာခွင် မဟာဘုတ်


မွေးနေ့ရက်ချုပ်ကို တွက်ချက်၍ မဟာဘုတ်တိုင်ထူလိုက်သောအခါ ၆ ခု ကြွင်း၊ တနင်္လာ၊ မရဏဖွားဖြစ်၍ ငယ်စဉ်က သေလောက်သော ရောဂါဝေဒနာ အသက်အန္တရာယ်များနှင့် ရင်ဆိုင်ခဲ့ရ၏။ ၅ တေး အထွန်း၊ ၁ နွေ သိုက်၊ ၄ ဟူး ရာဇတံခွန်၊ ၇ နေ ပုတိ၊ ၃ ဂီ အဓိပတိ၊ ၆ ကြာ ဘင်ဖြစ်၏။ ဤကား ဗေဒင်အချုပ် မဟာဘုတ် ဟူသော ဆိုရိုးအတိုင်း ကျွန်တော်၏ မဟာဘုတ် ဂြိုဟ်နေများ ဖြစ်၏။ ဇာတာကြီး၏ ၁၂ ရာသီစက် ဂြိုဟ်ခွင်တွင်မူ ၃ ဂီသည် ပြိဿတွင် ရှိ၏။ မေထုန်တွင် ၁ နွေ၊ ၆ ကြာ ပူးလျက်ရှိ၏။ ကရကဋ်တွင် လဂ်နှင့် ၄ ဟူး တွဲ၏၊ သိဟ်တွင် ၅ တေး၊ ကန်တွင် ၂ လာ၊ မကာရတွင် ၇ နေ၊ ကုမ်တွင် ရာဟုတို့ တည်ရှိနေ၏။

စွန်းလွန်းရွာထဲတွင် ကျွန်တော်တို့ အိမ်သည် ခပ်ဆန်းဆန်းဖြစ်၏။ သူများတွေက နှစ်ဆောင်ပြိုင်အိမ်ကြီးဟု ဆိုရိုးရှိ သော်လည်း အဖေက သုံးဆောင်ပြိုင် ဆောက်ထား၏။ ပုံသဏ္ဌာန်မှာ နှစ်ဆောင်ပြိုင် တစ်လုံး၊ တစ်ဆောင်က ခေါင်ကန့်လန့်ဖြတ်မိုး ဆောက်ထားပြီး အဖေက အစ်မ မခင်ညွန့်ကို အလွန်ချစ်၍ အနောက်ဘက် တစ်ဆောင်တည်းကြီးကို အစ်မအတွက် ဆောက်ထားပေးသည်ဟု ပြော၏။ အိမ်ရှေ့မှာ မန်ကျည်းပင်ကြီး ရှိ၏။ အိမ်က မြောက်ဘက်လှည့် အိမ်အနောက်ဘက်က သမုန်းပင်တစ်ပင် ရှိ၏။ အိမ်ရှေ့ ဝင်းထရံအတွင်း အနောက်မြောက်ထောင့်၌ သလဲပင် ရှိ၏။

**ကျွန်တော့်ဇာတာခွင် မဟာဘုတ်**

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

**မဟာဘုတ်ကြီး ဇာတာခွင်**



# အဖေ့အသံ

အဖေ ဦးဖိုးသစ်က ရုပ်သေးမင်းသားဖြစ်ပြီး မင်းသားအမည်မှာ စံပယ်သစ် ဖြစ်၏။အမေကလည်း ရုပ်သေးမင်းသမီးဖြစ်၏။မမြမှုံ ရုပ်စုံအဖွဲ့ဟု အမေ့နာမည်ဖြင့် ခေါင်းဆောင်က,၏။အဖေ ပွဲကသည် ရုပ်သေးကသည်ကို ကျွန်တော်တို့ မမီလိုက်ပါ။အဖေ့အသံက ရဲရဲတောက်သည့်အသံမျိုး၊ အလွန် ကြည်ပြီး အသံလုံး ကောင်းသည်။လှသည်။ပွဲပေါ် ရုပ်သေးပေါ် ကြားရသည် မဟုတ်ပါ။အရက်မူးလာပြီး တစ်ခါတလေ အော်ဟစ်သီဆိုခြင်းကို ကြားဖူး ရခြင်းသာ ဖြစ်၏။အဖေသည် အရက်မူးသော်လည်း အမူးပါး ဖြစ်ပုံရသည်။ အနုပညာကို မြတ်နိုး တန်ဖိုးထားသည်။မူးပြီး သီချင်းတွေ အော်ဟစ်ဆိုတာမျိုး ရှိခဲ့လှ၏။ကျွန်တော့်အသက် ၂၆ နှစ်မှာ အဖေ ကွယ်လွန်၏။ဤအချိန်အထိ အဖေ သီချင်းအော်ဆိုတာ သုံးခါ လေးခါလောက်ပဲ ကြားဖူး၏။အဖေ့ပုံသဏ္ဌာန် သည် သေးသေးသွယ်သွယ်၊ မာမာကျစ်ကျစ်၊ အသားညိုညို၊ အရပ် နည်းနည်း လေး မြင့်၏။နဖူးက အရေးအကြောင်းတွေ အများကြီးပါ၏။သွက်လက်ပြီး လျင်မြန်၏။သျှောင်ထုံးနဲ့ဖြစ်၏။နောက်မှ ဆံပင်ရှည်သျှောင်ထုံးကြီးကို ဖြတ်၏။ ကတုံးတုံး၏။အဖေသည် တစ်သက်လုံး ဘိုကေမထားပေ။သေသည့်အချိန်ထိ သျှောင်ထုံးနဲ့ ကတုံးသာဖြစ်၏။

* * *

## အမေ့အသံ

ကျွန်တော့်အမေသည် ဖြူဖြူ ဝဝတုတ်တုတ် အရုပ်အနေတော်လောက် ရှိ၏။အမေ ရုပ်သေးပွဲများ က,ရာတွင် ပရိသတ်က အလွန်ချစ်သည်ကို တွေ့ရ၏။ပွဲခင်းကြီးတစ်ခုလုံး ခားတွေ တုတ်တွေနဲ့ ရန်ဖြစ်နေကြတာတောင် အမေက စင်ပေါ်မှ လက်တန်းမပြီး သီချင်းဆိုလိုက်ရင် ရန်ဖြစ်နေသူတွေ ချက်ချင်းငြိမ်၏။ဟေ့ဟေ့ မြမ့်ူကြီး ထွက်ပြီဟေ့ဟု တစ်ယောက်ကိုတစ်ယောက် ပြောခါ ပွဲခင်းကြီးငြိမ်ပြီး အမေ့အသံကို နားထောင်ကြ၏။အမေ့အသံသည် ပြာလဲ့လဲ့ကလေးဖြင့် မြည်သောအသံမျိုး ဖြစ်၏။အမေသည် မြန်မာစာပေ ကျမ်းစာများကို နှံ့စပ်၏။မြန်မာမှုများကို ကျွမ်းကျင်၏။နားလည်၏။တစ်ခါတစ်ရံ ရုပ်သေးစင်ပေါ် အမေပြောနေခြင်းများသည် မြန်မာစကားပြေကောင်းကောင်း များ ဖတ်ရှုနားထောင်ရတာနဲ့ တူ၏။အမေသည် စကားပြောရာက ဆီဆိုင်ရာ သီချင်းကလေးများကို ကောက်ခါငင်ကာ ဆိုတတ်၏။အမေ့သီချင်းသံသည် ကြေး၊ ပတ်၊ နှဲ၊ မောင်းသံများစွဲရာ အသံမကြောင် အသံမတိမ်းပေ။ကရုဏာဘက် ရောက်အောင် ပို၍ ဆိုပြတတ်၏။ဒါကြောင့်လားမသိ အမေပွဲကရာ အချို့ရွာတွေမှ အမျိုးသမီးများက မျက်နှာမြင်တာတောင် အမေ့နာမည် မမြမ့်ူဟု နာမည်မှည့်ကြ၏။မမြမ့်ူလေးများ ငါးယောက်၊ ခြောက်ယောက် မြင်ဖူး၏။အချို့က သုံးနှစ် သမီးလောက်က အချို့က ငါးနှစ်၊ ခုနစ်နှစ် စသည်ဖြင့် အပျိုပေါက်တစ်ယောက်ပါ တွေ့ဖူး၏။အမေ့ရုပ်သေးစင်ပေါ်ကို မိဘများက ဝမ်းပန်းတသာ လာရောက်ပြသ နှုတ်ဆက်၏။အမေ ပွဲကရသည့်နယ်မှာ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ မြင်းခြံ၊ ပခုက္ကူ၊ ရေစကြို၊ သဲတော၊ ဝမ်းတွင်း၊ ရမည်းသင်း၊ ပျဉ်းမနား၊ တပ်ကုန်း၊ ပျော်ဘွယ်၊ တောင်သာ၊ ကူမဲနယ်များ ဖြစ်၏။တောရွာဘုရားပွဲများ၊ အလှူပွဲ၊ ကထိန်ပွဲများ၊ ဘုန်းကြီးပျံများ စသည်ဖြင့် ပွဲပေါင်းစုံလှ၏။အချို့ရွာများတွင် ပွဲရှိမှ အရက်မူး၊ ထန်းရည်မူး အလွန်ပေါ၏။အမေသည် လူဆိုး သူခိုးများကိုလည်း မေတ္တာဖြင့်သာ အနိုင်ယူ၏။သူ့ရုပ်သေးစင်ဘေးနား အောက်နားတွင် အရက်မူး သမားတွေ တုတ်တွေ ခားတွေ ဘေးချပြီး အိပ်ကြ၏။မနက်လင်း ပွဲသိမ်းတော့ ထိုလူတွေက အိပ်တုန်း မနိုးကြသေး။နေထွက်လာတော့ ထိုသူများ နေမပူစေရန် အမေက စောင်တွေနဲ့ ကာပေး၏။အချို့ နိုးသူများက ရှက်ကိုးရှက်ကန်းဖြင့် ထပြန်ကြ၏။အချို့က အမေ့ကို အစ်မလေး ကျွန်တော်ပြန်တော့မယ်ဟု လာရောက်နှုတ်ဆက်ပြီး ဦးချကန်တော့ကြ၏။အမေ့မှာ ပွဲသိမ်းသိမ်းချင်း အိပ်ရခဲ၏။ထိုသို့ အမူးသမားတွေ ကောင်းကောင်းအိပ်စေရန် စေတနာဖြင့် စောင့်ရှောက်ရသည်က

တစ်ဘက်၊ ပွဲပြန်သူများက လာရောက်နှုတ်ဆက်ကြသည်များကလည်း အလွန်များ၏။အမေသည် နာမည်များကိုခေါ်၍ နှုတ်ဆက်၏။မှတ်ဉာဏ်အလွန်ကောင်း၏။ဘယ်ရွာက ဘယ်သူ့သား ဘယ်သူ့ကလေးဟု ကလေးတွေကိုပင် တလေးတစား မေးမြန်း၏။ဒါကြောင့်လည်း အမေ့ကို ပြည်သူများက မေတ္တာပြန်ကြသည် ထင်၏။ကျွန်တော် အသက် ၅ နှစ်၊ ၆ နှစ်သား လောက်မှာ အပြင်းဖျား၏။အဖျားကလည်း တာရှည်၏။လူကြီးတွေက ကျွန်တော်စိတ်ချမ်းသာရန် မုန့်ဖိုးပိုက်ဆံတွေ အများကြီးပေး၏။ကြေးနီပိုက်ဆံ တစ်ပြားစေ့များဖြစ်၍ ခေါင်းတစ်ဘက်တွင် ဂျော့ဘုရင်ခေါင်းပိုင်း ဘေးတစ်စောင်းပုံ ပါရှိ၏။ပန်းတစ်ဘက်တွင် အင်္ဂလိပ်စာများ ထင်းနေ၏။ကြေးပြားအသစ်ကလေးတွေဖြစ်၏။ဘယ်လောက်များသည်တော့ မမှတ်မိ။အစ်ကိုတွေက ကျွန်တော့်ဆီက ပိုက်ဆံကို မုန့်ဝယ်စားချင်၍ ချေးကြ၏။ကျွန်တော်ကလည်း သူတို့ကို ချေးငှားရတာ စိတ်ထဲမှာ ကျေနပ်နေ၏။ပိုက်ဆံကလေးတွေ လျော့သွားရင် အဖေက ထပ်ဖြည့်ပေး၏။အဖျားကပျောက်တော့ မတ်တတ်မရပ်နိုင်ပေ။အဖေနဲ့အမေက တွဲပြီး မတ်တတ်ရပ်ခိုင်း၏။ရပ်နိုင်ပေ့ ရပ်နိုင်ပေ့ဟု ဆိုပေးကြ၏။အိမ်အောက်မှာပဲ ဖြစ်၏။

* * *

# ကျွန်တော်တို့ရွာ

ကျွန်တော်တို့ စွန်းလွန်းရွာမှာ တောင်မြောက် အလျားပိုရှည်၏။ရွာ၏ အရှေ့တောင်ဘက်တွင် ကျောင်းသုံးကျောင်းရှိ၏။စွန်းလွန်း အရှေ့ကျောင်း၊ စွန်းလွန်း တောင်ကျောင်း၊ စွန်းလွန်း အနောက်ကျောင်းဟူ၍ ဖြစ်ပေသည်။ စွန်းလွန်းအရှေ့ကျောင်းမှာ ဦးနာရဒ (ကျွန်တော်တို့၏ဆရာရင်း ဘကြီးဘုန်းကြီး) ကျောင်းထိုင်၍ တောင်ကျောင်းကို ဦးကျောက်ကျောင်းခေါ်ပြီး အနောက်ကျောင်းကို ဘုန်းကြီး ဦးချစ်ကလေးက ကျောင်းထိုင်၏။အရှေ့ကျောင်းနှင့် အနောက်ကျောင်း ကြားတွင် ဂူတော်လှဘုရား ရှိ၏။အလွန်ပင် ကြည်ညိုဖွယ်ကောင်းသောရှေးဘုရား မျက်နှာတော်ပုံမျိုးဖြစ်ပြီး စေတီငုံ၍တည်ထားကာ မြောက်ဘက်လှည့် တဝဂူ မုခ်ပေါက်မှ လှမ်း၍ ဖူးမြော်ရပေသည်။နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်တွင် ဘုရားပွဲတော်ဖြစ်၍ စည်ကားလှပေသည်။ရွာ၏ အရှေ့ဘက်တွင် ချောင်းရှိ၏။ရွာအမည်ကို အကြောင်းပြုပြီး စွန်းလွန်းချောင်းဟု ခေါ်၏။ရွာ၏ ထင်ရှားသော အမှတ်အသားများမှာ ဦးကံလှ ရေတွင်းမည်းကြီး၊ ဆိပ်ဆင်းကြီး၊ ဘုံမုန်းကြီး၊ ဦးမျှားကြီးတိုက်၊ ဦးလူဝတိုက်၊ ဦးကန် ဝါးထောင်နှင့် မျက်စိမမြင်သော နှဲဆရာ ကိုပိုကာတို့ ဖြစ်၏။မဲကန်ကြီးမှာ ကျွန်တော်တို့ကလေးတွေအဖို့ မိုးရွာရင် ရေချိုးရသည်မှာ အလွန်ပျော်၏။မိုးရွာ၍ မဲကန်ကြီးထဲက ဖားတွေက အုံးအင် အီးအွမ် အီးအွမ် အုတုရု အုတုရု ပလက်တက်တက် ပလက်တက်တက် ဂေါ်ခူ ဂေါ်ခူ စသည်ဖြင့် အသံမျိုးစုံမြည်၍ ပျော်ကြတာထက် ကလေးတွေဘဝက ပိုပျော်သည်ထင်၏။လူကြီးတွေကမူ “ဟဲ့ တစ်ရွာလုံးက အညစ်အပတ်ရေတွေ မချိုးကြနဲ့” ပြောသော်လည်း မရပေ။မဲကန်ကြီးမှာ ရွာ၏ အနောက်မြောက်ဘက် ထောင့်တွင် တည်ရှိပေသည်။ဘုံမုန်းကြီးမှာ ရွာလယ်ခေါင်က လမ်းဆုံကြီးနေရာ တွင်ဖြစ်ပြီး ညည ကာလသားတွေ စုဝေး အားစမ်းရာ နပန်းသတ်ရာ တွတ်ထိုးရာ ဖြစ်၏။တစ်နည်းအားဖြင့် ရွာက ကာလသားတွေ သတ္တိစမ်းရာ၊ အားပြိုင်ရာနေရာ ဖြစ်၏။ဦးကန် ဝါးထောင်မှာ မဲကန်ကြီးထောင့်ရှိ တမာပင် ပုပုတုတ်တုတ်ကြီးကို ဝါးလုံးများ ထောင်ထားခြင်းဖြစ်၏။ဆိပ်ဆင်းကြီးမှာ ရွာအရှေ့ဘက် ချောင်းထဲသို့ ရွာအရှေ့မြောက်ဘက်နားက ထိုးဆင်းသွားသော အဆင်းကြီးဖြစ်၏။ထိုဆိပ်ဆင်းကြီးသို့ အစ်ကို ကိုလှဒင် (ဦးစိန်လှမောင်) က မော်တော်ကားလေးလုပ်ပြီး ကျွန်တော်တို့ တစ်တွေကို ထိုကားလေးပေါ်တင်ပြီး အစ်ကိုက နောက်ကနေ တွန်းပေး၏။ ကျွန်တော့်ထက်အကြီး အစ်ကို ကိုညဏ်ရင် (ဦးကျော်လှိုင်) က ဒရိုင်ဘာလုပ်ပြီး မောင်း၏။အစ်ကိုက နောက်က ကားကိုတွန်းပေးသည်တွင် မဟုတ်သေးဘဲ

ပါးစပ်မှလည်း ကားစက်သံ၊ အင်ဂျင်သံ၊ ကားဟွန်းသံများ မြည်ပေးသေး၏။ ဦးကံလှ ရေတွင်းမှာ ရွာတောင်ပိုင်းတွင် ရှိ၏။အတောင် အစိတ်လောက် နက်ပြီး ရေနည်းနည်းနေ်သော်လည်း တစ်ရွာလုံးက အားထားကြသော ရေတွင်းဖြစ်၏။ ဦးမျှားကြီးတိုက်မှာ စွန်းလွန်းရွာ အနောက်ကျောင်းမရောက်ခင် လေး ငါးအိမ် အလိုလောက်ဖြစ်၏။ဦးလူဝတိုက်မှာ စွန်းလွန်းရွာ တောင်ဆုံးထိပ်တွင်ဖြစ်ပြီး သူ့တောင်ဘက် တစ်အိမ် နှစ်အိမ်သာ ရှိ၏။ဦးလူဝမှာ ကျွန်တော့်အဖေ ဦးဖိုးသစ် ၏ အစ်ကိုအရင်းဖြစ်ပေသည်။မျက်စိမမြင်သော နဲ့ဆရာ ကိုပိုကာမှာ ရွာထဲတွင် အနှိပ်အနင်းလိုက်၏။ကျွန်တော်တို့တစ်တွေသည် ပတ္တလားလေးများတီးရန် သူ့ကို ဝိုင်း၍ ဆရာတင်ကြရ၏။ခေါင်းကလေးစောင်း၍ အမြဲလိုလို ရမ်းနေတတ်ပြီး မျက်နှာက ပြုံးပြုံးလေးဖြင့် သီချင်းတီးကွက် လက်ကွက်များကို ပါးစပ်က မြည်ပြ တတ်၏။"ဟေ့ လှဒင်ရေ၊ စိန်မောင်ရ" ဟု ကျွန်တော့်အစ်ကိုများကို သူက နာမည် ခေါ်ပြီး သီချင်းတီးကွက်များကို ပြောပြတတ်၏။တစ်ခါတစ်ရံ ပလွေကလေးကို ခါးမှာထိုးလာတတ်၏။

* * *

ကျွန်တော်တို့ကို အဖေက ဘုန်းကြီးကျောင်းမှာပဲ ထား၏။ဘကြီး ဘုန်းကြီးဖြစ်၍ အရိုက်တွင် ပထမတန်းပေ။တစ်ခါတစ်ရံ ကျောင်းသားတွေက ကျောင်းအောက်တွင် တိုင်များကိုမှီရင်း စာအံနေကြ၏။စာအံရင်း ဆော့ကြ ရန်ဖြစ်ကြ၊ ဘုန်းကြီးက အလှူတို့ အသုဘတို့ ကြွသွားရာက ပြန်လာတာတောင် မသိကြ။ဂရုမပြုမိကြ။ဆော့တုန်း ရန်ဖြစ်ကောင်းတုန်း။ထိုအခါမျိုးတွင် မရိုက် တော့ပေ။ရန်ဖြစ်ကြသူများကို ခေါင်းကကိုင်၍ တိုင်နဲ့ခေါင်းနဲ့ ဒိုင်းဒိုင်းဟု ဆောင့်ပစ်လိုက်၏။မျက်လုံးများ မီးပွင့်သွားပြီး ခေါင်းထဲတွင် မူးနောက်သွားကာ တစ်ခါခံလိုက်ရလျှင် နောက်ထပ် စာအံရင်း ရန်ဖြစ်ဖို့ မလွယ်တော့ပေ။ကျွန်တော် ငယ်ငယ်တုန်းက မြင်းခြံမြို့ပေါ်က ဂါးဟားမင်းကျောင်းကို အလွန်နေချင်၏။ သို့သော် အဖေတို့က မထားပေ။ယခု အသက်ကြီးတော့မှ ငယ်ငယ်တုန်းက စာပေပညာများ မတတ် တတ်အောင် သင်ပေးသော ဘုန်းဘုန်းမှာ အများကြီး ကျေးဇူးကြီးကြောင်း သိရ၏။ညစဉ်ပင် ဦးချရှိခိုးကန်တော့၍ အိပ်ရ၏။အဖေ့နှမ အရင်း ဒေါ်စံမေက ဘုန်းဘုန်းအား ကျောင်းကြီးဆောက်လုပ် လှူဒါန်း၏။အရီး ဒေါ်စံမေသည် ဘုန်းဘုန်း၏အစ်မ တော်စပ်လေသည်။ကျောင်းကြီးမှာ အလွန် ကောင်းပြီး တိုင်များမှာ သစ်လုံးများဖြစ်၏။သွပ်မိုး အသားကျောင်းကြီးဖြစ်၏။ ကျောင်းသားတွေ ကိုရင်တွေကလည်း များ၏။ရှေးလူကြီးများ အသုံးအနှုန်းဖြင့် ပြောရလျှင် ထိုအချိန်သည် တိုင်းပြည် မပျက်သေးပေ။နောက်တော့ ဘုန်းဘုန်း ကျောင်းကြီးမှာ တိုင်းပြည်ပျက်တဲ့အထဲ ပါသွားတော့၏။စစ်ဘေးစစ်ဒဏ်ကြောင့် မီးလောင်ပျက်စီးရ၏။ဘုန်းဘုန်းက ကျွန်တော်တို့အား အောက်ပါ ရှစ်လုံးဘွဲ့ ကဗျာလေးများဖြင့် ခေတ်အခြေအနေ နားလည် နေထိုင်တတ်အောင် ဆုံးမ သွန်သင်၏။

ကြောက်စရာလွန်ကြီး ကြက်သီးထဖွယ်
ဒုက္ခတရား များပြားလှတယ်။
ထိုဝယ်ကပ်ပေါင်း လွန်ကြောင်းငါဆွယ်
ရတနာသုံး လုံးလုံးဆည်းကပ်ကွယ်
သတ္တဝါရှိသမျှ ချမ်းသာကြစေ
ကရုဏာရွှေစိတ် ယိုဖိတ်တည်နေ
မြတ်စွာလူ့ဘ ဦးချနှိမ်ချွေ
မမေ့ကြ နေ့ညတို့တစ်တွေ

တစ်ရက်တွင် အနောက်ကျောင်းဝိုင်းထဲ၌ မန္တလေးအငြိမ့်ပွဲ ရှိ၏။ ကျွန်တော်တို့တစ်တွေမှာ အလွန်သွားချင်၏။သို့သော် မသွားရပေ။ဘုန်းကြီး၏ ကျောနှင့်ပေါင်တို့ကို ကြိတ်ပေးနေရ၏။ဘုန်းကြီးကို ကြိတ်ပေးနေရသော်လည်း စိတ်က အငြိမ့်ပွဲဆီသို့သာ ရောက်နေ၏။တီးသံ မှုတ်သံတွေက နားထဲမှာ ကလိကလိ တိုးဝင်နေ၏။ခက်သည်ကား ဘုန်းကြီးမှာ အလွန်အကြိတ်ခံနိုင်၏။ဝမ်းလျား မှောက်နေသော ကျောပြင်တွင် တစ်ဘက် နှစ်ယောက်၊ ပေါင်က တစ်ဘက် နှစ်ယောက်၊ ခြေသလုံးက တစ်ဘက် နှစ်ယောက် ဝိုင်းကြိတ်ပေးနေရ၏။ပေါင်း ၆ ယောက် ဝိုင်းကြိတ်ပေးနေတာ မဖြုံသည့်အထဲ ကျွန်တော်တို့က ညစ်ပြီး နာသထက် နာအောင် တတောင်အချွန်းများဖြင့် ထောင်ထောင်စူးစူး ကြိတ်၏။ဘုန်းကြီးကမူ အောက်က အံကြိတ်ခံရင်း ရယ်နေ၏။"အိမ်း အိမ်း အဲဒီလိုကြိတ်တာမှ အညောင်းက ပိုပြေတာ"ဟု ပြော၏။မတတ်နိုင်ကြတော့ ကျောင်းသားတွေက လက်လျှော့ရ၏။မတတ်သာသည့်အဆုံး အငြိမ့်ကြည့်ချင်တဲ့စိတ်လည်း ချိုးနှိမ်ရတော့၏။ ထိုအချိန်တွင် ဘုန်းကြီးက ခြေသလုံးနောက်ပြန် ခေါက်ရင်း ခေါက်ရင်း "သွားကြ သွားကြ အငြိမ့်ထွက်နေပြီ" ဟု ပြောဆို လွှတ်လိုက်၏။ကျွန်တော်တို့ အငြိမ့်ခုံရှေ့ ရောက်တော့ လူပြက်ကြီးများက ပုဆိုးရှည်ကြီးများဝတ်ခါ ထွက်လာခါစပင် ဖြစ်သောကြောင့် ဘုန်းကြီးကို အံ့ဩမိ၏။ပွဲထွက်တာ ဘာကြောင့်သိပါလိမ့်။ နောက်မှသိရသည်ကား ဘုန်းကြီးသည် လေပြေထိုး အတီးကို မှတ်မိခြင်းပင်။ လေပြေထိုးပြီးရင် အငြိမ့်က စထွက်မြဲဖြစ်၏။ထိုနေ့က လူပြက်ကြီးများက ရယ်ရတာ အငြိမ့်အတီးအဖွဲ့က ကောင်းတာတွေပဲ မှတ်မိ၏။မင်းသမီးများ ဘယ်သူ ဘယ်ဝါ မမှတ်မိတော့။ဘုန်းကြီးကျောင်းသားများသည် အကင်းပါးကြ၏။သတ္တိ ရှိ၏။ကိုယ့်အားကိုယ်ကိုးစိတ် အများကြီးမွေးရ၏။ကျွန်တော်တို့ဆရာ ဘုန်းကြီးသည် အင်္ဂလိပ်စာတစ်ခုကလွဲ၍ ကျန်သော လူ့လောက အကျိုးရှိစရာများ အလွန် အသင်အပြကောင်း၏။ဂဏန်းတွက်နည်းအမျိုးမျိုးကို ၉ ကြောင်းတွက်နည်းဖြင့် သင်ပေး၏။စပါးတွက်နည်း၊ သစ်တန်တွက်၊ ကုန်ချိန်တွက်နည်း၊ စိတ်တွက်နည်း များ စသည်ဖြင့် တွက်နည်းပေါင်းစုံ သင်ပေး၏။မည်သည့် ကိန်းဂဏန်းများ တွက်တွက် ၉ ကြောင်းနည်းဖြင့်သာ သင်ပေး၏။၉ ကြောင်းတွက်နည်းသည် ဂဏန်းများကို ပါဠိဘာသာဖြင့် ရွတ်ဆိုရသောနည်းဖြစ်၏။ဂဏန်းများကို ရေကြည့် သောအခါ ၁ ကစ ၉ အထိသာ ရှိသည်ကို တွေ့ရ၏။သုညသည် ဂဏန်း တစ်ခုဖြင့်တွဲမှသာ ကိန်းများတွင် အသုံးချနိုင်၏။ကိန်းဂဏန်းများ မပါဘဲ သုည တွေချည်းပဲ တွက်မရပေ။ဘုန်းကြီးကျောင်းသားသည် အလွန်ဝီရိယကောင်းရ၏။ လူကျောင်းများက နံနက် ၈ နာရီထိုးမှ ကျောင်းတက်၏။ဘုန်းကြီးကျောင်းသား များကမူ မလင်းတလင်း မှိုးမှိုးမှောင်မှောင်ကတည်းက ကျောင်းရောက်ကြရ၏။ ကျောင်းရောက်လျှင် ဘုန်းကြီးက "ရော့ရော့ သွားချေးများပြောင်အောင် ကြံစုပ်ကြ" ဟု ပြောပြီး ကြံများပေး၏။နေမထွက်ခင်ပင် ကျောင်းတိုင်များအောက်တွင် ကိုရင် ကျောင်းသားများ မနေ့ကသင်ခဲ့သော စာများ ပြန်ကြရ၏။စာပြန်ပြီး ဆွမ်းခံထွက်ကြရ၏။ဘယ်အိမ် ဆွမ်းဟင်းကောင်းသည်၊ ဘယ်အိမ်ကခွေး ကိုက်တတ်

သည်၊ ဘယ်အိမ် မာလကာပင်ရှိသည်၊ ဘယ်အိမ်က မန်ကျည်းပင်က ချိုသည် စသည်ဖြင့် တစ်ရွာလုံး၏ အကြောင်းစုံ တော်တော်များများ ကျောင်းသားအမြင်ဖြင့် သိနေ၏။အချို့ မသိသူများက ကျောင်းသားတွေ ဆွမ်းဟင်းခိုးစားကြသည်ဟု နောက်သလို ပြောင်သလို စွပ်စွဲတတ်ကြ၏။တကယ်တော့ ကျောင်းသားများ ဆွမ်းဟင်းခိုးစားသည်မှာ အလွန်ခဲယဉ်းသော အလုပ်ဖြစ်၏။ကျောင်းသားများသည် ဆွမ်းဟင်းကို ခိုးစားရိုး ထုံးစံမရှိပေ။ကျောင်းရောက်လျှင် ဆွမ်းတော်ပြင်၍ ဆွမ်းတော် ပွဲထဲသို့ ဆွမ်းဟင်းများ ဦးဦးဖျားဖျားခပ်၍ ဆွမ်းအား ဆွမ်းတော်ကပ်ကြရ၏။

နောက် ဆရာဘုန်းတော်ကြီးအတွက် ဆွမ်းပွဲများ ဆက်ပြင်ရ၏။ ဤသို့လျှင် မိမိခံယူခဲ့သော ဆွမ်းနှင့် ဆွမ်းဟင်းများကို အထွတ်အမြတ်ပြင်ဆင်ထားရှိပြီး ကပ်လှူခြင်း စသည်တို့ နေ့စဉ်ပြုလုပ်နေကျဖြစ်သောကြောင့်လည်းကောင်း၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလစသည်ဖြင့် သင်ကြားမှတ်သား နာယူကြရသော ဗုဒ္ဓဘာသာတိုင်း၏ ကျင့်ဝတ်သိက္ခာများကြောင့်လည်းကောင်း၊ ခိုးခြင်း၊ ဝှက်ခြင်း လိမ်ခြင်း၊ ညာခြင်းတို့သည် ဘုန်းကြီးကျောင်းသားများတွင် ရှိခဲလှပေသည်။ကျွန်တော်တို့ကျောင်း၏ အရှေ့ဘက်တွင် အောက်ချိုင့်ထဲသို့ ဆင်းသွားသော လှေကားရှိ၏။ယာတစ်ကွက်ခန့်ကျော်လျှင် စွန်းလွန်းကျောင်းထဲသို့ ရောက်၏။ချောင်းရေတွေ ကျသည့်အခါ ရေချိုးရတာ အလွန်ပျော်၏။သို့သော် ချောင်းရေ အကျကြမ်း၍ လှည်း၊ နွားတောင် ပါလောက်အောင် ပြင်းထန်တာမျိုးလည်း ခဏခဏကြုံရ၏။ထိုအခါမျိုးတွင် ကလေးတွေ ချောင်းရေချိုးဖို့ဝေးစွ လူကြီးတွေပင် ချောင်းနားသို့ မကပ်နိုင်ကြပေ။မတော်တဆ ချောင်းရေထဲပါသွား၍ တံတားကြီးကျော်လျှင် မြစ်ထဲသို့ တစ်ခါတည်း ရောက်သွားရမည်ဖြစ်၏။တံတားကြီးဆိုသည်မှာ မြင်းခြံမြို့နှင့် စွန်းလွန်းရွာကူးသော စွန်းလွန်းတံတားကြီး ဖြစ်၏။တံတားကြီးထိပ်တွင် စွန်းလွန်းသုသာန်ရှိ၏။စွန်းလွန်းသုသာန်၏ ချောင်းတစ်ဘက်တွင် စွန်းလွန်းဂူကျောင်းရှိ၏။စွန်းလွန်းရွာ၏ အနောက်ဘက်တွင် ဖလေစက်နှင့် ချည်စက်ကြီးရှိ၏။အင်္ဂလိပ်အစိုးရ ကောင်းစားစဉ် တည်ထားခြင်းဖြစ်၏။ကျွန်တော်တို့ဆွေမျိုးများသည် စွန်းလွန်းရွာတွင်သာမက မြင်းခြံနှင့်နယ်တွေပါ ထင်ရှားသူများဖြစ်၏။

* * *

# ဆွေမျိုးစဉ်ဆက်

ဆွေစဉ်မျိုးဆက်များမှာ ဦးဘိုးသိန်း—ဒေါ်ဂျမ်းပုံတို့က ဦးလူ၀၊ ဦးဖိုးသစ်၊ ဒေါ်စံမေ၊ ဒေါ်လုံး၊ ဒေါ်အုံးတို့ကို မွေးဖွားခဲ့၏။နောက်တစ်ဖန် ဦးလူ၀—ဒေါ်ထွန်းမေတို့မှ ကိုစိန်ကြီး (မွေးစားခဲ့သည်)။ဦးဖိုးသစ်—ဒေါ်မြမှုံတို့မှ ကိုလှဒင်၊ မခင်ညွှန့်၊ ကိုစိန်မောင်၊ ကိုမြသွင်၊ ကိုညဏ်ရင်၊ ကိုမောင်ကို၊ မစောသိန်း၊ ဤနေရာတွင် ဦးဖိုးသစ်—ဒေါ်မြမှုံတို့မှာ ကျွန်တော်တို့၏ အဖေနဲ့ အမေများဖြစ်သည်။ အဖေသည် ကျွန်တော်တို့အမေနဲ့မရခင် ဒေါ်သင်နဲ့ အကြောင်းပါခဲ့၍ ဦးဖိုးသစ်—ဒေါ်သင်တို့မှ ကိုလေးမောင်၊ ကိုညီမောင် ညီအစ်ကိုနှစ်ယောက် မွေးဖွားခဲ့၏။ အမေသည် ကျွန်တော်တို့အဖေနဲ့မရခင် ရေစကြို လင်းကတောဘက်မှ ဆိုင်းဆရာကြီး ဆရာသော်နှင့် အကြောင်းပါပြီး ဆရာသော်—ဒေါ်မြမှုံမှ ကိုလှဒင်၊ မခင်ညွှန့် မောင်နှမနှစ်ယောက်ကို မွေးဖွားခဲ့၏။အစ်ကို ကိုလှဒင်နဲ့ အစ်မ မခင်ညွှန့်တို့သည် ကျွန်တော်တို့နဲ့ အမေတူ အဖေကွဲဖြစ်၏။အစက ဒါတွေ ကျွန်တော်တို့ မသိခဲ့ပါ။ အဖေနဲ့အမေကွဲပြီး အမေက သူ့ရုပ်သေးကြိုးဆွဲ ဦးရွှန်းနဲ့ အကြောင်းဆက်၏။ ဦးရွှန်း—ဒေါ်မြမှုံတို့မှ မောင်ကျော်ခိုင် (ခ) စိန်မြင့်အောင်ကို မွေးဖွားခဲ့ပေသည်။ နောက်တစ်ဖန် အရီးဒေါ်စံမေက အစ်မ မလှရီကိုလည်းကောင်း၊ ဒေါ်လုံးမှ အစ်မ မလှမြိုင်ကိုလည်းကောင်း မွေးဖွားခဲ့ပြီး ဦးချစ်တီး—ဒေါ်အုန်းတို့မှ ကိုသာဘ၊ ကိုစိုးလှိုင်၊ ကိုသိန်းတိုး၊ ပို့ပို့တို့ကို မွေးဖွားခဲ့လေသည်။

ကျွန်တော့်ကို အဖေနဲ့အမေက နာမည်ပေးသည်မှာ မောင်ကိုကြီးဖြစ်၏။ ကျောင်းနေတော့ ဦးဘရှင်သား မောင်ကိုကြီးနဲ့ နာမည်ချင်းတူနေ၍ ကျွန်တော်က အသက်ငယ်နေတော့ မောင်ကိုလေး ဖြစ်သွား၏။ဦးဘရှင်သား မောင်ကိုကြီး၊ အုံးမောင်၊ အုံးဆောင် ချုံကြီးရွာက ဘိုးရွှေကျောင်းတွင် ကျွန်တော်နဲ့ ရွယ်တူများဖြစ်ပြီး ကိုချစ်ဟန်၊ ကိုခင်အောင်တို့က ကျွန်တော့်အစ်ကို ကိုညဏ်ရင်နှင့် တစ်ရွယ်တည်း ဖြစ်ကြပေသည်။တစ်နေ့တွင် ကျောင်းဝိုင်း တမာပင်အောက် ညီအစ်ကိုနှစ်ယောက် ကျွန်တော်နဲ့အစ်ကို ကိုညဏ်ရင်တို့ ဂျင်ပေါက်တမ်း ဂျင်ထုတမ်း ကစားကြ၏။စည်းဝိုင်းတွင်းရှိနေသော ကိုညဏ်ရင့်ဂျင်ကို ကျွန်တော်က ဗမာဂျင်ကြီးဖြင့် ထု၏။သူ့ဂျင် ထိသွားပြီး နည်းနည်းပဲ့၏။သူက ကျွန်တော့်ဂျင် စည်းဝိုင်းထဲက မထွက်ခင် လက်နဲ့ထိုးအုပ်လိုက်၏။ဟယ် ဘေးကကြည့်နေသော ကျောင်းသားများပါ အံ့အားသင့်သွားကြရ၏။ကျွန်တော့်ဂျင် သံက သူ့လက်ဝါးကို ထုတ်ချင်းပေါက် စူးဝင်နေပြီ။လက်ကလည်း သွေးတွေဖြာပြီး ကျနေ၏။ဂျင်ထုပွဲတော့ ပျက်သွားပြီ ဘုန်းကြီးဆီ ပြေးကြရ၏။သူက လက်တွင် ဂျင်ကြီးတန်းလန်း

သွေးတွေစက်လက်ဖြင့် ဘုန်းကြီးဆီသွား၏။ဘုန်းကြီးက လက်ဝါးမှသံကို ဆွဲနုတ်၏။ဆေးနီမှုန့်များဖြင့် သိပ်ပေး၏။ဆေးတွေ အပြည့်သိပ်ပြီး ပတ်တီးစည်းထားလိုက်ရတော့၏။ကျွန်တော့်ဂျင်ကြောင့် အစ်ကို ဒီလိုဖြစ်ရတာ စိတ်မကောင်း။ ဘုန်းကြီးကျောင်းသားများသည် အလွန်ဆော့ကြ ကမြင်းကြ၏။လူကျောင်းသားများလို မဟုတ်ပေ။ဘောလုံးကန်တာတောင် ဉသျှစ်သီးအစိမ်းများကို ဘောလုံးကန်၏။ခြေဖမိုးဖြင့် မြောက်ကန်သောအခါတွင် ဆတ်ဆတ်ခါ အလွန်နာ၏။ ဒါလည်း မှိတ်ကြိတ် ပေပြီးကစား၏။

* * *

# မြင်းရထားခိုးစီးခြင်း

တစ်ခါတစ်ရံ မြင်းခြံမြို့ထဲကအပြန် မြင်းရထားခိုးစီးရတာ အလွန်ပျော်၏။ရထားမှာ လေးဘီးတပ်ဖြစ်ပြီး မောင်းသူက ခေါင်းမိုးထိပ်ရှေ့တွင် ထိုင်ခုံခြေနင်းဖြင့် ထိုင်ကာ မောင်း၏။ကြာပွတ်သံကြီးက တရွှမ်းရွှမ်း၊ မောင်းသူများမှာ ကုလားကြီးတွေ များ၏။ဗမာနည်း၏။ခြေနင်းကို ဆောင့်နင်းလိုက်သောအခါ ခွလပ်ခွလပ်ဟု အသံကျယ်ကျယ်မြည်ရာ မြင်းရထားလာမှန်း သိကြသဖြင့် မတိုက်ခိုက်မိစေရန် ဘေးသို့ရှောင်ကြရ၏။ရထားခိုးစီးရသောအလုပ်မှာ မလွယ်ပေ။ မြင်းရထားမောင်းသွားသောနောက်သို့ အပြေးလိုက်ရ၏။မီသောအခါ မြင်းရထားနောက် ပြတင်းပေါက်အောက်က သံလုံး သံတန်းများကို တွဲလောင်းခိုစီးလိုက်ရ၏။ ရထားမောင်းသူက ခိုးစီးမှန်းသိသဖြင့် ကြာပွတ်နှင့် နောက်ပြန် ခေါင်မိုးပေါ်က လှည့်ရိုက်၏။ဒါပေမဲ့ တွဲလောင်းခိုးစီးသောနေရာသို့ ကြာပွတ်က မရောက်တတ်ပေ။ဒါကို မြင်းရထားမောင်းသူ သိ၏။မထိလျှင် ထိအောင် နောက်သို့ ဆုတ်ဆုတ်ရိုက်၏။ထိုအခါ တွဲလောင်းခိုးစီးရင်းက အောက်တန်းသို့ လျှောချခါ အတွင်းသို့ ခေါင်းငုံ့ဝင်လိုက်၏။ဒါမှ နောက်ထပ် ကြာပွတ်နီးနီးကပ်ကပ် ဆက်လာသေးရင် အသာဆင်းနေလိုက်ပြီး ရထားသမားကို အော်ဟစ်လှမ်းဆဲလိုက်ပြီး ထွက်ပြေးကြတော့၏။ထိုခေတ်က လေးဘီးတပ် မြင်းရထားများမှာ မြင်းခြံမြို့ပေါ်တွင် အလွန်ပေါ၏။နေ့စဉ် စွန်းလွန်းရွာသို့လာသော ရထားများ ရှိ၏။ကျွန်တော်တို့ စွန်းလွန်းရွာ အနောက်ကျောင်း ဘုန်းကြီးဦးချစ်ကလေးမှာ အလွန်သဘောကောင်း၏။နေ့စဉ် သတင်းစာသွားပို့သောအခါ စားစရာ အမြဲတမ်းပေး၏။ကျွန်တော်တို့က လျှောက်ထားသည်များရှိက ဦးပဍ္ဍင်းချစ်ဘုရားဟု လျှောက်ထားကြ၏။ ဦးပဍ္ဍင်းချစ် ထိုင်နေတတ်သော ဘုရားစင်ရှေ့တွင် သရက်သီး၊ စောင်းလျားသီး၊ သြဇာသီး စသည်များကို ပန်းပုထုခါ ပန်းချီဆေးများ ရေးခြယ်ထားပြီး ချိတ်ဆွဲထား၏။သရက်သီးမှာ ပန်းဆွဲမျိုးဖြစ်ပြီး၊ သြဇာသီးမှာ အလုံးကြီးကြီး မှည့်ခါနီးပုံဖြစ်ပြီး၊ စောင်းလျားသီးမှာ ခပ်ဝါဝါ အရည်ရွှမ်းရွှမ်းပုံသဏ္ဍာန်၊ စားချင့်စရာ သွားရည်ယိုစရာ ကောင်းလှ၏။သို့သော် လက်တွေ့စားရတာကတော့ ဦးပဍ္ဍင်းချစ် စွန့်လိုက်သည့် ငှက်ပျောသီး၊ မာလကာသီးနဲ့ မုန့်ပဲသရေစာများသာ ဖြစ်၏။ကျွန်တော်တို့ ကျောင်းဘက်မှာ ပွဲလမ်းသဘင် မလုပ်။ရွာအတွက် ပွဲတွေဘာတွေ လုပ်စရာရှိက အနောက်ကျောင်းဘက်မှာသာ ကျင်းပပြုလုပ်၏။ကျွန်တော်တို့ကလေးတွေ ကျောင်းသားတွေမှာ ပွဲရှိလျှင် အလွန်ပျော်ကြ၏။အနောက်ကျောင်းကြီးပေါ်မှာ လှော်ကားယိမ်းတိုက်၏။သီချင်းမှာ “ခမ်းခမ်းနားနား ဆန်းပြားစုံစွာ လှော်ကားမှာပြိုင် ရပ်ရွှေလွန်းကာနိုင်။ဒူ၄န၃ယ်တ၂ယ် န၃ယ်တဲ၃ နယ်၆ ဒူ၇န၄ယ် န၃ယ့် န၄ယ်

ဒူ[၇]နှ[၂]ယ်တဲ့ [၅]တီ တ[၄]ယ်” အတောကလေးလည်း ပါသေး၏။ကျောင်းကြီးပေါ်မှာ ကြိတ်ကြိတ်တိုး စည်ကားနေ၏။အပျိုကြီး မဟန်ရွှေ လှတယ်ဆိုတာထက် တက် လေးတက် ယူကဟန် သီချင်းဆိုသံ တီးလုံး ဆိုင်းတီးသံများကို ပို၍သဘောကျ နေကြ၏။နောက်ဆုံးလူက သူ့ခေါင်းပေါ်ကကျော်၍ တက်ကလေးများ ပေး၏။ သီချင်းက “ဇာတ်ရေးဟန် ကဟန်စုံညီ” ဟု ဆို၏။သည်လိုဆိုလို့ တီးလို့ ကောင်းတုန်း ခေါင်းခါးယိမ်း အလယ်လောက်မှာ ကတဲ့အမျိုးသမီးတစ်ယောက် ငိုကာ ရယ်ကာ ဖြစ်တော့၏။“ဟဲ့ ဟဲ့ စုန်းပူးတာ စုန်းပူးတာ ကလေးတွေ အနား မကပ်ကြနဲ့” ဟု ပြော၏။လှော်ကားအပြိုင်ဆိုတော့ အရှက်ကွဲအောင်လုပ်တာဟု ပြော၏။တစ်ယောက်ကမူ “အပြိုင်ရှိလို့လုပ်တာ” ဟု ပြော၏။လှော်ကားအပြိုင် ဆိုတော့ အရှက်ကွဲအောင်လုပ်တာဟု ပြော၏။“ဒေါင် ဒေါင် ဒေါင် ဒေါင်” ကျွန်တော်တို့ ကျောင်းဆီက သံချောင်းခေါက်သံ အလန့်တကြား ကြားလိုက်ရ သည်။ကျောင်းသို့ ပြေးရတော့ပြီ။

* * *

# ဆွမ်းတော်ကြီး

ကျွန်တော်တို့ရွာမှာ ဆွမ်းတော်ကြီးအဖွဲ့ ရှိ၏။အတီးအမှုတ်များဖြင့် ဆွမ်းကြီးခံထွက်၍ ရွာဆိုတာထက် မြို့ဆန်နေဟန်များ ရွာတွင် အများကြီးရှိနေပြီ။အထူးသဖြင့် ဖလေစက် ချည်စက်တို့လို နိုင်ငံခြားအရင်းရှင်များ၏ စက်ရုံများက တည်ထားခြင်းကြောင့် စွန်းလွန်းရွာဆိုတာထက် စွန်းလွန်းမြို့ကလေးပုံသဏ္ဌာန် ပေါ်လျက် ဆွမ်းတော်ကြီးထွက်ရာဝယ် အောက်ပါသီချင်းလေးကို ကြည့်ခြင်းအားဖြင့် အဖိတ်နေ့၊ ဥပုသ်နေ့များထက် တနင်္ဂနွေနေ့က ကုသိုလ်ရေးနေ့ဖြစ်ကြောင်း ပေါ်လွင်၏။သီချင်းစာမှာ "တ၆ နင်္ဂ၃ နွေနေ့၂ဝ၆ယ် ေ၆ကြးစ၂ည် မော၄င်းသံ၅ သ၃ သ၂၃တယ်။ဆွမ်း၂တော်၂ကြီး၄ကို၅ အမှန်၂ တ၆ကယ် လောင်း၅မယ်၆ အစ်၂မရယ်။ တောင်း၂ဆု၅ ကို၅ ရ၂လည်း၂ ရ၂ပါ၄ မယ်၅။ရွှေ၆ခြံ၂သူ၄ရယ်၃ အ၆လှူ၂ပေး၆သ၂မျှ စိတ်၃ကူး၂ယဉ်၃လှ၂ တယ်၂။ဒါ၅န၂ဆန်၄ စင်၆စင်၆ကြယ်၆ကြယ်၆ ချော၅ပါ၃ပေ၂ တယ်၆။ဒါ၄န၂ ဆန်၄ စင်၆စင်၆ကြယ်၆ကြယ်၆ လှ၅ ပါ၃ ပေ၂တယ်၆။ငယ်၂ငယ်၂ ရွယ်၂ရွယ်၂ ကု၆သိုလ်၂ ရှာ၃ကြ၂။ငယ်၂ငယ်၂ ရွယ်၂ရွယ်၂ ရည်း၆စား၂ ရှာ၃ကြ၂။ အ၄ပျို၃ ကြောက်၅တယ် ၄ဘိုဆံ၂ တောက်၂နဲ့ ဘုရားဒကာရယ်။

ဆွမ်းတော်ကြီးခံနှင့် ရွာဘုရားပွဲများတွင်တီးသော စွန်းလွန်း ပတ်ဖျားဝိုင်းမှာ အတော်နာမည်ကြီးပြီး ဦးလေး ဦးထွန်းထွန်း၊ ဦးလေး ကိုသံရောင်တို့ ခေါင်းဆောင်တီးကြ၏။ကျွန်တော်တို့မှာ ကလေးတွေဖြစ်သဖြင့် အိမ်ဘ၀ အခြေအနေများကို မသိကြ။အမေက ရုပ်သေးက၍ ကျွန်တော်တို့ကို ရှာကျွေးပြီး အစ်ကိုကြီး ကိုလှဒင်က ဇာတ်ထဲမှာ အလုပ်လုပ်၍ ရှာကျွေး၏။အစ်ကိုကြီး အလုပ်လုပ်ရက် သန်းခေါင်သန်းလွဲတိုင်ကျော်သည့်အခါက များ၏။ကျွန်တော် တစ်ခါတစ်ရံ တရေးနိုးမှာ အစ်ကို အလုပ်ကပြန်လာပြီး မဲကန်ကြီးထိပ်ဆီက သီချင်းသံကြားရသည်။သီချင်းမှာ ဦးဖိုးစိန်ကြီး၏ "မောရစကြာ" ဇာတ်ထုပ်မှ ဇာတ်ဝင်စာသား နှစ်ပါးသွားသီချင်းဖြစ်၏။"မောရမြိုင်ချောင်းဟို တချို့ဆီ ဒေါင်းပျိုလေးရဲ့ တွန်သံ သူ ကျုပ်ကို ပေါင်းကြစို့လို့ ဝန်ခံရှာသကို" တေးရေပူနယ် ပါးစပ်ဆိုင်းသံလည်း ကြားသေးသည်။ဩော်. . အစ်ကိုသည် ကျွန်တော်တို့ကို ညဥ့်နက်သန်းခေါင်ထိ ရှာကျွေးနေရှာပါလားဆိုသည့် အသိကို ထိုစဉ်က ကျွန်တော် မသိခဲ့ပါ။

ကျွန်တော်တို့အလှူ တစ်ညတွင် အဖေနဲ့အမေ ရန်ဖြစ်ကြသည်။ ညကြီးမင်းကြီးဖြစ်သော ရန်ပွဲမှာ ပိုပြင်းထန်လာသည်။အမေကငိုပြီး အဖေ့ကို အော်ဟစ်ပြောဆိုနေသည်။ကျွန်တော်က အမေ့ဘက်ကမခံနိုင် သနပ်ခါးတုံးတွေနဲ့ အဖေ့ကို ထု၏။အဖေက ကျွန်တော့်ကို ပြန်မလုပ်။ထိုစဉ်က ကျွန်တော်က ၆

နှစ်သားလောက် ရှိသေးသည်။ဒါ့ကြောင့်လည်း အဖေက ကလေးဆိုပြီး ခွင့်လွှတ်ခြင်း ဖြစ်ပေလိမ့်မည်။အမေက ငိုရင်းက အဝတ်ထုပ်ကြီး ထုပ်ကာ ကျွန်တော်တို့ ကလေးတွေရဲ့ အဝတ်အစားတွေကိုပါ မကျန်ရအောင် ပြင်ဆင်ပြီး အိမ်ကဆင်းခဲ့ သည်။ထိုနေ့ည ဘယ်အိပ်ကြရသည် မမှတ်မိတော့။အဖေနဲ့အမေကွဲပြီး ကျွန်တော်တို့ အမေ့နောက်ကို လိုက်လာကြ၏။အမေ့ရုပ်သေးအဖွဲ့ဝင်များ တည်းခိုရာ မလှိုင်မြို့နားက သဖန်းကန်ဆိုသော ရွာကလေးကို ရောက်ခဲ့ရတော့သည်။ ထန်းပင်တွေ ပတ်ပတ်လည်ပေါသောနေရာ ဖြစ်၏။မြေတွေက နီကြင်ကြင် စွန်းလွန်းရွာလို မဟုတ်။ဒီသဖန်းကန်ရွာမှာ အမေ့မင်းသမီးရုပ်ကလေးကို ရုပ်သေး ကရာတွင် ကြိုးဆွဲသော ဦးရွှန်းဆိုသည့် ပုဂ္ဂိုလ်ရှိပြီး သူက ဒီရွာမှာနေ၏။သြော်. . အမေက အဖေနဲ့ရန်ဖြစ်ပြီး သူ့ကြိုးဆွဲ ဦးရွှန်းဆီ ထွက်ပြေးလာခဲ့ရတာပါလား။ သဖန်းကန်ရွာ၏ထိပ်နားတွင် စေတီငုတ်တို ပုပုကြီးတစ်ဆူရှိပြီး မုခ်ပေါက်တွေ အများကြီးနဲ့ ဖြစ်၏။မုခ်ပေါက်ထဲမှာ ဘုရားမရှိ။အရှူးမတစ်ယောက် ဟိုမုခ်ပေါက်ဝ ထိုင်လိုက် သည်မုခ်ပေါက်ဝင် ထိုင်လိုက်ဖြင့် ပြောင်းပြောင်းထိုင် ၏။အရှူးမက ပိန်ပိန်ညိုညို၊ ထဘီက ရွံ့နွံရောင် ပေါက်နေ၏။ကျွန်တော်က ကလေး ဆိုတော့ အရှူးမကို သဘောကျပြီး ကြည့်နေ၏။သဖန်းကန်ဆိုတာ တောရွာ ဖြစ်သည်နှင့်အညီ အခြား ထူးထူးထွေထွေ ကြည့်စရာ မရှိ။ထန်းလျက်ချက်သည့် တဲ ဝင်ကြည့်၊ ထန်းလျက်ပူပူလေး ထန်းရွက်ကလေးပေါ် တင်စားရသည့် အရသာ ကလေးနဲ့အတူ "ဘုတ်အူး ဘုတ်အူး ဘုတ်အူး" နဲ့ ထန်းလျက်အိုးမွှေသံက နားထောင်ကောင်းသလို ရှိသေး၏။ထန်းပင်ထန်းရွက်တွေကို လေတိုက်သံက တရွဲ့ရွဲ့ တရှီးရှီး၊ ဘုရားငုတ်တိုနားမှ အရူးမက သီချင်းတကြော်ကြော် ဆိုကောင်း တုန်း။

* * *

ကြေးစည်ကြီးတီးသံ၊ တုံးကြီးခေါက်သံ၊ ခေါင်းလောင်းသံများ ဆူဆူညံညံ ဆက်ကာဆက်ကာ ကြားနေရ၏။ ကြေးစည်များ၊ ခေါင်းလောင်းသံများ၊ တုံးခေါက်သံများက ပို၍ပို၍ မြည်လာပြီး ဒေါသထွက်နေသည့်အသံမျိုး ပါ၏။ ခွေးတွေက အူနေပြီး ရုတ်တရက် ထိတ်လန့်တကြား ဖြစ်ကုန်ကြရသည်။ အသံတွေကမစဲ ဆက်၍ဆက်၍ ပွက်ပွက်ညံနေခါ ရုတ်တရက် တိုင်းပြည်ပျက်တာလားဟု ထင်မှတ်ရတော့မလောက် ဖြစ်သည်။ ရန်ကုန်မှာ ကျောင်းသား ဗိုလ်အောင်ကျော် သေတာ မကျေနပ်လို့ တစ်နိုင်ငံလုံး တီးကြတာဟု ပြော၏။ တစ်ပြည်လုံး ပွက်ပွက်ရိုက်ကာ ကြေးစည် ခေါင်းလောင်းများ တီးနေသည်ဟု ထင်၏။ အမျိုးသားရေးအတွက် တစ်နိုင်ငံလုံး ပွက်ပွက်ရိုက် ဒလကြမ်းလှုပ်ရှား ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသော နယ်ချဲ့ဆန့်ကျင်ရေးအတွက် သမိုင်းပြောင်သော ၁၃၀၀ ပြည့် အရေးတော်ပုံပင် ဖြစ်ပါသတည်း။

* * *

# ပုံသဏ္ဌာန်များ

အမေ ရုပ်သေးပွဲက,ရာနောက် ကျွန်တော်တို့က လိုက်ကြ၏။အမေက စင်ပေါ်ကနေ၍ သူ့မင်းသမီးကြိုးဆွဲ ဦးရွှန်းကို အမွှမ်းတင်ကာ "ကြိုးတော်ဆွဲ ဦးမြရွှန်းရဲ့ ပညာတွေပါရှင်" ဟု မင်းသမီး အကပိုဒ်တွင် ချီးမွမ်းပြောဆိုသံ ကြားရ၏။အမေချီးမွမ်းသည်မှာ ပရိသတ်များရှေ့တွင် ချီးမွမ်းခြင်းပင် ဖြစ်၏။ သိပ်မကြာလှ အမေနဲ့ ဦးရွှန်းနဲ့ ညားကြတော့သည်။ဦးရွှန်းကို ကျွန်တော်က ဦးလေးရွှန်းဟု ခေါ်၏။သူ့ပုံသဏ္ဌာန်က မျက်နှာတွင် အဆီများပြန်နေတတ်ပြီး ကွမ်းအမြဲစားတတ်ကာ လေးထောင့်မျက်နှာသဏ္ဌာန်၊ ရွှေသွားတွေနဲ့ဖြစ်ပြီး ကိုယ်လုံးကိုယ်ထည်မှာ ပုသယောင် ခပ်ကွကွဖြစ်ပြီး အသံက ပြာလဲ့လဲ့ဖြစ်၏။ အမေ့တွင် တွဲဖက်ညီသောသူတွေ တော်တော်များများရှိ၏။ရုပ်သေးကရာ၊ ပွဲကရာတွင် ပရိသတ်နှစ်သက်အောင် အလုပ်လုပ်ရသည်။ပရိသတ်ကြိုက်အောင် လုပ်ရသည်မို့ လူရွှင်တော်၊ မင်းသား၊ မင်းသားကြီး ဆိုင်းအဖွဲ့ စသည်ဖြင့် တွဲဖက် ညီဖို့ အလွန်လို၏။အမေနဲ့ တွဲဖက်ညီသော သူတစ်ဦးရှိ၏။လူရွှင်တော် ဦးကြုံတိုင်း ဖြစ်၏။ရုပ်သေးသဘောမှာ မင်းသား၊ မင်းသမီး၊ မင်းသားကြီးများကလွဲပြီး ကျန်ပညာသည်များက ကိုယ့်အရုပ်ကို ကိုယ်တိုင်ကြိုးဆွဲကြရ၏။ဦးကြုံတိုင်း ဘယ်မျှနာမည်ကြီးသနည်းဟူမူ သူ့အရုပ်ကလေးကိုပင် ပရိသတ်များက ကြုံတိုင်း ရုပ်ကလေးဟု ခေါ်ကြသည်။ကြုံတိုင်းရုပ်ကလေးမှာ ခေါင်းတွင် ပဝါမပါပေ။ မျက်လုံးပြူးပြူး ရယ်မလို ပြုံးမလို မျက်နှာထားမျိုးဖြစ်ပြီး ပုဆိုးတောင်ရှည် ကွက်ထောက်ဝတ်ထားကာ တိုက်ပုံအင်္ကျီအနက်တွင် လည်ပင်း လက် ရင်ဆင်း ခါးတို့တွင် အနားပတ်အဝါဖြင့် ချုပ်ကာ ဝတ်ပေးထား၏။ဤကား လူပြက် လက်စွဲခေါ် ဦးကြုံတိုင်းအရုပ် ဖြစ်ပါသတည်း။လူ ဦးကြုံတိုင်းမှာ အသားနီနီ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ အပုအရှည်၊ အပိန်အဝ၊ အရပ်အမောင်း သင့်တင့်၏။ခါးအနည်းငယ်ကိုင်းနေဟန်ရှိပြီး တံတွေးတဖျစ်ဖျစ် ဘေးသို့ ထွေးပစ်တတ်ကာ ထန်းရေ အမြဲတမ်းသောက်၏။အမေ့ဆီ ထန်းရေဖိုး တောင်းသောအခါ "အစ်မလေး ပေးတစ်မတ်" ဟု ပြောဆို တောင်းတတ်ပြီး တစ်မတ်ထက် ဘယ်အခါမှ ပိုမတောင်းပေ။ကျွန်တော်တို့အမေကို အစ်မလေးဟု ခေါ်ပေသည်။ပွဲကပြီး လကုန်၍ ငွေရှင်းသောအခါ သူ့ဇနီးက လာရှင်းရ၏။ သူက မတွက်တတ်ပေ။သူ ဘယ်လောက်ရမှာလဲမသိပေ။အမေက သူ့ဇနီးအား "မသဲမ" ညည်းယောကျ်ားသုံးထားတာ ဘယ်လောက်ဟု ပြောတတ်ပြီး ထန်းရေဖိုး ဟု မပြောပေ။ဒေါ်သဲမကမူ "အစ်မလေးမောင် ထန်းရေဖိုးပဲ မဟုတ်လား" ဟု

ခပ်ပြုံးပြုံးဖြင့် မေးတတ်၏။ဦးကြံ့တိုင်း ထန်းရေဘယ်လောက် သောက်သည်မသိ။ မျက်နှာမှာ အမြဲတမ်း ချွေးတွေပြန်ကာ ကိုယ်နံ့က ချဉ်စုပ်စုပ်နဲ့ ထွက်နေ၏။

အဖေနဲ့အမေ ရန်ဖြစ်၍ ကွဲကြပြီး ကျွန်တော်တို့ ကလေးတွေမှာ တဖြည်းဖြည်း ကသီလင်တဖြင့် ဒုက္ခရောက်ရတော့၏။ယခုတော့ ကျွန်တော်တို့ တစ်တွေသည် မူရင်းဇာတိ စွန်းလွန်းရွာ အဖေ့ဆီသို့ ပြန်ရောက်ကြရပြန်ပါပြီ။ အမေနဲ့ ခွဲနေရသည့်အခါ အဖေ့ဆီနေရတာမျိုး၊ အဖေနဲ့ ခွဲနေရသည့်အခါ အမေနဲ့ နေရတာမျိုး မပြည့်မစုံဖြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ မိဘနှစ်ပါးရှိလျက် အတူတကွ မနေကြရသော ဘဝမျိုးတွင် ဆင်းရဲခြင်းပေါင်းစုံဖြင့် ရင်ဆိုင်ရပါ တော့သည်။

* * *

# နှမလေး ပါးတွင် ခွေးကိုက်ခံရခြင်း

ကျွန်တော်တို့တွင် နှမလေးတစ်ယောက် မစောသိန်း ပါလာ၍ အားလုံးက ဝိုင်းချစ်ကြသည်မှာ အလွန်ပင်ဖြစ်၏။မောင်တွေ အစ်ကိုတွေ ၄ ယောက်၊ နှမလေးက အငယ်ဆုံးလည်းဖြစ်၊ သူ့ခမျာ အဖေနဲ့ အမေနဲ့ အတူမနေရသော အခါ ပို၍ချစ်ကြ ပို၍ဂရုစိုက်ကြ၏။ကျွန်တော်တို့အဖေ့နှမ အရီးဒေါ်စံမေအိမ်နဲ့ ကျွန်တော်တို့အိမ်သည် ၂ ဝိုင်း ၁ ဝိုင်း ဖြစ်၏။တစ်ရက်တွင် အရီးဒေါ်စံမေအိမ်က ခွေးက မစောသိန်းလေးကို ကိုက်၏။ကိုက်တာမှ အခြားနေရာမဟုတ်၊ ပါးကို ကိုက်ခြင်းဖြစ်ပြီး အသားတစ်ကြီးများပင် ပါလာကာ သွေးစက်စက် သွေးခြင်းခြင်း နီတော့သည်။မစောသိန်းမှာ ၃ နှစ်သမီး အရွယ်မျှသာ ရှိသေး၏။နှမလေးမှာ သံကုန်ပင် အော်ဟစ်ငိုကာ လူးလွန့်ပြီး နာလွန်း ကြောက်လွန်းနေ၏။အစ်ကိုရေ အစ်ကိုရေဟု အစ်ကိုတွေပင် မပီကလာ ပီကလာ တနေတော့၏။ကျွန်တော့် အထက် တစ်ယောက်ခြား အစ်ကို ကိုမြသွင်က သူ့နှမကိုက်သောခွေးကို အတင်း လိုက်၏။ကျွန်တော်တို့တစ်တွေက ခွေးလွတ်ထွက်မသွားရအောင် ဝင်းတံခါးများကို ပိတ်လိုက်ကြ၏။အရီးအိမ်ရှေ့က တံခါးမကြီး၊ ကျွန်တော်တို့ အိမ်ရှေ့တံခါးမကြီး၊ ဒေါ်သွဲ့တို့ဘက်က မလွယ်ပေါက်တံခါးများကို အားလုံး အားလုံးကို ပိတ်ကာ မလွယ်ပေါက် ခွေးတိုးပေါက်များကိုလည်း ကိုယ်တိုင်စောင့်ကြည့်ကာ ဝိုင်းထား ကြ၏။အရီးဒေါ်စံမေ၏သမီး ကျွန်တော်တို့ အစ်မဝမ်းကွဲတော်သူ အစ်မ မလှရီ က သူ့ခွေးအား ကိုမြသွင်က အတင်းလိုက်နေသည်ကိုမြင်၍ “ဟဲ့ မြသွင် မြသွင် ငါ့ခွေးမလုပ်နဲ့” ဟု အိမ်ထဲပြတင်းပေါက်မှ လှမ်းပြော၏။ထိုအခါတွင် အလွန် ဒေါသထွက်နေသော အစ်ကို ကိုမြသွင်က “ခွေးမထိုးရလျှင် ခင်ဗျားထိုးမယ်” ဟု လက်ထဲကလှံဖြင့် တအားပစ်ထိုးလိုက်၏။အစ်မက ပြတင်းပေါက် အမြန်ပိတ် ၍သာ လွတ်သွား၏။လှံက ပြတင်းပေါက်တွင် စူးဝင်နေ၏။လှံကို အစ်ကိုက ဆွဲနုတ်ပြီး “ခင်ဗျားကို လုပ်မယ် ခင်ဗျားကိုလုပ်မယ်” ဟု အိမ်ထဲဝင်ဖို့ အပေါက် ရှာ၏။သို့သော် သူ့အကြောင်းကိုသိသော လူကြီးများက တံခါးတွေကို အလုံပိတ် ထားလိုက်ကြပြီ။မစောသိန်းလေးကို အိမ်ဘက်ခေါ်သွားပြီး ပြုစုနေရ၏။ခွေးက အိမ်ဝိုင်းထဲ လှည့်ပြေးနေပြီ။အစ်ကိုက နောက်ကအတင်းလိုက်ကာ လှံဖြင့် လှမ်းလှမ်းပစ်ထိုးနေ၏။ခွေးကို မထိုးမိ လွတ်လွတ်သွားသည်။နောက်တော့ ခွေးက အိမ်ဝိုင်းထဲ မပြေးတော့ဘဲ အရီးတို့ မီးဖိုချောင်ဘက် ပြေး၏။ကျွန်တော်တို့မှာ မလွယ်ပေါက်များ ခွေးတိုးနိုင်သည့်နေရာများကို မလွတ်တမ်း စောင့်ကြည့်နေကြ ဆဲ ဖြစ်၏။နောက် အချိန်သိပ်မကြာတော့ “ဂိန် ဂိန် ဂိုင် ဂိုင်” ဟု ခွေးအော်သံ

ကြားရ၏။ခွေးအော်သံ တဆက်ဆက် ကြားရ၏။ခွေးကို မီးဖိုချောင်နောက်ဖေး ကြားတွင် ချောင်ပိတ်မိခြင်း ဖြစ်၏။ခွေးမပြေးနိုင်တော့။အစ်ကို ကိုမြသွင်၏ လှံချက် ထိလေပြီ။

"ငါ့ရိုးမခွေး ငါ့ရိုးမခွေး" အစ်ကိုက ပါးစပ်ကဆဲရင်း ခွေးကို လှံဖြင့် ဆက်ဆက်ထိုး၏။အစ်ကို ကိုမြသွင်သည် အရွယ်ရောက်သည်အထိ စကားကို ကောင်းကောင်းမပီ။ဒါကြောင့် ခွေးကိုဆဲတော့လည်း "ငါ့ရိုးမခွေး" ဟု ဆဲခြင်း ဖြစ်၏။သူက ဒေါသကြီးစွာဖြင့် ခွေးကို လှံချက်ပေါင်းများစွာ ထိုးသတ်နေခြင်း ဖြစ်၏။အရီးတို့အိမ်ထဲက တုတ်တုတ်မျှမလှုပ်ဝံ့ကြ။ကျွန်တော်သွားကြည့်တော့ ခွေး၏ လည်မျိုနဲ့ ဝမ်းဗိုက် စသည့် အရေးကြီးသော နေရာများတွင် အချက်ပေါင်း များစွာ ထိုးပြီးဖြစ်သည်။

* * *

ဘကြီးအလှူမှာ သူ၏တိုက်ဝိုင်းထဲမှာပဲ မဏ္ဍပ်ဆောက်ပါသည်။သူ့သားကိုစိန်ကြီးကို ရှင်ပြုပေးခြင်းဖြစ်ပြီး အခြားရှင်လောင်းများ ပါ မပါ မသိတော့ပါ။ ကျွန်တော်တို့အရပ်တွင် အလှူရှိက အလှူဝင် ညနေတွင် ထမင်းရုံစမ်းဆိုပြီး မီးခိုးတိတ်ကျွေးကြပါသည်။ဘကြီးအလှူသည် ကျွန်တော်တို့ရွာတွင် အတော်ပင်ကြီးသော အလှူဖြစ်ပါသည်။နွားပြိုင်ပွဲများပါ၍ အနီး အဝေးမှလာကြသော ဧည့်ပရိသတ်များအား ထမင်းရုံများက ကျွေးမွေးရသည်မှာ တိုးဝှေ့၍ မဆုံအောင် စည်ကားပြီး မကြာခဏ ထမင်းရုံပေါက်များကို ဝါးလုံးကြီးဖြင့် ခေတ္တပိတ်ထားကြရပါသည်။နွားပြိုင်ပွဲတွင် ဒေါင်ကျားဆိုသောနွားသည် ပရိသတ်အလွန်ကြိုက်ပြီး ပြိုင်ဖက်မရှိသောနွား ဖြစ်ပါသည်။လူပရိသတ်များက ဝဲယာနှစ်ဘက်ညှပ်လျက် အပေါ်သို့ လက်များမြှောက်ကာ လက်ချင်းယှက်ထိကာ လှည်းပေါင်းမိုးကြီး သဏ္ဌာန် ပြုလုပ်ထားသည်။အောက်တွင် ဒေါင်ကျားက နောက်က လူမပါဘဲ ခေါင်းကလေးမော့ကာ လေးဘက်သွား ကြွားကြွားရွားရွားသွားသည့်အခါတွင် ပရိသတ်များက လက်ခုပ် လက်ဝါးတီး၍ အော်ဟစ်အားပေး၍လည်းကောင်း၊ "ဒေါင်ကျားကွ ဒေါင်ကျားကွ" ဟူသောအသံ ပွဲတင်ထပ် သောသောည် ပွက်ပွက်ရိုက် လှိုက်လှိုက်တုံ အားပေးကြသည်ကို ဒေါင်ကျားက မကြောက်မရွံ့ဘဲ လူအများအပြား ဝဲယာတန်းကြီးဆုံးသည်အထိ ဖြောင့်မတ်မတ်သွားပုံ လူတန်းကြီးဆုံးသောအခါ ရပ်၍ သူ့သခင်ကို စောင့်နေပုံများမှာ ပရိသတ် အလွန်သဘောကျလှပါသည်။ဒေါင်ကျား၏ အသွေးအရောင်မှာ အနက်ဖြစ်၍ ထိပ်တွင် ကြာကွက်အဖြူကြောင့် တစ်ကိုယ်လုံးနက်ရာတွင် ထိပ်ကြားကွက် အဖြူသဏ္ဌာန် ရှိပါသည်။ဒေါင်ကျားက အံ့သြစရာကောင်းသလောက် ထမင်းရုံဘေးက ပန်းကန်ဆေးရသူ များကလည်း အံ့သြစရာကောင်းလှပါသည်။အလွန်ကြီးလှသော စဉ့်အင်တုံကြီးထဲတွင် ထမင်းပန်းကန်၊ ဟင်းပန်းကန်များကလည်း ပြည့်သိပ်လျက် ဘေးနားပတ်ပတ်လည်တွင်လည်း ပန်းကန်များက တောင်ပုံရာပုံ၊ ထမင်းကျန် ဟင်းကျန်များကလည်း တောင်းကြီးထဲတွင် ပြည့်မောက်လျက်၊ ပန်းကန်ဆေးသူများက မနိုင်နိုင်အောင်ပင်၊ ထမင်းစား ပရိသတ်ကြီးက များပြားလှပါသည်။ဝက်သားဟင်းကျွေးခြင်းဖြစ်ပါသည်။ကျွန်တော်တို့ အစ်ကိုအကြီးဆုံးဖြစ်သူ ကိုလှဒင်မှာ မန္တလေးတွင်သွား၍နေသည်မှာ အတော်ကြာပါပြီ။ယခု ဘကြီးအလှူတွင် စိန်ပေဒါကြီးဆိုင်း ပါ၏။အစ်ကိုပါ ပါလာပါသည်။အစ်ကိုက စည်းလင်းကွင်းလေးတီးပါသည်။နောက်မှသိရသည်မှာ စည်းလင်းကွင်းလေးမှာ လင်းကွင်းလေး

မဟုတ်ဘဲ ဆိုင်းထဲတွင်တီးသော သံလွင်စည်းခေါ် ဆိုင်းစည်းဖြစ်ပါသည်။စည်းတီးမှာ ဆိုင်း၏အသက် အခရာဖြစ်ပါသည်။ထို့ကြောင့် သဘင်ပညာရှင်များက သဘင်မှာ စည်း၊ ထီးမှာ ခရိုင်၊ နိုင်ငံမှာ အမတ်ဟု ဆိုရိုးရှိကြောင်း သိရပါသည်။ အစ်ကို ကိုလှဒင်က အရီးဒေါ်စံမေအိမ်ဝိုင်းထဲတွင် ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ကို တွေ့ပါသည်။ကျွန်တော့်အထက် ကိုညဏ်ရင်နဲ့ ကျွန်တော်တို့ကို အစ်ကိုက ချော့မော့မေးမြန်းပါသည်။အစ်ကို ကိုညဏ်ရင်က ထိုအချိန်က ကိုရင်ဝတ်နှင့် ဖြစ်ပါသည်။အစ်ကို ကိုလှဒင်က ကိုညဏ်ရင်၏ဖိနပ်ကိုကြည့်ကာ “ကိုရင့်ဖိနပ်ကလည်း စုတ်ပြတ်နေပါလား၊ တပည့်တော် မန္တလေးက မန္တလေးဖိနပ် အသစ်ကလေး ဝယ်ပေးမယ်”ဟု ပြောပါသည်။ထိုအခါ အစ်ကို ကိုညဏ်ရင်က ဝမ်းနည်းပြီး ငိုပါသည်။ထို့နောက် ကိုညဏ်ရင်က အစ်ကို့ကို “မောင်ကိုကလည်း ကျွန်တော့်ကို လုပ်တယ်”ဟု တိုင်ပါသည်။အစ်ကို ကိုလှဒင်က ကျွန်တော့်အား “မင်း ကိုယ့်အစ်ကိုကိုယ် ဒီလိုပြန်လုပ်ရသလား”ဟု ဆူပူကြိမ်းမောင်းပါသည်။ ထိုအချိန်မှာ အစ်ကို ကိုညဏ်ရင်၏ သင်္ကန်းကလည်း ခပ်နွမ်းနွမ်းလေးဖြစ်၏။ ကျွန်တော်ကလည်း ဟောင်းဟောင်းနွမ်းနွမ်း စုတ်စုတ်ပြတ်ပြတ်လောက်ပဲ ဝတ်နိုင်ပါသည်။ကျွန်တော်တို့တွင် အဖေနဲ့ အမေနဲ့ကွဲ၍ ဟိုအိမ်နေရမလို ဒီအိမ် နေရမလို အပြုအစု အယုအယကင်းသော အချိန်များဖြစ်ပါသည်။အစ်ကိုကြီး ကိုလှဒင်မှာ အသားဖြူဖြူ ခပ်ချောချောဖြစ်သည့်အပြင် မန္တလေးကလာခြင်း၊ သန့်သန့်ရှင်းရှင်း ဝတ်စားဆင်ယင်ထားခြင်းတို့ကြောင့် ကျွန်တော်တို့လို ကျီးကန်းပေါက်ပမာ မည်းနက်စုတ်ပြတ်နေသောသူများနှင့် ညီအစ်ကိုတော်သည် ဆိုလျှင် အံ့ဩကုန်နိုင်ဖွယ်ပင် ဖြစ်ပါသည်။သို့သော်လည်း ဘကြီး ဦးလူဝ – ဒေါ်ထွန်းမေတို့၏ အလှူမင်္ဂလာရက်ဖြစ်သောကြောင့် ညနေပိုင်းကစ ကျွန်တော် တို့ ရေမိုးချိုး သန့်သန့်ရှင်းရှင်းဖြင့် အင်္ကျီလုံချည်အသစ်ကလေးများကို ဝတ်ဆင် ကြရပါသည်။ကျွန်တော့်တွင် ဂီတမျိုးစေ့ပညာ ပါသည်ဟု ခေါ်ရမည်လားမသိပါ၊ စိန်ဗေဒါကြီး၏ အလှပြိုင်ပွဲတီးလုံးသီချင်းများကို ရှာဖွေတီးတတ်နေပါပြီ။ ကျွန်တော်တီးတတ်သည်မှာ အိမ်တွင်ရှိသော သံပတ္တလားကြီး ဖြစ်ပါသည်။ သံပတ္တလားက ကြိုးတပ်မဟုတ်ပါ။ပတ္တလားအိမ်ပေါ်တွင် သံငုတ်များရိုက်ကာ လက်မဝက်ခန့် ချန်ထားသဖြင့် အသံအလွန်မြည်ပါသည်။တီးလို့ကောင်းပါသည်။ ရွာထဲက နှဲဆရာ ကိုပိုကာကျေးဇူးကြောင့် ကျွန်တော်တို့တစ်တွေမှာ ဂီတမျိုးစေ့ ရှင်သန်လာသည်ဟု ထင်ပါသည်။နှဲဆရာ ကိုပိုကာမှာ မျက်စိမမြင်သော်လည်း ဂီတအမြင်ရှိသူ ဖြစ်ပါသည်။ကျွန်တော့်ကို ပတ္တလားတီး ဇွတ်အတင်းတီးခိုင်းသူ မှာ အစ်ကိုလေး ကိုစိန်မောင် ဖြစ်ပါသည်။အစ်ကိုလေးကျေးဇူးကြောင့် ကျွန်တော် ပတ္တလားတီး ကောင်းကောင်းတတ်မြောက်လာခြင်း ဖြစ်ပါသည်။သို့သော် ထိုစဉ် က ကျွန်တော်တီးတတ်သောနည်းများမှာ အရပ်သားတီးနည်းများသာဖြစ်ကြောင်း ကို မသိခဲ့ပါ။ကိုယ့်ဟာကိုယ် အလွန်သဘောကျပြီး တီးနေသောကြောင့်လည်း အဆိုးအကောင်း မဝေခွဲတတ်ပါ။ပတ္တလားတွင် သံမှန်နဲ့ လေးပေါက်များ၌ ထုံးတို့ ၍ မှတ်သားထားပါသည်။အချို့က ထုံးတို့ထားရမှာ ရှက်၍ တီးခါနီးကျမှ

စက္ကူစုတ်ကလေးများကို တံတွေးဖြင့်ဆွတ်၍ သံမှန်နဲ့ လေးပေါက်ကပ် တီးကြပါသည်။တီး၍ အားရလျှင် စက္ကူလေးများကို အလွယ်တကူခွာပစ်လိုက်ပါသည်။အချို့စက္ကူလေးများက မခွာရပါ။သူ့ဟာသူ ကွာသွားတာလည်း ရှိပါသည်။အချို့လည်း တီးတုန်း စက္ကူကွာသွား၍ ကမန်းကတန်း တံတွေးဆွတ် ပြန်ကပ်တီးကြတာမျိုးလည်း တွေ့ဖူးပါသည်။ကျွန်တော်၏ဘကြီး ဦးလူဝမှာ ပိုက်ဆံအတော်အတန် ကြွယ်ဝချမ်းသာသူ ဖြစ်ပါသည်။အလှူပြီးသောအခါ အစ်ကိုကိုလှဒင်က ကျွန်တော်တို့ ညီအစ်ကိုများကို ဘကြီး ဦးလူဝတိုက်အပေါ်ထပ် တောင်ဘက်ဝရန်တာတွင် မန္တလေးကလာသော ဆရာကြီး ဦးစိန်ဗေဒါအား ကန်တော့ခိုင်းပါသည်။ကျွန်တော်တို့အားလုံးက ပျော်ပျော်ရွှင်ရွှင် ဝမ်းသာနေကြပါသည်။ကျွန်တော် အနီးကပ်တွေ့မြင်ရသော ဆရာကြီး ဦးစိန်ဗေဒါမှာ ပြုံးပြုံးကြီးဖြင့် ကျွန်တော်တို့ကို ကန်တော့ခံပါသည်။

ဆရာကြီး၏ ဘယ်ဘက်ပေါင်ပေါ်တွင် ကြိမ်လုံးတုတ်ကောက်ကြီး တစ်ချောင်းတင်ထားပါသည်။အားလုံးကန်တော့ပြီးသွားသောအခါ အစ်ကိုက ကျွန်တော့်အား ဆရာကြီး ဦးစိန်ဗေဒါထံ တပည့်အဖြစ် အပ်နှံပါသည်။“အဘ ကျွန်တော့်ညီလေးကိုလည်း သင်ပေးပါ အဘ” ဟု ပြောပါသည်။ဆရာကြီး ဦးစိန်ဗေဒါက “အေးအေး ကိုလှမောင် ငါ လက်ခံတယ်။ဒီကောင် ဆရာဖြစ်မယ့်ကောင်ကွ”ဟု ပြောပြောဆိုဆို ပေါင်ပေါ်က တုတ်ကောက်ကြီးကိုယူ၍ ကျွန်တော့်ခေါင်းကို တို့လိုက်ပါသည်။နောက်မှ “ကိုလှမောင် ငယ်သေးတယ်ကွ ကျောင်းစာလေးတတ်အောင် သင်ပါဦး”ဟု ပြောပါသည်။ထိုအချိန်တွင် ကျွန်တော့်အသက်မှာ ၇ နှစ်နှင့် ၇ လသာ ရှိပါသေးသည်။ ဆရာကြီး ဦးစိန်ဗေဒါမှာ အသားမည်းသော်လည်း ကြည့်၍ အလွန်ကျက်သရေရှိသောပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ကျွန်တော်အံ့ဩမိသည်မှာ ကျွန်တော့်အစ်ကိုကြီးနာမည်ကို ဆရာကြီးက ခေါ်လိုက်ခြင်းပင် ဖြစ်ပါသည်။အစ်ကို့နာမည်မှာ ကိုလှဒင်ဖြစ်ပြီး ယခုခေါ်ပြောသောနာမည်မှာ ကိုလှမောင် ဖြစ်နေပါသည်။ကိုလှမောင်လို့ ခေါ်ပြောတာပဲ အစ်ကိုက သူ့နာမည်ခေါ်ကြောင်း သိနေပြီးသားဖြစ်နေသည်ကို စိတ်ထဲတွင် အံ့ဩနေမိပါသည်။ကျွန်တော့်တစ်သက်တွင် ဤတစ်ကြိမ်သာ ဆရာကြီး ဦးစိန်ဗေဒါကို မြင်လိုက်ရပါသည်။ကန်တော့လိုက်ရပါသည်။သို့သော် တစ်သက်လုံး ဆရာကြီး၏ ကြည်လင်သောအပြုံးကိုမူ မျက်စိထဲက မထွက်ပါ။

ကျွန်တော်တို့ကို ဦးလေး ဦးချစ်တီးနဲ့ ဒေါ်အုန်းတို့က ရှင်ပြုပေးပါသည်။ ဒေါ်အုန်းမှာ အဖေ့နှမအရင်းဖြစ်ပြီး အသားဖြူဖြူ ဝဝ မြင့်မြင့်ကြီး ဖြစ်ပါသည်။ အားလုံး ကလေးလူကြီးများက အုန်းအုန်းဟု ခေါ်ကြပါသည်။အလှူမဏ္ဍပ်ကို အရီးဒေါ်စံမေ အိမ်ဝိုင်းထဲတွင် ဆောက်ပါသည်။ ကျွန်တော်တို့ အိမ်ဝိုင်းနဲ့ နှစ်ဝိုင်း တစ်ဝိုင်း ဖြစ်ပါသည်။မဏ္ဍပ်တိုင်များတွင် ငှက်ပျောပင်၊ အုန်းပင်များတွဲ၍ စိုက်ချည်ထားပါသည်။မြင်းခြံ စိန်လက်မဆိုင်းဖြစ်ပြီး ဆိုင်းဆရာ စိန်လက်မက အသားညိုညို သဘောကောင်းကောင်း ခပ်အေးအေး မျက်နှာတည်တည်ငြိမ်ငြိမ်ကလေးရှိတတ်ပြီး အပေါ်ဘေးထောင့်တွင် ရွှေသွားတစ်ချောင်းပါရှိကာ နဖူးအလယ်တွင် ဆံညွန့်ကလေးနဲ့ဖြစ်ပါသည်။ အလှူမှာ သူ ဘယ်လိုတီးသလဲဆိုတာ မမှတ်မိတော့ပါ။ဘုန်းဘုန်းညိုကျောင်း (စွန်းလွန်းရွာအရှေ့ကျောင်းဆရာတော်) ဦးနာရဒထံတွင် သင်္ကန်းဝတ်ကြရပါသည်။ကိုယ့်ကျောင်းမှာကိုယ် သင်္ကန်းဝတ်ကြရ၍ ပျော်ပါသည်။ဒါပေမဲ့ ဘုန်းဘုန်းက သေခိယ ရှင်ကျင့်ဝတ်များကိုရအောင် ကျက်ခိုင်း မှတ်ခိုင်း ကျင့်ခိုင်းပါသည်။အထူးသဖြင့် ညပိုင်းတွင် ကျောင်းကြီးအပေါ်ထပ်၌ ဘုရားဝတ်ပြုပြီး ကျောင်းတိုင်များဘေးတွင် ထိုင်ကာ ပုတီးများစိတ်ကြရပါသည်။နံနက်တိုင်း လေးနာရီ

လောက် ထကြပါသည်။ဘုန်းဘုန်းက ဘယ်အချိန်က ထသလဲ မသိပါ။ကိုရင်များနဲ့ ညအိပ် ညနေ ကျောင်းသားများထချိန်တွင် ဘုန်းဘုန်း ဘုရားဝတ်ပြုနေပြီ ဖြစ်ပါသည်။အိပ်ရာမှနိုးလျှင် ထိုးစည်များ ကြေးစည်ကြီးများ တီးခတ်ရပါသည်။ထိုးစည်မှာ တစ်တောင်ပတ်လည်လောက် ကြေးပြားအဝိုင်းတွင် အလယ်က ဘုကြီးနဲ့ ဖြစ်ပါသည်။ထိုအလယ်ကို အသံမြည်စေရန် ထိုးနှက်ရပါသည်။ကြေးစည်မှာ အလယ်တွင် အထက်တက်၍ ချွန်းသွားပြီး ဘေးနှစ်ဘက်တွင် ကားနေပါသည်။ဒေါင်းမြီးလေးများလို ဘေးက အဖျားကော့နေပါသည်။အသံမြည်စေရန် ထိုဘေးနားသားကို ရိုက်ခတ် တီးရပါသည်။ကျွန်တော်တို့ အစ်ကိုအကြီးဆုံးဖြစ်သူ အစ်ကို ကိုလှဒင်မှာ မန္တလေးသို့ သွားပါပြီ။အိမ်က တစ်ခါတည်း အပြီးအပိုင် ထွက်သွားခြင်းဖြစ်ပြီး မန္တလေးရှိ စိန်ဗေဒါကြီးထံတွင် ဆိုင်းပညာများ သင်နေသည်ဟု သိရပါသည်။

* * *

# ဒုတိယကမ္ဘာစစ်ကြီး

ကျွန်တော်တို့ မိသားစုမှာ အဖေနဲ့အမေကွဲကြ၍ ဒုက္ခရောက်ရတာထက် တစ်ရွာလုံး၊ တစ်မြို့လုံး၊ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး ဒုက္ခရောက်နေကြရပါပြီ။ဒုတိယကမ္ဘာစစ်ကြီးသည် မြန်မာပြည်သို့ ကူးစက်လာပါသည်။ကျွန်တော်တို့ ရွာကလေးသို့ ရောက်လာပါသည်။လေယာဉ်ပျံပေါ်က ဗုံးကြဲချတာ ကြားဖူးသလိုရှိနေတုန်း ယခုတော့ တကယ်ပင် ဗုံးကြဲတာ ကြုံနေရပါပြီ။အချို့မှာ ဗုံးတွေကြဲစက မမြင်ဖူးကြ၍ သေသေချာချာကြည့်ကြ၏။ကြဲချလိုက်သောဗုံးက ပေါက်ကွဲပြီး သေကြ၏။မြင်းခြံမြို့ထဲတွင် ဈေးကြီးနားတစ်ဝိုက် ကြဲချသောဗုံးကြောင့် လူတွေသောက်သောက်လဲ သေကြ၏။အချို့ ခေါင်းပြတ်ကာ ခေါင်းပြတ်ကြီးက မန်ကျည်းပင် သွားကပ်နေတာမျိုး၊ ကိုယ်လုံးကြီးက နည်းနည်းပြေးပြီး နောက်မှ လဲကျတာမျိုး၊ အချို့လည်း ခါးတစ်ပိုင်းပြတ်၊ လက်ပြတ်၊ ခြေပြတ်၊ နားကွဲ၊ လန့်သော မြင်းတွေ နွားတွေပါသေတာ မနည်းပေ။ နွားသေလို့ နွားသားစားဖို့မပြောနဲ့ သေပြီးနွား ဖျက်ဝံ့သူ မရှိ။ချလိုက်သည့် ဗုံးကလည်း အကြိမ်ကြိမ်။သေသူကလည်း သောက်သောက်လဲ။အတွေ့အကြုံ မရှိကြသေးတော့ ကိုယ့်သေမင်းကိုပင် ရယ်ရယ်မောမောနှင့် ကြည့်နေလိုက်ကြသေး။ပြီးတော့မှသာ အတုံးအရုံး သေကြကျေကြ။တကယ်ပင် တိုင်းပြည်ပျက်ပါပြီ။တစ်ရက်တွင် ကျွန်တော်သည် ရွာအရှေ့ဘက် သရက်ခြံသို့ ရောက်နေချိန်ဖြစ်၏။လေယာဉ်ပျံလာတာ အသံကြားပြီး ဆက်မြင်ရ၏။သုံးစင်းတွဲ သုံးစင်းတွဲ လေးစုလာ၏။နောက်ဗုံးတွေချ၏။ဗုံးလေးတွေ လေယာဉ်ပျံပေါ်က ဖြုတ်ဖြုတ်ချနေတာ မြင်နေရ၏။ကျွန်တော်ရောက်နေသော နေရာနဲ့ ဝေးသည်မို့ ကိစ္စမရှိဟု ထင်မိ၏။သည်လိုနဲ့ကြည့်နေတုန်းပင် "ရှီး ဝီး ဖြုတ်" ဟူသော မြည်သံကြီးနဲ့အတူ ကျွန်တော့်နားသို့ ဗုံးဆန်တစ်ခု လာကျ၏။အလျားတောင်ဆုပ် အနံ လက်လေးသစ်ခန့်ရှိ အမဲသားညှင်းကြီး နဲ့တူပြီး စိမ်းနက် ပြာလဲ့လဲ့အရောင် ထွက်နေ၏။လက်နဲ့ကိုင်ကြည့်တော့ မီးကိုင်လိုက်ရသလို ပူနေ၏။သည်တော့မှ ကျွန်တော်လည်း မြေပြင်တွင် ဝမ်းလျားမှောက်ထိုး ဝပ်လိုက်ရတော့သည်။ဒါမှ နောက်ဗုံးဆန်လာလျှင် ခေါင်းပြတ်ပါမသွားမှာ မဟုတ်လား။မကြည့်ဘဲလည်းမနေနိုင် ခေါင်းထောင်မော့ကြည့်လိုက်တော့ အချို့နေရာတွေမှာ မီးလောင်နေပါပြီ။

ကြောက်စရာကြီး ကြက်သီးထဖွယ် ဒုက္ခတရား များပြားလှတယ်။
ထိုဝယ်ကပ်ပေါင်း လွတ်ကြောင်းငါဆွယ် ရတနာသုံး လုံးလုံးဆည်းကပ်ကွယ်။

ဆရာဘုန်းတော်ကြီး၏ ရှစ်လုံးဘွဲ့ကဗျာလေးကို သတိရနေမိ၏။ "အင်း. . နောက်မကြာခင် မင်းတို့ ခေတ်ဆိုးအခါဆိုး ကြုံလိမ့်မယ်။ရတနာသုံးပါး အလွန်ဆည်းကပ်မှ ကပ်ကြီးက လွတ်မယ်။"

ယခုတော့ ဆရာဘုန်းဘုန်းပြောတာ အလွန်ပင်မှန်နေပြီ။ဒါကြောင့်လည်း ဗုံးဒဏ်က လွတ်အောင် ရရာဂုဏ်တော်များကို ရွတ်မိ၏။သံဗုဒ္ဓေ၊ ဣတိ ပိသော၊ ရတနာရွှေချိုင့် စုံအောင် ရွတ်မိ၏။စစ်ကြီးဖြစ်ပါပြီ။

အိမ်တိုင်းအိမ်တိုင်း ဗုံးခိုကျင်းတွေ တူးကြသည်။သူ့ကို လွယ်လွယ် ဗုံးကျင်းဟုပင် ခေါ်ကြ၏။ပုံစံအမျိုးမျိုးဖြင့် တူးကြ၏။အချို့က တစ်ဆစ်ချိုး၊ အချို့ နှစ်ဆစ်ချိုး၊ သုံးဆစ်ချိုး၊ အချို့က ပစောက်ပုံ စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုး အဆင်ပြေအောင် တူးကြ၏။အနက် ၄ ပေခန့် လူတစ်ကိုယ်သာသာ လွတ်ရုံထားပြီး အဝင်ပေါက် အနံ ၃ ပေခန့်ရှိပြီး အတွင်းတွင် တဖြည်းဖြည်းကျယ်အောင် တူးထား၏။၅ ပေခန့်ကွက်ပြီး အလျား ၆ ပေ နှစ်ချိုး တစ်ပေါက် ဆိုလျှင် မိသားစုပုန်းရန် လုံလောက်၏။အပေါ်က သစ်သားတန်းတင်ကာ သူ့အပေါ်က သဲအိတ်များတင် နောက်မှမြေဖို့ပြီး ဖုံးထားတာမျိုး ဖြစ်ပေသည်။တတ်နိုင်သူများကတော့ မြေကြီး အောက်တွင် မြေတိုက်တည်ကြသည်။အုတ် အင်္ဂတေများဖြင့် ဆောက်၏။ကျယ်ကျယ်ဝန်းဝန်း ခိုင်ခိုင်မာမာကြီး ဆောက်ကြ၏။သေမည့်ဘေးမှ ကြောက်ကြရသည်။လေယာဉ်ပျံလာလျှင် ယခင်ကလို မကြည့်ကြတော့။ဗုံးကျင်းထဲ ရောက်ကုန်ကြပြီ။ဗုံးကျင်းထဲမှာ လေလည်တာ အဆိုးဆုံး ဖြစ်၏။အနံ့က တော်တော်နှင့်မထွက်နိုင်။အလုံပိတ်ထားသလိုဖြစ်၍ အောင့်အီးသည်းခံကြရ၏။အပြင်လည်းမထွက်ရဲ လေယာဉ်ပျံတွေက အလှပျံလာတာမဟုတ်။မြို့တွေ ရွာတွေ ဖျက်ဆီးရန် လူသတ်လက်နက်တွေ ကြဲချရန်သာ ဖြစ်တော့သည်။လေယာဉ်ပျံပေါ်က ဗုံးကြဲချရုံမဟုတ် ဒက် ဒက် ဒက်ဖြင့် စက်သေနတ်များနဲ့လည်း ပစ်နေပါပြီ။အချို့လည်း ကုသိုလ်ကံ တော်တော် ဆိုးကြသည်။ဗုံးကျင်းပေါ်တည့်တည့် ဗုံးကျ၍ သေသူ တွေလည်းမနည်း။အချို့လည်း ဗုံးကျင်း ပေါက်ဝတွင် ဗုံးကျ၍ အထဲတွင်ပိတ်မိပြီး လန့်ပြီး ရင်ကွဲသေရသူတွေလည်း မနည်း။နံနက်ပိုင်းက ရွာထဲလျှောက်လည်နေသူ နေ့လယ်ပိုင်း ဗုံးထဲပါသွား၏။ညကျတော့ မရှိတော့။ညနေပိုင်းက တွေ့လိုက်ရသေးသူ ညပိုင်း ဗုံးထဲပါသွား၏။နောက်တစ်နေ့နံနက်လင်းတော့ မရှိတော့။အသက် ရှင်လျက် ရှိသူများပင် သွေးပျက်ခမန်း စစ်ဘေးစစ်ဒဏ်ကို ရင်ဆိုင်နေရကြရပါပြီ။စစ်မဖြစ်ခင်က မြင်းခြံမြို့ပေါ်မှာရော အခြားမြို့တွေများပါ ဂျပန်ဓာတ်ပုံဆိုင်တွေ ဖွင့်သည်။ထိုဓာတ်ပုံဆိုင်တွေက အလှအပ အပြင်အဆင် အမွမ်းအမံကောင်းသည်။ဒါကြောင့်လည်း လူကြိုက်များသည်။ရောင်စုံ ဓာတ်ပုံကလေးများဆို အလွန်လှသည် ဆို၏။ထိုဓာတ်ပုံဆိုင်ဖွင့်သူတွေက သူလျှိုတွေ သူလျှိုတွေဟု နောက်တော့ ပြောကုန်ကြသည်။ပြောတဲ့အချိန်ကတော့ စစ်ဖြစ်နေတဲ့အချိန်ဖြစ်၏။အင်္ဂလိပ်တို့ ရဲ့ ချည်စက်ကြီးကို ဂျပန်ဓာတ်ပုံဆရာက ဓာတ်ပုံကောင်းကောင်းများ ရိုက်ပေးသည်။အမျိုးမျိုး အလှအပတွေနဲ့ ချည်စက်ကြီးပေါ်အောင် ရိုက်ကူးသည်။မျက်နှာဖြူမိသားစုများကိုလည်း စက်ကြီး ရှေ့ဥပစာမှာ ကျကျနန ကုလားထိုင်တွေနဲ့ ထိုင်ခိုင်းပြီး ရိုက်သည်။အင်္ဂလိပ်တွေကလည်း သဘောကျသည်။ဂျပန်ဓာတ်ပုံဆရာက ထိုမျှမကသေး စက်ကြီးရဲ့အလှကို ယခုလို မြေပြင်က ရိုက်တာမျိုးထက် အပေါ်ကမြင်ရသည့် အလှက အားလုံးကို ခြုံငုံမြင်နိုင်သည်ပြောပြီး မျက်နှာဖြူ များ၏ ခွင့်ပြုချက်ဖြင့် စက်ရုံကြီး၏ ခေါင်းတိုင်ထိပ်ဖျားသို့တက်ပြီး အောက်ကိုလှမ်းရိုက်သည်။ အပေါ်က မြင်ရသော စက်ရုံကြီးရဲ့ သဘာဝအလှကို ဓာတ်ပုံထဲမှာ ထင်ထင်ရှားရှားတွေ့ရ၍ အင်္ဂလိပ်များက သဘောကျလှသည်။

စစ်ဖြစ်တော့ ထိုချည်စက်ကြီးရဲ့ ခေါင်းတိုင်ထဲပင် ဗုံးကြဲ၍ချလိုက်တော့သည်။ ထိုဂျပန်ဓာတ်ပုံဆရာ ရိုက်ကူးသွားသောပုံသည် စစ်ကြီးဖြစ်လာအခါ ချည်စက်ကြီးကို လေယာဉ်ပျံ

ပေါ်ကကြည့်လျှင် မြင်ရမည့် မြင်ကွင်းကို တစ်ထပ်တည်းပေါ်လွင်အောင် ရိုက်ကူးသွားခြင်း ဖြစ်၏။ စက်ကြီးလည်း ဖုံးထဲပါသွားပါပြီ။နာဇီဝါဒ၊ ဖက်ဆစ်ဝါဒ၊ နယ်ချဲ့ဝါဒများကြောင့် ကျွန်တော်တို့ အိမ်၊ ကျွန်တော်တို့ကျောင်း၊ ကျွန်တော်တို့ရွာ၊ ကျွန်တော်တို့မြို့၊ ကျွန်တော်တို့နိုင်ငံကြီးပါ မီးဟုန်းဟုန်းတောက် လောင်ကျွမ်းပြီး ပျက်စီးခြင်းမက ပျက်စီးကာ အင်္ဂလိပ်လက်အောက်တွင် နေကြရစဉ်အခါ ဆင်းဆင်းရဲရဲဖြင့် စုဆောင်း မတည် ဆောက်လုပ်ခဲ့ကြသည့် အိမ်တွေ၊ ကျောင်းတွေ၊ ရွာတွေ၊ မြို့တွေ ယခုတော့ နယ်ချဲ့နဲ့ ဖက်ဆစ် ဗိုလ်လုပွဲ စစ်ခင်းကြ၍ ကျွန်တော်တို့ နိုင်ငံကြီးပါ စစ်တလင်းကြီး ဖြစ်နေပါပြီ။မြို့ပြကတော့ တောရွာတွေ ပြေးကြရှာ၏။တောရွာ တွေမှာလည်း စစ်ဘေးစစ်ဒဏ်က လွတ်သည်မဟုတ်။ထိုအချိန်တွင် လူတို့ပြောကြသော စကားများ မှာ "ပြေးစရာ မြေမရှိ ပေးစရာ ငွေမရှိ" ဟူ၍ ဖြစ်ပေသည်။

တိုင်းပြည်ပျက်နေသည်ဆိုခြင်းမှာ ထိုတိုင်းပြည် ထိုနိုင်ငံတွင် အုပ်ချုပ်သူ မရှိခြင်းပင် ဖြစ်၏။တစ်နည်းအားဖြင့် အစိုးရမရှိခြင်းပင် ဖြစ်ပေသည်။အကွပ်မရှိသောကြမ်း ပရမ်းပတာ ဆိုသကဲ့သို့ပင် ကျွန်တော်တို့ရွာမှာလည်း ခဏခဏလန့်နေကြရ၏။တောကြောင်တွေ ထလာ၏။ အခါပျက်ထဲမှာ လူသတ်တာ မဆန်း၊ ဓားပြတိုက်တာ၊ လုယက်တာ၊ လူဆိုးများက အသင်းအပင်း ဖွဲ့၍ ရွာထဲ မြို့ထဲ ဝင်စီးတာ၊ တကယ့်ခေတ်ဆိုး အခါဆိုးဖြစ်၏။ကြောက်နေ၍မဖြစ်။ကြောက်နေ လျှင် ကိုယ်အရင်ခံရမည်သာ ဖြစ်၏။ရွာမှာလည်း ပြေးတဲ့သူတွေမနည်း ရှိတဲ့သူတွေက ရှိသေး၏။ အချို့လည်း ကိုယ့်ရွာက ဘယ်မှမခွာချင်။ဒါကြောင့် ကျွန်တော်တို့ရွာထဲမှာ ရှိသမျှလူတွေ စုဝေး တိုင်ပင်ကြပြီး ညည ကင်းစောင့်ကြသည်။လက်ထဲတွင် ကျောက်တုံးကလေးများ ဝါးလုံးလေးများ တောက် တောက် တောက်ခေါက်လျက် ကင်းလှည့်ကြသည်။ရွာတွင်းရှိ ခပ်မြင့်မြင့် သစ်ပင် များတွင် တက်ကြလျက် ရွာထဲသို့ ဓားပြများ မဝင်နိုင်အောင် ကြိုတင်သိမြင်စေရန် သစ်ပင်များ ပေါ်က စောင့်ကြည့်ကြသည်။ ကင်းလှည့်ရာတွင် လူ ၁၀ ယောက်ခန့်ပါပြီး သတိဝီရိယ ရှိကြစေရန် သတိပေးအော်သံကို ခဏခဏကြားရသည်။ထိုအသံမှာ တစ်ယောက်က ရှေ့မှ "နိုး·နိုးကြားကြား အိပ်ကြပါ" ဟု အော်၏။အသံတိုင်လိုက်လျှင် ကျန်လူများက "ဗျို့" ဟူ၍ ဝိုင်းအော်ပေးကြသည်။နိုးနိုးကြားကြား အိပ်ကြပါ၊ ဗျို့ဟူသော အသံသည် အလွန်အားရစရာ ကောင်းပြီး တိတ်ဆိတ်သောညဥ့်ကို ဖောက်ထွင်းလိုက်သည့် တက်ကြွသော အားပေးသံများ ဖြစ်နေလေသည်။ထိုမျှမကသေး ကင်းသမားများက လက်ထဲတွင်လည်း ဓားများ၊ လှံများ၊ ခက်ရင်း များ၊ ဓားလှံများဖြင့် ကိုင်ကာ ရွာကိုပတ်နေသည်မို့ တော်တော်လေး စိတ်ချမ်းသာကြရရှာသည်။ ရွာမှာလည်း အရင်လို မဟုတ်တော့။လေယာဉ်ပျံလာလျှင် အချက်ပေးသံချောင်းခေါက်ရန် ချိတ်ဆွဲထားကြပါပြီ။အချက်ပေးသံချောင်းသံ ဒေါင် ဒေါင် ဒေါင်ဟု အမြန်ဆက်တိုက် ခေါက်သံ ကြားရလျှင် ဖုံးကျင်းထဲ ရောက်ပြီးသားဖြစ်ကြတော့၏။ယခုတော့ လူတွေကို ဘဝက သင်ပေး နေပြီဖြစ်၏။လူဖြစ်ရသော ကျွန်တော့်တစ်သက်တွင် ဤအချိန်များသည် အဆိုးရွားဆုံးပင်ဖြစ်၏။ စစ်တလင်းပြင်အောက်တွင် နေထိုင်ကြရသောသူများအဖို့ ဘယ်အချိန်သေရမှာလည်း သေမင်းကို စောင့်နေရတာနဲ့ တူ၏။

* * *

# စစ်ပြေး

တဖြည်းဖြည်းနှင့် စစ်ဒဏ်က ပိုကြမ်းလာ၏။ဗုံးကြဲလေယာဉ်များက နေ့စဉ်နေ့တိုင်းလောက် လာနေသည်။ထွက်ကြ ပြေးကြရပါသည်။ရွာထဲမှ လူတော်တော်များများ နီးစပ်ရာသို့ ပြောင်းရွှေ့ကြရတော့သည်။အဖေနဲ့ ကျွန်တော်တို့တစ်တွေ မိသားစုသည် ဆွေမျိုးများရှိသည့် ဖုံရွာရသာဘက်ဆီသို့ စစ်ပြေးခဲ့ရပြီး အဖေ့ညီဝမ်းကွဲတော်သူ ဦးချစ်ဦးအိမ်သို့ ပေါင်း၍နေထိုင်ကြရသည်။ဖုံရွာရသာဆိုသည်မှာ ရွာနှစ်ရွာဖြစ်ပြီး တစ်ပေါင်းတည်း အလျားရှည်ရှည် ဆက်နေသောရွာများ ဖြစ်၏။ကျွန်တော်တို့ စွန်းလွန်းရွာမှာထက် မန်ကျည်းပင်တွေ ပေါ၏။မန်ကျည်းပင်ကြီးတွေမှာ ရှေးနှစ်ပေါင်းများစွာက အပင်မျိုးတွေ ဖြစ်၏။ ဖုံရွာရသာမှ အမျိုးတွေက ကျွန်တော်တို့ကို အလွန်ချစ်ကြ၏။မြို့က ပြေးလာရတဲ့ လူတွေဟု မြို့ဂုဏ်တပ်ကာ ပြောကြတတ်၏။တကယ်တော့ ကျွန်တော်တို့ စွန်းလွန်းဆိုတာလည်း ရွာသာဖြစ်ပြီး ဖုံရွာရသာဆိုသည်မှာလည်း ရွာပင်ဖြစ်ပါ၏။ဦးလေး ဦးချစ်ဦး၏ အိမ်ဝိုင်းကြီးမှာ တော်တော်ကျယ်၍ မြေတလင်းညီကာ ကျွန်တော်တို့ ကလေးတွေအဖွဲ့ ကစားလို့ကောင်း၏။ကျွန်တော်သည် ဖုံရွာရသာရောက်မှ ဂုံညင်းထိုးတာ ကစားတတ်၏။ဂုံညင်းထိုး ကစားနည်းမှာ ဂုံညင်းဆန်ကို ထိုးတာထက် သံကွင်းကို ဂုံညင်းလုပ်ပြီး ထိုးတာက ပိုများ၏။သံကွင်းမှာ လက်ဖက်ရည် အကြမ်းပန်းကန် မျက်နှာဝလောက်ရှိပြီး အောက်နည်းနည်းရှူးရှူး အပေါ်က ကားကားရှိသည်။ကလေးများ မညီမညာရေးတတ်သည့် ဝလုံးအပိန်စားနဲ့ တူ၏။ သံကွင်းအနံ အပြားက လက်သန်းနီးနီးခန့်ရှိ၏။ကစားရာတွင် မန်ကျည်းပင် ခြေရင်းတွင် ပျဉ်ပြားတစ်ချပ်လှဲကာ ကာထားသည်။သူ့ရှေ့တွင် လောက်စာလုံး သို့မဟုတ် ငွေအကြွေစေ့များ ထောင်၍ ၇ ပေလောက် အကွာမှ သံကွင်းကို လက်နှစ်ဘက်မှ ဘယ်လက်ဖြင့် သံကွင်းကို ဖွဆုပ်ကိုင်ထားပြီး ညာဘက်လက်ညှိုး သို့မဟုတ် လက်ခလယ်ဖြင့် သံကွင်းကို လည်နေအောင်လှည့်ရင်း လှမ်းထိုးလိုက်ရ၏။ဤသံကွင်းကို ဒိုးဟုခေါ်တတ်ပြီး လောက်စာလုံးနဲ့ ငွေအကြွေစေ့များက ဇယ်လေးများ ဖြစ်သည်။ဒိုးက မွှေ့ကာမွှေ့ကာ တရှီးရှီးဖြင့် ဇယ်လေးတွေကိုထိ ရိုက်ခတ်သွား၏။ထိုမျှမကသေး ထိုးလိုက်သည့်ဒိုးက ပြင်းလွန်းလျှင် ထောင်ကာထားသည့် သစ်သားပျဉ်အား ထိမှန်ကာ ဇယ်လေးများကို နောက်ပြန်ရိုက်မှန်တာလည်း ရှိ၏။ဖုံရွာရသာမှာ တောရွာများသဘာဝအတိုင်း နေကြထိုင်ကြ၏။ ကျွန်တော်ဆိုလျှင် ယခုအခါ ကြက်ပေါင်ဘတ်ခွကို တော်တော်တည့်အောင် ထုတတ်နေပြီ။လောက်စာလုံးများကို ခါးပုံထဲတွင်ထည့်ကာ ဘတ်ခွတစ်လက်ဖြင့်

ဖုံရွာရသာတွင်မက ဗလုံနဲ့ သမုန်းကိုင်းရွာကိုပင် လည်တတ်နေပြီဖြစ်သည်။ စာကလေးတွေထုရတာ သိပ်မကောင်း။ရှဉ့်၊ ဆက်ရက်၊ ကျီးကန်းတို့ ထုရတာက ကောင်းသည်။ရလျှင် မီးနဲ့ကင်စားသည့်အခါ စားလောက်သောက်လောက်သည့် အကောင်များ ဖြစ်၏။ကျီးကန်းတွေက အလွန်ပါးနပ်၏။သူတို့ကိုထုဖို့ ရဖို့မလွယ်။ ဘတ်ခွကိုင်သည့်သူများကိုလည်း မှတ်မိဟန်တူ၏။အကောင်ပလောင်များ ပစ်သည့်အခါ ခါးပုံစာထဲက လောက်စာလုံးကို နှိုက်ယူပြီးမှ ပစ်ရသည်ဖြစ်၍ ကျီးကန်းတွေက ခါးပုံစာပုတ်ပြလျှင်ပင် ပျံပြေးတော့၏။ခါးပုံစာဆိုသည်မှာ လုံချည်ဝတ်ရာတွင် ရှေးတည့်တည့် ပုဆိုးစကို တစ်ထွာလောက် အရှည်ချန်ခါ ဝတ်ပြီး ထိုပုဆိုးစကို အိတ်ထောင်သဖွယ် လုံချည်တွင်းသို့ ညှပ်ထားခြင်းဖြစ်၏။ ကျွန်တော်တို့ဘကြီး ဦးလူဝမှာ ခါးပုံစာ အလွန်မြဲ၏။သူသောက်သည့် စီးကရက် သံဘူးနဲ့ မီးခြစ်ကို ခါးပုံစာထဲတွင် အမြဲထည့်ထား၏။ပိုက်ဆံလည်း ထိုခါးပုံစာ ထဲမှာပင် ထည့်ထား၏။

* * *

ရသာရွာ၏ အရှေ့ဘက်တွင် အလွန်ကြီးသည့် ညောင်ပင်ကြီးရှိသည်။ ထိုညောင်ပင်ကြီးအောက်မှာ ကစားဝိုင်းတွေ စုံလှသည်။ကစားဝိုင်းဆိုသည်မှာ ဖဲဝိုင်းများနဲ့ လေးကောင်ဂျင်ဝိုင်းကို ဆိုလိုခြင်းဖြစ်၏။ဖဲဝိုင်းများမှာ မြင်းခြံအခေါ် ဘူကြီးဝိုင်း၊ ပိုကာဝိုင်း၊ ကိုးမီးဝိုင်း စသည်ဖြင့် ကြိုက်ရာကစားကြ၏။ဂျင်ဝိုင်းမှာ လောင်းကစားနည်းများတွင် သူက အဆင့်မြင့်သည်။လေးကောင်ဂျင်ကစားနည်းမှာ ဂျင်သီးခေါ်သည့် လေးထောင့်ပတ်လည်တုံးကလေးကို ဆင်စွယ်ဖြင့် ပြုလုပ်ထားပြီး အလျား ၁ လက်မခန့်၊ အနံ ၁ လက်မ လေးပုံ သုံးပုံခန့် ရှိသည်။ အလယ်တွင် အပေါက်ဖောက်ခါ ဂျင်သီးအားလှည့်ရန် ဝါးရိုးတပ်ထားပြီး အပေါ်က ကိုယ်လှည့်သည့်ဘက်က ၁ လက်မလောက်ရှည်ပြီး အောက်က ၁ လက်မ လေးပုံတစ်ပုံခန့်သာ ရှည်၏။လေးမျက်နှာတွင် အရုပ်ကလေးများ ရေးထား၏။ ကြက်ရုပ်ကို ဆင်စွယ်တွင်ထွင်းကာ ဆေးအနီဖြင့် ရေးထားပြီး၊ ဝက်ရုပ်ကို အနက်ဖြင့်လည်းကောင်း၊ မြွေရုပ်ကို အနီဖြင့်၊ ဖားရုပ်ကို အနက်ဖြင့် အသီးသီး ရေးထွင်းထား၏။ထို့နောက် တစ်ပြည်တစ်ခွက်ဝင် တောင်းကလေးတစ်လုံးတွင် ဆန်များ အပြည့်ထည့်ထားပြီး ထိုဆန်များပေါ်တွင် အကောင်းစား ရွှေအနားရေးပါသော တိုက်ပန်းကန်ပြားတစ်ချပ်ကို ပြောင်စင်ချောမွတ်နေအောင် တိုက်ထားပြီး တင်ထား၏။နောက် ဂျင်သီးအုပ်ရန်မှာ ယွန်းခွက်အနီ အဝိုင်းဖြစ်သည်။ဂျင်သီးကို တိုက်ပန်းကန်ပြားပေါ်တွင်တင်၍ လက်ဖြင့်လှည့်ကာ ယွန်းခွက်ဖြင့် အုပ်ရသည်။ တောင်းနဲ့ ဆန်ခံထားခြင်းမှာ တိုက်ပန်းကန်ပြား တစ်ဖက်စောင်းနင်းဖြစ်မနေရန် ဆန်နှင့်ညှိက လွယ်ကူပေသည်။ထို့နောက် နှစ်ပေခွဲပတ်လည်လောက်ရှိသော ဖယောင်းပုဆိုးပေါ်တွင် အရုပ် လေးရုပ်ကို ရေးထား၏။ကြက်၊ ဝက်၊ မြွေ၊ ဖားပုံများ ထင်ထင်ရှားရှား ပီပီသသ လေးကွက်ချခါ အရုပ်များ ရေးသွင်းထားခြင်းဖြစ်သည်။သူ့ကို ဇယားကွက်ဟု ကစားသမားများက ခေါ်ကြသည်။အရုပ်များ၏ အောက်နားတွင် အနီကြိုး အနက်ကြိုးဟူ၍ ကြိုးများ လိုင်းများ ရေးဆွဲထား၏။ အနီကြိုး ထိုးက ကြက်နှင့်မြွေတစ်ကောင်ကောင်ပေါက်လျှင် ဒိုင်က လျော်သည်။ အနက်ကြိုးထိုးက ဝက်နှင့်ဖားပေါက်လျှင် ဒိုင်က လျော်သည်။ကြိုး၏လျော်ကြေးမှာ တစ်ဆဖြစ်သည်။တစ်ရာထိုးက တစ်ရာလျော်၏။မိမိကြိုက်ရာ အကောင်ကို ဖင်နဲ့ခေါင်းနဲ့ တွဲထိုးတာရှိသည်။ဥပမာ ကြက်-ဖင် ဝက်-ခေါင်း၊ ဖား-ဖင် ကြက်-ခေါင်း၊ ကြက်-ဖင် မြွေ-ခေါင်း၊ မြွေ-ဖင် ဖား-ခေါင်း စသည်ဖြင့် ကြိုက်ရာ နှစ်ကောင်ကို တစ်ကောင်ကို ခေါင်းထားပြီး တစ်ကောင်ကို ဖင်တွင်ထား၍ ထိုးခြင်းဖြစ်သည်။ဒိုင်က ဖွင့်သောအခါတွင် ခေါင်းကျသည့်အကောင်ပေါက်လျှင် ဖွင့်လျှင်

နှစ်ဆလျော့၍ ဖင်ကျသည့် အကောင်ပေါက်လျှင် ပြန်သည်။ပြန်သည်ဆိုခြင်းမှာ လျော့လည်း မလျော့ စားလည်းမစား ဒိုင်က ပြန်ပေးရခြင်း ထိုးသူက ပြန်ရခြင်းဖြစ်သည်။ပုံအောသည် ဆိုခြင်းမှာ ကြိုက်ရာတစ်ကောင်ပေါ် ငွေများစုပုံ၍ အောလိုက်ခြင်း ထိုးလိုက်ခြင်းဖြစ်သည်။ ထိုအောသည့်အကောင် ပေါက်လျှင် ဒိုင်က သုံးဆလျော့ရသည်။ကြက်ပေါ်တွင် ငွေတစ်ထောင် ပုံအော၍ထိုးက ပေါက်လျှင် သုံးထောင်လျော့ရသည်။အခြားအကောင်များလည်း ထိုနည်းတူ ဖြစ်၏။ထိုသို့ ပုံအောထိုးသည့်သူများမှာ များသောအားဖြင့် ကစားသမား ခပ်စိမ်းစိမ်း ခပ်ရွှတ်ရွှတ် များ ဖြစ်ကြသည်။အချို့ဒိုင်များက တစ်ရာလျှင် ငါးကျပ်ကောက်၏။ကြာကြာကစားလျှင် အကောက်ထဲသို့ ငွေများများ ရောက်ကုန်တော့သည်။လက်တေးနှင့် ကစားသည်ဆိုခြင်းမှာ ကစားဝိုင်းထဲတွင် ငွေစက္ကူများနဲ့ မကစားဘဲ ငွေအစား တစ်ကျပ်တန်၊ ငါးကျပ်တန်၊ တစ်ဆယ်တန်စသည်ဖြင့် သတ္တုပြားများ ဂဏန်းသံကွင်းလေးများဖြင့် အစားထိုးငွေနှင့် လဲလှယ်၍ ကစားကြခြင်းဖြစ်၏။ပြီးလျှင် ငွေနှင့် ပြန်လဲပေးရ၏။ကျွန်တော်က လေးကောင်ဂျင်ဝိုင်းကို ဒိုင်ခံ၍ ကစားနေသည်ဆိုခြင်းမှာ ဖုံရွှာရသာ၊ သမုန်းကိုင်း၊ ဗလုံမှာပါမကျန် အလွန်အံ့သြကြလေသည်။ ကျွန်တော့်လို ကလေးသူငယ်တစ်ယောက်က ဂျင်ကစားရုံမှူသာမက ထိုဂျင်ဝိုင်းတွင် ဒိုင်လုပ်၍ ကစားသည်ဆိုခြင်းအတွက် အားလုံးက အံ့အားသင့်ကုန်ကြသည်။တကယ်တော့ သူတို့က ကျွန်တော့်အကြောင်း မသိကြသေး၍ အံ့သြခြင်း ဖြစ်ကြပေမည်။ကျွန်တော်သည် စောစောလေး ကပင် လောင်းကစားခြင်းများကို တတ်မြောက်လာခဲ့ပေသည်။ကျွန်တော်တို့ဘကြီး ဦးလူဝ၏ တိုက်နောက်ဖေးတွင် တဲတန်းလျားကြီးထိုးကာ အမိန့်ရ ကစားဝိုင်းကြီးက နေ့ရောညရော တဝေါဝေါ တသောသောဖြင့် နေ့စဉ်လာထိုးကြသူတွေ ရှိသည်။လက်ဆွဲခါတ်မီးများထွန်းကာ လက်တေးသံများကိုပင် ခပ်လှမ်းလှမ်းက ကြားရသည်။မကြာမကြာ ကစားဝိုင်းကြီး၏ဘေးနားတွင် ကြက်ပွဲများလည်း ရှိတတ်ပေသေးသည်။ကစားဝိုင်းကြီး၏ ရှေ့မျက်နှာစာတွင် ဈေးသည်များက စည်ကားလျက် ရှိသည်။ကြက်ပေါင်ကြော်၊ ကြက်အမြစ်အသည်းကြော်၊ အမဲကျော်၊ လက်ဖက် သုပ်၊ လက်ဖက်ရည်အချို၊ မြင်းစီးပိုလို စီးကရက်ဘူးများ၊ ကပ်ကြေး စီးကရက်၊ ဆေးပေါ့လိပ်မျိုးစုံ၊ တောအရက်များအပြင် ထန်းရည်နဲ့ ပဲကြီးလှော်၊ အချဉ်သုပ်၊ စမူဆာ၊ ခေါက်ဆွဲ၊ မုန့်ဟင်းခါးအပြင် ကျွန်တော်တို့ စွန်းလွန်းရွာ၏ နာမည်ကြီး အစားအစာတစ်ခုဖြစ်သည့် ပလာတာ ကြက်သားမှာလည်း အရန်သင့်ရှိသည်။ထိုကစားဝိုင်းကြီး ပွဲခံသူ၏တူဖြစ်သော ကျွန်တော်သည် အဘယ်မှာလျှင် မကစား တတ်ဘဲ ရှိပါတော့မည်နည်း။ကစားသမားများ အကြောက်ရဆုံးမှာ အဖမ်းအဆီးပင် ဖြစ်၏။ ကစားဝိုင်းဆိုသည်မှာ ပုလိပ်များလာလျှင် ထွက်ပြေးရမြဲ ဖြစ်သည်။ကျွန်တော်တို့ဘကြီး၏ ကစားဝိုင်းမှာ မည်သည့်ပုလိပ်မျှ လာဖမ်းသည်ဟု မကြားဖူး မမြင်ဖူးခဲ့ရပေ။ကျွန်တော့်အထင် မြင်းခြံတစ်နယ်လုံးတွင် အမိန့်ရ ကစားဝိုင်းဆို၍ ဘကြီး၏တိုက်နောက်ဖေးက ကစားဝိုင်းကြီးပင် ကြားဖူး မြင်ဖူးခဲ့ရခြင်း ဖြစ်သည်။

ရွာထိပ်ရှိ ညောင်ပင်ကြီးအောက်တွင် လေးကောင်ဂျင်ဝိုင်းကို ကျွန်တော်ဒိုင်လုပ်၍ ကစားနေသည်ဆိုသဖြင့် ကျွန်တော့်အဖေသည် အကြီးအကျယ်စိတ်ဆိုးလျက်ရှိ၏။တစ်နယ် တစ်ကျေးရောက်၍မှ ဖင်မနွေးသေး မကောင်းသည့်အလုပ်ကို လူကြီးလုပ်၍ ကစားနေသည် ဆိုခြင်းအတွက် အဖေသည် အလွန်လည်း ရှက်နေပုံရသည်။ကျွန်တော်က သတိမထားမိခဲ့။ ထိုနေ့က ကစားဝိုင်းတွင် နှစ်ရာကျော်လောက် နိုင်ပါသည်။ငွေနှင့် ဂျင်သီးကို လွယ်အိတ်ကလေး ထဲတွင်ရှိ ခါးမြှောင်နဲ့ရော၍ ထည့်ထားလိုက်သည်။ကျွန်တော် ဦးလေး ဦးချစ်ဦးတို့အိမ်

ရောက်တော့ အဖေသည် ပက်လက်ကုလားထိုင်ဖြင့် ထိုင်နေပါသည်။ဘယ်ဘက်ခြေဖမိုးတွင် ဖက်ခွက်နာပေါက်၍ ကောင်းကောင်းမထောက်နိုင်။ခိုင်းစရာရှိလျှင် ကျွန်တော့်ကို ခေါ်တတ်သည်။

"ကိုမောင်ကို လူလေး"

"ခင်ဗျာ အဖေ"

"အဖေ့ ဆေးလိပ်ကလေး မီးညှိပေးပါဦး"

"ဟုတ်ကဲ့ အဖေ"

ကျွန်တော်က အဖေ့ဆေးလိပ်ကို မီးညှိပေးရန် အဖေ့နားရောက်၍ ဆေးလိပ်တို လှမ်းယူလိုက်သည်နှင့်တစ်ပြိုင်နက် အဖေက ကျွန်တော့်လက်အား ဖမ်းဆွဲလိမ်ခါ သူထိုင်သော ကုလားထိုင်အောက်သို့ ကျွန်တော့်ကို ထိုးသွင်းလိုက်ပါသည်။ကျွန်တော့်လက်ကိုမူ အဖေက မလွှတ်ပါ။

"ကိုချစ်ဦး လာလာ ကစားသမားကြီးမိပြီ"

အဖေက သူ့ညီကို လှမ်းခေါ်လိုက်သည်။ဦးလေး ဦးချစ်ဦးက ဘာမှမပြော အပြေးကလေးရောက်လာပြီး ကုလားထိုင်အောက်က ကျွန်တော့်ကို ဆွဲထုတ်ယူလိုက်ခါ ကျွန်တော့် လက်နှစ်ဘက်အား သူ၏ သန်မာလွန်းလှသော ဘယ်လက်တစ်ဘက်တည်းဖြင့် စုညှစ်ကိုင်လိုက်ကာ ဆွဲမြှောက်လိုက်ပြီး ညာလက်ဝါးကြီးဖြင့် "ဖြန်း" နေအောင် တစ်ချက်တည်း တစ်အားလွှဲရိုက်လိုက်ပြီး အိမ်ဝင်း တလင်းပြင်ထဲသို့ ကျွန်တော့်အား လွှင့်ပစ်လိုက်ပါသည်။ဦးလေး ဦးချစ်ဦးမှာ တောင်သူကြီးဖြစ်၍ အလွန်သန်မာကြံ့ခိုင်လှပါသည်။သူ ကျွန်တော့်အား လွှင့်ပစ်လိုက်သည်မှာ ဝါးတစ်ရိုက် နီးပါးခန့် လွှင့်သွားပါသည်။အိမ်ဝိုင်းမြေတလင်းမှာ ဖုန်နဲ့သဲများ ရောစပ်နေသော မြေတလင်းဖြစ်ခြင်း ညီညာခြင်း ကံအားလျော်စွာ ကျွန်တော် အကျကောင်းခြင်းကြောင့် ဘာမှ မဖြစ်ပါ။ရိုက်လိုက်သော လက်ဝါးရာကြီးကမူ လေးငါးရက်ထိ မပျောက်ပါ။သည်လို ရိုက်လိုက်ရုံနှင့် ကျွန်တော် ကစားတဲ့အကျင့် မပျောက်ပါ။မကြာမီ ဖုံရွာရသာအနောက်ဘက် ချောင်းတစ်ခုခြားသော ဖောင်းကားရွာ သုသာန်ထဲသို့ သွားရောက် ဂျင်ကစားပါသည်။ဂျင်ဝိုင်းသည် အရှုံးအနိုင် လျင်မြန်သလောက် ငွေပမာဏအားဖြင့်လည်း များတတ်ပါသည်။ဖောင်းကား သုသာန်ထဲတွင် ဝက်ကွ၊ ကြက်ကွ၊ ဖားကွ စသည်ဖြင့်လည်းကောင်း၊ မြွေကွ၊ ငါးရှဉ့်ကွ ဟူ၍လည်းကောင်း အသံတွေက မြိုင်နေပါသည်။အော်သံ ဟစ်သံတွေနဲ့အတူ "ဟာ ဟင်" ဟူသော အသံများကလည်း မကြာမကြာ ထွက်တတ်ပါသည်။ပုလိပ်ဖမ်းမှာလည်း မကြောက်ရပါ။တိုင်းပြည်တောင် ပျက်နေမှ ဘယ်ပုလိပ်မှ မရှိတော့ပါ။ဒီအချိန်မျိုး အကြောက်ရဆုံးမှာ ဗုံးကြဲသော လေယာဉ်ပျံများသာ ဖြစ်ပါသည်။ထိုနေ့က အတော်မိုးချုပ်မှ အိမ်ပြန်ပါသည်။ အိမ်ရောက်တော့ အဖေက ဒီကောင် ထမင်းမကျွေးနဲ့ဟု ပြောပါသည်။အဖေပြောပြီး ဆယ်မိနစ်လောက်ကြာတော့ ဦးလေးဦး၏ သမီးများ မမသန်းနှင့် မမသိမ့်တို့က မီးဖိုချောင်နောက်ဖေး ပုန်းကွယ်၍ ကျွေးကြပါသည်။ဦးလေး (ဦးချစ်ဦး) ၏သား မောင်ဖေကြီးမှာ ကျွန်တော်နဲ့ ရွယ်တူဖြစ်ပြီး အလွန်ရိုးသားပါသည်။ကျွန်တော်က လောင်းကစားနည်းများ သင်ပေးသော်လည်း သူက ကောင်းကောင်းမသင်ပါ။တတ်လည်း မတတ်ပါ။ဂျင်ဝိုင်း ကစားဝိုင်းခေါ်လည်း မလိုက်ပါ။ နောက်တစ်ယောက် မောင်သိန်းလေး ကျွန်တော့်ထက်ငယ်ပြီး ကလေးစိတ်သက်သက်ဖြစ်၍ ဂုံညင်းထိုးတာလောက်ပဲ စွဲစွဲမြဲမြဲကစားပါသည်။ကျွန်တော့်လွယ်အိတ်ထဲက ခဲမြှောင်နဲ့ဂျင်သီးလက်တေးများ တွေ့ပြီးကတည်းက ဦးလေး ဦးချစ်ဦးက နောက်ထပ်မရိုက်တော့ပါ။အဖေ့အား "အစ်ကိုသစ် ခင်ဗျားသား မလွယ်ဘူး"ဟု ပြောသံ ကြားရပါသည်။

မြန်မာပြည်ကနေ အင်္ဂလိပ်များ ပြေးကြပါပြီ။မြန်မာနိုင်ငံကို စိုးမိုးအုပ်ချုပ် မင်းလုပ်နေကြသော အင်္ဂလိပ်များ တကယ်ပင် ထွက်ပြေးကြပါပြီ။အင်္ဂလိပ်တွေ ပြေးသည်ဆိုကတည်းက တောရွာကလူတွေက လှည်းတွေနဲ့ တပ်ချီပြီး မြို့တက် ပစ္စည်းများယူကြပါသည်။ဗိုလ်အိမ်တွေ ဖောက် ပိုက်ဆံရှိ လူမနေသော တိုက်တွေ ဖောက်ကြ သယ်ကြ လှည်းသံတွေ တဝုန်းဝုန်း တဒိုင်းဒိုင်း ပေါက်ဆိန်၊ ရဲတင်း၊ ငှက်ကြီးတောင် တဝင်းဝင်းဖြင့် ဖောက်ကြ ယူကြ မြင်ကွင်းများမှာ အံ့သြစရာများနဲ့ အဆန်းများသာ ဖြစ်နေတော့သည်။လယ်တောထဲတွင် ယခင်ကလို စာမခြောက်တော့ပါ။မြို့ကယူလာသော စန္ဒရားကြီးကို လယ်ကွင်းထိပ်တွင်ထားပြီး တဒေါင်ဒေါင် တဒွမ်ဒွမ် လက်များနဲ့ ဖိတီးကာ စာခြောက်ကြသည်။တချို့က နောက်ဖေးအိုးကြီး များနဲ့ ထမင်းချက်ကြသည်။သြော် ဒုက္ခပါလား ဒုက္ခပါလား။ချေးအိုးကြီးမှန်းသိပြန်တော့ စားပြီးသားထမင်းတွေပင် တဝေါဝေါနှင့် ထိုးအန်ကြ။တိုင်းပြည်ပျက်တာနဲ့အတူ လူတွေလည်း ပျက်လာကြပါသကော။

ယခင်က အင်္ဂလိပ်အစိုးရနှင့် နီးစပ်သူများက ယခုတော့ ရောက်သမျှနေရာများတွင် မျက်နှာချိုသွေးနေကြပါပြီ။အင်္ဂလိပ်ခေတ်က ပုလိပ်တော်မင်း အရှင်ဘုရားများတို့ စာသင်တော်မင်းကြီးတို့မှာ ယခုအခါတွင် ဘယ်ချောင်တွင် ပြားပြားဝပ်နေကြသည် မသိပါလေ။မြို့အုပ်များ၊ ဝန်ထောက်များပင် ယခုအခါ ကောင်းကောင်းခေါင်းမဖော်ဝံ့ကြတော့။ကျွန်တော့်အစ်ကို တစ်ယောက်ဖြစ်သူ အစ်ကို ကိုစိန်မောင်မှာ နွားဝါသနာပါ၏။အစ်ကို ကိုစိန်မောင်၏နွားမှာ နွားနက်ထိပ်ဖြူကြားလေး ဖြစ်သည်။ညနေညနေ သူ့နွားလေးကို ရွာတွင်းလမ်းများတွင် မောင်းရသည်မှာ အမော။သူကြည့်ရတာ နွားပြေးသလောက် လူမော၏။လက်ကိုင်ကြိုးကို ခပ်တင်းတင်းလေးနိမ့်၍ ကိုင်လျှင် နွားကလေးက ခေါင်းမော့ပြီး သွား၏။နွားမောင်းတာလည်း အမျိုးမျိုးရှိ၏။မောင်းတတ်မှ လှ၏။နွားလည်ပင်းမှာ ချူသေးသေးဆွဲထားသဖြင့် ချူသံလေးကလည်း နားထောင်လို့ ကောင်း၏။တစ်ရက်တွင် အစ်ကိုလေး နွားလှန်ထားရာမှ ပျောက်သွားသည်။လှန်ထားသည်ဆိုခြင်းမှာ ရွာနဲ့ မနီးမဝေးတွင် နွားအား အစာစားစေခြင်းဖြစ်သည်။နွားကျောင်းထားသည် မဟုတ်ပေ။နွားကျောင်းလျှင် နောက်က လူပါမြဲဖြစ်၏။လှန်ထားသည်ဆိုခြင်းမှာ လူမပါ နီးရာထန်းပင် သစ်ပင် စသည်တို့ကို ကြိုးရှည်ရှည်ဖြင့် ချည်ထားခြင်းကို လှန်ထားသည်ဟု ခေါ်သည်။နေဝင် မီးထွန်းချိန်ထိ နွားမတွေ့သေး အမဲများပေါ်လိုက်ကြပြီလား။အစ်ကို ကိုစိန်မောင်နွားကို လူသိတော့ များ၏။ရက်ရက်စက်စက်တော့ လုပ်ကြမှာမဟုတ်ဟု ထင်ရ၏။ကျွန်တော်နဲ့ အစ်ကိုနဲ့ နွားပျောက်ရှာရန် ထွက်ကြသည်။ဖောင်းကားသုသာန်အနီးတစ်ဝိုက် စထွက်လာကြသည်။ကျွန်တော့်လက်ထဲတွင် ကြေးပိုက်လုံးနဲ့ တပ်ထားသော အလွန်အသွားထက်သည့် လှံတစ်ချောင်းပါ၏။အရိုးရှေ့တစ်ထောင့်ထွာလောက်ရှိပြီး အသွားစ တစ်ထွာလောက်၊ အလျားကရှည်ပြီး ဓားရွက်၏ အလယ်တွင် လက်သုံးလုံးခန့်ရှိပြီး ကျွန်တော် အားရသောလှံဖြစ်သည်။အစ်ကို ကိုစိန်မောင်လက်ထဲတွင် ဓားလှံတစ်ချောင်းပါ၏။ဝါးဆစ်ပိတ် အရိုးတပ်ဖြစ်ပြီး အသွားတစ်တောင်လောက် ရှိ၏။ထောင်လိုက်လျှင် လက်ခုပ်တစ်ဖောင်ခန့် မြင့်သည်။ဓားလှံဆိုသည်မှာ ဓားကို လှံရိုးတပ်၍ ကိုင်ခြင်းပင်ဖြစ်သည်။အနီးရန်သူ အဝေးရန်သူကို တိုက်ခိုက်ရာတွင် အလွန်အားထားရသော လက်နက် ဖြစ်သည်။ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် အတင်းတောနင်း၍ ရှာဖွေကြသည်။နွားကိုကား မတွေ့။တဖြည်းဖြည်း ညဉ့်နက်လာလေ တွေ့ချင်စိတ်က ပိုများလေ ဖြစ်ပါသည်။လဆုတ် ၅ ရက် ညဖြစ်သဖြင့် လကလေးပင် အတော်မြင့်လာပြီ။လရောင်အောက်တွင် သစ်ပင်များ၊ ချုံပုတ်များကို ကောင်းစွာမြင်ရသည်။နွားကို မမြင်ရ။သူ့ချူသံလေးကို နားစွင့်ကြည့်ကြသည်

မကြားရ။ကြာတော့ ရှာရတာ စိတ်မရှည်ချင်တော့ "ကဲ. . မောင်ကို မင်းနဲ့ငါနဲ့ လမ်းခွဲပြီး ရှာရအောင်။မင်းက ဒီတောစပ်တစ်ဝိုက် တစ်နာရီလောက်ရှာ မတွေ့ရင် အိမ်ပြန်တော့"ဟု အစ်ကိုက ကျွန်တော့်အား ပြောသည်။ရုတ်တရက် ကျွန်တော့်စိတ်ထဲတွင် နည်းနည်းထင့်၍သွားသည်။ ညဥ့်နက်ချိန် တောထဲတွင် ညီအစ်ကိုနှစ်ယောက်တည်း၊ ကြောက်စရာမလို။တစ်ယောက်စီသွား၍ တစ်ခုခုဖြစ်လျှင် ကျွန်တော်တွေးနေတုန်း အစ်ကိုက "ငါတော့ ဆပ်ပြာကျင်းဘက်လိုက်မယ် မတွေ့ရင် ပြန်ခဲ့မယ်"ဟု ပြောသဖြင့် ညီအစ်ကိုနှစ်ယောက် လမ်းခွဲလိုက်ကြပါသည်။အစ်ကိုနဲ့ လမ်းခွဲပြီး တစ်ယောက်တည်း ထွက်လာရာ ညဥ့်နက်သည့်ပြင် လေအေးအေးကလေးက စိမ့်ခနဲ စိမ့်ခနဲ တိုက်ခတ်လိုက်သဖြင့် နည်းနည်းချမ်းလာသလို ထင်မိပါသည်။တစ်ခါတစ်ရံ လမ်းဘေး ဇရပ်ပျက် လေတိုက်ပြီဆို သွပ်ပြားမြည်သံကလည်း စိတ်ဓာတ်ကို ချောက်ချားစေပါသည်။ ဖောင်းကားသုသာန်တစ်ဝိုက်လည်း နှံ့နေပြီ။ခပ်လှမ်းလှမ်း ပတ်ဝန်းကျင်လည်း ရှာပြီးပြီ၊ နွားကို မတွေ့။ဒါပေမဲ့ မပြန်ချင်သေး ဆက်ရှာရန်သာ စိတ်စောနေမိသည်။

* * *

ထိုအချိန်တွင် လပြည့်ကျော် လကလေးသည် တဖြည်းဖြည်း မြင့်သည် ထက်မြင့်လာပြီး ကျွန်တော်နှင့်လမ်းခွဲ၍ နွားရှာထွက်သွားသော အစ်ကို ကိုစိန်မောင်သည် ညီဖြစ်သူ မောင်ကိုနဲ့ လမ်းခွဲခဲ့သည်။ကိုစိန်မောင်မှာ မျက်စိ လျင်စွာဖြင့် လမ်းနံဘေး ချုံပုတ်များပါမကျန် စေ့စေ့စပ်စပ်ကြည့်ရင်း အသံလည်း နားစွင့်ကာ ထွက်လာခဲ့ပေသည်။ဓားလှံကို လှံ၍ကိုင်ကာ လှံသွားကို ရှေ့မှုထားပြီး လှည်းလမ်းအတိုင်းလိုက်ကာ တဖြည်းဖြည်း ခရီးဆက်ခဲ့သည်။ကိုစိန်မောင်သည် ဓားလှံပစ်ကို အလွန်လေ့ကျင့်ထားသူ ဖြစ်၏။ညာလက်အလွန်သန်ပြီး တောထဲရှိ သစ်ပင်များအား အနီး အဝေး ပစ်မှတ်ထား၍ အမျိုးမျိုးပစ်ထိုးကာ လေ့ကျင့်ခဲ့သူ ဖြစ်ပေသည်။သရက်ပင်ကြီးများ၏ ခေါင်ဖျားတွင်သီးနေသော သရက်သီးများအား အတွဲလိုက်သော်လည်းကောင်း တစ်လုံးချင်းသော်လည်းကောင်း အညှာမှ ရရှိ အောင် တည့်တည့်မတ်မတ် ပစ်ချ နိုင်စွမ်းရှိသောလက် ဖြစ်ပေသည်။သူပစ်ထိုး လိုက်၍ စိုက်သည့်လှံသွားအား သာမန်လူ ပြန်ဆွဲနုတ်ယူ၍ မရပေ။ထို့ကြောင့် လည်း ကိုယ့်လက်ရော စိတ်ပါ စိတ်ချထားပြီးမို့ မတွေ့တွေ့အောင် ရှာမည်ဟု စိတ်ထဲတွင် အားခဲထားပေသည်။ထိုအခိုက် ခပ်လှမ်းလှမ်းမှ ဆေးလိပ်မီးဖွားများ လှမ်းမြင်ရသည်။စကားပြောသံက သိပ်သည်း၏။ကောင်းကောင်း မကြားရ။ တဖြည်းဖြည်း ရိပ်ခနဲ ရိပ်ခနဲ မသဲမကွဲမြင်ရသည်။ရှိသမျှအားကို စူးစိုက်ကြည့် လိုက်သည်။လူငါးယောက် ရှေ့ဆုံးကလူက ခေါင်းဆောင်ဖြစ်ဟန် တူသည်။ လူတွေချည်းပဲ မြင်ရ၍ သူ့နွားလေး မပါလာ။နွားသတ်တဲ့လူတွေတော့ မဟုတ်တန်ရာဟု ကိုစိန်မောင့်စိတ်ထဲတွင် ထင်နေမိ၏။လမ်းက ထောင့်ချိုးဖြစ်၍ အကွေ့တွင် ထိုလူများ ပြန်ပျောက်သွား၏။လှည်းလမ်းဘေး ချုံများက တော်တော် မြင့်၏။ထိုလူများကလည်း သည်လမ်းအတိုင်း သွားနေသည်။ရင်ဆိုင်တွေ့ရ တော့မည်ဆိုတော့ သတိထားလိုက်မိ၏။နောက်လည်း ပြန်မဆုတ်ချင်။ညဥ့်နက် ပြီမို့ လူကောင်းတွေတော့ ဖြစ်နိုင်ခဲသော်လည်း စောစောက မြင်နေရသော လမ်းကြောက ပို၍မသဲမကွဲဖြစ်သွားသည်။တကယ်တော့ ကောင်းကင်မှာရှိတဲ့ လကို တိမ်ပုတ်က ဖုံးလိုက်သဖြင့် ပို၍မှောင်မိုက်သွားခြင်းဖြစ်၏။တဖောင်းချုံ တွင်းရှိ ပုစဥ်းကွဲများအသံက ပို၍ပို၍ကျယ်လာသည်ဟု ထင်မိ၏။လမ်းထောင့်ချိုးက တစ်ဆစ်ချိုးမဟုတ်။ပစောက်လို ကွေ့ချိုးသောအချိုးသို့ ရောက်လာသည်။ ထိုအချိန်တွင် စောစောကလူများနဲ့ ရင်ဆိုင်လိုက်ရသည်။ခေါင်းဆောင်လူက ကိုစိန်မောင်အား "ဟေ့ ရပ်လိုက်"ဟု အမိန့်ပေးလိုက်ပြီး သူ့လက်တွင်ပါသော ရိုင်ဖယ်သေနတ်ဖြင့် လှမ်းချိန်လိုက်၏။ကိုစိန်မောင်က သူ့အမိန့်ကိုနာခံရင်း လူအားလုံးကို ရေတွက်ကြည့်လိုက်သည်။ပေါင်း ငါးယောက်၊ ရှေ့ဆုံးက

ခေါင်းဆောင်လက်ထဲတွင် ရိုင်ဖယ်သေနတ် နောက်လူ လေးယောက်တွင် ငှက်ကြီး တောင်ဓားကိုင်ထားသူက နှစ်ယောက်၊ တစ်ယောက်က ဓားလှံတစ်ချောင်း၊ ကျန်တစ်ယောက်က မိုန်းတစ်လက်ဖြစ်၏။ရုတ်ချည်း စဉ်းစားလိုက်ပါသည်။ တိုက်ခိုက်ဖို့မလွယ် လူအင်အားက မမျှ။ရင်ဆိုင်လည်း တွေ့နေပြီ ဘာပြောရ၊ ဘာလုပ်ရမလဲ။ထိုစဉ် ခေါင်းဆောင်လုပ်သူက "ဟေ့ကောင် လက်နက်ချလိုက်" ဟု ဩဇာသံဖြင့် လှမ်း၍အမိန့်ပေးလိုက်သည်။ကိုစိန်မောင်၏ ရင်ထဲတွင် တဒိန်း ဒိန်း ဖြစ်သွား၏။နားထင်နားရင်းတွေ ပူသွားပြီး တစ်ကိုယ်လုံး သွေးတွေဆူကြွ တက်လာ၏။မခံချင်စိတ်က တားဆီးမရ လှိုင်းထလာ၏။ယောကျ်ား သေတစ်နေ့ မွေးတစ်နေ့စိတ်က ကြီးစိုးသွားပြီး လက်ထဲရှိ ဓားလှံကို လက်က မှောက်ကိုင်ထားရာ မှောက်တာကို လှန်၍ကိုင်လိုက်သည်။ရှိသမျှအားတွေ စုစည်းထားလိုက်ကာ တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။သေနတ်နှင့်လူက ဒုတိယအကြိမ် "ဟေ့ကောင် လက်နက်ချ" အသံဆုံးသည်နှင့် ရိုင်ဖယ်သေနတ်ကို မြှင့်ကိုင်လိုက်ပြီး ပစ်ရန်ချိန်လိုက်သည်။

ကိုစိန်မောင်ကား လက်နက်မချသည့်ပြင် လက်ထဲတွင်ကိုင်ထားသော ဓားလှံဖြင့် အားလွှဲ အရှိန်ယူ၍ ထိုးပစ်လိုက်ရန် ဟန်ပြင်လိုက်သည်နှင့် တစ်ပြိုင် တည်း သေနတ်သမားက သေနတ်ပြောင်းကို လက်ညှိုးဖြင့် ဖြုတ်ချလိုက်သည်။ "ဒိုင်း" ကျယ်လောင်မြည်ဟီးသောအသံက တိတ်ဆိတ်သောညကို ဖောက်ထွင်းပြီး ရှိသမျှ တစ်တောလုံး လန့်နိုးသွားကြသည်။သေနတ်ကိုင်လူ၏ နောက်လိုက်များကမူ "မအေပေး သေတာကောင်းတယ်" ဟုပင် ယောင်ယမ်းအသံထွက်လိုက်ကြသေး သည်။သို့သော် မျှော်လင့်သလိုဖြစ်မလာပါ။မယုံကြည်နိုင်အောင် အဖြစ်အပျက် များက ပြောင်းလဲသွားသည်။သေနတ်ပစ်လိုက်ရ၍ ကျည်ဆန်တော့ ထွက်သွားပါ ၏။ဒါပေမဲ့ နောက်ကျသွားပြီ။အလွန်လက်ကိုင်းသန်၍ ဖြောင့်တန်းလှသော ကိုစိန်မောင်၏ လက်လွှတ်၍ ပစ်ထိုးလိုက်သော ဓားလှံက သေနတ်ပြောင်းတွင် ထိုးထားသော အသားအား ထိုးဖောက်ကာ သေနတ်ကြီးက မြှောက်တက်၍ ဓားလှံနောက် တန်းလန်းကြီးပါပြီး ချုံနံဘေးတွင် သေနတ်နဲ့ ဓားလှံတွဲလျက် ကျသွားပါတော့သည်။ဒါတွင်မက လေ၏လျင်မြန်ခြင်းဖြင့် ကိုစိန်မောင်က သူ့ဓားလှံနောက်လိုက်ကာ ရုတ်ချည်းရောက်သွားပြီး လျင်မြန်စွာ သေနတ်ကို ခြေနဲ့နင်းလျက် ဓားလှံအား ဆွဲနုတ်ယူလိုက်ပြီး သေနတ်ကိုင်လူ၏ လည်မျိုကို ဓားလှံဖြင့် လှမ်း၍ထောက်ထားလိုက်ပါတော့သည်။ပို၍အံ့အားသင့်သွားစေ သည်မှာ သေနတ်ကိုင်လူရော ကိုစိန်မောင်ရော ဖြစ်ပါသည်။အနီးကပ်မြင်ရ တော့မှ သဲသဲကွဲကွဲမြင်ရပြီး သိကြပါတော့သည်။သေနတ်ကိုင်လူက "ကိုစိန်မောင် လူလေး ဦးလေးပါကွ"၊ "ဟေ့ ကိုစိန်မောင် ဦးလေး ဦးအောင်ဒင်ပါကွ ငါ့တူရ"၊ "ဟင် ခင်ဗျား ဟင်း တောက်" "ငါ့တူ ဦးလေးကို ခွင့်လွှတ်ပါကွယ် မင်းမှန်းမသိလို့ ပစ်လိုက်တာပါနော်၊" သို့တိုင်အောင် ကိုစိန်မောင်မှာ ဒေါသကို မပြေသေးဘဲ အံကြိတ်ကာ လက်ထဲက ဓားလှံကို နောက်ဆုတ်ယူလိုက်ပြီး လမ်းဘေးရှိ တဖောင်း ချုံအား စိတ်ရှိလက်ရှိ ထိုးချလိုက်ပါတော့သည်။

"ဝုန်း ဖျောင်း" ဓားလှံချက်က ပြင်းထန်လွန်း၍ တဇောင်းချုံကြီးမှာ ဘေးသို့လွင့်ခါ ပြတ်ထွက်သွားပါတော့သည်။

ထိုနေ့က အဖြစ်အပျက်ကြောင့် ကျွန်တော်တို့ ညီအစ်ကိုများကို အားလုံးက ပို၍ လေးစားလာကြသည်ကို တွေ့ရ၏။ဦးလေး ဦးအောင်ဒင်မှာ ကျွန်တော်တို့ ဦးလေးတော်စပ်သူ ဖြစ်၏။ဓားပြဗိုလ်ဟူသောအမည်နဲ့ မလိုက်ပေ။ဆံပင်ရောင်ထုံးနဲ့ဖြစ်ပြီး အသားဖြူဖြူ မျက်လုံး ပြူးပြူး၊ ကွမ်းအမြဲဝါးတတ်သူဖြစ်ကာ စကားပြောလျှင် လေအေးအေးကလေးဖြင့် သိမ်သိမ် မွေ့မွေ့ ပြောတတ်ဆိုတတ်သူ ဖြစ်ပေသည်။သို့သော် ထိုနယ်တစ်ဝိုက်သာမက ဓားပြဗိုလ် ဗိုလ်အောင်ဒင်ဆိုလျှင်ပင် အားလုံးက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ကြရသည်။သူကား ဓားပြဗိုလ် ဗိုလ်အောင်ဒင်အစစ်ဖြစ်၍ ဓာတ်ရှင်ဇာတ်ကားထဲက ရိုက်ကူးထားသော ဗိုလ်အောင်ဒင် မဟုတ်ပေ။ထိုနေ့ညက သူနဲ့ သူ့အဖွဲ့ ဓားပြတိုက်ရန် ထွက်လာကြခြင်းဖြစ်၏။ဤသို့ ထွက်လာ စဉ်တွင် သူတို့လုပ်ငန်း မစရသေးမီ အစ်ကို ကိုစိန်မောင်နဲ့ တွေ့ခြင်းဖြစ်ပြီး ပွဲဦးမှောက်သွား ကြခြင်းပင် ဖြစ်တော့၏။

ကျွန်တော်တို့ ဖုံရွာရသာမှာ နေ့စဉ်ပင် ဂျပန်တွေဝင်လာ၏။အဝတ်ဦးထုပ် ရှေ့နဖူး ပေါ်တွင် နေကာတပ်ထားပြီး နားရွက်နှစ်ဖက်ပေါ်တွင် ဦးထုပ်နဲ့တွဲလျက် ချုပ်ထားသော အဝတ်စက ဖုံးအုပ်ထား၏။အသားနီစပ်စပ် ပုကွကွ နှုတ်ခမ်းထူထူ၊ မျက်နှာပေါက်ကျဉ်းကျဉ်း ရွှေသွားများ အတော်များများစိုက်ထားကြ၏။ငွေသွားအချို့လည်း စိုက်ထား၏။ကာကီ အစိမ်းပုတ်ရောင် ဝတ်စုံဖြင့် ဘောင်းဘီ၏ အောက်နားများက ဖိနပ်ထဲတွင်ထည့်၍ ပတ်စီးထားပြီး အချို့ ဘွတ်ဖိနပ်အရှည်ကြီးများနှင့်။ခါးတစ်စောင်းတွင် ဓားလွယ်ကိုတပ်ဆင်လျက် ဘောင်းဘီ များက အဖာအထေးများနဲ့ဖြစ်ပြီး စကားပြောသောအခါတွင် ငရုတ်သီးစပ်သော လေသံမျိုးနဲ့ ပြော၏။ရွာထဲက လူကြီးများက ဂျပန်တွေကို သွားကြိုကြတော့ ဂျပန်များက လက်ဆောင်အဖြစ် ငွေစက္ကူများ ပိုက်ဆံများပေး၏။နောင်သောအခါတွင် သိရသည်မှာ သူတို့ပေးသော ငွေစက္ကူ များသည် တစ်ဆင့်တန် စက္ကူများသာဖြစ်ပြီး နှစ်ဆယ့်ငါးဆင့်သည် ပိုက်ဆံတစ်မတ်နဲ့ညီမျှသော တန်ဖိုးသာရှိလေသည်။

ဂျပန်တွေဝင်လာပြီး မာစတားဟူသော စကားသည် ခေတ်စားလာတော့၏။ဂျပန်များ ကို ဟိုလူကလည်း မာစတား ဒီလူကလည်း မာစတားဟူသော ခေါ်သံမှာ တဖြည်းဖြည်း ပို၍ များများလာကြတော့သည်။နောက် ဂျပန်စကားပြန်များ ပေါ်လာ၏။ကျွန်တော်တို့သည် ကလေးငယ်များဖြစ်သော်လည်း ဂျပန်ခေတ်တွင် ဂျပန်စကားများ တော်တော်ပြောတတ် လာကြ၏။အာရှလူငယ်များ၊ ဗိုလ်အောင်ဆန်း စသည့် အသုံးများ စတင်ကြားဖူးလာ၏။

* * *

# စိန်ဆပ်ပြာ

ဖုံရွာရသာက ကျွန်တော်တို့တစ်တွေ မြင်းခြံ၊ စွန်းလွန်းသို့ ပြန်ရောက်လာကြပြီဖြစ်၏။စွန်းလွန်းရွာ မြောက်ပိုင်းတွင်ရှိသည့် ဘကြီး ဦးလူဝ၏ ဒုတိယဇနီး ဒေါ်ဒေါ်အုန်း နေအိမ်ဝိုင်းသို့ ဘကြီး အိမ်ထောင်ကျခါစက ကျွန်တော်တို့တစ်တွေပါ အားလုံးစုပေါင်းနေထိုင်ကြသည်။ထိုအချိန်တွင် ကျွန်တော်တို့အဖေနဲ့အမေက ကွဲပြီးဖြစ်သဖြင့် အမေက မလှိုင်တွင် ဘူတာကြီးအနီးနေထိုင်သောအချိန် ဖြစ်ပေသည်။ဘကြီးဦးလူဝက ဆပ်ပြာချက်၏။စိန်တံဆိပ်ဆပ်ပြာဟုတော်တော်လေးနာမည်ကြီး၏။ဆပ်ပြာချက် လုပ်သားများ နံနက်အဆာပြေစားရန်နှင့် နှစ်အိမ်ထောင်ပေါင်းစားရန် ဆန်တစ်စိတ် ချက်ရ၏။ပဲ စွန်တာနီတစ်ပြည်နဲ့တစ်ခွက်ပြုတ်ရ၏။ဆီတစ်ပုလင်း ဆားတစ်ကတော့ဖြစ်သည်။ဤကားနံနက်တိုင်း အဆာပြေစား၍ကုန်သတည်း။ဆပ်ပြာချက်ရာတွင် အများဆုံး အသုံးပြုရသည်မှာ အမဲဆီဖြစ်သည်။အမဲဆီမှာ ဆီကြည်မရပေ။ဝက်သား အဆီအဖတ်ကြီးတွေကို၊ အမဲအဆီဖတ်ကြီးတွေ အဖတ်အဖတ်ကြီးများကို ဆီကြည်အဖြစ်ချက်ရ၏။ပြီးမှ သူ့ကို တစ်ဖန်ဆပ်ပြာချက်ရာတွင် သုံး၏။ထိုစဉ်က ဆပ်ပြာချက်ဆရာမှာ ကိုကြာဥဖြစ်သည်။ကိုကြာဥမှာ နာမည်နဲ့လိုက်၏။ဖြူဖြူနွဲ့နွဲ့ဖြင့်မျက်နှာလေးက ပြုံးနေတတ်ပြီး သွားတက်ကလေးနဲ့ဖြစ်၏။ခါးလေးနည်းနည်းကုန်း၏။စကားပြော ညက်ညက်ကလေးဖြစ်၏။သူက ဆပ်ပြာချက်နည်းပညာကိုဘယ်သူ့မှမပေး။ပညာအလွန်နှမြော၏။သူ့ကို ဘကြီးက လခ ၃၀၀ ပေးထား၏။ဆပ်ပြာချက်ရာတွင် အခက်ဆုံးနည်းမှာ ဆားခွဲခြင်းပင် ဖြစ်၏။၁၅ ပေပတ်လည်ခန့်ရှိသော ငရဲအိုးကြီး၏နှုတ်ခမ်းပေါ်တွင် သစ်သားတန်းများတပ်ထားပြီး ထိုပေါ်မှတက်၍ ဆားများဖြင့်ပက်၏။နောက် ပြဒါးမပါသော မှန်ချပ်ကလေးပေါ်တွင်သံလျက်ဖြင့် ဆပ်ပြာရည်ကို ယူ၍တင်လိုက်ပြီး ကြည့်၏။ဤတွင် သူ့ပညာအဆုံးအဖြတ်ဖြင့် မီးလျှော့လိုက်တော့ သို့မဟုတ် မီးထပ်ထိုးဦး စသည်ဖြင့် လိုအပ်သလို သူက ညွှန်ကြား၏။သူ့အဆုံးအဖြတ်သည် အတည်ဖြစ်တော့သည်။ဤသို့ဆားခွဲနည်းကိုမူ သူ ဘယ်သူ့မှမပေး။ဆပ်ပြာချက်ရာတွင်သုံးသော ငရဲမီးကတဖြည်းဖြည်းကုန်တော့သည်။ဂျပန်ခေတ်တွင် ငရဲမီးက အလွန်ရှား၏။အစ်ကိုကိုစိန်မောင်က တွေ့ရာသစ်ပင်များကို ဝါးဝါးကြည့်၏။ငရုတ်သီးသည် အလွန်စပ်၏။ပူ၏။သို့သော် သူ့ကို ငရဲမီးချက်၍ မရပေ။ငရဲမီးချက်ရန် အများကြီးသုတေသနပြုရ၏။

* * *

# ငရဲမီး

သစ်ပင်များ၊ သစ်ကိုင်းများ၊ သစ်ရွက်များ ဝါးစားကာ မျိုမချဘဲ မြည်းကြည့်၏။ဤသို့ အစ်ကို ကိုစိန်မောင်၏ သုတေသနပြုချက်ဖြင့် တစ်ရက်တွင် "ငစိုင်ပင်" အမည်ရှိ သစ်ပင်တစ်ပင်ကို တွေ့လေတော့သည်။ငစိုင်ပင်မှာ ချောင်းထဲ ဆပ်ပြာကျင်း (ဆပ်ပကျင်း) နေရာ ဆားပွင့်ရာ ဆပ်ပြာကြမ်းများ ပွင့်သည့် သဲမြေအမျိုးမျိုးတွင် ပေါက်၏။အပင်က ဆူးလေပင်နဲ့ ခပ်ဆင်ဆင် တူ၏။ငစိုင်ပင်ကို သုတေသနပြုသည်ကား ဤသို့ဖြစ်၏။ငစိုင်ပင်များကို ဓားဖြင့် ခုတ်ယူ၍ လှည်းတစ်စီးတိုက်လောက်ရသော် အချို့အခြောက်လှန်း၍ မီးရှို့ ပြာချ၏။ယင်းငစိုင်ပြာကို အုတ်ကန်ကြီးထဲတွင် ထည့်၏။ငစိုင်ပြာ သုံးပုံ ထုံးသုံးပုံ ရေကို ပုန်းထဲထည့်ကာ မွှေ၏။နောက်တစ်ည သိပ်ထား၏။နောက်တစ်နေ့ နံနက်တွင် ထိုရည်ကြည်များကို ခပ်ယူ၍ ချက်၏။သုံးခွက်တစ်ခွက်တင် ချက်လိုက်သောအခါ အလွန်ကောင်းသော ငရဲမီး ရရှိလာလေသည်။ငရဲမီးက မည်မျှကောင်းသနည်းဟူမူ ဂျပန်မျက်နှာသုတ်ပဝါခေါ် အလျားတောင်ဆုပ် အနံ့ တစ်မိုက်လောက် မျက်နှာသုတ်ပဝါအား ထိုငရဲမီးထဲချလိုက်လျှင် အပိုင်းပိုင်း ပြတ်ကျသွားတော့သည်။ထိုငရဲမီးကောင်းကောင်း အောင်မြင်၍ ဘကြီး၏ ဆပ်ပြာမှာလည်း တိုးတက်ကောင်းမွန်လာသည်။ဆပ်ပြာမှာ အလွန်ပေါ့သော အဆီခဲ ဖြစ်ပါသည်။မြစ်ထဲ ရေထဲ အဝတ်လျှော်ဆပ်ပြာခဲ ကျသွားလျှင် ပြန်ပေါ်၏။ငရဲမီးဖြစ်နိုင်သော ငစိုင်ပင်မှာ ဖုံရွာရသာ အနောက်ဘက် ချောင်းရိုးအတွင်း ဆပ်ပြာကျင်းတွင် တည်ရှိလေသည်။ထိုရှိသော ငစိုင်ပင်တောကြီးအတွင်းရှိ ပိုးကောင် မွှားကောင်များ မသေစေရန် တံမြက်စည်းများဖြင့် လှည်းကြ၏။နောက် တံမြက်စည်းလှည်း ရှင်းလင်းပြီးသောအခါ ရေနံဆီဖျန်း၍ မီးရှို့လိုက်၏။ငစိုင် တောကြီးတစ်ခုလုံး ပြာကျသွားသောအခါ ထိုပြာများကို ကျုံး၍ လှည်းနဲ့တိုက်ကာ သယ်ယူကြပြီး ငရဲမီးချက်ကြလေသည်။ဆပ်ပြာချက်အဖွဲ့၏ဆရာ ကိုကြာဥ သည်ပင် မျက်လုံးပြူးလာတော့သည်။သူ၏ ဆပ်ပြာချက်နည်းကို သူက အလွန်ပင် ထိမ်ဝှက်၍ သိုသိပ်၏။ဘယ်သူ့မှမပေး။သို့သော် လိုအပ်သောပစ္စည်းတစ်ခု ဖြစ်သည့် ငရဲမီးကို အစားထိုး တီထွင်ကြံဆနိုင်လျှင် မကြာခင်ပင် ဆပ်ပြာချက် လုပ်ငန်းကိုလည်း တတ်မြောက်လာတော့မှာ သူ သိမြင်လာ၏။အစ်ကို ကိုစိန်မောင်နဲ့ ဆပ်ပြာချက်လုပ်သူများကမူ သူ့ကို လေးစားမှု လျှော့မသွား။ ထို့ကြောင့်လည်း သူ့မှာ ပို၍ခွကျနေ၏။မနေ့ညက ချက်ခဲ့သော ဆပ်ပြာရည် များကို ညက အအေးခံ၍ ညသိပ်ခဲ့၏။နောက်တစ်နေ့နံနက် အလုပ်ဝင်ချိန် နံနက် ၇ နာရီလောက်ကစ၍ ထိုဆပ်ပြာရည်များကို သံပုံးများဖြင့် ခပ်ယူလာ

သည်။အပေါ်ယံက လက်ဖက်ရည် အချိုထဲက မလိုင်ဖတ်ကြီးများလိုပေါ်၍ တင်းနေ၏။ထိုဆပ်ပြာရည်ကို မှန်ဘောင်ထဲတွင် ထည့်လောင်းကြ၏။မှန်ဘောင်ဆိုသည်မှာ ၂ ပေပတ်လည်ရှိ သံမဏိပြားပေါ်တွင် ၃ လက်မ ၁ လက်မ သစ်သားများတင်ကာ ကန်သဖွယ်ပြုလုပ်ထား၏။ထောင့်များကို ဆပ်ပြာအပျော့ဖြင့် ပိတ်ဆို့ထားပြီး ဆပ်ပြာရည်များကို ထိုမှန်ဘောင်ကန်ထဲသို့ လောင်းချကာ အအေးခံထားလိုက်သည်။နောက်တစ်ရက်တွင် ထိုဘေးက သစ်သားများ ဖြုတ်လိုက်သောအခါ ခဲနေသော ၂ ပေပတ်လည်ရှိသော ဆပ်ပြာလေးထောင့်တုံးကြီး ရရှိသည်။ထိုလေးထောင့် ဆပ်ပြာတုံးကြီးကို မှန်ဘောင်ပါ မ၍ယူလာပြီး ကျင်တွယ်ချိုးသင်္ဘာန်ရှိ စားပွဲပေါ်သို့တင်ကာ ဆပ်ပြာတုံးကြီးကို ဖြတ်ရ၏။ စားပွဲအလယ်တွင် ၂ လက်မ ကျော် ခြား၍ ကြေးနန်းကြိုးများ စိုက်ထား၏။ အပေါ်က အသားတန်းဖောက်၍ ကြေးနန်းများ သွယ်ထားပြီး စားပွဲတွင်လည်း ဖောက်ကာ ကြေးနန်းကို အထက်နှင့် အောက် အဝင်အထွက်နည်းဖြင့် ဆွဲထားခြင်းဖြစ်၏။ထိုစားပွဲပေါ်ရှိ မှန်ဘောင်မှ ဆပ်ပြာတုံးကြီးအား မှန်ဘောင်လုပ်ခဲ့သော သစ်သားတုံးများဖြင့် တွန်းလိုက်သောအခါ ဆပ်ပြာများ အရှည်လိုက်ဖြတ်ပြီးသားဖြစ်တော့၏။နောက်တစ်ဖန် ထိုအရှည်များကို ဤစားပွဲပေါ်တွင်ပင် ကန့်လန့်ထိုနည်းအတိုင်း ဖြတ်လိုက်သော အခါ လေးထောင့်တုံးလေးများ ထွက်လာတော့သည်။ထိုဆပ်ပြာတုံးလေးများကို သစ်သား ၄/၂ (၄) ပေ အရှည် (၂) ချောင်းတွင် ဝါးခြမ်းများ လက်တစ်လုံးခန့် အလျား (၄) ပေ ခန့် တစ်လက်မခြားလောက် ရိုက်ထား၏။၄/၂ အသား (၂) ချောင်းက ဘောင်ဖြစ်နေ၏။ထိုဝါးခြမ်းကပ်ပေါ်တွင် ဆပ်ပြာတုံးလေးများကိုတင်၍ လေသလပ်ခံ လှန်းရ၏။အလွန်ခြောက်အောင် မလှန်းရပေ။အလွန်ခြောက်သွားလျှင် တံဆိပ်ရိုက်၍ မရပေ။ဆပ်ပြာတုံးကလေးများကို လက်နဲ့စမ်းကြည့်လိုက်သောအခါ ဆိုင်းဆရာများသုံးသော ပတ်စာတုံးလေးလောက်နဲ့ အပျော့အမာ ညီနေရမည်။တစ်နည်း မိမိနှာခေါင်းထိပ်ကို မိမိလက်နဲ့ စမ်းကြည့်လိုက်သောအခါ ထိုအပျော့အမာ အနေအထားသည် တံဆိပ်ရိုက်လို့ အကောင်းဆုံးဖြစ်၏။တံဆိပ်ရိုက်စက်သည် ခြေနင်းတံဆိပ်ရိုက်စက် ဖြစ်၏။စက်ရှေ့တွင် ကားရားထိုင်ဖြင့် ထိုင်လိုက်ပြီး ဘယ်ဘက်တွင် ဆပ်ပြာတုံးကလေးများ ညာဘက်တွင် ဆားရည်ခွက် ထားရှိရလေသည်။ ညာဘက်လက်နဲ့ ဆားရည်ခွက်ကိုနှိုက် တံဆိပ်ခွက်အတွင်း သုတ်လိမ်းပေးလိုက်ပြီး ဘယ်ဘက်လက်နဲ့ ဆပ်ပြာတုံးကိုယူကာ တံဆိပ်ခွက်ထဲထည့်လိုက်ပြီး ညာဘက်ခြေဖြင့်နင်းကာ ရိုက်လိုက်ရာ ညှပ်ပုံနှစ်ခုအုပ်မိပြီး နှုတ်ခမ်းထူ ဒယ်အိုးသေးသေးလေးလို ထွက်လာ၏။အပေါ်မျက်နှာပြင်၏ အလယ်တည့်တည့်တွင် စိန်ပုံ ါရှိပြီး စိန်တံဆိပ်အောက်တွင် စိန်တံဆိပ်ဆပ်ပြာဟူသော စာလုံးငါးလုံး ပေါ်လာတော့၏။တံဆိပ်ရိုက်ရာတွင် ယောင်မှား၍ တံဆိပ်ညှပ်စက်ထဲတွင် လက်ညှပ်မိလျှင် လက်ညှိုးဖျားလေးများ ပြတ်တတ်သည်။လက်ညှိုးတစ်ဆစ်ပြတ်သူ၊ တစ်ခြမ်းပြတ်သူ၊ နည်းနည်းလေး တစ်စောင်းလေးပါသွားသူ၊ နောက်တော့ တံဆိပ်သိပ်မရိုက်ကြ။ကျွန်တော်ကိုယ်တိုင် ခဏခဏ တံဆိပ်ရိုက်ဖူး၏။မြန်မြန်ပြီးချင်၍

မြန်မြန်ရိုက် လျှင်သာ လက်ကိုခိုက်မိတတ်၏။မှန်မှန်ရိုက်က အန္တရာယ်မဖြစ်နိုင်ပေ။ဂျပန်ခေတ်တွင် လူတော်တော်များများ ကသီလင်တ နေကြထိုင်ကြရသည်။စစ်ဘေး စစ်ဒဏ်က တစ်မျိုး၊ အနေကြာလာတော့ ဖက်ဆစ်ရုပ်ပေါ်လာသည့် ဂျပန်ရန်ကလည်း မသေး။ ဂျပန်တွေက "ခူးရား ဘာ ကယ်ရိုး" စသည်ဖြင့် အော်ဟစ်ပြီး မြန်မာများကို ပါးရိုက်၏။ဘယ်ပြန် ညာပြန် ရိုက်၏။ဂျပန်တွေသည် ဖက်ဆစ်ဟူသော အမည်နဲ့လိုက်အောင် ယုတ်မာ ရက်စက် ကြမ်းတမ်း၏။ ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ဂျပန်မဝင်ခင် ဂျပန်ပြည်ကနေ အသံလွှင့်၏။"ယခုလို ရာသီမျိုးမှာ ဂျပန်ပြည်တွင် ချယ်ရီပန်းကလေးများက ချစ်စရာ ပွင့်လန်းနေကြပါသည်။ နီပွန်တပ်မတော်က အင်္ဂလိပ်တို့ အား ဗုံးကြဲတိုက်ခိုက်ရာတွင် မြန်မာပြည်ရှိ ဘုရားကျောင်းကန်များမှ အုတ်တစ်ချပ် ပျက်စီးသွားလျှင် ရွှေအုတ်တစ်ချပ် အစားထိုးပေးပါမည်"ဟု ဝါဒဖြန့် ကြေညာခဲ့၏။ယခုတော့ လက်တွေ့မှာမူ ရွှေအုတ်အစားထိုးရန်ဝေးစွ၊ အကျီစုတ် ဘောင်းဘီစုတ်များနဲ့ ကြက်ဥတောင်း ကြက်တောင်း၊ ကိုယ်တုံးလုံးချွတ် ရေချိုးကြသော ဂျပန်များအား မြန်မာလူမျိုးတို့၏ ယဉ်ကျေးသော စိတ်ဓာတ်၊ သတ္တိရှိသော စိတ်ဓာတ်များနဲ့ တွေ့ရသောအခါ များစွာအခက်အခဲတွေ့ကြရတော့၏။

၁၃၀၅ ခု (၁၉၄၃ ခု) ကျွန်တော်တို့ အစ်မကြီး မခင်ညွန့်၏ယောကျ်ား ကိုဘကွန့် ဆုံးသည်။ကိုဘကွန့်မှာ စက်ပြင်အတော်အတန် ကျွမ်းကျင်သော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သဖြင့် အဝေးအနီးက သူ့အား မကြာခဏ လာရောက်ခေါ်လေ့ ရှိကြသည်။တစ်ခါကလည်း သူနဲ့အစ်မနဲ့ မြင်းခြံမြို့ထဲက ပြန်လာရာ စွန်းလွန်းတံတားကြီးပေါ် ကားတစ်စင်းပျက်၍နေသည်နှင့် ကြုံ၏။ ထိုအခါတွင် ကိုဘကွန့်က စက်ခေါင်းဖွင့်ထားသော အင်ဂျင်ကို အသာကြည့်၍ ပြုတ်နေသော ဝါယာတစ်ချောင်းအား တပ်ဆင်ပေးလိုက်ခြင်းဖြင့် ကားက ချက်ချင်းပြန်ကောင်းသွားပြီး ကားသမားရော ခရီးသည်များပါ ကျေးဇူးတင်စွာဖြင့် ငွေ ၃၀ ကျပ် ပညာပူဇော်လိုက်ကြ၏။ ယခုတော့ အစ်မမှာ သူ့ဘဝအတွက် အားကိုးရသောလင်သား ဆုံးရှာလေပြီ။

* * *

# ရဟန္တာ

ကျွန်တော့်ယောက်ဖ ကိုဘကွန့်ဆုံးသွားသော်လည်း ထူးမြတ်သော အကျိုးကျေးဇူးကား ရရှိလိုက်ပါသည်။ထိုအကြောင်းကား ရက်လည်ဆွမ်းတရားနာပင် ဖြစ်သည်။ထိုစဉ် အစ်မနေထိုင်ရာမှာ စွန်းလွန်းဂူကျောင်းတောင်ဘက်တွင် ဖြစ်၏။အစ်မခင်ပွန်းအတွက် ရက်လည်ဆွမ်းသွတ်ရာတွင် တရားဟောပုဂ္ဂိုလ် တရားချီးမြှင့်သူမှာ စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားကြီး ဦးကဝိပင်ဖြစ်၏။ ဦးကဝိဆရာတော်ကြီးမှာ ရဟန္တာဟု ကျော်ကြားနေသဖြင့် အဝေးအနီးက လာရောက်ဖူးမြော်သူများ မစဲအောင်ပင်ရှိ၏။ကလေးများနှင့် လူကြီးများပါ အန္တရာယ်ကင်းရန် ဆရာတော်ကြီး၏ဆံတော်များကို ငွေကြုတ်ကလေးများနဲ့ ထည့်ကာ လည်ပင်းတွင် အဆောင်အဖြစ် ဆွဲထားကြလေသည်။သေလွယ်ပျောက်လွယ်သော ဂျပန်ခေတ်တွင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအဖို့ ရတနာသုံးပါးပဲ အားကိုးစရာ ရှိပါကလား။

ဆွမ်းတရားနာတွင် ပရိသတ်တော်တော်များများကို ဆရာတော်ကြီးက ပဋာစာရီဇာတ်ထုပ် ဟောတော်မူ၏။"ဟဲ့ ခင်ညွန့် နင့်ယောကျ်ားဆုံးတာ ဘာဟုတ်သေးလဲ ပဋာစာရီတို့များ"ဟု အစချီလျက် ပဋာစာရီ၏ ဆင်းရဲဒုက္ခများကို နှိုင်းစာလာအောင် ဟောပြောပြတော်မူလေသည်။ဆရာတော်ဘုရားကြီး၏ အသံတော်မှာ အလွန်နက်နဲပြီး လိုဏ်သံ ပဲ့တင်သံပါသည်နှင့် တူလေသည်။ ဆရာတော်ဘုရားကြီး၏ ဥပမိပုံတော်မှာ ဖြူဖြူခုံ့ခုံ့ညားညားကြီးဖြစ်ပြီး၊ မျက်လုံးမျက်ခုံးတော်မှာ မို့မောက်လျက်၊ ပါးစပ်တော် နှုတ်ခမ်းတော်များမှာလည်း ပြည့်ဖြိုးလျက်၊ ဉာဏ်ပညာ အသိဉာဏ်များ ထွန်းလင်းနေသည်ဟု ဖူးမြော်သူ စိတ်ထဲဝယ် ခံစားရမိသည်။ဆရာတော်ဘုရားကြီးမှာ ကျွန်တော်တို့နဲ့ အမျိုးတော်သည်ဟု အဖေတို့က ပြောသည်။လူ့ဘဝတုန်းက နေခဲ့သောအိမ်မှာ ကျွန်တော်တို့အိမ်နှင့် အရီးဒေါ်စံမေတို့အိမ်ဝိုင်း၏ အရှေ့ဘက်ဟု ပြောသည်။ဆရာတော်ဘုရားကြီး၏ လူ့ဘဝကို မမီလိုက်ပါ။လူ့ဘဝတုန်းက အမေကြီး ဒေါ်ရွှေရီနဲ့ ပေါင်းသင်းစဉ် ရခဲ့သောသားကိုတော့ ကျွန်တော်တို့က ကောင်းကောင်းကြီး သိ၏။သူ့နာမည်မှာ ကိုရှိန်ကြီးဖြစ်၏။ကျွန်တော်တို့ကမူ ဦးရှိန်ကြီးဟုပင် ခေါ်ကြသည်။သူက အသက်သုံးဆယ်ကျော်လောက်ရှိပြီး အရပ်က ထောင်ထောင်မောင်းမောင်းကြီး အသားဖြူဖြူ မျက်လုံးမျက်ဖန်ကောင်းကောင်း နီနီရဲရဲနှင့် ဖြစ်၏။နံနက်တိုင်း ရွာထဲသို့ သူက ဆွမ်းဟင်းဗျပ်ထမ်းကာ ဆွမ်းခံလာ၏။သူ့ကို ရှမ်းဝင်စားဟု ပြောကြ၏။ ရှမ်းဝင်စားဆိုသည်မှာ ယုံကြည်နိုင်စရာဖြစ်၏။အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ကလေးတွေက ရှမ်းဆိုင်း ပါးစပ်ကတီးလျှင် သူက ဆွမ်းဗျပ်ချကာ

ရှမ်းက,ကတော့၏။လက်နှစ်ဖက် တစ်ထောင်ဆစ်ချိုးကာ လက်သီးဆုပ်၍ လေးကွက်သိုင်းနင်းနေသော သူ၏ပုံသဏ္ဍာန်မှာ ကျွန်တော်တို့ မျက်စိထဲမှာ မှတ်မိနေ၏။အတီးရပ်တော့မှ သူ့အက ရပ်၏။ခေါင်းပေါင်း မျက်နှာသုတ်ပဝါကြီးကို ဖြုတ်ကာ ချွေးတွေသုတ်နေသောသူ့ကို ကျွန်တော်တို့က သနားလာကြသည်။ အမျိုးတော်၍လည်း ပို၍ချစ်သည်ဟု ထင်မိ၏။သူ့အား ဝမ်းတွင်းပါ အပျော်အရွှင်ကြိုက် စိတ်နောက်သူဟု ပြောကြ၏။ကျွန်တော်တို့ ကလေးတွေကမူ ဦးရှိန်ကြီးလာလျှင် ပျော်ကြရမှန်း သိကြသည်။ဤကား ဆရာတော်ကြီး လူ့ဘဝက ရခဲ့သော သူ့သားအကြောင်းဖြစ်၏။ယခုမူ ကျွန်တော်သည် ဆရာတော်ကြီး၏ ပဋာစာရီတရားတော်ကို နာကြားရပေသည်။ပဋာစာရီမှာ လင်ယောကျ်ားဖြစ်သူ မြွေကိုက်ခံရ၍ သေဆုံးသွား၏။မိဘနှင့်မောင်မှာ အိမ်ပြို၍ သေဆုံးကြ၏။ ပဋာစာရီမှာ အရူးဘဝသို့ ရောက်ရရှာ၏။သားနှစ်ယောက်နှင့်လင် သေဆုံး၍ သူ့ရွာသို့ ပြန်လာရာတွင် လမ်းခုလတ်ကဆီး၍ မီးခိုးလေးများ တွေ့မြင်နေရ၏။ သည်မီးခိုးတွေက သူ့မိဘနှစ်ပါးနှင့်မောင် သေဆုံး၍ မီးရှို့သင်္ဂြိုဟ်ရာမှ တက်လာသော မီးခိုးများဖြစ်၏။ပဋာစာရီကို ကယ်တင်မည့်သူ မရှိ။တွေ့ရာကလေးများကို သူ့သားဟု လိုက်တောင်း အတင်းဆွဲ၊ သည်တော့လည်း လူတွေက ပဋာစာရီကို နှင်ကြ၊ အော်ကြ၊ ဝေါက်ကြ ခိုကိုးရာမဲ့ ပဋာစာရီမှာ အရူးမီးဝိုင်းပမာ ဒေါင်ချာစိုင်း၍ အရူးမလေးဘဝသို့ ရောက်နေရသည်။

မဟာကရုဏာတော်ရှင် သုံးလောကထွဋ်တင် သဗ္ဗညုတဘုရားရှင်သည် ကြီးမြတ်သော မဟာကရုဏာတော်ဖြင့် ပဋာစာရီအား ဆုံးမသွန်သင်တော်မူသည်။လူမသေဘူးသောအိမ်မရှိကြောင်း ပဋာစာရီ ကောင်းကောင်းသိသောအခါ ကျွတ်တမ်းဝင်ရှာလေတော့သည်။ကျွန်တော်သည် ဂျပန်ခေတ်တစ်ခေတ်လုံးမှာ ဆရာတော် ဘုရားကြီးအား အကြိမ်တော်တော်များများ ဖူးမြော်ဖူး၏။တရားတော်နာကြားရခြင်းနှင့် ကြုံကြိုက်သည်မှာ ဤတစ်ကြိမ်ဖြစ်လေသည်။

* * *

## ဖက်ဆစ်ဂျပန်

ဂျပန်ခေတ်မှာ တဖြည်းဖြည်းနှင့် ဂျပန်တွေက အနိုင်ကျင့်တာ စော်ကားတာ မကြာခဏ ကြုံတွေ့နေရလေသည်။ဂျပန်တွေသည် မြန်မာများအား အမျိုးမျိုးနှိပ်စက်ညှဉ်းပန်းလာကြသည်။နှမချောချောရှိသော မောင်များအား အစတော့ ချော့မော့ ဦးစားပေးကာ သူတို့ ပေါင်းသင်း၏။ဤသို့ ပေါင်းသင်း၍ မရပါက အပြစ်ရှာ၍ ဖမ်းဆီးကာ ကင်ပေတိုင်သို့ ပို့ကြတော့သည်။ဂျပန် ကင်ပေတိုင်သည် သူ့ခေတ်သူ့အခါတွင် အလွန်ရက်စက်သော ယုတ်မာသော နေရာ ဖြစ်၏။မတရားအပြစ်ရှာကာ ညှဉ်းပန်းနှိပ်စက်၏။လက်သည်းခွံများကို ပလာယာနှင့် ဆွဲနုတ်၏။ရေနွေးပူလောင်း၏။နေပူလှန်းထားသော သွပ်ပြားပူပေါ် ပက်လက် အိပ်ခိုင်းပြီး ခြေသလုံးများကို သစ်လုံးများတင်၍ လှိမ့်၏။အင်္ဂလိပ်သည် နယ်ချဲ့ဖြစ်၍ ဂျပန်သည် ဖက်ဆစ်ဖြစ်ပေသည်။ဂျပန်သည် အလွန် ယုတ်ညံ့ အောက်တန်းစားဆန်သော အနေအထိုင် စရိုက်များကို ဖော်ထုတ်ပြသသည်။အလွန်အမင်း အနိုင်ကျင့်သည်၊ နိုင်လိုမင်းထက် ပြုမူသည်။ဖက်ဆစ် နာမည်နှင့် လိုက်လှပေသည်။ဂျပန်ခေတ်တွင် ကျွန်တော်တို့ ညီအစ်ကိုတွေက ခေါင်းဆောင်ပြီး တီးဝိုင်းအဖွဲ့ တီးကြ၏။သံဖြူထည်နှင့် စောင်းကောက်အကြီးကြီး လုပ်ပြီး ထိုစောင်းကောက် ဝမ်းဗိုက်ထဲမှာ သံပတ္တလားထည့်၍ ကျွန်တော်က တီး၏။ကြေးနောင်က မောင်းဆိုင်းလိုဆင်၍ တီး၏။အခြား နှဲ၊ ခြောက်လုံးပတ်၊ စခွန့်၊ လင်းကွင်း၊ စည်းဝါးတို့လည်း ပါ၏။အရပ် သီတင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲများ တီးကြ၏။ကျွန်တော်တို့ အစ်မဝမ်းကွဲတစ်ယောက် အကဝါသနာပါ၍ သူက အရပ်ဝတ်လည်းမက မင်းသမီးအဝတ်လည်းမကျ တတ်နိုင်သလောက် အလှပြင်၍ က၏။ဒါကို ကိုရွှေဂျပန်တွေက အလွန်မျက်စိကျပြီး ရန်ရှာတော့သည်။သူတို့ခေတ်အခါတွင် သူတို့ကို ရှောင်ရသည်မှာ သိပ်မလွယ်။ကျွန်တော်တို့အဖွဲ့လည်း လူအလွန်ညီ၏။အစ်မဖြစ်သူကို လက်ဖက်ရည်သောက် လာခေါ် လျှင်ပင် မထည့်။တစ်ဖွဲ့လုံး သွားရာပါရ၏။

* * *

ကျွန်တော်တို့ တီးဝိုင်းကို ကျွန်တော့်အစ်ကို ကိုစိန်မောင်က ဦးဆောင် တီးမှုတ်ကြသည်။တစ်ရက်တွင် ဂျပန်စစ်ဗိုလ်က ကျွန်တော့်အစ်ကို ကိုစိန်မောင်နဲ့ နပန်းသတ်ချင်သည်ဟု ပြော၏။နေရာကား ဘကြီးဦးလူ၀ ဒုတိယဇနီး ဒေါ်ဒေါ် အုန်းတို့ အိမ်ဝိုင်းထဲဖြစ်၏။ကျွန်တော်တို့ဘက်က တီးဝိုင်းအတွက် သီချင်းများ တီးလုံးများတိုက်၍ ခေတ္တနားချိန်မို့ လူစုံပြီး ဂျပန်တွေဘက်ကလည်း တီးဝိုင်း တီးလုံးတိုက်တာ လာနားထောင်ရင်း လူစုံ၏။တမာပင်အရိပ်က ကောင်း၏။ အောက်က သဲမြေလို ခပ်ပွပွ နပန်းသတ်ချင်စရာကောင်းသည့် နေရာမျိုးဖြစ်၏။ အစ်ကိုက မသတ်ပါရစေနဲ့ ငြင်းသည်။ဒါပေမဲ့ မရ၊ ဂျပန်တွေက ဇွတ်အတင်း ဝိုင်း၍ခိုင်းကြသည်။ဂျပန်စစ်ဗိုလ်က မျက်မှန်နဲ့ဖြစ်၏။ဘေးက ဂျပန်တစ်ယောက် က စည်းဝိုင်းကြီး ဝိုင်းလိုက်ကြပြီ။ကျွန်တော်တို့ မြန်မာတွေဘက်ကလည်း မခံချင်စိတ် ပြင်းပြနေ၏။ကျွန်တော့်အစ်ကို ကိုစိန်မောင်မှာ နပန်းကိုင်ဖူးသူ မဟုတ်။ဂျပန် တွေကလည်း အတင်းခေါ်နေသည်။ခက်ပြီ။သည်လိုပြောဆို နေသံကြားတာနဲ့ လာကြည့်သူတွေက တဖြည်းဖြည်းများလာတော့၏။ငြင်းမရသည့်အဆုံး အစ်ကို က သူနဲ့ နပန်းကိုင်ရမည့် စစ်ဗိုလ်ရော အခြားဂျပန်များပါ ပြော၏။ကျွန်တော် နပန်းမသတ်ဘူးပါ မာစတာ။မာစတာတို့ခိုင်း၍ ကစားရပါမည်။ကျွန်တော်က ရှုံးလျှင် စိတ်မဆိုးပါ။မာစတာတို့ မတော်တဆ ရှုံးသွားလျှင် စိတ်မဆိုးရန် ကြိုတင် တောင်းပန်ပါသည်ဟု ပြော၏။ထိုအခါ ဂျပန်များက ရယ်ကြ၏။ယခု နပန်းကိုင် မည့်သူမှာ နပန်းကိုင်ရာတွင် အလွန်ကျင်လည်သူတစ်ယောက် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာများကို နပန်းကစားနည်းနှင့် သတ္တိကို သင်ပေးသည့်သဘော ကစားခြင်းဖြစ်ပါသည်ဟု ကြားလူ ဂျပန်တစ်ယောက်က ပြော၏။ဂျပန်နပန်းမှာ စည်းဝိုင်းက မြေပြင်မှာ ၈ ပေလောက် ကျယ်၏။သည်စည်းအတွင်း နှစ်ယောက် သူနိုင်ကိုယ်နိုင် သတ်ကြ ကစားကြရမည်။ဒူးထောက် အရှုံး၊ လက်ထောက် အရှုံး၊ ကျောနှင့်ကျလျှင် အရှုံး၊ စည်းဝိုင်းအပြင်ရောက်လျှင် အရှုံးဖြစ်၏။လူချင်းပူး၍ လုံးထွေးကာ တစ်ယောက်ကို စည်းအပြင်ရောက်အောင် ထုတ်ပစ်နိုင်လျှင် နိုင်၏။ တစ်ယောက်က ဒိုင်လုပ်၏။အလံကိုင်အစား ဒိုင်က လက်ကိုင်ပဝါလေး ကိုင်ထား သည်။ဂျပန်ရော အစ်ကိုရော နှစ်ယောက်လုံး စည်းဝိုင်းထဲ ရောက်နေကြသည်။ ဘေးကလူတွေက များသည်ထက် များလာသည်။ဒိုင်လုပ်သူ ဂျပန်က လက်ကိုင် ပဝါလေး မြှောက်ထား၏။အချက်ပေးရန် စောင့်နေသည်။နပန်းကိုင်မည့် ဂျပန် စစ်ဗိုလ်က စည်းဝိုင်းထဲမှာ ခပ်ကုန်းကုန်း လက်နှစ်ဘက်က ရန်သူကို တိုက်မည့် အနေအထား မျက်လုံးများက မျက်မှန်အတွင်းမှ စူးစူးစိုက်စိုက်ဖြင့် အစ်ကို ကိုစိန်မောင်အား ကြည့်နေသည်။ကိုစိန်မောင်ကတော့ ရိုးရိုးပဲ ခပ်တောင့်တောင့် ရပ်နေသည်။ဒိုင်လုပ်သူက လက်ကိုင်ပဝါလေးကို အောက်သို့ ရိုက်ချလိုက်သည်။

ပွဲစပါပြီ။တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကြည့်နေကြသည်။ စည်းဝိုင်းထဲမှာ ဗမာနဲ့ဂျပန် တွေ့နေကြပြီ။ဂျပန်တွေကတော့ သူတို့လူ သေချာပေါက်နိုင်မည်ကို သိထားသလို မျက်နှာအမူအရာများက ခပ်အေးအေး။ဒါပေမဲ့ သူတို့မျက်လုံးများ အကြည့်ရဲ့နောက်ကွယ်မှာ ကောက်ကျစ်ခြင်း၊ ရက်စက်ခြင်းတို့က ဖုံးကွယ်မရ ပေါ်လွင်နေသည်။ဘေးကကြည့်နေတဲ့ ဗမာများကတော့ အသက်ပင်မရှူရဲ။တထိတ်ထိတ်ဖြင့် ဘယ်လိုများဖြစ်လိုက်မလဲ။ဂျပန်က ကိုစိန်မောင်ကို ဘယ်လိုများ လုပ်လိုက်မှာပါလိမ့်။ဂျပန်များက နပန်းကိုင် နပန်းသတ် ကျွမ်းကျင်ပါဘိသနဲ့။ထိုသို့ကြည့်နေစဉ်မှာပင် ဂျပန်က ကိုစိန်မောင်ထံ ပြေးသွားပြီး လက်နှစ်ဘက်ဖြင့် ချုပ်ကိုင်ရန် ဟန်ပြင်လိုက်သည်။ကိုစိန်မောင်က ဘာမှမလုပ်၊ ငူငူကြီးရပ်နေသည်။ဘေးကလူတွေက အားမရ ဒုက္ခပါပဲ။ဘယ်လိုများ လုပ်မှာပါလိမ့်ကြည့်နေတုန်း ဂျပန်က ခါးနှစ်ဖက်ကို ချုပ်လိုက်ပြီး တအားတွန်းလှဲပစ်လိုက်သည်။"ဝုစ် ဖုတ်၊ ချလွမ်" ဟာ. . အားလုံး အံ့အားသင့်ကုန်ကြသည်။ ကိုစိန်မောင်တစ်ယောက် ပက်လက်လန်ကျသွားပြီဟု အားလုံးက ထင်ကြသည်။ ဒါပေမဲ့ ဤသို့မဟုတ် ဂျပန်က ခါးကို လှမ်းချုပ်ကိုင်ရာတွင် ကိုစိန်မောင်အကိုင်ခံလိုက်ပြီး သူ့အနားရှေ့ကဝင်လာ သောဂျပန်အား သူက ခြေတစ်လှမ်းတိမ်းရှောင်လိုက်ပြီး ဂျပန်၏ခါးကို သိမ်းပိုက်ကာ အပေါ်သို့ မြှောက်လိုက်ပြီး ကိုင်ပေါက်ချလိုက်ခြင်းပင် ဖြစ်တော့သည်။ဂျပန်သည် ကာကွယ်လိုက်ချိန်မရ။ သူ့မျက်မှန်လေးမှာ စည်းဝိုင်းအပြင်ဘက်လွင့်သွားပြီး တမာပင်ခြေရင်းနှင့်ရိုက်ကာ ကွဲသွားပြီ။သူလည်း စည်းဝိုင်းထဲမှာ ပက်လက်လန်နေပြီ။ကျောနဲ့မြေကြီးနဲ့ ထိသွားပြီး ဂျပန်ရှုံးသွားပြီ၊ ဂျပန် ချက်ချင်းမထနိုင်တော့။

"စိန်မောင်"ကွ ဘေးကကြည့်နေသူများက မနေနိုင် ဝိုင်း၍အားပေးကြသည်။လက်ခုပ်တွေ တဖြောင်းဖြောင်း လက်ခေါက်မှုတ်သံတွေက တရွှီးရွှီး။ ထိုအချိန်မှာ ကိုစိန်မောင်က ဂျပန်ကို သွား၍ထူမပေးကာ အထခိုင်းလိုက်တော့သည်။ဘေးကကြည့်နေသော ဂျပန်များ အလွန်အံ့အားသင့်ဟန်ဖြင့် ကြည့်ကုန်ကြသည်။ဒိုင်လုပ်သူ ဂျပန်ကတော့မှု သူတို့လူများကို ရှူးရှူးဂါးဂါးဖြင့် ပြန်ပြောနေပြီး လက်ဟန် ခြေဟန်တွေပါ ပါနေသည်။ကိုစိန်မောင်ကတော့ ဝင့်ဝါသည့် အမူအရာမျိုး မပြ။

နပန်းပွဲ ထုံးစံအရ ရှုံးသူက လက်မမြှောက်လျှင် နောက်ထပ် ကစားကြရမည်ဖြစ်၏။တစ်ယောက်တစ်ပွဲစီနိုင်လျှင် နောက်ထပ် ဖိုင်နယ်ပွဲနဲ့ ပေါင်း သုံးပွဲကစားရမည်။တစ်ယောက်ယောက်က နှစ်ပွဲဆက်နိုင်လျှင်သော်လည်းကောင်း ထိုသို့မဟုတ် တစ်ပွဲတည်းရှုံး၍ ရှုံးသူက နောက်ထပ်မကစားတော့ဘဲ အရှုံးပေးလျှင် သော်လည်းကောင်း ပွဲပြီးရမည် ဖြစ်၏။ယခုတော့ ဂျပန် အရှုံးမပေး။ဒုတိယပွဲကစားရန် အသင့်ပြင်လိုက်သည်။သူရှုံးခြင်းမှာ ဗမာကိုအထင်သေး၍ ရှုံးသွားခြင်းဖြစ်ကြောင်း ပြောသည်။

ကိုစိန်မောင်၏ မျက်နှာမှာမူ စိုးရိမ်စိတ်ပေါ်နေသည်။သူပေါ်နေသည့်သဏ္ဍာန်မှာ နပန်းသတ်ဖို့ စိုးရိမ်နေဟန်မဟုတ်ဘဲ ဂျပန်က ရန်ရှာမှာ

စိုးရိမ်နေဟန် ပေါ်နေသည်။ဂျပန် များကလည်း အတော်အတန် အကင်းပါးကြ၏။သူတို့၏ ရှက်ဖွယ်ရာ ကြုံတွေ့လိုက်ရမှုကို ဖုံးကွယ်၍ မြန်မာများအား ချီးကျူးလိုက်ကြသေး၏။

ဒုတိယပွဲတွင် နောက်ထပ် ဒိုင်တစ်ယောက် ပြောင်းသွား၏။သူကတော့ သူ့ခါးကြားတွင် ညှပ်ထားသော ဂျပန်မျက်နှာသုတ်ပဝါကို အပေါ်သို့မြှောက်ထားပြီး အသင့်အနေအထား နေလိုက်၏။

"စိန်မောင်ကြီးကွ" ဘေးတွင် ရပ်နေသည့်ထဲက ဦးလေးလှိုင်က လှမ်း၍ အားပေးလိုက်သည်။

အသံလာရာသို့ ဂျပန်များက ချက်ချင်း မျက်စောင်းခဲ၍လှမ်းကြည့်လိုက်ကြသည်။ သူတို့ ဣန္ဒြေမဆောင်နိုင်။ဒိုင်လုပ်သူက အလံအဖြစ် မြှောက်ကိုင်ထားသော မျက်နှာသုတ်ပဝါ အား အောက်သို့ ရိုက်ချလိုက်သည်။

အားလုံး ငြိမ်သွားသည်။စည်းဝိုင်းတွင်းရပ်နေသော ဂျပန်စစ်ဗိုလ်နဲ့ ကိုစိန်မောင် ဆီသို့သာ မျက်လုံးများက ရောက်နေကြသည်။တမာပင်အောက်က လေအေးကလေးကဖြတ်၍ တိုက်ခတ်သွားသည်။ဂျပန်၏နဖူးတွင် ချွေးကလေးများ စို့နေသည်ကို မြင်ရသည်။

သည်တစ်ချီတွင် ဂျပန် အလွန်သတိထားဟန်ပေါ်သည်။သူက ပထမပွဲတုန်းက အနေအထားအတိုင်း ကိုယ်ကိုခပ်ကိုင်းကိုင်း ရှေ့သို့ညွတ်ထားပြီး မည်သို့ဝင်ရမည်ကို ချွေးချယ် နေသည်။ကိုစိန်မောင်ကတော့ ယခင်ပွဲထက် နည်းနည်းသတိထားပုံပေါ်သည်။ဂျပန်က စည်းဝိုင်းနှုတ်ခမ်းအတွင်းက ခြေထောက်များ လှည့်၍လှည့်၍ ရွေ့လျားလာနေသည်။ကိုစိန်မောင် ကလည်း တဖြည်းဖြည်းချင်း စည်းဝိုင်းအတွင်းမှာ လှုပ်ရှားစပြုလာသည်။ဘေးကကြည့်နေသူများ ကတော့ နှစ်ဖက်လုံး တုတ်တုတ်မျှမလှုပ်ကြ။တကယ်ကစားကြသော နပန်းပွဲထက် ကြည့်၍ အသက်ဝင်သည်။သည်အချိန်တွင် ဂျပန်က "ဝုန်းခနဲ" ကိုစိန်မောင်ရှေ့ ဝင်သွားပြီး "ဝုန်းခနဲ" နောက်သို့ပြန်ခုန်ကာ စည်းနှုတ်ခမ်းအတွင်း ပြန်ရောက်နေသည်။"ဟာ" သည်တစ်ခါတော့ ဗမာများက အလွန်အံ့အားသင့်သွားကြသည်။ဂျပန် ဒီလောက်လျင်မြန်လိမ့်မည် မထင်ခဲ့ကြ။ သူ၏လှုပ်ရှားမှုက နှစ်စက္ကန့်လောက်ပဲ ကြာလိုက်၏။အလွန်လျင်မြန်သည့် ဂျပန်ပါလား။ ကိုစိန်မောင်ကတော့ ဂျပန်ကို အာရုံစိုက်ကြည့်နေသော်လည်း ဂျပန်၏ လှုပ်ရှားပြလိုက်မှုကြောင့် ဂျပန်ကို လေးစားသည့်ပုံပေါ်သွားသည်။ဒီတစ်ချီတော့ ဂျပန်က သေချာပေါက်နိုင်လောက်သည် ထင်ကြသည်။ဒိုင်လုပ်သူ ဂျပန်ကတော့ နှစ်ယောက်လုံးအား အကဲခတ်ကြည့်နေသည်။ဒီတစ်ခါ တွင် ဂျပန်က ကိုစိန်မောင်၏ ဒကောက်ကွေးအား လှမ်း၍စုံဆွဲလိုက်သည်။သတိမရှိရင်တော့ ဒကောက်ကွေးညွတ်ပြီး ဒူးပါညွတ်သွားကာ ဒူးထောက်ရက်သား ဖြစ်သွားမည်ပင်။ဒူးထောက်လျှင် အရှုံးမဟုတ်ပါလား။ဒါပေမဲ့ ကိုစိန်မောင်က အကိုင်မခံ ဝင်လာသောဂျပန်အား လွှားခနဲ ခုန်ရှောင်လိုက်သည်။ကိုစိန်မောင်သည် မြင်းစီး၊ နွားစီးများ ကျင်လည်၏။တစ်ခါတစ်ရံ မြင်းကျောကိုလက်ထောက်၍ တစ်ဘက်သို့ လွှားခုန်တတ်၏။ယခုလည်း ဤနည်းကို သုံးလိုက်ခြင်းပင်။ဂျပန်၏ ခေါင်းပေါ်က ကျော်လွှား၍ လက်နှစ်ဘက်ကို လေတွင်ရိုက်ခါ အားယူ လိုက်ပြီး လွှားခနဲခုန်၍ ရှောင်လိုက်ခြင်းဖြစ်၏။ယခင် ဂျပန်ရပ်နေသောနေရာ ကိုစိန်မောင် ရောက်သွားပြီး ကိုစိန်မောင်ရပ်နေသောနေရာ ဂျပန်က ငုတ်တုတ်ထိုင်လျက် ရောက်သွားသည်။ ဂျပန်က ကိုစိန်မောင်၏ ခြေသလုံးအထက် ဒကောက်ကွေးအား ပြေး၍လှမ်းဆွဲလိုက်စဉ် ခြေထောက်ကို မမိ၍ အားလွန်ခါ သူက ဒူးထောက်ကျသွားနိုင်သည်။ဒါကို သူက ကျွမ်းကျင်စွာ

ဒူးထောက်မကျစေဘဲ ငုတ်တုတ်ထိုင်လိုက်ခြင်း ဖြစ်၏။သူတို့နှစ်ယောက် ကျောပေးလျက်။

နောက် မတိုင်ပင်ဘဲ နှစ်ယောက်ပြန်၍ မျက်နှာချင်းဆိုင်လိုက်၏။နောက် ချက်ချင်း လူချင်းပူးသွားပြီး တစ်ယောက်ကိုတစ်ယောက် တွန်းလှဲရန် အားချင်းပြိုင်ကာ လက်ချင်း ဆိုင်ကြသည်။ကိုစိန်မောင်လက်ကလည်း အကြောကြီးများ ထောင်လာသည်။ဂျပန်လက်ကလည်း လက်မောင်းကြွက်သားများပါ ကြွတက်လာသည်။နှစ်ယောက်လုံး ပါးစပ်က "အင့်အင့်" ဟူသော အားထုတ်သည့်အသံများ ထွက်နေသည်။ထိုစဉ် ဂျပန်က လက်ကို အားစိုက်ဟန်ပြုပြီး သူ့ညာခြေထောက်ဖြင့် ကိုစိန်မောင်၏ ခြေထောက်နှစ်ချောင်းလုံးအား သိမ်းကျုံး၍ ဆွဲရိုက် လိုက်သည်။အမှတ်တမဲ့ဖြစ်၍ ကိုစိန်မောင်မှာ ခြေထောက်နှစ်ချောင်းလုံး ကြွတက်သွားကာ လူက ဖင်ထိုင်လျက် မြေပြင်ပေါ်ကျသွားသည်။

"ဟေး" ဂျပန်တွေ အော်သံက ဆူညံသွားသည်။ဒါပေမဲ့ ဖင်ထိုင်ကျသွားသော်လည်း အရှုံးမဟုတ်သေး။ထိုဂျပန်ခေတ်က သတ်ကြသော ဂျပန်နပန်း စည်းကမ်းများမှာ ဒူးထောက်အရှုံး၊ လက်ထောက်အရှုံး၊ ကျောနှင့်ကျ အရှုံး၊ စည်းဝိုင်းအပြင်ရောက်လျှင် အရှုံးဖြစ်သောကြောင့် အောက်မြေပြင်ပေါ်ကျသွားသည့်တိုင်အောင် အရှုံးမဟုတ်သေးပေ။သို့သော် လူတစ်ယောက်လုံး မြေပြင်ပေါ် ဖင်ထိုင်ကျသွားသည်။ရှုံးဖို့ အလွန်နီးစပ်သွားခြင်းဖြစ်သည်။ထိုစဉ် အားလုံး "ဟင် ဟာ" ခနဲ အသံများထွက်သွားကြပြီး နပန်းပွဲကြီးပြီးသွားသည်ကို ကြည့်ရတော့သည်။

ပြီးသွားသောအကြောင်းမှာ ဤသို့တည်း။မြေပြင်ပေါ်တွင် ဖင်ထိုင်လျက်ကျသွားသော ကိုစိန်မောင်က လျင်မြန်စွာ ရှိသမျှအားများကို စုစည်းပြီး ထိုင်လျက်က ဂျပန်၏ ခြေထောက် နှစ်ချောင်းအား မိမိရရလှမ်းဆွဲပြီး ဂျပန်အား စည်းဝိုင်းအပြင်ဘက်ရောက်အောင် လွှင့်ပစ် လိုက်ခြင်းပင် ဖြစ်ပါသတည်း။

"ဗိုး ဖဒေါင်း" ဟူသော အသံနှင့်အတူ ဂျပန်စစ်ဗိုလ်မှာ စည်းဝိုင်းအပြင်ဘက်တွင် နှစ်လိမ့်သုံးလိမ့် လွင့်သွားပြီး ကြည့်နေကြသော ဗမာများရှေ့အောက်တွင် ပက်လက်ကလေး ကျသွား၏။စည်းဝိုင်းအတွင်းရှိ ကိုစိန်မောင်က ဒူးမထောက်ဘဲ လက်မထောက်ဘဲ ဝုန်းခနဲ မတ်တတ်ရပ်လိုက်သည်။"ဘီရူမာ ဘန်ဇိုင်း" ဂျပန်ဒိုင်က အော်ဟစ်ကာ ဗမာနိုင်ကြောင်း ကြေညာလိုက်သည်။သည်တစ်ခါတော့ ဗမာတွေက လက်ခုပ်မတီးကြတော့ပါ။ရှေ့တွင် ပက်လက် လန် နေသော ဂျပန်အား ဘာများဖြစ်သွားသေးသလဲဟူသည့် မြန်မာလူမျိုးတို့၏ ကြင်နာတတ် သော သတ္တိရှိသော မျက်လုံးများက ဝိုင်းကြည့်နေမိကြသည်။

* * *

ဂျပန်ခေတ်မှာ ယခုလို အရက်ပုန်းချက်နေကြသည် မဟုတ် ပြောင်ပြောင်တင်းတင်း အရက်ချက်နေကြသည်။အဝါရောင်ဆိုသည်မှာ ချက်အရက်အဖြူထက် ပြင်းသောအရက် ဖြစ်သည်။ညနေတိုင်း ညနေတိုင်း ကျွန်တော်က ဘကြီးအတွက် အရက်သွားဝယ်ရသည်။ကျွန်တော်ယူသွားရသော ပုလင်းမှာ အဝိုင်းသုံးဖက် အပိန်အခွက်ကြီးများပါသော ပုလင်းဖြစ်သည်။ပုလင်းလုံးလေးကို ကျွန်တော်က မဲကန်ကြီးပေါ်တွင် မော့မော့သွားသည်။ကြာတော့ အူယဉ်လာပြီး အရက်ကြိုက်လာသည်။အရက်ဖြူသောက်ကြည့်တော့ ပေါ့ရွှတ်ရွှတ် ဖြစ်နေသည်။ထိုစဉ်က အရက်ချက်ရောင်းသောနေရာမှာ မဲကန်ကြီးထိပ် ဦးကန် ဝါးထောင်၏အရှေ့ဘက် အတွင်းပိုင်းဖြစ်သည်။ဘကြီးဦးလူဝ၏ ဆပ်ပြာချက်ရုံမှာ ကျွန်တော်တို့တစ်တွေ ဝိုင်းလုပ်ဝိုင်းစားအချိန်ဖြစ်သည်။ဖုံရွာရသာသား ကျွန်တော်တို့ဦးလေး ဦးဘလှိုင်မှာ ထိုစဉ်က ဘကြီးဆီမှာပဲ အတူနေပြီး ဆပ်ပြာချက်ရုံမှာ ဝိုင်းကူလုပ်သည်။ဦးဘလှိုင်မှာ လူသတ်မှုနဲ့ မြင်းခြံထောင်တွင် အကြိမ်ကြိမ် ကျဖူးသူ ဖြစ်သည်။လူသတ်မှုနဲ့ ထောင်ကျ၍ ထောင်ထဲမှာပင် ထပ်၍ လူသတ်မှုကျူးလွန်သူ ဖြစ်သည်။မြင်းခြံထောင်တွင်မက အခြားထောင်များလည်း မကြာမကြာရောက်ရသူ ဖြစ်သည်။သူ့ပုံသဏ္ဌာန်မှာ အသားဖြူဖြူ အရပ်မြင့်မြင့် ရှည်ရှည်၊ မျက်နှာသွယ်သွယ် မဲ့ပြုံးကလေး ပြုံးနေတတ်ပြီး ညာဘက်လက်တစ်ဘက်မှာ လူရိုက်ခံထား၍ ခပ်ကွေးကွေးဖြစ်နေခဲ့ပြီး ကောင်းကောင်း မသန်ပေ။အရက်မူးလျှင် အလွန်သွေးဆိုးသဖြင့် ဘကြီးက သူ့ဆီနေသရွေ့ အရက်မသောက်ရဟု သူ့အား စည်းကမ်းထားသည်။ကျွန်တော်တို့ကမူ သွေးသားတော်သဖြင့် သူ့အား လေးစား၍ ချစ်ကြသည်။သူကလည်း ကျွန်တော်တို့အား လေးလေးစားစားနှင့်ပင် ချစ်ခင်ပါသည်။သို့ပေလင့်ကစား ကျွန်တော်တို့ အဖေကမူ ကျွန်တော်တို့ ညီအစ်ကိုများ အားလုံး ကို သတိပေးထား၏။

"မင်းတို့ဦးလေး ဘလှိုင်ကြီးနဲ့ စကားမများကြနဲ့၊ သူခိုင်းတာ မင်းတို့ လုပ်ပေး၊ ဒါမှမဟုတ်လို့ မတော်တဆ အချင်းများလို့ သူက စိတ်ဆိုးတယ်ထင်ရင် မင်းတို့က ဦးအောင်လုပ်ပေတော့ မလုပ်ရင် မင်းတို့ကို သူက အသေလုပ်မှာပဲ" ဟူ၍ပင် ဖြစ်ပါ၏။ခေတ်ဆိုးအခါဆိုးမို့ ကျွန်တော်တို့နေသောအိမ်နှင့် ဆပ်ပြာချက်ရုံ ဂိုဒေါင်အဆောက်အဦများတွင် တိုင်တစ်တိုင်တွင် လှံတစ်ချောင်း သို့မဟုတ် ဓားလှံတစ်ချောင်း ရှိ၏။ကျွန်တော်တို့ကလည်း ဦးလေးလှိုင်အပေါ်တွင် သတိနဲ့နေကြ၏။သူ့တွင်လည်း လူမိုက်ဟူ၍ အရမ်းနာမည်ကြီးသူ မဟုတ်ပေ။

လူသတ်မှုဖြင့် ထောင်အကြိမ်ကြိမ်ကျဖူးခြင်း၊ အကြိမ်ကြိမ်လွတ်မြောက်ခဲ့ခြင်း၊ အပေါင်းအသင်းများနဲ့ အရက်သောက်ကြ မူးလာလျှင် ကိုယ့်မစင်ကိုယ် အရက်နဲ့ မြည်းခြင်း၊ သူစိတ်မထင်လျှင် အတူတူသွားနေသော သူငယ်ချင်းပေမယ့် အလစ်တွင် သူက လုပ်တတ်ခြင်း၊ မွေးမိခင်အရင်းအား ကတ်ကြေးနဲ့ထိုးဖူးသူဖြစ်ခြင်း၊ ထို့ကြောင့်လည်း အခြားသူများက သူ့အား ခပ်ရှောင်ရှောင်ပင် ဆက်ဆံကြ၏။ ကျွန်တော်တို့မှာတော့ တူနဲ့ဦးလေးမို့ မနေသာ။သူ့ကို ဆပ်ပြာရုံမှာ မီးထိုးအလုပ်ကို ဘကြီးက ပေးထား၏။တစ်ရက်တွင် နံနက်အစောကြီး သူ မျက်နှာသစ်ရာအနီး ကျွန်တော်ရောက်သွားစဉ် သူ့လက်ထဲက ရေအပြည့်ပါသော ရေခွက်အား ရှေ့သို့ အားလုံးသွန်လောင်းလိုက်၏။သူ မျက်နှာသစ်ဖို့ ခပ်ထားသည့်ရေ မျက်နှာ မသစ်သေးဘဲ ရေတွေသွန်လောင်းလိုက်သည့်အတွက် ကျွန်တော်က အံ့သြသွားပြီး "ဦးလေးလှိုင် ဘာလို့ ရေတွေသွန်ပစ် လိုက်တာလဲ"ဟု မေးလိုက်မိ၏။ သူက ချက်ချင်းပင် "ဒါ ဘုရားကို ရေသပ္ပာယ်တာကွဲ့"ဟု ပြော၏။"ခင်ဗျာ"

ကျွန်တော့်တွင် အလွန်အံ့အားသင့်သွားသည်။သူက ဆက်ပြီး "ဟုတ်တယ် ငါ့တူရ၊ ဦးလေးက မနက်တိုင်း မနက်တိုင်း ဘုရားကိုရေသပ္ပာယ်တယ်ကွဲ့"ဟု ပြောပါသည်။

ကျွန်တော်က ဆက်၍ "ဒါဖြင့် ဦးလေး ဘုရားက ဘယ်မှာလဲ"ဟု မေးလိုက်ပါသည်။ထိုအခါ သူက "အေး ငါ့တူက ဘုရားကို မမြင်ရတော့ မေးမှာပဲ။ ဦးလေးကတော့ မနက်လင်းလို့ မျက်နှာသစ်ကာနီးတွင် ဘုရားကိုယ်တော်မြတ်ကြီးကို အာရုံပြုပြီးကာ ရှေ့နားမှာထားပြီး ရေသပ္ပာယ်လိုက်တာပဲကွဲ့"

ကျွန်တော်ကမူ လူသတ်မှုတွေနဲ့ ထောင်အကြိမ်ကြိမ်ကျ၍ လွတ်တာဤကုသိုလ်စေတနာကြောင့်များလားဟု မှတ်ထင်လိုက်ပါသည်။တစ်ခါက မိုးအတော်ဇွေနေပါသည်။မိုးက လေးငါးရက်ဆက်ရွာ၍ လူတွေလည်းအအေးပတ်နေကြပါသည်။မီးဖိုများဖို၍ မီးလှုံနေကြပါသည်။ဦးလေးလှိုင်တစ်ယောက် မီးဖိုဘေးမှာ ရေနွေးသောက် မီးလှုံရင်းက ပြောပါသည်။"အင်း အခုလို မိုးတအားများအေးပြီဆိုဖြင့် ဝမ်းထဲ ချမ်းစိမ့်ချမ်းစိမ့်နဲ့နေတာပဲ"ဟု ပြောပါသည်။ထိုအခါ ကျွန်တော့်အစ်ကိုတစ်ယောက်ဖြစ်သူ ကိုဉာဏ်ရင်က "ဦးလေးလှိုင် ဝမ်းထဲနွေးသွားအောင် အရက်ကလေးသောက်လိုက်ပါလားဗျ"ဟု ပြောလိုက်၍ အားလုံး "ဝါးခနဲ" ရယ်လိုက်ကြပါသည်။ဦးလေးလှိုင်က ခပ်ပြုံးပြုံးကြီးဖြင့် အင်းမလုပ်အဲမလုပ်။

ထိုအခါ ကျွန်တော်က "ကဲကဲ. . ကျွန်တော်ပဲ သွားဝယ်ပါ့မယ်"ဟု ပြောပြောဆိုဆိုထကာ အရက်ဖြူတစ်လုံး သွားဝယ်ပါသည်။ကျွန်တော် အရက်ဝယ်က ပြန်လာတော့လည်း မီးဖိုဘေးမှာ လူတွေ မီးလှုံလျက်။ဦးလေးလှိုင်ကလည်း ထိုင်လျက်။ကျွန်တော့်မှာ မိုးရေထဲသွားရသည်ဖြစ်၍ တကိုယ်လုံးရွှဲလာပြီး ခိုက်ခိုက်တုန်အောင် ချမ်းနေသည်။"ရော့ ဦးလေးလှိုင်"ဟု ကျွန်တော်ဝယ်လာသော အရက်ပုလင်းကို သူ့အား လှမ်းပေးလိုက်ပါသည်။ကျွန်တော်

ပေးသော အရက်ပုလင်းကို ဦးလေးလှိုင်က လှမ်းယူလိုက်ပြီး သူ့ဘေးတွင် ချထားလိုက်ပါသည်။ ကျွန်တော်က အိမ်ထဲသို့ဝင်ပြီး အဝတ်ခြောက်များ လဲဝတ်လိုက်ပါသည်။ကျွန်တော် မီးနားထိုင်တော့ အစ်ကိုတစ်ယောက်က အကြမ်းပန်းကန်တစ်လုံး အရက်ထည့် သောက်ရန် ပေးလိုက်ပါသည်။ထိုအချိန်ထိ ဦးလေးလှိုင်က အရက်ငုံ့မသောက်သေး။သူက တစ်စုံတစ်ရာ လေးလေးနက်နက် တွေးတောနေဟန်တူပါသည်။ကျွန်တော်တို့ကမူ အရက်ကို ချက်ချင်းမသောက်ဘဲနေသဖြင့် အံ့ဩနေမိပါသည်။ခဏကြာတော့ ဦးလေးလှိုင်က အရက် ပုလင်းကိုကိုင်၍ မတ်တတ်ရပ်လိုက်ပါသည်။ပန်းကန်နဲ့ မသောက်တော့ဘဲ ပုလင်းလိုက်များ မော့မလားဟု ထင်မိပါသည်။ဒါပေမဲ့ သူက ဤသို့မဟုတ်ပါ။ရှေ့နားတွင်ရှိသော တိုင်တစ်တိုင် ဆီသွားပြီး အရက်ပုလင်းအား ထိုတိုင်တွင် ရိုက်ခွဲပစ်လိုက်ပါသည်။

"ချလွမ်း"ဟူသော အသံနှင့်အတူ သူ့လက်ထဲရှိ အရက်ပုလင်းက အစိတ်စိတ် အမြွာမြွာကွဲသွားပြီး သူ့လက်ထဲတွင် ကျန်နေသော ပုလင်းပိုင်းအကွဲကို တိုင်တွင်ပင် သူက တအားစိုက်ထိုးချလိုက်ပါသည်။

ကျွန်တော်တို့တစ်တွေမှာ အားလုံး အံ့အားသင့်စွာဖြင့် သူ့အား ငေးကြည့်နေမိကြ ပါသည်။သူက မီးဖိုဘေးနားတွင် ပြန်၍ ထိုင်လိုက်ပြီး-

"အေးကွာ မင်းတို့ ဘယ်လိုမှ မအောက်မေ့ကြပါနဲ့ ဦးလေးသောက်ဖို့ အရက်ကို ငါ့တူတွေက ဝယ်ပေးတာ မိုးထဲရေထဲသွားဝယ်ရတာ၊ ဦးလေးက အသက်ကြီးသူတစ်ယောက် ဖြစ်ပြီး ငါ့တူတွေလောက်မှ မလိမ္မာတာ။အဲဒါတွေတွေးပြီး ရှက်လို့ ဘယ်တော့မှ မသောက်တော့ ဘူးလို့ စိတ်ပိုင်းဖြတ်လိုက်ပြီး အရက်ပုလင်းကို ရိုက်ခွဲလိုက်တာ"တဲ့။

သူ့မျက်နှာတွင် ကြည်လင်၍ ဝင်းပနေသည် ထင်မိပါသည်။ထိုအကြောင်းများကို ကျွန်တော့်ဘကြီးနဲ့ အဖေတို့ သိသွားပြီး မကြာခင် ဦးလေးလှိုင်ရှေ့တွင် အလွန်ကောင်းသော အင်္ကျီတစ်ထောင်းထောင်းနှင့် ကော်ဖီတစ်ခွက်၊ ပေါင်မုန့် ထောပတ်သုတ်တစ်ခု၊ စီးကရက် သံဘူးတစ်ဘူး၊ ငွေလင်ပန်းလေးနဲ့ထည့်၍ ဘကြီးက ဆပ်ပြာချက် အလုပ်သမားတစ်ယောက်အား ပို့ခိုင်းလိုက်ပါသည်။ကျွန်တော်တို့ အားလုံး လက်ခုပ်တဖြောင်းဖြောင်းဖြင့် ဝိုင်း၍ဩဘာပေးကြ ပါသည်။ဦးလေးလှိုင် မျက်နှာကမူ ရှက်ပြုံးကြီးလို ဖြစ်နေပါသည်။

* * *

# ကက်ဆွဲခြင်း

ဂျပန်ခေတ်တွင် ညများ၌ မီးမထွန်းကြရပေ။နေဝင်မီးငြိမ်းအမိန့် မထုတ်ရဘဲ အလိုလို လိုက်နာကြပြီးသား ဖြစ်တော့သည်။အကြောင်းမှာ ညည များတွင် လေယာဉ်ပျံများ ပို၍ ဗုံးကြဲခြင်းကြောင့် ဗုံးကြဲချခံရမှာစိုး၍ ညများတွင် မည်သူမျှ မီးမထွန်းကြပေ။ကျွန်တော့်မှာ လောင်းကစားကို စွဲလမ်းနေချိန်ဖြစ်ပါ၍ နေ့လယ်နေ့ခင်းတွင် ထင်ထင်မြင်မြင် ဖဲကစားခြင်း၊ လေးကောင်ဂျင်ကစား ခြင်းများ ပြုလုပ်နိုင်သော်လည်း ညများတွင် မီးမထွန်းကြရ၍ ဂျင်ကစားခြင်း၊ ဖဲကစားခြင်းများ မလုပ်နိုင်ပေ။မီးထွန်းပြီး ကစား၍လည်း မဖြစ်ပေ။လေယာဉ်ပျံ ရန်က ကြောက်ရသေးသည်။မီးထွန်းတာမြင်က အခြားအိမ်တွေက လက်မခံ။ ဝိုင်းငြိမ်းခိုင်းသည်။ယုတ်စွအဆုံး နာရေးအသုဘရှိလျှင်ပင် လက်ဆွဲဓာတ်မီး အောက်လင်းမီးများ မထွန်းရ။လွယ်လွယ်ငြိမ်းလို့ ညှိလို့ရသော ရေနံဆီမီးခွက် လောက်ပဲ ထွန်းကြသည်။ဒါတောင် လေယာဉ်ပျံသံကြားက ချက်ချင်းမီးမှုတ်ကြပြီး ဗုံးကျင်းထဲသို့ ပြေးဝင်ကြရသည်။ကျွန်တော့်မှာ မကစားဘဲ မနေနိုင်။ဒါကြောင့် လေယာဉ်ပျံလာလည်း ပုန်းရလွယ်သည့် ဗုံးကျင်းပေါ်မှာပဲ ကက်ဆွဲတမ်း ကစား သည်။ကက်ကစားနည်းမှာ ဂုန်နီအိတ်တစ်ခုကိုခင်းပြီး လူသုံးယောက် ဝိုင်းထိုင် ကာ ကက်များကို မှောက်၍မွေရ၏။ကက်များမှာ များသောအားဖြင့် ဘက်ထရီ အိုး အဟောင်းအခွံများဖြင့် ပြုလုပ်ထား၏။အချို့မှာ ကျွဲချိုများကိုဖြတ်၍ ပြုလုပ် ထား၏။ပိုက်ဆံချမ်းသာသောလူများမှာ ဆင်စွယ်ဖြင့်ပြုလုပ်ထားသောကက်ကို ကစားကြ၏။ကျွန်တော်တို့ ဘကြီးတွင် ဆင်စွယ်ကက်ထုပ် ရှိ၏။ကက်မှာ အလျား နှစ်လက်မခွဲ၊ အနံ တစ်လက်မလောက်ရှိသော အနက်ပြားတွင် အဝိုင်း ခဲတံလုံးခန့်အကျယ်ရှိသည့် တွင်းကလေးများ ထွင်းထား၏။ဘက်ထရီအိုးခွံ ကျွဲချို ကျွဲကော်များဆိုလျှင် အနက်ဖြစ်၍ ဆင်စွယ်ဆိုလျှင် ဖဲပြားကလေးများမှာ အဖြူ ဖြစ်လေသည်။ထိုတွင်းကလေးများထဲတွင် အဖြူ အနီ အနက်များ အရောင်သွင်း ၍ ထားလေသည်။ကျွန်တော်တို့ ကစားဝိုင်း၏ စည်းကမ်းချက်မှာ လေယာဉ်ပျံ လာလျှင် ဝိုင်းဖျက်တမ်းပင် ဖြစ်၏။ဝိုင်းဖျက်၍ အောက်ကပုန်းကျင်းထဲ ဝင်ကြ ရမည် ဖြစ်ပေသည်။ဂုန်နီအိတ်ပေါ်တွင် ကက်များကို မွှေပြီး လေးချပ်စီ လေးချပ် စီ ထပ်ထားရ၏။မှောက်လျက်ထပ်ရ၏။ကက်ကစားရာတွင် အရသာအရှိဆုံးမှာ ကက်များကို လက်နှင့်စမ်းရခြင်းပင် ဖြစ်သည်။ကျွန်တော်တို့တစ်တွေမှာ ကက်ကစားရာတွင် မည်မျှဖွဲကြီးပါသနည်းဟူမူ ကက်များကို ကြယ်ရောင်ကလေး များဖြင့် ဆွဲကြရသည်။တကယ်တော့ ကက်များကို ကောင်းကောင်းမမြင်ရ။ သို့သော် ကက်ဖဲ၏ ပွင့်ချပ်များကို လက်များက သိနေကြပြီ။လေးချပ်စီ ထပ်ထပ် ထားသော ကက်များကား မီးရထားတွဲလေးများနှင့် တူပေသည်။ကက်များ စီတန်းပြီးသောအခါ နောက်ဆုံးပုံ၏ ကက်တစ်ချပ်ကို အပေါ်သို့ လှန်လိုက်၏။

ဖဲကြီးများမှာ ထင် ယင်း ကက်တို့ ဖြစ်၏။ထင်သုံးတွဲပါအောင် ရိုက်ယူနိုင်လျှင် ထင်ကွမ်း၏။ ယင်းသုံးတွဲရလျှင် ယင်းကွမ်း၏။ကက်သုံးတွဲရလျှင်လည်း ကက်ကွမ်း၏။ကွမ်းအောင်ရိုက်နိုင်လျှင် ကွမ်းကြေးထပ်ရ၏။အံစာတုံးလေးဖြင့် ရှေ့ထိပ်ကနေ ထိုးလိုက်၏။ထိုးလိုက်ခြင်းမှာ အံစာတုံး လေးအား ပစ်ချလိုက်ခြင်းပင် ဖြစ်၏။တစ် လေးဆိုလျှင် ထိုးသူခေါင်၊ ခြောက်သုံးဆိုလျှင် ထိုးသူ အလယ်၊ နှစ် ငါးဆိုလျှင် ထိုးသူပိတ် ဖြစ်၏။ထို့နောက် ရှေ့က ကက်ပုံ လေးပုံအား လှန်ဖော်ကာ ဖျက်လိုက်ရ၏။ပေါ်လာသောဖဲချပ် တစ်နည်း ကက်ပွင့်များက အလွန်ချစ်စရာကောင်း၏။ တစ်ခါတလေ ထင်သုံးလုံး၊ ကက်သုံးလုံး၊ ယင်းသုံးလုံး စသည် ပေါ်တတ်၏။ကက်ရိုက်ရာတွင် ကက်ကို စမ်းနေရင်းက ဒါ တီပဲ၊ ယင်းပဲ၊ လုပ်ပဲ၊ ဝေါပဲဟု သိလိုက်ရသည်။တကယ်တော့ မှောက်ထားသောကက်ကို ကစား၍ ကြည့်ကာမျှနှင့် သိသည်ဆိုခြင်းမှာ ကက်ကစားရာတွင် အချို့ဖဲများမှာ အပွင့်ခြင်း မတူဘဲ တွဲရ၏။ကိုးကြူးအကာနဲ့ ကိုးကြူးအသား၊ ငါး အသားနှင့် အကာ၊ စီတင်း လောက် အသားနဲ့အကာများ စသည့်တို့ဖြစ်၏။ဖဲသမားကြီးများက ပေါ်နေသော ကက်ကြီး၊ ဖဲကြီးများကို အရင်မရိုက်။ဆိုခဲ့သော အသားများသာ ရအောင်ယူတတ်၏။ထို့ကြောင့် "ဒီကောင် တယ် အသားယူတယ်"ကွဟူသော စကားမှာ ကက်ဝိုင်းကလာခြင်း ဖြစ်၏။ကက်နှင့် ရင်းနှီးသော ကစားနည်းတစ်ခုမှာ သုံးပုံဖဲကစားခြင်းဖြစ်၏။ကက်သည်လည်းကောင်း သုံးပုံဖဲသည် လည်းကောင်း အတွေးအခေါ် ဉာဏ်ပညာပါသော ကစားနည်းများသာ ဖြစ်၏။သို့သော် များသော အားဖြင့် ကျွန်တော်တို့ အရပ်တွင် ကက်ဆွဲကြသည်မှာ အသုဘအိမ်များတွင်သာ ကစားကြ ဆွဲကြသည်။ အခြား အလွတ်ကစားတာ နည်း၏။ အသုဘအိမ်တွင်သာ အသုဘစောင့်ရင်း ကက်သံတချောက်ချောက်ဖြင့် လူအစောင့်ရှိနေသည်ဟူ၍ မပြောဘဲနဲ့ အသံပေး သိနည်းတစ်မျိုး ဖြစ်ပေသည်။ကျွန်တော်တို့ ကက်ဝိုင်းမှာ အသုဘရှိ၍ ကစားခြင်း မဟုတ်၊ ကစားဝါသနာပါ၍ ကစားခြင်းဖြစ်ရာ ညဥ့်နက်လေ ကက်အသံမြည်လေ နားထောင်မကောင်းလေ။

တစ်ခါတစ်ရံ နှစ်ရက် သုံးရက်ဆက်တိုက် နေ့ရောညရော ဆက်တိုက်ကစားကြ၏။ ကစားလွန်း ထိုင်လွန်းအားကြီး၍ ဆီးတွေဝါပြီး အကြောအခြင်တွေ ကွေးကောက် ကိုက်ခဲလာ၏။ ကြာကြာကစားလေ ကျက်သရေမရှိသောအလုပ် ဖြစ်ပေသည်။ကျွန်တော်၏ လောင်းကစား ခြင်းကို အများဆုံး ဆုံးမသူမှာ အစ်ကို ကိုစိန်မောင် ဖြစ်၏။တစ်ခါက ဖဲဝိုင်းတစ်ဝိုင်းတွင် ကျွန်တော်က ဒိုင်ခံကစားနေသည်ကိုတွေ့၍ အစ်ကို ကိုစိန်မောင်က ဝါးဆစ်ပိတ်တုတ်နဲ့ လိုက်ရိုက်၏။ကျွန်တော် ထွက်ပြေး၏။အိမ်ဝိုင်းထဲ ပြေး၊ အိမ်လှည့်ပြေး၊ ဆပ်ပြာဂိုဒေါင်တွေ ကြားထဲ လျှောက်လှည့်ပြေး၊ သူက စွတ်လိုက်ကာ မီမလိုလို။ နောက် ကျွန်တော်က အိမ်ပေါ် တက်ပြေးက သူကလည်း အိမ်ပေါ်လိုက်တက်။နောက် ဆက်ပြေးစရာမရှိတော့ ကျွန်တော်က ပြတင်းပေါက်က ခုန်ချလိုက်၏။ကျွန်တော် ရှေ့ကပြေးလိုက် နောက်က လိုက်ကာဆွဲလိုက်နှင့် လူတွေက ရုန်းရုန်းရုန်းရုန်းနဲ့ ဖြစ်နေသည်။ကျွန်တော်ပြေးတော့ အစ်ကို အနောက်က ရိုက်နေတာ နောက်ဆုံး အိမ်ပေါ်တက်ပြီး ချောင်ပိတ်မိခါ အရိုက်ခံရတော့မည် ထင်၏။သို့သော် အားလုံး ထင်သလို မဟုတ်။ကျွန်တော်က ပြတင်းပေါက်က ခုန်ချလိုက်ပြီ။အစ်ကိုက ကျွန်တော့်လို နောက်က လိုက်ခုန်မချတော့။ကျွန်တော်ခုန်ချရာတွင် အမြင့်က လူတစ်ယောက် ကောင်းကောင်း သေနိုင်၏။မသေတောင် မလှမပ ကျိုးပဲ့နိုင်၏။ကျွန်တော် အလွန်ကံကောင်း၏။ဘာမှမဖြစ် ချက်ချင်းထ၍ ဘုန်းကြီးကျောင်းသို့ ဆက်ပြေး၏။ဘုန်းဘုန်းကျောင်းသည် ဘယ်သူကမျှ မလိုက်ဝံ့သောနေရာပါတည်း။

* * *

# မြင်းရောလူရော

ကျွန်တော်တို့ရွာဘက်သို့ မြင်းခြံကလာသောလမ်းတွင် ချောင်းခံနေ၍ တံတားဆောက်ထား၏။ထိုတံတားကား စွန်းလွန်းတံတားဖြစ်၏။စွန်းလွန်း တံတားကို အင်္ဂလိပ်တွေက သူတို့ပြေးတော့ ဒိုင်းနမိုက်နဲ့ဖောက်ခွဲကာ တံတားကြီး ကို ချိုးသွား၏။ဒါကို ဂျပန်စစ်ဗိုလ်တစ်ဦးက မသိ။မြင်းခြံမြို့ထဲတွင် သူက ဟိတ်ဟန်ပြကာ ဒုန်းမြင်းကြီးကို အပြေးစီးပြီး တစ်လမ်းဝင် တစ်လမ်းထွက် လုပ်နေသည်။နောက် စွန်းလွန်းဘက်သို့ ဦးတည်၍ မြင်းကြီးကို ဒုန်းစိုင်းလာ သည်။မြင်းက အလွန်ပြေးပြီး ထိန်းမနိုင်အောင် ဖြစ်နေသည်။သို့သော် စွန်းလွန်း ဘက်သို့လာသောလမ်းတွင် လူရှင်းနေသည်မို့ အတိုက်အခိုက်ဖြစ်စရာ မရှိ။ ဂျပန်စစ်ဗိုလ်ကလည်း ဂျော်ကီများစီးသလို ကုန်း၍ ဝပ်၍ လိုက်လာသည်။ စွန်းလွန်းတံတားပျက်ကြီးကလည်း အဝေးကကြည့်လျှင် ဆက်နေသည် ထင်ရ သည်။ဒါ့ကြောင့်လည်း မြင်းကို အရှိန်မလျှော့ လူရှင်းရှင်းနဲ့ ဒုန်းစိုင်း၍ စီးလာ သည်။တံတားပေါ်ရောက်တော့ တံတားကြီးပျက်နေတာ သူ မြင်လိုက်ရပြီ။ဒါပေမဲ့ အရှိန်မထိန်းနိုင်တော့။မြင်းဇက်ကို အတင်းချုပ် အတင်းထိန်းသေး၏။ဒါပေမဲ့ မရ၊ စွန်းလွန်းတံတားပျက်ကြီး၏အောက်သို့ မြင်းရောလူရော ထိုးကျသွားခါ ပွဲချင်းပြီးသေသွား၏။စွန်းလွန်းချောင်းထဲမှာ လာကြည့်သူတွေ တအုန်းအုန်း တရုန်းရုန်း။ဂျပန်ခေတ် အနိဋ္ဌာရုံများကား အလွန်ပေါများ လှသည်။လေယာဉ်ပျံ လာလျှင် ခွေးဥညြ ဆွဲ၏။သံချောင်းခေါက်သံများကလည်း ဆူပွက်သွား၏။ ထိုအချိန်က လေယာဉ်ပျံသံသည် သေမင်းအော်၍ လာနေသံနှင့် အလွန်တူညီ ပေသည်။

* * *

## မီးကျည်ချခြင်း

ဗုံးကြဲလေယာဉ်ပျံများလာလျှင် နေ့အခါတွင် ရှောင်ရတိမ်းရသည်မှာ အလွန်ကြောက်စရာကောင်း၏။ လေယာဉ်ပျံသံကြား၍ ခေါင်းပေါ်ရောက်လျှင် ပြေးစရာမရှိတော့။ သို့သော် ခေါင်းပေါ်ရောက်နေချိန်တွင်တော့ ကိုယ့်အပေါ်သို့ ဗုံးမကျနိုင်။ ခေါင်းပေါ်မရောက်ခင်နဲ့ ခေါင်းပေါ်ကလွန်သောအခါ ကြောက်စရာကောင်းသည်။ အဘယ့်ကြောင့်ဆိုသော် ဗုံးချရာတွင် မိမိခေါင်းပေါ်က ဗုံးကြဲလိုက်လျှင် အခြားတစ်နေရာ ရောက်စမြဲဖြစ်၏။ ဒါကြောင့်လည်း လေယာဉ်ပျံ ခေါင်းပေါ်ရောက်ချိန်တွင် ကြောက်စရာမရှိ။ လွန်သွားသောအခါ ချသောဗုံးက လေကြောင်းလိုက်၍ မိမိခေါင်းပေါ် ရောက်လာတတ်၏။ ညအခါများ လေယာဉ်ပျံ လာလျှင် ထုံးစံအတိုင်း ဗုံးကျင်းထဲ ဝင်ပုန်းကြ၏။ အချို့ သတ္တိကောင်းသူများ ကတော့ မဝင်၊ တလင်းပြင်ကပင် မော့၍ကြည့်လိုက်ကြသေး၏။ တစ်ခါ လေယာဉ်ပျံလာသည်မို့ ဗုံးမကြဲဟု ထင်ကြပြီး လူတော်တော်များများ ညကြီး ထွက်ကြည့်နေကြ၏။ ခေါင်းပေါ်က လေယာဉ်ပျံများဆီက မီးနီ မီးစိမ်းလေးများ တစ်ခါတစ်ခါ မြင်ရ၏။ ထိုသို့ကြည့်နေစဉ်အတွင်းမှာပင် လေယာဉ်ပေါ်က မီးကျည်ပစ်ချလိုက်၏။ "ထုန်း"ဆိုသောအသံနှင့်အတူ မီးပွင့်ခါ လင်းလာပြီး ကောင်းကင်ထက်က အလင်းရောင်က အောက်မြေပြင်တွင် လင်းထိန်နေ၏။ မီးကျည်များ ဆက်ခါဆက်ခါ ချ၏။ အောက်ကလူတွေ ဘယ်ပြေးရမည်မသိ၊ လေယာဉ်ပျံများကလည်း တဖြည်းဖြည်း နိမ့်လာ၏။ မီးကျည်တွေ လင်းလိုက်တာ ကလည်း မြေပြင်ပေါ်ကျနေသော အပ်တစ်ချောင်းပင် မြင်ရတော့မလောက် လင်း၏။ ထိုအချိန်တွင် ဗုံးမိုးရွာချတော့၏။ တအုန်းအုန်း တဒိုင်းဒိုင်းမြည်ဆဲ လေယာဉ်ပေါ်ကနေ စက်သေနတ်နဲ့ ပစ်သေး၏။ သေလိုက်တဲ့လူတွေ သောက်သောက်လဲ။ ညကြီးသန်းခေါင် ကမ္ဘာပျက်သည်ထက် ဆိုး၏။ ကမ္ဘာကြီးပျက်တာ မမြင်ဘူး။ စစ်ဒဏ်ကြောင့် တကယ်ပင် ကမ္ဘာကြီးပျက်၍ လူတွေ သေနေပါပြီ။ စစ်၏ ဆိုးရွားမှု အနိဋ္ဌာရုံများကို ယခုလို အေးချမ်းသာယာ နေသောအချိန်များတွင် ပြန်လည်မြင်ယောင်ရတာက အိပ်မက်နဲ့ပင် တူသေးတော့၏။

* * *

၃၉

# ဗုံးအမျိုးမျိုး

ဂျပန်ခေတ်မှာ ကြုံတွေ့ခဲ့ရသည်များကတော့ လေယာဉ်ပေါ်က ကြဲချသည့် ဗုံးများမှာ တန်ဗုံးဆိုလျှင် တန်ချိန်နဲ့ညီမျှသည့် အလေးချိန်ကြီးသော ဗုံးကြီးများဖြစ်၍ သူတို့ကိုချလိုက်လျှင် ပြင်းထန်လွန်း၍ အချို့နေရာများတွင် ကားကြီး နှစ်စီး သုံးစီးလောက်ကြီးမားသည့် မြေကြီးချိုင့်ခွက်ကြီးများ ဖြစ်နေ၏။သူ့အား တန်ဗုံး။ မီးလောင်ဗုံး၊ သူ့ကိုချလိုက်လျှင် အသံသိပ်မမြည် "ထန် ရိုင်း ဖြန်း" ဟူသော အသံမျိုးသာထွက်ပြီး မီးတောင်ပေါက်ကွဲရာမှ ထွက်လာသော ချော်ရည်လို သဏ္ဍာန်မျိုးတွေထွက်ကာ မီးထလောင်တော့သည်။မီးလောင်ဗုံးများက တစ်ထောင့်ထွာလောက်ရှည်သော ဝါးလုံးအရွယ်အစားလောက် ရှိ၏။ချောက်မြောင့် ရှစ်မြောင့်နှင့် ဗုံးများကို အစည်းလိုက် အတွဲလိုက်ချခြင်းဖြစ်၏။မြေရှပ်ဗုံး။ ထိုဗုံးကား မြေပြင်ပေါ်ရှိ လူ၊ ကျွဲ၊ နွား တစ်ယောက်မကျန် ထယ်ထိုးလိုက်သလို မြေပြင်ကိုရှပ်၍ ထိခိုက်သောဗုံးမျိုး ဖြစ်၏။တိုင်းဗုံးမှုကား ဗုံးချပြီးပြီးချင်း မကွဲ၊ သူ့အချိန်နဲ့သူ ကွဲ၏။သူ့အချိန်ကလည်း ဘယ်အချိန်ကွဲမှန်း ဘယ်သူကမှ မသိ။ သူ့ကို မထိရဲ မကိုင်ရဲ ထိလိုက် ကိုင်လိုက်ပြန်တော့လည်း သူက ပေါက်ကွဲချိန်တန်လျှင် ကွဲချင်ကွဲသွား၏။ဒီလိုမှ မကွဲသေးလို့ အရဲစွန့် ယူသွားပြီး လွှင့်ပစ်ရန်ကလည်း ရေတွင်းနက်နက်ကြီးများကလွဲ၍ အခြားမရှိ။ရေတွင်းနက်နက်ကြီးဆိုတာကလည်း ဗုံးကျသောနေရာနှင့် နီးချင်မှ နီးမည်။သူ့ယူသွားတုန်း သယ်သွားတုန်း လမ်းမှာ ကွဲချင်ကွဲမည့်ဒုက္ခ။အလွန်စိတ်ချောက်ချားဖွယ်ကောင်းသော ဗုံးမျိုးဖြစ်၏။

* * *

# ကျွဲနှစ်ကောင်

စစ်အတွင်းက ကြောက်စရာကောင်းသော အကြောင်းအရာတစ်ခုမှာ ကျွဲနှစ်ကောင်ဖြစ်၏။ကျွဲနှစ်ကောင်မှာ မည်းမည်းမည်းမည်းနဲ့ နိမ့်နိမ့်လေး ပျံသန်းလာသော လေယာဉ်ပျံနှစ်စင်း ဖြစ်၏။ထိုလေယာဉ်ပျံနှစ်စင်းအား လူတွေက ကျွဲနှစ်ကောင်ဟု နာမည်ပေးထား၏။ကျွဲနှစ်ကောင်မှာ အလွန်နိမ့်နိမ့် ပျံသန်းလာခြင်းဖြစ်ပြီး အသံက မြေပြင်တွင်ပျောက်နေ၍ သူလာနေပေမယ့် မကြားရ။ အနားကပ်လာတော့မှ ရှဲရှဲ ရှဲရှဲနှင့် မည်းမည်းကြီးနှစ်ကောင်အား လွတ်အောင် မရှောင်နိုင်ကြ။သူတို့က ဗုံးချတာမဟုတ် လေယာဉ်ပျံပေါ်က စက်သေနတ်နဲ့ ပစ်ခြင်း ဖြစ်၏။ချောင်းရိုး မြစ်ရိုးက ကမ်းနားများတွင် သူက အလွန်ကျက်စား၏။ ဝေါခနဲ အသံကြား၍ မော့ကြည့်လိုက်လျှင် ဒုတ် ဒုတ် ဒုတ် ဒုတ် ဒက် ဒက် ဒက်နှင့် ကျည်ဆန်များက ဖြာ၍ထွက်လာပြီးသား ဖြစ်၏။မြစ်လယ်မှ လှေများ၊ ဖောင်များ၊ သမ္ပန်များ၊ မော်တော်များ မြစ်ကမ်းမှ ရေယာဉ်များ အားလုံးကို သူက ချမ်းသာမပေး။စက်သေနတ်ကလည်း လေယာဉ်ပျံတစ်စင်းလုံးများ ကျည်ဆန်တွေ တင်လာသလား ထင်ရ၏။ဘယ်နေရာရောက်ရောက် စက်သေနတ်ကျည်ဆန်တွေက ဖြာခနဲ ဖြာခနဲ။တစ်ရက်တွင် ကျွန်တော်က စွန်းလွန်းကျောင်းထဲ ဖြတ်လာနေစဉ် ဝေါ ဝေါ ဝေါနဲ့ ကျွဲကြီး နှစ်ကောင်လာနေသည်ကို မြင်လိုက်ရ၏။ မရှောင်နိုင်တော့ ချောင်းထဲမှာပဲ မှောက်လိုက်ရ၏။ဒါပေမဲ့ စက်သေနတ်ကျည်ဆန်တွေကတော့ "ဒက် ဒက် ဒက် ဒက်"ဖြင့် ကျွန်တော့်အနားက ဒခြာက်လက်မလောက်အကွာ သဲတွေက ဖြာ၍ ဖြန်းဖြန်းထသွား၏။သူတို့ရှေ့အလွန် ကျွန်တော်က အတင်းပြေး၍ ချောင်းဘေး ရှားပင်ဆီ ရောက်ခါနီး သူတို့က တစ်ကျော့ပြန်လာ၏။နိမ့်လိုက်တာကလည်း ချောင်းကမ်းပါးပင် ဝင်တိုက်တော့မလား ထင်ရသည်။လေယာဉ်ပျံက ပန်ကာကြီးတွေပင် မြင်နေရသည်။ကျွန်တော်က အသက်ဘေးမို့ အတင်းလုပြေးကာ ရှားပင်ခြေရင်းတွင် ဝပ်လိုက်သည်။စက်သေနတ်ကျည်ဆန်များက မိုးသီးမိုးပေါက်လို ဖြာကျလာသည်။ ရှားပင်ကြီးက ကျွန်တော့်ကိုယ်ကို ကောင်းကောင်းကာကွယ်ပေးလိုက်သည်။ သူ့အကိုင်း သူ့အခေါက်များကိုတော့ ကျည်ဆန်များက စော်ကားသွားခဲ့ပါပြီ။

* * *

# ဝဲပေါက်ခြင်း

ဂျပန်ခေတ်မှာ ဝဲတွေ အလွန်ပေါက်၏။ကျွန်တော်လည်း ပေါက်၏။ လက်ချောင်းများအကြား၊ ခြေချောင်းများအကြား နောက်တော့ တဖြည်းဖြည်းနဲ့ တစ်ကိုယ်လုံး လူတိုင်းမဟုတ်တောင် ရာခိုင်နှုန်း ၉၀ လောက်တော့ ပေါက်ကြသည် ထင်၏။ဝဲဆိုသည်မှာ ယားနာပင် ဖြစ်၏။တစ်ကိုယ်လုံး ယားယံ၊ ကုတ်လို့ကလည်း ကောင်းသည်။ကုတ်တဲ့နေရာတွေက ဝဲမရှိသေးက မကြာခင် သူကရောက်လာတော့သည်။ဝဲခေါ်သည့် ယားနာအနံ့က ညှီစို့စို့နဲ့ဖြစ်ပြီး အနားကပြည်ဖုကလေးတွေနဲ့။ထိုခေတ် ထိုအခါက ခေတ်မီသူတိုင်း ပင်လယ်ငါးစားကြသည်ဆိုသော ဆောင်ပုဒ်ကလည်း မပေါ်သေး။ပေါ်ပြီးနေရင်တော့ ခေတ်မီသူတိုင်း ဝဲပေါက်ကြသည် ဆိုရမလား မသိပေ။ဝဲပျောက်ဆေး ယားနာပျောက်ဆေးတွေကလည်း ပေါလှသည်။"ကျုပ်တော့ ယားနာတွေကို ဆပ်ပြာကြမ်းနဲ့ သွေးထွက်အောင်တိုက် ရေချိုးပေးတာနဲ့ ပျောက်တာပါပဲ" ဟူ၍ တစ်မျိုး၊ "ကျွန်မကျတော့ ရှင်တမာရွက်ပြုတ်ရည်နဲ့ ဖန်ဆေးပြီး အုန်းဆီလေး လူးလူးပေးတာနဲ့ ပျောက်တာပါ"ဟူ၍ တစ်ဖုံ၊ "ကျုပ်တော့ဗျာ ကြာတော့ မခံနိုင်ဘူး ရေနံကြီးတွေ လိမ်းလိုက်တာ အဲဒါနဲ့ ပျောက်သွားတာ"ဟူ၍ တစ်သွယ်၊ "ကျွန်တော်ဖြင့်ဗျာ ညညလည်း အိပ်မရဘူး ဝဲကုတ်ကုတ်နေရတာနဲ့ နောက်တော့ မိတ်ဆွေတစ်ယောက်ပြောတဲ့အတိုင်း ဆေးရွက်ကြီးပြာချ နှမ်းဆီနဲ့ လူးလိုက်တာ ပျောက်သွားတာပဲ"ဟူ၍လည်းကောင်း၊ "ကျွန်မကလေးတွေတော့ရှင် ယခုအချိန်ထိ ဘာဆေးနဲ့မှ မပျောက်သေးပါဘူး"ဟူ၍ တစ်နည်း ဝဲဆေးခေါ် ယားနာပျောက်ဆေးကား ဂျပန်ခေတ်တစ်ခေတ်လုံး လူတိုင်းလိုလို စိတ်ဝင်စားရသော ဆေးနည်းများဖြစ်ပါသတည်း။

* * *

## ငွေစက္ကူ

ဂျပန်ခေတ်မှာ ပေါ်လာသော ငွေစက္ကူများကလည်း တစ်ဒုက္ခ။ မင်းတုန်းမင်းခေတ်ကလိုမဟုတ်၊ အင်္ဂလိပ်ခေတ်မှာ ပေါ်လာသော ငွေစက္ကူများလိုလည်း မဟုတ်။ထူးခြားတာကတော့ မြန်မာပြည်က ဘုရားပုထိုး စေတီတော်ပုံများ ပါရှိခြင်းပင် ဖြစ်၏။အချို့ အမျိုးသမီးတွေက ငွေစက္ကူကို ခါးကြားထဲ မညှပ်ဝံ့၊ ဘုရားစေတီတော်ပုံများ ပါရှိ၍ အသိမ်းရခက်၏။ငွေစက္ကူများက ရောင်စုံလေးများ ပါရှိသဖြင့် လှ၏။တဖြည်းဖြည်း စက္ကူတွေက များများလာ၏။ဂျပန်ငွေတွေက ပေါပေါလာ၏။ဘယာကြော်တစ်ခု တစ်ဆယ်၊ လက်ဖက်ရည်တစ်ခွက် အစိတ်၊ ထမင်း တစ်ခါပြင် ငါးဆယ်၊ ကလေးတွေမုန့်ဖိုးပေး တစ်ထောင် နှစ်ထောင်။ငွေစက္ကူတွေက ကြာလေ တန်ဖိုးမရှိလေ။ကြာလေ ဖောင်းပွလာလေ။ သိမ်းရများလေလေ။

* * *

# ကိုမြသွင်

အစ်ကို ကိုမြသွင်ကား ကျွန်တော်တို့ညီအစ်ကိုများထဲက နံပါတ် ၄ သမား ဖြစ်၏။သူ့ပုံသဏ္ဍာန်က နွဲ့နွဲ့နှောင်းနှောင်း ပျော့ပျော့ပျောင်းပျောင်း ဖြူဖြူ သေးသေးသွယ်သွယ်။စကားပြောလျှင် ကောင်းကောင်းမပီ။သူ့ကြည့်ရတာ ပြောသလောက် လုပ်စရာရှိက လက်မြန်၏။တစ်ရက် ဘကြီးဦးလူဝ၏ တပည့် နှစ်ယောက် စကားများနေရာ သူက ဘေးကနားထောင်နေလိုက်၏။ဘယ်သူ မတရားဘူး ဘယ်သူတရားတယ်ဟု သူ့စိတ်တွင် ဆုံးဖြတ်လိုက်၏။ထိုသူ နှစ်ယောက် စကားများနေသည်မှာ ဧကုတင်ကြီးဘေးတွင် ဖြစ်၏။ကိုမြသွင်က ခပ်ငယ်ငယ် ဆယ့်နှစ်နှစ်သားလောက် ရှိသေးသည်။ကုတင်ကြီးဘေးဝင်ပြီး ထင်းခွဲ ဓားမနှင့် မတရားဘူးထင်သူ၏ ခြေသလုံးကို စုံကိုင်ခုတ်လိုက်သည်။အခုတ်ခံရ သူ၏ ခြေတစ်ဖက်မှာ ဖနောင့်ကြောပြတ်ပြီး ထိုသူမှာ ထောနဲ့ ထော့နဲ့ဖြင့် ခြေထောက်ပြန်မကောင်းတော့ချေ။ဂျပန်ခေတ်မှာ ချွေးတပ်ဆွဲ၏။ချွေးတပ်ဆွဲ သည်ဆိုသည်မှာ သံဖြူဇရပ်သို့ မီးရထားလမ်းဖောက်ရာသို့ ပို့ခြင်းဖြစ်၏။ သေမင်းခံတွင်းဝ ပို့လိုက်သည်နှင့် ဘာမှမခြားပေ။တစ်ခါက ရွာထဲတွင် ချွေးတပ် ဆွဲခံရရာ မလိုက်ဝံ့သူများက ငွေပေးငှား၏။ကိုမြသွင်က ငွေငါးရာဖြင့် လက်ခံ လိုက်၏။ငွေကို အမေ့ထံ လူကြုံနဲ့ ပို့လိုက်၏။ချွေးတပ်သားများသွားပြီး ငါးရက် လောက်အကြာ သူက ပြန်ရောက်လာသည်။သူပြောတော့ လမ်းက ထွက်ပြေးလာ တာဟု ပြော၏။ အမေ့ကို သူက အလွန်ချစ်၏။သူချစ်တာက လက်တွေ့။အမေ စားသုံးရန် လုပ်ကျွေးခြင်းမျိုးဖြစ်၏။လေယာဉ်ပျံ သံချောင်းခေါက်၊ ကင်းစောင့်၍ လုပ်ကျွေး၏။တစ်ခါကလည်း ချွေးတပ်အငှားလက်ခံပြီး လိုက်သွားခါနီး အရီး ဒေါ်စံမေထံ မုန့်ဖိုးတောင်း၏။အရီးက နှစ်ဆယ့်ငါးဆင့်တန် အရွက်တစ်ရာ ပေးလိုက်သည်။နှစ်ဆယ့်ငါးဆင့်တန် အရွက်တစ်ရာမှ ငွေတန်ဖိုး ၂၅ ကျပ် ဖြစ်၏။ငွေတန်ဖိုး ၂၅ ကျပ်၊ ငွေ ၂၅ ကျပ်ဆိုသည်မှာ ထိုအချိန်က ဘာမှတန်ဖိုး မရှိ။အရီးပေးလိုက်သော ငွေနှစ်ဆယ့်ငါးဆင့်တန်များကို အရီးတို့အိမ် တံခါးပေါက် မှာပဲ ဆုတ်ဖြဲ၍ ချသွားသည်။ကျွန်တော်ထင်ထားတာ သေလမ်းလိုဟာမျိုး ကိုယ့်တူသွားမှာ ငွေသုံးလေးရာတော့ မုန့်ဖိုးပေးလိမ့်မည်အထင်နဲ့ တောင်းခြင်း ဖြစ်သည်။ယခုငွေလောက်တော့ ယူမသွားတာက ပိုကောင်းမည်ဟုပြောကာ ဆုတ်ဖြဲသွားခြင်း ဖြစ်လေသည်။

သူကား ရောက်တတ်ရာရာ သွားတတ်ပြီး ဘယ်မှ ဖင်ပူအောင်နေသူ မဟုတ်။ရောက်လေရာမှာလည်း သူက အဆင်ပြေသည်။တစ်ခါတစ်ခါ ရွာလယ် ခေါင်တွင် စမွာယ်ယျနဂါးမင်းဇာတ်ထုပ်ကို တစ်ယောက်ထဲ ခင်းပြတတ်သည်။

ပုဏ္ဏားက နဂါးမင်းကို ပခြုပ်ထဲတွင်ထည့်၍ ဖမ်းလာပြီး မြွေလမ္ဘာယ်အား ပြသည်။နဂါးမင်းက ဥပုသ်စောင့်ချိန်ဖြစ်၍ ပုဏ္ဏားဖမ်းတာခံပြီး ပုဏ္ဏားခိုင်းတာတွေလုပ်နေရခြင်းဖြစ်သည်။ဒါကို ပုဏ္ဏားက အပဟုတ်ကြီးထင်ပြီး သူ့ကိုယ်သူ သွေးနားထင်ရောက် ဖြစ်နေပြီး သူခိုင်းတာ မြွေက ချက်ချင်းမလုပ်ရင် သူက မြွေလည်မျိုကိုကိုင်၍ ညှစ်သည်။နဂါးမင်း ဆွေမျိုးတွေက မြွေလမ္ဘာယ် ပြရာ လာကြည့်သောအခါ သူတို့ဘုရင်ကြီး အနှိပ်စက်ခံနေရသည်ကို မကြည့်ရက်။ နဂါးမင်းကြီး ကလည်း သိ၍ ရှက်လှစွာဖြင့် ဥပုသ်လည်း မကျိုးရအောင် ပုဏ္ဏားခိုင်းတာလည်း အဆင်ပြေ အောင် လုပ်ပြနေရရှာ၏။ပုဏ္ဏားကြီးက ဤသို့ပင် ဗုံထောက်သီချင်းကလေးကိုဆို၍ မြွေလမ္ဘာယ် ပြ၏။

"မြွေလမ္ဘာယ် တစ်ခါပြ နင်းကီးပါပေါ့ ဆရာတကာ့ပလ္လင်"

"အင့်ဟင် အင့်ဟင်"

"လာသမျှ ရှေ့တော်ဝင် ယနေ့ပင် ကြည့်မလွဲ အဲ အဲ အဲ့"

သူက ပုဏ္ဏားသံဖြင့် သီချင်းဆိုခါ ရှေ့တွင် တောင်းစုတ်တစ်ခုထားပြီး ထိုတောင်းထဲက မြွေထွက်လာသည့်နောက် ဗုံထောက်ဆိုရင်းက ပုဏ္ဏားက စကားပြောပြန်၏။

"ဟဲ့ မြွေနဂါး စားပါတော့ဆိုတာ မစားဘူးလားဟင် လည်မျိုကိုင်ကာဆောင့် သွေးတောက်တောက်အန်ရော့လဟယ်"

ဘေးက ပွဲကြည့်ပရိသတ်များက အလွန်သဘောကျသည်။မောင်မြသွင် ဘယ်ရွာမှာဖြင့် ဇာတ်ထုပ်ခင်းသွားလေရဲ့။ကလေး လူကြီး သူ့နောက်က တရုန်းရုန်း စသည့်သတင်းများက စွန်းလွန်းရွာတွင် ပျံ့နှံ့နေပြီ။

တဖြည်းဖြည်းနဲ့ ရွာပေါ်မှာ လူမရှိတော့။စွန်းလွန်းချောင်းရိုးအတိုင်း ရွာနှင့် အတော် လှမ်းသော ချောင်းနံဘေး မြင်းခြံသောင်ခေါ်သောနေရာတွင် ရွာကလူတွေ ပြောင်းရွှေ့နေထိုင်ကြ သည်။လှုပ်လှုပ် လှုပ်လှုပ်နဲ့ ဂျပန်တွေ သိပ်မဟန် ပြေးရခါနီးပြီး အင်္ဂလိပ် အမေရိကန် ဆိုတာကလည်း လေယာဉ်ပေါ်ကနေ လေနက်သားသတင်းစာ ဝါဒဖြန့်ကြဲချနေ၏။တစ်နေ့တွင် မမျှော်လင့်ဘဲ သတင်းဆိုးကြီးကို ကြားကြရ၏။ထိုသတင်းကား မီးရထားကြီးတစ်စီးလုံး တံတား ပေါ်မှ အောက်သို့ ထိုးကျသွားခြင်းဖြစ်၏။ချောင်းကောက်ကွေ့တံတား၊ ချောင်းကောက်ကွေ့ တံတားဟု လူတိုင်းပင် ပြောနေကြရသည်။ညကြီးမင်းကြီး မိုးမှောင်ကျနေသောအချိန်တွင် ရေစီး ဒလကြမ်းသန်နေပြီး ရေကလည်း နက်သည့်အပြင် ကျောက်ဆောင်တွေကလည်း ပေါလှ၏။ မိုးကြီးပြီး ချောင်းရေများကျကာ ရေစီးသန်နေခြင်းကြောင့် မီးရထားမောင်းသော စက်ဗိုလ်များက မမောင်းချင်။ချောင်းကောက်ကွေ့တံတား သံလမ်းမှာ ဒီအတိုင်းပင် ရေစီးအရှိန်ဖြင့် လှုပ်ခါနေ၏။ ထို့ကြောင့် စက်ခေါင်းဗိုလ်က မောင်းမဖြစ်ကြောင်း အန္တရာယ်ရှိကြောင်း ပြော၏။ဒါကို ဂျပန်တွေ က မရ။စွတ်မောင်းခိုင်း၏။အချိန်မှာ ည၌ နာရီပြန်နှစ်ချက်ခန့်ရှိပြီမို့ ရထားတွဲပေါ်မှာ အိပ်ငိုက် လိုက်လာသူသာ များ၏။နောက်ဆုံး ဂျပန်တွေဆန္ဒအရ မောင်းရတော့၏။ရထားမောင်းသူက လွတ်လိုလွတ်ငြား နောက်ဆုတ် အရှိန်ယူပြီး မောင်း၏။ချောင်းကောက်ကွေ့တံတားကြီးမှာ ရထားအရှိန် မခံနိုင်ဘဲ ကျိုးကျသွားပြီး ရထားကြီး တစ်စင်းလုံးမှာ ချောင်းထဲသို့ အတွဲလိုက်ကြီး ထိုးကျသွားတော့၏။ရထားကြီးတစ်စင်းလုံး ငရဲပြည် ဇောက်ထိုးကျသွားသည့်နှယ် ကယ်ပါ ယူပါ အော်သူအော်၊ တွဲနဲ့ ကျောက်ဆောင်နဲ့ ဖိရိုက်မိ၍ သေသူ၊ ရေနစ်သေသူ၊ တွဲထဲက မထွက်နိုင်ဘဲ သေသူ ခရီးသွားသူအချင်းချင်း ဆွေမျိုးမောင်နှမအချင်းချင်း၊ လင်နှင့် မယား အချင်းချင်း

တစ်ယောက်ကိုတစ်ယောက် မကယ်နိုင်၊ မယူနိုင်၊ မဆွဲနိုင် အမျိုးမျိုး အသေဆိုးဖြင့် သေကြရတော့သည်။ရေကူးတတ်သူလည်း မရ၊ ရေစီးအား အလွန်သန်နေပြီး ရေအောက် ကျောက်ဆောင်တွေက ဓားသွား၊ လှံသွားထက် ဆိုးရွားပြီး တိုက်ခွဲ သတ်ပစ်လိုက်ကာ အလွန်ကံကောင်း၍ ရေလှိုင်းပုတ် ရေစီးချောင်းနံဘေး ချောင်းကမ်းပါးဘေးတွင် တင်ရစ်နေသူများသာ အသက်ချမ်းသာရာ ရ၏။ အချို့လည်း လှိုင်းပုတ်၍ တင်သောနေရာမှာ ချောင်းကောက်ကွေ့တံတားနှင့် တစ်မိုင် နှစ်မိုင်လောက် ပတ်ဝန်းကျင်များတွင် ဖြစ်ကြ၏။ဂျပန်ဆိုသူတွေကို ပိုပြီးစက်ဆုပ်လာကြ၏။ရွံမုန်းလာကြတော့၏။အနိုင်ကျင့်သော ဂျပန်များကို ဘယ်လိုလက်စားချေရမလဲဟူသော အတွေးဖြင့် တွေးတောကြံစည်လာကြတော့၏။ဂျပန်ခေတ် သုံးနှစ်ကား မြန်မာနိုင်ငံသားများအဖို့ ခေတ္တလူ့လောကငရဲသို့ အလည်ရောက်ရှိခံစားကြရခြင်းနှင့် အတူတူပင် ဖြစ်တော့သည်။

ကလေးတွေ၏ ပါးစပ်ဖျားတွင်လည်း "စိန်ကြည်နော် စိန်ကြည် လင်ယူပက်စက်သည်။ မာစတားလည်း တိုကျိုပြန် ဗိုက်တစ်လုံးနဲ့ကျန်" ဟူသော သီချင်းသည်လည်းကောင်း၊ ဂျပန်များအဖို့တွင်လည်း "ရှီ ရို ရှီညီ အာကားကူ" အစား "အို တို ငါ နံ ဒေး န ဘူ မို ရိုး င" စသည်ဖြင့် ဝမ်းနည်းဖွယ်ရာသီချင်းများ ပြောင်းလဲသီဆိုကြရသောဘဝသို့ ရောက်ရှိလာပါသည်။

စွန်းလွန်းရွာပေါ်တွင် လူများ လုံးဝမနေသလောက်ဖြစ်နေပြီး မြင်းခြံမြို့ထဲတွင်လည်း တောရွာများနှင့် ဆွေမျိုးနီးစပ် မရှိသူလောက်သာ ကျန်ရစ်တော့သည်။ဂျပန်တွေ ပြေးကြရပါပြီ။ ဂျပန်ပြေးသည်ဟုဆိုသော်ငြားလည်း တကယ်တွင် ထွက်ပြေးကြသည်မဟုတ်ပေ၊ သူတို့၏ စစ်လမ်းကြောင်း အစီအစဉ်အတိုင်း မြန်မာပြည်မှ ဆုတ်ခွာကြခြင်းသာ ဖြစ်၏။ထိုသို့ ဆုတ်ခွာရာတွင် အဆင့်ဆင့် အသေခံတပ်များစွာ ချန်ထားခဲ့ကြ၏။စွန်းလွန်းရွာအရှေ့ဘက် တိုးကြောင်ကန်ဆိပ်ရှိ အရီးဒေါ်စံမေ၏ သရက်ခြံတွင် အသေခံ ဂျပန်သုံးယောက်ထားခဲ့ကြ၏။ဂျပန်သုံးယောက်မှာ အတော်ငယ်ရွယ်သူများ ဖြစ်ကြ၏။အသက် နှစ်ဆယ်ကျော်၊ သုံးဆယ်ပတ်ဝန်းကျင်လောက်သာ ရှိသူများဖြစ်၏။ထိုအချိန်တွင် အမေရိကန်စစ်တပ်က စွန်းလွန်းရွာ အနောက်ဘက်နားတွင် ရောက်ရှိနေပြီဖြစ်၏။အသေခံ ဂျပန်များက သရက်ပင်များကို အကာအကွယ်ယူထား၏။ သရက်ပင်ခြေရင်းတွင်လည်း အရီးဒေါ်စံမေတို့ သရက်ခြံတွင် နေစဉ်က တူးထားသော ဗုံးခိုကျင်းကလည်း အခိုင်အမာရှိထား၏။အသေခံ ဂျပန်များက စည်ပိုင်းထဲတွင် ကျောက်ခဲများထည့်ကာ ညဦးနက်သန်းခေါင်လောက်ဆိုလျှင် စည်ပိုင်းကို တအားလှုပ်၏။ခပ်လှမ်းလှမ်းလောက်က ထိုအသံကိုကြားရလျှင် စက်သေနတ်သံနဲ့ အတော်တူ၏။အမေရိကန်စစ်တပ်မှာ ဂျပန်စစ်တပ်ကြီးရှိနေသည် ထင်၍ ရှေ့မတိုးဝံ့။စက်သေနတ်များ၊ အမြောက်များ၊ ဒုံးကျည်များဖြင့်သာ တရစပ်ပစ်ခတ်နေရ၏။သူတို့ကလည်း သံသယရှိနေ၏။ဂျပန်များက စည်ပိုင်းထဲတွင် ခဲထည့်၍ လှုပ်သည့်အသံကို မကြားဘူးသော သေနတ်သံများအဖြစ် စူးစမ်း၏။သို့သော် ဂျပန်က ဉာဏ်များ၏။တစ်ခါတစ်ရံ နေ့လယ်တွင် တစ်ယောက်စီ ဝိုင်းလှုပ်၏။တစ်ယောက်က သရက်ပင်ထိပ်တက်၍ အမေရိကန်စစ်တပ်ဆီကို မှန်ဘီလူးဖြင့်ကြည့်ပြီး စည်ပိုင်းသံတွေနဲ့ရောပြီး တကယ်သေနတ်အစစ် ရိုင်ဖယ်ဖြင့် လှမ်းပစ်၏။ရန်သူ ကျ၏။ထို့ကြောင့်လည်း အမေရိကန်စစ်တပ်ကြီး ရှေ့မတိုးရဲ။ဂျပန်တွေက ထမင်းဟင်းများကို ဗုံးကျင်းထဲမှာ ချက်ကြ၏။သုံးရေ သောက်ရေခပ်တာ ညမှ ထွက်ခပ်ပြီး ထမင်းချက်ပြန်လျှင် မီးခိုးမမြင်ရန် နံနက်အစောကြီးထ၍ ချက်တတ်သည်။ မီးအလင်းရောင်မှာ ဗုံးကျင်းက အကွေ့အကောက်ဖြင့် လုပ်ထားသည့်အပြင် အပေါက်ဝ အဖုံးရှိထားသည်မို့ အလင်းရောင်က အပြင်မထွက်တော့ပေ။တဖြည်းဖြည်းနဲ့ ရက်ရှည်လာ၏။

အမေရိကန်စစ်တပ်က လှမ်း၍ပစ်သော ကျည်ဆန်များကြောင့် သရက်ပင်များလည်း အရွက်မရှိတော့။နောက်တဖြည်းဖြည်းနဲ့ အကိုင်းအခက်တွေပါ စုတ်ပြတ် တုံးတုံးလာတော့၏။ဂျပန်များအကာအကွယ်မဲ့လာပြီ။ဒါကို အမေရိကန်စစ်တပ်က ရိပ်မိသည်။သူတို့လည်း အလွန်အားကောင်းတဲ့ မှန်ပြောင်းများနဲ့ ကြည့်နေကြတာပဲ။သူတို့ထင်သလို ဂျပန်အင်အားကြီးစစ်တပ် မမြင်တာကြောင့်လည်း သူတို့ စစ်တပ်က ရှေ့သို့တိုးလာ၏။ထိုနေ့က စွန်းလွန်းရွာပေါ် အမေရိကန်စစ်တပ်ရောက်သောနေ့ဖြစ်၏။စစ်မြေပြင်အခြေအနေမှာ အမေရိကန်စစ်တပ်နဲ့ ဂျပန်သုံးယောက်ကြားတွင် စွန်းလွန်းချောင်းက ခြားနေ၏။အသေခံ ဂျပန်တစ်ယောက်က ညတွင် စွန်းလွန်းချောင်းမှဖြတ်ကူးပြီး ရွာပေါ်သို့ ကမ်းပါးယံမှ တဖြည်းဖြည်း တွယ်တက်သွား၏။အမေရိကန်စစ်တပ်ကကင်းချထား၏။ကင်းအစောင့်ကို နှစ်ယောက်တစ်တွဲဖြစ်၏။ကင်းစစ်သားများကို ဂျပန်က မျက်စိလည်အောင် ခပ်လှမ်းလှမ်းက နေရာကို ခဲနှင့်ပစ်လိုက်၏။ရိုးရိုးလေးပင် ကင်းစစ်သားများကအသံကြားရာသို့ ပြေးအကြည့်တွင် ဂျပန်က တပ်တွင်း အတင်းဝင်၍ လက်ပစ်ဗုံးဖြင့် ထုခွဲလိုက်၏။ပြင်းထန်သောအသံနှင့်အတူ လူအော်သံ၊ အမိန့်ပေးသံ၊ မြင်းဟီးသံတို့ကြားဝယ် ဂျပန်ကပြန်၍ကိုယ်ရောင်ဖျောက်ကာ ချောင်းကမ်းပါးမှ အောက်သို့ ခုန်ချလွတ်မြောက်သွားပြီ ဖြစ်သည်။ဂျပန်တို့သည် သူတို့၏ နီပွန်နိုင်ငံတော်နှင့် လူမျိုးအတွက် သစ္စာရှိစွာ အသက်စွန့်လွတ်တတ်သူများဖြစ်ပြီး သတ္တိကောင်း၏။တိုက်ပွဲများတွင် သမားရိုးကျမဟုတ်ဘဲ နည်းပရိယာယ်အမျိုးမျိုးဖြင့် စွန့်စွန့်စားစား တိုက်၏။ထိုအချိန်က အကယ်၍သာ ဂျပန်များသည် ယဉ်ကျေးသိမ်မွေ့ပြီး အနိုင်ကျင့်လိုသည့် ဖက်ဆစ်ဝါဒမျိုးမဟုတ်ဘဲ အမြော်အမြင်ရှိခဲ့လျှင် မြန်မာပြည်မှ ထွက်ခွာသွားကြရမည် မထင်ပေ။

ကျွန်တော်တို့နေသော မြင်းခြံသောင်ဆိုသည်မှာ ချောင်းနံဘေးဖြစ်၏။အချို့အိမ်များကချောင်းထဲ၊ ချောင်းစပ်တွင် တဲထိုး၍ နေထိုင်ကြခြင်း ဖြစ်၏။မြင်းခြံသောင်မှာနေစဉ်ဒေါ်မိန်းကလေးကြီး၏ယောက်ျား ဦးလေးချစ်က ကျွန်တော်တို့ကို အင်္ဂလိပ်စာ သင်ပေး၏။အဖေနဲ့အမေ ကွဲနေပြီမို့ ကျွန်တော်တို့မှာ အရီးဒေါ်စံမေနှင့် အတူနေရ၏။အဖေကလည်း ညညအရက်မူးမူးလာပြီး ဆူတတ်၏။အစ်မ မလှမြိုင်မှာ အဖေ့ကို ထမင်းခူးကျွေးရ၏။အဖေက သူ့တူမမလှမြိုင်ကို ချစ်၏။အစ်မ မလှမြိုင်က ထမင်းခူးကျွေးလျှင် သိပ်မခူးတတ်။တကယ်တော့ အစ်မမလှမြိုင်မှာ အဖေ အမေ မရှိတော့ပေ။ဒါကို အဖေက သိ၏။အစ်မ မလှမြိုင်ကို အစစ အရာရာဦးစားပေးခြင်း ဖြစ်၏။ကျွန်တော်တို့၏ ဆရာ ဘကြီးဘုန်းကြီးမှာ ဗုံးအလွန်ကြောက်၏။အရီးဒေါ်စံမေ ဆောက်လုပ်လှူဒါန်းသော ကျောင်းကြီးမှာ ဗုံးထဲတွင် ပါခဲ့ပြီးဖြစ်သည်။ဒါကြောင့်လည်းဗုံးကြောက်သည်မှာ မဆန်းတော့။ဂျပန်ခေတ်တွင် ဗုံးဒဏ်ကြောင့် မြန်မာပြည်အရပ်ရပ်ရှိ စေတီပုထိုး ဘုရားကျောင်းကန်များ အစားထိုး မရနိုင်လောက်အောင် ဆုံးရှုံးပျက်စီးခဲ့ရသည်။ဆရာဘုန်းတော်ကြီးမှာ မြင်းခြံသောင်ရွာအရှေ့ဘက် ချောင်းရိုးလိုဏ်ဂူထဲတွင် နေ့အခါသွား၍သီတင်းသုံးနေပေသည်။ကျွန်တော်က အရီးတို့ချက်၍ လှူလိုက်သော ဆွမ်းချိုင့်ကို သွားပို့ရ၏။နေ့ဆွမ်း ဘုန်းပေးချိန်မှာ နံနက် ၁၀ နာရီ ၃၀ လောက် ဖြစ်၏။လိုဏ်ဂူမှာ ချောင်းရေစားရာမှဖြစ်ပေါ်လာသော သဲလိုဏ်ဂူ ဖြစ်ပေသည်။အဝင်ဝမှ ရေကျပြွန်အဆုံးထိ ပေ ၄၀၀ လောက်ရှည်၏။အချို့နေရာများတွင် တစ်ရပ်လွတ်ရုံ မြင့်၏။အချို့နေရာများတွင် တစ်ရပ်မလွတ်တတ်။လိုဏ်ဂူအကျယ်မှာ ၈ ပေလောက် ကျယ်၏။တိုင်းပျက် ပြည်ပျက်အချိန်မို့ ဘုန်းဘုန်းနားတွင်ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြသော အုန်းဆောင်၊ အုန်းမောင်၊ ချုံကြီးက ငရွှေ၊ ဦးဘရှင်

သား မောင်ကိုကြီးတို့လည်း မရှိကြတော့။လူစုကွဲနေကြပြီ။ဂျပန်များ ပြေးကြရပြီ။မရှိသလောက် ရှင်းသွားပြီ။မြင်းခြံမြို့ပေါ်က မီးလောင်ညှော်နံ့များက ညပိုင်းများတွင် နံကောင်းတုန်းဖြစ်၏။ ဆီးချေးညှော်နံ့များ တဝေ့ဝေ့ တသင်းသင်း။

တစ်ခါတစ်ရံတွင် လူ့ကံတရားများက ဆန်းကြယ်လှပေသည်။တစ်နေ့သောည ၈ နာရီအချိန်လောက်တွင် ကျွန်တော့်နားထဲမှာ ဒီး ဒီး ဒီး ဒီးဟူသော အသံမျိုးကို အဝေးကြီးဆီမှ ကြားနေရ၏။သေသေချာချာနားထောင်လေ သေသေချာချာကြားရလေဖြစ်၏။လေယာဉ်ပျံသံလည်း မဟုတ်။မြေကြီးနှင့်နားနဲ့ကပ်၍ နားထောင်သောအခါ ပို၍သေချာပြီး အသံတွေက အများကြီးဖြစ်နေ၏။ကျွန်တော်က အသံတွေနားထောင်ပြီး အသံလာရာဘက်ကို ဦးတည်ပြီး လိုက်ရှာ၏။မြင်းခြံသောင်မှ ချောင်းရိုးထဲတွင်ဖြတ်၍ ချောင်းအထက်သို့ နားထောင်ရင်း တက်လာခဲ့၏။ကျွန်တော်တက်လာသော ချောင်းရိုးအထက်မှာ ကွင်းပြင်ကြီးသဘောဖြစ်၏။ဖျောက်ဆိပ်ပင်ကြီး တစ်ပင်မှလွဲ၍ အခြားအပင် ကြီးကြီးမားမားမရှိ။အပင်ငယ်လေးများကလည်း သိပ်မများ။ သို့သော် လရောင်မရှိ။ညက မှောင်နေ၏။မှောင်နေသော်လည်း မည်းမည်းတန်းကြီးကို အနောက်ဘက်ဆီမှ လှမ်းမြင်နေရ၏။အသံတွေက တဒီးဒီးဖြင့် မြေကြီးတွေပါ တုန်ဟီးလာသလို ထင်ရ၏။ မည်းမည်းတန်းကြီးကလည်း တဖြည်းဖြည်း နီးလာ၏။အသံကြီးတွေကလည်း ကြောက်စရာလန့်စရာ ကျယ်လောင်မြည်ဟီးလာနေပြီ ဖြစ်၏။ယခုတော့ သဲသဲကွဲကွဲမြင်ရပါပြီ။စစ်တပ်ကြီးချီတက်လာနေခြင်း ဖြစ်၏။ကားမီးများမှိတ်၍ တဖြည်းဖြည်း တရိပ်ရိပ် တက်လာ နေခြင်း ဖြစ်၏။ သံချပ်ကာကားများ၊ ထရပ်ကားကြီးများ၊ ဂျစ်ကားများ မျိုးစုံပါ၏။ဂျပန်ခေတ်တွင် ညအခါအမှောင်ထဲ နေရပါများသောကြောင့် မှောင်သော်လည်း ကြည့်တတ်ခြင်းဖြစ်၏။ကျွန်တော်ရပ်နေသောနေရာနှင့် မျက်နှာချင်းဆိုင် တက်လာခြင်းဖြစ်ပြီး ညာဘက်ခပ်ယွန်းယွန်းကနေဖြစ်လေသည်။တဖြည်းဖြည်းနဲ့ နီးလာပြီ။ကိုက် ၁၀၀ လောက် အလိုတွင် မီးများဖွင့်လိုက်ကြသည်။ မြေပြင်တွင် ရှိသမျှ ပုရစ်၊ နံကောင်ကအစ မြင်ရလောက်အောင်ပင် ဖြာလင်းသွားသည်။ ကားတန်းကြီးကတော့ မရပ်မနား ဆက်တက်လာနေသည်။တကယ်တော့ ကျွန်တော်သည် သူတို့စစ်တပ်ကြီး၏ တပ်ဦးမှ ညာဘက်အစွန်တွင် ရပ်နေသော တစ်ယောက်တည်းသောလူ ဖြစ်လေသည်။တဖြည်းဖြည်းနဲ့ ရပ်နေရာမှ ကိုက် ၅၀ ခန့်လောက်ပင် လိုတော့သည်။ထိုအချိန်တွင် ကျွန်တော်သည် တစ်စုံတစ်ခုကို သတိရလိုက်သည်နှင့် ချက်ချင်းရပ်နေရာမှ ရွှေ့လျားလိုက်ကာ ကားတန်းကြီးဆီရောက်အောင် ခြေလှမ်း ၁၀ လှမ်းခန့်မျှ အပြေးအလွှားသွားလိုက်ပြီး ပါးစပ်ကလည်း "ဟေး ရပ်ရပ် ဟေး ရပ်ရပ်" ဟု အသံကုန်အော်ရင်း လက်မှလည်း လက်နှစ်ဘက်မြှောက်ကာ လက်ဝါးနှစ်ဖက်ဖြန့်ပြီး ရပ်ရပ်ဟု အချက်ပေးလိုက်ပါတော့သည်။

သူတို့သည် စောစောကတည်းက ကျွန်တော့်ကို မြင်နေပါသည်။ဒါကြောင့်လည်း သူတို့စစ်တပ်ကြီးရှေ့က တားဆီးလာမှုကို ချက်ချင်း သေနတ်ဖြင့် ပစ်မသတ်လိုက်ခြင်း ဖြစ်ပါလိမ့်မည်။ အကြောင်းကလည်း ကျွန်တော်သည် ထိုအချိန်က ၁၂ နှစ်သားလောက် အရွယ်မျှသာရှိသေးပြီး အလွန်ပိန်သေးသော လူငယ်ကလေးတစ်ယောက် ဖြစ်နေခြင်းလည်း ပါလိမ့်မည်ထင်ပါသည်။ ကျွန်တော်၏ ဒုတိယအကြိမ် "ဟေ့ ရပ်ရပ်" ဟူသော ရဲရဲဝံ့ဝံ့အသံဖြင့် သူတို့ စစ်တပ်ကြီးအား အရပ်ခိုင်းလိုက်သည်ကို တကယ်ပင် ချီတက်လာရာမှာ ရပ်လိုက်ရန် အမိန့်ပေးသံတစ်ခုစူးရှကျယ်လောင်စွာပေါ်လာပြီးနောက် ရပ်လိုက်ကြသည်။ဤမျှလောက် မည်းနက်၍ ပြောင်သော အသားအရေမျိုး တစ်ခါမှ မမြင်ဘူးခဲ့ပါ။စောစောက ကျယ်လောင်စွာ မြည်ဟီးလာသော

အသံကြီးများပါ မကြားရတော့ဘဲ ချက်ချင်းပင် တိတ်ဆိတ်သွားကာ စစ်တပ်ကြီး၏ ကားမီးရောင်များကသာ ကျွန်တော့်အား ဆလိုက်ထိုးနေသလို ဖြစ်နေပါသည်။သူတို့ စစ်တပ်ကားကြီးများ ရပ်သွားတော့မှ ကျွန်တော်လည်း မြှောက်ပြထားသော လက်နှစ်ဘက်ကို ချလိုက်ပါသည်။

ကျွန်တော့်မှာ အလွန်အံ့ဩစွာဖြင့် ငေးမောကြည့်လိုက်မိပါသည်။တစ်သက်နှင့် တစ်ကိုယ် တစ်ခါမှ မမြင်ဘူးပါ။သူသည် ဂျစ်ကားပေါ်မှဆင်းလာခါ ခါးတွင် သားရေခါးပတ်နှင့် အတူ ကျည်ဆန်တွဲများက ပတ်ထားပြီး သားရေအိတ်တစ်ဝက်သာ တပ်ထားသော ခြောက်လုံးပြူး က ခါးတွင် ပါလာပါသည်။သူ့အရပ်မှာ ကျွန်တော့်ထက် ထက်ဝက်ကျော်ကျော်လောက်မြင့်ပြီး အသားအရေမှာ သပိတ်ရောင် မည်းမှောင်ကာ နားအပေါက်ကြီးများက လက်ဖက်ရည်ကြမ်း ပန်းကန်နီးပါးလောက်ကျယ်ပြီး တွဲလွဲကျနေကာ ဖြူဖွေးသောသွားများက စိန်ရောင်များလက်သလို တောက်ပနေသည်ဟု ထင်လိုက်ရပါသည်။သူသည် ဤစစ်တပ်ကြီးကို ဦးစီးလာသော နီဂရိုးလူမျိုး စစ်ဗိုလ်ကြီးပင် ဖြစ်ပါသည်။သူသည် ကျွန်တော့်အား ငုံ့၍ကြည့်ရပါသည်။ပါးစပ်မှလည်း မေးမြန်း ပါသည်။သူ့အမူအရာနှင့် မေးမြန်းပုံမှာ ကျွန်တော့်အား ရန်ပြုမည့် အန္တရာယ်ပြုမည့်သဘော မပါကြောင်း သူ့မျက်နှာက ဖော်ပြနေပါသည်။

သူ့အမေးကို ကျွန်တော် ပါးစပ်မှ မဖြေတော့ပါ။သူ့လက်အားဆွဲ၍ ကျွန်တော့်နောက်သို့ လိုက်ပါရန် ခေါ်ခဲ့ပါသည်။ချက်ချင်းပင် သူက မငြင်းဘဲ ကျွန်တော့်နောက်သို့ လိုက်လာပါသည်။ ကျွန်တော်သည် သူတို့စစ်တပ်ကြီး ချီတက်လာနေသောနေရာ၏ ရှေ့တည့်တည့် ကိုက် ၂၀၀ လောက် ခေါ်သွားပြီး လက်ညှိုးထိုးကာ ပြလိုက်ပါသည်။ကျွန်တော်ပြရာကို သူကြည့်လိုက်ပြီး အလွန်အံ့အားသင့်စွာဖြင့် ပါးစပ်မှ အော်လိုက်ပါသည်။နောက်ချက်ချင်း စစ်တပ်ကြီးဆီသို့လှမ်း၍ တစ်စုံတစ်ရာ အော်ပြောလိုက်ပါသည်။သူ့အော်သံကြောင့် စစ်ဗိုလ်များ၊ စစ်သားများ အပြေး အလွှား လိုက်လာကြပါတော့သည်။အချို့စစ်သားများ လက်ထဲတွင် လက်နှိပ်ဓာတ်မီး တဝင်းဝင်း ပါလာပါသည်။ကျွန်တော်တို့နားရောက်သောအခါ နီဂရိုးစစ်ဗိုလ်ကြီးက ကျွန်တော်ပြသောနေရာ သို့ သူတို့အား ပြလိုက်ပါသည်။အားလုံးပင် အလွန်အံ့အားသင့်စွာဖြင့် အမျိုးမျိုးပြောဆိုသံများကို ကြားရပါသည်။

ကျွန်ုတော်ပြလိုက်သည်မှာ အခြားမဟုတ် ချောက်ကမ်းပါးကြီးပင် ဖြစ်ပါတော့၏။ ဤချောက်ကမ်းပါးကြီးကို သူတို့မသိဘဲ စစ်တပ်ကြီး ချီတက်လာပါက ချောက်ထဲသို့ ထိုးကျကာ သေကုန်ကြမည် ဖြစ်ပါသည်။ထိုချောက်ကမ်းပါးကြီးကို ကျွန်တော် သူတို့ရှေ့ ရပ်နေရာမှ ချက်ချင်းသတိရ၍ စစ်တပ်ကြီးအား အရပ်ခိုင်းခါ တားလိုက်ခြင်းဖြစ်ပြီး နီဂရိုးစစ်ဗိုလ်ကြီးအား လက်ဖြင့်ဆွဲခေါ်ခဲ့ကာ ချောက်ကမ်းပါးကြီးကို ပြလိုက်ခြင်းဖြစ်ပါ၏။တကယ်တော့လည်း သူတို့ သည် မြေနေရာမှားယွင်းလာပြီး သူတို့ချီတက်လာသောလမ်းတွင် ချောက်ကမ်းပါး မရှိဟု ထင်ကြောင်း နောင်တွင်မှ သိရပါသည်။သူတို့၏ ကားမီးရောင်များက မြေပြင်တွင် ရှပ်၍ လည်းကောင်း အထက်တွင် ဖြာ၍လည်းကောင်း လင်းနေသဖြင့် ဤချောက်ကမ်းပါးကို အဝေးက မမြင်ရခြင်းပင် ဖြစ်ပါသည်။ကျွန်တော့်ကြောင့် သူတို့စစ်တပ်ကြီး ချောက်ထဲကျမသွားတော့ ကြောင်း သိရပြီးနောက် နီဂရိုးစစ်ဗိုလ်ကြီးက ဝမ်းသာအားရအော်ဟစ်ပြီး ကျွန်တော့်အား ပွေ့ချီပြီး ကောင်းကင်သို့ မြှောက်ထားလိုက်ပါသည်။နောက် စစ်ဗိုလ် စစ်သားများကလည်း ကျွန်တော့်အား ဝိုင်း၍မြှောက်ထားကာ အော်ကြဟစ်ကြဖြင့် စစ်တပ်ကြီးတစ်ခုလုံး လူအော်သံများ ပွက်ပွက်ရိုက် ဆူညံသွားပါသည်။

ကျွန်တော်တို့အိမ်သို့ နီဂရိုးစစ်ဗိုလ်ကြီးနဲ့အတူ အခြားစစ်ဗိုလ် ၅ ယောက် လိုက်လာပြီး သူတို့က အကျိုးအကြောင်းများ ပြောကြပါသည်။ကျွန်တော့်၏အစ်မတစ်ဝမ်းကွဲတော်သူ အရီးဒေါ်စံမေ၏သမီး အစ်မ မလှရီမှာ အင်္ဂလိပ်စကား ကောင်းစွာပြောဆိုတတ်သဖြင့် သူတို့၏ သဘာဝ လေယူလေသိမ်း အနည်းငယ်ကွဲသည်မှအပ ကောင်းစွာနားလည်အောင် ပြောဆိုတတ်ကြသည်ကို တွေ့ရပါသည်။အစ်မတစ်ယောက်ဖြစ်သူ မလှမြိုင်မှာ ချောမောလှပသည့် မြန်မာမိန်းမပျိုလေး တစ်ယောက်ဖြစ်သဖြင့် ဤသို့ စစ်ဦးဘီလူးတက်လာသော စစ်ဗိုလ် စစ်သားများအား လွန်စွာကြောက်ရွံ့နေရှာသဖြင့် အိမ်ထဲက အိမ်အပြင်သို့ မထွက်ရဲပါ။

အစ်မ မလှရီကိုလည်း သူတို့က လေးလေးစားစား ဆက်ဆံကြသည်ကို တွေ့ရပါသည်။ ထိုအချိန်တွင် အစ်မ မလှရီမှာ သူ၏အခါလည်သမီးလေး မဌေးဝင်းအား ပွေ့ချီရင်းစကားပြောပြီး ခင်ပွန်းသည်ကလည်း အနားတွင်ရှိနေသည်ကို သူတို့အားလုံး နားလည်ဟန် ပြပါသည်။ တဖြည်းဖြည်းနဲ့ စကားပြောရင်း လူတွေတော်တော်များများ ဝိုင်းအုံလာကြပါသည်။နီဂရိုးစစ်ဗိုလ်ကြီးက သူတို့လမ်းမှား၍ စစ်တပ်ချီတက်လာမိရာ စွန်းလွန်းရွာ အမှတ်အသားနှင့် ချောက်ကမ်းပါးများရှိကြောင်းကို သိထားသော်လည်း ဤနေရာတွင် မရှိဘူးထင်၍ ချီတက်လာရာ ချောက်ကမ်းပါးသို့ ထိုးကျရန် ကိုက်အနည်းငယ်လိုတော့ကြောင်း၊ ထိုအချိန်တွင် ကျွန်တော်က သူတို့စစ်တပ်ကြီးအား ရပ်ခိုင်းကြောင်း၊ ကလေးသူငယ်တစ်ယောက်ပင်ဖြစ်သော်လည်း ဤသို့ ရပ်ခိုင်းခြင်းမှာ အကြောင်းရှိ၍ ရပ်ခိုင်းခြင်းကို သူတို့နားလည်ကြောင်း၊ ရန်သူသော်လည်းကောင်း၊ အန္တရာယ်သော်လည်းကောင်း ရှိ၍သာ ရပ်ခိုင်းခြင်းဖြစ်လိမ့်မည်ဟု ကြိုတင်မျှော်မှန်းကြောင်း၊ စစ်တပ်ကြီးချီတက်ရာ စစ်လမ်းမကြီး ရှေ့တည့်တည့်တွင် တကယ်ပင် ချောက်ကမ်းပါးကြီးမှာ ခံနေသည်ကို ထိုကလေးပြမှ သိရကြောင်း။ထို့ကြောင့် ဤကလေး၏ကျေးဇူးကို တုံ့ပြန်ရမည်ဖြစ်ကြောင်းများ ပြောပြပါသည်။

ကျွန်တော်တို့နေသောအိမ်မှာ မြင်းခြံသောင်၏ အနောက်ဘက်တန်း အဆုံးတွင် ပါရှိပြီး အိမ်မှာ အနောက်ဘက် ဆင်ခြေလျှောအမြင့်ဖြင့် တက်သွားလျှင် ပေ ၃၀ လောက်အရောက်တွင် ကုန်းလွင်ပြင်ထိပ်သို့ ရောက်ရှိပါသည်။ညတွင်းချင်းပင် စစ်သားများက ကျွန်တော်တို့နေသော အိမ်ထရံကို နောက်ခံပြုကာ သံတန်းများစိုက်ပြီး တံတားခင်းသော သံပြားမျိုးများကိုထောင်၍ အကာပြုလုပ်ပါသည်။ စစ်အတွင်းနေကြသော အိမ်ဖြစ်၍ အိမ်မှာ လူတစ်ရပ်လွတ်သာဖြစ်ပြီး ခပ်နိမ့်နိမ့်ဖြစ်သဖြင့် သံပြားကြီးလေးစင်းလောက် ကာရံလိုက်သည်နှင့် အိမ်မြင့်မိုရ်အလယ်လောက် ရောက်သွားပါသည်။သူတို့လုပ်လိုက်ကြသော သံဝင်းထရံသဘောမျိုးကြီး အကာပေမှာ အမြင့် ၇ ပေလောက်ရှိပြီး အလျားမှာ ၁၅ပေလောက် ရှိပါသည်။ ထိုသို့ပြုလုပ်ပြီးနောက် စစ်တပ်ကြီးမှပါလာသော ရိက္ခာများအား ယူလာကြရန် နီဂရိုးစစ်ဗိုလ်ကြီးက အမိန့်ပေးခေါ်လိုက်ပြီး ဆက်လက်အော်ဟစ် အမိန့်ပေးလိုက်ပြန်ပါသည်။နီဂရိုးစစ်ဗိုလ်ကြီး၏ အမိန့်အတိုင်း စစ်သားများက ရိက္ခာများအား လက်ဆင့်ကမ်းသယ်ယူကာ ကုန်းထိပ်မှ ဆင်ခြေလျှောအတိုင်း လှိမ့်ချ၍ ပေးလိုက်ကြပါတော့သည်။သူတို့လှိမ့်ချလိုက်သော ဘူးများမှာ အရှိန်ဖြင့် လိမ့်ကျလာပြီး သံဝင်းထရံကြီးဆီသို့ရောက်ကာ ရပ်သွားကြပါသည်။ဤသို့ လှိမ့်၍ လှိမ့်၍ချထားလိုက်သော အသားဘူးများ၊ ယိုဘူးများ၊ သစ်သီးဘူးများ၊ ချိစ်ဘူးများ၊ နို့စိမ်းဘူးများ၊ နို့ဆီဘူးများ စသည့်ဘူးမျိုးစုံအပြင် စီးကရက်သေတ္တာ၊ ဆပ်ပြာသေတ္တာ အမွှေးများအပြင် လူသုံးကုန်များ၊ သွားတိုက်ဆေးပါမကျန် အတော်စုံလင်ပြီး ကာထားသော သံဝင်းထံရံကြီးပြည့်မှ ရပ်လိုက်ကြပါ

တော့သည်။သူတို့ပေးသော ပစ္စည်းများမှာ ကားကြီးတစ်စီးတိုက်ထက် မနည်းပါ။စစ်တပ်ကြီးလည်း ဤမှာပင် တပ်စခန်းချကာ နားလိုက်ကြပါတော့သည်။နောက်ရက်တွင် နီဂရိုးစစ်ဗိုလ်ကြီးက ကျွန်တော့်အား နိုင်ငံခြားသို့ပို့ပြီး လေယာဉ်မောင်းသင်ပေးမည်ဖြစ်ကြောင်း ပြောပါသည်။လူကြီးမိဘများ၏ဆန္ဒကို သူတို့မေးမြန်းကြရာ ကျွန်တော့်အမေက ကျွန်တော့်ကို မထည့်ပါ။ အဖေကမူ ကျွန်တော့်အား "ငါ့သား လူလေးရာ စစ်ဖြစ်နေတဲ့အခါ ဘယ်သူသေလို့ ဘယ်သူရှင်မှန်းမသိ မသွားချင်ပါနဲ့ကွာ"ဟု ပြောပါသည်။ကျွန်တော်လည်း အဖေ့ စကားနားထောင်ပြီး သူတို့ပြောတဲ့ အစီအစဉ်ကို ငြင်းဆန်လိုက်ပါသည်။ကျွန်တော့်ကို စစ်တပ်က အသားဘူးများပေးသည့် သတင်းက တောမီးပမာ ပျံ့နှံ့သွားပါသည်။ လိုချင်၍ တောင်းသူ၊ စားချင်၍ လာတောင်းသူ၊ မမြင်ဘူး၍ ကြည့်ချင်သဖြင့် ပေးပါဆို၍ လာတောင်းသူ၊ မစားဘူး၍ စားချင်၍ လာတောင်းသူ အိမ်မှာ လူမစဲပါ။ သိုးသားဘူးကြီးများမှာ လခြမ်းသဏ္ဌာန်လို အလယ်ချိုင့်ကြီးများနဲ့ ဖြစ်ပါသည်။ အညှီနံ့ ပျောက်အောင် အတော်ချက်ယူရပါသည်။ချက်ပြီး အေးသွားသောအခါ အဆီများ ခဲနေတတ်ပါသည်။ကျွန်တော်ကြိုက်သည်မှာ သစ်သီးဘူးများ ဖြစ်ပါသည်။ သစ်သီးဘူးများမှာ နို့မှုန့်ဘူးအကြီးအရွယ်လောက်ရှိပြီး ဖောက်လိုက်လျှင် အဝါများက အလွန်သောက်ကောင်းပြီး သစ်သီးခြမ်းများက မာဆတ်ဆတ်ဖြင့် စား၍ကောင်းပါသည်။ချိုမြိန်သော အရသာမျိုးဖြစ်ပါသည်။ချိစ်ဘူးများမှာ အရွယ်အမျိုးမျိုး ဘူးကြီး ဘူးလတ် ဘူးသေး စုံလင်လှပါသည်။ကျွန်တော်တို့မှာ ချိစ်ဘူးကို ဖောက်ပြီး ဓားနဲ့ပါးပါးလှီး မစားတော့ပါ။ပေါင်မုန့်ရှားသောအချိန်အခါဖြစ်၍ ပေါင်မုန့်နဲ့လည်း တို့မစားရပါ။သည်အတိုင်းပင် ကြေးဇွန်းနဲ့ကော်ပြီး စားပါသည်။တစ်ခါစားလျှင် ဘူးသေး တစ်လုံးသာသာလေး ကုန်သွားပါသည်။

ကျွန်တော့်မှာ ငယ်ငယ်ရွယ်ရွယ်ကပင် ဆေးလိပ်သောက်တတ်နေပြီ ဖြစ်ပါသည်။ စွန်းလွန်းဂူကျောင်းတွင် နေစဉ်က လေယာဉ်ပျံလာသောအခါ ဗုံးကျင်းထဲတွင်ပုန်းရင်း ကျွန်တော့် အစ်ကိုဝမ်းကွဲတော်သူ အရီးဒေါ်အုန်း(အုန်းအုန်း)၏သား ကိုလာဘကြီးက ကျွန်တော်အား စီးကရက်သောက် သင်ပေးခဲ့ပါသည်။ဆေးလိပ်ကို မည်သို့ဖွာပြီး မည်သို့ရှိုက်လိုက်ရသည် စသည်ဖြင့် နောက်တော့လည်း ကျွန်တော်သည် သူသင်ပေးသည့်အတိုင်း ဆေးလိပ်သောက်တတ်လာပါသည်။ကျွန်တော့်ကိုပေးသည့်အထဲတွင် စီးကရက်သံဘူးများ အများကြီးပါလာပါသည်။ ဂိုးဖလိပ် ကပ်ပီကန် နေဗီကပ် ရွှက်လှေ ငါးသုံးလုံး စုံလင်လှပါသည်။အရီးဒေါ်စံမေက ဤပစ္စည်းများကို သိမ်းဆည်းပြီး ပေးသင့်သူပေး၊ ကျွေးသင့်သူကျွေး ပြုလုပ်ပါသည်။အမေရိကန်စစ်တပ်ကြီးမှာ ဖျောက်ဆိပ်ပင်လွင်ပြင်တွင် ၃ ရက်ခန့်သာ နေပါသည်။နေသော ၃ ရက်ခန့်အတွင်း၌လည်း ကမ်းပါးချောက်ကြီးအားဆင်းရန် လမ်းများဖောက်လုပ်ကာ အလုပ်များနေပါသည်။

စစ်တပ်ကြီး ရွှေ့သွားပြီး ကျွန်တော်တို့မှာ ပေါ့ဟာဟာကြီး ဖြစ်နေရစ်ခဲ့ပါသည်။အရီးဒေါ်စံမေသည် ဤပစ္စည်းများနှင့်ပင် အလှူကလေး လှူလိုက်ပါသေးသည်။ကျွန်တော်တို့နေသော မြင်းခြံသောင်သို့ တစ်ရက်တွင် မန္တလေးက အဖေ့မိတ်ဆွေများ ရောက်လာပါသည်။သုံးတန်ကားကြီးတစ်စီးပါပြီး ဆီပေပါခွံများ အလွတ်တင်လာကာ မန္တလေးတွင် စားသုံးဆီများပြတ်နေ၍ မြင်းခြံနဲ့ ပုဂံညောင်ဦးမြို့များတွင် ဆီလာရှာကြောင်း ပြောပါသည်။ထိုအဖွဲ့ကို ခေါင်းဆောင်လာသူမှာ မန္တလေးမှ ဆီ ဦးဘသော်ဆိုသူဖြစ်ပြီး သူ၏တူ ဦးထွန်းအောင်၊ ကိုဘဆန်းနှင့် မိတ်ဆွေ ဦးတင်ကြီး၊ အခြား ၂ ဦးတို့ဖြစ်ကြပါသည်။ဆီ ဦးဘသော်မှာ အရပ်ထောင်ထောင်မောင်းမောင်း အသားဖြူဖြူ မျက်လုံးမျက်ကွင်းကောင်းကောင်းဖြစ်ပြီး အနည်းငယ် ဝပါသည်။ ဦးထွန်းအောင်မှာ

အသားညိုညို မနိမ့်မမြင့် မျက်ခုံးကောင်းကောင်းဖြစ်ပြီး ကိုဘဆန်းမှာ အသာဖြူဖြူ အရပ်နိမ့်နိမ့် မျက်နှာခပ်ရှင်ရှင်ဖြစ်ပြီး ဦးတင်ကြီးမှာ ဖိုးသမားကြီးရုပ် ပေါက်နေပြီး ကွမ်းစားကာ မျက်နှာ လေးထောင့်နှင့် ဖြစ်ပါသည်။အဖေက ကျွန်တော့်အား "မန္တလေးလိုက်သွားပါလား မင်းအစ်ကို လည်း ရှိသားပဲ"ဟု ပြောပါသည်။ဆီ ဦးဘသော်က လိုက်ခဲ့ပါကွ မင်းအစ်ကိုဆီ ငါရောက်အောင် ပို့ပေးမယ်ဟု ပြောပါသည်။ကျွန်တော်တို့ အစ်ကိုအကြီးဆုံးဖြစ်သူ အစ်ကို ကိုလှဒင်မှာ မန္တလေး မြို့ရှိ ဆိုင်းဆရာကြီး စိန်ဗေဒါထံတွင် ပညာများယူပြီး မန္တလေးတွင် နေထိုင်သူဖြစ်ပါသည်။ ဘကြီး ဦးလူဝအလှူတုန်းက အစ်ကို ကိုယ်တိုင်က ဆရာကြီးစိန်ဗေဒါထံတွင် ကျွန်တော့်အား အပ်နှံခဲ့ပါသည်။ထိုစဉ်က ကျွန်တော့်မှာ ကျောင်းစာပင် ကောင်းစွာမတတ်သေး၍ ဆရာကြီးက တပည့်အဖြစ် လက်ခံပြီးသော်လည်း စာပေပညာများ အရင်တတ်ရန် သင်ပါဦးဟု ပြောကာ ထားခဲ့သဖြင့် နေရခြင်းလည်း ဖြစ်ပါသည်။ယခုတော့ အခန့်သင့်ပြီး မန္တလေးသွားမည့်ကားက ကြုံနေပါပြီ။ ကျွန်တော် ဆီ ဦးဘသော်(ဘကြီးသော်)တို့ ကားနဲ့ လိုက်ခဲ့သောရက်မှာ ၁၃၀၇ခု ပထမ ဝါဆိုလဆန်း ၁၂ ရက်ဖြစ်ပါသည်။မြင်းခြံက ပုဂံညောင်ဦးသို့ ဆက်ထွက်လာပြီး ပုဂံ ညောင်ဦးတွင် ရသမျှ ဆီထပ်ရှာရန် ဝယ်ယူရန်ဖြစ်ပါသည်။ကျွန်တော်သည် နီဂရိုးစစ်ဗိုလ်ကြီးက ပေးခဲ့သော ပစ္စည်းများထဲမှ ကျန်နေသေးသော ပစ္စည်းများကို စုဆောင်းယူခဲ့ပါသည်။စီးကရက် များ၊ ရေမွှေးဆပ်ပြာများ၊ ချိစ်ဘူးများနှင့် ဂျင်ယိုဘူးများ ပါလာပါသည်။လမ်းတွင် ဦးတင်ကြီး၊ ကိုဘဆန်းတို့က ပြောကြပါသည်။သူတို့ပြောတာလည်း ကျွန်တော့်စိတ်ထဲမှာ အဟုတ်မှတ် ပါသည်။သူတို့ပြောပြသည်မှာ ကျွန်တော့်အစ်ကိုတွင် ဗိုလ်မကလေးတစ်ယောက်နဲ့ ဇနီးအဖြစ် လက်ထပ်ထားကြောင်း၊ ဒါကြောင့် နိုင်ငံခြားက သီးခြားမှာယူသော ဆပ်ပြာများနဲ့သာ ချေးတွန်း ကြောင်း၊ ယခုပါလာသော ဆပ်ပြာများမှာ သာမန်အမွှေးခဲမျိုးသာဖြစ်၍ သူတို့က မသုံးကြောင်း၊ ထို့ကြောင့် သူတို့အား ပေးရန်ပြောပါသည်။ကျွန်တော်တို့သွားရာ လမ်းခရီးတွင် ထမင်းဆိုင်များ မရှိပါ။တစ်ခါတစ်ရံ ရောက်သည့်မြို့ရွာတွေမှာ ကျွန်တော်ပါလာသော ပစ္စည်းများနဲ့ ထမင်းနဲ့ လဲပြီး စားကြ သောက်ကြရပါသည်။ဘကြီးသော်ကတော့ ရောက်သည့်မြို့များတွင် ဆီတွင်တွင် ရှာပြီး ဝယ်ပါသည်။သွားသည့် နေရာတိုင်းမှာ မဟာမိတ်စစ်တပ်များနဲ့ မကြာခဏဆုံကြပါသည်။ ထိုအခါတွင် သူတို့က ကားအား ရှာဖွေကြပါတော့သည်။ကျွန်တော်စားဖို့အတွက် ဘကြီးသော်က နို့ဆီဘူးများကို ဓာတ်ဆီတိုင်ကီထဲတွင် ထည့်ဝှက်ယူလာပါသည်။အချို့မြို့တွင် နှစ်ည၊ အချို့ နေရာများတွင် တစ်ညအိပ်ပြီးလာခဲ့ကြရာ တစ်နေ့သောနံနက်ပိုင်း ထမင်းစားချိန်လောက်တွင် ကူမဲဆိုသောမြို့သို့ ရောက်ရှိကြပါသည်။ကူမဲမြို့ဟု ဆိုရငြားသော်လည်း မြို့နဲ့မတူပါ။ရွာကြီးကြီး တစ်ရွာနဲ့သာ ပို၍တူပါသည်။ထမင်းဆိုင် မရှိပါ။ လမ်းဘေးအကြော်ဆိုင်တစ်ခုတွင် ကားရပ်ကာ ထမင်းအစား အကြော်များကို အဝစားကြရပါသည်။ကျွန်တော်ကမူ အကြော်များစားရသည့် အပြင် ဘကြီးသော်က ဓာတ်ဆီတိုင်ကီထဲမှထုတ်၍ နို့ဆီဘူးကို ရေဆေးပြီး ဖောက်ပေးပါသည်။ ကျွန်တော်က တစ်ယောက်တည်းမစားဘဲ အားလုံးကို ကျွန်တော်က ကျွေးပါသည်။သူတို့က ရေနွေးကြမ်းနဲ့ မြည်းလိုက်ကာ အပြတ်ရှင်းလိုက်ပါသည်။ကူမဲတွင် ကားပြင်နေကြသဖြင့် နေတော်တော်စောင်းမှ ထွက်လာကြပါသည်။ကျွန်တော်ရောက်ချင်သော မန္တလေးကို ညဦးပိုင်း မှောင်နေသောအချိန်တွင် ဝင်လာကြပါသည်။ဘယ်နေရာက ဘာရှိတယ်ဆိုတာ အလွန်မှတ်သား ချင်သော်လည်း မှတ်မရပါ။မြင်းခြံတုန်းကလိုပင် မီးလောင်ပြာ်နံ၊ ဆီချေးနံများက တဝေ့ဝေ့ တသင်းသင်း။အချို့နေရာများတွင် မီးရောင် လုံးဝမရှိပါ။မှောင်မဲနေသောမြို့ကြီးသာ ဖြစ်ပါသည်။

တကယ်တော့လည်း ဒုတိယကမ္ဘာစစ်က မပြီးသေး။မန္တလေးတစ်ဝိုက် အချို့နေရာများတွင် ဂျပန်များက ပြေးတုန်း လွှားတုန်း။

ဘကြီးသော်အိမ်သို့ ရောက်ပါသည်။ရွှေတချောင်းနံဘေး၊ ဈေးချိုတော်အနောက်ဘက် နာရီစင်လမ်း အနောက်ဆင်းသော နေရာနားတွင် ရှိပါသည်။ ရောက်သည့်ညက ဘကြီးသော် အိမ်မှာပဲ အိပ်ကြပါသည်။ကျွန်တော် တော်တော်နဲ့အိပ်မပျော်ပါ။ကျွန်တော့်အစ်ကိုအကြောင်း စဉ်းစားနေမိပါသည်။အစ်ကိုသည် ဗိုလ်မ မျက်နှာဖြူကို လက်ထပ်ယူထားသည်ဆိုကတည်းက အိမ်ကလည်း အကြီးကြီး။ နှစ်ထပ်တိုက်အိမ်ကြီး ဖြစ်လိမ့်မည်။အိမ်ခါးပန်းတွင် အဖြူကြီးများ သုတ်ထားပြီး လသာဆောင်လည်း တော်တော်ကျယ်လိမ့်မည်။အိမ်ကို အုတ်ဝင်းထရံ တံတိုင်းမျိုး ကာရံထားပြီး အုတ်တံတိုင်းရှေ့အဝင်ပေါက်တွင် ဗိုလ်ခွေးကြီးနှစ်ကောင် နားရွက်ဖားကြီးများ ငွေလည်ပတ်ကြီးများနဲ့ စောင့်နေလိမ့်မည်။အစ်ကိုဇနီး မျက်နှာဖြူ ဗိုလ်မက အတော် ချောမောလှပပြီး ဂါဝန်ပဲ ဝတ်နေလိမ့်မည်။အိမ်ရှေ့တွင်လည်း အင်္ဂလိပ်တိုက်ပန်းပင်များက ဝေဝေဆာဆာပွင့်နေကြလိမ့်မည်ဟု စိတ်ကူးဖြင့် ရော်ရမ်း၍ တွေးတောရင်း အိပ်ပျော်သွားပါ သည်။နောက်တစ်နေ့ နံနက်လင်းသောအခါ ဘကြီးသော်က ကျွန်တော့်ကို စားဆီ အရောင်း အဝယ် သင်ပေးမည်ဟု ပြောပါသည်။ ကျွန်တော်က ဆီအရောင်းအဝယ် မသင်ချင်ပါ။ ဆိုင်းအတီးသာ သင်ချင်ပါသည်ဟု ပြောပြပါသည်။

ဘကြီးသော်က ကျွန်တော့်အား အစ်ကိုရှိရာသို့ ကိုဘဆန်းအား လိုက်ပို့ခိုင်းပါသည်။ ကိုဘဆန်းက မြင်းရထား လေးဘီးတပ်တစ်စီးငှားပြီး ပစ္စည်းများတင်ကာ နှစ်ယောက်သား ထွက်လာကြပါသည်။ကျွန်တော်စီးလာသော မြင်းရထားမှာ မြင်းခြံတွင်နေစဉ်က သတင်းစာယူ ရင်း နောက်မြီး ခိုးခိုးစီးသော မြင်းရထားမျိုး ဖြစ်ပါသည်။

အစ်ကိုတို့နေသောအိမ်ရှေ့ရောက်သောအခါ အလွန်အံ့အားသင့်မိပါသည်။ကျွန်တော် ထင်သလို ဗိုလ်အိမ်ကြီးမဟုတ်ပါ။ခွေးကြီးတွေလည်း မရှိပါ။ မြင်းခြံသောင်တွင် နေခဲ့သော အိမ်မျိုးဖြစ်ပြီး သူ့ထက်နည်းနည်းမြင့်ကာ မြေစိုက်မဟုတ်ဘဲ တစ်ထိုင်လွတ် ကြမ်းခင်းထားသော အိမ် ဖြစ်ပါသည်။ကိုဘဆန်းက ပစ္စည်းများ ကူညီချပေးပြီး

"ကိုလှမောင် ကိုလှမောင် ခင်ဗျားညီ ပါလာတယ်ဟု ပြောလိုက်ပါသည်။" ထိုစဉ် အိမ်ထဲမှ အမျိုးသမီးတစ်ယောက် ထွက်လာပါသည်။အသားဖြူဖြူ ပိန်ပိန်သွယ်သွယ် မျက်လုံးကောင်းကောင်း။

ကိုဘဆန်းက သူထွက်လာတော့ ထပ်ပြောလိုက်သည်။"အစ်မရေ ဒါ ကိုလှမောင်ညီ မြင်းခြံက ကျွန်တော်တို့ ခေါ်လာတာ"ဟု ပြောရင်း ပစ္စည်းများကို အိမ်ထဲသို့မကာ သယ်ပေးပါ သည်။ပြီးတော့ ကိုဘဆန်းက နှုတ်ဆက်ကာ ပြန်သွားပါသည်။ကျွန်တော့်ကိုလည်း နောက် အားသောရက်များတွင် လာဦးမည်ဖြစ်ကြောင်း ပြောသွားပါသည်။

ထိုအမျိုးသမီးမှာ ကိုဘဆန်းတို့ပြောသော မျက်နှာဖြူဗိုလ်မ မဟုတ်သော မြန်မာ အမျိုးသမီး အစ်ကို၏ဇနီး ဖြစ်နေပါသည်။"လူလေး လာ လာ ပြောရင်း" ကျွန်တော့်အား ထိုင်စရာ ကုလားထိုင်တစ်ခု ပေးပါသည်။ နောက်ပြီး "မင်းအစ်ကို ပွဲတီးသွားကြတယ်။တံမြက်စည်းစုကို သွားတီးကြတယ်။ဘီသိက်ပြီးရင် ပြန်လာမှာပါ" ကျွန်တော့်နားထဲတွင် တံမြက်စည်းစုဆိုသော စကား၊ ဘီသိက်ဆိုသော စကားများက ဆန်းဆန်းသလိုလိုလေး ဖြစ်နေပါသည်။

ကျွန်တော် ထိုင်သောနေရာနှင့် မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းတွင် ဝါးပတ္တလားတစ်ခု

ရှိပါသည်။ကျွန်တော်သည် ပတ္တလားကိုမြင်သည်နှင့် ချက်ချင်းထသွားကာ ဝါးပတ္တလားကို တီးလိုက်ပါသည်။ကျွန်တော်သည် ပတ္တလားတီး ကြမ်းပါသည်။

"ဟဲ့ ဟဲ့ မတီးနဲ့ လူကြီးတွေ မနိုးသေးဘူး"ဟု ကျွန်တော့်ကို လှမ်းတားလိုက်ပါသည်။ ကျွန်တော့်ကို လှမ်း၍တားလိုက်သည်မှာ အခြားပုဂ္ဂိုလ်မဟုတ် ရှာစားကြီး စိန်ဗေဒါ၏ဇနီး ဒေါ်စိန်မေပင်ဖြစ်ကြောင်း နောက်မှသိရပါသည်။အစ်ကို၏ဇနီးက ကျွန်တော့်အား လက်ရပ်ခေါ် ရင်း "လာလာ လူကလေး ရော့ မုန့်သွားစားချေ"ဟု ပိုက်ဆံတစ်မတ်ပေးပါသည်။ကျွန်တော်က အစ်ကို့ဇနီးပေးသော မုန့်ဖိုးတစ်မတ်ကိုယူရင်း ကြမ်းစင်ပေါ်မှ ဆင်းလိုက်ပါသည်။

"ဟောဟိုအပြင်ဘက်တန်းမှာ လက်ဖက်ရည်ဆိုင်လည်း ရှိတယ်။ အကြော်ဆိုင်လည်း ရှိတယ် သွားစားချေ"ဟု ပြောပါသည်။

ကျွန်တော်က သူပြောသည်ကို ခေါင်းညိတ်လိုက်ရင်းက

"ဟုတ်ကဲ့ မမ"ဟု ပြောလိုက်ပါသည်။

ထိုအချိန်ကစ၍ ကျွန်တော်သည် အစ်ကို့ဇနီးအား မမဟုပင် အမြဲခေါ်ပါသည်။ ကျွန်တော့်မှာ စွန်းလွန်းတွင်ရှိသော အစ်မများအပြင် ယခု အစ်မတစ်ယောက် တိုးလာပြီဖြစ်၍ ဝမ်းသာနေပါသည်။ကျွန်တော် မန္တလေးကို ရောက်သည့်နေ့မှာ ၁၃၀၇ခု၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်နေ့ ဖြစ်ပါသည်။

နေ့လယ် နာရီပြန် ၂ ချက်လောက်တွင် အစ်ကို ဆိုင်းတီးရာမှ ပြန်လာပါသည်။ အစ်ကိုက ကျွန်တော်ရောက်၍ ဝမ်းသာနေပါသည်။မြင်းခြံအကြောင်း၊ စွန်းလွန်းအကြောင်းတွေ အများကြီးမေးပါသည်။ကျွန်တော်တို့ ညီအစ်ကို စကားပြောနေသည်ကို မမက လှမ်းလှမ်းကြည့် နားထောင်ပါသည်။ကျွန်တော့်အစ်ကိုကို မည်သူကမျှ ကိုလှဒင်ဟု မခေါ်ကြတော့ပါ။ကိုလှမောင်သာ ခေါ်ကြသည်ကို တွေ့ရ ပါသည်။အစ်ကို့ဇနီးအမည်မှာ မလှတင်ခေါ်ကြောင်း သိရပါသည်။ ကျွန်တော် မန္တလေးကိုရောက်ပြီးနောက် ကျွန်တော်တို့ မြင်းခြံစွန်းလွန်းမှာသုံးသော အသုံးအနှုန်း အချို့ကို မမက ပြင်ပေးပါသည်။ဆန္ဒွန်းရေတွန်းအစား ဆန္ဒွင်းရေတွင်းဟူ၍ သေတ်သံက ဦးစား ပေးထွက်ရန်နှင့် ငါး၊ ခြောက်၊ ခွင် ဟု ဂဏန်းများ ရေတွက်ရာတွင် ခွင်အစား ခွန်နှစ်ဟူ၍ ခေါ်ဆိုစေပါသည်။အင်္ကျီ လုံချည်များ လျှော်ဖွပ်ရာ အဝစ်ဖွစ် အစား အဝတ်ဖွပ်ဟု သုံးနှုန်းစေ သည်။မြင်းခြံမှာတုန်းက ကျွန်တော့်အဖေက "မန္တလေးမှာ မင်းအစ်ကိုရှိတယ် လိုက်သွားပါ လား"ဟု ပြောသဖြင့် လိုက်ပါ၍ မန္တလေးကို ပညာသင်လာတာလား အလည်လိုက်တာလား မသိပါ။ယခုမူ ကျွန်တော် တဖြည်းဖြည်းနဲ့ မန္တလေးက မပြန်ဖြစ်တော့ပါ။

အစ်ကိုတို့နဲ့ အတူနေများကား အတော်များပါသည်။ရှာစားကြီးစိန်ဗေဒါ၏ဇနီး ဒေါ်စိန်မေ၊ အဘွားသင်း (ဒေါ်စိန်မေ၏အဒေါ်)၊ ဦးလွင် ရှာစားကြီးစိန်ဗေဒါ၏ ပတ်မတီး၊ ကိုဘငွေ-မသိန်းရင် (ရှာစားကြီးစိန်ဗေဒါ၏ မွေးစားသားနှင့်ချွေးမ)၊ ဆိုင်းဆရာ စိန်ကျော်တင့် နှင့်ဇနီး မသန်းဆင့်၊ မသိန်းတင်နှင့် သား ခင်မောင်ဝင်း၊ မသိန်းတင်မှာ ဒေါ်စိန်မေ၏တူမ ဖြစ်သည်။အစ်ကို ကိုလှဒင် (ကိုစိန်လှမောင်) နှင့် ဇနီး မလှတင်၊ မလှတင်မှာ ရှာစားကြီးစိန်ဗေဒါ နှင့်ဇနီး ဒေါ်စိန်မေတို့၏ မွေးစားသမီး ဖြစ်ပါသည်။ကျွန်တော်နှင့် စုစုပေါင်း ၁၂ ယောက် နေထိုင်သော အိမ်ဖြစ်လာပါသည်။

* * *

ရှာစားကြီးစိန်ဗေဒါ၏ဇနီး ဒေါ်စိန်မေကို အဘွားသင်းက အစိန်ဟုခေါ်ပြီး စိတ်ဆိုးလျှင် ငဲ့ ငစိန်ဟု ခေါ်တတ်ပါသည်။ပတ်မတီး ဦးလွင်က မမဟုခေါ်ပြီး ကျန်သူများက အမေဟုခေါ်ကြပါသည်။အဘွားသင်းကို အမေ ဒေါ်စိန်မေက အစ်မလေးဟုခေါ်ပြီး၊ ပတ်မတီး ဦးလွင်ကို ဖိုးလွင်ဟု ခေါ်ပါသည်။ အဘွားသင်းကတော့ မောင်လွင်ဟု ခေါ်ပါသည်။ဦးလွင်က အဘွားသင်းကို အဒေါ်ဟု ခေါ်ပါသည်။ ဦးလွင်ကို ကျန်သူများက ဦးလေးလွင်ဟု ခေါ်ပါသည်။ အဘွားသင်းကို ဘွားဘွားဟု ခေါ်ကြပါသည်။အဘွားသင်းမှာ အပျိုကြီး စိတ်ကြမ်းကိုယ်ကြမ်းဖြစ်ပြီး အားလုံးကို သူကအုပ်ချုပ်သည့်သဘောဖြစ်ပါသည်။ စိန်ကျော်တင့်မှာ ရှာစားကြီးစိန်ဗေဒါ၏နေရာတွင် ဆက်ခံ၍ ခေါင်းဆောင်တီးသောတပည့်ဖြစ်ပြီး သူ့ဇနီး မသန်းဆင့်မှာ ရှာစားကြီး စိန်ဗေဒါ၏ မွေးစားသားကိုဘဌေးနှင့် မောင်နှမအရင်း ဖြစ်ပါသည်။စိန်ကျော်တင့်က သူ့ဇနီး မသန်းဆင့်ကို မသန်းဆင့်ဟုခေါ်ပြီး  မသန်းဆင့်က သူ့ယောကျ်ား စိန်ကျော်တင့်ကို ကိုကျော်တင့်ဟု ခေါ်ပါသည်။အစ်ကိုက သူ့ဇနီး မလှတင်ကို မလှတင်ဟုခေါ်ပြီး အစ်ကို့ဇနီးကမူ အစ်ကို့အား မည်သို့မျှ နာမည်မခေါ်ပါ။တစ်ခါတလေ ဒီမယ် ဟိုလေဟု သုံးနှုန်းခေါ်တတ်ပါသည်။ကိုဘဌေးတို့ လင်မယားမှာ နာမည်ထုတ်၍ တစ်ယောက်နဲ့တစ်ယောက် ခေါ်ဆိုကြပါသည်။အစ်ကို့၏ဇနီး မမက ကိုဘဌေးအား မောင်ဟု တစ်လုံးတည်းခေါ်ပါသည်။ကိုဘဌေးနှင့် အစ်ကို့ဇနီးကို ရှာစားကြီး စိန်ဗေဒါနှင့်ဇနီး ဒေါ်စိန်မေတို့က သားနဲ့သမီးအဖြစ် မွေးစားထားသူများ ဖြစ်ပါသည်။ကိုဘဌေးက အစ်ကို့ဇနီးအား လှတင်ဟု ခေါ်ပါသည်။ သူတို့နှစ်ယောက်မှာ တကယ့်မောင်နှမအရင်းကဲ့သို့ နေထိုင်ပြောဆိုဆက်ဆံကြသည်ကို တွေ့ရှိရပါသည်။မသိန်းတင်ကမူ အားလုံးကို နာမည်များသာခေါ်ပြီး ဒေါ်စိန်မေကို အမေ၊ အဘွားသင်းကို ဘွားဘွား၊ ဦးလွင်ကို ဦးလေးလွင်ဟု ခေါ်ပါသည်။ကျွန်တော်ကမူ ဘွားဘွား၊ အမေ၊ ဘကြီးလွင်၊ ကိုကျော်တင့်၊ မသန်းဆင့်၊ မသိန်းတင်၊ အစ်ကိုနဲ့ မမ၊ ကိုကိုဌေး၊ မမသိန်း၊ အဝင်းဟု ခေါ်ပါသည်။မသိန်းတင်၏သား ခင်မောင်ဝင်းကို ကျွန်တော်တို့အားလုံးက အဝင်းဟုခေါ်ကြပါသည်။အဝင်းမှာ လသားအရွယ်မျှရှိပြီး မသိန်းတင်မှာ သူ့ယောကျ်ားနှင့် ကွဲနေသူဖြစ်ပါသည်။

ရှာစားကြီးစိန်ဗေဒါမှာ မြန်မာဘုရင် သီပေါမင်း၏ ရွှေသိုင်းလေးချက်နှင့် နေမျိုးဗလကျော်သူဘွဲ့တံဆိပ်ရ နိုင်ငံကျော်ဆိုင်းဆရာကြီး ဖြစ်ပါသည်။ ရှာစားကြီး စိန်ဗေဒါကို အားလုံးက အဘဟုခေါ်ကြပြီး အမေ ဒေါ်စိန်မေက

သူ့ယောက်ျားအား ကိုမောင်လေးဟုခေါ်ပြီး ဘွားဘွားက မောင်လေးဟုခေါ်ပါသည်။ဘကြီးလွင်က ဆရာဟု ခေါ်ပါသည်။

ကျွန်တော့်မှာ မြင်းခြံ စွန်းလွန်းတွင်နေစဉ်က အဖေနဲ့အမေ ကွဲနေသည်ဖြစ်၍ အဖေနဲ့နေရပြီး အမေနဲ့ကွဲကွာကာ အမေငတ်နေခဲ့ရပါသည်။ယခုမူ ဆရာကတော်ကြီး ဒေါ်စိန်မေကို အားလုံးခေါ်သလိုပင် ကျွန်တော်က အမေဟု ခေါ်လိုက်ပါသည်။ခေါ်စတော့ နည်းနည်းရှက်ပါသည်။ဒါပေမဲ့ အမေနဲ့ အမေတူပါသည်။မွေးမိခင် ဒေါ်မြမှုံနှင့် ဆရာကတော်ကြီး အမေဒေါ်စိန်မေတို့မှာ အသားဖြူတာ အရပ်နည်းနည်းပုတာ နည်းနည်းတော့ တူညီကြပါသည်။

* * *

# ကျွန်တော်ရောက်တဲ့နေရာ

ဘကြီးလွင်မှာ အိမ်ခေါင်းရင်းတွင် အဖီလေးတွဲလျက်ချထားပြီး ထိုအဖီလေးထဲမှာ နေပါသည်။ကျွန်တော်ရောက်နေသော ရပ်ကွက်မှာ မန္တလေးမြို့ အနောက်မြောက်ပိုင်း မင်းတဲအီကင်း စက်မြေရပ်ကွက်ဖြစ်ပြီး ရတနာမဥ္ဇူ ဘုရားအနီး ဖြစ်ပါသည်။အိမ်အနောက်ဘက်တွင် ဘုန်းတော်ကြီး ဦးညာနုတ္တရ ကျောင်းရှိပြီး ကျောင်းဝိုင်းလွန်က ကွက်လပ်ကြီးတစ်ခုရှိပြီး ထိုးကွက်လပ်ကြီး အနောက်ဘက်တွင် ရတနာမဥ္ဇူ ဘုရားအရှေ့ စောင်းတန်းဖြစ်ပါသည်။ ဇရပ်တွေအများကြီးရှိပါသည်။

ကျွန်တော်ရောက်သောအချိန်မှာ ရေကြီးချိန်ဖြစ်သဖြင့် မန္တလေးတွင် မြစ်ရေတွေက တအားတက်နေပါသည်။ရတနာမဥ္ဇူဘုရား၏ အနောက်မုခ်မှာ မြစ်ဆိပ်သို့ဆင်းသည့် တာရိုးထိပ်တွင် ရောက်နေပါသည်။ကျွန်တော်က မြစ်ဆိပ်သို့ ရေချိုးရတာ အလွန်ပျော်ပါသည်။မြစ်ဆိပ်တွင် သစ်ဖောင်များပြည့်ကျပ်လျက် ရှိနေတတ်ပြီး ထိုသစ်ဖောင်ပေါ်မှ မြစ်ထဲသို့ ဒိုင်ဗင်ထိုးထိုးချပြီး ရေးကူးရတာ အလွန်ပျော်ပါသည်။တစ်ခါတစ်ရံ အစ်ကိုတို့ မမတို့ မသိအောင် မြစ်ဆိပ်သွားပြီး ရေကူးပါသည်။အစ်ကိုတို့ မမတို့ လိုက်လာသောအခါများတွင် မမက ဆိုပါသည်။ "ဟဲ့ မောင်ကို မင်း ရေးကူးတာကိစ္စမရှိဘူး ဖောင်တွေအောက် ဝင်သွားရင် ပြန်ထွက်ဖို့ခက်တယ် တစ်ခါထဲ သေသွားမယ်"ဟု ပြောဆို ငေါက်ပါသည်။ ကျွန်တော့်ကို စိတ်မချ၍ အစ်ကိုရော မမပါ သစ်ဖောင်ပေါ်က ထိုင်စောင့်နေတတ်ကာ အစ်ကိုက ကျွန်တော့်ဘောင်းဘီတိုလေး လက်မှကိုင်ရင်း "လူလေးရာ ဒီလောက်ချိုးရ တော်ရောပေါ့"ဟု ချော့မော့ပြန်ခေါ်တတ်သည်။ ကျွန်တော် ရေချိုးတာ ကိုယ်တုံးလုံးချွတ်ပြီး ချိုးခြင်းဖြစ်ပြီး ထိုစဉ်က ကျွန်တော့်အသက်မှာ ၁၃ နှစ်သားအရွယ်မျှ မရှိသေးသည့်ပြင် လူက အလွန်ပိန်သေးသည်က တစ်ကြောင်း၊ ကျွန်တော်တို့ အရွယ်တွေမှာ သည်တိုင်း ကိုယ်တုံးလုံးရေချိုးကြပါသည်။ကလေးကြီးလေး အရွယ်မျှသာဖြစ်သဖြင့် မည်သူကမျှ ဂရုမစိုက်ပါ။ မကဲ့ရဲ့ပါ။

နောက်ရက်များတွင် တဖြည်းဖြည်းနဲ့ မြစ်ရေ၏ စိမ့်ရေတွေက အနောက်ဘက်ကျောင်းနှင့် ဘုရားရှေ့ ကွင်းပြင်တွင် ပြည့်ပြည့်လာပါသည်။ စိမ့်ရေတွေ၏အရောင်မှာ အစိမ်းပုပ်ပုပ်ဖြစ်ပြီး အနံ့က ညှီစော်နံကာ ကျွန်တော် ရောက်ပြီး ၁၀ ရက်လောက်တွင် စိမ့်ရေများက ပြည့်လျှံပြီး ဘုရားဘက်ကို လှေကလေးနဲ့ ကူးရပါသည်။

အိမ်အရှေ့ဘက် လေးငါးအိမ်ကျော်၍ တောင်ဘက်ထွက်လိုက်လျှင် ကျောက်လမ်းမကြီး ဖြစ်ပါသည်။လမ်းမကြီးဘေးတွင်ကပ်၍ နယူးဘားမား ဦးလှဖေ လက်ဖက်ရည်ဆိုင်ရှိပြီး ဦးလှဖေလက်ဖက်ရည်ဆိုင် တောင်ဘက်တွင် ပုဏ္ဏားဈေး ရှိပါသည်။ပုဏ္ဏားဈေးဆိုသည့်အတိုင်း ပုဏ္ဏားလူမျိုးများရောင်းသည့် ဈေးဖြစ်လျက် ဈေးနှင့်တွဲလျက် တောင်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်များ တွင် ပုဏ္ဏားလူမျိုးများ နေထိုင်ပါသည်။ပုဏ္ဏားဈေးမှာ သားကြီးငါးကြီးများ မရောင်း ပါ။ငါးသေးသေးလေးများသာ ရောင်းချပြီး အများဆုံးရောင်းချသည်မှာ စွန်တာနီ ပဲအညှောင့်ပေါက်များဖြစ်ပြီး ပဲညှစ်ပြီးသားလိုချင်လျှင် ချက်ချင်းညှစ်ပေးပြီး ရောင်းချပါသည်။ပဲညှစ် အလွန်မြန်ပါသည်။လက်နှစ်ဖက်နဲ့ ညှစ်ပါသည်။ ဈေးရောင်းသူ ပုဏ္ဏားမအပျိုများမှာ ထဘီအင်္ကျီဝတ်ရာတွင် မြန်မာအမျိုးသမီး များနှင့် အတူတူပင်ဖြစ်ပါသည်။ အသက်ကြီးသော ပုဏ္ဏားမကြီးများမှာ အင်္ကျီ မဝတ်ပါ။ထဘီရင်ရှားဖြင့်သာ နေကြပါသည်။ပုဏ္ဏားအမျိုးသားများမှာ နံငယ်ဖြူ ခါးတောင်းကျိုက်ခါ တစ်ဘက်တွင် ဒူးခေါင်းဖုံး၊ တစ်ဘက်တွင် ခြေကျင်းဝတ်ထိ မတူညီသော အစနှစ်စချကာ ဝတ်ပါသည်။လည်ပင်းနှင့်ခါးတွင် ချည်မျှင်စလွယ် ဆင်ထားပြီး အပေါ်အင်္ကျီကို သွားစရာ လာစရာရှိမှ ဝတ်တတ်ကြပါသည်။ ကျွန်တော့်မှာ အထူးအဆန်းသဖွယ် ဖြစ်ရပါသည်။အဖေက ကျွန်တော်တို့ကို ရှေးစကားများ ပြောတတ်ပါသည်။ထိုအထဲတွင် ပုဏ္ဏားလူမျိုးများနဲ့ပတ်သက်၍ မကြာခဏပါတတ်ပါသည်။စလေမင်းခွေး လှေထိုးသမားဘဝတွင် အိပ်မက်မက် ၍ နံနက်လင်းသော် ပုဏ္ဏားတော်ကြီးထံ ဗေဒင်မေး နိမိတ်ကောက်သည့် အကြောင်းများပါရှိပြီး ဝေသန္တရာဇာတ်တော်ကြီးတွင် ဇူဇကာပုဏ္ဏားကြီး အကြောင်းများပါသဖြင့် ပညာရှိသောပုဏ္ဏား အစားအသောက်ကြူးသောပုဏ္ဏား ဟု သိခဲ့ရသဖြင့် ပုဏ္ဏားလူမျိုးများကို စိတ်ဖြင့်မှန်းဆ၍ ကြည့်မိပါသည်။ယခုမူ ကျွန်တော်နေထိုင်သောဒေသသည် ပုဏ္ဏားလူမျိုးများနှင့် ၄ တောင် တစ်လံနှုန်း ဖြင့် တွက်ကြည့်လိုက်လျှင် အလံတစ်ရာကွာလောက်တွင် ရှိနေသည်ကို တွေ့ရပါ သည်။ပုဏ္ဏားဈေးသည် မနက်ဈေးမဟုတ်ပါ နေ့လယ်ပိုင်းမှ စတင်ထွက်ကြသည့် ညနေဈေးဖြစ်ပါသည်။

အစ်ကိုက ပညာသင်တာ ကြာသပတေးနေ့ကောင်းတယ်ဟုပြောပြီး တစ်ရက်သော ကြာသပတေးနေ့ နံနက်ခင်းတွင် ဝါးပတ္တလားဖြင့် ကြိုးခံစတက် ပေးပါသည်။အသံထွက်မှာ "တေးဘီပူ တေးဘီဘောင်" "တေးဘီပူ တေဘီ ဘောင်" ဟု ထွက်ပြီး အသံများမှာ ခွန်တစ်ငါး (အလယ်)၊ ခွန်တစ်ငါး (အကြီး) ဖြစ်ပါသည်။ အစ်ကို ကျွန်တော်ကို ကြိုးခံတက်ပေးသော ဝါးပတ္တလားမှာ အဘ စိန်ဗေဒါကြီး၏ ဝါးပတ္တလားဖြစ်ပါသည်။အစ်ကိုက ကျွန်တော့်အား တတ်လာခဲ့ တဲ့ ပညာတွေအားလုံး မေ့ထားလိုက်ဟု ပြောပါသည်။ကျွန်တော်သည် မြင်းခြံ စွန်းလွန်းရွာတွင် ပတ္တလားတီးကောင်းသူ ဖြစ်ပါသည်။မိုးတချုန်းချုန်း ရွှေဖိပေါ် တုန်း ကဲ့ကော် ကြက်ရုန်း စသည့် စာသားများပါသော သီချင်းကြီးများကို အရပ်သားလို တတ်နေပါသည်။ဒါပေမဲ့ ထိုအတတ်ပညာများကို အဖက်အတွဲ

မမှန်သောတီးနည်းဟု နောင်သောအခါမှ သိရပါသည်။အစ်ကိုတက်ပေးသော ကြိုးခံသည် ထံတျာ တေရှင် တတ်မပေးခင် စတင်တီးရသည့် ကြိုးခံသီချင်းဖြစ်ကြောင်း သိရပါသည်။ ထံတျာတေရှင်မှာ ကြိုးသီချင်းများတွင် ပါသည်။ထိုကြိုးသီချင်းများအားတီးရန် စတင်ခံပေးသော ကြောင့် သူ့အား ကြိုးခံဟုခေါ်ခြင်း ဖြစ်ပေသည်။အဘစိန်ဗေဒါ၏ ဝါးပတ္တလားအရွက်မှာ အရွက် မကြီးမငယ် ဖြစ်ပါသည်။အချို့ပတ္တလားအရွက်များမှာ ဘေးရှည်ရှည်လေးများဖြစ်ပြီး အသံကောင်းတတ်ပါသည်။အချို့ပတ္တလားအရွက်များမှာ အရွက် ဗျပ်ခပ်ကြီးကြီးဖြစ်ပြီး တီးရင် အသံကောင်းကောင်း မလှုံတတ်ပါ။အသံ ခါနေတတ်ပါသည်။ ယခုအရွက်မှာ မကြီးမငယ် အရွယ်အနေတော်ဖြစ်ပြီး အသံချိုချိုမြမြ ခပ်ရွှမ်းရွှမ်းဖြင့် တီးပြီးရင်း တီးချင်ရင်း တီးပြီးရင်း တီးချင်ရင်းဟူသော ပတ္တလားအရွက်မျိုးဖြစ်ပါသည်။ဝါးပတ္တလားအိမ်မှာ မှန်စီရွှေချဖြစ်ပြီး သရိုး တရုတ်ပန်းများကို သပ်ရပ်စွာ ပြုလုပ်ထားပြီး ပတ္တလားအိမ်မှာလည်း မကြီးလွန်း မငယ်လွန်း အရွယ်အနေတော် ဖြစ်ပါသည်။ထိုပတ္တလားအိမ်၏ ပတ္တလားရွက်၊ ကြိုး၊ ချိတ် တီးသော တိုင်လေးတိုင် ပါရှိပြီး ထိုတိုင်များကို ကြေးစည်တိုင်ဟုခေါ်ပါသည်။

* * *

တစ်ရက်သောညနေတွင် ကျောက်လမ်းဘက်ဆီမှ ဗေထိဗေထိဟု ပတ်မသံနှင့် လင်းကွင်းကြီး ဗိန်းမောင်းတိုက်တီးသံ ကြားရပါသည်။အပြေးကလေး ထွက်ကြည့်ရာ မြင်းရထား လေးဘီးတပ်တွင် ဘောလုံးပွဲကြော်ငြာ လှည့်လာသည်ကို တွေ့ရပြီး ဘောလုံးကစားသူက စပို့ရှပ် အကျီအပြာ၊ ဘောင်းဘီအပြာ၊ ခြေအိတ် အပြာကြား ဘောကန်ဖိနပ်ဖြင့် ဘောလုံးအား ကန်လာသောပုံမျိုးတွင် မြို့မနှင့် အမရပူရဟု ရေးထားလေသည်။ဒီလို ဘောလုံးပွဲကြော်ငြာမျိုး တို့ဆီ ရှိသားပဲဟု မှတ်ချက်ချမိ၏။

အစ်ကိုတို့ ဆိုင်းတီးတဲ့ဆီ အစ်ကိုက စက်ဘီးရှေ့ကတင်ပြီး ခေါ်ပါသည်။ အစ်ကို တီးသောဆိုင်းမှာ နေမျိုးဗလကျော်သူဘွဲ့ရ ရွာစားကြီးစိန်ဗေဒါ၏ ဆိုင်းအဖွဲ့နှင့် ဆိုင်းဗိမာန်ဖြစ်ပြီး စိန်ကျော်တင့်က ဆိုင်းဆရာဖြစ်ပြီး အစ်ကိုက ကြေးနောင်တီး သီချင်းဆိုရပါသည်။နောက်ထိုင် များက ကိုပွကြီး၊ ကိုညိုစိမ့်နဲ့ ကိုဥသြတို့ဖြစ်ပြီး နှဲ စိန်မြရှိန်၊ မောင်းတီးကို ကိုမြ၊ စည်းတီး ကိုသာဦး၊ လင်းကွင်းတီး ကိုပု၊ ပတ်မတီး ကိုဘဦးနဲ့ ဘကြီးလွင်တို့ ဖြစ်ကြပါသည်။

အလှူရောက်သော် ဆိုင်းဝိုင်းက မဏ္ဍပ်ထဲမှာ မတီး၊ မဏ္ဍပ်အပြင်ဘက်မှာ ဆိုင်းတီးရန် မဏ္ဍပ်သေးသေးထိုးထားကာ ဆိုင်းမဏ္ဍပ်ပုံသဏ္ဍာန်မှာ ၁၈ ပေ ပတ်လည်လောက်သာ။ လေးတိုင်စင် ဝါးလုံးဖြင့် ထိုးဆောက်ထားပြီး အပေါ်က ဖျာမိုးကာ ထိပ်နဖူးစီးပတ်လည်တွင် မဏ္ဍပ်ပိတ် အဖြူတို့ အဝတစ်ပတ် ပတ်ထားသည်။ ဆိုင်းပစ္စည်းများကို ဆိုင်းလှည်းတစ်စီးထဲဖြင့် တင်နိုင်ပြီး လှည်းဆရာမှာ ကိုနွယ်ဖြစ်သည်။ဆိုင်းမဏ္ဍပ်မှာ အလှူမဏ္ဍပ်ကြီးဘက် မျက်နှာမူကာ ဆောက်ထားသည်သာ များသည်။အချို့ နေရာအခက်အခဲကြောင့် မဏ္ဍပ်ကြီးနဲ့ ဘေးတိုက် ဆောက်တာမျိုးလည်း ရှိ၏။ဘယ်လိုပင်ဆောက်ဆောက် ဆိုင်းဝိုင်းကတော့ အတတ်နိုင်ဆုံး မဏ္ဍပ်ဘက် မျက်နှာမူပြီး တီးရိုးထုံးစံရှိတတ်သည်။

ဆိုင်းမဏ္ဍပ်တွင် ပထမ ဖျာကြမ်း ၁၅ ချပ် ခင်း၏။ပြီးမှ ကော်ဇောသစ်သစ် ၅ ချပ် ခင်း၏။ဖျာများကို ၅ ချပ်တန်း ၃ တန်းခင်းပြီး ကော်ဇောကို ပတ်မတီးအောက်က တစ်ချပ်၊ ကြေးနောင်ဝိုင်းအောက်က တစ်ချပ်၊ ဆိုင်းဝိုင်း နောက်က ၃ ချပ် ဆိုင်းဝိုင်းခင်းသည့်အတိုင်း အလျားလိုက်ခင်းထားကာ ဆိုင်းပစ္စည်းများ ဆင်နည်းမှာ ဆိုင်းဝိုင်းက ရှေ့တန်းအလယ်ဖြစ်ပြီး

သူ့ညာဘက်က ကြေးနောင်၊ ဝဲဘက်က ပတ်မရှိ၏။နောက်တန်း ဝဲမှယာသို့ လင်းကွင်းကြီး လင်းကွင်းလေး၊ စည်တို၊ ဝါးလက်ခုပ် ၂ ခု၊ စည်း၊ နှဲ၊ မောင်းဆိုင်းတို့ ဖြစ်သည်။ဆိုင်းဝိုင်းနံပါတ် (၂) ပန်းပြားတွင် မှန်စီရွှေချထားသော တိုင်ထူ၍ ထိုအပေါ်တွင် နယားရုပ်၊ နဂါးရုပ်မဟုတ်သော ရှာစားကြီးစိန်ဗေဒါစိတ်ကြိုက် ပန်းပုဆရာ ဦးထွန်းမြတ် ထုပေးသော ပဋ္ဌရူပရုပ် တင်ထားပါသည်။ပဋ္ဌရူပမျက်နှာက ဒေါသကြီးဟန် ထွက်ပေါ်နေ၏။အဘစိန်ဗေဒါ ဒီအရုပ်ခိုက်လို့ သေရတာဟု ဆိုင်းသမားများက ပြောကြသည်။ ဘာခိုက်တာလဲ ကျွန်တော်မသိပါ။

အစ်ကိုတို့ ဆိုင်းတီးသောအခါ ကျွန်တော်က ဘယ်နေရာထိုင်ရမှန်း မသိပါ။ ယောင်လည်လည် ဖြစ်နေပါသည်။နောက်မှ မောင်းတီး ဦးမြက သူ့ဘေးနား လာနေဟု ခေါ်ထားပါသည်။အလျှုကကျွေးသော ဆန္ဒင်းမကင်းနဲ့ အခြားမုန့်များကို ဦးမြက ကျွေးပါသည်။ကျွန်တော့်ကို ဆိုင်းသမားများက "ပန်းကန်ပြားပို"ဟု ခေါ်ကြပါသည်။ဆိုင်းထဲတွင် ဘာမှ အသုံးချမရသေးသဖြင့် ထမင်းစားရာတွင်သာ ကျွန်တော့်အတွက် ပန်းကန်ပြားတစ်ချပ် ပိုနေခြင်းကြောင့် "ပန်းကန်ပြားပို"ဟုခေါ်မှန်း သိရပါသည်။

* * *

# ပတ်စာမျိုရခြင်း

ဆိုင်းသမားများက ကျွန်တော်အား ပတ်စာသုံးလုံးမျိုရန် ဝိုင်း၍ပြော ကြပါသည်။ကျွန်တော် နားမလည်ပါ။ဘာကြောင့် ပတ်စာမျိုရမှာလဲ မေးပါသည်။ ဆိုင်းသမားဖြစ်ရန်မှာ ပတ်စာမျိုမှ ဖြစ်သည်ဟု သူတို့က ပြောကြပြီး မျက်နှာ များက စပ်ဖြီးဖြီးနဲ့ ကျွန်တော်ကို ဝိုင်းကြည့်ပြီး တိုက်တွန်းနေကြပါသည်။ ဆိုင်းဆိုသည်မှာ လမိုင်းရှိကြောင်း၊ ပတ်စာမျိုပြီးလျှင် လမိုင်းနတ်များက သိကြောင်း၊ ထိုသူအား သူတို့က စောင့်ရှောက်ကြောင်း၊ နိုင်ငံကျော် ဆိုင်းဆရာ တစ်ယောက်ဖြစ်ရန်မှာ ပတ်စာကို စောစောစီးစီးမျိုထားမှ လမိုင်းဆိုင်ရာများက သိပြီး ဆိုင်းသမားအစစ်ဖြစ်အောင် ကြည့်ရှုစောင့်ရှောက်မည်ဖြစ်ကြောင်းဖြင့် ဝိုင်းဝန်းတိုက်တွန်းပြောဆိုကြရာ သူတို့ပေးသော ပတ်စာလုံး သုံးလုံးကို တစ်လုံး ချင်း ရေမသောက်ပဲ မျိုချပါသည်။ပတ်စာလုံးမှာ ရွှေးကြီးစေ့ အရွယ်ခန့်မျှရှိသော အလုံးကလေးများဖြစ်ပြီး ထမင်းနှင့် ပြာ ရော၍နယ်ကာ ပြုလုပ်ထားခြင်းကြောင့် ငန်စိစိကလေး ဖြစ်ပါသည်။ထိုအခါက အလှူမဏ္ဍပ်များမှာ ရေဆေးဖြင့် ရေးထား သော ဖောက်ပန်းများပါပြီး တစ်ခန်းစာတွင် ဖန်ပုတီး အရှည်ချောင်းကလေးများ တပ်ဆင်ကာ တုံတုံတုံတုံနှင့် အလွန်လှပါသည်။မန္တလေး ပန်းချီကျော်များ၏ လက်ရာများဖြင့် နောက်အလုံပိတ်ပါသော နေရာများတွင် ပန်းချီးများကို တခမ်း တနား လှပစွာ ရေးခြယ်ထားပါသည်။ မဏ္ဍပ်၏ ဘုရားခန်းနေရာရှိ မြတ်စွာဘုရား သခင် ဗောဓိပင်ခြေ ရွှေပလ္လင်ထက်ဝယ် မာရ်နတ်ကို အောင်မြင်တော်မူခန်းမှာ များစွာအသက်ဝင်လှပါသည်။ဆင်ထက်မှ လက်ရုံးပေါင်းတစ်ထောင်ရှိသော မာရ်နတ်က မြတ်စွာဘုရားအား ပလ္လင်လုခန်းမှာ ဆေးရောင်စုံများခြယ်ကာ ဝသုန္ဒြေနတ်သား၊ မဟာပထဝီ မြေပြင်ပေါ် ထွက်ပေါ်လာပြီး ဆံရေညှစ်ချလိုက် သဖြင့် မာရ်နတ်သားနှင့်တကွ မာရ်စစ်သည်တော်များ ရေထဲတွင် မျောပါသွားပုံ များမှာ ရှုမငြီးနိုင်စရာ ပန်းချီပညာဖြင့် ခြယ်မှုန်းထားပါသည်။သံဃာတော်များ သီတင်းသုံးရန်နေရာ သံဃာစင် နောက်ခံတွင် ပလ္လင်ရှစ်ခန်းကို သရုပ်ဖော် ရေးခြယ်ထားသည်မှာလည်း ဇာတိသွေး၊ ဇာတိမာန် တက်ကြွစရာများ၊ မြန်မာ့ ဦးစွန်း ပလ္လင်များထက်ဝယ် သံဃာတော်များ သီတင်းသုံးထိုင်တော်မူသောအခါ အလွန်ကျက်သရေရှိပါသည်။

မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များ၏ အလှူမှာ မိမိတို့သားကိုသော် လည်းကောင်း၊ သူတစ်ပါး၏ သားကိုသော်လည်းကောင်း သာသနာ့ဘောင်သို့ ချီးမြှင့်သွတ်သွင်းပေးခြင်းသည့် ရှင်ပြုအလှူတော် ဖြစ်ပါသည်။အလှူတွင် မိဘ နှစ်ပါးက အလှူ့ဒါယကာ၊ အလှူ့အစ်မများအဖြစ် ခံယူကာ လှူကြပါသည်။

မန္တလေးမြို့၏ ထုံးစံမှာ အလှူ့ဒါယကာ၊ အလှူ့အစ်မများက လှူတော့မည်ဆိုလျှင် ရပ်ရွာရှိ လူကြီးများအား စုဝေးဖိတ်ကြားကြ၍ ဘယ်နေ့၊ ဘယ်ရက်တွင် ကျွန်တော်တို့ လှူပါတော့မယ် ကျွန်မတို့ လှူပါတော့မယ် စသည်ဖြင့် ပြောကြားကြပါသည်။ထိုအခါ ရပ်ရွာရှိ လူကြီးများက အလှူအတွက် လုပ်ဆောင်ရန်တာဝန်များ ခွဲဝေသတ်မှတ်ကြပါသည်။ကာလသားများအဖွဲ့က အလှူတွင်လက်ဖက်ရည်၊ မုန့်ပဲသရေစာ စသည်များ တည်ခင်းကျွေးမွေးရန် တာဝန်ကိုလည်းကောင်း၊ ကုမာရီအမျိုးသမီးများက ကွမ်းဆေး၊ လက်ဖက် တည်ခင်းရန်လည်းကောင်း၊ ဦးကြီး၊ ဘကြီးများက ထမင်းဟင်းချက်တာဝန်ကိုလည်းကောင်း၊ အဒေါ်ကြီးများ၊ အဘေးကြီးများက ကွမ်းဆေး၊ လက်ဖက်ပွဲ စသည် ပြင်ဆင်၍ပေးခြင်းဖြင့်လည်းကောင်း၊ လူလတ်များက ထမင်းရုံတွင် ထမင်းကျွေးတာဝန်ယူခြင်းဖြင့်လည်းကောင်း၊ ကာလသားခေါင်းက ကာလသားများအား ထိန်းသိမ်းစောင့်ရှောက်တာဝန်ယူ၍လည်းကောင်း၊ အပျိုခေါင်းက အပျိုများအားစောင့်ရှောက်ခြင်းဖြင့်လည်းကောင်း၊ မြို့ရွာ၊ ရပ်ကွက် အုပ်ချုပ်သူများက အလှူတွင် ပါဝင်သော ဆိုင်းပွဲနှင့် အခြား နောက်ထပ်ပါလာတတ်သည့် အငြိမ့် စသည့်ပွဲလမ်းသဘင်များအား ငြိမ်ဝပ်ပိပြားစေရန် တာဝန်ယူစောင့်ရှောက်၍ လည်းကောင်း အလှူတွင် အသီးသီး တာဝန်ယူကြပါသည်။အလှူကြီး လှူလျှင် ၇ ရက် လှူရသည်ဆိုသကဲ့သို့ အလှူမတိုင်ခင်ကပင် အမျိုးသမီးများ ဆန်ရွေးကြ၊ ကြက်သွန်လှီးကြ၊ ယောက်ျားပိုင်းကလည်း ထင်းခွဲခြင်း၊ နေရာများ သန့်ရှင်းခြင်း စသည့် ဝေယျာဝစ္စအလုပ်များကို အလှူမတိုင်ခင် ၇ ရက်လောက် ကြိုတင်၍ ပြုလုပ်နေကြရပေသည်။

အလှူ့ဒါယကာ၊ အလှူ့အစ်မသည် အလှူအတွက် ဝယ်ခြမ်းထားသော ကျွေးမွေးရန်ပစ္စည်းများကို ဆိုင်ရာဆိုင်ရာသို့ လွှဲအပ်၍ ပေးကြရပေသည်။အလှူမတိုင်ခင် ကြိုတင်၍ အလှူဖိတ်စာများရိုက်၍ ဖိတ်ကြားထားကြရလေသည်။ အလှူဆိုသည့်အတိုင်းပင် ဘုရားအမှူးရှိသော သံဃာတော်များအား လှူဒါန်းရန် လှူဖွယ်ဝတ္ထုများ တတ်စွမ်းသမျှ ဝယ်ယူစုဆောင်းထားပြီး ဖြစ်ရပေသည်။ ဘုရားဒါယကာ၊ ဘုရားဒါယိကာမ ဖြစ်စေရန်အတွက် မြတ်စွာဘုရားရုပ်ပွားတော်တစ်ဆူနှင့် စာတိုက်ဗီရိုတစ်လုံးသည် အလှူများတွင် ပါရှိတတ်ပြီး သံဃာတော်များအတွက်မှာမူ သင်္ကန်းဒွိစုံ သို့မဟုတ် ဧကသီ အပေါ်ရုံပါဖြစ်လေသည်။အခြားအုန်း၊ ငှက်ပျော၊ ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်၊ ဖယောင်းတိုင်၊ ဆပ်ပြာ၊ မီးခြစ်ထုပ်၊ လက်ဖက်ခြောက် စသည်ဖြင့် မိမိတို့ တတ်စွမ်းသမျှ လှူဖွယ်များကို တတ်စွမ်းသမျှ သံဃာတော် အရေအတွက်ဖြင့် လှူဒါန်းကြလေသည်။

အလှူတွင် မဏ္ဍပ်များကို မိမိတို့ တတ်နိုင်သော ငွေကြေးပေး၍ ငှားရမ်းကြလေသည်။မန္တလေးမဏ္ဍပ်တွင် ဦးဘုးညီ၊ မောင်သက်ဆိုသော မဏ္ဍပ်သည် ပထမတန်းတွင် ပါဝင်လေသည်။ဦးစိုးဦး၊ ဦးဗိုလ်သိန်း၊ ဦးဘိုကြီး၊ ဦးစိုးရ၊ ဦးအုန်းမောင်၊ ဦးသက်တင်၊ ဦးဘဇင်စသော မဏ္ဍပ်ဆရာများလည်း မန္တလေးမြို့၏ မဏ္ဍပ်အလှ ကျက်သရေကို ထိန်းသိမ်းထားနိုင်သူများ ဖြစ်ပေသည်။မန္တလေး

ဆေးရေးမဏ္ဍပ်များ အလှမှာ အစိမ်းနုရောင် ကဲသည်ကို များများ တွေ့ရပေသည်။အလှူမဏ္ဍပ် အခါတိုင် ထူသောနေ့များတွင် အလှူရှင်က ကန်တော့ပွဲပေးရလေသည်။မဏ္ဍပ်တွင် စင် ၂ စင် ပါမြဲဖြစ်၏။စင် ၂ စင်မှာ သံဃာတော်စင်နှင့် ရှင်လောင်းစင်ဖြစ်၏။သံဃာစင်မှာ မဏ္ဍပ် အဝင်မှ အတွင်းသို့ ကြည့်လိုက်လျှင် ဘယ်ဘက်တွင် သံဃာစင်တွေ့ရပြီး အဝင်ဝနှင့် တည့်တည့် ထိပ်တွင် ရှင်လောင်းစင် ရှိလေသည်။သံဃာစင်အနံမှာ သံဃာတော်တစ်ပါး တင်ပလ္လင်ခွေ ထိုင်သာသာလောက် ကျယ်ပြီး အလျားမှာ မဏ္ဍပ်က ၈ ခန်းဆိုလျှင် ၆ ခန်းမျှ ထိုးထားကြရ လေသည်။ရှင်လောင်းစင်မှာ အနံ ၁ ခန်း၊ အလျား ၂ ခန်းလောက် ကျယ်လေသည်။ရှင်လောင်း စင်မှာ အထူးသဖြင့် အလှအပများ ပိုမိုခြယ်လှယ်ကာ ဆင်ထားကြလေသည်။မဏ္ဍပ်ကြီးများ တွင်မူ မဏ္ဍပ်အလယ်တွင် ကွန်းစင်တိုင်ကြီးများ ပါရလေသည်။တိုင်ဖုံးများမှာ မဏ္ဍပ်ဆရာ များ၏ပညာ လက်ရာများဖြစ်လေသည်။မဏ္ဍပ်ကြီးကို အဝေးကလှမ်းကြည့်လိုက်လျှင် နတ်ဘုံ နတ်နန်းတမျှကဲ့သို့လည်းကောင်း၊ မြေမှ ပေါက်ရောက်သော နန်းတော်ကြီးကဲ့သို့လည်းကောင်း ထင်မှတ်ရလေသည်။အလှူနေ့တွင် ဆိုင်းအဖွဲ့ကို မဏ္ဍပ်အဝင် ညာဘက်ထောင့်တွင် ခင်းကျင်း ရပါသည်။ဆိုင်းကို လိပ်ပြာတောင်ဟုခေါ်သော တြိဂံပုံစံခင်းကြပါသည်။အလှူတွင် မဏ္ဍပ်ဆရာ များက တာဝန်ယူဆောက်ပေးကြရသည်မှာ (၁) မဏ္ဍပ်ရုံ၊ (၂) ထမင်းရုံ ၊ (၃) ဆိုင်းမဏ္ဍပ်တို့ ဖြစ်ပါသည်။ဆိုင်းမဏ္ဍပ်မှာ သိပ်ပြီးတာဝန်မကြီးပါ၊ လွယ်ကူ၍ ဧည့်ခံတီးမှုတ်ရန် သင့်လျော်သလို ဆောက်ပေးကြရပါသည်။

မန္တလေးမဟုတ်သော အချို့မြို့ကြီးများတွင် အလွန်ကြီးသောအလှူများ ရှိပါသည်။ အချို့အလှူတွင် ထမင်းရုံ ၁၅ ရုံ ၁၆ ရုံထိ ရှိတတ်ကြပါသည် ထမင်းရုံ ကြီးသလိုပင် ပရိတ်သတ် များလည်း အလွန်စည်ကားလှကြောင်း တွေ့ရပါသည်။ မန္တလေးမြို့ အလှူများတွင် ရှင်လောင်း မလှည့်ပါ။အလွန်ရှားပါးသည်။မန္တလေးပတ်ဝန်းကျင် ကျေးလက်တောရွာများမှာ အလှူတိုင်း လိုလိုပင် ရှင်လောင်းလှည့် ပါသည်။ရှင်လောင်းမလှည့်သောအလှူ အလွန်နည်းပါသည်။ ရှင်လောင်းလှည့်ခြင်းမှာ ရိုးရာယဉ်ကျေးမှုအလှတို့ဖြင့် အလွန်ပျော်စရာကောင်းပါသည်။ ရှင်လောင်းလှည့်ချိန်မှာ ညနေခင်းတွင်ဖြစ်ပြီး နေ့လယ် ၁၂ နာရီကျော်ပြီးလျှင် ရှင်လောင်းလှည့် မည့်သူများ မဏ္ဍပ်အတွင်းသို့ တဖွဲဖွဲရောက်လာကြပါသည်။ထိုအချိန်တွင် မဏ္ဍပ်တွင်းမှာ လက်ဖက်ရည်၊ မုန့်၊ ဆေးလိပ် စသည်ဖြင့် တည်ခင်းဧည့်ခံကာ ရှင်လောင်းလှည့်ခြင်းကို အချို့ရွာ များက ရှင်လောင်းယူဟုလည်း ခေါ်တတ်ကြပါသည်။ ရှင်လောင်းလှည့်ရာတွင် ရှေးဦးစွာ ဘုရား လူကြီးများ၊ ရပ်ရွာလူကြီးများက လက်ထဲတွင် တံခွန် ကုက္ကားများ ကိုင်ဆောင်ကာ စီတန်း၍ ထွက်ကြပါသည်။ရှေ့က အတီးအဖွဲ့ပါလျှင် စည်တော်ကြီး သို့မဟုတ် ရိုးရိုးဗြောကြီးတို့ကို ရှေ့မှာ ထားတတ်ပါသည်။ သည့်နောက်တွင် အလှူ့ဒါယကာ၊ အလှူ့အစ်မ၏ဆွေမျိုး သက်ကြီးရွယ်အို အမျိုးသမီးကြီးများက ပရိက္ခရာ၊ သင်ဖြူးလိပ်၊ သံသေတ္တာ စသည်ရွက်၍ စီတန်း၍ ပါလာပါ သည်။သည့်နောက်တွင် အလှူ့ဒါယကာက ရိုးရိုးပုဆိုး၊ တိုက်ပုံအင်္ကျီ အပေါ်က ခေါင်းပေါင်းဖြင့် ဝတ်စားဆင်ပြီး သပိတ် ပရိက္ခရာများကိုလွယ်၍ ညာဘက်မှ ယပ်ကြီးတစ်ချောင်းကို ပခုံးပေါ်တွင် တင်ကာ သူ့နောက်တွင် အလှူ့အစ်မက ကောင်းမွန်သည့်အဝတ်အစား သန့်သန့်ရှင်းရှင်း ဝတ်ဆင်ပြီး ပဝါစုံချကာ မောင်ရင်စောင်ခေါ်ရသည့် သံသေတ္တာနှင့် သင်ဖြူးလိပ် ပေါင်း၍ ခေါင်းပေါ်တွင်ရွက်၍ လိုက်ပါလာကြရပေသည်။နောက်တွင် အလားတူ အလှူ့ဒါယကာ၊ အလှူ့ အစ်မများပါလျှင်လည်း ထိုနည်းတူစွာပင် လွယ်၍ ရွက်၍ လိုက်ပါလာကြရပေသည်။

သည့်နောက်တွင် ရှင်သာမဏေဝတ်မည့် ရှင်လောင်းများကို ရှင်ဘုရင်ကဲ့သို့ ဝတ်စား ဆင်ယင်ပြီးလျှင် ကောင်းမွန်လှပစွာ ကုန်းနှီးတန်ဆာပလာ၊ ချပ်၊ ဇက်ကြိုး၊ ခြေနင်းကွင်း စသည် ပြည့်စုံစွာ ဆင်ထားသည့် ခွန်အားသန်စွမ်းလိမ္မာသည့် မြင်းများပေါ်တွင် စီးနင်းစေပြီး ရွှေထီးများ မိုးကာ အစဉ်လိုက် စီတန်းပြီး မြင်းထိန်းရန် မြင်းပါးချပ်ကြိုးကို ဝဲယာ ၂ ယောက်ကိုင်ပြီး ရွှေထီးမိုး ဝဲယာ ၂ ယောက်စီဖြင့် အလွန်ကြည့်၍ ပဏ္ဏာရလှပေလေသည်။ရှင်လောင်းများမှာ ဆယ်နှစ်၊ ဆယ့်တစ်နှစ်ကစ၍ လူပျိုပေါက်၊ ဆယ်နှစ်အောက်ငယ်သော သူငယ်များလည်း အများအပြား ပါဝင်သည်ကို ကြုံတွေ့ရလေသည်။

ရှေးယခင်က ရှင်လောင်းဝတ်ရန် အရွယ်သတ်မှတ်ရာတွင် သရဏဂုံပီသမှ ဝတ်ခွင့် ပြုကြောင်းဖြင့် သတ်မှတ်ခဲ့သော်လည်း နောင်တွင် ဗုဒ္ဓသာသနာတော်၏ အကျိုးစီးပွားဖြစ်စိမ့် သောငှာ ကျီးကိုလန့်ပျံသွားအောင် ခြောက်လှန့်နိုင်ပါက သင်္ကန်းဝတ်ခွင့်ပြုကြောင်း မှတ်သားရ ပေသည်။ရှင်လောင်းများသည် နံ့သာရည် သနပ်ခါးရည် လိမ်းကျံခြယ်သကာ ပါးနှစ်ဘက်တွင် ပါးကွက်များကွက်ပြီး ပါးကွက်ဘေးတွင် ပတ်ပတ်လည် သနပ်ခါးအပြောက်ကလေးများ ချထား လျက် နှာတံကို ထင်ထင်ရှားရှားတားထားသဖြင့် တစ်မျိုးပင် ကြည့်၍ကောင်းလှပေသည်။ ရှင်လောင်းများနောက်တွင် နားထွင်းများက လှည်းယဉ်ကလေးများဖြင့် လိုက်ပါလာကြပေသည်။ အလှူများတွင် သားယောကျ်ားလေးများက ပဗ္ဗဇ္ဇမင်္ဂလာခေါ် ရှင်သာမဏေဝတ်ခြင်း၊ သမီး မိန်းကလေးများ ကဏ္ဏဝဇ္ဈနခေါ် နားထွင်းမင်္ဂလာပြုခြင်း၊ နားသခြင်း၊ နားဖောက်ခြင်း ပြုကြရ ပေသည်။နားသမည့် မိန်းကလေးများသည် မလ္လိကာတန်ဆာကို ဝတ်စားဆင်ယင်ကြရပေသည်။ လှည်းတန်းကလေးပေါ်တွင် ရှေ့ဆုံးမှ လှည်းမောင်းသူ၊ သူ့နောက်တွင် နားထွင်းနှင့် ဘေးတွင် နားရံ အမျိုးသမီး ၂ ဦးက လိုက်ပါလာကြပေသည်။ဤနေရာတွင် လှည်းယဉ်ကို ပခုံးထက်တင်၍ ဆွဲလာသော နွားများ၏ အခန်းသည်လည်း အလွန်ပင် အရေးပါလှပေသည်။နွား၏ ကောင်းခြင်း လက္ခဏာနှင့် ပြည့်စုံသော နွားတစ်ရှဉ်းကိုသာ ရှင်လောင်းလှည့်ရာတွင် အသုံးပြုကြလေသည်။ အချို့နွားများသည် ၂ ကောင်လုံး ဆင်တူရွယ်တူ အသွေးအမွေးတူ အပြစ်အနာအဆာလွတ်ပါမှ နွားရှင်သည် ဂုဏ်ယူမဆုံး ရှိတတ်ကြပေသည်။ နွားများတွင် လှပစွာ ခြယ်လှယ်ဆင်ယင်ထား သည့် ထိပ်အုပ်မှန်ကလေးများ စီခြယ်ထားကာ လည်ပတ်တွင် အသံသာသည့် ခြူကလေး များသည်လည်းကောင်း၊ ဝမ်းပိုက်ကြိုးတွင် မှန်များစီခြယ်သည့်ပြင် ဘွဲ့ကြိုး၊ လက်ကိုင်ကြိုးများ သည်လည်း အနီရောင်ချည်ကြိုးများဖြင့် ဆင်ယင်ထားသဖြင့် လွန်စွာမှ လှပပေသည်။အချို့နွား များက ရှူးရှူးရှူးရှူးနှင့် အလွန်သွားချင်နေသဖြင့် လက်ကိုင်ကြိုးကို နွားမောင်းသူက တင်းနေ အောင် မနည်းဆွဲထားကြရလေသည်။အချို့အလှူများတွင် ရှင်လောင်းက ၁၀ ပါး၊ နားထွင်း ၁၀ ယောက် လောက်ဆိုပါက မြင်းတန်းနှင့် လှည်းတန်းမှာ အလွန်ပင်ကြည့်၍လှပေသည်။ ရှင်လောင်းလှည့်ရာတွင် ခြေကျင်လိုက်ပါသူများကလည်း များပြားသဖြင့် မြင်းနှင့်နွားများကို သင့်ရုံမောင်းနှင်ကြရပေသည်။ထိုနားထွင်းများနောက်တွင် ကွမ်းတောင်ကိုင်ရသော အမျိုးသမီး၊ ပန်းတောင်ကိုင် အမျိုးသမီးများက လိုက်ပါကြရလေသည်။ကွမ်းတောင်ကိုင် အမျိုးသမီးများမှာ အလွန်အရေးကြီး ပေသည်။ သူ့အား ရွေးချယ်ရာတွင် လွယ်ကူလှသည်မဟုတ်ပေ။သန့်ရှင်းလှပ ချောမွေ့သူဖြစ်ခြင်း၊ မိဘ ၂ ပါး စုံရခြင်း၊ အပျိုစင်ဖြစ်ခြင်း၊ လိမ္မာရေးခြားရှိသူဖြစ်ခြင်း စသည့် ဂုဏ်များဖြင့် ပြည့်စုံသူများမှသာ ရွေးချယ်၍ ကွမ်းတောင်ကို ကိုင်ရပေသည်။ကွမ်းတောင်ကိုင် အမျိုးသမီးလေးကို အထူးသဖြင့် ကာလသားများက ဘယ်ရွာက ဘယ်သူ့သမီး၊ အိမ်က ဘယ်နား

စသည်ဖြင့် ရှင်လောင်းလှည့်ရာ ရွာစဉ်တစ်လျှောက် ကြည့်ရှုမှတ်သားခြင်း ပြုတတ်ကြပေသည်။ သူ့နောက်တွင် ပန်းတောင်ကိုင် ဒုတိယလိုက်သော အမျိုးသမီးဖြစ်ပေသည်။သူတို့နောက်တွင် သက်န်းပန်းကိုင် အပျိုများ အမျိုးသမီးလေးများက ညီညာစွာ စီတန်း၍လာသည်မှာ ကြည့်မငြီး ရှုမငြီးပင် ဖြစ်ပေသည် (သင်္ကန်းပန်းကိုင်ခေါ်သည့် မျှော့ရေဒန်ခွက်ကြီးတွင် သင်္ကန်းလိပ်ထည့်၍ သင်္ကန်းလိပ် ထဲတွင် စက္ကူဖြင့် လှပစွာပြုလုပ်ထားသော ပဒုမ္မာကြာဖူးကို စိုက်ထောင်ထားခြင်းကို သင်္ကန်း ပန်းကိုင်ဟု ခေါ်ကြသည်)။သူတို့နောက်တွင်မူ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းများအပြင် တစ်ခါတစ်ရံ ဆိုင်းအဖွဲ့မှ နှဲ့စခွန့်၊ မောင်းဆိုင်း၊ လင်းကွင်း၊ ဝါးလက်ခုပ်တို့ကို လှည်းတစ်စီးပေါ် တွင် တင်ခါ တီးမှုတ်ရင်း လိုက်ပါလာလေသည်။ရှင်လောင်းလှည့်သည်မှာ တစ်ခါတစ်ရံ နေ့လယ် တစ်နာရီလောက်တွင် မဏ္ဍပ်မှ ထွက်သွားကြရာ ညနေမိုးချုပ်မှ ပြန်ရောက်တတ်သည်ကလည်း ရှိလေသည်။

အချို့ရွာများတွင် မဏ္ဍပ်အဝင်တွင် ရှင်လောင်းတားခြင်း ပြုလုပ်တတ်ကြပေသည်။ ထမင်းချက်သူများက ဟင်းအိုး ထမင်းအိုးမှောသော ယောက်မကြီးများ ကန့်လန့်၍တားခြင်း၊ အချို့ ဆိုင်ရာဆိုင်ရာများက ရွှေကြိုးများတားခြင်းများ ပြုလုပ်တတ်ကြပေသည်။ထိုသို့တားသော အခါတွင် အလှူရှင်က ကျေနပ်အောင် ကန်တော့ပွဲ၊ ငှက်ပျောဖီး၊ ကွမ်းဆေး စသည် ပေးကြရလေ သည်။အလှူမဏ္ဍပ်ကို မီးထွန်းခြင်းမှာ မန္တလေးတွင် ဦးဘရှင်နှင့်သား ကိုဝမ်းတို့သည် နာမည်ကြီး လေသည်။မီးဆင်ရာတွင် ခဲရာခက်ဆစ်များကို လှပအောင် ဆင်ပေးသည်။မဏ္ဍပ်ကြီးတစ်ခုလုံး ကိုလည်း ရွှေနန်းတော်ကြီးအလား ထင်မှတ်ရအောင် စီကာစဉ်ကာ ချိတ်ဆွဲပြီး လှလှပပ ထွန်းပေး တတ်လေသည်။မီးထွန်းပေးရသောနေရာများမှာ (၁) အလှူမဏ္ဍပ်ကြီး၊ (၂) အလှူအိမ်၊ (၃)ထမင်း ရုံ၊ (၄)ဆိုင်းမဏ္ဍပ်နှင့် အလှူအိမ်က ဝင်းအတွင်းဖြစ်နေပါက ဝင်းကြား လမ်းကြားစသည်တို့ကို လည်း မီးများ ထွန်းပေးကြရလေသည်။ မီးချောင်းများ မပေါ်ခင်က မီးလုံးများသာ ထွန်းခဲ့ကြပြီး မီးချောင်းပေါ်လာသောအခါ မီးလုံးရော၊ မီးချောင်းရော သူ့နေရာ သူ့အသုံးနှင့် အဆင်ပြေ အောင် ထွန်းညှိကြသည်ကို တွေ့ရပေသည်။

အလှူတွင် ရှေးယခင်က ဆိုင်းများရောက်လျှင် ဗြောမတီးကြပါ။ဗြောကို နံနက် စောစောမှ ကြားကြရပါသည်။နောက်တွင် မန္တလေးမြို့သို့ အခြားအရပ်ဒေသများက ပြောင်းရွှေ့ လာကြသော ဆိုင်းအဖွဲ့များက သူ့ထက်ငါ သာလွန်လိုခြင်း၊ မျက်နှာရလိုခြင်းတို့ကြောင့် ညနေ ဆိုင်းရောက်ပြီး ဗြောတီးကြရာကစပြီး တဖြည်းဖြည်းနှင့် နောက်တော့ ညနေ ဆိုင်းအဖွဲ့ရောက်၍ မဏ္ဍပ်တွင်းဖြစ်စေ၊ အပြင်ဖြစ်စေ မီးထွန်းချိန်တွင် ဗြောများ တီးမှုတ်ရသည့်အစဉ်အလာ ဖြစ်လာ ပါတော့သည်။ ကျွန်တော်လိုက်သော ဆိုင်းအဖွဲ့မှာ အဘ စိန်ဗေဒါကြီးဆိုင်းအဖွဲ့ဖြစ်ခြင်းကြောင့် စည်းကမ်းကောင်းပါသည်။ဆိုင်းအဖွဲ့က လှည်းနှင့်တစ်စီးတည်းဖြစ်ပြီး မဏ္ဍပ်ရောက်ချိန်သည် နေဝင်စချိန် ဖြစ်ပါသည်။ကျွန်တော်နှင့် လှည်းသမား ကိုနွယ်၊ ဆိုင်းထိန်း ကိုပုတို့က ဆိုင်းပစ္စည်း များ ခင်းကျင်းထားရပါသည်။ပစ္စည်းများ ခင်းကျင်းထားသည်ဆိုခြင်းမှာ မလုပ်တတ်က မလွယ်ကူပါ။ဆိုင်းဝိုင်းကြီးသည် ပန်းပြားခေါ် အလျား ၃ ပေ ၂ လက်မ၊ အနံ ၂ ပေရှိ ခပ်ခုံးခုံးအပြားများ အားလုံး ၈ ချပ် ပါဝင်ပါသည်။ဆိုင်းဝိုင်းကြီးတွင် လူဝင်ရန်အပေါက်ကို မင်းပေါက်ဟု ခေါ်ပါသည်။ ထိုမင်းပေါက်ပါသော ပန်းပြားသည် နံပါတ် ၁ အပြားဖြစ်ပြီး နံပါတ် ၂ တွင် သက်သေတိုင်ပါကာ သက်သေတိုင်ပေါ်တွင် ပဥ္စရူပရုပ်၏ ခေါင်းပိုင်းတင်ထားပါသည်။ ပဥ္စရူပအောက်တွင် ပတ်မကြီးကို ချိတ်ထားပါသည်။ပတ်မတွင် သားရေကြိုးများ ကွင်းပြုလုပ်

ထားပြီး ထိုးကွင်းများတွင် ခပ်ခုံးခုံးကွေးကွေးဖြင့် ပုစွန်ထုပ်အကောင် သဏ္ဌာန်သားရေ ကြိုးလိမ်များ တွဲ၍ထားသဖြင့် သူ့ကို ပုစွန်ထုပ်ဟု ခေါ်ကြပါသည်။ ပတ်မကြီး၏ ကျယ်သောဘက်ကို အမဟုခေါ်ပြီး ကျဉ်းသောဘက်ကို အဖိုဟုခေါ်ပါသည်။ပတ်မကြီးသာမဟုတ် စခွန့်နှင့် ပတ်လုံးများကိုလည်း ကျယ်သောဘက်ကို အမဟုခေါ်ပြီး ကျင်းသောဘက်ကို အဖိုဟုခေါ်ပါသည်။ ပတ်မကြီးသည် ဆိုင်းဝိုင်းဘယ်ဘက် ဆိုင်းဆရာ၏ ဘယ်ဘက်တွင်ရှိပြီး ပတ်မတီးသူက ဆိုင်းဝိုင်းဘက် လှည့်တီးကြရပါသည်။နောက်တည့်တည့်တွင် ဝက်ခွဟုခေါ်သော မှန်စီရွှေချ တိုင် နှစ်တိုင်ကို အောက်ခြေက နှစ်တောင်လောက်ကားထားပြီး ကြိုးနဲ့တွဲ၍ ချည်ထားကာ အပေါ်တွင် တိုင်နှစ်တိုင်၏ အကွာအဝေးမှာ ၆ လက်မခန့်ကွာပြီး သံလုံး ငါးမူးလုံးခန့်ကို အလယ်တွင် ပစောက်ပုံသဏ္ဌာန် ဘေး ၂ ဘက်တွင် အဖြောင့်ထားကာ ဝက်ခွတိုင်ကို တွဲထားပြီး ထိုသံလုံးပစောက်ပေါ်တွင် ပဉ္စရူပ၏အမြီးပိုင်းကို တင်ထားရပါသည်။ထိုဝက်ခွအောက်တွင် သံဖြင့်ခွေကာ နွားရေနှင့် ကြက်ထားသည့် ဘင်ပါရှိပြီး ထိုဘင်တွင် S B Dဟု စိန်ဗေဒါ၏နာမည်ကို အင်္ဂလိပ်လို အတိုကောက်ရေးထားသည်ကို တွေ့ရပါသည်။S B Dဟူသော စာလုံးသည် ဘင်ကအဝိုင်းဖြစ်၍ အဝိုင်းအတိုင်း ခပ်ခုံးခုံးရေးထားပါသည်။ပဉ္စရူပ၏ဦးခေါင်းကို သေတ္တာဖြင့် ခေါင်းထောင်၍ ထည့်ပါသည်။ခေါင်းကို လှဲမထားပါ။သေတ္တာထဲတွင် ခေါင်းကိုထောင်ပြီး ပဉ္စရူပ၏ မေး၊ မုတ်ဆိတ်ကြားတွင် ကြိုးလျှိုသွင်းပြီး ချည်ထားပါသည်။ ပစ္စည်းဆင်ရာတွင် ဆိုင်းဝိုင်းခွေခြင်း၊ ကြေးဝိုင်းခွေခြင်း၊ ပဉ္စရူပဆင်ခြင်းဟူသော အဓိကသုံးချက် ရှိပါသည်။ဆိုင်းဝိုင်းခွေရန် ကြေးသေတ္တာခေါ် အစုံသေတ္တာကို စတင်ပြီး ဆိုင်းဝိုင်းခွေမည့်နေရာတွင် အလယ်က ချရပါသည်။ ဆိုင်းဝိုင်းခွေရန် အတတ်နိုင်ဆုံး မြေညီရပါသည်။ပြီးလျှင် ထိုအစုံသေတ္တာထဲမှ သံဘူးယူ၍ ဆိုင်းဝိုင်းကို မင်းပေါက်ပါသော နံပါတ်တစ်အပြားနှင့် သက်သေတိုင်ပါသော နံပါတ်နှစ်အပြား အထက်နဲ့အောက်တွင် လက်ယှက်တစ်စုံစီတပ်ပြီးဖြစ်၍ သံချောင်းထိုးဆက်ရပါသည်။ဤအတိုင်း သံချောင်းထိုးဆက်သွားခြင်းဖြင့် ပန်းပြားနောက်ဆုံးနံပါတ် ရှစ်အပြားနှင့် တစ်အပြား ဆက်လိုက်သောအခါ ဆိုင်းဝိုင်းကြီး ခွေပြီးဖြစ်ပါတော့သည်။တစ်နည်းအားဖြင့် ဆိုင်းဝိုင်းကြီး ဖြစ်လာပါသည်။ကြေးနောင်ဝိုင်းကိုလည်း ထို့အတူခွေရပါသည်။ဆိုင်းဝိုင်း၏ညာဘက်တွင် ကြေးနောင်ဝိုင်းထားပါသည်။ ကြေးနောင်ဝိုင်းခွေပြီးသောအခါတွင် ပဉ္စရူပကို ဆင်ရပါသည်။ပဉ္စရူပဆင်သောအခါတွင် ပဉ္စရူပခေါင်းနဲ့ ကြေးနောင်ဝိုင်း၏ မင်းပေါက်ထိပ်ကလေးနှင့် ညီနေရပါသည်။ ကြေးနောင်ဝိုင်းခွေပြီးသော ကြေးနောင်လုံးများ စီချိတ်ရပါသည်။ကြေးနောင်အလုံးများ သံစဉ်အလိုက် စီခြင်း၊ ချိတ်ခြင်းကို ကြေးစီသည်ဟု ခေါ်ပါသည်။ထို ကြေးစီခြင်းအလုပ်ကို သာမန်အားဖြင့် သင်မပေးပါ။ပတ်တီးလက်ထောက် (ဆိုင်းဆရာလက်ထောက်)ဘဝမှ ကောင်းကောင်းစီကြရပါသည်။ဆိုင်းဝိုင်းအတွင်း တီးရန် ဗုံကလေးများ ပတ်လုံးများစီခြင်း ချိတ်ခြင်းကို ပတ်လုံးစီသည်ဟု ခေါ်ပါသည်။ ထိုသို့ ပတ်လုံးစီကြရာတွင် တီးမည့်ဆိုင်းဆရာကိုယ်တိုင် စီကြပါသည်။ ထိုသို့ ပတ်လုံးများကို ဆိုင်းဝိုင်းတွင် စီချိတ်ရန် ပတ်လုံးတွင် ကြိုးများတပ်ထားပါသည်။ထိုကြိုးမှာ နွားရေကို နန်းလှီး၍ လိမ်၍ကျစ်သော ကြိုးဖြစ်ပြီး ထိုကြိုးကို ပဲလွန်းကြိုးဟု ခေါ်ပါသည်။ ကြေးနောင်များ၊ မောင်းဆိုင်းများကိုလည်း ထိုသားရေကြိုးခေါ် ပဲလွန်းကြိုးများဖြင့် ချည်ထားကြပါသည်။ပဉ္စရူပကြီးတွင် ပတ်မကြီး ဆွဲချိတ်ထားပြီး ပတ်မကြီး၏ ဘေးတိုက်တွင် စခွန့်ခေါ် ဗုံအကြီးစားမျိုးကို အသားခွဖြင့် တင်ထားပြီး သူနဲ့တွဲ၍ ခြောက်လုံးပတ်ခေါ် ဗုံကလေးများကို ပတ်သိမ်းတံခေါ် ဝါးခြမ်းဖြင့်တွဲ၍ စီထားပါသည်။

ဆိုင်းအဖွဲ့သုံးပစ္စည်းများမှာ သူ့နေရာနှင့် သူ့အခေါ်အဝေါ်များ ရှိပါသည်။ဆိုင်းဝိုင်းအတွင်းမှ ဗုံများ၊ ပတ်လုံးများကို ကြီးစဉ်ငယ်လိုက် အခေါ်များမှာ အကြီးဆုံးအလုံးကို ဒုံးကဲကြီးဟုခေါ်ပြီး သူ့ထက်အစဉ်လိုက်ငယ်၍ နှစ်ဆစ်လုံး တစ်ဆစ်လုံး၊ ဘယ်တျောလုံး၊ ဘယ်တေးလုံး၊ ဒူးလုံး တေးလက်ခေါ် တျာလက်ခေါ် ပါတ်စာတပ် ငါးပေါက် ဒုံးကြီးကစ၍ သံမှန်ဖျားထိ ဆယ့်ကိုးလုံး ရှိပေသည်။ မောင်းဆိုင်းတွင် ပတ်ဝိုင်း ကြေးဝိုင်းများ သို့မဟုတ် အတွဲနှင့်ဆိုင်း၍ ချည်၍ထားခြင်းကြောင့် ခွန်နှစ်လုံးတွဲ နှစ်တွဲ၊ အကြီးသုံးလုံး တစ်တွဲကိုပေါင်း၍ မောင်းဆိုင်းတစ်စုံဟူ၍ သတ်မှတ်ကာ အကြီးဆုံးတွင် ငါးပေါက် မောင်းကြီးကစ၍ အငယ်ဆုံး သုံးပေါက်ဖျားထိ ဆယ့်ခုနစ်လုံး ရှိပေသည်။ကြေးနှင့်မောင်းက တစ်တွဲ၊ စည်းဝါးက တစ်တွဲ၊ ပတ်နဲ့နှဲက တစ်တွဲ၊ လင်းကွင်းကြီးနဲ့ ပတ်မကြီးက တစ်တွဲစသည်ဖြင့်ရှိရာ ကျွန်တော်လိုက်သောဆိုင်းမှာ စိန်ဗေဒါကြီးဆိုင်းအဖွဲ့ ဖြစ်ပါသည်။နေမျိုးဗလကျော်သူဘွဲ့ရ ရွှာစားကြီး စိန်ဗေဒါမှာ ၁၃၀၄ခု တော်သလင်းလကွယ်နေ့တွင် ကွယ်လွန်ခဲ့ပြီ ဖြစ်ပါသည်။စိန်ကျော်တင့်နှင့် ကျွန်တော့်အစ်ကို စိန်လှမောင်က ခေါင်းဆောင်၍ တီးမှုတ်ကာ ရွာစားကြီး စိန်ဗေဒါ၏ဇနီး အမေ ဒေါ်စိန်မေနဲ့ လက်ရေတပြင်တည်း လုပ်ကိုင်စားသောက်သောအခါ ဖြစ်ပါသည်။အလှူများတွင် အတီးအမှုတ်များသောဗလာဆိုင်းအဖွဲ့ဖြစ်ပါသည်။

ဆိုင်းတွင်တီးသော စည်းမှာ ၂ မျိုးရှိပါသည်။တစ်မျိုးမှာ လက်ခတ်စည်းဖြစ်ပြီး တစ်မျိုးမှာ သံလွင်စည်း ဖြစ်ပါသည်။လက်ခတ်စည်းမှာ ဂငယ်ပုံသဏ္ဍာန် အခုံးဖြစ်ပြီး ထိပ်အလယ်တွင် ကြိုးတပ်ရန် အပေါက်ဖောက်ထားကာ ကြေးနှင့် ခဲမဖြူရောစပ် သွန်းလုပ်ထားခြင်း ဖြစ်ပါသည်။ အပေါက်တွင် ကြိုးချီပြီး အခွက်တွင်းတွင် ကြိုးထုံးထားကာ ၂ ဘက်လျှင် ၁ စုံ ဖြစ်ပါသည်။ ကြိုးအလျားမှာ ၆ လက်မခန့်ရှည်ပြီး စည်းတစ်ဘက်ကို လက်ညှိုးပေါ်တင်ထားပြီး စည်းတစ်ဘက်ကို လက်သူကြွယ်အောက်ကရစ်ပြီး အပေါ်ယူကာ လက်ခလယ်ပေါ်ကကျော်ပြီး ကိုင်လိုက်လျှင် လက်ညှိုးပေါ်က စည်းတစ်ဘက်နှင့် တီးရန်အသင့်ဖြစ်သွားပါသည်။အချို့ ဤလက်ခုပ်စည်းကို ဤသို့မကိုင်တတ်ကြပါ။သံလွင်စည်းမှာ ကြေးနီ ခဲမဖြူတို့ဖြင့် ရောစပ်လုပ်ထားပြီး လင်ကွင်းငယ်ပုံသဏ္ဍာန် အထူးစားမျိုးစပ်ခါ ပြုလုပ်ထားပြီး အချွယ်မှာ ၅ လက်မခန့်ရှိပြီး အလယ်ထိပ်ဂုင် အပေါက်ဖောက်ထား၍ ထိုအပေါက်ကို သာရေကြိုးဖြင့်ချည်ကာ လက်နှစ်ဘက်နှင့် ကိုင်တီးရပါသည်။ထိုစည်းမျိုး တစ်ဘက်ကို အောက်ခံ အသားခုံလေးတစ်ခုံတွင် သံဖြင့်ရိုက်ကာ ပါရှိပါသေးသည်။ဗျောက်တုံးမှာ ပိတောက်တုံးကို အထွင်းများကြပါသည်။အလျား ၁၄ လက်မခန့် အနံ ၆ လက်မခန့်၊ ထုအမြင့်မှာ ၄ လက်မခန့် ရှိပါသည်။ထိုဗျောက်တုံးကို ဝါးအဆစ်ပိတ် တုတ်ဖြင့် တီးရပြီး ထိုဗျောက်တုံးကို (ထိပ်ထူ ခွပါး အဝေးကြား)ဟူသောစာအတိုင်း ထွင်းတတ်ကြပါသည်။ထိုဗျောက်တုံးကို စည်းတီးသူကပင် တီးရပါသည်။ဆိုင်းနောက်ပိုင်း သီချင်းကြီးများ သို့မဟုတ် တစ်ယောက်တည်းတီး ဘောလယ်လို တီးကွက်မျိုးတီးလျှင် လက်ခတ်စည်းနဲ့ ဗျောက်တုံးနဲ့ တီးကြပါသည်။ဆိုင်းတီးလုံးများ အဆူများ စည်းထိပ် ဝါးထိပ်များ ဇောင်းများ ခုတ်စည်းများ တီးလျှင် ဆိုင်းစည်း သံလွင်စည်းဖြင့်တီးပြီး ဝါးကို နောက်ထိုင်များက ဝါးလက်ခုပ်ဖြင့် တီးကြပါသည်။ ကြေးနောင်တီးရန် ကြေးလက်ခတ်နှင့်၊ မောင်းဆိုင်းတီးရန် မောင်းလက်ခတ်များမှာ မတူကြပါ။မောင်းလက်ခတ်က သက္ကလပ်စ ဖလန်နယ်စ ဖျင်စလိုများဖြင့် မောင်းတီးရန် ထိပ်ခေါင်းကို ချုပ်လုပ်တတ်ပြီး ကြေးနောင်တီးသော ကြေးလက်ခတ်မှာ ကျွဲရေကို ဖောက်စွပ်ထားခြင်း ဖြစ်ပါသည်။ဆိုင်းဝိုင်းအတွင်း ပတ်လုံးများ အသံရှိန်ဖြင့်

တီးကောင်းရန် ဆိုင်းဝိုင်းပန်းပြားများလည်း မနာစေရန် လက်ညှိုးလောက်အတုတ် ကြိမ်လုံးကို ပန်းပြားတစ်ပြားချင်းစီရိုက်၍ ထားသည်ကို ပတ်ခေါင်းအုံးဟုခေါ်ပြီး ခြောက်လုံးပတ်တွဲသော သံပြားတန်း သို့မဟုတ် ဝါးခြမ်းတန်းကို ပတ်သီတံဟု ခေါ်ပါသည်။အစ်ကိုက သီချင်းများကို တစ်ပိုဒ်ချင်း တက်ပေးပါသည်။တစ်ခါတစ်ရံ သီချင်းတစ်ပုဒ်ကို ရက်ပေါင်း ၂၀ လောက် ကျေအောင်ဆိုပြီး လက်အတီးကို ချေပြီး တီးနေရပါသည်။သည်လိုတီးရတာကို ကျွန်တော် အလွန်ပျင်းပါသည်။ထံတျာတေရှင်သာမက တခြားသီချင်းကြီးများကိုပါ ကျွန်တော်က တီးတတ်လာသူဖြစ်သဖြင့် သိပြီးများလို ဖြစ်နေ၍ မတီးချင်ပါ။ဒါပေမဲ့ အစ်ကို့ကို ကြောက်ရပါသည်။ မတီး၍ မဖြစ်ပါ။အစ်ကိုက ကျွန်တော့်အား ချော့တစ်ခါ ခြောက်တစ်လှည့်ဖြင့် တီးခိုင်းပါသည်။ "ဒါအဘ စိန်ဗေဒါရဲ့အဖေ ဖေဖေကြီးရဲ့ နန်းတွင်းမှူ တီးကွက်တီးလက်တွေ ငါ့ညီရ ကြိုးစားပြီး မပျင်းမရိတီးပါ"ဟု ပြောပါသည်။

မန္တလေးမြို့သည် တောင်မြောက်ရှည်လျားသောမြို့ ဖြစ်ပါသည်။တောင်ဘက်တွင် တမ္ပဝတီရပ်ကွက်၊ စန္ဒာမုနိဘုရားအဆုံးဖြစ်ပြီး မြောက်ဘက်တွင် အိုးဘိုရပ်ကွက်အဆုံး ဖြစ်ပါသည်။အရှေ့ဘက်တွင် အောင်ပင်လယ်ကန်ပေါင်ရိုးထိပ်အစပ် အဆုံးဖြစ်ပြီး အနောက်ဘက်တွင် ဧရာဝတီမြစ် အဆုံးဖြစ်ပါသည်။မန္တလေးက လေးဘီးတပ် မြင်းရထားကြီးတွေက ကျွန်တော်တို့ဆီ ကလိုပင် ဖြစ်ပါသည်။အစ်ကိုက ကျွန်တော့်ကို မန္တလေးမြို့၏ တန်ခိုးကြီးဘုရားများ မဟာမုနိဘုရားကြီးကို လိုက်ပို့ပါသည်။"ငါ့ညီ ဆုတောင်းပြည့်တယ် ဆုတောင်းပါ"ဟု ပြောပါသည်။ ဘုရားကြီးကို ကျွန်တော် အလွန်ကြည်ညိုပါသည်။နောင်သောအခါများတွင် မဟာမုနိဘုရားကြီးကို နံနက်စောစော သွားရောက်ဖူးမြော်သည့်အခါ အဖေနဲ့အမေကို သတိရလွမ်းပြီး မျက်ရည်ကျပါသည်။ကျွန်တော်တို့ နေထိုင်ရာ ရပ်ကွက်မှာ မင်းတဲအိကင်း စက်မြေရပ်ကွက် ဖြစ်ပြီး အနောက်ဘက်က မြစ်ဆိပ်နဲ့ နီးပါသည်။ကျွန်တော်သည် မကြာခဏ မြစ်ဆိပ်သွား ရေချိုး သစ်ဖောင်တွေပေါ်က ဒိုင်ဗင်ထိုးချပြီး ရေကူးရခြင်းကို လွန်စွာနှစ်ခြိုက်လှပါသည်။ ကျွန်တော်ရေချိုးသည့် ရေဆိပ်မှာ ကျောက်သပိတ်ရေဆိပ် ဖြစ်ပါသည်။ရေဆိပ်တွင် ငှက်သုံးလေးစင်း ဆိုက်ထားပါသည်။မြင်းခြံ စွန်းလွန်းတွင်နေစဉ်က လှေ ဖောင် သင်္ဘောကြီး မော်တော်များကို မြင်ဖူးပါသည်။ ငှက်ကို မမြင်ဘူးပါ။ကျွန်တော်တို့ဆီတွင် ငှက်မရှိပါ။ မန္တလေးရေဆိပ်တွင် ငှက်သမ္ဗန်များ ရှိပါသည်။ငှက်ပုံသဏ္ဌာန်သည် ဘဲတစ်ကောင် ရေထဲမှာ ပေါ်နေသည်နှင့် တူပါသည်။ဝမ်းဗျက်ကျယ်ပြီး ပဲ့ပိုင်းတွင် အမြီးနှစ်ခွသဏ္ဌာန်ဖြင့် ထိုအလယ်တွင် လူ ၂ ယောက်ထိုင်ရန် နေရာပါရှိပြီး ထို့နောက်တွင် ပဲ့ထားပါသည်။ရှေ့ ဦးတွင် ခပ်မော့မော့ စောင်းကောက်သဏ္ဌာန်လို ကော့ထားပြီး ငှက်ဝမ်းထိပ်အဆုံး အထက်နားတွင် လှည်းဦးတွင် ခင်းသည့် ဇလားပုံမျိုး ဖုံးအုပ်ထားကာ ငှက်ထိပ်တွင် ကြိုး ၁၀ တောင်ခန့် ချည်ထားပြီး ကြိုးအဆုံးတွင် သံချွန်တစ်ခု တွဲချည်ထားကာ ငှက်ဆိုက်လျှင် သောင်စပ်မှာ ထိုသံချွန်ဖြင့် ထိုးစိုက်ပြီး ဆိုက်ကပ်ထားလေ့ရှိပါသည်။ဆိုင်းတစ်ဖွဲ့လုံးကို ထိုအချိန်က ငှက်သုံးစီးဖြင့် နိုင်ပါသည်။ထူးခြားသည်မှာ ငှက်ခတ်သူ ဖြစ်ပါသည်။လှေဆိုလျှင် လှေလှော်သူ ဖြစ်ပါသည်။ ယခုငှက်တွင်မူ ငှက်လှော်သူဟု မခေါ်ပါ ငှက်ခတ်သူဟုသာ ခေါ်ပါသည်။ငှက်ခတ်သူသည် ငှက်၏နောက်ပိုင်းတွင် မတ်တတ်ရပ်ပြီး တက်နှစ်ချောင်း ဘယ်ညာ ကြက်ခြေခတ်ပြီး လှော်ခတ်ရပါသည်။ ငှက်ခတ်ရာတွင် ငှက်နံဘေးတွင် ကြိမ်သေးသေးလေးများ လိမ်ကျစ်ထားသည့် ခတ်ကွင်း ပါရှိပါသည်။လှော်တက်ကို ထိုခတ်ကွင်းတွင် စွပ်ချိတ်ပြီးမှ လှော်ရပါသည်။လှော်သည့်

ခတ်ကွင်း နေရာတွင် အထစ်လေးထစ်ပါရှိပြီး ခတ်ကွင်းနဲ့ သွင်းချိတ်ပြီး ခတ်ရပါသည်။ ရှေးစကားပုံတစ်ခု ရှိပါသည်။(ခတ်ကွင်းပြင်တာနဲ့ ရွာသစ်ကြီးရောက်) စစ်ကိုင်းမှ ငှက်ခတ် သမားသည် ငှက်ခတ်ရန် ခတ်ကွင်းကိုပြင်၍လာရာ ငှက်က ရေစီးကြောင်းအတိုင်း မျောပါလာပြီး အတော်အတန်ဝေးသော ရွာသစ်ကြီး ရေဆိပ်သို့ ရောက်လာပါသည်။သူကား ခတ်ကွင်းပြင် မပြီးသေးပါ။ထို့ကြောင့် အလုပ်တစ်ခုလုပ်ရာတွင် ဟန်ချဲ့နေသူ အကျယ်ချဲ့၍ လိုရင်းမရောက် သူများကို ဤစကားပုံ သုံးတတ်ကြပါသည်။ရေထဲက ငှက်ပုံသဏ္ဍာန်သည် ဝမ်းဘဲတစ်ကောင် ရေကူးနေသည်နှင့် တူပါသည်။

* * *

မန္တလေးတွင် ကျွန်တော်အလွန်ကြည့်ချင်သော နန်းတော်ကြီး မရှိတော့ပါ။နန်းတော် ပုံတူကိုသာ ကြည့်ရပါသည်။နန်းတွင်းက ဘုတ်တလုတ်ရေကန်နားမှာ ကျွန်တော်ထိုင်ပြီး ငေးငေး ကြည့်မိပါသည်။ကျွန်တော်တို့၏ ဇာတိသွေး၊ ဇာတိမာန်များအား မီးရှို့ဖျက်ဆီးခဲ့ကြသော ဖက်ဆစ် နဲ့ နယ်ချဲ့ကို ကျွန်တော် မကျေနပ်နိုင်ပါ။ ကျွန်တော်တို့အဖေဘက်က ဘိုးသုံးဆက်သည် (အာကာရွှေတောင်) ဖြစ်ပြီး အမိဘက်က အဘိုး၏ဖခင်သည် (ပွဲတိုင်းကျော်ထင်နော်ရထာ) ဖြစ်ကြောင်း၊ အဖေနဲ့ အမေက ပြောပြ၍ ကျွန်တော် သိခဲ့ရပါသည်။နန်းတော်ကြီးအတွင်းမှနေပြီး ကာရံထားသော မြို့ရိုးကိုကြည့်လိုက်လျှင် ပထမဆင်ခြေလျှောသဏ္ဍာန် တွေ့ရပါသည်။ ထိုဆင်ခြေလျှောမှ တက်ပြေးလိုက်လျှင် မြို့ရိုးထိပ် ချက်ချင်းရောက်ပါသည်။ မြို့ရိုးတွင် သူရဲခို၊ သူရဲပြေးများ တွေ့ရပါသည်။သူရဲခိုဆိုသည်မှာ အုတ်မြို့ရိုးကြီးကို ဆိုင်းဝိုင်းတွင် သင်ပုန်းခေါင်း တပ်၍ စိန်တောင်ပေါက်သကဲ့သို့ အလားတူပါသည်။ အုတ်နီကြီးများဖြင့် လုပ်ပါသည်။သူရဲပြေး ဆိုသည်မှာ ထိုသူရဲခိုများ၏နောက်က လူသွားလမ်းသဏ္ဍာန် သွားစရာနေရာကို ခေါ်ပါသည်။ ထိုမြို့ရိုးကြီး၏ရှေ့ ဇာတ်ရုံကြီးတစ်ရုံလောက်အကွာတွင် ကျုံးခေါ်သော ရေအိုင်ရှိပါသည်။ ကျုံးသည် မန္တလေးမြို့ နန်းတည်သက္ကရာဇ်တွင် သာသနာသက္ကရာဇ်ကို မူတည်ခြင်း သာသနာ သက္ကရာဇ် ၂၄၀၀ အရောက်တွင် တည်သဖြင့် မြို့ရိုးတစ်ဘက် တာ ၆၀၀၊ ၄ ဘက် ၂၄၀၀၊ တာပေါင်း ၂၄၀၀ ကို ပတ်ပတ်လည် ရံနေသည့် ကျုံးရေအိုင်ကြီး ရှိနေပါသည်။

ကျုံးတွင် ကြာပွင့်၊ ကြာဖူး၊ ကြာငုံများနှင့် လှပတင့်တယ်၍နေသော်လည်း ရေစပ်တွင် နွယ်များ၊ မှော်များ၊ ကြာရိုးများရှိနေခြင်းကြောင့်တစ်ကြောင်း၊ ရေငြိမ်သက်နေ၍တစ်ကြောင်း အန္တရာယ်ရှိကြောင်း ဖော်ပြနေပါသည်။ရေကူးတတ်ဦးတော့ အောက်ကနွယ်များငြိ၍ အသက် အန္တရာယ်ပင် ရှိနိုင်ပါသည်။မန္တလေးမြို့သည် ဤကျုံးရေကို အသုံးပြုနေကြပါသည်။ရှေးမြန်မာ ဘုရင်များသည် ရန်သူများအား ကာကွယ်စေရန် ဤကျုံးကို တူးထားခြင်းဖြစ်ဟန်တူပါသည်။ ရန်သူများလာလျှင် သိရှိနိုင်စေရန် ကျုံးရေပေါ်တွင် ဖောင်တစ်ခုပြုလုပ်ထားပြီး ထိုဖောင်ပေါ်တွင် ကြေးနောင်၊ ဗုံသာ၊ စည်းဝါး၊ လင်းကွင်းများ တီးခတ်စေပြီး ကင်းလှည့်စေခြင်းဖြင့် ရေပေါ်တွင် ကင်းလှည့်ခြင်းကြောင့် ရေခင်းအတီး ပေါ်လာပါသည်။ရေကင်းတော်ဟု တော်ထည့်၍သုံးခြင်းမှာ မင်းသုံးဖြစ်၍ တော်ထည့်ခြင်းဖြစ်တန်ပါသည်။ ရန်သူများချီတက်လာလျှင် ဤကျုံးနေရာတွင် ရေကိုဖြတ်ကျော်ကူးရပါမည်။ထိုသို့ ဖြတ်ကျော်ကူးနေချိန်တွင် သူရဲခိုထိပ်အလယ်ရှိ သေနတ် မြားပေါက်တို့က တက်လာသော ရန်သူများအား သေနတ် မီးပေါက်များဖြင့်လည်းကောင်း၊ မြားများ ဖြင့် လည်းကောင်း ပစ်ခတ်နိုင်ပါသည်။မန္တလေးမြို့၏ လမ်းများသည် အလွန်ဖြောင့်မတ်ပါသည်။ စတုရန်းအချိုးကိုက်ညီသော လမ်းများဖြစ်ပါသည်။လမ်းတစ်လမ်းနဲ့ တစ်လမ်းကို တစ်ပြခေါ်ပါ

သည်။တစ်ပြသည် အင်္ဂလိပ်မိုင်နှုန်းဖြင့် တွက်ပါက တစ်မိုင်၏ ၈ ပုံ ၁ ပုံ တစ်ဖာလုံ ရှိပါသည်။ တစ်ပြသည် တစ်ဖာလုံ ရှိပါသည်။ ကျွန်တော်တို့ မြင်းခြံစွန်းလွန်းတွင်လည်း ကျောက်လမ်းခေါ်သော ကတ္တရာလမ်းက ရွာဘေးတွင် ရှိပါသည်။မန္တလေးတွင် ပေတစ်ရာလမ်းတွေ အများကြီး ရှိပါသည်။ ပေတစ်ရာဆိုသော်လည်း ကျောက်လမ်းအကျယ်မှာ ပေတစ်ရာ မရှိနိုင်ပါ။လမ်းဘေးနှစ်ဘက် နယ်နိမိတ်များအားလုံးဆိုလျှင်တော့ ပေတစ်ရာရှိနိုင်ပါသည်။

ကျွန်တော်ရောက်ပြီး မကြာခင် အစ်ကိုတို့ အိမ်ခွဲဆောက်ပါသည်။ အမေတို့အိမ်အနောက်ဘက် ဦးညာနုတ္တရကျောင်း၏အရှေ့ဘက် ကပ်လျက်ဖြစ်ပါသည်။အိမ်ကို စည်ပတ်သံပြားများ ရက်လုပ်ပြီး ကာပါသည်။အစ်ကိုက မီးဝါသနာပါသည်မို့ ဘက်ထရီအိုးနဲ့ မီးထွန်းပါသည်။အစ်ကို့အိမ်ကလေးသည် တစ်မျိုးချစ်စရာကောင်းပါသည်။အစ်ကိုတို့ လင်မယားနဲ့ ကျွန်တော် ပေါင်း သုံးယောက်သာ နေပါသည်။အစ်ကိုက ကျွန်တော်ကို ကလပ်ကြိုးငါးပုဒ် တက်ပေးပါသည်။ကလပ်ကြိုးများမှာ (၁) ထံတျာတေရှင်၊ (၂) သီတာ သီတာမြသား၊ (၃) သာသာယာယာမည်လေကြွေး၊ (၄) ဝေဘာဂီရီ၊ (၅) ထွေတလာတို့ဖြစ်ပြီး၊ နံပါတ် (၃) အပုဒ် သာယာနှင့် နံပါတ် (၅) ထွေတလာတို့ကို ဂီတသမားများ အရနည်းကာ သင်ရိုးသင်လက်များမှာ အလွန်ကောင်းကြောင်း သိလာရပါသည်။နံပါတ် (၃) သာယာတွင်ပါသည့် (သံချိုတည့်တအေးအေးပဲ တည့်ပဲထွေးထွေး) ဟူသော အပိုဒ်သည် တီးလက်၏ ဘယ်ညာအဝင်အထွက်များကို အလွန်အားကောင်းပြီး စည်းချိန် ဝါးချိန်များပါ ထိထိမိမိရှိလှကာ အစ်ကို၏ပြောပြချက်အရ အဘစိန်ဗေဒါ၏နောက်ဆုံး စိတ်တိုင်းအကျဆုံး တီးကွက်များဖြစ်ကြောင်းကို တီးကွက် ဂီတသံစဉ်များက သက်သေခံလိုက်ပါပြီ။ အစ်ကိုသည် ကျွန်တော့်အား သီချင်းတက်ပေးသည့်အခါ ညီတစ်ယောက်လို သဘောမထားဘဲ တပည့်တစ်ယောက်လို သဘောထားပါသည်။သီချင်းတီးကွက်များ၊ ပညာခန်းများနဲ့ဆိုလျှင် အစ်ကို့ကို အလွန်ကြောက်ရပါသည်။သီချင်းအကြောင်းတီးကွက်အကြောင်းများပြောလျှင် ငြိမ်၍နားထောင်နေရပါသည်။မျက်လုံးဖြင့်လှန်၍ မကြည့်ရပါ။ မျက်လုံးဖြင့် လှန်ကြည့်မိသည့်အခါများတွင် သူ့အား ပြန်ပြောသည်ဆိုပြီး နားရင်းအုပ်ပါသည်။ အစ်ကိုရိုက်တာသည် စွန်းလွန်းကျောင်းတုန်းက ဘုန်းကြီးရိုက်တာများကို ပြန်အမှတ်ရပါသည်။ ရွာမှာတုန်းက အနောက်ကျောင်းကန်ရေ အလွန်ချိုးချင်သဖြင့် ခိုး၍ချိုးရပါသည်။ဘုန်းကြီးသိသောအခါ ကန်ရေချိုးသူများအားလုံး အရိုက်ခံရပါသည်။ကျွန်တော်တို့မြင်းခြံတွင် ဧရာဝတီမြစ်က တာရိုးမရှိပါ။ မန္တလေးဧရာဝတီမြစ်နဲ့ မြင်းခြံ ဧရာဝတီမြစ်သည် အတူတူပင်ဖြစ်ပါသည်။ မန္တလေးက စီးဆင်းလာ၍ မြင်းခြံရောက်ရပါသည်။မန္တလေးတွင် တာရိုးရှိပါသည်။မြို့ရိုးနဲ့ တာရိုးမတူပါ။မြို့ရိုးက နန်းတော်ကြီးကို ပတ်ပတ်လည် ကာရံထားခြင်း၊ နန်းမြို့တွင်းကို ကာရံထားခြင်းဖြစ်ပြီး တာရိုးမှာ မန္တလေးမြို့ကြီး တစ်မြို့လုံးကို အနောက်ဘက် တစ်ခြမ်းလုံးမှ တောင်မြောက်အလျားလိုက် ကာရံထားခြင်းဖြစ်ပါသည်။မြို့ရိုးမှာ အုတ်ဖြင့်ပြီးလျက် တာရိုးမှာ မြေဖို့ထားခြင်းဖြစ်ပြီး တာရိုးပေါ်တွင် ကားကြီးတစ်စီး ကောင်းကောင်းမောင်းသွားနိုင်ပါသည်။ တာရိုးအမြင့်မှာ မညီညာပါ။အချို့နေရာတွင် ဝါးတစ်ရိုက်ခန့်မြင့်ပြီး အချို့နေရာတွင် ထိုထက်အနည်းငယ် နိမ့်ပါသည်။ ဧရာဝတီမြစ်ရေတွေ ကြီးလာသောအခါ တာရိုးထိပ်အထိ ရေက တက်နေပါပြီ။ တာရိုးကျိုးမှာ စိုးရိမ်ရပါသည်။မြစ်ရေများကြီးတတ်သော မိုးရာသီဖြစ်သဖြင့် တဖြည်းဖြည်းနဲ့ ညနေညနေ မြို့သူမြို့သားများက တာရိုးပေါ် ရေကြည့်သွားကြတာ စည်းကားနေပါသည်။မြစ်ရေကြီးသောအချိန်တွင် မန္တလေးမြို့သည် ရေအောက်ရောက်နေရပါသည်။

တာရိုးခံထားသဖြင့်သာ ရေဘေးဒဏ်က သက်သာရာရခြင်းဖြစ်ပါသည်။ သို့သော် တာရိုးကျိုးပေါက်လျှင် မတွေးဝံ့စရာဖြစ်နေပါသည်။"နာရီစင် ထိုးဝါးကန်ရတာ"ဟုပြောသူက ပြောနေကြပါပြီ။မြစ်ဆိပ်နဲ့ နာရီစင်မှာ တစ်မိုင်လောက်ဝေးပါသည်။သူများတွေက အရေးမကြီး ကျွန်တော်တို့မှာ ခက်ပါသည်။ကျွန်တော်တို့နေသော စက်မြေရပ်မှာ တာရိုးနဲ့ သိပ်မဝေးပါ။ တာရိုးကျိုးလိုက်လျှင် ဘယ်ပြေးရမှန်း မသိတော့ပါ။ညညတွင် ကျွန်တော်တို့တစ်တွေ ရတနာမဥ္ဇူ ဘုရားပေါ် တက်အိပ်ကြပါသည်။ရတနာမဥ္ဇူဘုရားကုန်းတော်သည် အတော်မြင့်ပါသည်။ တာရိုးထိပ်နီးပါး ညီသလောက်ရှိပါသည်။တစ်ရက် ညဦးပိုင်းတွင် ရေလန့်ပါသည်။ဘယ်သူက နှုတ်ဆော့၍ ပြောကြားလိုက်သည်မသိ "တာရိုးကျိုးပြီ" "တာရိုးကျိုးပြီ"ဟု အော်သံကြားသဖြင့် ပြေးသူပြေး၊ လဲသူလဲ၊ ကွဲသူကွဲ၊ တိုက်သူတိုက် ကလေးအမေများ အတော်ဒုက္ခရောက်ကြပါသည်။ ရတနာမဥ္ဇူဘုရားကုန်းတော်ပေါ်တွင် ပြေးတက်လာကြသူတွေလည်း မနည်းပါ။ကျွန်တော်သည် စွန်းလွန်းချောင်းရေကျသံများကို မကြာခဏကြားခဲ့ရပါသည်။အထက်ဆီက မိုးညိုလျှင် စွန်းလွန်း ချောင်းရေများ ဒလဟော စီးဆင်းကျလာတတ်ပါသည်။ကြောက်မက်ဖွယ်ရာကောင်းသော ချောင်းရေကို မကြာခဏကြားဖူးခဲ့သဖြင့်၍လည်း တာရိုးကျိုးပေါက်သည်ဆိုကြသောကြောင့် ရေသံကို နားထောင်ပါသည်။ရေသံမကြားရပါ။လူတွေရဲ့ အော်သံ ခွေးအူသံ၊ ကလေးငိုသံ၊ မိန်းမများ ငိုသံသာ ကြားနေရပါသည်။စိတ်ကူးနဲ့ တာရိုးကျိုးကြည့်ပါသည်။တာရိုးကျိုးလျှင် ဘာလုပ်မလဲ။အင်္ကျီ၊ လုံချည်ချွတ်၍ ဘောင်းဘီတိုလေးဖြင့် ရေကူးသွားရန်သာ ဖြစ်ပါသည်။ စွန်းလွန်းချောင်းရေများ ဒလဟောကျနေစဉ် ချောင်းတစ်ဘက်ကမ်း ဖြတ်ကူး၍ မရပါ။ရေစုန် အလိုက် မျော၍ သက်သာ သောနေရာများတွင် ကူးရမည်ဖြစ်ပါသည်။ယခုလည်း တာရိုးကျိုးလျှင် ချောင်းရေထက်ကြီးသော မြစ်ရေများ စီးဆင်းသွားခြင်းပင် ဖြစ်လာပါမည်။သို့သော် တာရိုး ကျိုးသောနေရာနဲ့ တည့်တည့်ဆိုလျှင် ပြင်းထန်သောရေစီးအားက သေမင်းတမန် ဖြစ်နိုင်ပါသည်။

ရေမကြောက်၍ ရေကူးတတ်သော်လည်း လှိမ့်၍ဆင်းလာသော ရေလုံးများ မရိုက် အောင် ရှောင်ရပါမည်။ဒုတိယကမ္ဘာစစ်ကြီးပြီးစအချိန်ဖြစ်၍ မြန်မာပြည်တစ်ဝန်း မြို့ပျက် ရွာပျက်များသာသာ ရှိပါသည်။မန္တလေးလည်း ထို့အတူပင် ဖြစ်ပါသည်။လျှပ်စစ်မီး ပြန်လည် မလင်းသေးပါ။ညသည် မှောင်နေပြီး ကြောက်မက်ဖွယ်ရာများက လွှမ်းခြုံထားပါသည်။တာရိုး ကျိုးတာခြင်းအတူတူ ကျိုးခြင်းကျိုးက နေ့ကျိုးတာ မြင်မြင်ထင်ထင်ရှိသေးရဲ့ဟု အောက်မေ့ရပါ သည်။တဖြည်းဖြည်း ညဥ့်နက်လာသောအခါ လူသံများ ငြိမ်လာပြီး တာရိုးမကျိုးဟူသောအသိက အားလုံးအား အကြောက်ပြေစေကာ အိပ်ချိန်ရောက်နေပြီဖြစ်သဖြင့် အိပ်ကုန်ကြပါသည်။ ကျွန်တော်မှာမူ အိပ်မပျော်ပါ။ရတနာမဥ္ဇူဘုရားရှေ့တော်ဝယ် ဆီမီးခွက်ကလေးတစ်ခွက်သည် ညဥ့်အမှောင်ကိုဖောက်ထွင်းကာ လင်းနေပါသည်။ဆီညှော်နံကတော့က ခပ်သင်းသင်းပင်ဖြစ်ပြီး လေတစ်ချက်ချက် အဝှေ့လိုက်တွင် ဆီမီးက ဝုန်းခနဲ ဝုန်းခနဲ လှုပ်ခါရမ်းသွားပြီး ငြိမ်းမလိုလိုနဲ့ မငြိမ်းဘဲ လင်းမြဲလင်းလျက် ရှိနေပါသည်။ရတနာမဥ္ဇူဘုရား မျက်နှာတော်သည် တည်ငြိမ်လျက် ခပ်ဝေးဝေးမှ သန်းခေါင်ကြက်တွန်သံကို ကြားနေရပါသည်။စောစောတုန်းက ကမ္ဘာပျက်သလို ဆူညံခဲ့သော အသံများကလည်း တိတ်ဆိတ်ငြိမ်သက်သွားကြသည်။ကျွန်တော်သည် ရတနမဥ္ဇူ ဘုရားရှေ့တော်ဝယ် ထိုင်လိုက်ပြီး ထိခြင်းကြီးငါးပါးဖြင့် ဘုရားအား ရှိသေစွာ ဦးသုံးကြိမ် ကန်တော့လိုက်ကာ ရွာမှာတုန်းက ဘုန်းဘုန်းသင်ပေးလိုက်သော သမန္တစက္ကဝါဠေသုမှ ပုဗ္ဗဏှ သုတ် အဆုံးထိ ရွတ်ဖတ်ရှိခိုးပူဇော်လိုက်ပါသည်။

မန္တလေးတွင် မုန့်တီသည် နာမည်ကြီး အစားအစာတစ်ခု ဖြစ်ပါသည်။ ကျွန်တော်တို့ ဆီက မုန့်ဟင်းခါးလက်သုပ်သဘော ဖြစ်ပါသည်။မုန့်တီကို ကြက်သားဟင်းနဲ့လုပ်တာများပြီး ဟင်းချိုကလည်း ချိုပါသည်။မန္တလေးတွင် မုန့်တီသည်တွေ ပေါပါသည်။အစ်ကိုနဲ့မမတို့ လင်မယားမှာ ရယ်စရာကောင်းပါသည်။အစ်ကိုက မမကို မလှတင်ဟု နာမည်ခေါ်ပြီး မမက အစ်ကို့ကို နာမည်မခေါ်ပါ။အစ်ကိုက စကားပြောစရာ ခေါ်စရာရှိ "မလှတင်ရေ"ဟု ခေါ်ပြော တတ်ပြီး မမကမူ အစ်ကို့ကို ခေါ်စရာရှိလျှင် ဒီမယ်၊ အင်း. . ဟို စသည်ဖြင့် မရေမရာ ခေါ်ပြော တတ်ပါသည်။ သို့သော်လည်း အစ်ကိုသည် မမ၏ ယင်းခေါ်သံမျိုးကို ချက်ချင်းသိပါသည်။ တစ်ခါတစ်ရံ မမက ကျွန်တော့်အား မောင်ကို မင်းအစ်ကို ဒါစားဟု စားစရာတစ်ခုခု အစ်ကို့ကို ပေးခိုင်းပါသည်။မင်းအစ်ကို ဒါဝတ်ပေ့စေဟု အင်္ကျီအဝတ်အစားများ အဝတ်ခိုင်းလျှင်လည်း အစ်ကို့ကိုတိုက်ရိုက်မပြောဘဲ ကျွန်တော်က တစ်ဆင့်ပြောတာတွေလည်း ရှိပါသည်။ပြောမယ့်သာ ပြောသည် အိမ်အတွင်း မမနဲ့အစ်ကို နှစ်တောင်ကွာလောက်တွင် ကျွန်တော့်အား ကြားထား၍ ပြောခြင်းဖြစ်ပါသည်။အစ်ကိုနဲ့မမ လိုက်ဖက်ပါသည်။အစ်ကိုသည် လူချောလူခန့်တစ်ယောက် ဖြစ်ပါသည်။မမသည် သွက်လက်သောအလှမျိုး ရှိပါသည်။သူတို့နှစ်ဦးလုံးက ကျွန်တော့်ကို အလွန်ချစ်ပါသည်။မမသည် ထမင်းဟင်းချက်ကောင်းလှပြီး မမချက်သော ခရမ်းသီးအိုးကပ်ကို စားရလျှင် သားငါးဟင်းများနဲ့ပင် မလဲချင်ပါ။ဤမျှ ဟင်းချက်ကောင်းပါသည်။ကျွန်တော်တို့ နေသောအရပ် စက်မြေသည် ပုဏ္ဏားဈေးနဲ့ နီးသောကြောင့် ပဲပေါပါသည်။ပဲကို အစ်ကိုရော မမရော ကျွန်တော်ပါ ကြိုက်ကြပါသည်။မမသည် ပဲကို အမျိုးမျိုးချက်ပါသည်။ပဲကြီးဆီပြန်၊ စွံတာနီပဲဟင်း၊ ပဲရာဇာဟင်းချို၊ ကုလားပဲနှပ်၊ ထောပတ်ပဲစိမ်းချက် စသည်ဖြင့် အမျိုးမျိုးချက်စား ပါသည်။သားငါးတွင် အစ်ကိုက ဝက်သားကြိုက်ပြီး မမက ငါးကြိုက်ပါသည်။ ကျွန်တော်က ကြက်သားကြိုက်ပါသည်။ကျွန်တော်က ငရုတ်သီးအစပ် လုံးဝ မစားနိုင်ပါ။တစ်ခါတစ်ရံ ဟင်းအိုးတွင် ငရုတ်သီးစပ်၍ ကျွန်တော် မစားနိုင်သောအခါ အစ်ကိုနဲ့မမ စကားများကြပါ သည်။မမက "ဟင်းအညှီပြေအောင်ထည့်တာ" ဟုပြောပြီး အစ်ကိုက "ကလေး ငရုတ်သီးစပ် မစားနိုင်တာ ဘာလို့ထည့်ချက်တာတုန်း" ဟု ပြောတတ်ပါသည်။ကျွန်တော်သည် ထမင်းပန်းကန် ပြားတွင် ငရုတ်သီးဖတ်ကပ်နေလျှင် စပ်လာမည်အထင်နှင့် ထမင်းစားပျက်ပါသည်။ကျွန်တော့် မွေးမိခင်က ပြောဖူးသည်မှာ "မင်းအဘိုးသေလို့ ဝင်စားတာ၊ မင်းအဘိုးက ထမင်းတစ်ခါစားလျှင် ငရုတ်သီးထောင်း အကြမ်းပန်းကန်တစ်လုံးလောက် စားသည်။ ငရုတ်သီးစားလွန်း၍ သေရသည်။ ငရုတ်သီးကြောင့် သေခဲ့ရသဖြင့် ယခုဘဝတွင် ငါ့သားက ငရုတ်သီး အလွန်ကြောက်တာ"ဟု ပြောပါသည်။

တစ်ရက်တွင် ဆိုင်းပွဲတီးရန်ရှိ၍ ညောင်ပင်ဈေးအနီး အလှူကိုသွားကြရာ အစ်ကိုက ကျွန်တော့်ကို စက်ဘီးဖြင့် တင်နင်းခေါ်လာပါသည်။ညဆိုင်းပွဲတီးရာတွင် အစ်ကိုက ကြေးနောင် ဝိုင်းထဲက သီချင်းထ၍ ဆိုပါသည်။အစ်ကိုက မတ်တတ်ရပ်၍ လက်တွင် ကြေးလက်ခတ်ကလေး ကိုင်ထားပါသည်။သီချင်းအဆိုပိုဒ်တွင် သီဆိုပြီး အတီးပိုဒ်တွင် ကြေးနောင်ကို ထိုင်ပြီးတီးရပါ သည်။ထိုသီချင်းဆုံးသည်ထိ ကျွန်တော့်တွင် တစ်မျိုးကြီးဖြစ်နေပါသည်။ဆိုင်းတီးပြီးမှ မေးကြည့် ရာ အစ်ကိုက ဤသီချင်းကြောင့် အစ်ကိုတို့တစ်ဖွဲ့လုံး ဒုက္ခရောက်မည့်ဘေးမှ ကင်းလွတ်လာ ကြောင်းကို အောက်ပါအတိုင်း ပြောပြပါသည်။

ရွာစားကြီး စိန်ဗေဒါသည် ၁၃၀၄ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး ကျန်ရစ်သူ ဆရာကတော်ကြီးနှင့် သားတပည့်များ ဘာလုပ်စားရမှန်းမသိ ဒုက္ခရောက်နေပါသည်။ဂျပန်ခေတ်ဖြစ်၍ ခေတ်ပျက် အခါပျက်တွင် ရှိတာလေး ထုခွဲရောင်းချစားရင်းက သားအမိတစ်တွေ တိုင်ပင်ပြီး ဆိုင်းအဖွဲ့ကို ပြန်လည်တီးမှုတ်ရန် စုစည်းကြပါသည်။ဆိုင်းဆရာအဖြစ် စိန်ကျော်တင့်၊ နှဲ ကိုမြသိန်း၊ ကြေး စိန်လှမောင်၊ မောင်းတီး ကိုမြ၊ ပတ်မတီး ဦးလေးလွင်နဲ့ ကိုဘဦး၊ လင်းကွင်းတီး ကိုပု၊ စည်းတီး ကိုသက်ဦး၊ နောက်ထ ကိုပွကြီး၊ ကိုညိုစိမ့်၊ အဆိုတော် ဦးစိန်ခင်တို့ဖြင့် ပြန်လည်ဖွဲ့စည်းပြီး ကြော်ငြာစိုက်ကာ ပွဲများလက်ခံတီးကြပါသည်။ထိုသို့တီးရာတွင် ပရိသတ်ကြိုက်စေရန် အမျိုးမျိုး တီထွင်ကြံဆပြီး တီးကြပါသည်။ဂျပန်ခေတ်ဖြစ်၍ ဂျပန်များနဲ့ဆိုင်သော အစိုးရပွဲများ တီးကြရာ ဝယ် ဂျပန်များကြိုက်စေရန် အစ်ကိုက "ဟေ မအေရိုး အင်္ဂလိပ်" "ဟေ နှမပေး အင်္ဂလိပ်" ဟူသော သီချင်းကို ရေးစပ်ကာ တီးလုံးတိုက်ပြီး တီးရာတွင် ဂျပန်များက အလွန်သဘောကျသည်ဟု ပြောပါသည်။ သီချင်းကို အစ်ကိုရေးသည်ဆိုလျှင် မလေးစားမည်စိုး၍ အစ်ကိုက ဆိုင်းအဖွဲ့ သားများအား "မြို့မငြိမ်း"ရေးပေးတာဟုပြောပြီး တီးလုံးတိုက်ရခြင်း ဖြစ်ပါသည်။ဤသီချင်းကား ဂျပန်ခေတ်တွင် အလွန်ပေါ်ပြူလာဖြစ်ပြီး ဂျပန်စစ်ဗိုလ်များသာမက မြန်မာများကလည်း ကြိုက်ကြ၍ ခဏခဏတီးခိုင်းခံခဲ့ရသော သီချင်းဖြစ်လာပါသည်။

ဂျပန်များပြေး၍ အင်္ဂလိပ် အမေရိကန်မဟာမိတ်စစ်တပ်များ မြန်မာပြည် ပြန်ဝင်လာပြီး မန္တလေးရောက်သောအခါ အမေရိကန်စစ်တပ်က အစ်ကိုနဲ့ စိန်ကျော်တင့်၊ ဦးလေးလွင်တို့ကို ခေါ်ယူ၍ မေးပါတော့သည်။မြန်မာပြည် ဂျပန်တွေရှိစဉ်က စိန်ဗေဒါသား စိန်ကျော်တင့် ဆိုင်းအဖွဲ့မှ "ဟေ မအေရိုး အင်္ဂလိပ်" "ဟေ နှမပေး အင်္ဂလိပ်"ဟူသော တေးသီချင်းတီးမှုတ်နေကြသည်ဟု မိမိတို့လူမျိုးများမှတစ်ဆင့် ကြားသိရသည်။ဟုတ်ပါရဲ့လား မေးမြန်းပါတော့သည်။ ဤသို့ မေးမြန်းခံရချိန်သည် စစ်ဦးဘီးလူးအခါဖြစ်၍ အလွန်ကြောက်စရာကောင်းလှပါသည်။ ခေါ်ယူမေးမြန်းသောနေရာမှာ မန္တလေးနန်းတွင်း အမေရိကန်စစ်တပ်များ ခေတ္တစခန်းချထားသော နေရာဖြစ်ပါသည်။စိန်ကျော်တင့်ရော၊ အစ်ကိုရော၊ ဦးလေးလွင်ပါ သူတို့အမေးကို မဖြေနိုင်ဘဲ အကြောက်လွန်၍ တုန်ပြီးနေကြပါသည်။ အမေရိကန်စစ်ဗိုလ်များက သူတို့မေးခွန်းကို ဖြေပါ။ အထပ်ထပ်ခိုင်းနေကြပါသည်။ နောက်ဆုံးတွင် ကြံရာမရဖြစ်ကာ အစ်ကိုက ဂျပန်နဲ့အင်္ဂလိပ် မတူကြောင်း ဂျပန်က ဖက်ဆစ်ဖြစ်ပြီး ရက်စက်ကြမ်းကြုတ်ကြောင်း၊ အင်္ဂလိပ်က အမြော်အမြင် ရှိကြောင်း၊ ထိုသီချင်းကို တီးခဲ့ကြရသည်မှာ ဂျပန်များဘေးရန်ကြောက်၍ တီးခဲ့ကြရခြင်း ဖြစ်ကြောင်း၊ ယခုလိုအခြေအနေမျိုး ကြုံလာပါက ရှင်းပြလျှင် အင်္ဂလိပ်များသည် အမြော်အမြင်ရှိသော ပုဂ္ဂိုလ်များဖြစ်သဖြင့် စာနာနိုင်လိမ့်မည်ထင်မိကြောင်း စသည်ဖြင့် ရှင်းပြသောအခါ အင်္ဂလိပ်နဲ့ အမေရိကန်စစ်ဗိုလ်များက နားထောင်ပြီး၊ ကောင်းပြီး ကျွန်ုပ်တို့ စိတ်မဆိုးပါ။ အလားတူသီချင်းမျိုး ဂျပန်ကိုမဆဲဘဲနဲ့ ကောင်းကောင်းတစ်ပုဒ် ရေးစပ်ပြီးပေးပါဟုပြောပြီး ပြန်လွှတ်လိုက်ပါသည်။ အိမ်ပြန် ရောက်ကြသောအခါတွင် အမေ့အား အကျိုးအကြောင်းပြော တိုင်ပင်ပြီး (အေဝမ်း ဆရာညာ) အား သီချင်းတစ်ပုဒ် ရေးခိုင်းပါသည်။သီချင်းမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

ခြေဆင်း

ဗမာစိတ်အေးဖို့အတည် ဆက်ဆက်ပင်ပြောရပါတော့။မဟာမိတ် သူဌေးတို့ လာပါပြီ။လက်နက်က ပေါ်တာကြောင့်၊ ရဲ့စ် အောရိုက် အောရိုက် သဘောကြိုက်

ယုံကြည်။အခြေခံမှီးကြစို့ရဲ့ လေယာဉ်ပျံကြီးတွေ တဝီဝီနဲ့ ဝေဟင်ယံ ဟိုခရီးမှာ အုံးကျွတ်ညံစီ တစ်ဖန်သုံးပြန်သည်။ထက်ခွင်တစ်လွှားမှာဖြင့် တန်ဗုံးတွေအလီလီ စက်သေနတ်များရယ်နဲ့ ထင်ရှား ကျကျနန ပြိုင်ဆိုင်သည်။အင်အားပြေပါလို့ မဟာမိတ် တို့က နိုင်ပါပြီ။

(၁)မျှော်လင့် မျှော်ဆဲရောက်လာပြီ။တောင့်တဆဲ ကျုပ်တို့ ဗမာပြည် "စိတ်က ချမ်းသာ ကိုယ်ချမ်းသာ ကောင်းစားတော့မည်" တစ်နေ့က မဟာလူမျိုးတိုင်း ဒုက္ခဖြစ်ရှာသည်။အုပ်ချုပ်ရေးခေတ္တမျှ ဆိုးဝါးလှသည်။ကိုရွှေဂျပန်ရှိစဉ်တုန်းက ပုန်းရှိုးနေရသည့် အားလုံး လူတိုင်းအတည်။တချို့တော့ မရဲတရဲ သို့သော်လည်းပဲ စစ်ကြီးအတွင်းမို့ ဆင်းရဲရှာကြသည်။

(အတောနဲ့ အဖြည့်အဆစ်)

**တိုးဗတတ် ဗတ်ပျော့**

**ဘေးတိုး ဂျေးထိ**

**ချပ်ချွင် ဖြောက်**

(၂) လူစင်စစ်ကသာ ပုရစ်ဖြစ်ခဲ့ရပါသည်။တွင်းထဲအောင်းကြ၍သာ ထမင်းကောင်း ဟင်းကောင်း မစားရသည် "ယခုတော့ မြန်မာတွေရယ် မကြောက်ပါ နဲ့တော့အတည်၊ လေယာဉ်ပျံ ကွန်ပါဖိုက်တာတွေ ပေါ်များသည်" အင်္ဂလိပ်နဲ့ အမေရိကန်ကို ကျေးဇူးတင်သည်။ရှေးနည်းပြန်လည် အုပ်ချုပ်လာပေါ့ အတည်။ ဥပုသ်လည်း စောင့်ကြတော့ ဖြောင့်ဖြောင့်သာရည် ဘုရားသွား ကျောင်းတက်ရန် မကြောက်ပါနဲ့အတည် လာပါပြီ ဒါမှ ဒို့မင်း မှန်ပါသည်။

ဤသီချင်းကို အေဝမ်းဆရာညွှာက ရေးပေးပြီး စနစ်တကျတီးလုံးတိုက်ကာ ပြီးစီးလျှင် အမေရိကန်စစ်ဗိုလ်များသို့ အကြောင်းကြားပြီးသော် ၎င်းတို့က နန်းတွင်း၌ စစ်အောင်ပွဲ အထိမ်းအမှတ်ပြုလုပ်ပါသည်။ထိုပွဲတွင် အင်္ဂလိပ် အမေရိကန်စစ်ဗိုလ်များရော မန္တလေးမြို့က မြို့လူကြီးများပါ စစ်တပ်က ဖိတ်ကြားထားသဖြင့် စုံလင်လှပါသည်။ထိုစစ်အောင်ပွဲတွင် အထက်ပါသီချင်းကို သီဆိုတီးမှုတ်ပြသရာ အင်္ဂလိပ် အမေရိကန်စစ်ဗိုလ်များက လက်ခုပ် တဖြောင်းဖြောင်းဖြင့် ဩဘာပေးကြပြီး ဆိုင်းတစ်ဖွဲ့လုံး ဒုက္ခရောက်မည့်ဘေးမှ လွတ်ကင်းကာ စိန်ကျော်တင့်အား ရွှေတံဆိပ်ချီးမြှင့်ခြင်းခံရပေသည်။

အစ်ကို့ပြောပြချက်များကို နားထောင်ပြီး သဘင်သည်များ၏ဘဝကို တွေးမိသည်။ သဘင်သည်ဘဝဟာ မလွယ်ပါလား။စွန်းလွန်းမှာနေတုန်းက ကျွန်တော်တို့ အရပ်တီးဝိုင်း အဖွဲ့တွင် အစ်မဝမ်းကွဲတစ်ယောက်က ပါလာသည်။ထိုအစ်မဝမ်းကွဲကို ဂျပန်များက မျက်စိကျ သဖြင့် သူတို့ရန်ကလွတ်အောင် မနည်းရှောင်ခဲ့ရသည်။ ကျွန်တော်သည် သဘင်သည်ဘဝသို့ ခြေစုံပစ်ဝင်ရန် စတင်နေသူတစ်ဦး ဖြစ်နေပါသတည်း။

မန္တလေးရောက်ပြီးမှ အပြောအဆို အနေအထိုင်များ တော်တော်ပြောင်းယူရ၏။ ကျွန်တော်တို့ဆီမှာ ဆန္ဒန်းမှုန့် ဒီမှာ ဆန္ဒင်းမှုန့်၊ ကျွန်တော်တို့ဆီမှာ ရေတွန်း ဒီမှာရေတွင်း၊ ကျွန်တော်တို့ဆီမှာ နံပါတ်ခွင် ဒီမှာ နံပါတ် ခွန်နှစ်၊ ကျွန်တော်တို့ဆီမှာ ချင်စော်ကား မန္တလေးမှာ တိုဟူး။ သို့သော် တို့ဟူးကြော်ကိုတော့ မြင်းခြံမှာရော မန္တလေးမှာရော တိုဟူးကြော်ပဲ ခေါ်ကြ၏။ ကျွန်တော်တို့ စွန်းလွန်းရွာသည် မြင်းခြံဆိပ်ကမ်းနဲ့ သိပ်မနီးသောကြောင့် မြစ်ရေမသောက်ကြ

မသုံးကြ။ရွာထဲက ရေတွင်းပဲ သုံးကြ၏။ရေက နည်းနည်းငန်ပါသည်။မန္တလေးရောက်တော့ ကျုံးရေသောက်ရတာ များပြီး ကျုံးရေက ချိုလှပါသည်။ဘယ်လိုပဲဖြစ်ဖြစ် အစားအသောက် အနေအထိုင် ပြောင်း၊ ရာသီဥတုများလည်း ပြောင်းလဲလာသည်မို့ ပိန်ပိန်သေးသေးလေး ကျွန်တော့်မှာ အပြင်းဖျားပါတော့သည်။ရွာမှာတုန်းက ဘယ်ဘက်ခြေမအောက်တွင် အနာပေါက်ပြီး ပြည်တွေအများကြီးတည်လာကာမှ မအိပ်နိုင် မနေနိုင်ဖြစ်ပြီး အော်ဟစ်နေရာ အရီးဒေါ်စံမေသမီး မလှရီက အနာပြည်တွေ ဖောက်ပေးပါသည်။အနာမှာ ခြေဖဝါးတစ်ဝက်လောက်ထဲ ပြည်များတည်နေသဖြင့် အလွန်နာပါသည်။မမရီက ပြည်များကုန်အောင် ညှစ် ရေနွေးများနဲ့ ဆေးကြောသန့်စင်ပြီး အနာခေါင်းကြီးထဲသို့ ဂွမ်းများထည့်သိပ်ကာ ဆေးများထည့်ပြီး ပတ်တီးစည်းပေးပါသည်။တစ်လလောက်ကြာ၍ အနာကျက်ပြီး ပျောက်သွားသောအခါ ခြေထောက်က ဆဆထောက်ရင်း မရဲတရဲနင်းရာက အကျင့်ပါလာပြီး ခြေတစ်ဖက်ခွင်သွားတော့သည်။ဂရုစိုက်၍ တည့်တည့်နင်းသော်လည်း အကြောလိုက်၍ ခြေထောက်က အနည်းငယ်ခွင်မြဲ ခွင်နေပါသည်။ကျွန်တော် အပြင်းဖျားသောအခါတွင် ထိုခြေထောက်ဘက်က အကြောများတင်ပြီး အလွန်နာပါသည်။အစ်ကိုက ပထမတွင် သာမန်အဖျားလောက်ထင်ပြီး အိမ်မှာကုပါသေးသည်။နောက်ဆုံး အလွန်ဖျားလာပြီး ကိုယ်ပူများ ရက်ဆက်ကာ မကျတော့မှ မန္တလေးဆေးရုံကြီးတွင် တင်ရပါသည်။မန္တလေး ဆေးရုံကြီးသည် ထိုအခါက စိန့်ပီတာကျောင်းကြီးကို ဆေးရုံကြီးအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ဆေးရုံကြီးတွင် ကျွန်တော့်ကို အောက်ထပ် တောင်ဘက်တန်း အလယ်လောက်တွင် ထားပါသည်။ဖျားနာ၍ တစ်ခါမှ ဆေးရုံမတက်ဘူးပါ။ဆေးရုံတက်ရမှာ အလွန်ကြောက်ပါသည်။ဆေးရုံပေါ်တွင် လူများ မကြာခဏသေတတ်သဖြင့် တစ္ဆေသရဲများလည်း ရှိလိမ့်မည်ထင်ပါသည်။ကိုယ့်အိမ်က လူများလည်း အစောင့်အရှောက်မရှိသဖြင့် အလွန်အားငယ်ပါသည်။အပြင်းဖျားတာကလည်း တစ်ခါတစ်ခါ သတိလစ်အောင်ပင် ဖျားပါသည်။အစ်ကိုက ကျွန်တော့်ပြောတာတော့ "အဟုတ်တကယ်ဆိုရင် ဆေးရုံကြီးမှ တတ်နိုင်တာ ငါ့ညီ၊ အပြင်မှာ ဘယ်လိုကုကု မနိုင်ရင် ဆေးရုံကြီးပို့တာပဲ။ဒါကြောင့် ကုသမှုမှာ ဆေးရုံကြီးမှ စိတ်ချရတာ"ဟု ပြောပါသည်။

ဆေးရုံကြီးတွင် ကျွန်တော့်လိုလူနာတွေ အများကြီးရှိပါသည်။ကျွန်တော်နေရသောအောက်ထပ်မှာပင် လူနာများက ပြည့်ကျပ်နေပါသည်။ဆေးရုံအနံ့ကို နှာခေါင်းက ယဉ်လာပါသည်။သို့သော် အဖျားက မကျပါ။ပထမ အဆုတ်အအေးပတ်တာ နမိုးနီးယား၊ နောက်တော့ တဖြည်းဖြည်း တိုက်ဖွိုက်ဘက် ကူးသွားပါသည်။ မြန်မာလို အူရောင်ငန်းဖျားခေါ်ကြသည်ဟု ပြောပါသည်။အပြင်းဖျား၍ သတိများလစ်ကာ တစ်ခါတစ်ခါ အမေ ရုပ်သေးကတဲ့ဆီ ရောက်နေပါသည်။တစ်ခါတစ်ခါ စိတ်ထဲမှာ မဲကန်ကြီးတွင် ရေချိုးနေပါသည်။အဖျားက မကျပါ။၁၀၄၊ ၁၀၃၊ ၁၀၂၊ ၁၀၃၊ ၁၀၂၊ ၁၀၃ စသည်ဖြင့် အဖျားမကျဘဲ ဖြစ်နေပါသည်။တစ်ရက်တွင် ကျွန်တော့်နဖူးပေါ်သို့ ရေခဲများကို အဝတ်ဖြင့်ပတ်ကာ တင်လာပါသည်။ သူနာပြုဆရာမများက ပြုံးပြုံးကြည်ကြည်ဖြင့် ပြုစုပေးပါသည်။ခုတင်ခြေရင်းတွင် ကျွန်တော့်အဖျားစာရင်း ရေးချိတ်ထားပါသည်။မြန်မာလို ရောဂါမှတ်တမ်းဟုခေါ်ရလျှင် ကောင်းမည်ထင်ပါသည်။ရောဂါမှတ်တမ်းကို ကျွန်တော်ထ၍ မကြည့်နိုင်ပါ၊ ဘေးက လူနာတစ်ဦး ယူပြီးပြပါသည်။စာရွက်၏ အောက်နားတွင် မျဉ်းအနီတား၍ ရေးထားပြီး အင်္ဂလိပ်စာတန်းဖြင့် ၉၈ ရေးထားပါသည်။ထို့အထက်တွင် ပေတံ၏ လက်မတစ်ခုနဲ့တစ်ခုအကြား အစိတ်ကလေးများပါရှိပြီး နံပါတ် ၉၉၊ ၁၀၀၊ ၁၀၁

စသည်ဖြင့် အထက်သို့ဖော်ပြကာ ကျွန်တော့်အဖျားရောဂါမှတ်တမ်းမှာ ရိုးရိုးမျဉ်းပြင်ထက် လှိုင်းတွန့်ကြီးများလို ထင်ရပါသည်။အဖျားရောဂါမှတ်တမ်းတွင် တိုင်းသောနေ့ရက် အချိန်များနှင့် မင်တစ်ပြောက် အဝိုင်းကလေးဖြင့် ရေးမှတ်ထားပါသည်။ညနေ ၄ နာရီထိုးပြီးလျှင် အစ်ကို ရောက်လာပါသည်။တစ်နေ့လုံး တစ်ညလုံး ဧည့်သည်တွေ့ရန်မှာ ညနေ ၄ နာရီက ၆ နာရီအထိသာ ဖြစ်ပါသည်။ညနေ ညနေ အစ်ကို့ကို မျှော်မိပါသည်။အစ်ကို့မျက်နှာသည် အလွန်အားအင်ပြည့်စုံစေပါသည်။ကျွန်တော့်ဘေးပတ်လည်တွင်ရှိသော လူနာများပါ အစ်ကိုက မိတ်ဖွဲ့ပြီး ကျွန်တော့်အား အားမငယ်ရန် စောင့်ရှောက်ပေးပါဟု ပြောပါသည်။ဆေးရုံအောက်ထပ် တောင်ဘက်တန်းတွင် ကလေးလူနာဆို၍ ကျွန်တော်တစ်ယောက်တည်း ရှိပါသည်။ကျွန်တော်တို့ အတန်းတွင် အဖျားရောဂါရှိသူများသာ ထားပါသည်။ဆရာမများက ဆေးရည်ကို ဖန်ခွက်ငယ်လေးဖြင့် ယူလာပါသည်။ဆေးရည်က အလွန်ခါးပါသည်။ဆေးခဲလေးများက မျိုချရသဖြင့် သိပ်မခါးပါ။ကျွန်တော်က ဆေးမကြောက်တတ်ပါ။ခဏခဏသောက်ရလွန်းသဖြင့် ကြာတော့ မသောက်ချင်ပါ။ဆရာမများက ချော့မော့တိုက်ပါသည်။ညနေ ၆ နာရီထိုးလျှင် ဧည့်သည်များကို နှင်လွှတ်သော အချက်ပေးဂလိုင်ခေါက်ခြင်းကို အလွန်မုန်းပါသည်။သည်ဂလိုင်ခေါက်လျှင် အစ်ကိုပြန်ရပါသည်။ ဒါပေမဲ့ အစ်ကိုက ချက်ချင်းမပြန်ပါ။နောက်ဆုံး ခေါက်မှ ပြန်ပါသည်။ မပြန်၍ မဖြစ်ပါ။ ၆ နာရီထိုးပြီးလျှင် စိန့်ပီတာကျောင်း ဆေးရုံဝင်းတံခါးကြီးက ပိတ်ပါတော့သည်။

နောက်ဖေးသွားလျှင်၊ ဆီးသွားလျှင် ခုတင်ပေါ်မှာပဲ အိုးနဲ့သွားရပါသည်။ ဆရာမတွေကို အော်ခေါ်ပါသည်။သူတို့က အော်သံကြားလျှင် ပြေးလာကြပြီး ဂရုစိုက်ပေးကြပါသည်။ နောက်ဖေးအိုးများသွန်ပေးသော ကုလားမကြီးရှိပါသည်။ သူက အလွန်အသားမည်းနက်နေသော်လည်း သွားများက ဖွေးဖွေးဖြူနေကာ နှစ်သိမ့်သောအပြုံးဖြင့် ပြုံးပြတတ်ပါသည်။ညသန်းခေါင်ကျော်လျှင် ခွေးအူသံများက ဆွဲဆွဲငင်ငင်အူကြပြီး မျက်စိထဲတွင် မည်းမည်းမည်းမည်းနှင့် မသဲမကွဲသဏ္ဌာန်များကိုလည်း တွေ့ရပါသည်။ဆေးရုံကြီးနှင့် မြောက်ဘက်ကပ်လျက် သင်္ချိုင်းတော် ရှိပါသည်။ဘုရင်တွေ၊ ဆွေတော်မျိုးတော်များ၏ သင်္ချိုင်းတော် ဖြစ်ပါသည်။ကျွန်တော်အိပ်နေသော ခုတင်နှင့် သင်္ချိုင်းတော်သည် မြောက်ဘက် အဆောင်တစ်ဆောင်၊ အိမ်သာတန်းတစ်ခု ကျောက်လမ်းတစ်လမ်းနှင့် ပြတစ်ပြခြားပါသည်။သင်္ချိုင်းတော်ထဲက ဂူတွေကို ကျွန်တော့်မျက်စိထဲမှာ မြင်နေပါသည်။ထိုအချိန်တွင် အနောက်ဘက်ဆီမှ  သေသွားသောလူတစ်ယောက်ကို တွန်းလှည်းဖြင့် ထုတ်လာပါသည်။ဆရာမတစ်ယောက်က ရှေ့က မှန်အိမ်ကိုင်ပြီး ကျွန်တော့်နားက ဖြတ်ကျော်သွားပါသည်။ သေသူကို အဝတ်ဖြူနဲ့ အုပ်သွားပါသည်။ညှီစို့စို့အနံ့ နံလာပါသည်။ ခွေးအူသံတွေက ပိုလို့ညံလာပါသည်။ပြင်းပြင်းရှည်ရှည် ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံများကြောင့် ဆေးရုံကြီးတစ်ခုလုံး တုတ်တုတ်မျှ မလှုပ်တော့ပါ။ကျွန်တော့်အရှေ့ဘက်က၊ အနောက်ဘက်က၊ တောင်ဘက်က၊ မြောက်ဘက်က ပတ်ပတ်လည်တွင် လူကြီးလူနာတွေချည်း ဖြစ်ပါသည်။ဒါပေမဲ့ ဆေးရုံကြီး၏အတွေ့အကြုံကိုတော့ သူတို့လည်း ကြောက်ဟန်တူပါသည်။ဆေးရုံအပေါ်တွင် အိပ်မပျော်ခြင်းက အလွန်ဆိုးပါသည်။ တောင်တွေး၊ မြောက်တွေးဖြင့် မကောင်းဆိုးဝါး တစ္ဆေသရဲများအကြောင်း မတွေးချင်ပါ။ဒါပေမဲ့ တွေးဝံ့လို့တော့ မဟုတ်ပါ။သူတို့အကြောင်းချည်းသာ စိတ်ထဲပေါ်နေမိပါသည်။ခေါင်းမြီးခြုံအိပ်ချင်ပါသည်။ဒါပေမဲ့ ဆရာများက ခေါင်းမြီးခြုံအိပ်တာ သဘောမကျပါ။စစ်ခြင်ထောင်အစိမ်းအတွင်းမှ အပြင်ဘက်ကို ကောင်းကောင်း မမြင်ရ။လျှပ်စစ်မီး မရှိပါ။ရိုးရိုးမှန်အိမ်ကလေးများနဲ့ လသာမှန်အိမ်များပဲ

ရှိပါသည်။ ဒါကလည်း နေရာတိုင်း နေရာတိုင်း လင်းအားနည်းနည်းပဲ လင်းပါသည်။နာရီသံချောင်းသံက နှစ်ချက်ထွက်လာပါပြီ။

* * *

ဆရာဝန်ကြီးမှာ အလွန်သဘောကောင်းပါသည်။ကျွန်တော့်ကိုလည်း တော်တော်လေးချစ်သည်ဟု ထင်ပါသည်။ဆရာဝန်ကြီးသည် မျက်နှာဖြူကပြားဖြစ်ပြီး မျက်ခုံးမွေးထူကြီးဖြင့် မျက်လုံးမျက်ကွင်းကြီးများက ထင်ထင်ရှားရှားဖြစ်ပါသည်။မျက်လုံးက အနက်ရောင်ဖြစ်ပြီး နှာတံအချွန်းပါ။မျက်နှာက လေးထောင့်မျက်နှာမျိုးဖြစ်ပြီး မေးနှစ်ခွဖြင့် မုတ်ဆိတ်မွေးပါးပါးလေး ရှိကာ ရိုးရိုးဘိုကေနဲ့ဖြစ်ပါသည်။နဖူး မကျယ်ပါ။ဆံပင်များက နဖူးအလယ်တွင် ကကြီးပုံသဏ္ဍာန် ပေါက်နေပါသည်။အထူးခြားဆုံးမှာ ဆရာဝန်ကြီး၏ ညာဘက်ခြေထောက်ဖြစ်ပါသည်။ ဘယ်နေရာက ကျိုးနေသည် မသိပါ။သူလာလျှင် ထော့နင်းထော့နင်းဖြင့် ကိုယ်ကို မသန်တဲ့ ခြေထောက်ဘက် ယိမ်းယိမ်း ညွတ်ညွတ်ပြီး လာပါသည်။ဤဆရာဝန်ကြီးမှာ ဆေးရုံပေါ်တွင် အကြီးဆုံးဆရာဝန်ကြီး ဖြစ်ပါသည်။ဆရာဝန်ကြီးကို လူနာများက ထော့ကျိုးဆရာဝန်ကြီးဟု ခေါ်ကြပါသည်။ဤသို့ခေါ်ကြခြင်းကို ကျွန်တော်မကြိုက်ပါ။ဆရာဝန်ကြီးရှေ့တွင်လည်း သူတို့ ဤသို့မခေါ်ရဲကြပါ။ ဆရာဝန်ကြီးမှာ ကျွန်တော့်ခုတင်ပေါင်တန်းပေါ်တွင် အမြဲတမ်း သာသာလေး ထိုင်ပါသည်။ပြီးလျှင် သန့်စင်သောအပြုံးကို စတင်မြင်ရပါသည်။

ကျွန်တော့်ကို နာမည်ခေါ်ရာ (မဲန်ဂိုဂျီး) မောင်ကိုကြီးကို မဲန်ဂိုဂျီးဟု အသံထွက်ပါသည်။မပီသော်လည်း ဗမာစကား ကောင်းကောင်းပြောတတ်ပါသည်။ အနီးနားတစ်ဝိုက် လူနာများကို ကြည့်ပြီးလည်း ကျွန်တော့်ခုတင်ပေါ်မှာ ခဏတဖြုတ်ထိုင်ပါသည်။ဘောင်းဘီရှည် အမြဲဝတ်ပြီး အင်္ကျီလက်တို အဖြူဝတ်တာ များပါသည်။ ဆေးရုံပေါ်မှာ အကြာကြီးနေရပါသည်။ ၂ လနီးနီးလောက်ရှိလာပြီး အဖျားက တော်တော်ကျလာခါ ပြတ်သလောက်ဖြစ်ပါသည်။နေ့စဉ် ကော်ဖီ၊ နွားနို့စသည့် အရည်များသာ သောက်နေရသဖြင့် ကြာတော့ မသောက်ချင်ပါ။ကော်ဖီနံ့ နံလျှင် အလိုလိုအန်ချင်သလို ဖြစ်နေရပါသည်။တစ်ရက်တွင် အစ်ကိုက နို့ဆီဘူးခွံလေးဖြင့် ဆိတ်သားဆီပြန်ဟင်း ၅ တုံးလောက် ယူလာပါသည်။မည်ရွေ့မည်မျှ စားကောင်းသည်ကို မရေးတတ်ပါ။အစ်ကိုက ဖြည်းဖြည်းချင်း အကြာကြီးဝါးစားဟု ပြောပါသည်။ခရမ်းချဉ်သီး အနှစ်ကလေးက စား၍ကောင်းလိုက်သည်မှာ အလွန်ပင်ဖြစ်ပါတော့သည်။ကျွန်တော့်နားက လူနာတစ်ဦး ရှိပါသည်။သူ့နာမည်က ဦးထွန်းရွှေဖြစ်ပြီး အစိုးရအမှုထမ်း ပုလိပ်သားတစ်ယောက် ဖြစ်ပါသည်။သူနဲ့ကျွန်တော် အဖျားခြင်းတော်တော်တူပါသည်။ကျွန်တော်က သူ့အရင် ရက်ရှည် တက်ခဲ့ရတာပဲ ကွာပါသည်။နောက်ပိုင်း သူ အဖျားတက်လာသောအခါ အဖျားတက်ကြတာ အတူတူဖြစ်ပါသည်။ကျွန်တော်ရော သူပါ အဖတ်များ နည်းနည်းစ၍ စားလာရပါသည်။ဆေးရုံက ပေါင်မုန့်ကျွေးလာကာ ပေါင်မုန့်နဲ့ ဟင်းနဲ့စားရတာ တစ်မျိုးအရသာရှိပါသည်။ဆရာဝန်ကြီးက နောက် ၂ ရက်ဆိုလျှင် ကျွန်တော်ရော၊ ဦးထွန်းရွှေပါ ထမင်းစားရတော့မည်ဖြစ်ကြောင်း ပြောပါသည်။ဦးထွန်းရွှေက ညနေ သူ့မိန်းမလာသောအခါ မုန့်တီစားချင်သည်ဆိုပြီး မှာလိုက်ပါသည်။ကျွန်တော့်လည်း ပြောပါသည်။နက်ဖြန် မုန့်တီစားရမည်ဖြစ်ကြောင်းနှင့် အဝစားရန် များများမှာလိုက်ကြောင်း ဆေးရုံကြီးပေါ်တွင် အနေအထိုင်၊ အစားအသောက် စည်းကမ်းများ အားလုံးကျပ်တည်းပါသည်။လူနာများအားလုံး ဆေးလိပ်မသောက်ကြရပါ။ထို့ကြောင့်လည်း လူနာလာမေးသူများကလည်း ဆေးရုံပေါ် ရှိချိန်တော့ အောင့်အီးပြီး မသောက်ကြပါ။ ညေ့်သည်

များ လူနာခုတင်ပေါ်များသို့ တက်မထိုင်ရပါ။အမှိုက်များ ပစ်မချရပါ။ ယင်နားတတ်သော အစားစာများ မယူခဲ့ရပါ။ထိုနေ့က တစ်နေ့လုံး ကျွန်တော်ရော ဦးထွန်းရွှေပါ မုန့်တီစောင့်ရတာ အမောပါ။မသောက်ချင်တဲ့ကော်ဖီ ကြိတ်မှိတ်သောက်ပြီး ပေါင်မုန့် ၁ ချပ်စီ ရတာပင် မစားမိပါ။ ဦးထွန်းရွှေ မိန်းမလာပို့သော မုန့်တီစားပြီး နောက်တစ်နေ့ နံနက် ၅ နာရီ ဖြစ်ပါသည်၊ ကျွန်တော် ရော ဦးထွန်းရွှေပါ အဖျားတိုင်းပြီးသောအခါ အဖျားက အလွန်တက်နေပါသည်။ကိုယ်တွေက လည်း ချစ်ချစ်တောက်အောင် ပြန်ပူနေပြီ။သတိတော့ မမေ့ပါ။ခေါင်းထဲက မူးနောက်နောက် ဖြစ်ကာ မထချင်ပါ။ဇက်တွေလေးပြီး အန်ချင်သလို ဖြစ်နေပါသည်။ ဆရာမက အဖျားတိုင်းပြီး အလွန်အဖျားတက်နေသည်ဟု ပြောပါသည်။နံနက် ၁၀ နာရီတွင် ဆရာဝန်ကြီး လာကြည့်ပါ သည်။ကျွန်တော် အဖျားအလွန်တက်နေကြောင်း သိရသဖြင့် လာခြင်းဖြစ်ပါသည်။ဆရာဝန်ကြီး က ကျွန်တော့်အား ချော့မော့မေးပါသည်။ထမင်းစားရက် မရောက်သေးဘဲ စားလျှင် ဤသို့ဖြစ် တတ်ကြောင်း၊ ရေချိုးခြင်း၊ အအေးပတ်ခြင်း၊ မတည့်သောအစာများ စားခြင်းကြောင့်လည်း အဖျားတက်တတ်ကြောင်းများ ပြောပါသည်။ကျွန်တော်က ဆရာဝန်ကြီးအား မနေ့ညနေက ကျွန်တော့် အစ်ကိုပြန်သွားပြီး ဦးထွန်းရွှေအိမ်ကပို့သော မုန့်တီစားကြကြောင်း၊ ကျွန်တော်တို့ နှစ်ယောက် စားကြရာ မုန့်တီတောင်းလေး တစ်တောင်း၊ အမဲသားဟင်း တစ်အိုးချက် ကုန်သွား ကြောင်း၊ မနေ့ကယူလာသော မုန့်တီတောင်းလေးနှင့် အမဲသားဟင်းအိုးမှာ ဦးထွန်းရွှေ ခုတင် ခေါင်းရင်းအောက်နားတွင်ရှိသဖြင့် လက်ညှိုးထိုးပြလိုက်ပါသည်။ ဆရာဝန်ကြီးမှာ လှမ်းကြည့်ပြီး "ဟိုက်"ဟု တစ်လုံးတည်းသာ ရေရွတ်ပြီး စကားပင် ဆက်မပြောနိုင်တော့ပါ။

ထိုနေ့မှစ၍ ကျွန်တော်နဲ့ ဦးထွန်းရွှေအား နောက်ထပ် ၁၀ ရက်အတွင်း ထမင်းလုံး၀ မစားရဟု ဒဏ်ချလိုက်ပါသည်။ဦးထွန်းရွှေက လူကြီးမို့ ကိစ္စမရှိပါ။ ကျွန်တော်ကတော့ လူငယ်ဖြစ်၍ ငိုပါသည်။ဦးထွန်းရွှေနဲ့ ကျွန်တော် အစားအသောက်လောဘကြီး၍ ခဲခဲယဉ်းယဉ်း ကုသထားရသော အခြေအနေများမှာ ယိုးယွင်းလာကာ ထိုအချိန်တွင် သေတွင်းသို့ရောက်နေချိန် ဖြစ်ပါသည်။ကျွန်တော့်မှာ ၁၂၉၄ မရဏဖွား ဖြစ်သောကြောင့် သေနိုင်ပါသည်။ဘယ်ဘက် ခြေထောက်တစ်ဘက် အကြောသေသွားခြင်းကြောင့် အသေတစ်ကြိမ် ကျေသွားပါပြီ။ကမ္ဘရာဟု အိမ်တွင် ရောက်နေခြင်းကြောင့် ပျက်စီးလွယ်ပါသည်။မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းပင် သေနိုင်ပါသည်။ကံသာလျှင် အမိ၊ ကံသာလျှင် အဖ၊ ကံတရားသာ အဆုံးအဖြတ်ပေးနိုင်မည် ဖြစ်ပါသည်။သို့သော် ရာဟုသည် ဗုဒ္ဓဟူးမွန်းလွဲဖြစ်ပြီး ကျွန်တော်က တနင်္လာသား ဖြစ်ခြင်း ကြောင့် တနင်္လာဂြိုဟ်သက် ၁၅၊ ရာဟုဂြိုဟ်သက် ၁၂၊ ပေါင်းကြည့်ရာ ၂၇ သတ္တဗီဿ ကျနေပါ သည်။ထို့ကြောင့် ကျွန်တော် မသေနိုင်ပါ။ရာဟု သမသတ် အင်္ဂါဖြစ်၍ အင်္ဂါအားနှင့် အကြီး အကဲ၏ စောင့်ရှောက်မှုဖြင့် အင်္ဂါက မ တက်ပြီး တနင်္လာ တန်းစီးနေပါသည်။မွေးနံအထက် ရောက်နေပါပြီ။ကျွန်တော် ဘယ်နည်းနဲ့မျှ မသေနိုင်ပါ။မူလဇာတာတွင် တနင်္လာ ကန်ရာသီ၊ စနေ မကာရများက အားကောင်းလှပါသည်။ကျွန်တော်သည် ကရကဋ် (ကြဋ်) လဂ် ဖြစ်ပါသည်။ ဆေးရုံကြီးပေါ်မှာ နောက်ထပ် ရက် ၂ ပတ်လောက်နေပြီး သေမင်းက လက်မခံသဖြင့် ဆင်းခဲ့ရပါသည်။

မန္တလေးမြို့သည် မြန်မာဘုရင်မင်းများ နောက်ဆုံးထီးနန်းစိုးစံခဲ့သောမြို့ဖြစ်၍ ရတနာပုံမင်းနေပြည်တော်ဟု ခေါ်ကြရပါသည်။ထို့ကြောင့် အစ်ကိုက စကားပြောသောအခါများ တွင် "ဟုတ်ကဲ့"ဆိုသော စကားထက် "ဟုတ်ပ" "မှန်ပါ့" ဟူ၍ သုံးနှုန်းပြောဆိုပါသည်။မြို့အုပ်၊

ဝန်ထောက်၊ အရေးပိုင်များနဲ့ စကားပြောသောအခါတွင်လည်း "မင်းမင်း"ဟု ခေါ်ဆိုသုံးစွဲသည်ကို တွေ့ရပါသည်။ ထမင်းစားခိုက်နဲ့ကြုံ၍ "ထမင်းသုံးဆောင်ပါဦး"ဟု ဖိတ်ခေါ်လျှင် "စားတော်ခေါ်ပါ" (စတော်ခေါ်ပါ) ဟု ပြန်လည်ပြောဆိုတတ်ကြသဖြင့်၊ သြော်. . မန္တလေးပေကိုးဟုသာ မှတ်ချက်ချရပါသည်။မန္တလေးမြို့လယ်တွင် နာရီစင်ရှိပါသည်။အိမ်နှစ်လုံးအမြင့်လောက်တွင် နာရီကြီးထားရှိပြီး အပေါ်က ပြာသာဒ်အမိုးဖြင့် မြန်မာဆန်ဆန် ပြုလုပ်ထားပါသည်။ လမ်းသွားလို့ အဆိုးဆုံးကား ကျောက်လမ်းပေါ်က ဓာတ်ရထားလမ်းဟောင်းများပင် ဖြစ်ပါသည်။ ဓာတ်ရထားကို အင်္ဂလိပ်ခေတ်တွင် ပြေးဆွဲခဲ့ပြီး တိုင်းပြည်ပျက်သောအခါ ဓာတ်ရထားများ ပိတ်သွားပြီး မရှိတော့ပါ။ဓာတ်ရထားမရှိပေမယ့် ကျောက်လမ်းအလယ်တွင် မြှုပ်ထားသော မီးရထားသံလမ်းလို ဓာတ်ရထားလမ်းများက သည်အတိုင်းပင် ရှိနေသေးသဖြင့် စက်ဘီးများ မကြာမကြာ ချော်လဲခြင်း၊ လမ်းသွားလမ်းလာများ ခဏခဏ ခလုတ်တိုက်လဲခြင်းများ ဖြစ်ပါသည်။ စစ်ပြီး မန္တလေး၏ဆိညှော်နံ့ကို ကျွန်တော်မှတ်မိပါသည်။နေမျိုးဗလကျော်သူဘွဲ့ရ ရွာစားကြီး စိန်ပေဒါ၏အိမ်သည် စစ်ဘေးစစ်ဒဏ်ကြောင့် ဗုံးထဲပါသွားရပါပြီ။တောင်ကျုံးထိပ်ကရပ်၍ တောင်ဘက်တစ်ခွင် လှမ်းကြည့်လိုက်လျှင် ဖားသားလဖုံးလို အဆောက်အဦးကြီးတွေကလွဲ၍ ကျန်သည့် အိမ်များ၊ တိုက်များ၊ အဆောက်အဦများမှာ မီးလောင်ခြင်း ဗုံးဒဏ်ခံရခြင်းတို့ကြောင့် ပြားပြားဝပ်လို ဖြစ်နေကြရရှာပါသည်။

ကျွန်တော် မြင်းခြံစွန်းလွန်းက ထွက်လာခဲ့စဉ်ကလည်း ကျွန်တော်တို့ဆီမှာ စစ်ဘေးစစ်ဒဏ်ကြောင့် မီးလောင်ဆီချေးညှော်နံ့က နှာခေါင်းတွင် စွဲနေပါသည်။ ယခု မန္တလေးမြို့မှာလည်း ထိုဆီညှော်နံ့မျိုးက ကျွန်တော့်အား နှုတ်ဆက်ကြိုဆိုခဲ့ပါသည်။မီးသွေးတိုင်များနှင့် အိမ်ပျက်များ၊ အဆောက်အဦပျက်များ၊ တိုက်ပျက်များသည် မန္တလေးနဲ့ မြင်းခြံ အတူတူပဲ ဖြစ်ပါတော့သည်။

မန္တလေးမြို့တွင် လေးဘီးတပ် မြင်းရထားကြီးများ၊ နွားလှည်းများ၊ ဆိုက်ကား (မြင်းခြံအခေါ် ဆိုက်တွဲ) များ ပေါလှပါသည်။ဈေးချိုတော်ဆိုသည်မှာ ၈၄ လမ်း- ၈၅ လမ်းကြား၊ ၂၆ လမ်း-၂၈ လမ်းအတွင်းတွင် ၁၂၆၈ ခု အုတ်ကာ သွပ်မိုးဟူသော အကွရာ၊ သင်္ကေတ၊ လက်ာဖြင့် ဆောက်လုပ်ထားကြောင်း သိမှတ်ရပါသည်။ဈေးချိုတော်ကို အလယ်ဗဟိုထား၍ မန္တလေးမြို့ကို ကြည့်လိုက်လျှင် မြောက်ဘက်တွင် ညောင်ပင်ဈေး၊ နှင်းဆီခြံ၊ မေယဂီရိ၊ ပုလဲငွေရောင်၊ ပြည်လုံးချမ်းသာရပ်ကွက်များ၊ အနောက်ဘက်တွင် ရွှေပြည်၊ မင်းတဲအီကင်း၊ တစ်ဆယ့် နှစ်ရပ်ထီးတန်ဆောင်းဘုရား၊ ရှင်အရဟံသိမ်နှင့် ညောင်ကွဲရပ်တို့ ရှိလေသည်။ ကျွန်တော်တို့နေသောနေရာမှာ အီကင်း တစ်ဆယ့်နှစ်ရပ်တွင် ပါဝင်ပေသည်။ ထင်ရှားကျော်ကြားသည့် မန္တလေးတောင်တော်ကြီးသည် မြို့၏တနင်္ဂနွေထောင့်၊ အရှေ့မြောက်ထောင့်တွင် ရှိလေသည်။မန္တလေးတောင်ကြီး၏ အနောက်ဘက်တွင် ယောမင်းကြီးအုတ်ကျောင်းရှိလေသည်။တံခါးပေါက်များကို လှပဆန်းကြယ်စွာဖြင့် တစ်ခုနှင့်တစ်ခု မတူရအောင် ပန်းတမော့ပညာများဖြင့် ပြုလုပ်ထားပေသည်။ မန္တလေးမြို့သည် ရှေးသုံးစကားများ ကျန်ရှိရစ်ခဲ့သောမြို့ ဖြစ်ပေသည်။မြို့တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ဘက်၊ အနောက်ဘက် အရပ်စသည် မခေါ်ဝေါ်ဘဲ တောင်ပြင်၊ မြောက်ပြင်၊ အရှေ့ပြင်၊ အနောက်ပြင်ဟူ၍ ခေါ်ဝေါ်သုံးစွဲကြပေသည်။မြောက်ပြင်တွင် အမရစ်ခေါင်ရပ်ကွက်၊ အမရဋ္ဌာနီရပ်ကွက်၊ ဉပုသ်တော်ရပ်ကွက်၊ ဘုန်းတော်တိုးရပ်ကွက်၊ မြောက်ထားဝယ်ရပ်ကွက်၊ အိုးဘိုရပ်ကွက်၊ သူရဲတပ်ရပ်ကွက်၊ လှေတန်း၊ သပိတ်တန်း၊ မိဘဈေး၊ ဗောင်းတော်ကျ၊ မြောက်ကျုံးထောင့် မီးသွေးစု၊ ထီးရိုးဝင်း၊ ဝါးရောင်းဝင်း၊ ဘုရားနီဘုရား၊ ဗောင်းတော်ကျဘုရားများ

ရှိသည်။ဗဟိုစာတိုက်ကြီးနှင့် မျက်စိ၊ နား၊ နှာခေါင်းဆေးရုံလည်း ရှိသည်။အရှေ့ပြင်တွင် နန်းတော်ရှေ့ ရပ်ကွက်ကြီးတစ်ခုလုံးသည် မြို့ကလေးတစ်မြို့နှင့်မခြား တူညီပေသည်။ လွန်းတစ်ရာ ချိတ်ပုဆိုး၊ ထဘီ၊ မုန့်တိုင်ဇရပ်၊ ရေနီမြောင်းနှင့် ဘုန်းတော်ကြီးကျောင်းတိုက်ကြီး များနှင့် ထင်ရှားသော ရွှေကျောင်းကြီး အတုမရှိကျောင်းကြီး ရှိသည်။နန်းတော်ရှေ့ ဈေးသည် အတော်အသင့်ကောင်းမွန်သော ဈေးဖြစ်သည်။နန်းတော်ရှေ့ ရွာသာရပ်တွင် ဓမ္မာရုံကြီးရှိ၍ အလှူလှူလျှင် ဓမ္မာရုံတွင် လှူသည်က များကြသည်။

နန်းတော်ရှေ့ အရှေ့တောင်ဘက် လှမ်းကြည့်လိုက်လျှင် တင်ရှားသော အောင်ပင်လယ် ကန်ပါတည်း။သို့သော် အောင်ပင်လယ်ကန်ကို ကန်အဖြစ်နဲ့ မတွေ့ရ။လယ်ကွင်းများသာ တွေ့ရ ပါသည်။မန္တလေးမြို့၏ အရှေ့တောင်ထောင့် ၂ မိုင် ခန့်အကွာတွင် အောင်ပင်လယ်ရွာရှိသည်။ ရွာထိပ်တွင် အောင်ပင်လယ်ကန်ရှိသည်။ ထိုအောင်ပင်လယ်ကန်သည် အလွန်ကျယ်သည် မဟုတ်ပေ။သပ်သပ်ရပ်ရပ်နှင့် ပြုလုပ်ထားသော ငါးမွေးမြူရေးကန်သာသာလောက်သာ ရှိပေ သည်။သို့သော် ကြာရွက်၊ ကြာပန်း၊ ကြာငုံ၊ ကြာပွင့်တို့ဖြင့် တင့်တယ်လှသည်။

* * *

မန္တလေးနန်းတော်ကြီးသည် လက်ရှိမန္တလေးမြို့အနေနှင့် ကြည့်လိုက်ပါက မြို့မြောက်ဘက်ပိုင်းတွင် ပါဝင်ပေသည်။သို့သော် မန္တလေးနန်းတော်ကြီးသည် ၁၃၀၆ ခုနှစ်ကပင် စစ်ဘေးစစ်ဒဏ်ကြောင့် မီးလောင်ပျက်စီးခဲ့ရပြီးဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့တာ မန္တလေး တောင်၏ အရှေ့တောင်ဘက်တွင် ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား များရှိကြပြီး ကုသိုလ်တော်ဘုရားတွင် ဗုဒ္ဓဘုရား၏ ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာ တင်၍ ထားရှိခြင်းကို တွေ့မြင်ကြရသည်။နန်းမြို့ရိုး၏ တောင်ဘက်ထောင့်ထိပ် ရဲသိပ္ပံ သင်တန်း ကျောင်းနှင့် ရဲဘောလုံးကွင်းကြီး ရှိပေသည်။ထိုကွင်းကြီး၏ အနောက်တောင်ဘက်နားတွင် မန္တလေးမြို့၏ ရုံးကြီးတစ်ခုရှိလေသည်။ထိုရုံးကြီး၏ အနောက်ဘက်တွင် ဗထူးအားကစားကွင်း တစ်ခု ရှိသည်။ထိုမှ အနောက်ခပ်လှမ်းလှမ်း မန္တလေးဘူတာကြီးရှိ သည်။မန္တလေးဘူတာကြီးသည် တစ်မိုင်ခန့် ရှိပေသည်။အနံမှာ မန္တလေး ၂ ပြခန့် ရှိသဖြင့် မီးရထားတွဲကြီးတစ်ခုသဏ္ဍာန်လို မြေကွက်နေရာမှာလည်း အလျားရှည်ကြီးဖြစ်သည်။ခေါင်းမည်းမည်းကြီးဖြင့် ကျောက်မီးသွေး မောင်း မီးရထားကြီးများကို မြို့လယ်ခေါင်တွင်ပင် တွေ့မြင်ရပေသည်။

မြန်မာမင်းတို့၏ နေပြည်တော်ဖြစ်သဖြင့် ရပ်ကွက်၏အမည်များမှာလည်း မြန်မာဆန် လှပေသည်။မန္တလေးမြို့၏ အရှေ့တောင်ပိုင်းတွင် ချမ်းမြသာစည် တောင်ရွာသစ်၊ ချမ်းမြ သာစည် မြောက်ရွာသစ်ရပ်ကွက်၊ ရွှေဘုန်းရှိန်၊ ရှမ်းပွဲရပ်ကွက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက် (မှတ်ချက်) ကျွန်းလုံးဥသျှောင်ရပ်ကွက်တွင် မန္တလေးမြို့ကျက်သရေဆောင် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ဖြစ်သော မဟာမုနိဘုရား တည်ရှိပေသည်။တမ္ပဝတီရပ်ကွက်သည် ကြေးနောင်၊ မောင်း၊ လင်းကွင်းစသည့် ကြေးတူရိယာပစ္စည်းများ ပြုလုပ်သည့်အပြင် ကြေးဘုရားဆင်းတု၊ ခေါင်းလောင်း၊ ကြေးစည်၊ ထီးစည် စသည့် အတတ်ပညာရှင်များ လုပ်ကိုင်ရာ ရပ်ကွက်ဖြစ်လေ သည်။ဟေမမာလာတောင်ရပ်ကွက်၊ ဟေမမာလာမြောက်ရပ်ကွက်။ ဟေမမာလာ မြောက်ရပ် ကွက်တွင် ကမ္ဘာကျော် ရွှေဆိုင်းလုပ်ငန်းပညာရှင်များ နေထိုင်လုပ်ကိုင်ရာ ဖြစ်ပေသည်။ မျက်ပါးရပ်ဟူ၍လည်း ခေါ်သေး၏။မန္တလေး မျက်ပါးရပ်ရပ်ကွက်မှ ပြုလုပ်သော ထိုးမုန့်သည် နာမည်ကြီးသဖြင့် မျက်ပါးရပ်ထိုးမုန့်ဟု တွဲ၍ခေါ်ကြသည်။ထို့နောက် ရတနာဘုမ္မိ အရှေ့

ရပ်ကွက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်။ ရတနာဘုမ္မိအနောက်ရပ်ကွက်တွင် သီပေါမင်း၏ ကုသိုလ်တော် မြတောင်တိုက် တည်ရှိလေသည်။စကြံနွယ်စဉ်၊ မဟာနွယ်စဉ်၊ တက္ကသိုလ်။ မန္တလေးတက္ကသိုလ်တည်နေရာ ပတ်ဝန်းကျင်တွင် ရပ်ကွက်ကြီးတစ်ခု ဖြစ်နေပေသည်။ ထို့နောက် မဟာအောင်မြေအရှေ့၊ မဟာအောင်မြေ အနောက်ရပ်ကွက်များရှိပြီး မဟာမုနိ ဘုရားကြီးနှင့် ဘုရားကြီးဈေး၊ ရတနာဘုမ္မိအရှေ့တွင် ညွန့်ပေါင်းဈေး ရှိလေသည်။ မန္တလေးမြို့၏ ဘုရားပွဲတော်များကို ဘုရားသုံးဆူပွဲ သီတင်းကျွတ်လဆန်း ၁၀ ရက်တွင် မိုးလွတ်သည်ဟူ၍ မရှိတတ်ပေ။ထိုပွဲတော်ကစ၍ ဘုရားပွဲများ တောက်လျှောက်ဆက်၍ ကျင်းပသည်။ဘုရားသုံးဆူ ပွဲတော်ကို ကျင်းပရာဝယ် သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့တွင် ဆွမ်းတော်ကြီးပွဲများ လာရောက်ပို့ကာ ဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းတော်ပွဲပို့သူများမှာ ဝတ်ကောင်းစားလှ ဝတ်ဆင် ထားသော အမျိုးသမီးလေးများ သွားရောက်ပို့သကြခြင်း ဖြစ်ပေသည်။ရပ်ကွက်တိုင်းလိုလို မိမိတို့ ဓမ္မာရုံဘုရားပွဲများ ရှိတတ်ကြသဖြင့် အဝေးရပ်ကွက်များမှ ဆွမ်းတော်ပွဲပို့ခြင်းများ မရှိပေ။ ဆွမ်းတော်ပွဲတွင် ကြက်ကောင်လုံးကျော်၊ ၅၀ သားလောက်ရှိသော ငါးကောင်လုံးကျော် စသည် တို့တွင် ဝါးခြမ်းတိုင်လေးဖြင့် စက္ကူအလံလေးစိုက်ကာ အလံတွင် အချို့က ကုသိုလ်ရှင်အမည် များ ကပ်ထားကြပေသည်။ဆွမ်းတော်ပွဲတွင် ရာသီအလိုက် လိမ္မော်သီး၊ သစ်တော်သီး၊ သီးမွှေး ငှက်ပျောသီး၊ ရှောက်ချိုသီး၊ ကျွဲကောသီး၊ မာလကာသီး၊ သခွားသီး၊ ဖရဲသီး၊ နာနတ်သီး စသည် တို့ဖြစ်ပြီး ဘဲဥပြုတ်၊ ကြက်ဥပြုတ်များလည်း ပါလာတတ်ရာ မုန့်များတွင် ကိတ်မုန့်၊ ထိုးမုန့်၊ လမုန့်၊ ဇလမုန့်၊ ဆနွင်းမကင်း၊ မာစကတ်၊ မလိုင်ကရေကရာ စသည်တို့လည်း ပါဝင်တတ် ပေသည်။ဩဇာသီးလှလှကြီးများလည်း ဆွမ်းတော်ပွဲများတွင် တွေ့မြင်ရတတ်သည်။မန္တလေးမြို့ သည် ဘာသာရေးကြည်ညိုသောမြို့ဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ ဘုရားပွဲတော်များသည် လွန်စွာကြည်ညိုဖွယ်ရာ မြတ်နိုးဖွယ်ရာများဖြင့်လည်းကောင်း၊ စေတနာ သဒ္ဓါတရားများဖြင့် လည်းကောင်း ပေါင်းစပ်ထားသည်ကို တွေ့မြင်ရပေသည်။ဘုရားသုံးဆူပွဲတော်တွင် ဇာတ်ပွဲတစ်ပွဲ ရှိတတ်ပြီး ဇာတ်ခုံကို လမ်း ၃၀၊ ၈၁ လမ်းကြားတွင် အနောက်ဘက်လှည့် ဆောက်ထားပေသည်။

မန္တလေးမြို့၏ ထူးခြားချက်မှာ ဇာတ်ခုံကို အခြားမြို့များ၊ ရွာများဆောက်သလို ဆောက် ထားသော်လည်း ပွဲကြည့်ပရိသတ်အတွက် မင်းစင်ခေါ် ပွဲကြည့်ရန်စင်များ ဆောက်ထားသည်မှာ တမူထူးခြား၍ ကျက်သရေရှိကာ ခံ့ညားလှပေသည်။မင်းစင်ကို ဝါးများဖြင့် ဆောက်လုပ်ထားပြီး ဇာတ်ခုံရှေ့တည့်တည့်တွင် တစ်ထွာလောက်မြင့်သော စင်များဖြစ်ပြီး သူ့နောက်တန်းတွင် ရုပ်ရှင်ရုံများလို တဖြည်းဖြည်း တစ်ကွက်ချင်း တစ်ဆင့်ချင်းမြှင့်ကာ ဆောက်ပေးသည်။ ဘေးပတ်ပတ်လည်များတွင် မင်းစင်များကို ခါးသာသာလောက်အမြင့် ဆောက်လုပ်ထားပြီး ဇာတ်ခုံနဲ့ မင်းစင် နောက်ဆုံးထိပ်ဖျားတွင် ပခုံးလောက်မြင့်၍ ဆောက်ပေးထားပြီး အပေါ်က ငြမ်းစင်ခေါ် ဝါးလုံးတိုင် ဝါးတန်းထိုး၍ ဖျာများ မိုးအုပ်ထား၏။ရပ်ကွက်မှ ပွဲကြည့်ရန် မင်းစင်များ ကို နံပါတ်များတပ်ကာ ဘုရားပွဲတော် ရန်ပုံငွေအတွက် ရောင်းချကြပေသည်။အချို့ဇာတ်ပွဲများ တွင် ပွဲကောင်းတုန်း မင်းစင်ပြိုကျသည်နှင့် မကြာခဏကြုံ၏။ထိုအခါ ကာလသားများက ပြိုကျ သွားသော မင်းစင်ပေါ်မှ ပွဲကြည့်အပျိုများကို နောက်ကြ ပြောင်ကြလေသည်။ကျွန်တော် အံ့ဩရမိသည်မှာ မန္တလေးမြို့လယ်ခေါင်က ရွှေတချောင်းပင် ဖြစ်ပါသည်။ရွှေတချောင်းဟူ၍ နာမည်က ယဉ်သလောက် ညစ်ပတ်လှပါသည်။မြို့ထဲက ရေဆိုးရေညစ်များ သွန်ပစ်ရာ အမဲသား၊ ငါးအညီများ၊ ဘဲဥခွံများ၊ အမှိုက်သရိုက်များနှင့် ရေက မစီးဆင်းနိုင်တော့ဘဲ အလွန် ညစ်ပတ်သော ရေမြောင်းပုတ်ကြီး ရွှေတချောင်းဖြစ်ပါသည်။

မြန်မာဆန်သော မဟာဆန်သောအမည်များကို မန္တလေးမြို့တွင် တွေ့မြင်နိုင်ပေသည်။မြို့၏အရှေ့မြောက်ပိုင်းတွင် မဟာဇေယျာဘုံရပ်ကွက်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်များရှိ၍ ပြည်ကြီးမျက်ရှင်ရပ်ကွက်တွင် အလွန်ကျယ်သော ဝင်းခြံအတွင်း၌ ကုဋ္ဌနူနာရောဂါသည်များအား နေထိုင်စေကာ ဆေးဝါးကုသပေးသော ဆေးရုံရှိလေသည်။ထို့နောက်တွင် စိတ္တရမဟီရပ်ကွက်၊ ကဥ္စနမဟီရပ်ကွက်၊ ဟေမာဇလရပ်ကွက်၊ မောရဂီဝါရပ်ကွက်တွင် နောင်သောအခါများ၌ ကျွန်တော့်အစ်ကိုကြီး ဦးစိန်လှမောင် ပြောင်းရွှေ့နေထိုင်ခဲ့ပေသည်။နိုင်ငံကျော်ဇာတ်မင်းသား ရွှေနန်းတင်လည်း မောရဂီဝါရပ်ကွက်တွင် နောင်သောအခါ တိုက်တည်၍ နေထိုင်ပေသည်။ ယခု ကျွန်တော်ရေးပြသောအချိန်တွင် မင်းသားရွှေနန်းတင် နာမည်မကြီးသေးသော၊ မင်းသားအဖြစ် ကောင်းစွာ မကပြသေးသော စစ်ပြီးခေတ် အချိန်ဖြစ်လေသည်။ ထို့နောက်တွင် အောင်နန်းရိပ်သာအရှေ့ရပ်ကွက်။ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်သည် နေမျိုးဗလကျော်သူ ဘွဲ့ရ ရွာစားကြီး စိန်ဗေဒါ နေထိုင်သော ရပ်ကွက်ကြီးဖြစ်လေသည်။အောင်နန်းရိပ်သာအနောက်၊ ချမ်းအေးသာစံအရှေ့၊ ချမ်းအေးသာစံအလယ်၊ ချမ်းအေးသာစံအနောက်၊ ရန်မျိုးလုံနှင့် ပတ်ကုန်းပျော်ဘွယ်ရပ်ကွက်များ ဖြစ်ပေသည်။

ဆက်လက်၍ မန္တလေးမြို့အနောက်တောင်ပိုင်းရှိ ရပ်ကွက်အမည်များမှာ သီရိမာလာအရှေ့၊ သီရိမာလာအနောက်၊ ပြည်ကြီးပျော်ဘွယ်အရှေ့၊ ပြည်ကြီးပျော်ဘွယ်အနောက်၊ ဒေးဝန်းအရှေ့၊ ဒေးဝန်းအနောက်၊ စိန်ပန်း၊ သံလျှက်မှော်အရှေ့၊ သံလျှက်မှော်အနောက် စသည်တို့ဖြစ်ပြီး စိန်ပန်းရပ်ကွက်ကြီးတစ်ခုပင်လျှင် တော်တော့်မြို့ငယ်လေးပမာ ကျယ်ဝန်းလှပေသည်။မန္တလေးမြို့၏ အနောက်မြောက်ပိုင်း ရပ်ကွက်အမည်များကား ပြည်ကြီးရန်လုံ၊ ညောင်ကွဲ။ ပြည်ကြီးရန်လုံရပ်ကွက်ကို နှင်းဆီးခြံဟု ခေါ်ဝေါ်ကြပြီး နှင်းဆီပင်များ ပျိုး၍ရောင်းခြင်းဖြင့် နာမည်ကြီးလှပေသည်။ထို့နောက် မေဃဂီရိ၊ မေဃဂီရိရပ်ကွက်တွင် နောင်သောအခါ ရွာစားကြီး ဦးဟံပ နေထိုင်သွားပေသည်။အောင်မြေသာစံရပ်ကွက်ကို ပုလင်းဝင်းဟုခေါ်ပြီး အမရဋ္ဌာနီ၊ အမရစံခေါင်၊ ပုလဲငွေရောင်၊ ပြည်ကြီးကျက်သရေအရှေ့၊ ပြည်ကြီး ကျက်သရေအနောက်၊ အနှိပ်တော်၊ ဒေါနဘွား၊ ဘုန်းတော်တိုးရပ်ကွက်များ ဖြစ်ပေသည်။ဘုန်းတော်တိုးရပ်ကွက်သည် မန္တလေးတောင်၏ အရှေ့ဘက်တွင်တည်ရှိပြီး မြို့နဲ့သီးခြား ရပ်ကွက်ပမာ ဖြစ်နေပေသည်။ အမရဋ္ဌာနီကို မြောက်ထားဝယ်ဟူ၍လည်းကောင်း၊ အမရစံခေါင်ကို သူရဲတပ်ရပ်ကွက်ဟူ၍လည်းကောင်း ခေါ်ကြပေသည်။အနှိပ်တော်၊ ဒေါနဘွားရပ်ကွက်များမှာ မန္တလေး၏ အရှေ့နှင့် အရှေ့မြောက်ဘက်တွင် တည်ရှိနေကြလေသည်။ယခုအခါတွင် လူများက ရှေးနာမည်များကို မြတ်မြတ်နိုးနိုးမခေါ်ကြဘဲ တရုတ်တန်း၊ တမာကုန်း၊ ဝက်စု စသည်ဖြင့် ခေါ်ဝေါ်နေသည်ကို တွေ့မြင်ကြားသိနေရပေသည်။ကျွန်တော်ရောက်သောအချိန်မှာ မန္တလေး ဈေးချိုနာရီစင်က နာရီကြီးမှာ ပျက်နေပါသည်။

ကျွန်တော်သည် အစ်ကိုကြီး ဦးစိန်လှမောင်နဲ့အတူ ဆိုင်းတီးရာတွင် အမြဲလိုက်နေရပါသည်။အစ်ကိုသည် အလွန်သတ္တိကောင်းပါသည်။တစ်ခါတစ်ရံ ညဆိုင်းတီးပြီးပြန်ရာတွင် လမ်းမီးများလည်း မရှိပါ။မှောင်မှောင်မည်းမည်းနှင့် အရိုင်းတောလမ်းလေးလို သုသာန်ကိုဖြတ်ပြီး ပြန်ကြရပါသည်။တစ်ခါတွင် ဆိုင်းတီးပြန်လာကြရာ သုသာန်အလယ်ခေါင်လောက်ရောက်မှ ရေနံဆီဖြင့်ထွန်းသော စက်ဘီးမီးခွက်မီးက လမ်းချိုင့်ရှောင်လိုက်သဖြင့် ငြိမ်းသွားပါသည်။ အစ်ကိုက အေးအေးဆေးဆေးပင် စက်ဘီးပေါ်မှဆင်း၍ မီးခြစ်ကို ထုတ်ခြစ်ကာ မီးခွက်ကို

ပြန်ထွန်းပါသည်။လေတိုက်၍ ထွန်းမရပါ။တဟုတ်ဟုတ်ငြိမ်းနေပါသည်။ပတ်ဝန်းကျင်တွင် အုတ်ဂူဖြူဖြူသင်္ချာန် သစ်ပင်များ၏ မည်းမည်းသင်္ချာန်များက စိတ်ချောက်ချားစရာ ကောင်းပါသည်။အစ်ကိုက မီးကို မရရအောင်ထွန်းပြီးမှ အေးအေးဆေးဆေး ထုံးစံအတိုင်း ကျွန်တော့်ကို ရှေ့မှတင်ကာ နင်းလာပါသည်။အစ်ကိုနှင့် ရင်းနှီးခင်မင်သူများတွင် ဆရာဝန်ကြီး ဦးစံကြူး ပါပါသည်။ဂျပန်ခေတ်တွင် ဆရာဝန်ကြီး ဦးစံကြူးမိသားစုနှင့် သွားရောက်ကာ အတူတူနေထိုင်ခဲ့ပါသည်။ဆရာဝန်ကြီး ဦးစံကြူးမျက်နှာသည် ဖော်ရွေခြင်း ကြည်လင်ခြင်း အမြဲရှိတတ်ပါသည်။ တစ်ခါက မန္တလေးမြို့အနောက်ဘက် ချိုင့်ကြီးဆိုသောရွာသို့ ဆိုင်းသွားတီးပါသည်။ မရမ်းခြံရေဆိပ်မှ ငှက်ဖြင့်ဖြတ်ကူးပြီး သွားကြရပါသည်။ချိုင့်ကြီးရွာသည် ဧရာဝတီမြစ်၏ ကျွန်းထဲရွာဖြစ်ပါသည်။ကျွန်းရွာများထုံးစံအတိုင်း ပြောင်းဖူး၊ မြေပဲ၊ ဆီးသီး၊ ပဲစိမ်းစား၊ ကန်စွန်းဥများ ပေါပါသည်။ညဆိုင်းတီးပြီးသောအခါ အစ်ကိုက ကျွန်တော့်အား ဘာစားမလဲဟု မေးပါသည်။ ကျွန်တော်က မစားလိုကြောင်း ခေါင်းခါပြပါသည်။အစ်ကိုက ဆက်၍-

"အကြော်ပူပူလေး စားမလား"

"မစားချင်ပါ"

"မုန့်တီကော"

"မစားချင်ပါ"

ဤသို့ဖြင့် "ရော့ရော့ကြိုက်တာစား"ဟု ကျပ်တန်သစ်ကလေးတစ်ရွက် ထုတ်ပေးပါသည်။ကျပ်တန်တွင် အင်္ဂလိပ်ဂျော့ဘုရင်ပုံပါရှိပြီး စက္ကူမှာ တောင့်တင်းနေပါသည်။ကျွန်တော်သည် ဘာမှမစားချင်ပါ။နားထဲမှာ ကြားနေရတာကတော့ အလျှုမဏ္ဍပ်ကြီးအနောက်မြောက်ဘက် ခပ်ယွန်းယွန်းဆီမှ ထွက်လာသောအသံ ဖြစ်ပါသည်။

"ကလောက် ကလောက် ကလောက် ကလောက်"

ခေတ္တငြိမ်သွားပါသည်။နောက်

"လက်ရှောင်"

"ပုစွန် ၂ ကောင်နဲ့ လိပ်"

"အောင်မယ် ဟတ္တိလိုလိုနဲ့ ဆင်ကြီးပါလား"

ဂျောက်ဂျက်ဝိုင်းဆီမှ အသံများဟာ ကျွန်တော့်ရင်ကို ခုန်နေစေပါသည်။ အစ်ကို မုန့်စားသွားပြီးပြီးချင်း ဂျောက်ဂျက်ဝိုင်းသို့ ကျွန်တော် ရောက်လာပါသည်။ ကျွန်တော်တို့ ဆိုင်းထဲမှ လင်းကွင်းတီး ကိုလှမင်းက ဂျောက်ဂျက် ဝင်ထိုးနေပါသည်။ သူ့ဘေးနားကရပ်၍ ကျွန်တော် ကြည့်နေပါသည်။ဒိုင်က-

"လာနော် လာနော် ရပ်ကြည့်လို့ အမြတ်မရှိဘူး။ထိုးကြည့်မှ အကျိုးရှိမယ်"

တဖြည်းဖြည်းနဲ့ ကိုလှမင်း ရှုံးနေပါသည်။သူ့တွင်လည်း ငွေများများ မပါ။ ပါတဲ့ငွေလေးလည်း ကုန်တော့မည်။ကျွန်တော်က မနေနိုင်တော့။ကိုလှမင်းကို ပြောလိုက်ပါသည်။

"လေးလေး ကိုလှမင်း ကျွန်တော် ကစားပေးမယ်"

ကိုလှမင်းက ချက်ချင်းသူ့နေရာမှ ထပေးသည်။ကိုလှမင်းက ကစားနေစဉ်ကပင် ကျွန်တော်က အကဲခပ်ပြီးဖြစ်သည့် ဂျောက်ဂျက်ခေါက်နေသော ဒိုင်လက်နှင့် အံစာတုံးသဘောကို ကျွမ်းကျွမ်းကျင်ကျင် ကစားခဲ့သော ကျွန်တော်လို ကစားသမားတစ်ယောက်အဖို့ သူတို့မလေးစားသော ငယ်ငယ်ရွယ်ရွယ် ကျွန်တော့်တွင် ပို၍ကောင်းနေပေသည်။ကျွန်တော်သည် ဒိုင်ဘေးလူများ အလံရှူးများ မရိပ်မိစေရန် ၂ ကတ်လောက်လွှဲ၍ ကစားရပေသည်။

ကစားရာတွင် ရှုံးနေသောသူနှင့် နိုင်နေသောသူတို့၏ စိတ်လှုပ်ရှားပုံများသည် အတူတူပင် ဖြစ်ပေသည်။နိုင်နေသောသူ၏စိတ်တွင် ပီတိဖြစ်နေပြီး ဆက်ကာ ဆက်ကာ နိုင်ချင်နေသေးသဖြင့် စိတ်ထဲတွင် လှုပ်ရှားနေတတ်သည်။အားမရ မတင်းတိမ်နိုင်သောစိတ်က စိုးမိုးနေတတ်ပေသည်။ရှုံးနေသူ၏စိတ်ထဲတွင် မခံချင်စိတ်က လွှမ်းမိုးနေတတ်သည်။ကစားသမားများ ရှုံးသွားလျှင် ကြောက်၍ မကစားရဲတော့ဟူသည် မရှိ။ဘယ်လောက်ပဲ ရှုံးထားထား တစ်ချီတည်း တစ်လားတည်းဖြင့် အရှုံးကျေရန် အနိုင်ရလိုသည့်စိတ်များသာ ရှိနေတတ်သည်။ဂျောက်ဂျက်ကစားသူတို့ ထိုးသူတို့၏ ညံ့ဖျင်းချက်မှာ များသောအားဖြင့် တလှည့်မခေါက်သေးခင် ထိုးပြီးသားဖြစ်နေခြင်းပင်။ထိုအချက်ကို ဒိုင်က ညာကစား၍ ရနိုင်ပေသည်။အရှုံးများသော အကောင်သည် ထိုအခါမျိုးတွင် ပေါ်မည်မဟုတ်တော့ပါ။

ကျွန်တော်သည် ပေါ်ကောင်များကိုကပ်ကာ ရေ၍ကြည့်သည်။ဂျောက်ဂျက်ခေါက်သော ဘက်နှင့် အံစာခွက်၏ ခုန်နှုန်းများကို တွက်ပြီးထိုးသည်။ ခဏကြာတော့ ကိုလှမင်းရှုံးထားသောငွေများ ပြန်ပေးလိုက်ပြီး ကျွန်တော့်လက်ထဲတွင်လည်း ၄၊ ၅ ကျပ်လောက် နိုင်နေပြီ။ ဒိုင်ကလည်း ကျွန်တော့်အား နည်းနည်း သတိထားချင်လာပြီ။ထိုအခိုက် ကျွန်တော့် ညာဘက်နားရွက်ကို တစ်စုံတစ်ယောက်က ခပ်နာနာဆွဲ၍ မလိုက်သည်။ကျွန်တော်က ချက်ချင်း စိတ်ဆိုးစွာဖြင့် လျှင်မြန်စွာ လှည့်ကြည့်လိုက်သည်။ကျွန်တော့်တွင် မိုးကြိုးအပစ်ခံလိုက်ရသလို ဖြစ်သွားသည်။အစ်ကိုသည် အလွန်စိတ်ဆိုးစွာဖြင့် ကျွန်တော့်အားကြည့်ပြီး လက်ကိုဆွဲထုတ်ကာ ခေါ်သွားတော့သည်။လမ်းတစ်လမ်းလုံး အစ်ကိုက စကားတစ်ခွန်းမျှ မပြော။အလှူမဏ္ဍပ်ထဲ ဆိုင်းနောက်ရောက်သွားသောအခါ အလွန်ဒေါသကြီးစွာဖြင့် "မင်းကစားသမား ငါ့အရှက်ကို ခွဲတဲ့အကောင်"ဟု ပြောပြောဆိုဆို နားရင်းအုပ်ပါတော့သည်။အစ်ကိုက ကျွန်တော့်နားရင်းကို ဘယ်ပြန်ညာပြန် တအား ဂျပန်ရိုက်ရိုက်၍ ရိုက်ရင်းရိုက်ရင်း အားမရပါ။ဆိုင်းဝိုင်းမင်းပေါက်တွင် ဆွဲတပ်သော သံမှန်မောင်းကို ဖြုတ်၍ မောင်းနှင့် ကျွန်တော့်ခေါင်းကို ရိုက်ပါသည်။မောင်းနဲ့ ရိုက်ပြီး ပတ်လုံးခေါက်တဲ့လက်ရိုက်နဲ့ ရိုက်လိုက်သောအခါ ကျွန်တော်မူးပြီး သတိမေ့သွားပါသည်။ကျွန်တော် သတိမေ့သည်ဟု အစ်ကိုမသိဘဲ ဆက်ရိုက်နေပါသည်။အလှူအိမ်က လူတွေက လူတစ်ယောက်ကို ရိုက်နေမှန်းသိတော့မှ အစ်ကိုအား ဝိုင်း၍ဆွဲတားကြပါသည်။အစ်ကိုမည်မျှ ဒေါသကြီးနေသနည်းဟူမူ လာဆွဲသောလူများကို ရိုက်လွှတ်ပါသည်။နောက်တော့ ဝိုင်း၍ အတင်းချုပ်ခါ အစ်ကို့အား မရိုက်ရန် ကလေးလည်း သတိမေ့သွားပြီ ဖြစ်ကြောင်း သို့မဟုတ် သေသွားပြီထင်ကြောင်းပြောတော့ အစ်ကို အရိုက်ရပ်ကာ "ကျွန်တော့်ညီ ကျွန်တော်ရိုက်တာ လက်လွန်သွားပြီထင်တယ်"ဟု ပြောကြောင်း သိရပါသည်။ကျွန်တော်က သတိမရပါ။နောက်တစ်နေ့ အလှူဘိသိတ်သွင်းပြီးမှ ကျွန်တော်သိရပါသည်။ကျွန်တော်သည် အိမ်တစ်အိမ်ပေါ်တွင် ရောက်နေပြီး ကျွန်တော့်ဘေးတွင် လူများ ဝိုင်းအုံနေကြပါသည်။ဟော. . သတိရလာပြီ၊ သတိရလာပြီဟုလည်း ပြောကြပါသည်။ကျွန်တော် သတိရလာသောအခါ လွန်စွာနာကျင်သော ဝေဒနာ ခံစားရပါသည်။ဆိုင်းတီးပြီး၍ အစ်ကိုတို့ ပြန်သွားသောအခါ ကျွန်တော့် ဒဏ်ရာများက ပြင်းထန်လွန်းသဖြင့် ထားခဲ့ကြရပါသည်။ညနေစောင်းတွင် အစ်ကိုက ဆရာဝန် ဦးစံကြူးအား ခေါ်လာပါသည်။အစ်ကို့ကို ရွာကလူတွေက အတော် စိတ်ဆိုးကြပါသည်။အစ်ကိုကမူ "ကျွန်တော် အရှက်ကွဲ မခံနိုင်ပါ။သူသေရင် ကျွန်တော် ကြိုးစင်တက်မယ်"ဟူ၍ ပြောသဖြင့် ရွာကလူများက နောက်ထပ် မပြောကြတော့ပါ။ ဆရာဝန် ဦးစံကြူးက ကျွန်တော့်ကို ဆေးများ

ထိုးပေးရင်း အစ်ကို့ကို "ကိုလှမောင်က ကလေးကို ဆုံးမတာ မဟုတ်ဘူး၊ နွားသတ်သလို သတ်တာ"ဟု စိတ်ဆိုးမာန်ဆိုးဖြင့် ပြောပါသည်။ဆရာဝန် ဦးစံကြူးပြောသောအခါ အစ်ကိုက ငြိမ်နေပါသည်။နောက်ရက်များတွင် ဆရာဝန် ဦးစံကြူးက နေ့စဉ်လာ၍ ဆေးထိုးပေးရင်း ပြုစုကုသပေးပါသည်။ကျွန်တော်သည် ထိုဒဏ်ရာကြောင့် ချိုင့်ကြီးရွာတွင် ၃ ရက်လောက် နေခဲ့ရပါသည်။

အစ်ကို့အရိုက်ခံရပြီးနောက် ၂ လလောက် ကြာသွားပါသည်။ကျွန်တော့်ဒဏ်ရာများလည်း လုံးဝပျောက်ကင်းသွားပါပြီ။ထိုအခါ ဆိုင်းသမားများက မေးကြပါသည်။"ဘယ်နှယ့်လဲကွာ ကစားသမားဖြစ်ချင်သလား" အလှူမဏ္ဍပ် ဆိုင်းအဖွဲ့၏နောက်တွင် လက်ဖက်ရည်သောက်ရင်းက မေးခြင်းဖြစ်ပါသည်။အစ်ကိုလည်း ရှိပါသည်။ကျွန်တော်က ချက်ချင်းပြောလိုက်ပါသည်။ "ဒီမယ် ကျုပ်အရင်က ကစားတာက အကစားတာ ဘာမှ မဟုတ်ဘူး။ခင်ဗျားတို့ ဆိုင်းသမားတွေဘာ၀ နားလည်လာပြီ ဘယ်လောက်မှ မချမ်းသာဘူး။ကျုပ်ကစားတာနဲ့ တိုက်တည်ပြမယ်ဗျ ကြည့်ထား" ကျွန်တော့်စကားသံကြောင့် အစ်ကို့မျက်နှာပျက်၍ မျက်နှာလေးငယ်သွားသည်ထင်ပါသည်။တကယ်လည်း ကျွန်တော့်စိတ်ထဲတွင် အစ်ကို့အရိုက်ခံရပြီးမှ ဆိုင်းတီးချင်စိတ်မရှိတော့ပါ။ဘယ်နေရာသွားကစားရမလဲဟု တွေးတောနေမိပါသည်။နောက်ထပ် သုံးလေးလကြာသောအခါ အစ်ကိုက ကျွန်တော့်အား ရိုက်ဆုံးမတဲ့နည်း လက်လျှော့လိုက်ပါသည်။

ကျွန်တော်သည် အစ်ကို့အရိုက်ခံရပြီးနောက် ကစားဝိုင်းများရှိရာ လည်၍ကစားပါသည်။ကစားဝိုင်းများက ရတနာမဥ္ဇူဘုရားအရှေ့ဘက် ဇရပ်ပျက်ကြီးဘေးတွင် ရှိတတ်ပါသည်။ တစ်ခါတစ်ခါ မြောက်ဘက်နားက ဘိုးဒေဝိန်ကျောင်းပေါက်နားတွင်လည်း ကစားတတ်ကြပါသေးသည်။ကျွန်တော် ကစားမှန်း အစ်ကိုသိပါသည်။ မရိုက်တော့ပါ။ဒါပေမဲ့ နည်းပြောင်းလိုက်ပါသည်။ရွာစားကြီးစိန်ဗေဒါ၏ ညှင်းလုံးစန်းကို တက်ပေးပါသည်။ညှင်းလုံးစန်းသည် အလွန်ပညာအခြေခံပါသော သံရိုးတီးကွက်တစ်ခုဖြစ်ပါသည်။ဘယ်လက်၊ ညာလက်များက အခြေခံမရှိလျှင် တီးမရပါ။အစ်ကိုတက်ပေးသော ညှင်းလုံးစန်းကို ကျွန်တော်က သဘောကျပါသည်။ ကျွန်တော့်ကို ညှင်းလုံးစန်းတက်ပေးတဲ့ အစ်ကို့ကို အပြစ်တင်ကြပါသည်။ကလေးငယ်ငယ်လေးသိုရင်းအကျီ၀တ်ပေးသည်ဟု ပြောကြပါသည်။ကျွန်တော်နဲ့ ညှင်းလုံးစန်းနဲ့ မတန်သေးဟုလည်းပြောကြပါသည်။ဘယ်သူတွေ ဘာပြောပြော ကျွန်တော်ကတော့ ညှင်းလုံးစန်းကို ကောင်းကောင်းရနေပါပြီ။အစ်ကိုက အိမ်မှာ ဧည့်သည်များလာလျှင် ကျွန်တော့်ကို ညှင်းလုံးစန်း တီးခိုင်းပါသည်။ ဝါးပတ္တလားရွက်ပေါ်မှ သံစဉ်လေးများ ထွက်လာသည်ကို ဧည့်သည်များက နားထောင်ရင်း သဘောကျပါသည်။ကျွန်တော့်ကိုလည်း ချီးမွမ်းကြပါသည်။

"ကိုလှမောင်ညီလေးက သိပ်တော်တာပဲ"

ထိုအခါတွင် အစ်ကိုက

"ဟုတ်တယ် ကျွန်တော့်ညီက ပါရမီကိုပါတဲ့အကောင်၊ ဉာဏ်ကလည်း အလွန်ကောင်းတယ်"

ဧည့်သည် "ဟုတ်ပါရဲ့။ကျွန်တော်တို့လည်း ဝါးပတ္တလား တော်တော်များများ နားထောင်ဖူးပါရဲ့။ခင်ဗျားညီလက်မျိုးတော့ တော်တော်ရှားတာဗျ"

"ဟာ ကျွန်တော့်ညီက စွယ်စုံထူးချွန်တာဗျို့။ဒါတွင်ဘယ်ကမလဲ ကစားတဲ့ဘက်မှာလည်း အလွန်ပါရမီပါတဲ့အကောင်၊ ဖဲ၊ ကက်၊ ဂျင်၊ ၆ ကောင် အဲဒါတွေကို ကောင်းကောင်းကြီး

ကျွမ်းကျင်တယ်။အခုလည်း ကစားတယ်။အဲ. . ကစားသမားဆိုတော့ နိုင်တယ် ရှုံးတယ်ဆိုတာ ရှိမှာပေ့ါ။သူကစားလို့များ ရှုံးလို့ရှိရင် ခင်ဗျားတို့ဆီ ကျွန်တော်ကပါဆိုပြီး ငွေတို့ဘာတို့ ညာချေးဖို့ လာပါလိမ့်မယ်၊ အဲဒီအခါ မချေးလိုက်ကြပါနဲ့."

ညွှံ့သည် အလွန်အံ့အားသင့်ဟန်ဖြင့်

"အော်. . ဟုတ်လား ကလေးက ကစားတတ်သကိုး"

ကျွန်တော့်ငယ်ထိပ်တွင် မိုးကြိုးအပစ်ခံရပြန်ပါပြီ။ကျွန်တော့်မှာ အလွန်ရှက်ပါသည်။ ညွှံ့သည်တွေလာရင် ပတ္တလားတီးခိုင်းပါသည်၊ နောက် ကျွန်တော် ကစားကြောင်း ပြောပါတော့သည်။ကျွန်တော့်မှာ မျက်နှာဘယ်မှာထားရမလဲ မသိတော့လောက်အောင် ရှက်ပါသည်။ နောက် တဖြည်းဖြည်းကြာတော့ အိမ် ညွှံ့သည်လာမှာကို ကျွန်တော်က ကြောက်နေပါသည်။ ပတ္တလားလည်း တီးမပြချင်ပါ။ရှောင်ရှားနေပါသည်။ဒါပေမဲ့ တစ်ခါတလေတော့ လွတ်ပါသည်။ များသောအားဖြင့် တီးပြရတာ များပါသည်။တီးပြရင် ကစားသမားဟု အစ်ကိုက မိတ်ဆက်ပေးလေ့ ရှိသည်ကို ရှက်လာပါသည်။ကျွန်တော်က အစ်ကို့အား ကျွန်တော် မကစားတော့ပါ။ ညွှံ့သည်တွေလာရင် မပြောပါနဲ့ဟုပြောလည်း မရပါ။အစ်ကိုက ငါဆီလာတဲ့ ညွှံ့သည်တွေကို တစ်နှစ်တိတိပြောမယ် သန္နိဋ္ဌာန်ချထားတယ်ဟု ပြောပါသည်။ကျွန်တော်ကမူ ဤသို့ အပြောခံရပြီး တစ်လလောက်ကြာတော့ တစ်သက်လုံး ကစားမျိုးစုံ ပြတ်သွားပါတော့သည်။

* * *

အစ်ကိုတို့ ဆိုင်းထဲတွင် ကျွန်တော့်ကို အချစ်ဆုံးမှာ မောင်းတီး ဦးလေးမြ ဖြစ်ပါသည်။ ဦးလေးမြဇနီးမှာ ဒေါ်တင်လှ ဖြစ်ပါသည်။ဆိုင်းသမားတွေက ကျွန်တော့်အား အပြစ်ပြောသည်များ၊ ခိုင်းသည်များကို ဦးလေးမြ မကြိုက်ပါ။ကျွန်တော့်အတွက်နဲ့ ဦးလေးမြနဲ့ ဆိုင်းသမားတွေ ခဏခဏ စကားများကြရပါသည်။ ကျွန်တော်သည် သူတို့ ဆိုင်းတီးကာနီး ပတ်မကြီးက ထိသံကြားလျှင် ဝိုက်လာပါသည်။အစ်ကိုတို့ ဆိုင်းတီးကောင်းချိန်မှာ ကျွန်တော်က ဦးလေးမြ နားမှာ ခွေခွေကလေး အိပ်နေလေ့ရှိပါသည်။အစ်ကိုတို့ ဆိုင်းပြီးချိန်တွင် ကျွန်တော် အိပ်ရေဝ နေပါပြီ။ဦးလေးမြမှာ အထက်ဘယ်ဘက်တွင် ရွှေသွားတစ်ချောင်း ပါရှိပါသည်။ ကျွန်တော်တို့ ရွာက ဦးလေးပဲ၊ ဇာတ်များထဲတွင် စည်းတီးသော ဦးလေးပဲနှင့် ခပ်ဆင်ဆင်တူပါသည်။ဦးလေးပဲ လောက် အရပ်မမြင့်ပါ။ခါးနည်းနည်းကိုင်းချင်ပါသည်။သူ့ဇနီး ဒေါ်တင်လှမှာ အသားညိုညို မျက်နှာဝိုင်းဝိုင်းနှင့် ကျွန်တော့်ကို အလွန်ချစ်ပါသည်။ပွဲနားသောအခါများတွင် တစ်ခါတလေ သူတို့အိမ် လိုက်သွားရလျှင် အလွန်ပျော်ပါသည်။ကျွန်တော်က ဦလေးမြကို ဒေါသအဖြစ်ဆုံးမှာ ဦးလေးမြ ဖဲကစားခြင်းပင် ဖြစ်ပါသည်။ဦးလေးမြက ကျွန်တော့်ထက် အလွန်အသက်ကြီးပြီ။ အဖေ့အရွယ်လောက် ရှိပါသည်။ဆိုင်းသမားများက ကျွန်တော့်ကို နှိမ်ချင်ကြပါသည်။ ဆိုင်းတီးသွားရာတွင် ပန်းကန်ပြားပို ခေါ်ရာကအစ "လုံး" ဟူ၍လည်း ခေါ်ဝေါ်သေးသည်။"လုံး" ဆိုသည်မှာ နားမလည်လောက်သော အရူးတစ်မျိုးဟူ၍ အဓိပ္ပာယ်ရပါသည်။သို့သော်လည်း ကြားရဖန်များလာသောအခါ သူတို့ပြောသော သဘင်စကားများကိုလည်း ကျွန်တော် နားလည်လာပါပြီ။

| | |
|---|---|
| ထမင်းကို | ပုံး |
| ထမင်းစားရအောင် | ပုံးစေရအောင် |
| ဟင်း | ပုံးဖတ် |

| | |
|---|---|
| ဝက်သားဟင်း | အောင် |
| ကြက်သားဟင်း | ကောက် |
| အင်္ကျီ | စွပ်ဖား |
| ထဘီ | ဒိုင်း |
| ရိပ်ထဲဂွဲလေးတွေဇောင့်လာပြီ | အလှူထဲကောင်မလေးတွေလာနေပြီ |
| ပတ်မကြီး | ဇက်တောကြီး |
| ဆိုင်းဆရာ | ဇက်အုပ် |

အစ်ကိုက သဘင်စကား မပြောပါ။တခြားသူများပြောလည်း မကြိုက်ပါ။ ကျွန်တော့်ကိုလည်း မပြောစေပါ။အစ်ကိုက အနေအထိုင် အဝတ်အစား အဆင့်အတန်းရှိရှိ ဝတ်ပါသည်။ သဘင်စကားများကို ဘဝကသင်ပေးသည်ဟု ထင်ပါသည်။ သူတို့ပြောတာ ဆိုတာ နားရည်ဝတာနဲ့လည်း ပြောတတ်ပါသည်။သဘင်စကား ပြောသူများထဲတွင် မန္တလေးတွင် နာမည်ကြီးတစ်ယောက် ရှိပါသည်။သူ့နာမည်ကို ကျွန်တော်မသိပါ။အားလုံးက သူ့ကို ဗဟိုရ်စည်ကြီးဟု ခေါ်သဖြင့် ဗဟိုရ်စည်ကြီးဟု ခေါ်ခဲ့ရပါသည်။သူပြောရာတွင် ရယ်စရာလေးများ ကြံဖန်တီထွင်ပြီး ပြောတတ်ပါသည်။ဆေးလိပ်ကို၊ သဘင်လို "မလေး"ဟု ခေါ်ပါသည်။ဗဟိုရ်စည်ကြီးက နဂါးဆေးလိပ် အမြဲသောက်ပါသည်။ခင်ဗျားသောက်တာ ဘာဆေးလိပ်လဲလို့မေးရင် "ဘူရိဒါတ်" ဟု ဖြေတတ်ပါသည်။တစ်ခါတစ်ရံ "ဣရန္ဒတီ ရှော"ဟူ၍လည်းကောင်း ပြောတတ်ပါသေးသည်။ "ဘူရိဒါတ်"မှာ နဂါးဖြစ်ပြီး "ဣရန္ဒတီ"မှာ ပုဏ္ဏက နတ်ဘီးလူး၏ နဂါးမလေး ဖြစ်ပါသည်။ "ရှော" မှာ "မြက်ရှော"မြွေဖြစ်သဖြင့် နဂါးမှာ မြွေအမျိုးအစားအပါအဝင် ရည်ညွှန်း၍ "ရှော"ဟုပြောခြင်း ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီး၍ မန္တလေးမြို့သည် အတော်အခြေအနေကောင်းလာပါသည်။ ဘုရားပွဲများ၊ ကထိန်ပွဲများ၊ အလှူပွဲများဖြင့် စည်ကားသာယာ လာပါသည်။စိန်ကျော်တင့် ဆိုင်းအဖွဲ့မှာ ပွဲအလွန်များများ တီးနေရပါသည်။အလှူပွဲများတွင် ဗလာဆိုင်းသက်သက် တီးရခြင်းဖြစ်၍ ကထိန်ပွဲများဆိုလျှင် အငြိမ့်ညွှန့်ပေါင်းခေါ် မင်းသမီးများ၊ လူရွှင်တော်များ ပါစမြဲဖြစ်ပါသည်။အငြိမ့်က မင်းသမီးထဲတွင် ထူးထူးခြားခြားပုဂ္ဂိုလ်တစ်ယောက်ကို တွေ့ရပါသည်။သူ့နာမည်က "မအေးကြည်"ဖြစ်၍ မင်းသမီးနာမည်မှာ ဥက္ကလာ မအေးကြည် ဖြစ်ပါသည်။လူရွှင်တော်များက ကြမ်းကြမ်းတမ်းတမ်း ပြက်သောအခါများတွင် "အဖုတ်က အမွှေးနီ ဥက္ကလာအေးကြည်"ဟု ခေါ်တတ်ပါသည်။မအေးကြည်ကို ကျွန်တော့်အစ်ကိုက မမကြည်ဟု ခေါ်ပါသည်။မအေးကြည်မှာ ကိုယ်ရည်ရောဂါရှိနေပါသည်။

မအေးကြည်မှာ အရပ်ခပ်ပြတ်ပြတ်ဖြစ်ပြီး အလွန်ကြီး မလှသော်လည်း တင့်တင့်တယ်တယ် မျက်နှာမျိုး ရှိပါသည်။သူ၏ထူးခြားပုံမှာ အဆိုနှင့် အကပင် ဖြစ်ပါသည်။ဥက္ကလာ မအေးကြည် အငြိမ့်ခံ့ပေါ်က ဆိုလိုက်သော တေးထပ်မှာ သူ့တေးထပ် ကိုယ်ပိုင်ဖြစ်ပြီး ဟန်ကြီးနဲ့ ဆိုပါသည်။တေးထပ်ဟန်ကြီးမှာ ဆိုတတ်သူ နည်းပါသည်။

"ဥက္ကလာ အေးကြည် ကပါပေါ့"ဟူ၍ တေးထပ်ကို အသံရှည်ဖြင့်ဆွဲ၍ ဆိုလိုက်သည်မှာ အလွန်နားထောင်ကောင်းပါသည်။တေးထပ်၏ ပထမအချီးအပြီး စိန်ကျော်တင့်က တေးထပ်ကို အဘစိန်ဗေဒါကြီးမူအတိုင်း တီးပါသည်။စိန်ကျော်တင့်က တေးထပ် ထပ်ကွန့်တီးရာတွင်

ပတ်လုံးလေးပေါက်ဖျားလေးကစ၍ လေး ငါး ခြောက်၊ ငါး ခြောက် ခွန်၊ ခြောက် ခွန် တစ်၊ ခွန် တစ် နှစ်၊ တစ် နှစ် သုံး၊ နှစ် သုံး လေး၊ သုံး လေး ငါး ဤနေရာတွင် ဥက္ကလာ မအေးကြည်က ဒူးလေးကို မှောက်ကာ မှောက်ကာ မေးကလေးများ ဆတ်ခနဲ ဆတ်ခနဲထိုးကာ ကသွားသည်မှာ ကျွန်တော်ငယ်စဉ် ထိုအချိန် အသက်ဆယ့်လေးနှစ်သားလောက်က ကြည့်လိုက်ဖူးရပြီး ယခု အသက် ဤစာရေးချိန် ငါးဆယ့်ခြောက်နှစ်အထိ သူလောက် တေးထပ် ကကောင်းသူ မတွေ့ဘူး တော့ပါ။အဘ စိန်ဗေဒါကြီးက စနစ်တကျတီးတာ မှတ်တာများအပါအဝင် မင်းသမီး အကများ ကိုပါ ကောင်းသည်ထက်ကောင်းအောင် တီးပေးနိုင်စွမ်းရှိသည်ကို တွေ့ရပါသည်။ထိုစနစ် မူအတိုင်း စိန်ကျော်တင့်က တီးပါသည်။ ထို့ကြောင့်လည်း ဥက္ကလာ မအေးကြည်၏အကသည် တေးထပ်တွင် အကောင်းဆုံးဖြစ်လာသည်ကို နောင်သောအခါတွင် သဘောပေါက်မိပါသည်။ ဆိုင်းဆရာ စိန်ကျော်တင့်မှာ အရပ်ခပ်ပုပုဖြစ်ပြီး မြင်းခြံဆိုင်းဆရာ စိန်လက်မ၊ စိန်ကျော်တင့်၊ ဗိုလ်ချုပ်အောင်ဆန်းတို့သည် တစ်ခုတည်းဖွားများ ဖြစ်ကြပါသည်။စိန်ကျော်တင့်မှာ အရပ်ပုပု အသားညိုညို ဘိုကေနဲ့ဖြစ်ပြီး ဆံပင်သန်ပါသည်။ရွှေသွားများ တဝင်းဝင်းဖြင့် သဘောကျ သောအခါများတွင် ပြုံးဖြီးဖြီးကြီး နေတတ်ပါသည်။စိတ်တိုတတ်သူ ဖြစ်ပါသည်။စိန်ကျော်တင့် သည် ပတ်တီး ဇွဲကောင်းသူ၊ ဆိုင်းတီး ဇွဲကောင်းသူ ဖြစ်ပါသည်။အလွန်တီးသောသူဖြစ်၍ ပွဲဦးများတွင် နားထောင်မကောင်းပါ။အရှိန်လွန်ပြီး ပတ်သံတွေ တဖြန်ဖြန်မည်ကာ လျှံထွက် နေတတ်၊ လက်ပန်းကျသွားသောအခါမှ နားထောင်ကောင်းပါသည်။စိန်ကျော်တင့်သည် ဇင်းမယ် လုံချည် ဝတ်တတ်ကာ အင်္ကျီလက်တို အရောင်များနှင့်ဝတ်တတ်ပြီး အင်္ကျီကြယ်သီးတွင် ရွှေဆွဲကြိုးတပ်ထားပါသည်။

စိန်ကျော်တင့်မှာ သီချင်းဆိုရာတွင် အသံမကောင်းပါ။ပတ်ရင်းဘယ်ဖျား အတီး ကောင်းလှပြီး စိတ်ပါလက်ပါတီးသောအခါ ခေါင်းလေးတမော့မော့ဖြင့် အလွန်ကြည့်ကောင်းပါ သည်။ဆိုင်းတီးရာတွင် အသံချဲ့စက် မပါပါ။ပရိသတ်တွေက ငြိမ်ငြိမ်သက်သက် နားထောင် ကောင်းလှအောင် ကြားရပြီး ကျယ်လောင်ပါသည်။မန္တလေးမြို့၏ ရာသီဥတုမှာ ပူသောအခါ အလွန်ပူပြီး အေးသောအခါများတွင် အလွန်အမင်း အေးကာ ခြင်တွေက ပေါလွန်းလှပြီး နွေအခါများတွင် ကောင်းကောင်းအိပ်မရတတ်ပါ။ကျွန်တော်နေရသော ရပ်ကွက်သည် မင်းတဲ အီကင်း စက်မြေရပ်ကွက်ဖြစ်သဖြင့် သီတင်းကျွတ်ရောက်သောအခါတွင် ရတနာမဋ္ဌုဘုရားပွဲ ကျင်းပသည်။ကျွန်တော်သည် သီတင်းကျွတ်ရောက်လျှင် ရွာကို အလွန်လွမ်းလှပါသည်။ ကျွန်တော့်မှာ ကလေးဘဝဖြင့် ရွာမှထွက်လာခဲ့ရသော်လည်း စွန်းလွန်းရွာ၏ ပျော်ရွှင်ကြည်နူး ဖွယ်ရာများကို မေ့မရပါ။ရွာတွင် အဖေရှိပြီး အမေက မလှိုင်ရောက်နေပါသည်။ အဖေနဲ့ အမေကွဲတာ ၈ နှစ်လောက်ရှိသွားပြီ ထင်ပါသည်။ရွာမှာတုန်းက သီတင်းကျွတ်တွင် ဂူတော်လှ ဘုရားပွဲတော်မှာ အလွန်ပျော်စရာကောင်းပါသည်။ ဘုန်းဘုန်းကျောင်းဝိုင်းအနီးက ရေကန်တွင် ရေခိုးချိုးရတာ မန်ကျည်းပင် အတုတ်ကြီးများရဲ့အရိပ်၊ ဆီမီးခွက်တွင် ဆီညှော်နံ့လေးများသင်းပြီး ထွန်းလင်းလျက်ရှိသော ဆီမီး၊ ကြေးစည်သံ၊ ထိုးစည်သံ၊ ဗုံတောင်သံ၊ မောင်းကြီးထုသံများကို မန္တလေးမြို့မှနေ၍ နားထဲတွင် ကြားနေရပါသည်။ကျွန်တော်သည် ရွာနဲ့ ဘုရားပွဲကိုလွမ်း၍ မျက်ရည်ကျမိသဖြင့် အောက်ပါတေးထပ်ကလေး နောင်သောအခါ ရေးစပ်မိပါသည်။

**စွန်းလွန်းရွာ ဂူတော်လှ ဖူးမြင်ရစေလို ညအိပ်တော့ ကြိတ်၍ငိုသည်။ ကျမျက်ရည်စို့ရွှဲ၊ ရွာဘုရားမို့ ရွာသား ခင်သည်။စာသားကုန်စင် ရေးစပ် နိုင်ဘဲ။ဆွမ်းတော်ကြီး**

**ဘယ်ချိန်ခါ လှည့်ပါလိမ့်လေလဲ၊ ဝတ်သင်းတွေ ရွှတ်အမြဲ၊ ညံမစဲ ဓမ္မသံ ဒို့ရွာမှာ ဆွမ်းကပ်ကြ။ကျောင်းဇရပ် သဲသဲဖြိမ့်လျှံ ငယ်ငယ်တုန်းက စာအံသံကို ကြားမိပြန် ခုများထင့် ရပ်တစ်ပါး မန်းရွှေမြေ ဝေးကွာလို့နေ မျှော်မိတိုင်း တို့ဌာနေကို လွမ်းပါ သလေ တစ်ယောက်တည်းဗျလေး။**

၃၅-၁၀-၂၀

ကျွန်တော်တို့ စွန်းလွန်းရွာကလေးသည် ကျေးရွာတစ်ရွာမျှဖြစ်သော်လည်း နာမည်ကြီး ပါသည်။ရဟန္တာအဖြစ် ထင်ရှားသော စွန်းလွန်းဆရာတော်ကြီး ဦးကဝိကြောင့်လည်း စွန်းလွန်း ရွာမှာ ပို၍နာမည်ကြီးပါသည်။ စွန်းလွန်းသူ၊ စွန်းလွန်းသားများသည် သတ္တိကောင်းသူ များပါ သည်။အထူးသဖြင့် မဟုတ်မခံစိတ်ဓာတ်က ရွာသူရွာသားတိုင်း အရိုးစွဲပါနေပြီး ရိုးသား ဖြောင့်မတ်ခြင်းနှင့် တရားဓမ္မ၊ စာပေဘက်များတွင် လေ့လာဆွေးနွေးခြင်းတို့ကြောင့် အသိ အလိမ္မာရှိပါသည်။စွန်းလွန်းရွာမှာ မြင်းခြံတောင်ဘက် မြို့အထွက်တွင်ရှိပြီး မြို့နဲ့ ရွာ တံတား ခြားထားပါသည်။ ထိုတံတားကို မြင်းခြံတံတား မခေါ်ပါ။စွန်းလွန်းတံတားဟု ခေါ်ကြပါသည်။ တံတား၏ တောင်ဘက်အလွန် လမ်းအရှေ့ဘက်တွင် လွမ်းစရာ စွန်းလွန်းသုသာန်လေး ရှိပါ သည်။သုသာန်က ရွာအလွန်တွင် အတက်ကြီးမော့၍ တက်လာရပါသည်။

ကျွန်တော် စွန်းလွန်းရွာမှထွက်လာပြီး မန္တလေး အစ်ကိုကြီးထံတွင် ဆိုင်းတီးပညာ များကို သင်ယူနေရသည်မှာ မူလက မိဘများက တင်တင်ကြိုကြို စီစဉ်ထားကြ၍ မဟုတ်ပါ။ အဖေနဲ့အမေကွဲနေသဖြင့် ကျွန်တော်တို့ သား၊ သမီးတွေမှာ ဖြစ်သလို ဆွေမျိုးများထံ လှည့်ပတ် နေထိုင်ကြရ၍ မန္တလေးကလာသော ကားကြုံ အဖေ့မိတ်ဆွေများ၏ ခေါ်ဆောင်ချက်ဖြင့် မန္တလေးသို့ရောက်လာပြီး ဆိုင်းတီးပညာများ သင်ယူနေရခြင်း ဖြစ်ပါသည်။ကျွန်တော်ကိုယ်တိုင် က အတီးအမှုတ်ကို အတော်ဝါသနာပါပါသည်။သို့သော် အတီးအမှုတ်ထက် လောင်းကစား မျိုးစုံကို ပို၍ဝါသနာပါပါသည်။နှစ်သက်သဘောကျပါသည်။

မန္တလေးမှာ ရာသီဥတုပူခြင်း၊ မိုးမရွာခြင်းကြောင့် မိုးရွာစေရန် လွန်ဆွဲပွဲများ ပြုလုပ် ပါသည်။ရေစက်ရုံရှေ့ လွန်ပွဲတွင် အစ်ကိုစိန်လှမောင် ဆိုင်းတီးရပါသည်။လွန်ပွဲကို ညနေ ၄ နာရီလောက်မှာ စတင်ပြုလုပ်ပါသည်။ယောကျ်ားတစ်ဘက် မိန်းမတစ်ဘက် အလယ်က လွန်ခေါင်းက တစ်ခါတစ်ရံ ကြိုးပေါ်ထိုင်ပါသည်။ လွန်ဆွဲလျှင် ဆိုင်းက ဗိန်းမောင်းတိုက်ပေး ပါသည်။ရှုံးတဲ့ဘက်ကို ဆိုင်းက ငိုခြင်းတီးပေးပြီး နိုင်တဲ့ဘက်ကို ဗုံးထောက်တီးကာ ကကြခုန်ကြ ပါသည်။ဗုံထောက်တွင် စောင်းချိပ်ရေးထားသည့်စာများ ပါတတ်ပါသည်။အစ်ကို့ဆိုင်းမှာ အငြိမ့်ခုံပေါ်က တီးနေသဖြင့် အောင်နိုင်သူများက ခုံပေါ်တက်ကာ သီဆိုကြပါသည်။ထိုအခါက အသံချဲ့စက်များ ခေတ်မစားသေး၍ သီချင်းဆိုသည့်အခါ ဆိုင်းသံက ဖုံးလွှမ်းနေတတ်ပါသည်။ ထို့ကြောင့် အဆိုပိုဒ်တွင် အစ်ကိုက ကျွန်တော့်အား ဖိတီးရန် ဆိုင်းဝိုင်းထဲမှ လှမ်းပြောပါသည်။ အစ်ကိုပြောတာကို မောင်းတီးနေရာမှ နားထောင်ပြီး မောင်းဆိုင်းကို အသံသိပ်မမြည်စေရန် ဖိတီးပါသည်။သို့သော် ပျော်ရွှင်တဲ့စိတ် ဗုံထောက်သံကလည်း ပျော်စရာတီးကွက်ဖြစ်သဖြင့် မေ့လျော့ပြီး မောင်းသံများက အဆိုကို ဖုံးလွှမ်းသွားပါသည်။အစ်ကိုက ကျွန်တော့်ကို ၂ ကြိမ် ပြောပါသော်လည်း ပြောသည့်အချိန် နားထောင်ပြီး ပြန်ပြီးတီးတဲ့ထဲ မျောပါသွားကာ တီးကွက် လက်ပေါပေါ ကောင်းကောင်း မြူးမြူးကြွကြွဖြင့် မောင်းဆိုင်းသာ တီးနေပါသည်။အစ်ကိုက

ဆိုင်းဝိုင်းထဲမှထွက်၍ နားရင်းအုပ်ရာ အငြိမ့်ခုံပေါ်က အောက်သို့ လိမ့်ကျသွားပါသည်။ အောက်ကျသွားသော်လည်း အောက်သို့ဆင်းရိုက်ပါသည်။ရေစက်ရုံက မီးသတ်ရဲဘော်တစ်ဦးက "ဆရာ ဆရာ လွန်မယ် လွန်မယ်"ဟု ဝင်ပြောရာ ထိုသူကို အစ်ကိုက လက်သီးဖြင့် ဆက်ထိုးပါသည်။လွန်ပွဲလည်း ရပ်သွားပါသည်။ အစ်ကိုကား ကျွန်တော့်အားချစ်သဖြင့် ဆုံးမရာတွင် အညှာမပေးပါ။ရွာမှာတုန်းက ဂျပန်ခေတ်တွင် ကက်ဆွဲရတာမျိုးကို မမေ့ပါ။ဂျပန်ခေတ်ဖြစ်၍ မီးမထွန်းရပါ။ကြယ်ရောင်များဖြင့် ကက်ဆွဲကြရပါသည်။သို့သော် မှောက်ထားသောကက်ကို လက်ညှိုးနဲ့ လက်ခလယ်က တစ်ဘက်၊ လက်မတစ်ဘက်က ကောက်ယူ၍ လက်မဖြင့် စမ်းလိုက်ရုံနဲ့တင် စီတင်း၊ လုပ်၊ ဝေါ၊ ထင်၊ ကက် စသည်ဖြင့် သိပါသည်။ကစားခြင်းသည် အလွန်စိတ်ကူးပညာ ဉာဏ်များ သုံးရပါသည်။ဒါပေမဲ့ ယခုတော့ ရှက်တာနဲ့ လောင်းကစားများ ပြတ်နေပါပြီ။သို့သော် ရှက်တာတစ်ခုတည်းနဲ့ မဟုတ်သေးပါ။ကစားခြင်းသည် ပျင်းရိခြင်း၊ မိုက်မဲခြင်း၊ မတရားလောဘစိတ်ဝင်ခြင်း၊ အနိုင်ယူလိုခြင်း စသည်တို့ စိုးမိုးနေတတ်သဖြင့် လောင်းကစားခြင်းအပေါ် စိတ်ကုန်လာခြင်း ဖြစ်ပါသည်။ကျွန်တော်သည် မဂ္ဂဇင်းစာအုပ်များ၊ ဝတ္ထုစာအုပ်များကို ဖတ်ကြည့်ပါသည်။စာဖတ်ရတာ အလွန်ကောင်းပါသည်။စာထဲတွင် ကျွန်တော်မသိသော အကြောင်းအရာ အများကြီးပါ၍ ဗဟုသုတဖြစ်လှပါသည်။တစ်ခါတစ်ခါ စာဖတ်၍ ဝမ်းနည်းရပါသည်။တစ်ခါတစ်ခါ ရယ်မောရပါသည်။တစ်ခါတစ်ခါ ထိတ်လန့်တုန်လှုပ်ဖွယ်ရာများနှင့် ရင်ဆိုင်ရပါသည်။တစ်ခါတစ်ခါ မရောက်ဘူးသော အရပ်ဒေသများသို့ စိတ်ကူးဖြင့် ရောက်သွားရပါသည်။တဖြည်းဖြည်းနှင့် စာဖတ်ရခြင်းအကျိုးကြောင့် လောင်းကစားခြင်းကို ပို၍မုန်းတီးစိတ်များ နှလုံးရွံစိတ်များ ပေါ်ပေါက်မိပါသည်။ကျွန်တော်တို့နေထိုင်သော မင်းတဲအိကင်း စက်မြေရပ်မြောက်ဘက်တွင် ကုန်သည်အရပ် ရှိပါသည်။ထိုကုန်သည်အရပ်တွင် သီချင်းရေး စာရေးဆရာ အေဝမ်းဆရာညွှာ ရှိပါသည်။အေဝမ်းဆရာညွှာမှာ မျက်စိမမြင်ရှာပါ။ မျက်မှန်အနက်ကြီး တပ်ထားပါသည်။ဂျပန်ခေတ် တစ်ခေတ်လုံးတွင် ရေပန်းစားခဲ့သောသီချင်းဖြစ်သည့် "အိစက်ညက်ညောတယ်၊ ဖဲမွေ့ရာပေါ်ဝယ်" သီချင်းမှာ ဆရာညွှာရေးသောသီချင်း ဖြစ်ပါသည်။မျက်စိမမြင်ဘဲ သီချင်းရေးနိုင်သော အေဝမ်းဆရာညွှာကို ကျွန်တော် အံ့သြမိပါသည်။ ကျွန်တော့်အစ်ကို ဦးစိန်လှမောင်က အေးဝမ်းဆရာညွှာထံ ကျွန်တော့်ကို အပ်ပေးပါသည်။အစ်ကို့တို့ ဆိုင်းပွဲများ အားသောရက်တွင် ဆရာညွှာထံသွားပြီး နေရပါသည်။ဆရာနဲ့အတူနေများမှ ဆရာကတော် ဒေါ်မိ ဖရုံစေ့လှော် အလွန်ကြိုက်ပါသည်။ ဒေါ်မိအမေ ဒေါ်လှ ရန်ဖြစ်လျှင် အဆဲသန်ပါသည်။ ဆရာ့သမီးအကြီးဆုံး မတင်အုန်းမှာ ကျွန်တော့်ထက် ၁၀ နှစ်ခန့်ကြီးပါသည်။ယင်းနောက် မချစ်စု၊ မောင်သန်းတင်၊ ချစ်ပု၊ မောင်စံမင်း၊ မောင်လှမော်တို့ဖြစ်ပြီး ဆရာအိမ်မှာ နှစ်ထပ်အိမ် ရိုးရိုးထရံကာဖြစ်ပြီး အိမ်သာတံခါးမှာ ပတ္တာဖြင့်မဟုတ်ပါ။လျှာထိုးဖြင့် ရွှေ့ပြောင်းပိတ်ရအောင် လုပ်ထားပါသည်။ထိုသို့ပြုလုပ်ထားခြင်းမှာ ဆရာ့အတွက် အဆင်ပြေစေရန် ဖြစ်ပါသည်။ဆရာ့အိမ်တွင် ရေတွင်းရှိပါသည်။ရေတွင်းမှာ အိမ်နောက်ဖေးတွင်ဖြစ်ပြီး ခပ်တိမ်တိမ်ဖြစ်ပါသည်။ အနက်ကြီးမဟုတ်ပါ။ဆရာ့အိမ်မှာ တောင်ဘက်လှည့် ဖြစ်ပါသည်။ဆရာက သီချင်းလည်း ရေးပါသည်။နှဲလည်း မှုတ်ပါသည်။ဆိုင်းတန်းရုံတွင် ထိုအခါက အသံတိတ်ရုပ်ရှင်ကားများ ပြသသည်ဖြစ်၍ ဆရာ့တီးဝိုင်းက အမြဲတီးရပါသည် ဆိုင်းတန်းရုပ်ရှင်ရုံမှာ တောင်မြောက် အလျားရှည်ဆောက်ထားကာ တောင်ဘက်ထိပ်တွင် ပိတ်ကားထောင်ပြီး လူဝင်ပေါက်များက အရှေ့ဘက်မှာ ဖြစ်ပါသည်။ဈေးဆိုင်တန်းများက အရှေ့ဘက်တွင်ဖြစ်ပြီး လက်ဖက်ရည်ဆိုင်ကောင်းကောင်း

တစ်ဆိုင် မြောက်ဘက်ထိပ်တွင် ရှိပါသည်။ ရုပ်ရှင်ရုံ၏ ဆိုင်းဘုတ်ကြီးမှာ စျေးတန်း၏ တောင်ဘက် ကျောက်လမ်းထိပ် ဆိုင်းတန်းလမ်းတွင် ကြော်ငြာများ ပုံကားများဖြင့် တင်ထားပါသည်။ဆိုင်းဘုတ်အောက် အတွင်းဘက်၊ အနောက်ဘက်တွင် မြန်မာဆိုင်း တစ်ခြမ်းဝိုင်းခေါ်သည့် တီးဝိုင်းရှိပါသည်။နှဲ မောင်းဆိုင်း စည်း ဗျောက်တုံး ဝါး စခွန့် ခြောက်လုံးပတ်များနှင့် စည်တို လင်းကွင်း ပတ်မတို့ဖြင့် ရုံတွင်းသို့ လူများဝင်လာစေရန် မြိုင်မြိုင်ဆိုင်ဆိုင်တီးမှုတ်ကာ လူခေါ်နေသည်ကို တွေ့မြင်ရပါသည်။ဆရာမှာ တီးဝိုင်းခေါင်းဆောင်ဖြစ်၍ တီးဝိုင်းကို ရုပ်ရှင်ရုံ၏ အလယ် အနောက်ဘက်ဘေးတွင် စင်အမြင့်ဖြင့် တင်ထားပြီး အရှေ့ဘက်လှည့်တီးကြပါသည်။ ပိတ်ကားကို ညာဘက်ထောင့်ဖြတ် ကောင်းကောင်းမြင်ရပါသည်။ပိတ်ကားကို ကြည့်တီးရသည့် အခါက များပါသည်။တီးဝိုင်းမှာ အလယ်ရှေ့နားတွင် စန္ဒရား၊ သူ့ညာဘက်တွင် သံပတ္တလား၊ သူ့ဘယ်ဘက်တွင် ဂျပ်စ်ဘင်စုံ ကိရိယာများက ရှေ့တန်းဖြစ်ပါသည်။နောက်တန်းတွင် ဝဲမှယာသို့ လင်းကွင်း၊ စည်းဝါး၊ အမျိုးသား အဆို၊ ကောနက်ထရန်းပက်၊ အမျိုးသမီး အဆို၊ နှဲ၊ ပလွေများ ဖြစ်ပါသည်။ဂျပ်စ်ဘင်တီးသူနာမည်မှာ ဦးချစ်တီးဖြစ်ပြီး သူက ရုပ်ရှင်ဇာတ်ကားများတွင် ဘာသာပြန်သဘော စကားပြောသူဖြစ်ပါသည်။သူ့ကို တော်တီ ဦးချစ်တီးဟု ခေါ်ကြပါသည်။ ဆရာ့တီးဝိုင်းတွင် ကျွန်တော်က ပတ္တလားတီးရပါသည်။ပတ္တလား၏အဓိကမှာ ဗိန်းမောင်း တိုက်သောအခန်းများတွင် လေးပေါက် နှစ်ပေါက် သံမှန် နှစ်ပေါက်ကို ညာလက်ဖြင့် ဘယ်လက် အတွဲက နှစ်ပေါက်၊ ခြောက်ပေါက်၊ ငါးပေါက်၊ ဖြစ်ပါသည်။ညနေ သုံးနာရီခွဲအပြီး ည ၆ နာရီပွဲ အကြားမှာ နားချိန်တော်တော်ရပါသည်။ဆရာက ရုံနောက်ဖေးတွင် အညောင်းပြေ လမ်းလျှောက် နေလေ့ ရှိပါသည်။ ကျွန်တော်က ရုံနောက်ဖေးတွင် နေရခြင်းကို မနှစ်သက်ပါ။ရုံရှေ့တွင် လက်ဖက်ရည်သောက်ရင်း ခေတ္တခဏ အပန်းဖြေနေစေချင်ပါသည်။ဆရာ့အား ရုံရှေ့တွင် ခေတ္တ အပန်းဖြေနားနေရန် ပြောသောအခါ-

"မောင်ကို ရုံရှေ့မထွက်ချင်နဲ့ ဘောလုံးမှန်လိမ့်မယ်"ဟု ပြောပါသည်။ ဆရာပြောသော ဘောလုံးမှန်လိမ့်မယ်ဆိုသည်ကို ကျွန်တော်က နားမလည်ပါ။ နေ့စဉ် ကျွန်တော်က ပူဆာသဖြင့် တစ်ရက်တွင် ဆရာက ရုံရှေ့ လက်ဖက်ရည်ဆိုင်တွင် ခေတ္တအနားယူနေပါသည်။ခဏအကြာတွင် ဆရာ့မိတ်ဆွေတစ်ယောက် ရောက်လာပြီး "ဟာ ဆရာပါလား ကျွန်တော် ရုပ်ရှင်ကြည့်ချင်တယ်" ဟု ပြောပါသည်။ ထိုသူအား ဆရာက ၃ ကျပ်တန်း လက်မှတ်တစ်စောင် ကျွန်တော့်အား ဖြတ်ခိုင်းပြီး ပေးလိုက်ပါသည်။နောက် လူတစ်ယောက် ရောက်လာပါသည်။ထိုလူလည်း ဆရာက လက်မှတ်ဝယ်ပေးလိုက်ရပါသည်။နောက် အမျိုးသမီး ၃ ယောက်အဖွဲ့ လာပြန်ပါသည်။ဆရာကို မြင်သောအခါ ဆရာ့အရပ်ထဲက မိတ်ဆွေများဖြစ်၍ ဆရာ့ဆီပဲ လာကြပါသည်။ထိုအမျိုးသမီးများအား ၁ ကျပ်တန်းက ကျွန်တော့်ကိုပင် ယူခိုင်းလိုက်ပြီး လက်မှတ်ဝယ်ပေးလိုက်ရပါသည်။ ည ၆ နာရီခွဲပွဲမှာ ၆ နာရီပွဲဟုခေါ်သော်လည်း တကယ်ပြတော့ ၇ နာရီခွဲလောက်မှ ပြပါသည်။ ညပွဲပြခါနီး၍ ဆရာနဲ့ ကျွန်တော် ရုံထဲဝင်လာတော့မှ ဆရာက ပြောပါသည်။"မောင်ကို ဘောလုံး မှန်တာ သိပြီလား မင်းဝယ်ပေးလိုက်ရတာအားလုံး ဘယ်နှစ်စောင်လဲ"ဟု ပြောပါသည်။ ၃ ကျပ်တန်း တစ်စောင်၊ ၂ ကျပ်တန်း တစ်စောင်နဲ့ ၁ ကျပ် ၈ ပဲတန်း ၃ စောင်၊ စုစုပေါင်း ၉ ကျပ်ဖြစ်ပြီး ဆရာတို့ တီးဝိုင်းအပါအဝင် ရုပ်ရှင်ရုံ နေ့စဉ် "အလုပ်လုပ်" ကြရသူများအတွက် လက်မှတ်ကို တစ်ဝက်ခဖြင့်သာ ကျခံငွေပေးရသဖြင့် တော်ပါသေး၏ဟု အောက်မေ့ရပါသည်။ ဘောလုံးမှာ အလုံးဖြစ်၍ ရုပ်ရှင်ဝါသနာပါသူများကို အလုံးဟု တင်စားခေါ်သည့်အဓိပ္ပာယ်

သက်ရောက်ပြီး ဘောလုံးမှန်သည်ဆိုရာတွင် နာသည်ပြောရခက်၊ မနာဘူး ပြောရခက် ရှိလှသဖြင့် ထိုနည်းတူ ဧည့်သည်များ၊ ဝါသနာပါသူများ ရုပ်ရှင်လက်မှတ်ဝယ်၍ ပေးရခြင်းကို ဘောလုံးမှန်သည်ဟု တင်စားခေါ်ခြင်းဖြစ်ကြောင်း နောင်တွင် သိရှိလာရပါသည်။ဆရာသည် မျက်စိမမြင်သော်လည်း နာမည်ကြီး သီချင်းရေးဆရာတစ်ဦး ဖြစ်ပါသည်။ဆရာ့လက်ဝါးပြင်မှာ လက်ဆစ်များက လက်ဝါးဘက်တွင် အလွန်မို့မောက်နေပြီး လက္ခဏာ အရေးအကြောင်းများက ထင်ရှားလွန်းလှပါသည်။ဆရာ့လက်က လက်ဝါးပြင်ပေါ်ရှိ ဉာဏ်ဘက် ဉာဏ်လမ်းကြောင်းကြီးက နက်နက်နဲနဲထင်းနေပါသည်။ဒါ့ကြောင့်လည်း ဆရာ၏ဉာဏ်စွမ်းသည် အံ့မခန်းရှိသည် ဖြစ်ကြောင်း ဖော်ပြနေပါသည်။ဆရာ့ပုံသဏ္ဌာန်မှာ အရပ်အမောင်းကောင်းကောင်း ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်၊ မျက်နှာက လေးထောင့်ပုံသဏ္ဌာန်၊ အသားညိုညို၊ အသံက ပြာလွဲ့လွဲ့၊ ဖော်ရွေသော မျက်နှာအမြဲရှိတတ်ပြီး အဝတ်အစား တိုက်ပုံအင်္ကျီများကို သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ဝတ်တတ်ပါသည်။ခေါင်းကို ခေါင်းလိမ်းဆီလိမ်း၍ သေသေချာချာ ဖီးပေးကြရပါသည်။ခါးတွင် သားရေခါးပတ် အမြဲပတ်ထားပါသည်။အိမ်မှာပင်နေလျှင် ခါးပတ်မပတ်ပါ။မင်းသမီးများကို သီချင်းချပေးလျှင် လက်ဖျစ်တီး၍ စည်းတီးတတ်ပါသည်။ ကျွန်တော်ရောက်မှ  ကျွန်တော်နဲ့ သီချင်းရေးရတာကို ဆရာက ပိုသဘောကျသည်ဟု ပြောပါသည်။ ယခင်က ဆရာ့သမီးအကြီး မတင်အုန်းက ရေးပေးပါသည်။ဆရာသီချင်းရေးလျှင် အိမ်ခေါင်းရင်းထိပ်ရှိ တမာပင်လေးအောက်တွင် ကုလားထိုင်ဖြင့် ထိုင်ရေးပါသည်။ရေးသည်ဆိုရာတွင် ဆရာက မျက်စိမမြင်၍ ရေးနိုင်သည်မဟုတ်ပါ။ဘာရေးဟု ပြောသည်ကို ကျွန်တော်က လိုက်ရေးပါသည်။ ကျွန်တော်သုံးရသော ပစ္စည်းမှာ ဗလာစာအုပ်နဲ့ ခဲတံဖြစ်ပါသည်။ခဲတံတွင် ခဲဖျက်ပါရပါသည်။ ထို့အပြင် ခဲဖျက်တစ်ခု သပ်သပ်ထားရှိရပါသေးသည်။ဗလာစာအုပ် ချောချောကလေးများကို ကိုင်တွယ်ရသည် ရေးရသည်ကို ကျွန်တော် အလွန်သဘောကျပါသည်။ရွာမှာတုန်းက မီးသွေးခဲနှင့် နောက်တစ်ဆင့် ကျောက်သင်ပုန်း၊ ကျောက်တံနှင့် ပြီးခဲ့ရပါသည်။ ဗလာစာအုပ် မကိုင်ခဲ့ရပါ။ ယခု ဆရာ့ဆီတွင် ဗလာစာအုပ်နဲ့ ခဲတံနဲ့ ရေးနေရခြင်းကို ကျွန်တော်နှစ်သက်ပါသည်။ဆရာနဲ့ သီချင်းရေးရာဝယ် ဆရာ့အနားတွင် မပျင်းမရိ ထိုင်နေရခြင်းပင် ဖြစ်ပါသည်။ဆရာက သီချင်းရေးမည်ဆိုလျှင် ပါးစပ်က ဆိုကြည့်ပါသည်။တစ်ခါတစ်ရံ စာသားလေးတစ်ပိုဒ်ကို တေးသွားအမျိုးမျိုးဖြင့် ဆိုကြည့်ပါသည်။တစ်ခါတစ်ရံ တေးသွားရော စာသားပါ ပြောင်းဆိုတတ်ပါသည်။ တိုးတိုးကလေး ဆိုပါသည်။သို့သော် သံစဉ်များက တိကျပါသည်။ဆရာ တိုးတိုးဆိုလိုက်သော စာသားများကို ကျွန်တော်က ရေးပြီးနေပါပြီ။တစ်ခါတလေ ထိုစာသားပင် သုံးလေးမျိုး မူကွဲများဆိုကြည့်သဖြင့် သုံးလေးမျိုး ကျွန်တော် ရေးထားလိုက်ပါသည်။ဆရာက ကျွန်တော့်ကို တစ်တောင်ဖြင့်တွက်၍ "ဟေ့ မောင်ကို ရေးလိုက်စမ်း"ဟုပြောပြီး ပါးစပ်က သီချင်းဆိုပြမည်အလုပ် ကျွန်တော်က "ဟုတ်ကဲ့ ရေးပြီးပြီဆရာ"ဟု ပြောလိုက်ပါသည်။စာသားကိုလည်း ဖတ်ပြလိုက်ပါသည်။ထိုမျှမကသေး ဆရာ စောစောတုန်းက  ပါးစပ်ထဲတွင် ဆိုခဲ့သော အတည်မပြုရသေးသည့် မူကွဲစာသားလေးများပါ ဖတ်ပြလိုက်ပါသည်။ထိုအခါတွင် ဆရာက လွန်စွာသဘောကျပါသည်။ ထို့နောက် ဘယ်စာသားကိုပဲ အတည်ပြုလုပ်ပါဟု ပြောပါသည်။ရွှေမန်းတင်မောင်အတွက် ရေးပေးသော ရွှေကြေးစည်၊ ညွှင်းလေပြေယိမ်း၊ လက်ဝဲညွှန့် အော်ပရာ၊ နှစ်ပါးသီချင်း တစ်နာရီမလပ်ဘူး၊ ကြက်ငှက်ကလေးတွေ၊ ချိုးဆက်ရက်ကလေးတွေ၊ သကုဏငှက်မင်း စသည့် တေးသွားများ သီချင်းများကို ထိုစဉ်ကရေးခဲ့ခြင်း ဖြစ်ပါသည်။မမှတ်မိသော်လည်း အခြား

တော်တော်များများပင် ရှိပါသေးသည်။မင်းသမီး မြသောင်းခင်အတွက် အရက်သီချင်း၊ အချစ်မဲ၊ ရွှေကောက်ပွဲသီချင်းများ၊ ရွှေမန်းချစ်တင် နှစ်ပါးသွားသီချင်းများ ရေးပေးပါသည်။ဆရာ့နားတွင် ကျွန်တော်က ထိုင်ပြီးနေရတာ မပျင်းတော့ပါ။ကျွန်တော်က စာဖတ်ဝါသနာပါသွားပြီ ဖြစ်ပါသည်။ဆရာ သီချင်းစဉ်းစားတုန်း ကျွန်တော်က စာဖတ်နေပါသည်။စာဖတ်ရင်းက ဆရာညည်းဆိုနေသော စာသားများကို နားထောင်ရင်း ခက်ခက်ဆိုသော စာသားကို ကောက်ကာငင်ကာ ရေးထားလိုက်ပါသည်။

ဆရာက ကျွန်တော့်ကို အလိုလိုက်ပါသည်။အလိုလိုက်၍လည်း ကျွန်တော်က ဆရာ့အိမ်တွင် ဗိုလ်ကျနေပါသည်။ကျွန်တော်စားဖို့ ထမင်းကို ဆရာ့သမီးများက ခူး၍ပေးပါသည်။ကျွန်တော်က ဆရာ့ကိုအကြောင်းပြပြီး သွားမစားပါ။ကျွန်တော့်နား လင်ပန်းနဲ့ ထမင်းဟင်းလာပို့မှ စားပါသည်။လာမပို့လျှင် ကျွန်တော်က ဆရာ့ကို တိုင်ပါသည်။ထိုအခါများတွင် ဆရာက သူတို့အားလုံးကို ငေါက်ပါသည်။

"ဟဲ့ဟဲ့. . ငါ့အလုပ်ကို ပျက်အောင်လုပ်ကြတာလား အလုပ်လုပ်တာ ကောင်းကောင်း မလုပ်ရဘူး"ဟု ပြောပါသည်။ဆရာ့သမီး မချစ်စုက ဆရာမသိအောင် ကျွန်တော့်ကို ပါးစပ်ဟန်ဖြင့် ဆဲပါသည်။ကျွန်တော်ကလည်း လက်သီးပြန်ပြပါသည်။ထိုမျှမကသေးပါ ကျွန်တော် အိမ်သာတက်လျှင် အိမ်သာထဲမှနေ၍ "ဟေ့ ငါ့ဖို့ စက္ကူယူခဲ့ကြ"ဟု ခိုင်းပါသည်။သူတို့ကလည်း အပြင်ဘက် ကနေ၍ ကျိန်ဆဲပါသည်။သို့သော် ဆရာ့ကိုကြောက်၍ စက္ကူယူပေးကြပါသည်။အိမ်သာစက္ကူကို တံခါးပေါ်က ကျော်ချပြီး ကျွန်တော့်ခေါင်းပေါ်ရောက်အောင် တမင်ပြစ်ချတတ်ပါသည်။ကျွန်တော် ထမင်းစားရာတွင် ဟင်းထဲ၌ ငရုတ်သီးပါက မစားနိုင်၍ အားလုံး ငရုတ်သီးကို အတတ်နိုင်ဆုံး လျှော့စားကြပါသည်။ဆရာကတော် ဒေါ်မိက ကျွန်တော့်ကို မကျေနပ်၍ ခဏခဏ ဆူပူပါသည်။ဒါပေမဲ့ ကျွန်တော်က ဆရာကတော်ဆူသည်ကို ဂရုမပြုပါ။ဆရာကတော် ဒေါ်ဒေါ်မိမှာ ဆရာ့လိုပင် ကျွန်တော့်အား အလွန်ချစ်ပါသည်။တစ်ခါတစ်ရံ ကျွန်တော် ထမင်းစားခါနီးတွင် ဆရာကတော်က "ဟေ့ ငါ့သားသမီးကလွဲရင် ဘယ်သူမှ မသဒ္ဓါဘူး"ဟု ပြောပါသည်။ထိုနေ့များတွင် ကျွန်တော် ထမင်းပိုစားကောင်းသည်ဟု ထင်ပါသည်။ဆရာကတော်မှာ ပါးစပ်က ဤသို့ပြောသော်လည်း ပြောပြီးလျှင်ပြီးချင်း ကျွန်တော့်အတွက် ဟင်းများ ခပ်ယူလာတတ်ပါသည်။ဆရာကတော်၏ ငါးပတ်မွှေချက်မှာ အလွန်ကောင်းလှပြီး ဆရာက ကြိုက်ပါသည်။ငါးပတ်ကို အရိုးများသင်၍ မွှေချက်ထားသဖြင့် ဆရာ့လို မျက်စိမမြင်သူ အဖို့ စား၍အလွန်အဆင်ပြေလှပါသည်။ဆရာထမင်းစားတဲ့အခါ ကလေးများနဲ့တူပါသည်။ထမင်းတွေ ဟင်းတွေ ပွနေပြီး အားရပါးရစားတတ်ကာ မျက်စိမမြင်ရှာသဖြင့် ထမင်းနဲ့ဟင်းနဲ့ ပွပေနေခြင်းဖြစ်ပါသည်။ထို့ကြောင့်လည်း ဆရာသည် သူတစ်ပါးအိမ်မှာ ထမင်းစားရခြင်းမျိုးကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ပါသည်။လက်ဖက်ရည် ကော်ဖီသောက်ခြင်းလောက်ပဲ ရှိပါသည်။

ဆရာက မျက်စိမမြင်၍ နားအလွန်ကောင်းပါသည်။မှတ်ဉာဏ် ထူးထူးကဲကဲ ကောင်းပါသည်။ကျွန်တော့်ဆိုလျှင် ခြေသံကြားတာနဲ့ သိပါသည်။တစ်ခါတစ်ကြိမ်လောက် တွေ့ဖူးသော ပုဂ္ဂိုလ်များ စကားပြောဖူးသောပုဂ္ဂိုလ်များကို နောက်တစ်ကြိမ်တွေ့လျှင် အသံကြားက ဆရာက အရင်နှုတ်ဆက်နိုင်ပါသည်။နာမည်ခေါ်၍ နှုတ်ဆက်ပါသည်။တစ်ခါတစ်ရံ ကျွန်တော့်ကို ဆရာက စာများဖတ်ခိုင်း၍ ဖတ်ပြရပါသည်။ဇိနတ္ထပါကာသနီကျမ်း၊ ကဝိဘာရတီကျမ်း၊ ကဗျာကြေးမုံနှင့် မဂ္ဂဇင်းစာအုပ်များကို မကြာခဏ ဖတ်ပြရပါသည်။ကျွန်တော် ဖတ်ပြနေသော

အခါ ဆရာက သူ့ပါးစပ်မှ ကျွန်တော်ဖတ်နေသည့် အသံထွက်အတိုင်း လိုက်ဖတ်ကြည့်နေသည်မှာ အလွန်ချစ်စရာကောင်းပါသည်။သနားစရာလည်း ကောင်းပါသည်။ကျွန်တော် ဆရာ့ထံတွင် သီချင်းစာများရေးပေးနေသည်မှာ အကြောင်းတစ်ခုတည်းပင် ဖြစ်ပါသည်။ ထိုအကြောင်းမှာ ဆရာ့ကိုသနား၍ ရေးပေးနေခြင်း ဖြစ်ပါသည်။တစ်ခါက ရုပ်ရှင်ဇာတ်ကားတစ်ခု၏ ဇာတ်ဝင်ခန်းသီချင်းကို အိမ်ပေါ်မှာ ရေးနေပါသည်။ထိုသီချင်းကို ရေးရင်းရေးရင်း ဆရာ့တွင် စိတ်ထိခိုက်နေဟန် ရှိပါသည်။ဇာတ်လမ်းမှာ သူဌေးသမီးက သူ့ချစ်သူအတွက် မိဘများ သဘောတူရန် ကြိုးပမ်းနေဆဲ အမျိုးသားခမျာ မတော်တဆ ခိုက်မိ၍ မျက်စိနှစ်ဘက်လုံး ကွယ်သွားပါသည်။ထိုအချိန်တွင် သူဌေးသမီးက သူ့ချစ်သူကို ပို၍သနားနေဆဲတွင် အမျိုးသားက သူ့အား စွန့်လိုက်ရန်ပြောသည်ကို သူဌေးသမီးက လက်မခံဘဲ ချစ်သူနဲ့အတူနေပြီး သူဌေးသမီးဘဝကို စွန့်လွှတ်ကာ နောက်ဆုံးတွင် တောင်းရမ်းကျွေးမယ်ဟူသော အခန်းအတွက် သီချင်းရေးနေပါသည်။ထိုအခန်းကိုရေးရင်းက ဆရာ့မှာ မျက်ရည်တွေကျလာသည်ကို ကျွန်တော်မြင်ရပါသည်။ဆရာ အလွန်စိတ်ထိခိုက်နေကြောင်း သိသာလှသဖြင့် ကျွန်တော်က သီချင်းရေးခဏရပ်ရန် ဆရာ့ကို ပြောပါသည်။ဒါပေမဲ့ မရပါ ဆရာ့မှာ သီချင်းစာသားများက ထွက်နေပါသည်။

"ခင်ပျိုသူဌေးသမီး မယ်များလူထုအလယ် တုတ်ကိုသာစွဲကိုင်လို့ရယ်၊ တောင်းရမ်းကာကျွေးပါရစေတော့ကွယ်"

အထက်ပါစာသားများကို ဆရာကဆိုနေသဖြင့် ကျွန်တော်က ရေးချလိုက်ပါသည်။ ထိုအချိန်တွင် အိမ်အောက် ဆရာ့သမီး မတင်အုန်းက ဆူသံ၊ မောင်စံမင်း အော်သံ၊ မချစ်စုကျယ်လောင်သောအသံများနှင့် မောင်နှမတစ်တွေ ရန်ဖြစ်ကြပါတော့သည်။ရန်ဖြစ်သည်မှာ ဆိုးဆိုးဝါးဝါး အသံများ၊ နားမခံစရာများ၊ နားရှက်စရာများပါ ကြားလိုက်ရသဖြင့် ဆရာ့မှာ သီချင်းရေးရင်း ဝမ်းနည်းနေရာမှ ဒေါသသို့ ကူးပြောင်းသွားပါသည်။အောက်က အသံများကလည်း ငိုကြယိုကြဖြစ်ကုန်ပါသည်။ ဆရာက ကြမ်းပြင်ကို ခြေဖြင့်ပေါက်လိုက်ကာ အားလုံးအိမ်ပေါ်တက်ရန် ခေါ်လိုက်ပါသည်။ဆရာက သားသမီးများကို ရိုက်နှက်ဆုံးမချင်လျှင် မည်သူမျှ ထွက်မပြေးရဲပါ။ဆရာ့ထံလာ၍ သူတို့လက်ကိုထိုး၍ အပ်ကြရပါသည်။ဆရာက "ငါမျက်စိမမြင်ဘူး မင်းတို့ထွက်ပြေးလည်း ငါမလိုက်နိုင်ဘူး၊ ထွက်ပြေးရင် ငါ့ကိုစော်ကားတာပဲ"ဟု ပြောထားသဖြင့် ထိုစည်းကမ်းကို သားသမီးအားလုံးက အသိဖြင့် လိုက်နာကြပါသည်။ရန်ဖြစ်သူတွေ အိမ်ပေါ်တက်လာပြီး ဆရာ့ထံသို့ သူတို့လက်များကို ထိုးအပ်ကြပါသည်။ ဆရာ့မှာ ဒေါသအလွန်ဖြစ်နေပါပြီ။သူထိုင်သော ကုလားထိုင်ပေါ်တွင် တွဲလဲချတင်ထားသော သူ့ခါးပတ်ကို ဆွဲယူလိုက်ပြီး အားရပါးရ ရိုက်ချလိုက်ပါသည်။ဗြိုး ဖြန်းဆိုသော အသံနဲ့အတူ "အမလေး ကြောက်ပါပြီအဖေရဲ့"ဟု သံပြိုင်အော်၍ ငိုကုန်ကြပါသည်။ဆရာက ခါးပတ်ကြီးကို လွှဲ၍လွှဲ၍ အားရပါးရ သုံးချက်လောက် ရိုက်အပြီးတွင် ခါးပတ်၏ ကြေးခေါင်းဖြင့် ထိမိသဖြင့် စံမင်းခေါင်းကွဲကာ သွေးတွေဖြာခနဲကျလာပါသည်။

နောက်တစ်ချက်လွှဲအရိုက်တွင် သူတို့အားလုံးရှေ့တွင် ကျွန်တော် ဝင်ရပ်၍ ခံလိုက်ပါသည်။ကျွန်တော်က ဆရာ့လက်ရင်းတွင်ကျသဖြင့် သိပ်မနာပါ။ ရိုက်ချက် ဟန်ချက်လွဲသွားသဖြင့် သူတို့မောင်နှမများလည်း မထိလိုက်ပါ။ဆရာက ချက်ချင်းသိလိုက်ပါသည်။ခါးပတ်ကြီးကို ပြန်ယူလိုက်ပြီး "မောင်ကိုလား" ဆရာ့ အသံတွေ တုန်နေပါသည်။"ဆရာ့အမေးကြောင့်

ကျွန်တော် ဝမ်းနည်းလာပါသည်။ "ဟုတ်ပါတယ်ဆရာ"ဟူ၍ ဖြေရင်း မောင်နှမများကိုကြည့်ပြီး ကျွန်တော်ပါ ငိုလိုက်ပါသည်။ဆရာ့ထံက နောက်ထပ် သားရေခါးပတ်ရိုက်ချက် မလာတော့ပါ။ ကျွန်တော့်မှာ ဆရာ့ကိုရော ဆရာ့သားသမီးများ မိဘလိုချင်သည့် စည်းကမ်းလိုက်နာတာရော တွေးပြီး မျက်ရည်ကျမဆုံးပါ။လမ်းခရီးသွားသည့်အခါ ဆရာက ဆိုက်ကားစီးလေ့ရှိပြီး ကျွန်တော်က နောက်ကလိုက်ကာ လမ်းတွင် တွေ့မြင်သမျှ ထူးထူးခြားခြားရှိက ပြောပြသွားခြင်းကို ဆရာက ရှေ့မှ ခေါင်းတဆတ်ဆတ်ဖြင့် နားထောင်လိုက်ရင်း ကျေနပ်နေတတ်ပါသည်။ဆိုက်ကားမှဆင်း၍ အသိမိတ်ဆွေအိမ်များရောက်လျှင် အိမ်ထဲဝင်ရန် ကျွန်တော်က ကြိုတင်ပြောပြရပါသည်။

"ဆရာဖြည်းဖြည်းလျှောက်ပါ"

"အုတ်မြောင်းကလေး ကျော်လိုက်ပါ။ရိုးရိုးခြေတစ်လှမ်းစာပဲ"

"လှေကားအတက်နည်းနည်းစိပ်တယ် အုတ်ခုံလှေကား သုံးဆစ်ပဲရှိတယ်"

"အိမ်ရှင်တွေက ကြိုနေတယ်"

"စစ်ကိုင်း ခုံးတံတားပုံ ကုလားထိုင်တွေ ခင်းထားတယ်"

"ရပြီ၊ ဘေးနားရောက်ပြီ၊ ရှေ့နားနည်းနည်း၊ အဲ. . ဟုတ်ပြီ"

"ထိုင်လို့ရပါပြီဆရာ"

ကျွန်တော်က အဲဒီလိုကြိုတင်သဘောပေါက်ပြီးပြောတာ လူငယ်မို့ မရှက်တတ်ဘဲ အားလုံးပြောတာမို့ ဆရာက ကျွန်တော်နဲ့ လမ်းသွားရင် အဆင်ပြေတယ်ဆိုပြီး အိမ်မှာကျတော့ ကျွန်တော့်ကို အထူးအရေးပေးတာပဲ ဖြစ်ပါသည်။ဆရာ့အိမ်တွင် ကျွန်တော်နေသည်ဆိုခြင်းမှာ ညအိပ်ညနေ မဟုတ်ပါ။နေ့ခင်းတွင်သာ ဆရာသီချင်းရေးရန် သွားရောက်ကူညီပေးခြင်းဖြစ်ပြီး ညဘက်တွင် အစ်ကိုတို့အိမ် ပြန်နေပါသည်။ဆရာသည် တိုင်းရေး ပြည်ရေးကိုလည်း အမြဲ ရှေ့တန်းထား၍ သတိရှိသူတစ်ဦး ဖြစ်ပါသည်။ဒုတိယကမ္ဘာစစ်တွင် နာဇီများ ဖက်ဆစ်များကို အားလုံးက ဆန့်ကျင်ပါသည်။ထိုအကြောင်းကို ဆရာက သီချင်းရေး၍ လူထုအစည်းအဝေး တရားပွဲတစ်ခုတွင် ကိုယ်တိုင်သီဆို ဖွင့်လှစ်ပါသည်။အစ်ကို ဦးစိန်လှမောင်က ဝါးပတ္တလား တီးပါသည်။ကျွန်တော်က စည်းတီးပါးသည်။သီချင်းမှာ ထိုခေတ် ထိုအခါ၏ အခြေအနေများကို ဖော်ပြနေပါသည်။နယ်ချဲ့ဝါဒ၊ ဖက်ဆစ် ဝါဒ၊ နာဇီဝါဒများကို လူထုနည်းဖြင့် တွန်းလှန်ဖြိုဖျက်ရန် လှုံ့ဆော်ထားသောသီချင်း ဖြစ်ပါသည်။သီချင်းမှာ-

## လူထုစစ်သီချင်း

(လူထုစစ်ဆိုတာ လူအများတိုက်ကြရာဝယ် ရှိင်းပင်းဝိုင်းဝန်း တိုင်းကျိုးဆောင်တယ်)၂ ဒီကမ္ဘာ နာဇီဝါဒ ဖက်ဆစ်ရယ် ××× ရက်စက်လှတဲ့ စရိုက်တွေ ပယ်တယ် ××× လူထုရှိသမျှ ညွှင်းဆဲနှိပ်စက် ထုနှက်တာရယ် ××× ဒီဝါဒနှယ် ဆိုးလှချီရဲ့တကယ် ××× ပြုတ်ပြုတ်ပြုန်းအောင် တိုက်မှ တော်မယ် ××× ဒါကြောင့် ကျုပ်တို့လူမျိုးပေါင်းရုံး ဆက်ဆံ ဖြိုဖျက်ကြစို့ တကယ်။

(ကိုယ့်အမျိုးသား ချစ်လို့ရယ် သူ့အမျိုးလည်း နှစ်ဖို့ မရည်ရွယ် ×× အလုပ်သမား၊ လယ်သမားတိုင်းရယ် ဆင်းရဲသားတွေ အတူတူပါပဲကွယ်)၂ ကမ္ဘာစစ်ကြီး ပြီးဆုံးစေကွယ် ×× လူထုအင်အားပြနေတယ်။

နယ်ချဲ့တဲ့ ဗိုလ်လုပွဲအသွယ်သွယ် ×× စစ်ကြီးစတဲ့ ပထမ ရန်စွယ် အကြဲတူ ညာဏ်တူသူတို့ချင်းလည်း နှက်ကြတယ် ××× တိုင်းငယ် ပြည်ငယ် လွတ်လပ်နေတဲ့ နိုင်ငံကလေးတွေကို မတရားသက်သက် တက်တက်ပြောင်အောင် ဖက်ဆစ်က ချေမှုန်းတယ်။သုတ်သင်ရှင်းလင်းပစ်ရမယ် ×× လူထုစစ်သားများကရယ် ××× အသိကျယ်၊ အမြင်ကျယ် နောင်ဝယ်ကောင်းဖို့ ဖန်တီးမယ်။

"ကိုယ့်အမျိုးသား ချစ်လို့ရယ်××××။"ဆက်ဆို

* * *

အစ်ကိုတို့ ဆိုင်းတီးသွားလျှင် ကျွန်တော်က ဆိုင်းပွဲတွင် ပါသွားသည်မို့ ဆရာ့ထံ မရောက်ပါ။တစ်ခါတစ်ခါ ပွဲဆက်တွေအများကြီး ထွက်နေရပါသည်။ ဆရာ့အိမ် တော်တော်နှင့် မရောက်ပါ။ကျွန်တော် ပြန်ရောက်လျှင် ပျော်ရွှင်နေကြပါသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးစ မန္တလေးသည် ညစ်ပတ်နေ၍လား မသန့်ရှင်း၍လား မသိပါ။ ပလိပ်ရောဂါများ တော်တော်များများဖြစ်၍ ကမ်းနားဆေးရုံသို့ ပို့ကြရပါသည်။အဖိတ်အစဉ် အသေအပျောက်များလည်း ရှိပါသည်။ထိုပလိပ်ရောဂါဖြစ်သည့်ထဲတွင် စိန်ကျော်တင့်လည်း ပါဝင်ပါသည်။အချို့က စိန်ကျော်တင့် သေပြီဟူ၍ အိမ်သို့လာမေးကြသူတွေလည်း မနည်းပါ။ သို့သော်လည်း စိန်ကျော်တင့်၏ ရောဂါအခြေအနေမှာ လွန်စွာဆိုးရွားနေသဖြင့် သေပြီဟု ပြောမရသော်လည်း မသေဘူးဟု မပြောနိုင်သောအခြေအနေတွင် ရှိနေပါသည်။မေးသူ မြန်းသူများကလည်း များပြားပါသည်။တီးရန် ဆိုင်းပွဲတွေကလည်း လက်ခံထားတာ ရှိနေပါသည်။အစ်ကိုတို့၊ အမေတို့လည်း မျက်လုံးပြူး၊ မျက်ဆံပြူး အထိတ်တလန့် စောင့်နေကြရပါသည်။ ဆေးရုံကလည်း လူတိုင်း အဝင်မခံပါ။ဆေးရုံက အလှည့်ကျပြန်လာသူသာ စောင့်ကြိုနားထောင်ရင်း တထိတ်ထိတ်နဲ့ နေကြရပါသည်။ဤသို့နှင့် ရက်သတ္တပတ်လောက်အကြာတွင် စိန်ကျော်တင့် ပလိပ်ရောဂါမှာ စိတ်ချရသောအခြေအနေသို့ ပြန်ရောက်လာသည်။နေကောင်း၍ ဆေးရုံကဆင်းခွင့်ရသောအခါ အိမ်မှာ လူမမာ မေးများက ရှိနေတုန်းပင်။ လူမမာ လာမေးသည့်ထဲတွင် ဆရာလည်း ပါဝင်သည်။ ဆရာက "မောင်ကျော်တင့် နေကောင်း၍ ဝမ်းသာကြောင်း၊ ကျန်းမာစေရန် ဆုတောင်းကြောင်း" စသည်ပြောပြီး ကျွန်တော့်ကိုခေါ်သွားပြီး သီချင်းတစ်ပုဒ် ရေးသည်။ ထိုသီချင်းပြီးသောအခါတွင် မင်းတဲအီကင်းစက်မြေရပ် အမေ့အိမ်တွင် ဆိုင်းဝိုင်းစုံခင်း၍ သီချင်းတိုက်သည်။သီချင်းအမည်မှာ "သေတွင်းထွက် စိန်"ဖြစ်ပြီး ဆရာက စိန်ကျော်တင့်အား မေတ္တာလက်ဆောင်အဖြစ် လူမမာမေးသောသီချင်း ဖြစ်ပါသည်။

သေတွင်းထွက်စိန်

ရှင်သေမင်းဟာ စစ်ကြေညာပြီးတော့ တိုက်လာလက်နက်ချ၍ သွားရှာ ကျွန်တော့်အသက် မသေပါ။ပြည်သူ့ရဲ့မေတ္တာ ထူးကဲလှပါ။အသက်ဘေးချမ်းသာ သေတွင်းထဲက ထွက်၍လာ။ကျွန်တော်လည်းပါ။ဆေးရုံပေါ်မှာ စိန်ကျော်တင့် တက်နေစဉ်က ခင်ဗျာ။ကုရှာဆရာဝန်၊ ဆရာမများကသာ သေမင်းစစ်ဗိုလ်ကြီးကို ခုခံတိုက်လို့ ကျွန်တော် နိုင်ပြီဗျာ။

မေးသူမြန်းသူ ကျေးဇူးလည်းတင်လှပါ။စိန်ကျော်တင့်ကဖြင့်သာ ပေါင်းမိတ်ဆွေ သဟာ[၂] ကျွန်တော်လည်း တုံးကျော်တာ မသေပါဘူး အထူးအံ့စရာ "စိန်ကျော်တင့်"[၂] သေတွင်းထွက် စိန် အစစ်ပါခင်ဗျာ။

* * *

နေ့တစ်နေ့မှာ အမေ့ဆီကို သီချင်းရေး စာရေးဆရာ မြို့မငြိမ်း လာပါသည်။အမေနဲ့ လာတွေ့စဉ် 'ဦးလေးမောင်လို့ နာမည်ခေါ်ပြီး လာပါသည်။ နောက်မှ သိရသည်မှာ သူ ဦးလေးမောင်လို့ခေါ်တာ အဘစိန်ဗေဒါကို ခေါ်တာဖြစ်ပြီး အဘစိန်ဗေဒါရဲ့ ငယ်နာမည်မှာ ဦးမောင်ကလေးဖြစ်၍ ဆရာမြို့မငြိမ်းက ဦးလေးမောင်ဟု ခေါ်ခြင်းဖြစ်ပါသည်။အမေကမူ သူ့ခင်ပွန်းကို စကားပြောသည့်အခါများတွင် ကိုမောင်ကလေးရှိတုန်းကဟူ၍ သုံးနှုန်းခေါ်ပါသည်။ ဆရာမြို့မငြိမ်းက အဘစိန်ဗေဒါကို ဦးလေးမောင်ခေါ်ပြီး အမေ့ကို မမဟု ခေါ်ပါသည်။ ထိုနေ့က ဆရာမြို့မငြိမ်းငိုပြီး ပြန်ခါနီးတွင် မမ အားမငယ်ပါနဲ့ ကျွန်တော် တတ်နိုင်တာနဲ့ မောင်ကျော်တင့်တို့၊ မောင်လှမောင်တို့ကို စောင့်ရှောက်ပါ့မယ်ဟု ပြော၍ပြန်သွားပါသည်။နောက် ၂ ရက်လောက်အကြာတွင် ဆရာမြို့မငြိမ်းက သီချင်း ၂ ပုဒ် လာပေးပါသည်။သီချင်းအမည်မှာ ၁ ပုဒ်က ဘသားယောကျ်ားဖြစ်၍ နောက် ၁ ပုဒ်က သံစုံယဉ် ဖြစ်ပါသည်။

ဘသားယောကျ်ား

မန္တလာဘုံမြေ ဘုမိမြို့တည် ဝေယံဘုံခန်းဆောင် နတ်နန်း မန်းပြည့် ယဉ်သည် မြို့ခံဆိုင်းမို့ စိန်ဗေဒါအဘရဲ့ ဆိုင်းမို့ ညီအစ်ကိုတွေ အုပ်ချုပ်ဖွဲ့စည်း တီးသည်။ဘမျိုးဘိုးတူ ကြိုးစားအားခဲလို့ တီးမည်။ ပတ်ပျိုး ကြိုးဘွဲ့၊ ယိုးဒယား သီချင်းခန့်များသည် နေမျိုးဘွဲ့ယူ ဒို့အဖ ဗလကျော်သူနည်းမှီ ဘသားယောကျ်ား သံစုံလွှင့်မည်။

ကြားတဲ့သူနား ညိမ့်ညောင်းကောင်းမည်။

အုတ်ရှစ်မှည့် ဝင်းလဲ့ရွှေစောင်းအညီ နတ်မောင်ပဥ္စသိခ်လာရောက်ကာ သံနွဲ့ သံညှင်းပြောင်းတီးသည့်သို့ စိတ်ရွှင်လန်း ဝမ်းမြောက်မည်။

အဲဒါက ဘသားယောကျ်ားသီချင်းဖြစ်ပါသည်။သီချင်းလို့ဆိုတာထက် အဲဒီထဲမှာ တီးကွက်တွေ အတောလေးတွေ အဆစ်ထည့်ထားတာလေးတွေက အလွန်ခေတ်မီပြီး ပထမအပိုဒ် အတောမှာ သံစဉ်တွေနဲ့ မတောဘဲ ဂီတပစ္စည်း တစ်ခုစီရဲ့ အသံတွေနဲ့ တောထားပါသည်။ အဲဒီအတော ထီ ပြောင် နောင် ခွပ် မောင် ချွင် ဖြန်း ထီဆိုတာ ပတ်မသံ ပြောင်ဆိုတာက ဆိုင်းဝိုင်းထဲက ပတ်လုံးသံ၊ နောင်ဆိုတာက ကြေးနောင်၊ ခွပ်ဆိုတာ ဝါး၊ မောင်ဆိုတာ မောင်းဆိုင်း၊ ချွင်ဆိုတာစည်း၊ ဖြန်းဆိုတာ စည်တို။

နောက်တစ်ပုဒ်က သံစုံယဉ်လို့ အမည်ပေးထားပါသည်။

သူ့သီချင်းရဲ့ နောက်ဆုံးအပိုဒ်ကို အတီးချည်း ပတ်စမ်းနဲ့ စပြီး အင်္ဂလန် ပတ်စမ်း သဘောမျိုး ဖြစ်ပါသည်။

သံစုံယဉ်

'စိန်ဗေဒါ' ထားရှာတယ် စိန်ကျော်တင့်ရယ်။တီးမှုတ်ပုံနှယ် မောင့်အဖေ တူတယ် ကြိုးစားပါတယ် လက်သံပြောင်တယ် 'ထံတျာတေ တျော ဒလု' ထုံထုံ ထုံထုံ ဒလု 'ထံတျာတေတျောဒလု' ထုံထုံထုံ။သံစုံယဉ် နားဝင်ချိုသာ ကောင်းရှာတယ်။ စိန်ကျော်တင့်ရယ် တီးမှုတ်ပုံနှယ် မောင့် အဖေတူတယ်။ကြိုးစားပါကွယ်။လက်သံ ပြောင်တယ်။

အသံကြီးကြီး ပေထိမြည်တာ ပတ်မကြီးမှတ်ကြပါ။နောင်နောင် နောင့်နောင့်
မောင်မောင့်မောင်မောင်း ကြေးနဲ့မောင်းတီး တီးတဲ့အခါ ကြူကြူတွဲ့တွဲ့ မူနွဲ့နွဲ့နဲ့
ငွေနှဲစင်သာ၊ တီတီတာတာ မှတ်လိုက်တဲ့အခါ ရှပ်ဒြပ်ချမ်းချမ်း ရွှင်လန်းစေတာ၊
စည်းလင်းကွင်း တိုင်းတော် မဟာမယ်။ မှန်စီဝိုင်းနဲ့ ပဒိုင်းဝေဆာ မီးစုံလင် ကျင်းပကာ
စိန်ကျော်တင့်ရဲ့ လက်စွဲရဲဘော် တိုင်းရွှင်ပျော် ဂွပ်ဂွပ်ဂွပ်ဂွပ်ကြီးနော်။

* * *

အမေ့ဆီ ဆရာမြို့မငြိမ်း လာတဲ့နေ့ကတော့ နည်းနည်းအရက်မူးလာ တယ်ထင်ပါသည်။ဒါပေမဲ့ သီချင်းလာပေးတဲ့ရက်တွေကျတော့ မူးမလာပါ။ စိန်ကျော်တင့် ဆိုင်းထဲတွင် အားလုံးက အလေးစားရဆုံးသူတစ်ဦးဖြစ်သည့် ဦးလွင်ခေါ် ဦးလေးလွင်ကို အားလုံးက အထူး လေးစားကြရပါသည်။ဗလာဆိုင်းတွင် တီးလုံးတီးကွက်များသည် ပထမအရေးကြီးဆုံး ဖြစ်ပါသည်။ ထိုအရေးကြီးဆုံး တီးလုံး တီးကွက်များ၏ ပတ်မအဆစ်၊ စခွန့်အဆစ်၊ ဒိုးအဆစ်များကို ဦးလေးလွင်က ထူးထူးကဲကဲ တီထွင်နိုင်စွမ်း ရှိပါသည်။ဦးလေးလွင်မှာ အလွန်ပိန်၍ ဝါးလုံးလေးများ ထောင်ထားသလို ရှိပါသည်။အသားဖြူပြီး ကတုံးဖြင့် မျက်စိနှစ်လုံးက ပြူးစိစိဖြင့် ရှေ့သို့ထွက် နေသလား ထင်ရပါသည်။နှုတ်ခမ်းလေးမှာ ရဲနေပြီး အပေါ်နှုတ်ခမ်းက အနည်းငယ် ချွန်နေပါ သည်။စကားပြောရာတွင် ရယ်စရာ မောစရာများ ပြောတတ်ပြီး အသံက ပြာလဲ့လဲ့ထွက်ပါသည်။

ဆရာရေးပေးသော "သေတွင်းထွက် စိန်"သီချင်း ပထမအပိုဒ်အပြီးတွင် သီချင်း တေးသွားချည်း တီးနေရာ သိပ်တီး၍ မကောင်းသေးပါ။ထိုသီချင်းဖြစ်သည့် "သေတွင်းထွက် စိန်" ပထမအပိုဒ်ကို ဘကြီးလွင်က ယခုလို အဆစ်ထည့်ပေးလိုက်ပါသည်။

တုတ် တုတ် တုတ် ဂျိန်း ပြူး နောင် ဗေး တိုဗေး ဂျိဂျိ ဒတ် ဒတ် ဒတ် ဒတ် ဒတ် ဒိန်း၊ တတ် တတ် တတ် ဂျိန်း တတ်ဂျိန်း တတ်ဂျိန်း တတ်။

သီချင်းရော တီးကွက်ပါ ကြွတက်၍ ကောင်းလာပါသည်။တစ်ရက်တွင် မန္တလေးတောင် ရသေ့ကြီး ဦးခန္တီ၏ ကိုယ်စားလှယ်ကြီး ဦးကျော်သိန်းအလျှုသို့ စိန်ကျော်တင့် ဆိုင်းတီးရပါသည်။ ဆိုင်းပွဲတွင်လည်း ပရိသတ် စည်ကားလှပါသည်။ ဆိုင်းတီး၍ကောင်းတုန်း ည ၁၀ နာရီခွဲ လောက်တွင် ဘကြီးလွင်က ဆိုင်းအသိမ်းခိုင်းသဖြင့် သိမ်းလိုက်ကြရပါသည်။ဘာကြောင့် သိမ်းရ သည်ကို မသိကြပါ။ဆိုင်းကို အပေါ်မဏ္ဍပ်ထဲရွှေ့အပြီးတွင် ဘကြီးလွင်က ပဋ္ဌရှုပနောက် ပတ်မချောင်တွင် စောင်အကာခိုင်းပါသည်။စောင်ကာပြီးသောအခါ ဆိုင်းသမားများကိုခေါ်၍ သူကဦးစီးကာ ပိုကာဒေါင်းပါတော့သည်။ဒီကျမှ ဖဲကစားချင်၍ ဆိုင်းအစောကြီးအသိမ်းခိုင်းမှန်း သိကြရပါသည်။သို့သော် သူ့အား ရိုသေကြ ကြောက်ကြသဖြင့် မည်သူကမျှ မပြောရဲပါ။ ကျွန်တော့်အား အိပ်ရာမှနှိုး၍ ကြည့်လိုက်ရာ နံနက်ပြောတီးရန် ဖဲဝိုင်းသိမ်းထားကြောင်း တွေ့ရ ပါသည်။ထိုနေ့ နံနက်က ဘကြီးလွင်က ကစားဝိုင်းတွင်နိုင်သဖြင့် ကျွန်တော့်အား ပတ်မချောင်က တီးနည်းများကို ရွှင်ရွှင်မြူးမြူးဖြင့် ပြသပါသည်။ ခြောက်လုံးပတ်ခေါ် ပတ်လုံးလေးများကိုတီး၍ ဒါက မင်္ဂလာရေကင်း၊ ဒါက ဘုရင်များ မျက်နှာသစ်တော်ရေကျတဲ့အခါတီးတဲ့ ရေကင်း၊ ဒါက မသာတော်ရေကင်းဟု တီးပြပါသည်။ဆိုင်းတီးရာတွင် ဘကြီးလွင်ကို ဦးစားပေးကြပါသည်။ ထမင်းစားလည်း ဦးဦးဖျားဖျား သူ့အား ဦးချပြီးမှ စားကြပါသည်။ဘကြီးလွင်က ဖဲကစားရတာ အလွန်ဝါသနာကြီးပါသည်။ပွဲတိုင်းမဟုတ်စေကာမူ ဆိုင်းပွဲတော်တော်များများတွင် ဖဲကစား ပါသည်။တစ်ခါက ရွှေဘိုခရိုင်ဘက် အလှူကြီးတစ်ခုသို့ သွားတီးကြပါသည်။တောအလှူကြီး

ဖြစ်ပါသည်။ထိုအလှူတွင် လက်ဖက်ရည်ပွဲမှ အကြမ်းပန်းကန်များ သုံးလေးလုံး လူမမြင်အောင် ဘကြီးလွင်က သူ့အိတ်ထဲ ဝှက်ယူပါသည်။ကျွန်တော်မြင်သလို ဆိုင်းသမားအချို့လည်း မြင်ပါသည်။ဒါပေမဲ့ မပြောရဲကြပါ။သူ့လွယ်အိတ်ထဲတွင် အကြမ်းပန်းကန်များ ပါလာသည်ကို စိန်ကျော်တင့်ရော၊ အစ်ကို ဦးစိန်လှမောင်ရော သိပါသည်။အစ်ကိုတို့ကလည်း မပြောရဲကြပါ။ မန္တလေးအိမ် ပြန်ရောက်၍ ဆိုင်းသေတ္တာများ၊ ပစ္စည်းများချနေတုန်း ဘကြီးလွင်က အကြမ်းပန်းကန်များကို အမေ့ထံသို့ သွားပေးပါသည်။ပြီးတော့လည်း ပြောပါသေးသည်။

"မမ အလှူက အကြမ်းပန်းကန်တွေ ကမ်းတယ်။ကျော်တင့်တို့၊ လှမောင်တို့ ဘယ်သွားနေမှန်းမသိဘူး။သူတို့အတွက်လည်း ကျွန်တော်က ပြောယူလို့ မကောင်းဘူး။ကျွန်တော့်အတွက်ပဲ ရတယ်"ဟု ပြောပါသည်။အမေက ကိုကျော်တင့်နဲ့ အစ်ကို့ကို ဆူပါသည်။ဆိုင်းပစ်ပြီး နင်တို့ ဘယ်လျှောက်သွားလည်နေသလဲဟု မာန်မဲပါသည်။အစ်ကိုတို့က အကြမ်းပန်းကန်များ ဘကြီးလွင် ဝှက်ယူလာကြောင်း ထုတ်ဖော်မပြောကြပါ။အမေ့ အဆူအမဲသာ ကြိတ်၍ခံကြပါသည်။

ဆိုင်းတီးသွားရာတွင် ဘကြီးလွင်က နောက်ပိုင်းတွင် သက်သတ်လွတ် စားပါသည်။ သူ သက်သတ်လွတ်စား၍ ထမင်းစားရာတွင် နို့ဆီဖြင့်နယ်စားသဖြင့် သူ့နို့ဆီဘူးကို ကျွန်တော်က သိမ်းရပါသည်။ညညတွင် နို့ဆီဘူးကြောင့် ကျွန်တော်တွင် ပုရွက်ဆိတ်အကိုက်ခံရ၍ ကောင်းကောင်း မအိပ်ရပါ။ဘကြီးလွင်မှာ နို့ဆီဘူးကို တစ်ရက်နဲ့ မကုန်ပါ။လေးငါးရက် သုံးပါသည်။ကျွန်တော်က နို့ဆီဘူးကို တင်းကတ်မှ သံချွန်အဝိုင်းဖြင့် ဖောက်ပေးထားပြီး သူ သုံးပြီးသောအခါ စက္ကူလိပ်လေး ကျစ်ကျစ် မာမာလိပ်ပြီး ပြန်ပိတ်ဆို့ထားလိုက်ရပါသည်။သို့သော် ဘယ်လိုပဲပိတ်ပိတ် ဘေးနှုတ်ခမ်းများတွင် နို့ဆီများ ပေကျံသည်မို့ ပုရွက်ဆိတ်များက ရောက်အောင်လာကြပါသည်။ဘကြီးလွင်မှာ ပညာကောင်းသလောက် ဉာဉ်မကောင်းပါ။ ဆိုင်းအဖွဲ့ထဲမှာလည်း တစ်ယောက်နဲ့တစ်ယောက် မတည့်အောင် ပြောတတ်ပါသည်။ အမေနဲ့ စိန်ကျော်တင့်နဲ့ မတည့်စေရန်၊ အစ်ကိုနဲ့အမေ မတည့်စေရန်၊ စိန်ကျော်တင့်နဲ့ အစ်ကိုနဲ့ မတည့်စေရန် လုပ်ကြံလီဆယ်ပြောတတ်ပါသည်။ဒါကြောင့်လည်း ဆိုင်းသမားများက တဖြည်းဖြည်း ဘကြီးလွင်အပေါ် အကြည်ညိုနည်းလာကြပါသည်။ တစ်ခါက ညောင်ကုန်းရွာမှာ ဆိုင်းတီး အပြန် လမ်းတွင် ခေတ္တနားကာ ရေသောက်ကြပါသည်။ဘကြီးလွင်က လှည်းပေါ်မှ မဆင်းပါ။ ကျွန်တော်ကိုခေါ်၍-

"မောင်ကို ဘကြီးလွင် နို့ဆီဘူးလေ းပေးပါဦးကွာ။ငါ့လည်း ဘယ်သူကမှ ဂရုမစိုက်တော့ဘူး။မင်းတစ်ယောက်တည်းပဲ ရှိတော့တယ်"ဟု ပြောပါသည်။ဘကြီးလွင်တောင်းသော နို့ဆီဘူးကိုပေးလိုက်သောအခါ နို့ဆီဘူးကိုမော့၍ သောက်လိုက်ပြီး ရေတစ်ခွက် တောင်းပါသည်။ ထိုပွဲကစ၍ ဘကြီးလွင်နဲ့ ဆိုင်းသမားများ ကောင်းကောင်းစကားမပြောတော့ပါ။ဆိုင်းထဲတွင် ဘကြီးလွင်က စည်းတီးပါသည်။ပတ်မ မတီးပါ။ ပတ်မကို ပုလင်းဝင်းထဲက ဗလကောင်းကောင်း အသားမည်းမည်း သွားဖွေးဖွေး ကိုဘဦးက တီးပါသည်။ဘကြီးလွင်ကို တစ်ဆိုင်းလုံးက ရွံကြောက်ကြီးလို ဖြစ်နေပါသည်။တစ်ရက်တွင် ဆိုင်းတီးရာ အငြိမ့်မင်းသမီးများ ပါလာပါသည်။ အခြားအငြိမ့်က မင်းသမီးများအခန်းတွင် ပတ်မကို ကိုဘဦးကပဲ တီးပါသည်။"မှန်နန်းတင်" ဆိုသော မင်းသမီးအလှည့်တွင် ဘကြီးလွင်က ပတ်မတီးပါသည်။မှန်နန်းတင်သီဆိုသည့် သီချင်းကို ကျွန်တော့်ဆရာ အေဝမ်းဆရာညွှာ ရေးပေးခြင်းဖြစ်ပါသည်။ဒုတိယ ကမ္ဘာစစ်အတွင်း လူအများ စိတ်ညစ်နေ၍ စစ်ကြီးပြီးသောအခါတွင် ဇိမ်နဲ့နေကြရန်ဟူသော ဇိမ်သီချင်း ဖြစ်ပါ

သည်။မှန်နန်းတင် ဇိမ်သီချင်း ကောရပ်ပိုဒ်မှာ "ကမ္ဘာကြီး တစ်ခုလုံးပင် မှန်နန်းတင် တွေးယူဆလျှင် ကိုယ်ချစ်သူနဲ့နေရမယ်ဆို ချိုပြုံးမျက်နှာ ဇိမ်ပါပဲလို့ထင်၊ အဖေ အမေ,မရှိတဲ့ ကွယ်ရာတွင် ချိန်းကြပါစို့ရှင်" ဤနေရာတွင် ဘကြီးလွင်က တီးရန် အားယူ အရှိန်ယူလိုက်ပါသည်။မင်းသမီး အဆိုပိုဒ်ပြီး၍ အကပိုဒ်အတွက် အတီးပြန်တီးသောအခါ အလွန်က၍ကောင်းသော ဒိုးဆစ်များကို ဘကြီးလွင်က ထည့်တီးပါသည်။ဘကြီးလွင်၏ ပတ်မဆစ်၊ ဒိုးဆစ်များသည် ကောင်းလွန်း၍ မင်းသမီး မှန်နန်းတင်သာမဟုတ်ပဲ ဆိုင်းသမားတွေပင် တက်၍တီးကြရတော့မလောက် ရွှင်မြူးကုန်ကြရပါသည်။သူတီးသော ဒိုးဆစ်များကို မူရင်းအတိုင်း ဖော်ပြပါသည်။

ကောရပ်ပိုဒ် ဖြစ်ပါသည်။စာသားနဲ့တွဲ၍ ဖော်ပြရလျှင်-

"ကမ္ဘာလောကကြီး တစ်ခုလုံးပင်
ဗေပထိပိန်ဂျိ ဘတ် ပထီ ပေါင် ဒိုင်း
မှန်နန်းတင် တွေးယူဆလျှင်
ဗေပတိပိန်ဂျိ ဘတ် ပ ထီ ပေါင်ဒိုင်း
ကိုယ်ချစ်သူနဲ့ နေရမလား-ဆို ချိုပြုံးမျက်နှာ ဇိမ်ပါပဲလို့ထင်
"ဖိန် ပ တတ် ဖိန် ဖြေး' ? ဒတ် ဒတ် ဒိန်း
အဖေ အမေ မသိတဲ့ကွယ်ရာတွင် ချိန်းကြပါစို့ရှင်
"ဖြေး တူ ပိုး တူး ပို့ တူး ဂျေး"
ရူပါရုံ အားကုန်ပွင့်ကာ အလှဂုဏ်ဝင့်လို့ မောင်နဲ့အတူနေချင်
ဖြေး တူး ပိုး တူးပိုးတူးဂျေး တိုးဖြေး တိုးဖြေး တိုးဖြေ ဖြိန်းဖြိန်းတတ်

ဘကြီးလွင်သည် အဆစ်တီးပညာတွင် သူမတူ ပြောင်မြောက်ပါသည်။ သူတီးသောအခါ ပတ်မကြီးမှာ ငယ်သံပါ၍ အော်နေပြီး ဝါးလုံးထောင်ထားသလို ပိန်တာရှိုး သေးသေးလေးလူက တီးသောအခါ အသံကုန်ထွက်၍နေပါသည်။ ပတ်မတီး ကိုဘဦးမှာ ဘကြီးလွင်ထက် အင်အားကောင်းလှပါသည်။ ဘကြီးလွင်က ကမ္ဗောဇ္ဇာန်းရုပ် ကိုဘဦးက လက်ဝှေ့နပန်းသမားမျိုးဖြစ်ပါသည်။သို့သော် ပတ်မကိုမူ ကိုဘဦးက ဘကြီးလွင်လောက် မြည်အောင် နာအောင် နင့်အောင် မတီးနိုင်ပါ။ အလှူပွဲတစ်ပွဲတွင် နံနက်ခင်းဇည့်ခံ စိန်ကျော်တင့်က တီးနေပါသည်။ ဘကြီးလွင်က စိတ်ပါသဖြင့် ပတ်မချောင်တွင်ထိုင်၍ တီးပေးနေပါသည်။စိန်ကျော်တင့်က အဘစိန်ဗေဒါ၏ ခြောက်သွယ်ညွှန့်တီးလုံး တီးနေပါသည်။စတီးလုံး တီးလျှင်တီးခြင်း "သံယောဇဉ်" သံစဉ်မှာ လေးတစ်နှစ်ခြောက် "တရားမြတ်ဂုဏ်အင်"လေးတစ်နှစ်သုံး ငါးလေး ငါးခြောက် ဤနေရာတွင် စိန်ကျော်တင့်က ပတ်လုံးများကို ရှိုးရှိုးတီးနေကျအတိုင်း မတီးဘဲ အသံပြွတ်များဖြင့် တီးပါသည်။အသံထွက်များမှာ ပြူးပြူးပြူးပြူးဟု ထွက်ပါသည်။ထိုအခါတွင် ဘကြီးလွင်က ပတ်မချောင်က ထ၍ "အဲ. . မင်းက ငါ့ဆရာထက် တော်တယ်။ငါ့ဆရာတောင် ဒီလို မတီးဘူး၊ ဒီတော့ တီးဖို့မလို့တော့ဘူး"ဟုပြောကာ ထွက်သွားသဖြင့် မနည်းဝိုင်းချော့၍ တောင်းပန်ရပါသည်။ တီးလုံးလည်း ရပ်ပစ်လိုက်ရပါသည်။ဒင်္ဂါးကျွန်းရွာက တီးအပြန် မန္တလေးမြို့၊ မင်းတဲအီကင်း ဆင်ရွာရပ်တွင် ပွဲဆက်ကူးပါသည်။ထိုဆင်ရွာပွဲကစ၍ ဘကြီးလွင် မလိုက်တော့ပါ။ သူ မလိုက်တာ ရှိုးရှိုးမလိုက်တာ မဟုတ်ပါ။ညဆိုင်းတီးကောင်းတုန်း ဘကြီးလွင် ကာလသားများ မြှောက်ပေးပြီး ခိုင်ပန်းစုံ ယိုးဒယားသီချင်းကို တီးခိုင်းပါသည်။သို့သော် ခိုင်ပန်းစုံကို ရှိုးရှိုးမခိုင်းပါ။

ခိုင်ပန်းစုံ ယိုးဒယားနဲ့ စခွန့်အတီး ကြားချင်၍ဟုဆိုကာ ဆုတော်ငွေ ၂၅ ကျပ်ဖြင့် ခိုင်းပါသည်။ ဆိုင်းအဖွဲ့မှာ ခိုင်ပန်းစုံ ကိုရသော်လည်း စခွန့်တီးနည်းကို မည်သူမျှ မတီးတတ်ကြပါ။ဘကြီးလွင် လက်ချက်ပဲဟု သိကြပါသည်။အရပ်သားများက ဤသို့ မခိုင်းတတ်ပါ။ဆိုင်းနောက်ထိုင် ဦးထင်ကျော်နဲ့ ဦးညိုသောင်းတို့က ခိုင်ပန်းစုံသီချင်းကို ရသော်လည်း စခွန့်တီးနည်းမှာ မည်သူမျှ မရကြောင်း တောင်းပန်ပြောကြားကြပါသည်။ထိုအခါ ကာလသားများက မတီးတတ်လျှင် ငွေပြန်ပေးပါဟု ဆုချငွေ ၂၅ ကျပ်ကို ပြန်တောင်းသွားပါသည်။

စိန်ကျော်တင့်မှာ ပွဲအလွန်ရပါသည်။ရက်အား ရက်နား သိပ်မရှိပါ။ဆိုင်းအဖွဲ့မှာ စည်းစည်းလုံးလုံးရှိ၍ တီးကောင်းပါသည်။သို့သော် မသိမသာ စိတ်ဝမ်းကွဲစရာလေးများက ပေါ်လာပါသည်။တစ်ရက်တွင် အောင်ပင်လယ်ရွာမှ တီးပြန်လာရာ ကျွန်တော်တို့က ဆိုင်းလှည်းနဲ့ ပြန်လာပါသည်။စိန်ကျော်တင့်တို့၊ အစ်ကိုတို့က စက်ဘီးဖြင့်ပြန်လာကြရာ အောင်ပင်လယ် ကန်ပေါင်ရိုးပေါ်တွင် အစ်ကိုနဲ့ စိန်ကျော်တင့် စက်ဘီးအပြိုင်စီးလာကြပါသည်။စိန်ကျော်တင့်က ဦးထုပ်ဆောင်းထားရာ ဦးထုပ်လွင့်ကျသဖြင့် လိုက်ဖမ်းလိုက်ရာ လူပါ စက်ဘီးပေါ်က လိမ့်ကျသွားပြီး ညာဘက်လက်မ ကျိုးသွားပါသည်။စိန်ကျော်တင့် မတီးနိုင်တော့ပါ။ ဆိုင်းပွဲများကို အစ်ကိုက ခေါင်းဆောင်တီးပါသည်။အစ်ကို့ ကြေးနောင်နေရာတွင် မောင်တီး ဦးလေးမြက တီးပါသည်။ဦးလေးမြနေရာတွင် ကျွန်တော်က မောင်းဆိုင်း တီးရပါသည်။ယခင်က ဆိုင်းသမား များက ကျွန်တော့်အား ပန်းကန်ပြားပိုဟု ခေါ်လာတာ ယခုတော့ ပန်းကန်ပြားပို မဟုတ်ပါ။ အသုံးဝင်လာပြီ။အခြား လူစားထိုးတီးလည်း မရပါ။တီးလုံးများရမှ ဖြစ်ပါသည်။ထိုလတီးပြီး ငွေခွဲကာနီးတွင် စိန်ကျော်တင့်က အစ်ကို့အား "ကိုလှမောင်၊ ကိုလှမောင် ဒီလတော့ ခင်ဗျားက ဆိုင်းဆရာလည်းဖြစ်ပြီ အစုလဲ ပိုရပါပြီ"ဟု မနာလိုသည့်အသံထွက်ဖြင့် ပြောပါသည်။ဆိုင်းအဖွဲ့၏ငွေများ ခွဲဝေခြင်းစနစ်မှာ အစုဖြစ်ပါသည်။အမေက ဆိုင်းအတွက် နှစ်စုခွဲ၊ စိန်ကျော်တင့်က နှစ်စု၊ နှံ့ စိန်မြရှိန်က နှစ်စု၊ အစ်ကိုက ငါးမတ်စု၊ ဘကြီးလွင်က တစ်စုခွဲ၊ နောက်ထိုင် များက ပုံမှန်ခေါ် တစ်စုစီ၊ ပတ်မတီးတစ်စု၊ လင်ကွင်းတီး ကိုပုက သုံးမတ်စု၊ ဆိုင်းသိမ်း၊ ပတ်စာထိုး မောင်တင်က ငါးမူးစု၊ မောင်းတီး ဦးလေးမြက တစ်စု၊ စုစုပေါင်း ၁၄ စုခွဲ ရှိပါသည်။ တစ်လမှာ ဆိုင်းပွဲ ၁၅ ပွဲရတယ်ဆိုရင် အဲဒီငွေ တွေပေါင်းလိုက်ပြီး အဲဒါကို တက်ငွေလို့ ခေါ်ပါသည်။ နောက် ကုန်ကျစရိတ်တွေပေါင်းပြီး နုတ်လိုက်တာ ကား၁၊ လှည်း၁၊ ပွဲငှား ဧည့်ခံ ကြော်ငြာစရိတ် စသည့် ငွေမျိုးတွေ ဖြစ်ပါသည်။နောက် အသားတင်ကျန်ငွေကို ခွဲငွေဟု ခေါ်ပါသည်။

ဥပမာ- တက်ငွေပေါင်း ၃၀၀၀ ကျပ်၊ ကုန်ကျစရိတ်နုတ် ၂၈၅ ကျပ်၊ ခွဲငွေကျန် ၂၇၁၅ ကျပ်။

၁၄ စုခွဲနဲ့ ခွဲဝေလိုက်လျှင် ၁၈၇ ကျပ် ရသည်။အဲဒါ ပုံမှန်ခေါ်တဲ့ တစ်ခုဖြစ်၍ ၃ ကျပ် ခွဲ ပိုပါသည်။ပိုတဲ့ငွေ သိမ်းထား၊ နောက်လ ထည့်ရှင်းရပါ မည်။ငွေခွဲသောအခါ ပုံမှန်ကို အဓိကထား၍ ခွဲရပါသည်။ပုံမှန်တစ်စုသမား ငွေ ၁၈၇ ကျပ်ဖြစ်လျှင် နှစ်စုသမားက ၃၇၄ ကျပ်၊ နှစ်စုခွဲသမားက ၄၆၇ ကျပ် ၈ပဲ၊ တစ်စုခွဲသမားက ၂၈၀ ကျပ် ၈ပဲ၊ ၅ မတ်သမားက ၂၃၃ ကျပ် ၁၂ပဲ ဖြစ်ပါသည်။ သုံးမတ်သမားက ၁၄၀ ကျပ် ၄ ပဲ ရပါသည်။ငါးမူးစုသမားက ၉၃ ကျပ် ၈ ပဲ ရမည် ဖြစ်ပါသည်။

အစ်ကိုနဲ့ ကိုကျော်တင့်တို့ အစုကိစ္စဖြင့် စကားများကြပါသည်။စိန်ကျော်တင့် နာမည်ဖြင့် လက်ခံထားသော ပွဲတော်တော်များများကို အစ်ကိုက ခေါင်းဆောင်တီးခဲ့ပါသည်။အစ်ကိုက

ခေါင်းဆောင်အတွက် ပိုမယူသော်လည်း ကျွန်တော့်အတွက်ကိုမူ အနည်းဆုံး သုံးမတ်စုထား၍ ရှင်းပေးကြရပါမည်။သို့သော်လည်း ငွေရေးကြေးရေးကို အစ်ကိုကစ၍ မပြောခဲ့ပါ။သို့သော် သူတို့ပြောလာကြသောအခါ အစ်ကိုကလည်း ပြောပါတော့သည်။ထို့ကြောင့် နည်းနည်း စိတ်ဝမ်းကွဲလာကြရပါသည်။

စိန်ကျော်တင့် လက်ကျိုးတာ သက်သာလာပြီဖြစ်၍ ပွဲများ နည်းနည်းချင်း ပြန်တီးနိုင်လာပါသည်။ပေါင်း သုံးလလောက် ကြာပါသည်။အစ်ကိုက ကျွန်တော့်ကို သူတို့ဆိုင်းထဲတွင် မထားတော့ပါ။"ကျုပ်ညီ ခင်ဗျားတို့ထဲ မျက်နှာငယ်မခံနိုင်ဘူး"ဟု ဆိုင်းသမားအားလုံးကို ပြောလိုက်ပါသည်။နောက်ပြီးမှ "သူ့ကိုလိုချင်နေတဲ့ဆိုင်းထဲ ထည့်ပေးရမယ်"ဆိုပြီး စိန်တင်အောင်ဆိုင်းထဲ ထည့်ပေးလိုက်ပါသည်။စိန်တင်အောင်မှာ စိန်ကျော်တင့်ကို ပြိုင်လာသူဖြစ်ပါသည်။မန္တလေးမြို့ ညောင်ပင်ဈေးမြောက်ဘက်က သဲဝင်းရပ်နေ ဦးလှစိန်- ဒေါ်တင်ဦး တို့သား ဖြစ်ပါသည်။ကိုတင်အောင် ကိုတင်မောင် ညီအစ်ကိုနှစ်ယောက်ဖြစ်ပါသည်။ ကိုတင်မောင်က ပတ်မတီးပါသည်။ကိုတင်အောင်အဖေ ဦးလှစိန်မှာ ရှေးဆိုင်းဆရာတစ်ဦး ဖြစ်ပါသည်။ထကြွ လုံ့လဝီရိယ ကြီးမားပြီး အမြော်အမြင်ရှိပါသည်။အရက်သောက်တတ်သဖြင့် မူး၍ ရမ်းကားခြင်းမျိုးရှိ၍ သူ့ကို ညောင်ပင်ဈေးလူမိုက်ဟု အချို့က သူ့ကွယ်ရာတွင် ပြောကြပါသည်။ ဦးလှစိန်မှာ သူ့သား ကိုတင်အောင်အတွက် အဘစိန်ဗေဒါ၏ အဆိုတော် ဦးစိန်ခင်ကို ရအောင် ခေါ်ပါသည်။ဦးခင်မှာ စိန်ကျော်တင့်နောက်တွင်ထိုင်၍ မဆိုလိုဟု နေသူဖြစ်ပါသည်။အဘ စိန်ဗေဒါ၏နောက်ထိုင် ကိုပွကြီးနဲ့ ကိုညိုစိမ့်တို့လည်း ရအောင်ခေါ်ပါသည်။ပတ်မတီးတဲ့ ဘကြီးလွင်လည်း စိန်ကျော်တင့်ထဲကထွက်ကာ စိန်တင်အောင်ထဲ ရောက်နေပါပြီ။

ဗမာပြည်လွတ်လပ်ရေးရတော့မည်ဖြစ်၍ လွတ်လပ်ရေးကို ဂုဏ်ပြုရေးသော သီချင်း စာရေးဆရာများ စုပေါင်းရေးကြမည်ဖြစ်၍ ဆရာက ခေါ်သဖြင့် ဆရာထံ သွားရပါသည်။ လွတ်လပ်ရေးရတော့မည်ဖြစ်၍ လွန်စွာပျော်နေကြပါသည်။သီချင်းတစ်ပုဒ်ထဲ ၉ ဦး ရေးကြ မည်ဖြစ်ပြီး ထို ၉ ဦးမှာ-

နန်းတော်ရှေ့ ဆရာတင်
မြို့မငြိမ်း
အေဝမ်းဆရာညွှာ
ဆရာထာ
ဆရာရိုက်
ဦးဘသိန်း
ဦးဘလှိုင်
နန်းတော်တောင်ပြင်ဆရာခင်

နောက်တစ်ဦး အမည်မသိဖြစ်ပါသည်။သီချင်းတစ်ပုဒ်ကို ၃ ယောက်စီခွဲ၍ ရေးကြရာ ဆရာရိုက်၊ ဆရာဦးဘလှိုင်နဲ့ ကျွန်တော့်ဆရာ ဆရာညွှာတို့ကတစ်ဖွဲ့ ဖွဲ့ကြ၍ မင်းသားစုရပ် ဆရာရိုက်အိမ်တွင် ရေးကြပါသည်။အသံမှာ ငါးပေါက်နဲ့ဖြစ်၍ ကောရပ်ပိုဒ်တွင် အချမှာ စည်းတစ်ခြမ်းဝင်နေပါသည်။ကျွန်တော်က ဆရာ့ကို တိုးတိုးပြောလည်း မရပါ။ဆရာကလည်း "သူတို့လည်း ဆရာတွေပဲကွာ ငါမပြောချင်ဘူး"ဟု ပြောပါသည်။သီချင်းမှာ "အောင်သံမြေမိုး"ဟု တွင်ပါသည်။

ဤသီချင်းကို အချို့က ကျွန်တော့်ဆီ လာတောင်းကြပါသည်။အငြိမ့်အဖွဲ့များ၊ မင်းသမီးများ၊ ဇာတ်မင်းသားများပါ ဤသီချင်းကို လာယူကြပါသည်။

အစ်ကိုက သင်ရိုး သစ်လက်များ တက်ပေးသဖြင့် ဂီတကို စနစ်တကျ တော်တော်လေး တီးနိုင်လာပါပြီ။ပတ္တလား၊ မောင်းဆိုင်း၊ စည်းနဲ့ကြေးနောင်များကို ကျွန်တော် တီးနိုင်လာပါပြီ။ ဆရာ့သီချင်းများကလည်း ကျွန်တော့်တွင် အများကြီး လူသိများစေပါသည်။ အငြိမ့်သီချင်းဆိုလျှင် ကျွန်တော်က ရပြီးသားဖြစ်နေပါပြီ။ဆိုင်းသမား၊ အငြိမ့်သမားများသည် သီချင်းအသစ်များကို အလွန်လိုချင်ကြပါသည်။သူတို့လိုချင်သော သီချင်းများကို ကျွန်တော်က ရနေပါသည်။ စိန်တင်အောင်ဆိုင်းထဲတွင် အားလုံးကပင် ကျွန်တော့်အား ဂရုစိုက်အရေးပေးကြပါသည်။ ကိုလှမောင်ညီလေးဟူ၍လည်းကောင်း၊ ဆိုင်းထဲတွင် အငယ်ဆုံးကောင်လေးဟူ၍လည်းကောင်း အရေးပေးကြ ချစ်ကြပါသည်။စိန်တင်အောင်ဆိုင်းထဲတွင် ကျွန်တော်က မောင်းတီးရပါသည်။ မောင်းဆိုင်းမှာ ၁၇ လုံးဆိုင်း ဖြစ်ပါသည်။အပေါ်ဆုံးက သုံးလုံးတန်းတွင် ငါးပေါက်၊ လေးပေါက်၊ သုံးပေါက်၊ အလယ်ခုနစ်လုံးတန်းတွဲမှာ အပေါ်က နှစ်ပေါက်၊ သံမှန်ခုနစ်ပေါက်၊ အောက်က ခြောက်ပေါက်၊ ငါးပေါက်၊ လေးပေါက်၊ သုံးပေါက်နှင့် အငယ်ခုနစ်လုံး တွဲမှာ ထိုသံစဉ်တွဲနည်း အတိုင်း ဖြစ်ပါသည်။ဆိုင်းဆရာ စိန်တင်အောင်မှာ အရပ်အရှည်ကြီး ဖြစ်ပါသည်။အရပ်ရှည်၍ ခါးနည်းနည်းကိုင်းကိုင်း ပိန်ပိန်သေးသေး ဖြစ်ပါသည်။မြစ်ခြောက်ရောဂါစွဲကပ်နေ၍ တီးလုံး တစ်ပုဒ်ပြီးရင် ချောင်းဆိုးပြီး အန်တတ်ပါသည်။မောနေတတ်ပါသည်။ပတ်တီးမှာ အသင့်အတင့် ကောင်းသူသာဖြစ်ကာ မျက်နှာထားချိုပြီး စန်းကောင်းပါသည်။သူ့ညီ ကိုတင်မောင်မှာ သူ့လောက် အရပ် မမြင့်ပါ။နှစ်ယောက်လုံး နည်းနည်း မျက်လုံးပြူးကြပါသည်။ဆိုင်းတီးရာတွင် နောက်ပိုင်းမှာ ကျွန်တော်က သီချင်းတစ်ပုဒ် ထထဆိုရပါသည်။သီချင်းဆိုရသောအချိန်တွင် အမြဲတမ်း ကျွန်တော်က ငိုက်နေတဲ့အချိန်၊ အိပ်နေတဲ့အချိန်မျိုး ဖြစ်ပါသည်။ရှေ့ပိုင်းတွင် အဆိုတော် ဦးစိန်ခင်က ဆိုပြီးဖြစ်ပါသည်။ဆိုင်းရှေ့ပိုင်း များတီးနေစဉ် ကျွန်တော် မငိုက်ပါ။လူရွှင်တော် ဦးပွကြီးနဲ့ ဦးညိုစိမ့်တို့ ပြက်လုံးများ ပြောသောအခါ မငိုက်ပါ။ အလှူကကျွေးသော ဆန္ဒင်းမကင်း၊ မာစကပ်တို့၊ ဇီးဖြူသီး ဆားရည်စိမ်၊ ငါးပိကျော်တို့ စားနေရလျှင် မအိပ်ချင်ပါ။ဒါပေမဲ့ ပွဲတိုင်း ဤသို့ ကြုံကြိုက်သည် မဟုတ်ပါ။ဒါကြောင့်လည်း နောက်ပိုင်း နောက်ပိုင်းတွင် အိပ်ပျော်နေခြင်း ငိုက်နေခြင်းများ ရှိပါသည်။ကျွန်တော် အိပ်ရာမှထ သီချင်းဆိုသည်ကို ဆိုင်းတစ်ဖွဲ့လုံးက အလွန် သဘောကျပါသည်။ရယ်မောကြပါသည်။

ကျွန်တော်ဆိုရသော သီချင်းမှာ အပိုး (သံမှန်) နဲ့ဆိုရသော သီချင်းဖြစ်ပြီး ဆရာက စိန်တင်အောင်ကို ရေးပေးခြင်းဖြစ်ပါသည်။သီချင်းအဓိပ္ပာယ်မှာ လွတ်လပ်ရေးရပြီးနောက်တဲ့ နောက် သတိချပ်စရာများအကြောင်း ရေးသားထားပါသည်။

ခြေဆင်း

**ဟိုးဆရာတို့**

ကံဇာတာကောင်းတဲ့ ပေါင်းမြန်မာတွေ လွတ်လပ်ရေးလည်း ရပါပြီလေ။ အခုမှ ဒို့မြေ အခုမှ ဒို့မြေ ပုပုရွရွ သူ ငါ ခေါ်လိုက်လေ။ ဗိုလ်ချုပ်နဲ့တကွ ခေါင်းဆောင် ကြီးများရဲ့ ကျေးဇူးဂုဏ်တွေ အလွန်တရာ ကြီးမြတ်ပါပေ။ဒါကြောင့်မို့ပဲ လွတ်လပ်ရေး မနှေးရပြီလေ။

(၁) လွတ်လပ်ရေးရသည့်နောက်မှာတော့ အားတောင့်တောင့်နဲ့ ဆောင်ရွက်စရာတွေ ကျန်ပါသေးတယ်။မြန်မာတို့ရေ ပြန်လည်ထူထောင်ရေးလုပ်ငန်းက လိုသေးပေ။ဒို့တိုင်းပြည် မြို့စောင့်၊ နယ်စောင့်၊ ရွာစောင့်ဆိုတာ ရှိရပါသတဲ့လေ။စိန်တင်အောင်တစ်ဖွဲ့လုံးက မှုသားမသုံးပေါင် မှန်ရာကို ဖြေ၊ လုံခြုံရေးနဲ့ ကာကွယ်ရေးတွေ မနှေးဘဲစုဆောင်းထားမှသာ ကောင်းလိမ့်မယ်။ကျွန်တော်တို့ မြန်မာပြည် (ကောရပ်) လွတ်လပ်ပေမယ့်လို့ ဒိုမြန်မာပြည်သူ၊ ပြည်သားတွေ သတိမလစ်စေဖို့ စိန်တင်အောင်ကပြန်ကြားထုတ်ဝေ တိုင်းယ်ပြည်ငယ်ဆိုရင် လူစော်ကားချင်ပေ။အဲဒါတွေ သိနှင့်ရမယ်လေ။ရန်သူတွေ့ရင် စစ်အင်အား ပြနိုင်စေ။ပျော်ရှုံသာ ပျော်ကြတော့။မမော်ကြနဲ့ဦးဟိုးဟိုး ဆရာတို့ရေ။

(၂) ကိုယ်ကကျူးရင် ကိုယ့်ဒူးတောင်မှ မယုံရဘူးတဲ့လေ။သစ်ကောက်ဝါးကောက်သာ မြင်ရပေ။လူကောက်တာပင် မမြင်ရလို့ စစ်အား ပြင်ထားစေ။အားလုံးလူထု ပြည်ထောင်စုချစ်သူများ မိတ်ဆွေတွေ သွေးမကွဲဘဲ နိုင်မြဲအောင်လက်တွဲဆုပ်ကြလေ။ဝိုင်းရံနေတဲ့နိုင်ငံတွေ သတိပြုတော့ မသွေ။

(ကောရပ်ဆက်)လွတ်လပ်ပေမယ့်

ကိုတင်အောင်ဆိုင်းထဲတွင် ကျွန်တော်က သုံးမတ်စုရပါသည်။ကလေးဖြစ်၍ဆိုင်းသေတ္တာများ အတင်အချ မလုပ်ရပါ။ဆိုင်းစောင့် ထားပါသည်။ကျွန်တော်သည် ဆိုင်းစောင့်ရင်း ကျွန်တော့်လို ရွယ်တူကလေးများနဲ့ မကြာခဏ ရန်ဖြစ်ရပါသည်။သူတို့က ဆိုင်းထဲမှ ပတ်မကြီးကို တုတ်ဖြင့် လာတီးတတ်ပါသည်။ပတ်မကြီးမှာ အရွယ်ကြီးသော်လည်း အမဘက်သားရေက ပါးပါးဖြစ်၍ ပေါက်လွယ် ကွဲလွယ်ပါသည်။ဒါကြောင့် ဤသို့မတီးရန် ပြောသောအခါ အချို့က နားထောင်ကြပါသည်။ အချို့ကနား မထောင်ပါ။ဒါကြောင့် ရန်ဖြစ်ရပါသည်။ရွာတစ်ရွာတွင် ကျွန်တော်နဲ့ ကလေးများနဲ့ ရန်ဖြစ်ပါသည်။ဆိုင်းက ပွဲကူးရန် လှည်းများနဲ့တင်စဉ် ထွက်တဲ့လှည်းက ထွက်နေပါပြီ။ကျွန်တော်က ရန်ဖြစ်တုန်း ရှိပါသေးသည်။သုံးယောက်နဲ့တစ်ယောက်မို့ မနည်းချနေရပါသည်။တစ်ကောင်က ဝါးဆစ်ပတ်တုတ်ဖြင့် ကျွန်တော့်ကို ရိုက်ပါသည်။လက်နှင့်ကာလိုက်၍ လက်တော့ နည်းနည်းနာသွားပါသည်။သူရိုက်သော တုတ်ကို အနာခံဝင်လုပြီး ရသောအခါ သူတို့သုံးယောက်လုံးကို ပြန်ရိုက်လိုက်ပါသည်။ခေါင်းကိုရိုက်လျှင် ပွဲချင်းပြီးသေနိုင်သည်ကို ကျွန်တော် သိပါသည်။ဒါ့ကြောင့် ခါးနဲ့ခြေသလုံးများ ရိုက်ပစ်ခဲ့ပါသည်။သုံးယောက်လုံး ပုံလဲကျနေပါပြီ။ ကျွန်တော် ရွာမှာတုန်းက နွားများကို လည်ပင်းကြိုးနဲ့ ဒုန်းစိုင်းစီးခဲ့ပါသည်။ယခုလည်း ဆိုင်းလှည်းများကိုမီစေရန် မလှမ်းမကမ်းရှိ နွားတစ်ကောင်ပေါ်သို့ ခုန်တက်ပြီး လည်ပင်း ကြိုးနဲ့ပင်ဆွဲကာ ရွာပေါက်ဘက်သို့ နွားကို စောင်းလှည့်ပြီး သူ့တင်ပါးကို တအားရိုက်လိုက်ပါသည်။

ကျွန်တော်က မန္တလေးကို ၁၃၀၇ ခု ရောက်ပါသည်။အစ်ကိုလေး ကိုစိန်မောင်က ၁၃၀၈ ခု ရောက်ပါသည်။အစ်ကိုလေးနဲ့အတူ အစ်ကို ကိုဉာဏ်ရင် နှမ မစောသိန်းတို့ ရောက်လာကြပါသည်။အစ်ကိုကြီး ဦးစိန်လှမောင်က တာဝန်ယူ၍ ကျွေးမွေး ပညာသင်ပေးပါသည်။မစောသိန်းလေးကို မစန်းမြင့်ဟု နာမည်ပြောင်းပေးကြပါသည်။အစ်ကို့ဇနီး မမ လှတင်မှာ လူများများနှင့် နေရသည်ကို ပျော်နေပါသည်။

ကျွန်တော်တို့ရွာ အလည်မရောက်တာကြာပြီဖြစ်၍ ရွာကို အလည်ပြန်ကြပါသည်။

အစ်ကိုလေး ကိုစိန်မောင်နဲ့ ကျွန်တော်တို့နှစ်ယောက်တည်းဖြစ်၍ မှတ်မှတ်ရရ ထိုနေ့က ညီအစ်ကိုနှစ်ဦးလုံး လုံချည် ကြည်ပြာဆင်တူဝတ်ထားကာ ဈေးချိုတောင်ဘက်ထိပ်တွင် ရပ်၍ မြင်းခြံကား စောင့်နေကြပါသည်။မြင်းခြံကားက တော်တော်နဲ့မလာသေးပါ။မိုးကလေးအုံ့နေကာ ထိုနေ့က စနေနေ့ဖြစ်ပြီး ဝါခေါင်လဆန်း ၂ ရက် ၁၃၀၉ ခုနှစ်ဖြစ်၍ အချိန် နေထန်းတဖျား လောက် ရှိပါသည်။ မြင်းခြံကားမှာ ဘတ်စ်ကားအရှည်ဖြစ်ပြီး ကားခ တစ်ယောက်ကို ၃ ကျပ် ပေးရပါသည်။လမ်းမှာ မိုးနည်းနည်းလေးရွာနေပါသည်။မြင်းခြံရောက်တော့ ညနေ ၃ နာရီခွဲ လောက်ရှိပါပြီ။စွန်းလွန်းရွာဘက်သို့ မြင်းလှည်းငှား၍ စီးလာကြပါသည်။ရွာတွင် အဖေရော ဘကြီးရော စွန်းလွန်းရွာထဲ မနေကြတော့ပါ။ရွာအနောက်တောင်ပိုင်း မိတ္ထီလာ၊ မြင်းခြံ ကားလမ်းအနောက်ဘက်တွင် ဆပ်ပြာစက်ရုံမှာ ရွှေ့ပြောင်းနေ၍ အတူတူနေကြပါသည်။ဘကြီး မှာ ထုံးစံအတိုင်း စွပ်ကျယ်အကျီအဖြူနဲ့ လုံချည်တွင် ခါးပုံစာထားကာ စီးကရက်သံဘူးနဲ့ မီးခြစ် ကို ခါးပုံစာထဲတွင် ထည့်ထားပါသည်။ ဘကြီး၏ စိန်ဆပ်ပြာစက်ရုံမှာ အစ်ကိုလေးတို့၊ ကျွန်တော် တို့ မရှိတော့၍ အားငယ်နေသလို ထင်ရပါသည်။ဘကြီး၏ စိန်ဆပ်ပြာမှာ အလွန်နာမည်ကြီး ပါသည်။ အစ်ကိုလေးက အပင်ပန်းခံ၍ လုပ်ကိုင်ခဲ့သူ ဖြစ်ပါသည်။ဆပ်ပြာစက်ရုံထဲက ကန့်လန့် ဖြတ်ပြီး လေးထောင့် ဆပ်ပြာတုံးကလေးများကို ကျွန်တော် တံဆိပ်ရိုက်ကြည့်ပါသည်။ထိုင်ခုံတစ်ခု ဖြင့်ထိုင်ကာ ညာဘက်တွင် ဆပ်ပြာတုံးများထားပြီး ညာလက်နဲ့ယူရပြီး ပုံစံခွက်ထဲ နေရာရောက် လျှင် အောက်က ခြေနင်းစက်ခလုတ်ကို ခြေဖြင့်ဖိနင်းလိုက်ပါက အထက်အောက် ခွက် ၂ ခု လာညှပ်ကာ စိန်တံဆိပ်ပုံစံနဲ့ စိန်ဆပ်ပြာဟူသော စားလုံးပေါ်လာပြီး ဆပ်ပြာပုံသဏ္ဌာန်မှာ တစ်ခြမ်းဝိုင်းနှင့် ဘေးကပြောင် အနားရစ်ထု ပါပါသည်။ကလေးဦးထုပ်အဝိုင်းကို ပက်လက်လှန် ထားတာနဲ့ တူပါသည်။ရွာရောက်တော့ အဖေ့အနားမှာ ကပ်နေမိပါသည်။အဖေ့ကိုချစ်ရတာ အရသာတစ်မျိုးရှိပါသည်။ထိုအရသာမျိုးကို ဘယ်မှာမှ ရနိုင်မည်မထင်ပါ။ကျွန်တော့်ကို အဖေက ပြုံး၍ကြည့်နေသည်မှာ လွန်စွာစိတ်ချမ်းသာလှပါသည်။အဖေ့မှာ ဂျပန်ခေတ်တုန်းကပေါက်တဲ့ ဖက်ခွက်နာကြောင့် ခြေထောက်က ထော့နင်းထော့နင်း ဖြစ်နေပါသည်။“အကြောလိုက်သွားလို့ ပါကွာ ငါ့သားရာ နောက်တော့ ပျောက်သွားမှာပါ”ဟု ပြောပါသည်။အဖေ့အနံ့ကို မရသည်မှာ ကြာပါပြီ။ယခု အဖေနဲ့တွေ့တော့ ချက်ချင်း အဖေ့အနံ့က ပြန်လည်ပေါ်လာပါသည်။အဖေတွင် မက အဖေ့အနံ့ကပါ “မင်း ခုမှလာသလား” ဟု မေးနေသလို ထင်ရပါသည်။

ထိုနေ့က ညနေထမင်းဝိုင်းတွင် ကျွန်တော်ကြိုက်သော ပဲဟင်းချိုနဲ့ ကြက်သားဟင်း ပါပါသည်။အဖေရော ဘကြီးရော တစ်ဝိုင်းထဲ ပျော်ပျော်ရွှင်ရွှင်စားကြပါသည်။

ညဦးပိုင်းတွင် ဘကြီးက အဘစိန်ဗေဒါ၏ တေးထပ်တီးနည်းများကို ပါးစပ်က မြည်ပြ နေသဖြင့် အလွန်အံ့ဩမိခြင်း ဖြစ်ရပါသည်။ကျွန်တော်တို့အဖေမှာ ငယ်စဉ်က ရုပ်သေးမင်းသား စပယ်သစ်အမည်ဖြင့် ကခဲ့ရာမှ အမေနဲ့ အကြောင်းပါခဲ့ခြင်း ဖြစ်ပါသည်။အဖေ သီချင်းဆိုပြ လျှင် အသံကိုက်ပါသည်။ယခု ဘကြီး ဦးလူဝပါးစပ်မှ တီးပြသော အဘစိန်ဗေဒါ၏ ထပ်တွန့် တေးထပ်မှာ အသံမကိုက်သော်လည်း တေးသွားမှန်ကန်နေ၍ အံ့ဩမိရပါသည်။အဖေက မန္တလေးကအကြောင်းများကို မေးပါသည်။ကျွန်တော်ဖြေတာကို ဘကြီးက ဘေးမှနားထောင်နေ ပါသည်။မန္တလေးက ဆိုင်းအကြောင်း ဇာတ်အကြောင်းများ ပြောမဆုံးပါ။ညသန်းခေါင်လောက်မှ အိပ်ကြပါသည်။အိပ်ပျော်၍ သိပ်မကြာပါ။“မောင်သောင်း မောင်သောင်း” ဟု ဝင်းအပြင်ဘက်မှ နှိုးသံကြားရပါသည်။ ဘကြီးဦးလူဝ-ဒေါ်ထွန်းမယ်တို့၏သား ကိုသောင်းအား လာရောက်နှိုး

နေကြခြင်း ဖြစ်ပါသည်။ကိုသောင်း၏ ငယ်နာမည်မှာ မောင်စိန်ကြီး ခေါ်ပါသည်။ကိုသောင်းကို လာနှိုးကြသည့်သူများမှာ ဆယ်ယောက်လောက် ရှိပါသည်။နှိုးသံကြောင့် ကိုသောင်း နိုးလာပြီး ဝင်းတံခါးကို သွားဖွင့်ပေးပါသည်။

အဖေရော ဘကြီးရော အအိပ်အလွန်ဆတ်ပါသည်။အထူးသဖြင့် ဂျပန်ခေတ်က အကျင့်များ ရလာပြီဖြစ်၍ အရေးရှိက အမြဲတမ်း နိုးနိုးကြားကြားရှိနေတတ်ပါပြီ။ကိုသောင်းကို လာနှိုးသူများရော ကိုသောင်းပါ အိမ်ရှေ့တန်းလျားခုံပေါ်တွင် ထိုင်လိုက်ကြပါသည်။ကိုသောင်းမှာ ထိုအချိန်က ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။သူ့ကို လာနှိုးကြသောသူများမှာ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်များ ဖြစ်ကြပါသည်။"ကိုသောင်းက ဘာအကြောင်းရှိလို့လဲ"ဟု မေးလိုက်ရာ ချက်ချင်းပြန်မဖြေနိုင်ကြပါ။ခေတ္တကြာမှ သူတို့ထဲမှတစ်ယောက်က "ဗိုလ်ချုပ်တို့တော့ ကျသွားပြီကွာ"ဟု ပြောရင်း ငိုချလိုက်ပါသည်။ကျွန်တော် ထိုစကား ကြားလိုက်ရသောကြောင့် အတိုင်းမသိ ထိတ်လန့်တုန်လှုပ်သွားပါသည်။ရဲဘော်တွေအားလုံး ငိုနေကြပါသည်။ အဖေရော ဘကြီးရော အိပ်ရာမှ ထလာကြပါသည်။ဘကြီးက ရဲဘော်များအား "ဗိုလ်ချုပ်တို့ ကျတာ သေချာရဲ့လားကွာ"ဟု ဝင်မေးလိုက်ပါသည်။

"သေချာပါတယ် ဦးကြီးဝ။ဒါကြောင့် ကျွန်တော်တို့ မောင်သောင်းကို လာခေါ်တာ"ဟု ပြောလိုက်သည်။ရဲဘော်တွေအားလုံးရဲ့ ငိုသံက တိတ်ဆိတ်သောညမှာ ကျယ်လောင်နေပါသည်။ ရှိုက်သံတွေက ညအမှောင်ကို ဖောက်ထွင်းလျက်ရှိပြီး ကြိတ်မရခဲမနိုင် အံကြိတ်သံများ၊ တောက်ခေါက်သံများ အလွန်ပြင်းသည့် အသက်ရှူသံများက လွှမ်းမိုးနေပါသည်။ဗိုလ်ချုပ်သာမက အခြားခေါင်းဆောင်ကြီးများလည်း ပါသေးကြောင်း မိုင်းပွန်စော်ဘွားကြီး၊ မန်းဘခိုင်၊ ဦးဘဝင်း၊ ဦးရာဇတ်၊ သခင်မြ၊ ဒီးဒုတ်ဦးဘချိုတို့လည်း အားလုံး ကျဆုံးကုန်ပြီဖြစ်ကြောင်း နောက်ထပ် ဘယ်သူပါသေးလဲ ထပ်မသိရသေးကြောင်း ပြောရင်းက ငိုကြပါသည်။ကျွန်တော့်မှာ မျက်ရည်မဆည်နိုင်ပါ။ကျွန်တော်သည် ဗိုလ်ချုပ်ကို အလွန်ချစ်ပါသည်။ဘာကြောင့် ချစ်တာလဲဆိုတာ ကျွန်တော် ပြောမပြတတ်ပါ။မန္တလေး ရှမ်းဝိုင်း ဗိုလ်ချုပ်အောင်ဆန်း တရားပွဲကို ကျွန်တော် တက်ရောက်နားထောင်ခဲ့ဖူးပါသည်။နိုင်ငံရေးကို နားမလည်ပါ။ဗိုလ်ချုပ်ပြောပြ၍ လွတ်လပ်ရေးအကြောင်း နည်းနည်းပါးပါး နားလည်ရပါသည်။ဗိုလ်ချုပ်ကို ပြည်သူများက ထောက်ခံအားပေးကြပါသည်။ဗိုလ်ချုပ်မျက်နှာသည် ပြုံးလိုက်သောအခါများတွင် ကျွန်တော့်အဖေ ဦးဖိုးသစ်နဲ့ နည်းနည်းတူသည် ထင်ပါသည်။အဖေက အသက်ကြီးပြီး ဗိုလ်ချုပ်က နုပျိုနေခြင်းသာ ကွာခြားခြင်း ဖြစ်ပါလိမ့်မည်။ကျွန်တော်သည် ရှိုက်၍ရှိုက်၍ ငိုနေပါသည်။ဘယ်လို တမ်းတငိုရမလဲ အသံက ဘယ်လိုအော်ထွက်ရမလဲ အို. . ဗိုလ်ချုပ်ရဲ့ အော်ငိုရမလား၊ အဖေလိုပင် ချစ်၍ အို. . အဖေကြီးရဲ့ ငိုရမလား။စိတ်ထဲမှာ အလွန်အမင်း ကြေကွဲဝမ်းနည်းပြီး ငိုနေမိပါသည်။ကျွန်တော့် ပါးစပ်က မည်သည့်အသံမှ ထွက်မလာ၊ ရှိုက်သံများပဲ ထွက်နေပါသည်။ဗိုလ်ချုပ်တရားပွဲကို နားထောင်ပြီး ဗိုလ်ချုပ်ကို ကြည်ညိုတဲ့စိတ်၊ ချစ်တဲ့စိတ်၊ လေးစားတဲ့စိတ်၊ ဗိုလ်ချုပ်၏မျက်နှာတွင် ပေါ်နေသည့် ရိုးသားဖြောင့်မတ်ခြင်း၊ သတ္တိရှိခြင်းတို့အပေါ် ယုံကြည်မြတ်နိုးသောစိတ်က စွဲမြဲလာသည်ဖြစ်၍ ဝမ်းနည်းမဆုံး ကြေကွဲမဆုံးပါ။ဗိုလ်ချုပ်တို့ကို ဘယ်သူတွေက သတ်တာလဲ။ အင်္ဂလိပ်ကလား တို့မြန်မာထဲကလား။ဘယ်သူတွေများလဲ။

နောက်တစ်နေ့တွင် ဘုန်းဘုန်းကျောင်းသွား၍ ကန်တော့ပါသည်။ ဘုန်းဘုန်းမှာ လူအမည် ဦးဘညိုဖြစ်ပြီး ရဟန်းဘွဲ့တော်မှာ ဦးနာရဒဖြစ်၍ စွန်းလွန်းရွာ အရှေ့ကျောင်း

ကျောင်းထိုင်ဘုန်းကြီး ဖြစ်သည်။ထိုစဉ်က စွန်းလွန်းရွာတွင် အရှေ့ကျောင်း ဘုန်းဘုန်းကျောင်း၊ အနောက်ကျောင်း ဦးချစ်ကလေးကျောင်း၊ တောင်ကျောင်း ဦးကျောက်ကျောင်းဟူ၍ ကျောင်း သုံးကျောင်းရှိပါသည်။ဘုန်းဘုန်းမှာ မန္တလေးထွက်ဖြစ်၍ စာပေပရိယတ္တိ တတ်ကျွမ်းပြီး ဗေဒင် နက္ခတ်များကို ကောင်းကောင်းတတ်ကျွမ်းနားလည်ကာ စနေသားပီပီ အလွန်စိတ်မြန်ပါသည်။ အသားညိုညို အရပ်အမောင်းသင့်သင့်၊ မပိန်မဝ အသံမှာ ခပ်ပြာပြာရှိလျက် ဘုန်းဘုန်း တရားဟောလျှင် တရားနာသူများက ငြိမ်ငြိမ်သက်သက် နာယူသည်ကိုသာ တွေ့ရပါသည်။

ဘုန်းဘုန်းကို ကန်တော့ပြီး ကျောင်းဝိုင်းထဲ လှည့်ကြည့်ပါသည်။ ကျောင်း အရှေ့ဘက် က အုတ်လှေကားအဆင်းက ကျွန်တော်တို့ ကျောင်းနေစဉ်က ဖင်နဲ့ လျှောလျှောဆင်းသောနေရာ ဖြစ်ပါသည်။ကျောင်းသားချင်း ရန်ဖြစ်ကြသည့်နေရာ ဖြစ်သလို သည်အုတ်လှေကားမှာ သဲဒဏ် ကျတာ။ချောင်းထဲကသဲများ ကျောင်းပေါ် ထမ်းသယ်ရသော လှေကားဖြစ်ပါသည်။ကျောင်းဝိုင်း ထဲက တမာပင်မှာ အစ်ကို ကိုညဏ်ရင်နဲ့ ကျွန်တော် ဂျင်ထုတမ်းကစားကြရာနေရာဖြစ်ပြီး ကျောင်းပတ်ပတ်လည်ရှိ ဆူးပုတ်ပင်ကြီးများက ရှိနေတုန်း ဖြစ်ပါသည်။ကျောင်းကြီးမရှိတော့ သော်လည်း ရေကန်က ရှိနေတုန်းဖြစ်ပါသည်။ကျွန်တော်သည် ကျောင်းသားတုန်းက ငယ်သူငယ်ချင်းများကို ပြန်လည်သတိရလာသည်။ဦးဘရှင်သား မောင်ကိုကြီး၊ ချုံကြီးက ဖိုးရွှေ၊ အုံးဆောင်၊ အုံးမောင်၊ ဦးလေး ကိုကံညွန့်သား ကိုချစ်ဟန်၊ ကျွန်တော် တစ်ဖက်သတ်ကြိုက်၍ ကြိုက်ခဲ့သော အုံးမြိုင်၏မျက်နှာကိုလည်း ယောင်ကလပ်ကလေးနဲ့ မျက်စိထဲတွင် ပေါ်လာပါ သည်။

ကျွန်တော်တို့ မန္တလေးပြန်ရောက်ပြီး အဖေနဲ့ဘကြီး ပေးလိုက်သော ရွှေတိုစကလေး များ ပေါင်နှံရောင်းချစားသောက်ကြရပါသည်။အစ်ကို ဦးစိန်လှမောင်မှာ သူတစ်ယောက်တည်း ဝင်ငွေကောင်းကောင်းရှိသဖြင့် ကျွန်တော်တို့ ညီများအားလုံးက ဝင်ငွေမရှိကြသေးပါ။ဒါကြောင့် ဆိုင်းအလုပ်၊ သဘင်အလုပ်ဖြင့် အသက်မွေးကြရာတွင် ဝါတွင်းမှာ လုံးဝနီးနီး ဝင်ငွေမရှိပါ။

တစ်ရက်တွင် အစ်ကိုလေး ကိုစိန်မောင်နဲ့ အစ်ကို စကားများကြပါသည်။ ဘာအကြောင်းကြောင့်များတာလဲ မသိပါ။အစ်ကိုလေး ကိုစိန်မောင် အိမ်မှထွက်သွားပါသည်။ သူ့တွင် ပိုက်ဆံတစ်ပြားမှ မပါပါ။ရန်ကုန်သို့ မီးရထားဖြင့် လိုက်ပါသွားပြီး လက်မှတ်လည်း မပါပါ။ကျွန်တော် နောက်မှသိရသည်မှာ မီးရထားပေါ်တွင် တစ်ယောက်တည်း ငေးမောလိုက် ပါလာသော ကိုစိန်မောင်မှာ မည်သူနဲ့မျှ လည်း စကားမပြော၊ ဘာမှလည်း မစားမသောက် လိုက်ပါလာခဲ့ရ၏။ခရီးအတန်ရောက်သောအခါ မီးရထားလက်မှတ်စစ်က ကိုစိန်မောင်အား လက်မှတ်စစ်တော့သည်။လက်မှတ်မပါသော ကိုစိန်မောင်က-

"ကျုပ် လက်မှတ်မပါဘူး။ပိုက်ဆံလည်း မပါဘူး။အိမ်နဲ့စိတ်ဆိုး ထွက်လာတာ"ဟု ပြောသောအခါ လက်မှတ်စစ်က ကိုစိန်မောင်၏ ရုပ်ရည်ပုံသဏ္ဌာန် အကဲခတ်ကြည့်သောအခါ လူရည်သန့်တစ်ယောက်ဖြစ်နေပြီး ရထားလက်မှတ် ခိုးစီးသောသူလည်း မဟုတ်တန်ရာဟု တွေးမိသော်လည်း "ရထားလက်မှတ်မပါရင် ကျုပ်တို့က ဥပဒေအရ အရေးယူမှာပဲ"ဟု ပြောသော အခါ ကိုစိန်မောင်က "ကျုပ် အိမ်နဲ့စိတ်ဆိုးပြီး ထွက်လာတာ။ဒီအချိန်မှာ ဥပဒေစကား လာမပြောနဲ့ ခင်ဗျားတို့ ရထားအပြင်ဘက် လွှင့်သွားမယ်"ဟု ပြောပြောဆိုဆို ရှေ့တစ်လှမ်းတိုးရာ လက်မှတ်စစ်က အံ့အားသင့်နေစဉ် ဘေးမှ မွန်မွန်ရည်ရည် လူကြီးတစ်ဦးက ကြားဝင်၍ "ကဲကဲ ဒီမှာ သူငယ်က အိမ်ကစိတ်ဆိုးလာတာ ဟုတ်မှာပါ။ဒီတော့ သူ့အတွက် ရထားလက်မှတ် ကျုပ်

စိုက်ပေးမယ် ကျသလောက်ပေါ့"ဟု ပြောပြောဆိုဆိုဝင်၍ ရှင်းပေးလိုက်သဖြင့် လက်မှတ်ပြဿနာက ပြေလည်သွားပါသည်။ပြီးမှ ထိုပုဂ္ဂိုလ်ကြီးက ကိုစိန်မောင်အား-

"လူလေး မင်းအခု ဘယ်သွားမှာလဲ"မေးရာ

"ရန်ကုန်"

"ရန်ကုန်မှာ ဘယ်သူရှိတုန်း၊ အသိမိတ်ဆွေရော ရှိသလား"

"မရှိဘူး"

"ဟင် မင်းမှာ အသိမိတ်ဆွေမရှိဘဲ လျှောက်သွားလို့ မဖြစ်ဘူး၊ တို့နဲ့လိုက်ခဲ့"ဟု ပြောပြီး "ကဲကဲ ငါ့နားမှာထိုင်ထိုင်"ဟု ပြောဆိုကာ နေရာကလေးပေးသည်။ထို့နောက် အတူထိုင်နေသူများအား ထိုပုဂ္ဂိုလ်ကြီးက ဟော့ဒါ ငါ့ဇနီး၊ ဒါက ငါ့သမီး၊ ဒါက ငါ့သား၊ ရန်ကုန်မှာ အများကြီးရှိသေးတယ်။မင်းက မင်းနှမလေးတွေလို စောင့်ရှောက်နေပေါ့ဟု ပြောပြလေသည်။

ထိုပုဂ္ဂိုလ်ကြီးမှာ ကုလားမြန်မာ ကပြားဖြစ်၍ ကိုစိန်မောင်၏ အင်္ဂါရုပ်နဲ့ သတ္တိများကို မြင်ကတည်းက သဘောကျပြီး သူ့အိမ်သို့ ခေါ်သွားလေသည်။ သူ့အိမ်တွင် အပ်ချုပ်စက်အများကြီးဖြင့် အဝတ်အထည်များ ချုပ်နေသည်ကိုတွေ့ရပြီး အတော်အတန် ပစ္စည်းကြွယ်ဝချမ်းသာသည်ကိုပါ သိမြင်လာရသည်။ကိုစိန်မောင်၏ ရိုးသားဖြောင့်မတ်မှုကြောင့်လည်းကောင်း၊ စည်းကမ်းရှိမှုများကြောင့်လည်းကောင်း၊ ဝီရိယရှိမှုများကြောင့်လည်းကောင်း ထိုပုဂ္ဂိုလ်ကြီးက ကိုစိန်မောင်အား မောင်ညွန့်ဝေဟု အမည်ပြောင်းလဲပြီး သူတို့ ဇာဘော်လီအင်္ကျီဆိုင်ကြီးကိုပါ ညွန့်ဝေဝေ ဇာဘော်လီဆိုင်ကြီးဟု အမည်တပ်ပေးလိုက်ပါတော့သည်။

အစ်ကို ဦးစိန်လှမောင်မှာ စိန်ကျော်တင့်နဲ့ကွဲပြီး ဆိုင်းထောင်ရန်အတွက် ဆိုင်းဝိုင်းကို ပန်းပုဆရာကြီး ဦးအေးမောင်ထံ အပ်ပါသည်။ဦးအေးမောင်မှာ ရှေးပန်းပုဆရာကြီးဖြစ်ပြီး သူ့လက်ရာကောင်းကြောင်း သိပ်မသိကြပါ။အစ်ကိုက ပဥ္စရူပအရုပ်ကို အဘစိန်ဗေဒါ၏ ပဥ္စရူပရုပ်ပုံအတိုင်း ကြိုက်သဖြင့် ထိုအတိုင်း ပုံတူထုပေးရန် မှာကြားအပ်နှံထားပြီး ဆိုင်းဝိုင်းဖွဲ့စည်းရာတွင် ပန်းပြားရှစ်ချပ်ဖြင့် ဖွဲ့ရ၍ လူဝင် မင်းပေါက်အလွတ် ခုနစ်ချပ်ရှိသဖြင့် ပန်းပြားတစ်ချပ်လျှင် ကြယ်ကြီးတစ်ပွင့်စီထည့်၍ ထုလုပ်ပေးရန် ပြောကြားအပ်နှံထားလေသည်။ ထိုအတောအတွင်း ရွှေမန်းတင်မောင်ဇာတ်မှ အစ်ကို့အားခေါ်သဖြင့် အစ်ကိုဇာတ်နဲ့လိုက်ရာ ကျွန်တော်ပါ ပါသွားရလေသည်။ရွှေမန်းတင်မောင်ဇာတ်မှာ မြန်မာပြည်တွင် လျှမ်းလျှမ်းတောက်ကျော်ကြားပြီး နာမည်ကြီးသောအချိန် ဖြစ်လေသည်။ရွှေမန်းတင်မောင်ဇာတ်မှာ ထိုအချိန်တွင် ဆိုင်းက ဦးဘမောင်ကြီး ဖြစ်ပါသည်။ဦးဘမောင်ကြီးက အလင်္ကာကျော်စွာဘွဲ့ မရသေးပါ။ ဆိုင်းအဖွဲ့တွင် ဆိုင်းဆရာ ဦးဘမောင်၊ ကြေးတီး ရေဦး ကိုမြဒင်၊ နှဲ ဦးမြ၊ ပတ်တီးလက်ထောက် အစ်ကိုဦးစိန်လှမောင်၊ မောင်းတီး ကိုဘမောင်လေး (နောင်အခါ စံတော်ချိန် စိန်ဘမောင်)၊ ပတ်မတီး ကိုထွန်းစိန်၊ လင်းကွင်းတီး ကိုလှမင်း၊ ဝါးတီးနောက်ထ ဒုံတင် ဦးဆာမိ၊ ဝါးတီး ကိုရာတင့်၊ စည်းတီး အဆို ကိုဘခိုင်တို့ ဖြစ်ကြပါ၏။ကျွန်တော့်မှာ ဆိုင်းထဲတွင် ပညာသင်သဘောမျိုးဖြစ်ပြီး နေရာမရသေးပါ။ထို့ကြောင့် ကြံဖန်၍ နေရာရှာပြီး တီးရလေသည်။ဇာတ်ပွဲမှာ ရုံပွဲကြီးသာဖြစ်သဖြင့် ဆိုင်းတဝေါဝေါတီးနေလျှင် ဇာတ်ကံထရိုက်များရော၊ ဇာတ်အဖွဲ့ကပါ သဘောကျတတ်သဖြင့် ဇာတ်ပွဲရှိမှန်းသိစေရန် ညနေ ၃ နာရီ လောက်ကတည်းက ပတ်မကြီးကို ပတ်စာကပ်၍ ဗေထိဗေထိ အဆက်မပြတ် တီးလိုက်၊ တစ်ခါတလေ နားလိုက် တီးနေရာတွင် ဇာတ်သဘင်မန်နေဂျာဖြစ်ပြီး ရွှေမန်းဦးတင်မောင်၏ ယောက်ဖတော်သူ ဦးခင်သက်က ကျွန်တော့်အား မုန့်ဖိုး ၅ ကျပ် ပေးပါသည်။

ဦးခင်သက်ပေးသော မုန့်ဖိုးမှာ အလွန်တန်ဖိုးကြီးပါသည်။ဆိုင်းဆရာကြီး ဦးဘမောင် (ဦးလေးမောင်ပင်) တစ်ည ထိုစဉ်က ညကြေး ၄၀ ကျပ် ဖြစ်ပါသည်။ ကျွန်တော်သည် အထူးကြိုးစား၍ ဂီတပညာများကို သင်ယူရပါသည်။စစ်ပြီးခေတ် မန္တလေး၏ညှော်နံများကို ကျွန်တော့်နှာခေါင်းက စွဲနေပါသည်။ဆီချေးညှော်ခေါ် မီးခိုးတလူလူ မြင်းကွင်းနဲ့ အနံ့များကို မြင်တွေ့ရှူခဲ့ရသည်ကို ကျွန်တော် ပြန်လည်အမှတ်ရနေပါသည်။သို့သော် ရန်ကုန်ကတော့ ဤသို့မဟုတ်ပါ။ပုံးချခံထားရ၍ တိုက်တာအိမ်ခြေ လူနေများ ပျက်စီးလျက် လမ်းဘေး ရေဘုံတိုင်ကစ အင်္ဂတေလေးများ ကွာနေပါသည်။ရွှေမန်းတင်မောင်ဇာတ်နှင့် ကျွန်တော် ရန်ကုန်သို့ ရောက်နေရခြင်း ဖြစ်ပါသည်။ပညာသင်ဘဝမို့ လူကြီးများချစ်အောင် ကြံဖန်နေတတ်ရပါသည်။ ဆိုင်းဆရာကြီး ဦးဘမောင် (ဦးလေးမောင်) မှာ ဒေါ်မြသန်းရင်နဲ့ရတာ သိပ်မကြာသေးပါ။ဦးလေးမောင်တွင် အရင်မိန်းမကြီးရှိသည်ဟု ကြားသိရပါသည်။သို့သော် ဦးလေးမောင်၏ဇနီးကြီးကို ကျွန်တော်မသိပါ။ဒေါ်မြသန်းရင်ကိုသာ သိပါသည်။ ဒေါ်မြသန်းရင်မှာ ရွှေမန်းတင်မောင်နှင့်တွဲသော နှစ်ပါးသွားမင်းသမီး ဖြစ်ပါသည်။ တစ်ချိန်က ဘုရားဒါယကာကြီး ဂရိတ်ဦးဖိုးစိန်နဲ့ တွဲခဲ့ရသော မင်းသမီးတစ်ဦးလည်း ဖြစ်ပါသည်။ဒေါ်မြသန်းရင်မှာ သဘင်ပညာ ပြည့်ဝလှပါသည်။သဘင်ပညာတွင် ထက်ထက်မြက်မြက်ရှိပါသည်။ထို့ကြောင့်လည်း ဦးဖိုးစိန်ကြီးနှင့်တွဲစဉ်က ဦးဖိုးစိန်ကြီးက ဤသို့ နှစ်ပါးသွားထဲတွင် သီချင်းဖြင့် ဆိုခဲ့ပါသည်။

"လင်သယ်မောင် စိန် လိမ်ပါဘူးကွယ် စဉ်ဖြူခဲ့တယ်။ငယ်ငယ်လေးကို ထွေးထွေးပိုက်ပိုက် ကြိုက်လိုက်တော့မယ့် တစ်လှည့်စီပေါင်းတော့ မြသန်းရင် အကောင်းဆုံးကွယ်"

မင်းသမီးဆို "တည်တည်ကြည်ကြည် ပေါင်းမှာလားရှင့် စိန်စိန်ရယ် ဒီတိုင်းမှန်ရင် ကောင်းလိမ့်မယ်။လူရော နတ်ရော သာဓု သာဓု သာဓုခေါ်ကြမယ်"

ဒေါ်မြသန်းရင်မှာ ရုပ်မလှပါ။ရွက်ကြမ်းရေကြိုသာ ဖြစ်ပါသည်။အသား ညိုညိုသွယ်သွယ် ပါးစပ်ပြုပြု နွဲ့နွဲ့နှောင်းနှောင်း လုံးတော်ရပ်တော်မျိုး ဖြစ်ပါသည်။ အကမှာ အသင့်အတင့် ကောင်းမွန်ပါသည်။အထူးကောင်းသည်မှာ ဒေါ်မြသန်းရင်၏ သီချင်းဆိုနည်းများနှင့် အသံစကားပြောများ ဖြစ်ပါသည်။ဒေါ်မြသန်းရင်သည် သီချင်းကြီး သံရိုးများ တော်တော်ရထားသဖြင့် သီချင်းဆိုရာတွင် အမြဲတမ်း ဌာန်ကရိုဏ်းကျလှပါသည်။အသံမှာ အလွန်မြည်ပြီး လိုသလိုသုံးနိုင်သောအသံမျိုးဖြစ်ကာ ဇာတ်လမ်းများ၏ သရုပ်ဆောင်စကားပြောရာတွင် လွန်စွာ အသက်ဝင်အောင် ပြောနိုင်သူဖြစ်ပါသည်။ဒေါ်မြသန်းရင်ကို ကျွန်တော်က အမေဟု ခေါ်ပါသည်။ အခြားသူများက ဤသို့ခေါ်ကြသဖြင့် လိုက်ခေါ်မိခြင်းဖြစ်သည်ထင်ပါသည်။ ဦးလေးမောင်ကမူ သူ့ဇနီးဒေါ်မြသန်းရင်ကို အဒိန်းဟု ခေါ်ပါသည်။ဘာကြောင့် အဒိန်းခေါ်သည် မသိပါ။ ဒေါ်မြသန်းရင်မှာ ဦးလေးမောင်ရင်ထဲ၌ ဒိန်းခနဲ ဆောင့်သွားသဖြင့် အဒိန်းဟုခေါ်ခြင်းဖြစ်မည်ထင်ပါသည်။သူတို့သောက်ရန် သောက်ရေကို ကျွန်တော်က ခပ်ပေးရပါသည်။ဦးလေးမောင်က သောက်ရေတစ်ခွက်ကို သူတို့ လင်မယားနှစ်ယောက် သောက်ပါသည်။သူ့အကျန်ကို ပေးခြင်း မဟုတ်ပါ။သူ မသောက်ခင် တစ်ဝက်ခွဲ၍ ဒေါ်မြသန်းရင် အမေလေးအား အပေးခိုင်းခြင်း ဖြစ်ပါသည်။ဦးလေးမောင်သည် ရှပ်အင်္ကျီစတစ်ကော်လံလက်ရှည် အမြဲဝတ်ပါသည်။ ရှေ့ပိုင်း အော်ပရာများတီးနေစဉ် အင်္ကျီလက်ရှည်ကို တတောင်ဆစ်ရှေ့နားထိ ခေါက်ပြီး တီးပါသည်။ နှစ်ပါးသွားခန်းတွင် အင်္ကျီလက်ကို တစ်တောင်ဆစ်အထက်ထိ မပြီး တီးပါသည်။နောက်ပိုင်း

တီးရာတွင် အကျီလက်ရှည် မဝတ်တော့ပါ။စွပ်ကျယ်အကျီနဲ့သာ တီးပါသည်။စွပ်ကျယ်အကျီမှာ အကျီလက်ပြတ် မဟုတ်ပါ။လက်စက ကြယ်သီးတပ်များ ဖြစ်ပါသည်။ဦးလေးမောင်သည် စီးကရက်တစ်လိပ်ကို ၂ ခါ သောက်ပါသည်။တစ်ဝက်အရောက်တွင် ပတ်စာခွာသည့်ဓားက ရေကျန်လေးနဲ့ အသာဖိကပ်၍ ငြိမ်းလိုက်ပါသည်။ပြီးတော့ ဆိုင်းဝိုင်းပေါ်တွင် တင်ထားလိုက်ကာ နောက်တစ်ဖန် ပြန်သောက်ချင်သောအခါမှ ထပ်၍မီးညှိပြီး သောက်ပါသည်။ ဦးလေးမောင်သည် နှစ်ပါးသွားခန်းများတွင် တစ်ဆစ်လုံးခေါ် သံမှန်လုံး အကြီးမှ ခြောက်ပေါက်ဖျားထိ ၁၄ လုံးဖြင့်သာ ပတ်စာကပ်၍ တီးပါသည်။သို့သော်လည်း ပြောင်းပြောင်းချင်းဆက်အောင် တီးနိုင်ပါသည်။ ဦးလေးမောင်၏နာရီ ရွှေလက်ပတ်ကြိုးသည် ၁၀ ကျပ်သားတိတိရှိသော သံကြိုးအလိမ် ဖြစ်ပါသည်။ဦးလေးမောင်၏ လက်ညှိုးသည် သာမန်လက်မထက် တစ်ဆလောက် တုတ်ပါသည်။ ဦးလေးမောင်သည် ဖြတ်ထိုး လာဘ်တီးနည်းများ သဘောတီးနည်းများ အလွန်ကောင်းပါသည်။ နောက်ပိုင်းများတွင် အမေလေး ဒေါ်မြသန်းရင်က (မြိုင်ယံအုပ်ကယ်က ရွှေဘုတ်ကယ်ဆော်) သံရိုးကို ဆိုပါသည်။အမေလေးအဆိုနဲ့ ဦးလေးမောင်အတီး အလွန်လိုက်ဖက်ပါသည်။သူတို့ အကြင်လင်မယားဖြစ်ခြင်းကြောင့် အဆိုနဲ့အတီး လိုက်ဖက်ခြင်း မဟုတ်ပါ။အမေလေး၏ သံရိုး သန္ဓေကောင်းမှုနှင့် ဦးလေးမောင်၏ သံရိုးနိုင်နင်းမှုအပေါ် မူတည်ပြီး အဆိုအတီး အတွဲညီခြင်း ဖြစ်ပါသည်။

နဲ့ ဦးလေးမြမှာ ထိုစဉ်က အသက် ၄၀ ပတ်ဝန်းကျင်တွင် ရှိပါသည်။ နဲ့သံကောင်းသလောက် နဲ့လက်များ သွက်ပါသည်။သဘောကောင်းပြီး အေးအေးဆေးဆေးနေတတ်လျက် နောက်ပိုင်း မငိုက်တတ်ပါ။ကြေးတီး ဦးမြဒင်မှာ ဆေးတံသောက်တတ်သူ ဖြစ်ပါသည်။ စိတ်တိုတတ်သော်လည်း သဘောကောင်းပါသည်။ ကြေးနောင်တီး အလွန်ကောင်း၍ အားလုံးက ပင် သူ့ကို အတော်အလေးထားကြရသည်ကို သတိပြုမိပါသည်။မောင်းတီး ကိုဘမောင်လေးမှာ ကျွန်တော်တို့ မြင်းခြံ၊ တောင်သာနယ် ဆီမီးခုံရွာ ဆရာဖေ၏သား ဖြစ်ပါသည်။သူ့၏အဖေ ဆရာဖေက ကျွန်တော်တို့အမေ ရုပ်သေးအဖွဲ့နဲ့ တွဲဖူးပါသည်။ကိုဘမောင်လေးမှာ အလွန်ဉာဏ် ကောင်းပါသည်။သီချင်းတိုက်ရာ တီးလုံးတိုက်ရာများတွင် ဇာတ်ဆရာ ရွှေမန်းဦးတင်မောင်က သူ့ကို ဦးစားပေး တီးခိုင်းပါသည်။ကိုဘမောင်လေး၏ မောင်းဆိုင်းလက်သံမှာ အလွန်နားဝင် ချိုအောင် ကောင်းလှပြီး လက်ပေါပေါ သွက်သွက်တီးနိုင်သူ ဖြစ်ပါသည်။ကွက်ပြောက်များ တီးနိုင်ပါသည်။ရွှေမန်း တင်မောင်နှင့် အတွဲညီသော မင်းသမီး စိန်လှကြည်၏ယောက်ျား ဖြစ်ပါသည်။ နောက်ပိုင်း တစ်ခါတစ်ခါ ဆိုင်းဝိုင်းထဲ ဝင်တီးပါသည်။ဆိုင်းတီးလက်မှာ ပျော့ပျော့လေးနဲ့ ပတ်သံချိုပါသည်။ပတ်မတီး ကိုထွန်းစိန်မှာ ရန်ကုန်သားဖြစ်သော်လည်း ရိုးသားဖြောင့်မတ်ပါသည်။ ပတ်မတီးကောင်းတစ်ယောက် ဖြစ်ပါသည်။အသားဖြူဖြူ ကတုံးဆံတောက်နှင့် ကွမ်းအမြဲစားပါသည်။လင်းကွင်းတီး ကိုလှမင်းမှာ ဆိုင်းထဲတွင် အလုပ်အရှုပ်ဆုံးလူ ဖြစ်ပါသည်။အသားဖြူဖြူ မျက်ခမ်းစပ်စပ် မိန်းမပေါ့များ လိုက်စားခြင်းကြောင့် တစ်ခါတစ်ရံ ထော့နင်းထော့နင်းသွားရသူ ဖြစ်ပါသည်။ မင်းသားရဲ့ အချစ်တော်ဖြစ်၍ သူ့ကို မည်သူကမှ သိပ်မပြောရဲကြပါ။ဆိုင်းဝိုင်းရှေ့တစ်ဝိုက်တွင် ဖြစ်သလို စောင်စုတ်များ၊ ဖျာများခင်း၍ နေရာရောင်းစားပါသည်။ နှစ်ပါးသွားထဲတွင် မင်းသားဆွဲသော ပန်းကုံးများ နံနက်လင်းရင် သိမ်ကြီးဈေးထဲက အမျိုးသမီးများထံသွားပို့တတ်ပါသည်။လင်းကွင်းတီးကောင်းပြီး နောက်ပိုင်း ငိုက်တတ်ပါသည်။အသားဖြူဖြူ အသံပြာလဲ့သလို ဖြစ်ပါသည်။

ဝါးတီးနောက်ထ ဒုံတင် ဦးဆာမိမှာ ကျွန်တော်နဲ့ ခဏခဏရန်ဖြစ်ရပါသည်။သူက ရွာစားကြီး အဘစိန်ဗေဒါကို စကားပြောရာတွင် ပမာမခန့် မလေးမစား ဗေဒါမောင်လေးဟု ခေါ်သဖြင့် ကျွန်တော်က မခံမရပ်နိုင်ဖြစ်ပြီး သူနဲ့ ရန်ဖြစ်ရခြင်းဖြစ်ပါသည်။သူ့ဇာတိမှာ စစ်ကိုင်းကဟု ပြောပါသည်။ဒုံတင် ဦးဆာမိမှာ မုတ်ဆိတ်မပါသော ကုလားအဘိုးကြီး တစ်ယောက်နဲ့ တူပါသည်။အသားမည်းမည်း နှာတံရှည်ရှည် အရပ်အမောင်းကောင်းပါသည်။ ဦးလေးမောင်ကို သူက ကိုဘမောင်ဟု ခေါ်ပါသည်။ဦးလေးမောင်က လေပြေထိုးထဲတွင် သီချင်းကြီး ထည့်သွင်းတီးရာ သူ လိုက်မဆိုနိုင်သောသီချင်း မရှိသလောက်ထင်ပါသည်။သိင်္ဂါရွှေရောင်၊ မြန်ချာမြေကို၊ အောင်မြေသာစံ၊ မြမန်းကိုယ်ရုံ၊ ဇေယျာရွှေမြေ၊ ပန်းမြိုင်လယ်၊ ခိုင်ပန်းစုံ၊ ရွှေတညာ၊ ပန်းညောင်လှိုင်ဘွဲ့ ဘယ်သီချင်းထဲကတီးတီး ဖြတ်တီးတီး၊ အစကတီးတီး သူက လိုက်ဆိုပါသည်။လိုက်နိုင်ပါသည်။နောက်ပိုင်းများတွင် အမြဲငိုက်ပါသည်။ငိုက်သော်လည်း လေပြေထိုးရာ ငိုချင်းတီးရာ သူ့ဝါးတစ်ချက်မျှ မလစ်ပါ။အလွန်သတိကောင်းပါသည်။ ငိုက်နေသော်လည်း သူ့ဝါးလက်ခုပ်ကို လက်ကကိုင်၍ ငိုက်ပါသည်။ တစ်ခါက သူ့ဝါးလက်ခုပ်ကို ကျွန်တော်က တီးမရအောင် သူငိုက်နေတုန်း နှီးစလေးနဲ့ စည်းထားပါသည်။ငိုချင်း စတီးလျှင်တီးချင်း သူ့ဝါးလက်ခုပ်ကို ခါတိုင်းလို ဆွဲယူမြှောက်၍ လက်နှစ်ဘက်ဖြင့် အောက်က ဝါးခြေကို ကိုင်ကာ တီးပါသည်။ မရပါ။ ဘယ်လိုတီးတီး မရပါ။ခါတိုင်း သူ့ဝါးသံက အလွန်မြည်ပါသည်။ ယခုတော့ သူ့ဝါးသံ မလာ၍ သူ့အား ဝိုင်းကြည့်နေကြပါသည်။သူ့ဝါးကို အားစိုက်တီးသော်လည်း မမြည်တော့ပါ။ကိုရာတင်မှာ ဆိုင်းထဲတွင် တန်ခိုးအမှိန်ဆုံးလူ ဖြစ်ပါသည်။ဒါ့ကြောင့် ကိုရာတင်နဲ့ ကျွန်တော့်လို ပညာသင်လူငယ်တစ်ယောက်နှင့် အပေါင်းအသင်းလုပ်၍ လွယ်ကူပါသည်။

ရွှေမန်းတင်မောင်ဇာတ်နှင့် ပုသိမ်မြို့သို့ ရောက်ပါသည်။ဇာတ်ကကျွေးသော ထမင်းဟင်းများက အလွန်ညံ့ဖျင်းပါသည်။ဇာတ်ဆရာက ဇာတ်သမားများအတွက် ထမင်းဟင်းချက်ရန် ပေးသော ငွေများက မနည်းပါ။သို့သော် ထမင်းဟင်းချက်ရာ တာဝန်ယူသော သူ့အမျိုးများက ထိုငွေပေါ်မှာ ခေါင်းပုံဖြတ်ကြသဖြင့် ဇာတ်သမားများအားကျွေးသော ထမင်းမှာ ထမင်းသာ အမည်ခံနိုင်ပြီး ဟင်းကညံ့၍ မစားကြပါ။အစ်ကိုက အစားသမားဖြစ်၍ ဟင်းညံ့ဖျင်း၍ မစားနိုင်ပါ။ကျွန်တော်ပါခေါ်၍ ထမင်းဆိုင်သို့ သွားစားပါသည်။ကျွန်တော်တို့ အညာဒေသလို မဟုတ်ပါ။ ငါးပုစွန်ပေါလှသဖြင့် ဈေးချိုချိုဖြင့် စားရပါသည်။ထိုစဉ်က ထမင်းတစ်ပွဲ ကြိုက်သည့်ဟင်းနှင့် အဝစား ငါးမူးဖြစ်ပါသည်။အစ်ကိုကလည်း စားနိုင်ပါသည်။ကျွန်တော်ကလည်း တော်တော်စားနိုင်ပါသည်။ညီအစ်ကိုနှစ်ယောက် ထမင်းလိုက်ပွဲ ငါးပွဲလောက် လိုက်ရပါသည်။ရွှေမန်းတင်မောင်ဇာတ်အဖွဲ့ ပုသိမ်မြို့တွင် ပွဲကစဉ် လူအလွန်စည်ပါသည်။ညတိုင်းညတိုင်း ရုံပြည့်ရုံလျှံ ပရိသတ်များက စည်ကားလှပါသည်။ကျွန်တော့်အစ်ကို ဦးစိန်လှမောင်မှာ ကျွန်တော်နဲ့မတူပါ။အသားဖြူလူချောတစ်ယောက်ဖြစ်ပါသည်။ပွဲက၍ သုံးရက်လောက်တွင်အရတွင် အစ်ကို့မှာ ရည်းစားတစ်ယောက် ရှိလာပါသည်။ထိုအမျိုးသမီးမှာ ရုပ်ရည်အလွန်ချောမောလှပပြီး အစ်ကို့ထက် အသက်နည်းနည်းငယ်ကာ လိမ္မာသည် ထင်ပါသည်။ထိုအမျိုးသမီးမှာ ပွဲစကသည့်ညကပင် အစ်ကိုတီးသော ကြေးနောင်ဝိုင်းနားမှာ ဖျာများ ဝယ်ခဲ့ပါသည်။ နောက် ညတိုင်းညတိုင်း ဤနေရာကဖျာကို ပွဲပြီးထိ တစ်ခါတည်း ဝယ်ထားလိုက်ပါသည်။ငွေကြေးချမ်းသာသူများဖြစ်သဖြင့် ပွဲကြည့်ရာတွင် သူ့အမေ၊ အဖေအပြင် အခြားမိန်းကလေးအဖော် နှစ်ယောက်စ သုံးယောက်စ

ပါတတ်ပါသည်။ဖျာလေးချပ် အစအဆုံးဝယ်ထားပြီး ကော်ဇောများခင်း၍ စားစရာ သောက်စရာများ အပြည့်အစုံ ပါပါသည်။အစ်ကို့ကိုလည်း ကျွေးပါသည်။အစ်ကိုကတစ်ဆင့် ကျွန်တော့်ကို ကျွေးပါသည်။

ဇာတ်က၍ ငါးည ခြောက်ညလောက်အပြီး ထိုအမျိုးသမီးအိမ် အစ်ကိုရော၊ ကျွန်တော်ရော လိုက်သွားပါသည်။ရောက်သောအခါတွင် အိမ်မဟုတ်ဘဲ တိုက်ဖြစ်နေပါသည်။ဝင်းကြီးခြံကြီးနှင့် အလွန်ကျယ်ဝန်းပြီး ကောင်းမွန်လှပါသည်။ သူတို့ထံရောက်ပြီး ခဏအကြာ အစ်ကိုနဲ့ ကျွန်တော့်ကို ထမင်းများကျွေးပါသည်။ ဖွယ်ဖွယ်ရာရာ စုံလင်လှပြီး ထိုအမျိုးသမီးက အစ်ကို့ဘေးနားက ယပ်ခပ်ပေးပါသည်။အစ်ကိုရော ကျွန်တော်ပါ တစ်ညလုံး ဆိုင်းတီးထားရသူများဖြစ်၍ အိပ်ချင်နေကြပါပြီ။ထမင်းစားပြီး တိုက်ခန်းမ၏ ညာဘက်ဘေး ခုတင်ကြီးပေါ်တွင် ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် အိပ်ပျော်သွားပါသည်။

နောက်ရက်များတွင် ဇာတ်ထဲ၌ အစ်ကို့ကို ၆၀၀၀ ကျပ်ကြီး၊ ၆၀၀၀ ကျပ်ကြီးဟု ခေါ်လာကြပါသည်။ဤသို့ ၆၀၀၀ ကျပ်ကြီးဟု ခေါ်ရခြင်းမှာ အစ်ကိုနဲ့ ဖြစ်နေသော မိန်းကလေးများ၏မိဘများက အစ်ကို့ကို ဆိုင်းတစ်ဖွဲ့စာ ပစ္စည်းများဝယ်လျှင် မည်မျှကုန်မည်နည်းမေးရာ စုစုပေါင်းအားလုံး ၆၀၀၀ ကျပ်ခန့် ကုန်မည်ဖြစ်ကြောင်း ပြောရာတွင် မိန်းကလေးရှင် မိဘများက သူတို့သမီးနှင့် မေတ္တာရှိနေသူဖြစ်သဖြင့် သဘောတူပြီး ပေးစားကြမည်ဖြစ်ရာ သူတို့နှင့်အတူနေခဲ့ရန် ဇာတ်နောက်လိုက်မသွားတော့ရန် ဆိုင်းမတီးစေဘဲ သူတို့လို ကုန်သည်ပွဲစားလုပ်ရန် အကယ်၍ တီးချင်ပါက အပျော်တမ်းတီးနိုင်အောင် ဆိုင်းပစ္စည်းများ ဝယ်ပေးထားမည်ဖြစ်၍ မည်ရွေ့မည်မျှ ကုန်ကျမည်ကို မေးမြန်းထားခြင်းပင် ဖြစ်ပါသည်။ ဇာတ်ထဲတွင် အစ်ကိုနဲ့ မင်းသမီးများက ခင်မင်ရင်းနှီးကြပါသည်။မောင်နှမများကဲ့သို့ တစ်ယောက် အကြောင်းရှိက တစ်ယောက်က ကူညီကြပါသည်။ထိုစဉ်က နှစ်ပါးသွားခေါင်းဆောင်မင်းသမီးများတွင် မြသန်းရင်၊ စိန်လှကြည်၊ ရတနာပုံ ခင်ကြည်၊ အောင်သန်းကြည်တို့ ဖြစ်ပါသည်။ရတနာပုံမခင်ကြည်၏ယောကျ်ားမှာ ဦးဘညွန့်ဖြစ်၍ စီးကရက် အမြဲသောက်ပါသည်။အောင်သန်းကြည်၏ယောကျ်ားမှာ ဦးမှတ်ကြီးဖြစ်ပါသည်။အစ်ကိုနဲ့ မင်းသမီးများမှာ မောင်နှမတွေလို နေခြင်းကြောင့် တစ်ရက်တွင် အိပ်ရာမှအနိုး ရတနာပုံ မခင်ကြည်က အစ်ကို့အား ပြောနေပါသည်။ “ကိုလှမောင် ရှင့်မှာလည်း သားကြီး မယားကြီးနဲ့ ဟိုကလေးမကို ယူနိုင်မှာလည်းမဟုတ်ဘဲနဲ့ သွား မစပါနဲ့”ဟု ပြောပါသည်။ထိုအချိန်တွင် မခင်ကြည်၏ယောကျ်ားရော၊ ကျွန်တော်ရော အနားမှာ ရှိပါသည်။အစ်ကိုက မျက်နှာခပ်ပြုံးပြုံး “မခင်ကြည်ကလည်း ကုသိုလ်ကောင်းလို့ စွံတာပဲဗျာ”ဟု ပြောပါသည်။ထိုအခါ မခင်ကြည်က “ကျွန်မ သားသမီးချင်းစာနာလို့ ပြောတာရှင့် ကုသိုလ်ကံ ကောင်းမနေနဲ့”ဟု ခပ်ဆောင့်ဆောင့် ပြန်ပြောပါသည်။တစ်ရက်ထက်တစ်ရက် ထိုအမျိုးသမီးဘက်က ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်း ဆက်ဆံလာတာလေးများကို တွေ့နေရပါသည်။အစ်ကို့အတွက် ဓာတ်ဘူးနဲ့ လက်ဖက်ရည်ယူလာခြင်း၊ ကိတ်မုန့်၊ အခြားမုန့်၊ လက်ဖက်သုပ်၊ စီးကရက်များဖြင့် နေ့စဉ် တိုးတိုးလာပါသည်။တဖြည်းဖြည်း ပုသိမ်မှာ ပွဲကတဲ့ရက်ကုန်တော့မည်။ အစ်ကို့ကိုလည်း သူတို့က ပုသိမ်တွင်နေခဲ့ရန် ပြောပါသည်။တစ်ညတွင် ထိုအမျိုးသမီးမှာ အထူးအလှအပများဖြင့် ဝတ်စားလာသည်ထင်ပါသည်။အစ်ကိုကလည်း ကြေးနောင်ဝိုင်းထဲမှာနေ၍ ထိုအမျိုးသမီးဆီလောက်ပဲ အာရုံရောက်နေပါသည်။ အော်ပရာအပြီး ခေတ္တအနားတွင် တစ်စုံတစ်ယောက်က “ကိုလှမောင်”ဟု လှမ်းခေါ်လိုက်ပါသည်။ကျွန်တော်ရော

အစ်ကိုရော လှမ်းကြည့်လိုက်ရာ ရတနာပုံ မခင်ကြည်ဖြစ်နေပါသည်။မခင်ကြည်က လက်ဖက်ရည်အချို့ ကိတ်မုန့် စီးကရက်၊ ရေနွေး ကရားတစ်လုံးပါ လင်ပန်းဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ထည့်ယူလာပြီး အစ်ကို့ကြေးနောင်ဝိုင်းနား ရပ်လိုက်ကာ အစ်ကို့ကို ပြောပါသည်။

"ကိုလှမောင် ရှင်က ဂရုမစိုက်ပေမယ့် ကျွန်မကတော့ ဂရုမစိုက်ဘဲ မနေနိုင်ဘူးရှင့်။ ရှင်သောက်ရအောင် လက်ဖက်ရည်လာပို့တာ"

"ဗျာ"

"ဟုတ်တယ်လေ ရှင်က သားမယားကို ပစ်ပစ်ထားပြီး ရှင်နေချင်သလို နေပြီးတော့ ကျွန်မကိုနှိပ်စက်"ဟု ပြောပြောဆိုဆို လက်ဖက်ရည်ပွဲကို လှမ်းပေးလိုက်ပါသည်။

"ဟာ မခင်ကြည် အဲဒီလို မလုပ်နဲ့ဗျာ"

"ရှင် ဘယ်လို"

"ခင်ဗျားနဲ့ ကျုပ်နဲ့ ဘာဆိုင်လဲ"

"ဩော် ခုတော့ ဆိုင်ချင်တဲ့လူတွေရှိနေတော့ ရှင်က ကိုယ့်မိန်းမကို ဒီလိုပြောတော့ မှာပေါ့"

ကျွန်တော်က အစ်ကိုနဲ့ဖြစ်နေသော အမျိုးသမီးဆီ လှမ်းကြည့်လိုက်ရာ သိသိသာသာ မျက်နှာပျက်နေပါတော့သည်။

"ကိုလှမောင် ရှင်က ပွဲသိမ်းတော့ လျှောက်အလေလိုက်နေ၊ ကျွန်မမှာတော့ ရှင်ပြန်လာ နိုးနဲ့ စောင့်နေခဲ့ရတာ အမော" အခြေအနေများ အလွန်ဆိုးရွားသွားပါသည်။အစ်ကိုရှေ့က အမျိုးသမီးလေးသာမက သူ့လူကြီးများ၊ အဖော်များပါ ပစ္စည်းများသိမ်း၍ အိမ်ပြန်ရန် ပြင်ဆင် လျက် ရှိနေပါပြီ။ရတနာပုံ မခင်ကြည်ကတော့ ငိုမဲ့မဲ့ မျက်နှာထားလုပ်ကာ-

"ခုလည်း ရှင်ကျေနပ်အောင် ကျွန်မ လက်ဖက်ရည်ပွဲလာပို့တာပါ" အစ်ကို့မှာ မခင်ကြည်ကို စိတ်ဆိုးသော်လည်း ဘယ်လိုမှ ပြောမရမှန်းသိပြီးဖြစ်၍ နောက်မှ ကြည့်ရှင်းမည်ဟု သဘောထားလိုက်ဟန် တူပါသည်။အစ်ကို့အမျိုးသမီးလေးနဲ့ အဖွဲ့လည်း ပြန်သွားကြပါပြီ။ ရွှေမန်းတင်မောင်ဇာတ်အဖွဲ့ကြီး ပုသိမ်မြို့မှကအပြီး ပြန်သောအခါ ထိုအမျိုးသမီးလေးနဲ့ အစ်ကိုတို့ဇာတ်လမ်းလည်း အလိုလိုရပ်သွားပါတော့သည်။

ဒေါ်ထွေးကျင်မှာ ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၏ အပျိုတော်ကြီး ဖြစ်ပါသည်။ အပျိုတော်ခန်းမှာ ၄၅ မိနစ်ခန့်ကြာ၍ တီးကွက်များ ကောင်းလှပါသည်။ ကျွန်တော်တို့လို ပညာသင်များအဖို့ အပျိုတော်အခန်းသည် အလွန်ပညာရပါသည်။ ပွတ်ယိုင်ကစပြီး ပျိုလေး ကြိုလှဲ့လို့ မှာခဲ့တယ်လေ အစချီပြီး တီးရပါသည်။ အပျိုတော်ခန်းတွင် ကျွန်တော် မောင်းဆိုင်းတီး ရပါသည်။မောင်းကွက်များ လက်အပေါ့ အဖျားတီးနိုင်ရန် နေ့လယ်ခင်းများတွင် တီးကွက်များ ကြံစည်ပြီး ည အပျိုတော်ခန်းများတွင် ထည့်ထည့်တီးပါသည်။ရင်တွင်းငှက်ကယ် သိကြားနတ်သံ တပေါင်တိုင်များထဲတွင် မောင်းကွက်ပြောက်တွေချည်း တီးပါသည်။တစ်ညတွင် ဇာတ်ဆရာ ရွှေမန်းတင်မောင်က သနပ်ခါးလိမ်းရာမှထလာပြီး ကားလိပ်ကြားမှနေ၍ မောင်းတီးနေသူ ကျွန်တော့်ကို လှမ်းကြည့်ပါသည်။ဤသို့ ဇာတ်ဆရာက ထလာပြီး အရေးတယူကြည့်ခြင်းခံရက အများကြီး ဂုဏ်တက်သည်ဟု တစ်ဇာတ်လုံးက ယုံကြည်မြဲဖြစ်ပါသည်။ဆိုင်းဆရာကြီး ဦးဘမောင် (ဝါ) ဦးလေးမောင်မှာ ဇာတ်တီး အလွန်ကောင်းပါသည်။လေပြေထိုးများတွင် သီချင်းကြီးများဆိုင်ရာ တီးတာကအစ အော်ပရာများ၊ ပြဇာတ်များ၊ နှစ်ပါးသွားများ တီးရာတွင်

လည်း လက်က အလွန်ပေါ့ပါသည်။ပတ်သံမှာ ကြည်လင်ပြီး ပတ်လုံးကလေးများက ဝေါက်ဝေါက် ထွက်နေပါသည်။တစ်ညလုံး ကျွန်တော့်တွင် မှတ်စုရာများဖြင့် ပြည့်နေတတ်သဖြင့် မငိုက်ရပါ။မအိပ်ရပါ အမြဲတမ်းမှတ်သားနေရပါသည်။ပွဲသိမ်း၍ နံနက်ပင်လျှင် ကြော်ငြာ လှည့်ရန် ကြော်ငြာကားက ရုံဝလာပြီမို့ ကြော်ငြာကားပေါ်မှာ တီးရပါသည်။ကျွန်တော်က ပတ်လုံး ၂ လုံးနဲ့ ပတ်မ၊ ဒုံတင် ဦးဆာမိက မောင်းကြီး၊ ကိုလှမင်းက လင်းကွင်း၊ ကိုရာတင်က နှဲကြီးဖြစ်ပြီး စည်တော်ရှမ်း တီးကြပါသည်။ ဒုံတင် ဦးဆာမိက စည်တော်သံများကို အများကြီး ဆိုပါသည်။ရွှေဘုန်းတော် တိုးပါလို့ ငွေမိုးတွေရွာ၊ နိုင်ငံတော်ပြည်အရေးက သာလှတယ်လေး။ အောင်ဘာလေ သပြေညိုဆိုတဲ့ပန်းရယ် ရေချမ်းကိုလောင်း ရေချမ်းကို လောင်းပါလို့ အောင်ပန်း ကိုပန်၊ ဘေးဆယ်ဒဏ် ရန်ဆယ်ပါး ကင်းလွတ်စေသား။ရွှေပြုဗွေဝိဒေစွန်းက ဖာလ်နေဝန်းပေါ် မြတ်နှစ်ဖော်စံမငြီးတယ်။မန်းရွှေမြို့ကြီး ရန်ကြီးအောင် ကုန်းဘောင်ခပါလို့ ငါးမည်ရ ပြည်ရွှေဘို၊ ဘေးရန်ကပြို မုဆိုးဖို ရန်ပြိုတဲ့ ရတနာသိယ်မှာ ဘိုးတော်ဒေသကန်တော်မှာ ပဒုမ္မာရွှေကြာ ဘိုးတော်စံရာ နတ်ပြည်နဲ့တူလေခြင်း၊ ဘိုးတော်စံခင်း ရန်မျိုးရယ်တဲ့ အောင်ပါစေ ကုန်းဘောင် မြို့ကျေး နေညိုညို စည်တော်သံချိုပါလှတယ် ရွှန်းဆိုရဲ့လေး။

တစ်ပုဒ်ပြီးတစ်ပုဒ် စည်တော်သံများကို ဦးဆာမိက သံနေသံထား စည်းဝါးမှန်မှန် ဆိုပါသည်။ကြော်ငြာကားမှာ တစ်လမ်းလုံး စည်တော်ရှမ်းလာသည်ဖြစ်၍ တစ်လမ်းဝင် တစ်လမ်း ထွက် တစ်နာရီလောက်ကြာတော့ သူရသော စည်တော်သံများ ကုန်ပါသည်။မကုန်လည်း အချိန်မီ စည်းဝါးမပြက် ဝင်ဆိုရန် မေ့နေ၍ ကျန်နေတာမျိုးလည်း ဖြစ်နိုင်ပါသည်။ဦးဆာမိက အလွန်ဉာဏ်ကောင်းသူ ဖြစ်ပါသည်။ကျွန်တော်တို့က ရယ်မောရ၍ သူရသော စည်တော်သံများ ကုန်ပြီလားဟု မျက်နှာရိပ် မျက်နှာကဲဖြင့် မေးကြရာတွင် စည်တော်သံတစ်ပုဒ်ကို ဆိုပါသည်။ တကယ်တော့ စည်တော်သံမဟုတ်ပါ။သို့သော် သူက ဉာဏ်နေရာတွင် အကွက်ကျကျ ဆိုနိုင်ခြင်း ကြောင့် စည်တော်သံဖြစ်သွားပါသည်။သူဆိုသော စည်တော်သံမှာ

မုန့်လုံးကို. . ဗပြောင်ထီ

စက္ကူကပ်ပါလို့ . . ပြောင်ထီ

ကြာလပ်ကယ်နဲ့ . . ထီ ဆွမ်းတော်တင်. . ဗပြောင်ထီ ပလ္လင်ပေါ်က ပြောင်ပြောင်ထီ မျောက်ကလေးရယ် တုပေါင်ထီ ဆင်းသက်လို့ပြေး ပြောင်ပြောင် ပြောင်ဗပြောင်ထီ ဗပြောင်ထီ ပြောင်ထီများမှာ ကျွန်တော်တို့တီးနေသော စည်တော်သံ အသံထွက်များ ဖြစ်ပါသည်။ ပလ္လင်ပေါ်က မျောက်ကလေးရယ် ဆင်းတယ်လို့ပြေးဟု သူက တစ်ပိုဒ်ဖြတ်လိုက်သောအခါ ကျွန်တော်တို့ ခံရပါပြီ စည်တော်သံ တစ်ပိုဒ်ပြီးအောင် ဆက်တီးကြရပါသည်။ပြီးသောအခါတွင် သူက ဆက်ကာ-

ဂျာအေးကို. . ဗပြောင်ထီ

သူ့အမေရိုက်ပါလို့

မှောင်မိုက်မှာငို

ကိုလူပျို ထရံပေါက်က

ခြေထောက်ကို ဆွဲတွဲလဲ

တွဲလဲနေပါဦး မိုးတောင်ကချွန်း

စည်တော်သံတစ်ပုဒ်တီးရပြန်ပါပြီ။သူ့မုန့်လုံးစက္ကူကပ် စည်တော်သံမှာ မဆုံးနိုင်ပါ

ကြတော့ ကျွန်တော်တို့က အလျှော့ပေးပြီး ဗဟန်း အပျိုကြီး မကြင်မြိုင် လက်ဖက်ရည်ဆိုင်သို့ လက်ဖက်ရည်သောက်ကြပါသည်။လက်ဖက်ရည်ဆိုင်မှာ အနံက တစ်ခန်းသာသာ ကျဉ်းကျဉ်းလေးဖြစ်ပြီး အလျားမှာ အလွန်ရှည်ပါသည်။ ရေဒီယို ၂ လုံး ထားရပါသည်။ကျွန်တော်က လက်ဖက်ရည် အလွန်ကြိုက်သဖြင့် လက်ဖက်ရည်နှစ်ခွက်နှင့် ပေါင်မုန့်၊ မုန့်ကြိုးလိမ်နှစ်ခု အဝစားပြီး နံနက်စာ ပြီးလိုက်ပါသည်။နေ့လယ်တွင် ရွှေတိဂုံဘုရားကြီးသို့ သွား၍နား ဘုရားဖူးကြပါသည်။ ကြော်ငြာကား ပြန်ထွက်ပြီး ဇာတ်ရုံသို့ ညနေ ၃ နာရီလောက် ပြန်ဝင်လာပါသည်။ ဇာတ်ရုံရောက်သောအခါတွင် ဆိုင်းဆရာကြီး ဦးဘမောင် (ဦးလေးမောင်) ၏ စွပ်ကျယ်အကျႌနှင့် သူ့ဇနီး ဒေါ်မြသန်းရင် (အမေလေး) ၏ ချွေးခံအကျႌများကို လမ်းဘေးဘုံဘိုင်သို့ သွား၍ လျှော်ဖွပ်ရပါသည်။တစ်ခါတစ်ခါ ကောင်းကောင်းမဖွပ်ရပါ။ပုလိပ်က လိုက်ရိုက်၍ ထွက်ပြေးရတာလည်း ရှိပါသည်။ရေချိုး အဝတ်လျှော်ကာ ပြန်လာပြီး ဇာတ်ရုံရောက်တော့ ညနေ ၄ နာရီ ထိုးခါနီးပါပြီ။ဇာတ်က ထမင်းပေးသော အချက်ပေးမောင်း ထမင်းမောင်းကြီး ထုပါသည်။ ကျွန်တော်က အိပ်ပျော်နေသော ဇာတ်သူ ဇာတ်သားများ၏ ထမင်းချိုင့်များယူပြီး ထမင်းများ ယူထားလိုက်ပါသည်။အားလုံးပြုဖွယ်ရာများပြီးလျှင် ကျွန်တော်အိပ်သော အိမ်စင် ကင်းမကော့လေးကို မီးစက် ဦးလှမောင်ကို နေရာပြောပြီး အိပ်လိုက်ပါသည်။ ဦးလှမောင်ကို ပြောခြင်းမှာ နေဝင်မီးထွန်းလျှင် ကျွန်တော့်အား နှိုးရန်ဖြစ်ပါသည်။ ညနေ ၆ နာရီထိုးပြီးလျှင် ဦးလှမောင်က မီးစက်နှိုးပါသည်။ထုတ်ထုတ်ထုတ်ဟူသော မီးစက်နှိုးသံကြောင့် ကျွန်တော်နိုးပါသည်။မျက်နှာသစ် အိပ်စင်ခေါက်သိမ်းပြီး ပတ်မကြီးကို ပတ်စာကပ်ပြီး တီးနေပါသည်။ကြော်ငြာလှည့်တာက တစ်နေ့ ၃ ကျပ် ရပါသည်။ဇာတ်သူ ဇာတ်သားများ အိပ်ရေးမပျက်စေရန် ထမင်းချိုင့်ယူပေးခြင်း၊ မုန့်ဖိုးပေးတာက တစ်နေ့ ၄ ကျပ်၊ ၅ ကျပ် ရပါသည်။ကျွန်တော့်တွင် ပိုက်ဆံ မပြတ်ပါ။ တစ်ခါတစ်ရံ ဇာတ်ရုံတစ်ရုံနဲ့တစ်ရုံအကူး ဦးလေးမောင်က ငွေအစိတ် သုံးဆယ် ပေးပါသည်။ "လမ်းမှာ ကားပျက်ရင် ထမင်းတစ်နပ် ၁ ကျပ်၊ ၂ ကျပ် ပေးချင်ပေးရမှာ ယူထား"ဟုပြောပြီး ပေးပါသည်။ဦးလေးမောင်ရဲ့ စွပ်ကျယ်အကျႌများနဲ့ အမေလေး ချွေးခံအကျႌများကို လျှော်ဖွပ်ပေးပါသော်လည်း ကျွန်တော့်အကျႌ၊ လုံချည်များ၊ ခြင်ထောင်များ စသည်တို့ကို ဦးလေးမောင်က ဒိုဘီအပ်ပေးပါသည်။ ထိုအချိန်တွင် ရွှေမန်းတင်မောင်ဇာတ်ပွဲကြီးသည် မြန်မာပြည်တွင် အားအကောင်းဆုံး ထင်ပါသည်။ဘယ်မြို့မှာ ကပြကပြ ပွဲတိုင်းရုံလျှံ ရုံပြည့်နေပါသည်။ မြန်မာပြည် နိုင်ငံရေးပါတီများ ပေါ်များစပြုပြီး မညီမညွတ်မှု အကွဲအပြဲများ စနေပါပြီ။ ထိုအချိန်တွင် ရွှေမန်းတင်မောင်က မင်းလေးပါးအော်ပရာ ကပါသည်။မင်းလေးပါးသည် အမိမြန်မာက ပေါက်ဖွားသော ညီအစ်ကိုရင်းများ ဖြစ်ကြပါသည်။အမိမြန်မာပြည်ကို သူတစ်ဦးတည်း ရထိုက်သည် ငါတစ်ဦးတည်း ရထိုက်သည် ပြည်လု၍ စစ်ခင်းမည့်အသွင် ဖြစ်ပါသည်။အမိမြန်မာပြည်သည် သူတစ်ပါး၏ အချုပ်အနှောင်ခံခဲ့ရပြီး မလွတ်မကင်း၍ ကယ်မည့်သူ မျှော်လင့်နေရပါသည်။ထိုစဉ်က သရုပ်ဆောင်မှာ အမိမြန်မာပြည်က အမေလေး ဒေါ်မြသန်းရင်က သရုပ်ဆောင်ပါသည်။ အမိမြန်မာပြည်ကဆိုသော သီချင်းမှာ ၂ ပေါက် ဆစ်ကြီး အလွမ်းဖြစ်ပြီး ဦးလေးမောင် ပတ်လုံးသံ ချိုမြမြလေးက လွမ်းစရာကို အားဖြည့်ပေးပါသည်။သီချင်းမှာ

"ရှေးဝိပါတ်က စီမံလေတယ်။ဒုက္ခတွေကြွယ် မလှုပ်သာနိုင် ဇွတ်ရုန်းမယ်
ဘယ်ကြမ္မာဖန်ဆင်း မှန်ကင်းရှိန် ဝင်းမထိန်နိုင်ဘူးကွယ်။
အာဇာနည် ဗမာ့သွေးတွေ သူရဲကောင်းသတ္တိတို့ ဘုန်းဝေဗမာ့ဈေး ဖျက်ချင်

ပါသလေ။အလိမ္မာ မိုက်ခဲ့တွေ ဘာလက်ပိုက်ကြည့်နေတယ်။မဟာ ဗမာခေတ်ပြောင်း သူ့ရဲကောင်း ပေါ်မယ်။ကယ်နိုင်သူများ တင်စားလို့ရယ်။ကျွန်အတွင်း လွတ်ကင်းမှ ဇာတ်ရေလည်မယ် ဘယ်သူဆယ်ဆယ် မြန်မာမျိုးနွယ် မျှော်ကိုးနေပါတယ်"

ဤသီချင်းကို အမေလေးက ကမ္ဘာလုံးပေါ် ဒေါင်းအလံကိုကိုင်ကာ ကယ်မည့်သူ မျှော်နေပုံ သရုပ်ဖော် ဆိုခြင်းဖြစ်ပါသည်။ထိုစဉ်က မြန်မာပြည် လွတ်လပ်ရေး မရသေးပါ။

မင်းလေးပါးသီချင်းမှာ ခြောက်ပေါက်ဖြစ်ပါသည်။

**ပထမမင်းသား**

(၁) အမိမြန်မာပြည်ကြီးက ပေါက်ဖွားလာတဲ့ ရင်သွေးရင်နှစ် ယောကျ်ား အစစ်ပါ။ခံစရာရှိသမျှ ခံခဲ့ရလို့ စံရဖို့တော့ ငါပဲ ထိုက်တန်တာ။

**ဒုတိယမင်းသား**

(၂) အဲဒီစကားဟာ ကျုပ်ကတော့ ဘယ်ကလာ လောကမှာ ဘဘောမကျ စရာ ဒေါ်ပွအောင် မလုပ်နဲ့ဆရာ။

**တတိယမင်းသား**

(၃) ဒီလိုဆိုရင် အီကိုနဲ့ဆိုင်တာ သဘောကျစရာ ပြောပြမှာ

**စတုတ္ထမင်းသား**

(၄) မင်းထက် ရင်းနှီးပါတဲ့ မေမေ့အလုပ်လမ်းစဉ်တွေဟာ ဆောင်ရွက်ခဲ့တာ တော်တော်များ အမွေခံသာ ငါပဲ ထိုက်တန်တာ

မင်းသားများမှာ ရွှေချည်ထိုးပုဆိုး ခါးပုံထိုး ခါးတောင်းကြိုက် လက်တွင် ငှက်ကြီးတောင် ဓားများ ကိုင်ထားပါသည်။

ကျွန်တော့်မှာ တစ်နေ့လုံး ကောင်းကောင်းမအိပ်ခဲ့ရပါ။နံနက်လင်း ပွဲသိမ်းကတည်းက ကြော်ငြာကားလှည့်လိုက်ရာကစ ညနေမှ ဇာတ်ရုံပြန်ရောက်ကာ အိပ်ချိန်အလွန်နည်းပါသည်။ တစ်နေ့ ၂ နာရီလောက်ပဲ အိပ်ရ၍ အိပ်ရေးမဝပါ။ အလွန်အိပ်ချင်ပါသည်။သို့သော်လည်း တစ်ဇာတ်လုံး ဆိုတာ၊ ကတာ၊ ပြောတာ ဆိုင်းအဖွဲ့က တီးတာလေးများက မှတ်၍မဆုံးနိုင်ပါ။ ပညာယူ၍ အလွန်ကောင်းသဖြင့် အိပ်ချင်သည့်စိတ်ကို ချိုးနှိမ်ပြီး မှတ်သားရပါသည်။ဘယ်လိုပင် ချိုးနှိမ်သော်လည်း နှစ်ပါးသွား စခန်းချပြီး နောက်ပိုင်းဝင်လျှင် အလွန်အိပ်ချင်ပါသည်။ ကျွန်တော်က သုံးမျိုးသုံးစားထား၍ ဖြေရှင်းပါသည်။ပထမအဆင့် အိပ်ချင်လွန်းလျှင် စီးကရက် တိုကို အကြမ်းပန်းကန်ထဲထည့် ရေနွေးသုံးလေးစက်ရောပြီး မျက်စဉ်းခပ်ပါသည်။စီးကရက် ဆေးချိုးများကြောင့် အလွန်စပ်ပြီး အိပ်ချင်ပြေပါသည်။ တစ်နာရီလောက်တော့ ခံပါသည်။ တစ်ခါ ထပ်အိပ်ချင်လာပြန်ပါသည်။ဒုတိယအကြိမ်တွင် သံပရာသီး ထက်ခြမ်းခြမ်း အရည်များ ညှစ်ပြီး မျက်စဉ်းခပ်ပါသည်။ အလွန်စပ်ပြီး အိပ်ချင်စိတ်ပျောက်သွားပါသည်။သို့သော်လည်း လင်းအားကြီးအချိန် ရောက်လာသောအခါ အိပ်ချင်လာပြန်ပါသည်။ထိုအခါတွင် ကျွန်တော်တီးသော မောင်းဆိုင်း၏ နောက်နားက ဇာတ်ခုံထိပ် အောက်နားတွင် သွယ်တန်းထားသော ဝါယာကြိုးကို တိတ်နှင့်ပတ်ထားပါသည်။တိတ်ကိုဖြေ၍ ပေါက်နေသော ဝါယာကို လက်နှင့် ထိလိုက်ပါက တွန်းကန်အား လျှပ်စစ်ဖြစ်သဖြင့် ဒင်းခနဲ အားဆောင့်တာ ခံလိုက်ရသလို နှစ်တောင်လောက် လွင့်သွားသည် ထင်ရပါသည်။ သည်တစ်ခါတော့ မိုးစင်စင်လင်းထိ မငိုက်တော့ပါ။ကျွန်တော်သည် ဤသို့ မအိပ်ချင် အောင်လုပ်၍ မှတ်သား သင်ယူရပါသည်။

အစ်ကို မန္တလေးပြန်ရောက်သောအခါ ဗလာဆိုင်းတီးသည်။အစ်ကို့ဆိုင်းဝိုင်းမှာ တစ်မျိုးထူးခြားပါသည်။ဆိုင်းဝိုင်းပန်းပြား တစ်ချပ်တစ်ချပ်တွင် ကြယ်ကြီးတစ်ပွင့်စီ ပါပါသည်။ ကြယ်ပွင့်ကြီးမှာ တစ်ပေကျော်ကျော်ရှိပါသည်။ ကြေးနောင်ဆိုင်းတွင်လည်း ကြယ်ပွင့်ပါရှိ ပါသည်။ပဋ္ဌရူပရုပ်ကိုမူ အဘစိန်ဗေဒါ၏ ပဋ္ဌရူပအား ပုံတူထုစေပါသည်။အစ်ကို့ဆိုင်းဝိုင်း ပန်းများပေါ်တွင် မှန်စီရွှေချရာ စီထားသော မှန်နုလေးများက ပိုးမဲတောင်ဇာ အရောင်လေးများပါ၍ အလွန်လှပါသည်။

သို့သော် ပွဲများ ဆက်၍ဆက်၍တီးသောအခါ အစ်ကိုက ကောင်းကောင်း မတီးနိုင်ပါ။ အစ်ကိုက အလွန်လက်ကျိန်းတတ်ပါသည်။သို့သော် တော်ရုံတန်ရုံပွဲများကို အစ်ကိုက ကြိုက်အောင်တီးနိုင်ပါသည်။ဝိုင်းထိုင်တွင် အလွန်လှပါသည်။ ဝိုင်းထိုင်ဆိုသည်မှာ ဆိုင်းဝိုင်းတွင် ထိုင်နေခြင်း တီးခြင်းများကို ခေါ်ပါသည်။အစ်ကို ဆိုင်းတီးရာတွင် အလျှုတကာနှင့် ပွဲငှားသူများကို စင်တောင်းလေ့ ရှိပါသည်။စင်နဲ့မှ စင်ပေါ်တင်၍ တီးပါသည်။သို့သော် အချို့ဆိုင်းအဖွဲ့များက ပရိသတ်နှင့် အစ်ကို့ကို ရန်တိုက်ပေးကြပါသည်။သူတို့ပြောစကားများမှာ "စိန်ဗေဒါကြီးတောင် ဆိုင်းကို စင်နဲ့မတီးခဲ့တာ သူ့ကျမှ စင်နဲ့တီးမယ်ဆိုတာ ဘာမို့လဲ"ဟူ၍ ပြောဆိုကြပါသည်။ အမှန်တကယ် အစ်ကို၏စေတနာမှာ ဆိုင်းအဖွဲ့များ အဆင့်အတန်းမြင့်မြင့် တင့်တင့်တယ်တယ် ဖြစ်စေချင်၍ စင်နဲ့တီးရေး ခေါင်းဆောင်ပေးခြင်း ရှေ့ကသွားပေးခြင်း ဖြစ်ပါသည်။ ဆိုင်းအဖွဲ့များက အစ်ကို၏ မူလသဘောထားကို နားမလည်ကြပါ။ အစ်ကို့ဆိုင်းပစ္စည်း၊ ဆိုင်းဗိမာန်နှင့် ပဋ္ဌရူပကို မန္တလေးမြို့ မင်းတဲအီကင်း စက်မြေရပ်နေ ပန်းပုဆရာကြီး ဦးအေးမောင်က ထုလုပ်ပေးခြင်း ဖြစ်ပါသည်။ဦးအေးမောင်မှာ ဆင်းရဲနေရရှာသူ ဖြစ်ပါသည်။ အစ်ကို ဆိုင်းပထမဆုံးတီးသောပွဲမှာ မန္တလေးမြို့၊ အောင်မြေသာစံရပ်ကွက်၊ ခေမာသီဝံ ကျောင်းတိုက် ကျောင်းရေစက်ချပွဲ ဖြစ်ပါသည်။ထိုပွဲအတွက် အေဝမ်းဆရာညွှာက အောက်ပါ သီချင်းကို ရေးပေးပါသည်။ သီချင်းမှာ သံရိုးခြောက်ပေါက် ဖြစ်ပါသည်။

**ခြေဆင်း** -သူဌေးမ ဝိသာခါရဲ့ စေတနာ သဒ္ဓါ အလွန်တရာ မွန်မြတ်လှပါ။ဘုရားကျောင်းတော်ကြီး တည်ဆောက်သောအခါမှာ ကိုးကုဋေငွေအသပြာ ကုန်ပါသတဲ့။ ကိုယ်တိုင်တိုင်ကြား။ကျေးဇူးရှင်များစွာ သိကြားတော်မူစေသားဟု ကျွန်တော် စိန်လှမောင်က ဗဟုသုတရှိသမျှ တီးကာ ဆို. . တော့. . မှာ

(၁) ကျောင်းတော်ဝိဟာ ပြီးစီးအောင်မြင်သောအခါ အမှူးရှိသော မြတ်စွာဘုရားနဲ့ ရဟန်းသံဃာတွေ အကုန်ပင့်လို့သာ လေးလတိတိပါ ရေစက်ချပွဲ ခြိမ့်ခြိမ့်သဲပေတာ။

ကြည်ညိုဖွယ်ကောင်း ကျောင်းကြီးမှာ အခန်းကတစ်ထောင် အဆောင်ဆောင်ပါ။တန်ဆောင်းကြီးတွေ ငါးရာ၊ ပြာသာဒ်ငယ် ငါးရာ၊ ဘုရားသီတင်းသုံးတဲ့ ကျောင်းကြီးပေါ်မှာ ဝိသာခါကျောင်းအစ်မကြီးက ဘုရားကို လုပ်ကျွေး လေးလတိုင်တိုင်ကြာ

(သံပြိုင်) သားက နှစ်ကျိပ် မြေး လေးရာ မြစ်ရှစ်ထောင်ပါ တပျော်တပါးချွေရံများနဲ့ ရေစက်ချပွဲ နွဲတဲ့ဝိသာခါ[၂] အဲဒီဥပမာရှိ ဒီကျောင်း တကာကြီးကျောင်းအစ်မကြီးစေတနာ

(၂) ဝိသာခါရဲ့ သူငယ်ချင်းတစ်ယောက်ဟာ ကုသိုလ်ပါချင်ရှာ။ သူ့ကမွလာ

တစ်သိန်းထိုက်ကို ခင်းမယ်လို့ပါ။ကျောင်းပေါ်မှာ နေရာမရလို့ ငိုကြွေးရတာ အခါခါပါ။ ဒီချိန်ခါ ဘုရားညီတော် အာနန္ဒာက လှေကားရင်းနားမှာ ခင်းဖို့ရာ မိန့်တော်မူရှာ စင်ကြယ်စွာ ဘုံစင်စံကျောင်းအစ်မကြီးရဲ့ သဒ္ဓါထောင်တန် သောင်းတန် သိန်းတန် များစွာ သက်နှံးက ကုသိုလ်ပွားကြစရာ စိန်လှမောင်က အတီးနဲ့အဆို ကြေညာ။

* * *

မန္တလေးသင်္ကြန်တွင် ရေသဘင်အဖွဲ့များ စတင်ကပြလာပါသည်။အစ်ကို့ဆိုင်းက လှပျိုဖြူအမျိုးသမီးရေသဘင်အဖွဲ့နဲ့ တီးပေးရပါသည်။လှပျိုဖြူရေသဘင် မဏ္ဍပ်မှာ ၈၂ လမ်း၊ ၃၁ လမ်းထောင့် အရှေ့ဘက်လှည့် ဆောက်ထားပြီး မဏ္ဍပ်မှာ ဝါးလုံးတိုင်အပေါ်က ဖျာမိုး ၂ ခန်းပတ်လည်လောက် ကျယ်ပါသည်။အစ်ကို့ဆိုင်းက ကုလားထိုင်များပေါ်တွင်တင်၍ အခြား ပစ္စည်းများက ဆိုင်းသေတ္တာများပေါ်တွင် တင်၍ တီးပါသည်။လှပျိုဖြူ အမျိုးသမီးများက မြေကြီး ပေါ်တွင် ကုလားထိုင်များခင်း၍ တောင်ဘက်ထိပ်က မြောက်ဘက်လှည့်၊ မြောက်ဘက်ထိပ်က တောင်ဘက်လှည့် ဆိုင်းရှေ့က အမျိုးသမီးများက အရှေ့ဘက်လှည့် ထိုင်ကြပါသည်။ကသော အခါ မြေကြီးပေါ်တွင် မတ်တတ်ရပ် အကများသာ ကကြပါသည်။မိမိတို့မဏ္ဍပ်သို့လာသော သင်္ကြန်ကား မော်တော်ယာဉ် အလှပြကားများက သီဆိုတီးမှုတ်ကြသောအခါ ထိုကားကြီးကို ပတ်လည်ဝိုင်း၍ လှည့်လည်၍ ကကြပါသည်။အလှပြကားပေါ်မှ အလွတ်ထိုင်သူများက လက်ခုပ်များ စည်းချက်လိုက်ပေးပါသည်။ဆိုတီးကပြီးသောအခါ ဆိုင်းက ဗိန်းမောင်းတိုက်ပေးပြီး အမျိုးသမီးများက ကားပေါ်မှ အမျိုးသားများအား ငွေဖလားဖြင့် အားပါးတရ ရေပက်ကြပါသည်။ ရေစည်ပိုင်းများကို မဏ္ဍပ်၏ဝဲယာတွင် တစ်ဖက် ၅ လုံးစီခန့် ထားကြပါသည်။ ထိုစဉ်က ညအခါ များတွင် အမျိုးသမီးမဏ္ဍပ်များ၌ မကကြသေးပါ။နေ့ခင်းသာ ကကြပါသည်။

အမျိုးသမီးများ၏ ထဘီအောက်နားများတွင် ဗွက်များ ပေကျံနေပါသည်။ နေ့ခင်းတွင် ခေတ္တနား၍ ညနေတွင် ပြန်ကကြပြန်ပါသည်။နောက် နေဝင်ခါနီးအချိန်လောက် သိမ်းကြပါ သည်။ဆိုင်းပစ္စည်းများကို ကျွန်တော်နဲ့ အစ်ကိုတပည့် ခင်ထွန်းတို့က ညအိပ်စောင့်ကြရပါသည်။ တဖြည်းဖြည်းနှင့် အစ်ကိုက ခေါ်ယူသဖြင့် ကျွန်တော်တို့ညီအစ်ကိုမောင်နှမတစ်တွေ အစ်ကို့အိမ် တွင် စုမိနေကြပါသည်။

အစ်ကို့အိမ်တွင် (၁) အစ်ကို ဦးစိန်လှမောင်၊ (၂)အစ်ကို့ဇနီး မလှတင်၊ (၃) အစ်ကို လေး ကိုစိန်မောင်၊ (၄) အစ်ကို ကိုကျော်လှိုင်ခေါ် ကိုညဏ်ရင်၊ (၅) ကျွန်ုပ် မောင်ကိုလေး၊ (၆) နှမ မစန်းမြင့်တို့ ဖြစ်ပါသည်။

တစ်ရက်တွင် အစ်ကိုက ကျွန်တော်တို့ညီများအား တိုင်ပင်ပါသည်။ယခု မန္တလေး နေသူရိန်ဇာတ်ရုံတွင် ကပြနေသော ရွှေကြီးညိုဇာတ်ပွဲသည် သည်ရုံတွင် ဇာတ်ကောင်းကွဲ၍ ဇာတ်ပျက်နေပြီး ပြန်တဲ့လူများ အချို့ သူတို့ အောက်ပြည် အောက်ရွာ ပြန်ကုန်ကြပြီ။အဲဒီထဲမှာ ဆိုင်းဆရာကြီး ဦးဟံပ ပါလာ၍ သူနဲ့ မိသားစု ကို ခေါ်ထားချင်သည်ဟု ပြောပါသည်။အစ်ကို့အိမ် မှာလည်း စားဝတ်နေရေး ချောင်လည်သည် မရှိပါ။ထို့ကြောင့် လူတစ်ဦးတာဝန်သည် မနည်းလှ ပါ။ခေါ်ယူသည်ဆိုခြင်းမှာ စားဝတ်နေရေးကို တာဝန်ယူကြရသည် ဖြစ်ပါသည်။ထို့ကြောင့် အစ်ကိုက ကျွန်တော့်တို့ကို တိုင်ပင်ခြင်းပင် ဖြစ်ပါသည်။

ကျွန်တော်တို့အားလုံးက သဘောတူသဖြင့် ဦးဟံပကို အစ်ကိုက သွားခေါ်လာသည်။ ဆရာကြီးဦးဟံပမှာ အသက် ၆၀ ခန့်ရှိပြီး ကတုံးနဲ့ ဖြစ်ပါသည်။သူ့ဇနီး ဒေါ်ကြိုင်မှာ အသက်

၂၇ နှစ်ခန့်ရှိပြီး ၎င်းညီမ မယ်ဒဂုဏ်မြင့် (မအေးမြင့်) မှာ အသက်၁၉ နှစ်ခန့် ရှိပါသည်။ အခါလည်သားသာသာခန့် သား မောင်သန်းဌေးလေး ပါလာပါသည်။ဆရာကြီး ဦးဟံပကို လွန်ခဲ့သော ၂ နှစ်ခန့်က စက်မြေရပ်ကွက်မှာ နေစဉ်က စတင်တွေ့ခဲ့ဖူးပါသည်။နောက်စေ့ခေါင်းလုံးကြီးကြီး အရပ်ပြတ်ပြတ် ပါးစပ်ကျယ်ကျယ် အနည်းငယ်ဝဝ အသားအရည် ညိုနီနီဖြစ်ပါသည်။ ဇနီးဖြစ်သူ ဒေါ်ကြိုင်မှာ အသားနီနီ အရပ်အမောင်းကောင်းကောင်း မျက်လုံးမျက်ဝန်းကောင်းကောင်း ကြီးကြီးနှင့် ကွမ်းစားပါသည်။ညီမ မအေးမြင့်မှာ သေးသေးသွယ်သွယ် နှာတံပေါ်ပေါ် မျက်လုံးကောင်းကောင်း ဆံပင်ကောင်းကောင်းဖြစ်ပါသည်။ဂီတပညာနှင့် ကျွန်တော်တို့ ကံကောင်းသည်ဟု ထင်ပါသည်။ဆရာကြီး ဦးဟံပနှင့် မရှေးမနှောင်း နဲ့ဆရာကြီး မြန်မာညွန့် ဦးချစ်မောင် မန္တလေးသို့ ရောက်လာပါသည်။ဦးချစ်မောင်မှာ ပခုက္ကူသားဖြစ်ပြီး ရွာစားကြီး စိန်ဗေဒါနဲ့ရော ဦးဟံပနဲ့ပါတွဲ၍ မှုတ်ခဲ့သော နဲ့ဆရာကြီး ဖြစ်ပါသည်။သို့သော် ယခုအချိန်တွင် ကျန်းမာရေးကြောင့် နဲ့မမှုတ်တော့ဘဲ မဟာဂီတသီချင်းကြီးများကို ပတ္တလား၊ စန္ဒယားဖြင့် သင်ကြားပေးနေပါသည်။အစ်ကို့အိမ်တွင် ဆရာကြီး ဦးဟံပနှင့် ဦးချစ်မောင်တို့ တွေ့ဆုံကာ ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုနေကြပါသည်။ဦးချစ်မောင်မှာ အသားညိုညို မျက်နှာရှည်ရှည် ကတုံးဆံတောက်ဖြင့် မျက်လုံးအား ကောင်းလှပါသည်။ဆရာကြီး ဦးဟံပ စကားပြောရာတွင် အလွန်နားထောင်ကောင်းပါသည်။ပုံတိုပတ်စလေးများညှပ်၍ ပြောဆိုတတ်ပါသည်။ ဦးချစ်မောင်ကမူ စကားပြောရာတွင် လိုရင်းတိုရှင်း ခပ်ပြတ်ပြတ် ပြောတတ်ပါသည်။တစ်ခါတစ်ရံ ရယ်စရာများပြောလျှင် သူ့မျက်နှာတည်ကြီးဖြင့် အလွန်ရယ်ရပါသည်။တစ်ခါက ဦးချစ်မောင်က "ဟော့ဟော့ မင်းတို့က ကိုဟံပကို သိထားရမှာက ပြောရမယ်ဆို လက်တစ်ဘက်က စိပ်ပုတီးစိပ်ဟန်ပြပြီး လက်တစ်ဘက်က ပုဆိုးခါးပုံတွင်းကနေ၍ လက်ညှိုးကလေး ငေါက်ခနဲ ငေါက်ခနဲ လုပ်ပြပါသည်။ထိုအခါ ဦးဟံပက "ဟာ ကိုချစ်မောင်ကလည်း"ဟု ရယ်ဖြဲဖြဲနေပါသည်။ ဦးချစ်မောင်က အရက်သောက်တတ်၍ ဦးဟံပက မသောက်တတ်ပါ။တဖြည်းဖြည်း တစ်စတစ်စ ကျွန်တော်တို့ ညီအစ်ကိုများက ဆရာကြီးများအား ရင်းနှီးလာပြီဖြစ်၍ ဦးဟံပကို ဘဘဟု ခေါ်ကြပြီး ဦးချစ်မောင်ကို ဘကြီးချစ်ဟု ခေါ်ကြပါသည်။ဘဘကြီး ဦးဟံပထံမှလည်းကောင်း၊ ဘကြီးချစ်ထံမှလည်းကောင်း မဟာဂီတသီချင်းကြီးများ အခြားဂီတအထွေထွေ တီးနည်းမှုတ်နည်းများ ရှေးဟောင်းဗဟုသုတများစွာ လက်ခံရရှိပါသည်။

ထိုဆရာကြီး ၂ ဦးလုံး၏ တူညီသောအချက်များမှာ ဂီတပညာ မဟာဂီတ သီချင်းကြီးများနှင့် သဘင်ဗဟုသုတ ပြည့်စုံကြွယ်ဝခြင်း၊ ၎င်းတို့ကို မြတ်မြတ်နိုးနိုး ထိန်းသိမ်းထားရှိခြင်း၊ ထိုပညာရပ်များအား သေသေချာချာ ဂယနဏ သင်ယူလိုသူများအား အတွန့်အတိုမရှိ စနစ်တကျ သင်ကြားပေးကြခြင်းတို့ဖြစ်ပြီး၊ ထို့အပြင် တူညီခြင်းကား ဆရာကြီး ၂ ဦးလုံးက ဉာဏ်လေးသောသူများအား သည်းခံစိတ်ရှည်စွာ သင်ကြားပေးခြင်း၊ ဉာဏ်ကောင်းသူများအား ဂယနဏဖြစ်စေရန် သင်ကြားပေးခြင်းတို့ ဖြစ်ပါသည်။

မန္တလေးမြို့ အခြေအနေမကောင်းပါ။တဖြည်းဖြည်းနဲ့ မြို့ပျက်လုခမန်း ဖြစ်လာပါသည်။ကျွန်တော်တို့ တရုတ်တန်းတွင်နေသော ဦးလေးဝ-ဒေါ်တင်လှတို့က သူတို့တိုက်နဲ့ စားစရာ ဆန်ဆီအပြည့်အစုံပါ အစ်ကို့ကိုအပ်ပြီး မြို့ပေါ်မှာ မနေရဲသဖြင့် ထွက်သွားကြပါသည်။ ဆရာကြီး ဦးဟံပကို ညောင်ပင်ဈေးရပ်က ဦးလှစိန်က ဆိုင်းထောင်ပေးမည်ဟု ခေါ်သဖြင့် လိုက်သွားပါသည်။အစ်ကိုက ကျွန်တော့်အား ဆရာကြီး ဦးဟံဘနောက်ကို ထည့်လိုက်ပါသည်။

ညောင်ပင်စျေးရပ်က ဦးလှစိန်မှာ ကျွန်တော်နဲ့ ရင်းနှီးပြီးသား ဖြစ်ပါသည်။သူ့သား ကိုတင်အောင် ဆိုင်းထဲတွင် ကျွန်တော်တို့ လိုက်ဖူးပါသည်။ဦးလှစိန်၏အိမ်မှာ ၃ ခန်းပတ်လည် နှစ်ထပ် ရှေ့ အသားကာ ဘေး ထရံကာ ကပ်မိုးဖြစ်ပြီး အရှေ့ဘက်လှည့်ဆောက်ထားသော အိမ်ဖြစ်ပါသည်။ ဦးလှစိန်အိမ်တွင် ဘဘဦးဟံပတို့ရောက်ပြီး လေးငါးရက် နေသားတကျရှိသွားသောအခါ ကျွန်တော်က တရုတ်တန်း အစ်ကို့ဆီ ပြန်ပါသည်။အစ်ကိုတို့အိမ်တွင် အခြေအနေမကောင်းပါ။ အစ်ကိုအကြီးဆုံးနဲ့ အစ်ကိုလေး ကိုစိန်မောင်တို့ စကားများကြပြီးနောက် ညီငယ်တွေက တစ်ဘက်၊ အစ်ကိုတို့လင်မယားက တစ်ဘက် ခွန်းကြီးခွန်းငယ် စကားများကြပြီး အစ်ကို့ဆီတွင် မနေတော့ဘဲ မလှိုင် အမေဆီပြန်ကြရန် တိုင်ပင်ကြပါသည်။သို့သော်လည်း စရိတ်မရှိပါ။

ယခင်က မန္တလေး-မိတ္ထီလာ အမြန်ကား ၅ ကျပ်၊ ယခု ၃၀ ကျပ် ဖြစ်နေပါသည်။ ကားတွေကလည်း ကောင်းကောင်းမထွက်ပါ။မန္တလေးမှာလည်း တိုင်းပျက် ပြည်ပျက်လို ဖြစ်နေပါပြီ။နေရဲသူ သိပ်မရှိပါ။သတ္တိကောင်းသူများ၊ အခြားပြေးစရာ အသိမိတ်ဆွေမရှိသူများလောက်သာ ကျန်နေပါသည်။မန္တလေးတစ်ဝိုက်တွင် တိုက်ပွဲများ ဖြစ်နေပြီး နောက်မကြာမီ မန္တလေးသို့ ကရင်တွေ ဝင်လာပါတော့သည်။ ထိုအချိန်တွင် ပေါ်နေသော တပေါင်မှာ ကုလားလမ်းပြင် ကရင်လမ်းပြ ဗမာနန်းရဟု ဖြစ်ပါသည်။အစ်ကိုနဲ့ ကျွန်တော်တို့ညီအစ်ကိုတွေ မသင့်ကြတော့၍ မလှိုင်မြို့ အမေရှိရာ ပြန်ကြတော့မည်ဖြစ်ရာ စရိတ်ငွေ လိုလာပါသည်။အစ်ကိုလေးတို့ကို အားကိုး၍ မဖြစ်ပါ။သူတို့က မန္တလေးကို ကျွန်တော်ထက် အရောက်နောက်ကျပြီး အသိအကျွမ်းနည်းပါသည်။သူတို့နှင့်စာလျှင် ကျွန်တော်က အသိများပါသည်။လမ်းတွေ အိမ်တွေကစ အတော်အသင့် များများတော့ မှတ်မိနေပါပြီ။ကျွန်တော်သည် အမေ့ထံပြန်ရန် လမ်းစရိတ်ရှာဖို့ ထွက်လာပါသည်။သေနတ်သံများက ပစ်ခတ်နေကြတုန်း ရှိပါသည်။ကျွန်တော့်အဖို့တွင် တိုင်းပြည်ပျက်တာ ၂ ကြိမ် ကြုံခဲ့ဖူး၍ သိပ်မဆန်းတော့ပါ။အင်္ဂလိပ်အပြေးနှင့် ဂျပန်အပြေး ကြုံဖူးခဲ့ရပါပြီ။ဗုံးသံ အမြောက်သံ စက်သေနတ်သံများကြားထဲက လွတ်မြောက်လာရတာ သိပ်မဆန်းလို့ ကျွန်တော့် ခေါင်းထဲတွင် ငွေများများရရန်နေရာ စဉ်းစားလိုက်ရာ ဘဏ်တိုက်ကို မျက်စိထဲတွင် မြင်လာပါသည်။ထိုစဉ်က ဘဏ်တိုက်မှာ ယခု ကျုံးထောင့် ဓမ္မဗိမာန်မြောက်ဘက် အရှေ့အနောက်ဆောက်ထားသော ကျောက်တိုက်ကလေး ဖြစ်ပါသည်။ကျွန်တော်သည် ယခုလိုအခါပျက်တွင် ဘဏ်တွင် အစောင့်များ မရှိနိုင်ပါ။ဘဏ်သွားဖောက်ပါက အလွယ်တကူ ရလိမ့်မည်ဟု ထင်မိပါသည်။ထိုစဉ်က ကျွန်တော့်အသက် ၁၇ နှစ် အရွယ်ဖြစ်၍ ပိန်ပိန်သေးသေးဖြစ်ပါသည်။ တရုတ်တန်း လမ်းမကြီးပေါ်မှာ ဝဲယာအဆောက်အဦများကို အကာအကွယ်ပြု၍ မြောက်ဘက်သို့လာရာ တောင်ဘက် ကျုံးထောင့်အရောက်တွင် ကရင်က ပစ်လိုက်သော ကျည်ဆန်များက ကျွန်တော့်ခေါင်းပေါ်မှ ဖြတ်သွားရာ ချက်ချင်း ကျုံးဘေးရေစပ်သို့ ထိုးမှောက်လိုက်ပါသည်။ ကျွန်တော့်ဘေးနားက ၁၂ ရာသီပင်အဖျားများ ပြတ်ထွက်သွားပါသည်။ ကျွန်တော်က လှိမ့်၍ မြောက်ဘက် ကျုံးစပ်အတိုင်းလာရာ သေနတ်သံများက ဆက်၍ကြားရပါသည်။သို့သော် ဒီတစ်ခါတော့ ကျွန်တော့်ခေါင်းပေါ်က မဟုတ်ပါ။ပတ်ဝန်းကျင်က ဖြစ်ပါသည်။

ကျုံးဘေးတွင် ကုက္ကိုပင်များ ပေါများလှ၍ ကုက္ကိုပင်များကို အကာအကွယ်ပြုရင်း ခပ်မြန်မြန်လျှောက်လာပါသည်။မျက်စိကလည်း ရှင်၊ နားကလည်း ပါးရပါသည်။ကျောက်တိုက် ဘဏ်တိုက်မှာ လမ်းအနောက်ဘက်လေးမှာ ဖြစ်သော်လည်း အနောက်ဘက်ကို မကူးသေးပါ။ ကျုံးဘေးကသာ လာရပါသည်။ရွှီးခနဲ တစ်ချက်ကြားရပြီး ကျွန်တော့်ရှေ့ကသစ်ပင်တွင် ကျည်ဆံ

လာမှန်လာပါသည်။ချက်ချင်း ဝပ်လိုက်ရပြန်ပါသည်။ဘဏ်တိုက်နားလည်း ရောက်လာပါပြီ။ ကျွန်တော်ရောက်နေသော နေရာမှာ ဘဏ်တိုက်နဲ့ ဓားလွယ်ခုတ်လောက်တွင် ရှိပါသည်။ ကျွန်တော် ဘဏ်တိုက်နား ပြေးအကပ်လိုက်တွင် ကရင်စစ်သားတစ်ဦးက သေနတ်ဖြင့် ထိုးချိန် လိုက်ရင်း-

"ဟေ့ ဘယ်လဲကွဲ" သူ့အသံက ဝဲနေပါသည်။ကျွန်တော်က ဘဏ်တိုက်ကို လက်ညှိုး ထိုးပြရင်းက "ဒါက ဘဏ်တိုက်၊ ကျုပ် ဘဏ်ဖောက်မလို့" "မဖောက်နဲ့ ဗိုလ်လူတွေ ဖောက်သွားပြီ" ကျွန်တော့်ရင်ထဲတွင် ဟာသွားပါသည်။ထိုကရင်ကပင် ဆက်၍ "ဟိုမြောက်ဘက်သွား ဂိုဒေါင်တွေ ဖောက်နေတယ်"ဟု သေနတ်ဖြင့်ရမ်း၍ လမ်းညွှန်လိုက်ပါသည်။ကရင်စစ်သား ပြောလိုက်သည့် အတိုင်း မြောက်ဘက်သို့လာရာ သေနတ်သံများဝေးပြီး လူသံတွေ ဆူဆူညံညံကြားရပါသည်။ ဗဟိုစာတိုက်ကြီး အနောက်ဘက်နားအရောက်တွင် ဆီပီပါများ လှိမ့်၍လှိမ့်၍ ယူနေကြပါသည်။ ကျွန်တော်ရောက်သွားချိန်တွင် ဆီပီပါများ ကုန်သွားပါပြီ။မန္တလေး နွေရာသီက အလွန်ပူပြင်းလှ ပါသည်။ကျောက်လမ်းများက ကတ္တရာစေးများ အပူရှိန်ကြောင့် အရည်ပျော်နေပါသည်။ ကျွန်တော့်မိတ်ဆွေ ဆိုက်ကားသမား ကိုအုန်းငွေနဲ့တွေ့ရာ သူက ဆိုက်ကားပေါ်တွင် ပါလာသော ပလေကပ်လုံချည်ထုပ်ကြီး သူရလာကြောင်း ပြောပါသည်။ထိုစဉ် လူခပ်ကြီးကြီးတစ်ယောက် မီးခြစ်ဘူးများကို ဝတ်ထားသော ပုဆိုးဖြင့် မသယ်လာရာ မီးခြစ်တွေက လှုပ်ရမ်းပြီး နေပူရှိန် ကြောင့် ဖောင်းဒိုင်းဟု ပေါက်ကုန်ပါသည်။ထိုလူကြီးမှာ ဘာလုပ်ရမှန်း မသိပါ။လုံချည်တွင် မီးတောက်တွေ စွဲနေပါသည်။ ကျွန်တော်က ချက်ချင်းပင် "လုံချည်ချွတ်" "လုံချည်ချွတ်" မှောက် နေ မှောက်နေဟုပြောရာ ကျွန်တော်ပြောသည့်အတိုင်း လိုက်လုပ်သဖြင့် သူ့ကိုယ် မီးလောင်ခြင်းမှ သက်သာသွားပါသည်။ကိုအုန်းငွေထံက လုံချည်တစ်ကွင်း တောင်းလိုက်ပြီး ထိုလူကြီးဝတ်ရန် ပေးလိုက်ပါသည်။အနီးရှိ အိမ်တစ်အိမ်က တွယ်ချိတ်များတောင်းပြီး လုံချည်ကို ချိပ်နဲ့ချိတ်ဝတ်ရန် ပေးလိုက်ပြီး အနောက်ဘက် ဆင်းလာပါသည်။သချိုင်းတော်ထိပ်အရောက် ဘယ်ဘက်က ဂိုဒေါင်တွင် ကရင်စစ်သားတစ်ဦးက ဂိုဒေါင်ခေါင်းမိုးထုပ်ကိုဆွဲ၍ နို့ဆီသေတ္တာပုံးကြီးအား ခြေထောက်ဖြင့် ကန်လှဲချပေးကာ ပါးစပ်ကလည်း "ယူကြ" "ယူကြ"ဟု ပြောပါသည်။ဝုန်းခနဲ ဝုန်းခနဲ နို့ဆီသေတ္တာကြီးများ လဲပြိုသံ နို့ဆီဘူးများ သေတ္တာထဲကပေါက်၍ အပြင်သို့ ထွက်ကြ လာတာများလည်း ရှိပါသည်။သေတ္တာလိုက် ကျလာတာလည်း ရှိပါသည်။ အရဲစွန့်၍ လာယူကြ သူများထဲတွင် ကျွန်တော်လို သေးသေးကွေးကွေးမျိုး မပါပါ။ပစ္စည်းများ ယူကြရာ လုယက် ယူကြသလိုဖြစ်သဖြင့် အားကောင်းသူ ဗိုလ်ကျသူ မိုက်ကန်းကန်းရှိသူများက ရရသွားပါသည်။ ကျွန်တော့်ရှေ့တွင် ကုလားကြီးတစ်ယောက် နို့ဆီသေတ္တာ ကောက်ထမ်းတာ မြင်ရပါသည်။ ကုလားကြီးကို ကြည့်လိုက်ခြင်းဖြင့် အားကောင်းမောင်းသန်ဖြစ်ပြီး ကျွန်တော့်ဗလအင်အားနဲ့ ကွာချင်တိုင်း ကွာပါသည်။ရုတ်တရက် ကျွန်တော် အကြံရသဖြင့် ဘေးသို့လွင့်ကျလာသော နို့ဆီဘူးတစ်လုံးကိုယူပြီး နို့ဆီသေတ္တာထမ်းယူသွားသော ကုလားကြီး၏ခါးကို နောက်ကနေ တအားပစ်ထုလိုက်ရာ ရှေ့သို့ ဝမ်းလျားမှောက် လဲကျသွားပါသည်။သူ့ထံမှ နို့ဆီသေတ္တာကို အရယူ၍ သချိုင်းတော်၏မြောက်ဘက် မဲအိုးတန်းလမ်းအတိုင်း ထမ်းလာရာ တစ်ပြလောက် အရောက်တွင် ရောင်းမလားဟု အိမ်တစ်အိမ်ကမေးသဖြင့် ၅၀ ကျပ်ဖြင့် ရောင်းခဲ့ပြီး နောက် တစ်ခေါက် ပြန်လာပါသည်။နို့ဆီသေတ္တာများဘက်သို့ မရောက်ခင် အနောက်ဘက်ကပ်လျက် ဂိုဒေါင်သို့ဝင်ကြည့်ရာ ကံအားလျော်စွာ ဒန်အိုးများ ရပါသည်။ ဒန်အိုးများမှာ ဘယ်နှစ်လုံးပါသည်

မသိပါ။အဖုံးများမပါဘဲ ကြီးစဉ်ငယ်လိုက် ဆင့်၍ဆင့်၍ထည့်ထားရာ မနည်း မယူရပါသည်။ အကြီးဆုံး ဒန်အိုးမှာ စည်ပိုင်းမျက်နှာဝနီးနီးရှိပြီး အငယ်ဆုံးက လက်သီးဆုပ်အရွယ်သာသာ လောက်သာ ရှိမည်ထင်ပါသည်။မနိုင့်တနိုင်ဖြင့် ထမ်းလာရာ မဲအိုးတန်းလမ်းအတိုင်း ပြတစ်ဝက် လောက်တွင် လမ်းဘေး အနောက်ဘက်အိမ်က ဝယ်ပါသည်။၂၅၀ ကျပ် ရပါသည်။ နောက် တစ်ခေါက်ပြန်ရာ ကြေးပွတ်ဆေးများ ရပါသည်။ပစ္စည်းစုံ ၇ ခေါက်၊ ၈ ခေါက် လောက်ရှိသည် ထင်ပါသည်။သယ်ရင်း ရောင်းရင်း၊ သယ်ရင်း ရောင်းရင်းဖြင့် ပိုက်ဆံများကို ခါးပုံစာထဲ ထိုးသိပ် ထည့်ထားပါသည်။ကျွန်တော့်မှာ ရွာတုန်းက ခါးပုံစာထဲတွင် ဘတ်ခွလောက်စာများထည့်သော အကျင့် မပျောက်သေး၍ ခါးပုံစာ မြဲပါသည်။ နောက်ဆုံးတစ်ခေါက်တွင် အပေါက်ဝတွင် လူခပ်ကြီးကြီးတစ်ယောက်က ဟော့ကောင်လေး တစ်ဝက်ပေးဟုပြောသဖြင့် ပစ္စည်းများချကာ "ဟုတ်ကဲ့ခင်ဗျ" ဟု ကျွန်တော်က ပြောပြောဆိုဆို အနားတွင်တွေ့သော သစ်သားချောင်းဖြင့် ထိုလူ၏နားရင်းကို တအားလှမ်းရိုက်ပစ်လိုက်ပါသည်။

ကျွန်တော် အိမ်ပြန်ရောက်တော့ အစ်ကိုလေးတို့ ညီအစ်ကိုတစ်တွေက နေရှင်နယ် ကျောင်းအရှေ့က ဗုံးကျင်းဟောင်းကြီးထဲတွင် ဖျာစုတ်များမိုးပြီး ထိုင်နေကြပါသည်။ကျွန်တော်က ပါလာသော ပိုက်ဆံများ ခါးပုံစာထဲက ဖြေပြရာ အစ်ကိုလေး ကိုစိန်မောင်က မောင်ကို မင်း ဒီငွေတွေ ဘယ်ကရသလဲ ဘယ်ကရသလဲဟု ထိတ်ထိတ်ပျာပျာမေးပါသည်။ကျွန်တော်က အေးအေးဆေးဆေးပင် "အစ်ကိုလေးရာ အခါပျက်ထဲ လုယူတာလည်းပါတာပေါ့"ဟု ပြောလိုက် ပါသည်။အစ်ကို ကိုဉာဏ်ရင်နဲ့ မစန်းမြင့်တို့က ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေကြပါ သည်။

အစ်ကိုလေး ကိုစိန်မောင်၊ အစ်ကို ကိုဉာဏ်ရင်၊ နှမလေး မစန်းမြင့်နှင့် ကျွန်တော်တို့ မန္တလေးက ကုန်ကားကြီးတစ်စီးဖြင့် မိတ္ထီလာသို့ လိုက်လာပါသည်။ မိတ္ထီလာမှ မလှိုင်သို့ ပြန်ကြ ရမည် ဖြစ်ပါသည်။ထိုစဉ်က မန္တလေးတွင် ကရင်၊ ကျောက်ဆည်တွင် ရဲဘော်ဖြူ၊ မြစ်သား အရောက်တွင် ကျွန်တော်တို့ကားကို ကားလမ်းဘေးခေါ်၍ စစ်ဆေးပါသည်။ကားပေါ်တွင် ခရီးသည် လူ ၂၀ ခန့် ပါပါသည်။ကွန်မြူနစ်ဗိုလ်က ကျွန်တော်တို့ နှမလေး မစန်းမြင့်အား မထိတရိ စပါသည်။ ကျွန်တော်တို့ ညီအစ်ကို ၃ ယောက်လုံး မျက်တောင်မခတ်ရဲပါ ကြည့်နေ ကြရပါသည်။ကျွန်တော်က ကျွန်တော်တို့ အစ်ကို ၃ ယောက်၏ နှမဖြစ်ကြောင်း ပြောလိုက် ပါသည်။ကွန်မြူနစ်ဗိုလ်က အကင်းပါးပါသည်။ချက်ချင်း မျက်နှာပိုးသတ်ပြီး ဣန္ဒြေရရနှင့် ကျန်လူ များအား မေးမြန်းစစ်ဆေးပါသည်။ ထိုနေ့ညက ကျွန်တော်တို့ စီးလာသောကား သူတို့စခန်းမှာ တစ်ညအိပ်ရပါသည်။မစန်းမြင့်လေးနဲ့ အခြား မိန်းမအဖော်များအား ကားပေါ်တွင်အိပ်စေ၍ ကျွန်တော်တို့ ညီအစ်ကိုများက လုံးဝ မအိပ်ပါ။နောက်တစ်နေ့တွင် ချောမောစွာ အမေရှိသော မလှိုင်မြို့သို့ ရောက်ကြပါသည်။မလှိုင်ဘူတာကြီးအနီး ကုလားစက်သူဌေး ဦးစိန်၏ဝင်းထဲတွင် အမေ နေပါသည်။ကျွန်တော်တို့တစ်တွေအား ပွေ့ကာဖက်ကာ ငိုကာရယ်ကာဖြစ်ပြီး မန္တလေးက အစ်ကိုကြီးကို ပစ်တင်ကြိမ်းမောင်းပါသည်။ဒါလောက် တိုင်းပြည်ပျက်ထဲမှာ ကလေးတွေ ပြန်လွှတ်လိုက်ရမလား။မြည်တွန်ပြောဆိုနေပါသည်။ မလှိုင်တွင် အမေနဲ့အစ်မ မခင်ညွှန့်ရှိ၍ ကျွန်တော်တို့တစ်တွေမှာ အနေအစားချောင်ပါသည်။တစ်ခါတလေ မြို့ထဲက အစ်မများအိမ် သွား၍ စားကြသောက်ကြပါသည်။အစ်မက မလှိုင်မြို့လယ် ဈေးကြီးအနီးတွင် နေပါသည်။ အစ်မယောကျ်ား ကိုတင်အောင်မှာ ပန်းတိမ်လက်ရာကောင်းသူတစ်ဦးဖြစ်၍ စကားအလွန်

နည်းပြီး ရိုးသားဖြောင့်မတ်သော်လည်း နောက်ပိုင်းတွင် အရက်သောက်၍ ပျက်စီးနေပါတော့သည်။တိုင်းပြည်ပျက်၍ ဗရုတ်သုတ်ခဖြစ်နေသော်လည်း အမေ့ရုပ်သေးပွဲကတော့ ကနေရပါသည်။ အမေ့ရုပ်သေးတွင် မင်းသားမှာ ဦးစံပယ်တစ်ခက်ဟုခေါ်ပြီး မျက်ခုံးမွေးထူထူ အသားညိုညို အသံကောင်းကောင်းလေး အရပ်မြင့်မြင့် ယောင်ထုံးဖြင့် ဗန်းမော်တဘက်ကြီး ခေါင်းပေါင်းထားတတ်သဖြင့် အမှတ်တမဲ့ကြည့်လျှင် မင်းသားနဲ့မတူ တောင်သူကြီးတစ်ယောက်နဲ့ ပိုတူပါသည်။ အမေ၏ရုပ်သေးလက်စွဲ လူရွှင်တော်မှာ ဦးကြုံတိုင်း ဖြစ်ပါသည်။အမေက ဦးကြုံတိုင်းကို နှစ်ပါးသွားခန်းများထဲ၌ "ကြုံတိုင်းလားဟေ့"ဟု ခေါ်ဝေါ်သုံးစွဲတတ်သည်။ အပြင်တွင်မူ "ဖိုးကြုံပ" ဟု ခေါ်ပါသည်။ဦးကြုံတိုင်းက အမေ့ကို ရုပ်သေးကရာတွင် "မမြမှုံ"ဟု ခေါ်ဝေါ်ပြီး အပြင်တွင် "အမေလေး"ဟု ခေါ်ပါသည်။ဦးကြုံတိုင်းမှာ လုံးတန်ရပ်တန် အသားနီစပ်စပ် နဖူးက အတွန့်များနှင့် ထန်းရည်အမြဲသောက်တတ်ကာ ပါးစပ်ကလည်း တွံတွေးတပျစ်ပျစ် ပစ်ခနဲ ပစ်ခနဲ ထွေးတတ်ပါသည်။ ဦးကြုံတိုင်းက အမေ့ဆီက တစ်မတ်တစ်မတ် ခဏခဏတောင်းကာ ထန်းရည်တစ်မတ်ဖိုး တစ်မတ်ဖိုး သွားသွားသောက်ပါသည်။ရုပ်သေးကရာတွင် အမေနဲ့ ဦးကြုံတိုင်း အလွန်လိုက်ဖက်ပြီး ပရိသတ် တဝေါဝေါနေအောင် ကပြနိုင်သူများဖြစ်ပါသည်။ အမေ့ရုပ်သေးထဲက မင်းသားကြီးမှာ ပုဏ္ဏားပြန် ဦးဘသောင်းဟု ခေါ်ပါသည်။ ပုဏ္ဏားပြန် ဦးဘသောင်းမှာ အသားဖြူဖြူ ပိန်ပိန်ရှည်ရှည် နည်းနည်းခါးကိုင်းနေပြီး အသက် ၇၀ ခန့်ရှိကာ မျက်လုံးပြူးပြူး နှာတံချွန်းချွန်း ဆောင့်ကြောင့်ထိုင်နေလျှင် ငှက်ကြီးဝန်ပိုနှင့်တူပြီး ညာဘက်လက်ကလေးက ကောင်းကောင်းမသန်ပါ။ခေါင်းက ကတုံးဖြစ်ပြီး စာကလေးခေါင်းနဲ့ တူပါသည်။ ရုပ်သေးပွဲငှားများက မင်းသားကြီး ဘယ်သူပါသလဲဟု မင်းသားလေးထက် မင်းသားကြီးကို ပို၍ အလေးထားမေးမြန်း ငှားကြပါသည်။

အမေ့ထဲက မင်းသားကြီးဆွဲမှာ ကြိုးတော်ဆွဲ ဆရာစဟုခေါ်ကာ မန္တလေးက နန်းတွင်းအမှုထမ်း အဆက်အနွယ်ထဲကဖြစ်ပြီး သရုပ်ဖော်ကြိုးများ ဆွဲရာတွင် အလွန်သရုပ်ပေါ်အောင် ဆွဲနိုင်သူဖြစ်ပါသည်။အသားညိုညို ကတုံးဖြင့် နည်းနည်းဝပြီး အရပ်အမောင်း အသင့်အတင့် စကားနည်းပြီး ကွမ်းအမြဲစားပါသည်။ ကြိုးတော်ဆွဲ ဆရာစကို ကျွန်တော်က အဘစဟု ခေါ်ပါသည်။ပွဲသမားများဖြစ်၍ ညအခါ အလင်းပေါက်နေကြရ၊ နံနက်မိုးလင်းမှ အိပ်ကြရပါသည်။ နေ့လယ် အိပ်ရေးဝချိန်တွင် အဘစက ကျွန်တော့်ကို အရုပ်ကြိုးဆွဲနည်းများ ပြပါသည်။ ကြိုးဆွဲရာတွင် အက ကကြိုးများက လွယ်ကူပြီး သရုပ်ဖော်များဆွဲရာတွင် ခက်ခဲကြောင်း လက်တွေ့ဆွဲပြပါသည်။မင်းသားငိုရှိုက်ဟန်၊ လက်သီးလေးဖြင့် ရင်ပတ်ထုထု ငိုဟန်၊ ဆံပင်ဖားလျားချ၍ မျက်နှာကို ဖုံးအုပ်သွားဟန်များ၊ ကဟန်ဖြင့် နောက်ပိုင်းဇာတ်ထုပ်များ သရုပ်ဖော် ကြိုးဆွဲနည်းများကို ဆွဲ၍ပြပေးပါသည်။ အမေ့မင်းသမီးရုပ်ကလေး မမြမှုံအရုပ်ကို ကြိုးဆွဲသူမှာ မလှိုင်မြို့အနီး သဖန်းကန်ရွာမှ ဦးရွှန်းဖြစ်ပါသည်။ဦးရွှန်းမှာ အသားနီစပ်စပ် ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင် ခပ်ကွကွ နှာတံကကောက်ကောက် အသံပြာပြာ ဆံပင်မှာ ဘိုကေထားပြီး ကျွန်တော်တို့ အမေနဲ့အဖေ လင်မယားကွဲပြီး အမေနဲ့ ဆက်လက်အကြောင်းပါကာ သားတစ်ယောက် မောင်သိန်းမြင့်ရပြီး လေးငါးနှစ်ပေါင်း၍ နောက်တော့ ကွဲသွားပါသည်။ဦးရွှန်းကို ကျွန်တော်တို့က ဦးလေးရွှန်းဟု ခေါ်ကြပြီး ဦးလေးရွှန်း ကြိုးဆွဲရာတွင် အက ကကြိုးများ၌ လက်တန်းအောက်က သူ့ခြေထောက်ထိုး၍ အရုပ်ကြိုးများကို ကူညီတတ်ပါသည်။တစ်ခါက အမေ၏ "မမြမှုံ ရုပ်စုံအဖွဲ့"ဟူသော ဆိုင်းဘုတ်ကိုတင်အပြီးတွင် အမေက ဆိုင်းဘုတ်တိုင်

ခြေရင်းတွင် မြေမျှားသိပ်ရန် မြေထပ်ဖို့ပြီး ရေနည်းနည်းလောင်းကာ ခြေထောက်ဖြင့်နင်း၍ နှုတ်မှလည်း ပရိတ်များရွတ်ဖတ်၍ ပီတိဖြစ်နေပါသည်။ဆိုင်းဘုတ်သစ်ကလေးတင်ပြီး အမေ ပီတိဖြစ်နေကာ ဆိုင်းဘုတ်အောက်တွင် မတ်တတ်ရပ်၍ ရွတ်ဖတ်နေသည်ကို ကျွန်တော်က နားမလည်ဘဲ ဆိုင်းဘုတ်တပ်ခြင်းကိစ္စ ဒါလောက်ဆို ကျေနပ်လောက်ပါပြီဟု ပြောလိုသည်ကို ရိုးရိုးမပြောဘဲ "အမေရယ် ဒါလောက်ဆို ဆန်ကွဲထမင်းချက်လောက်ပါပြီ"ဟု ပြောလိုက်မိပါသည်။အမေက ချက်ချင်းမျက်နှာပျက်သွားပြီး ရင်ဘတ်ကို လက်ကလေးဖြင့် ဖိရင်းက "ငါ့သားရယ် ဘယ်လိုပြောလိုက်တာလဲ"ဟု ပြောပါသည်။ ကျွန်တော်က ထပ်၍ "ဆန်ကွဲထမင်းချက်လောက်ပါပြီ၊ ကျေနပ်လောက်ပါပြီလို့ ပြောတာပါ"ဟု ထပ်ပြောလိုက်ရာ အမေက စိတ်ဆင်းရဲသွားဟန်ဖြင့် "သား လူလေး နောက်ကို အဲဒီလိုမပြောနဲ့"ဟု ပြောပါသည်။အမေက အိမ်သစ်ရာသစ်ကဲ့သို့ ဆိုင်းဘုတ်အသစ်ကလေးတင်ပြီး၍ မင်္ဂလာယူနေချိန်တွင် ကျွန်တော်က "ဆန်ကွဲထမင်း ချက်လောက်ပါပြီ"ဟုပြောလိုက်ရာ မင်္ဂလာမရှိသောစကား ဖြစ်သွားပါသည်။ ထိုနှစ်က အမေ့ရုပ်သေးပွဲများ ကောင်းကောင်းမကရပါ။နောက်မှ ကျွန်တော့်အမှားကို သိရပါသည်။

ရုပ်သေးပွဲရာသီရောက်လျှင် အရုပ်ကလေးများကို ပြုပြင်ရပါသည်။ အမေ့မင်းသမီးရုပ်ကလေးကို ကန့်ကူဆံနှင့် မန်ကျည်းစေ့ကို ကျောက်ပြင်ပေါ်တွင် ရောသွေးပြီး ခပ်ပါးပါးကလေး ကြက်တောင်ဖြင့် အရုပ်မျက်နှာကို လိမ်းခြယ်ရပါသည်။မင်းသမီးလေး သနပ်ခါးမိတ်ကပ်လိမ်းသည့်သဘော ဖြစ်ပါသည်။ဆေးနီနီရဲလေးဖြင့် နှုတ်ခမ်းဆိုးပေးကာ မျက်ခုံးမွေးအတွက် ရေနံကြီးမီးခွက်မှိုင်းခံ၍ ရလာသော မှိုင်းအမည်းများကို ခပ်ပျစ်ပျစ်ဖျော်၍ မျက်ခုံးမွေး ဆွဲပေးရပါသည်။ အရုပ်အားလုံး၏ အဝတ်အစားများကို ပိုးဖဲကတ္တီပါ ရွှေချည်ထိုး ယောပုဆိုးစသည်ဖြင့် သင့်ရာသင့်ရာ ချုပ်လုပ်၍ ဝတ်ပေးရပြီး အမေ့အရုပ်၏ လက်ညှိုးဖျားလေးတွင် အပ်ချောင်းစိုက်ထားပါသည်။အပ်အရှည်မှာ မီးခြစ်ဆံခေါင်းလောက်သာ ရှိပါသည်။နှစ်ပါးသွား အကထဲတွင် ပခုံးနှင့်လည်ပင်းအပေါ်မှ ရှေ့သို့ချထားသော ပဝါလေးကို လက်ဖျားလေးကော့၍ ယူလိုက်သောအခါ အပ်အဖျားတွင် ပဝါချိတ်၍ ပါလာပြီး အလွန်ကြည့်လို့ လှပါသည်။ပရိသတ်ကမူ လက်နှင့်ပင် ပဝါကို ယူလိုက်သည် ထင်ကြရပါသည်။

ကျွန်တော်တို့မှာ မန္တလေးပြန်များဖြစ်သော်လည်း ဆိုင်းဆရာတစ်ယောက်ကဲ့သို့ မတီးနိုင်သေးပါ။လက်ကိုင်းပင် ကောင်းကောင်းမသန်သေးကြသဖြင့် အမေ့ရုပ်သေးနဲ့တွဲသော ဆိုင်းဆရာ စိန်အုံးရွှေဆိုင်းထဲတွင် ပေါင်းစပ်၍ တီးကြရပါသည်။ စိန်အုံးရွှေဆိုင်းတွင် နှဲဆရာ ကိုဘသင်၊ ကြေးတီး အစ်ကိုလေး ကိုစိန်မောင်၊ ကျွန်တော်က မောင်းတီး၊ ပတ်မတီး ကိုပြူး၊ စည်းဝါး၊ စည်းနဲ့ဝါးမှာ တစ်ယောက်တည်းတီးပြီး စည်းက ခုံနဲ့ ဝါးက ဗျောက်တုံးကို တီးရပါသည်။ စည်းနဲ့ဝါးတီးသူမှာ ကိုထွန်းခင်ဖြစ်ပြီး လင်းကွင်းတီးမှာ အေးမောင်ဖြစ်ပါသည်။

လင်းကွင်းတီး အေးမောင်မှာ ပျာယာပျာယာနိုင်လှပြီး ကိုထွန်းခင်မှာ သဘောကောင်းသူ တစ်ယောက်ဖြစ်ကာ ပတ်မတီး ကိုပြူးမှာ စည်းချိန် နရီချိန် မကောင်းပါ။သူ စိတ်ပါလက်ပါ တီးရင် မြန်မြန်သွားတတ်သဖြင့် တစ်ဆိုင်းလုံး မကြာခဏ မောကြရပါသည်။နှဲ ကိုဘသင်မှာ ကာလသားရောဂါ ဖြစ်ထားသဖြင့် အမြဲတမ်း ညှော်ရှောင်ရကာ လူက ကွတကွတ ဖြစ်နေပါသည်။စိန်အုံးရွှေခေါ် ဦးအုန်းရွှေမှာ အသက်အရွယ်အားဖြင့် ကျွန်တော်တို့ မိဘအရွယ် ဖြစ်ပါသည်။ သူသည် အဘစိန်ဗေဒါ၏ တပည့်ဖြစ်ပြီး ဦးစိန်ငှက်ရိုး၏ ညီအရင်းဖြစ်ပါသည်။ ၎င်းတို့

ညီအငယ်ဆုံးမှာ စိန်မောင်တင့် ကျောက်ပန်းတောင်းဖြစ်၍ ညီအစ်ကိုသုံးယောက်လုံး ဆိုင်းဆရာတွေချည်း ဖြစ်ပါသည်။ဦးအုံးရွှေမှာ အသားခပ်ဖြူဖြူ ဝဝ၊ နှာတံကောင်းကောင်း နှုတ်ခမ်းပါးပါးနီနီ ဘိုကေထားပြီး လူ့ဂွစာကြီးဟု တော်တော်များများက ခေါ်ကြသော်လည်း သဘောကောင်းပါသည်။ရတနာသုံးပါး အလွန်ရှိသေ၍ သူစိပ်သော ဂုဏ်တော်ပုတီးအနက်ကြီးမှာ တောင်ဆုပ်လောက် ရှိပါသည်။ကျွန်တော်က ဦးအုံးရွှေအား နာမည်မခေါ်ပါ ဦးလေးဟုသာ ခေါ်ပါသည်။ ကျွန်တော်နဲ့ အစ်ကိုလေး တိုင်ပင်၍ ရုပ်သေးပွဲစ၍ ပတ်မချီကတည်းက တီးရန် အစီအစဉ်များကို စနစ်တကျ ပြုလုပ်ထားပါသည်။ယိုးဒယားတီးနေချိန်တွင် ဆိုင်းကို လူဝိုင်းကြည့်နေအောင် တီးနိုင်ပါသည်။သို့သော် ကျွန်တော်တို့မှာ ပတ်ဆစ်ချိုးများ ကောင်းကောင်းမတတ်သေးပါ။မလှိုင် ပန်းအိုင်ဘုရားပွဲတွင် အမေ့ရုပ်သေးပါရာ ပွဲဦးထွက်ည နတ်ကတော် (အပျိုတော်) ထဲတွင် ကျွန်တော်က ဆိုင်းဝိုင်းထဲတွင်တီးရာ ဦးလေးက နောက်က စည်းဖြင့် ပတ်ဆစ်ချိုးရန် အချက်ပေးနေသည်ကို ကျွန်တော်က မချိုးတတ်သဖြင့် တလည်လည်ဖြစ်နေ၍ ဦးလေးက စိတ်မရှည်တော့ဘဲ စည်းဖြင့် ကျွန်တော့်အား လှမ်းထုလိုက်ပါသည်။နောက်စေ့နားမှန်ပြီး သွေးများ ဖြာခနဲကျကာ အင်္ကျီတွင် ရွှဲသွားပါသည်။

ဆိုင်းထဲတွင် ရုပ်သေးဆိုင်းတီးရတာ အခက်ဆုံးဖြစ်ပါသည်။ရုပ်သေးတွင် အရုပ်စုံ ပို့နည်း တီးနည်းများတတ်မှ ဖြစ်ပါမည်။ဇာတ်ဆိုင်း၊ နတ်ဆိုင်း၊ ဗလာဆိုင်း၊ ရုပ်သေးဆိုင်းများတွင် ရုပ်သေးနဲ့တီးရတာက အခက်ဆုံးဖြစ်ကြောင်းမှာ ရုပ်ပြနဲ့ အသံတွေချည်း သုံးစွဲရသဖြင့် တကယ်မသိ မတတ်၍ မဖြစ်ပါ။တစ်ညတွင် နောက်ပိုင်းကို ဆိုင်းဝိုင်းထဲ၌ ကျွန်တော် တီးနေပါသည်။ ပုလဲကုန်သည်၊ရွှဲကုန်သည် ဇာတ်ထုပ်ခင်းကျင်းပြသရာ ဒေဝဒတ်အလောင်းက ပုလဲကုန်၊ ရွှဲကုန် အရောင်းသွားရာတွင် ဗုံထောက်ဖြင့်သီဆို၍ သွားပါသည်။ကျွန်တော်က ဗုံထောက်အချိုးနှင့် ဗုံထောက်ကို ကောင်းကောင်းတီးတတ်ပြီဖြစ်၍ ပိုင်ပိုင်နိုင်နိုင် တီးချလိုက်ပါသည်။ ထို့နောက် ဘုရားအလောင်း ရွှဲကုန်သည် ထွက်လာပါသည်။ဘုရားအလောင်းက လေအေးလေးနဲ့ စကားပြောနေသဖြင့် ဘာတီးရမှန်းမသိ ဖြစ်နေပါသည်။ဘုရားအလောင်းက "ကျုပ်မှာ ပရိယေသန ဝမ်းစာ မချမ်းသာသဖြင့် ပုလဲကုန် ရွှဲကုန်များ တစ်ရွာဝင် တစ်ရွာထွက်၊ တစ်နယ်ဝင်၊ တစ်နယ်ထွက်ဖြင့် လှည့်လည်ရောင်းချနေရပါသည်။ခရီးကလည်း ပန်းလှပါပြီ။သို့ပေမဲ့ ဝမ်းစာရေးအတွက် မနေနိုင်သဖြင့် ကျုပ် ပုလဲကုန် ရွှဲကုန် အရောင်းသွားပါရစေဦး ရွာစားရယ်"ဟု ပြောပြောဆိုဆို ခြေလှမ်းရန် ခြေလေးတစ်ဘက် မြှောက်လိုက်ပါသည်။ကျွန်တော် ဘာတီးရမှန်း မသိပါ။ကျွန်တော် မတီးသေးသဖြင့် မင်းသားရုပ်ကလေးကလဲ မြှောက်ထားသော ခြေထောက် မလှမ်းသေးပါ။ ကျွန်တော့်တွင် ချက်ချင်းချွေးများပြန်လာပါသည်။ နောက်မှ သတိရ၍ ဆိုင်းဝိုင်းထဲက ရေခွက်ကို လက်ဖျားဆွတ်၍ ငိုက်နေသော နှဲဆရာကိုဘသင်အား ရေဖြင့် လှမ်းတောက်၍ နှိုးလိုက်ပါသည်။ကိုဘသင်က ချက်ချင်း အပေါ်ကအရုပ်ကလေးကိုကြည့်ပြီး နှဲကိုကောက်ကိုင်ကာ "အိုပန်းပါဘိ" ကို မှုတ်လိုက်ပါသည်။ဒီတော့မှ ကျွန်တော်လည်း ကိုဘသင်ရှေ့ကသွားသော အိုပန်းကို လိုက်တီးရပါသည်။

တကယ်တော့ အိုပန်းပါဘိကို ကျွန်တော် တတ်ပြီးသား ရပြီးသား ဖြစ်ပါသည်။သို့သော် အသုံးမချတတ်ပါ။ဤနေရာတွင် အိုပန်းတီးရမှန်း ကိုဘသင်က ရှေ့က နှဲဖြင့်မှုတ်ပြမှ သိပါသည်။ သီချင်းများရပေမယ့် အသုံးချပညာကတစ်မျိုး ဖြစ်ပါသည်။ဥပမာ တမာပင်၊ မန်ကျည်းပင်၊ ဇီးပင်၊ ရှောက်ပင်၊ ခွေးတောက်ပင်၊ ငှက်ပျောပင်များကို သိပါသည်။သို့သော် ဆေးဘက်ဝင်အဖြစ်

အသုံးချနည်းကို မသိပါ။တစ်ခါတစ်ရံ အချို့သစ်ပင်များကို စားကောင်းသည် စားမကောင်းသည်ပင် မသိကြပါ။တစ်ခါက ကျွန်တော်က ဦးလေးထံ ပိုက်ဆံပိုတောင်းပါသည်။အေးမောင်လည်း လင်းကွင်းတီးတစ်စု၊ ကျွန်တော်လည်း ပတ်တီးတစ်စု၊ အစုတူဖြစ်၍ ကျွန်တော်က နာသဖြင့် ပိုက်ဆံပိုပေးရန် တောင်းပါသည်။ဦးလေးက "အေးအေး ပေးတာပေါ့ဗျာ"

"ပေးတာပေါ့ဗျာ"ဟု မြန်မြန် ခပ်ငေါ့ငေါ့ ပြောလိုက်ပါသည်။ထိုနေ့ည နှစ်ပါးသွားအပြီး ဆိုင်းဝိုင်းထဲက လေပြေထိုးရာတွင် ဇေယျာရွှေမြေသီချင်းခန့်ကြီးကို ထည့်ထိုးပါသည်။ကျွန်တော်က ကြေးနောင်ဝိုင်းထဲက ဖြစ်ပါသည်။ဇေယျာရွှေမြေ ပထမပိုဒ်ကို ကျွန်တော်ရပါသည်။ဒုတိယပိုဒ်ကစ လုံးဝမရတော့ပါ။ဒုတိယပိုဒ်ရောက်ပြီး ခဏတွင် ဦးလေးက ဆိုင်းဝိုင်းထဲက ပတ်စာများ ခွာပစ်လိုက်ပြီး ကျွန်တော့်ဘက် မေးငေါ့ပြကာ "ကဲကဲ ပိုက်ဆံပိုတောင်းတဲ့လူကြီး ကျွန်တော်စိန်အုံးရွှေက ဇေယျာရွှေမြေ တီးပါတယ်။ဆက်တီးပါ။ဆက်တီးပါ"ဟု ပြောပါသည်။ဇေယျာရွှေမြေ ဒုတိယပိုဒ်ကစ ကျွန်တော် မရတော့ပါ။ကျွန်တော်တင်မဟုတ် နှဲ ကိုဘသင်ကလည်း မရပါ။ကြေးဝိုင်းထဲက ဘာတီးရမှန်းမသိပါ။ပရိသတ်တွေကလည်း ကျွန်တော့်ကို ဝိုင်းကြည့်နေကြပါသည်။အလွန်ရှက်ပါသည်။နှဲ ကိုဘသင်က ကျွန်တော့်အား "ခွေးမသား မင်းကြောင့် ငါပါ အရှက်ကွဲတယ်၊ မင်းကြောင့် ငါပါ အရှက်ကွဲတယ်"ဟု ပါးစပ်ကပြောရင်း နှဲသံက ကရော့ကရော့နှင့် သူလဲ ဘာမှုတ်ရမှန်း မသိပါ။

"ကဲကဲ ပိုက်ဆံပိုတောင်းတဲ့လူကြီး ပိုက်ဆံနဲ့တန်အောင် ဆက်တီးပါ။ ဆက်တီးပါ"ဟု ပြောပါသည်။ကျွန်တော့်တွင် ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်။ ကျွန်တော်တီးနေသော ကြေးနောင်ဝိုင်းကြီးကို မ၍ လွှင့်ပစ်လိုက်လျှင် ကောင်းကင်ပင် ရောက်လိမ့်မည်ထင်ပါသည်။ သို့သော်လည်း ကျွန်တော့်ကို နောက်တစ်နေ့ပွဲမှစ၍ တစ်စုမပေးတော့ဘဲ ငါးမတ်စု ပေးပါသည်။ အေးမောင်ထက် ကျွန်တော့်ကို တမတ်စုပိုပေးခြင်း ဖြစ်ပါသည်။တစ်ခါက ဦးလေးအား ကျွန်တော်က-

"ဦးလေး အဘစိန်ဗေဒါတီးတာ ပွဲကျသွားတယ် ပွဲကျသွားတယ်"ပြောပြီး "ဦးလေးတီးတော့ ပွဲမကျပါလား"ဟု ပြောလိုက်ရာ "အေးပါ အေးပါ ညကျတော့ ပွဲကျ နားထောင်ရမှာပေါ့"ဟု ချက်ချင်းဖြေပါသည်။

ထိုနေ့ည ရုပ်သေးနှစ်ပါး မသွားခင် ဦးလေးက ဆိုင်းဝိုင်းထဲတွင် တစ်ယောက်တည်း ပတ်ကော်တီးနေကာ အပြီးသတ်အချတွင် "တူ[၇] တဲ[၆] နယ်[၄] နယ်[၇] တူ[၆] တဲ[၄] တေး[၆] တေး[၇] ပြောင်[၁]"ဟု ချရမှာ မချဘဲ "ပြောင်"ဆိုသော နေရာတွင် ရုတ်တရက် ဆိုင်းဝိုင်းထဲကထ၍ ဖင်လှန်ပြီး ဘွတ်ဆို အီးကိုညှစ်ပေါက်လိုက်ရာ ပရိသတ်မှာ တဝေါဝေါ ပွဲကျနေပါသည်။

နောက် ချက်ချင်းပြန်ထိုင်လာကာ ပါးစပ်ကလည်း "ခင်ဗျား ပွဲကျ နားထောင်ချင်တယ်ဆို အဲဒါ ပွဲကျပဲ"ဟု ပြောချလိုက်ပါသည်။ထိုနေ့က နောက်ပိုင်းဇာတ်ထုပ်ကရာတွင် လွမ်းခန်းများ၌ ပရိသတ်က မလွမ်းတော့ပါ။ဦးလေးကိုကြည့်ပြီး ရယ်မောနေကြသဖြင့် မင်းသားလည်း လွမ်းအောင် မကနိုင်တော့ပါ။မနက်ပွဲသိမ်းတော့ မင်းသား ဦးစပါယ်တစ်ခက်က ဦးလေးအား-

"ဆိုင်းဆရာကြီးကလည်း ကလေးနဲ့ဘက်ပြီး ရန်ဖြစ်တာပဲ"ဟု ပြောပါသည်။

ဦးလေးက ကျွန်တော်တို့မရသော သီချင်းများတီးနည်းများဖြင့် မကြာခဏ ပညာပြသဖြင့် ကျွန်တော်တွင်မက ကိုဘသင်ပါ ကသိကအောင့် ဖြစ်ကြရပါသည်။ တစ်ရက်တွင်

ကျွန်တော်က ကိုဘသင်အား တိုင်ပင်ပြီး ဆိုင်းသမားများပါ စုပေါင်းခေါ်ကာ ရေကန်တစ်ခု၏ဘေး မန်ကျည်းပင်ရိပ်တွင် ပါးစပ်ဖြင့် တီးလုံးတိုက်ပေးပါသည်။နေ့လယ် တရေးနိုးဖြစ်ကြသဖြင့် အားလုံး လန်းလန်းဆန်းဆန်းဖြင့် နားထောင်ကြပါသည်။ကျွန်တော်က ဆရာကြီးဦးဟံပ၏ မုန့်လုံးစက္ကူကပ်တီးလုံးကို တိုက်ပေးခြင်းဖြစ်ပါသည်။နှုတ်မှလည်း ညနောက်ပိုင်း ငိုချင်းထဲတွင် ဤမုန့်လုံးစက္ကူကပ် ထည့်တီးမည်ဖြစ်ကြောင်း သဘောပေါက်အောင် အားလုံးကို ပြောထားလိုက်ပါသည်။

ညည နောက်ပိုင်းတွင် ကျွန်တော်က ဆိုင်းဝိုင်းထဲမှတီးရာ ထုံးတမ်းစဉ်လာအရ ဆိုင်းဝိုင်းတီးသူကပဲ ဦးဆောင်တီးကြပါသည်။ဦးလေးက ကြေးဝိုင်းထဲတွင် အမြဲနေပါသည်။ ဦးလေးတီးနေသော ကြေးဝိုင်းမှာ ပွတ်လုံးဝိုင်းဖြစ်ပြီး ကြေးစီတာ ကြိုးနဲ့ခွေစီးထားသဖြင့် အတွင်းဘက်စောင်းနေ၍ တီးရတာလွယ်ပါသည်။ဦးလေးက သူ့အိပ်ရာလိပ်ကို ကြေးဝိုင်းအတွင်းသွင်း၍ ကျောဘက်ကထားကာ နောက်မှီပြီး အမြဲငိုက်တတ်ပါသည်။ငိုချင်းတစ်ပုဒ်တီးသံကြားလျှင် ချက်ချင်း မတီးနိုင်ပါ။ငိုက်ရာမှထပြီး ပထမ သူသောက်သော ဆေးပြင်းလိပ်တိုကို ကြေးဝိုင်းပေါ် တင်ထားရာက လက်ဖြင့်ယူပြီး ပါးစပ်တပ်ပြီးမှ ကြေးလက်ခတ်ကို ကိုင်ပါသည်။ သူ အမြဲတမ်းမှီသည်မှာ ငိုချင်း၏ နောက်ဆုံးအချ တူး၄ ဘီ၃ နယ်၇ တယ်၆ တယ်၄ တယ်၇ တေး၄ နယ်၆ တဲ၇ နက်၃ပြောင်၇ကျမှသာ မီပါသည်။ထိုနေ့ညက မင်းသားငိုချင်းချကာနီးတစ်ကျော့လောက် အလိုတွင် ကျွန်တော်က ဆိုင်းဝိုင်းထဲက ပတ်လုံးကို ပတတ်ပတတ်ဟုရိုက်၍ သတိပေးလိုက်ပါသည်။အဓိပ္ပာယ်မှာ "ငိုက်မနေကြနဲ့ စတီးတော့မယ်"ဟု ပတ်လုံးဖြင့် ပြောလိုက်ခြင်း ဖြစ်ပါသည်။ဦးလေးကား ပညာမာနကြီးသလောက် သတိကောင်းသူဖြစ်သဖြင့် ချက်ချင်းငိုက်ရာမှ ဝုန်းခနဲ ခါးဆန့်ထိုင်လိုက်ပြီး သူသောက်နေကျ ဆေးပြင်းလိပ်တိုကို လက်ဖြင့် ရိုက်ဖယ်လိုက်ကာ ကြေးလက်ခတ်ကို ကောက်ကိုင်၍ တီးရန် အသင့်ပြင်လိုက်ပါသည်။

မင်းသားက "အမယ်မင်း ခွဲရတော့မှာပါလား" နောက်ဆုံးငိုချလိုက်သံ ဖြစ်ပါသည်။ ကျွန်တော်က နေ့လယ်က တီးလုံးတိုက်ထားတဲ့အတိုင်း မုန့်လုံး စက္ကူကပ်ကို ထည့်တီးပါသည်။

မုန့်၆လုံး၇ကို၆ စ၆က္ကူ၇ကပ်၆

ကြာ၃က၇ လပ်၆နဲ့၇ ဆွမ်း၃ တော်၄တင်၃

ပ၂လွှင်ပေါ်၄က၂မျှောက်၂က၄လေး၂ ခင်း၂တယ်၇လို့၆ပြေး၂

ဂျာ၄အေး၂ကို၆ သူ၄ မေ၄ရိုက်၂လို့၆ မှောင်၄မိုက်၂မှာ၆ငို၄

ကို၆လူ၆ပျို၆ ထ၆ ရုံပေါက်၄က၃ ခြေ၆ထောက်၄ကို၃ဆွဲ၆

တွဲ၇လဲ၇ နေ၆ ပါ၅အုန်း၄ မိုး၅တောင်၆က၇ ချွန်း၃

ငိုချင်းအကတ်နဲ့တွဲပြီး ချလိုက်ပါသည်။ဦးလေးမှာ ကြေးဝိုင်းထဲက ကလန် ကလန်နှင့် မုန့်လုံးစက္ကူကပ်ကို မတီးနိုင်ရှာပါ။မရပါ။ ဤသံစဉ်များက ကြားဖူးနားဝမရှိဘဲ လုံးဝတီးမရပါ။ ငိုချင်းဆုံးသောအခါ ကြေးလက်ခတ်နှစ်ဖက်ကို လွှင့်ပစ်လိုက်ပြီး "ငါ့ချီးမှ မတီးတော့ဘူး"ဟု ပြောပြောဆိုဆို ထွက်သွားပါသည်။ မိုးလင်းအထိ ပြန်မလာတော့ပါ။ကျွန်တော်နဲ့ တစ်ဆိုင်းလုံးက ဦးလေး မတီးနိုင်တာကို သဘောကျ၍ ရယ်နေကြပါသည်။နောင်တွင်မူ ကျွန်တော့်ကွယ်ရာတွင် "ဒီကောင် အာဃကောင်၊ ကျုပ်တောင် ပြန်တွယ်တယ်"ဟု ကျေနပ်သောမျက်နှာဖြင့် ပြုံးပြုံးကြီး ပြောပြနေကြောင်း သိရပါသည်။

ဦးလေးတီးသောဆိုင်းမှာ မှန်စီရွှေချဆိုင်း မဟုတ်ပါ။ရွှေမင်သုတ်၊ သုံးပြားဝိုင်းဖြစ်ပြီး ဆိုင်းကို လျှော်များ ကြိုးများနဲ့တုပ်ပြီး ခွေရပါသည်။သို့သော် ဦးလေးက ဤဆိုင်းတွင် ဘီလူးစောင့် ကြောင်း တစ်စုံတစ်ယောက်က ဆိုင်းဆီ ရန်မူ၍မရကြောင်းများ တစ်ခါတလေ ပြောပြတတ်ပါ သည်။

ရုပ်သေးသမား ဆိုင်းသမားများက ကျွန်တော်တို့ကို တစ်ခါတစ်ခါ နှိမ်ပါသည်။မင်းတို့ မန္တလေးသားတွေ အလကား၊ တို့တောသားတွေမှ တောလိုက်နိုင်တယ်၊ တောလုပ်ငန်းလုပ်နိုင် ထတယ်ဟု ပြောလေ့ရှိပါသည်။တောလိုက်သည်ဆိုခြင်းမှာ တောတွင်းသို့ဝင်၍ သားကောင်ရအောင် လိုက်နိုင်ခြင်း၊ တောအလုပ်ဆိုသည်မှာ တောင်ယာခုတ်ခြင်း တောင်သူလုပ်ငန်းများ ဖြစ်ပါသည်။

အမေ ရုပ်သေးပွဲက ထွက်လာရာတွင် အိမ်ကခွေး အောင်နက်ပါ ပါလာပါသည်။ အောင်နက်မှာ တစ်ကိုယ်လုံးနက်၍ မျက်စိမှာ ဝါကြောင်ကြောင်၊ နားရွက်စွင့်စွင့် အမြီး ထောင်ထောင် ဖြစ်ပါသည်။တစ်ရွာနဲ့တစ်ရွာ ပွဲကူးရာတွင် အောင်နက်က ရုပ်သေးလှည်းများ၏ ထိပ်ဆုံးက လှည်းအောက်မှ လိုက်ပါလာသည်။တစ်ရွာ တစ်ရွာဖြတ်သွားလျှင် ရွာထဲကခွေးတွေက အောင်နက်ကိုကိုက်ရန် ဝိုင်းလာကြပါသည်။ခွေးတွေစုမိပြီး နှစ်ဆယ်ကျော်လောက် ရှိလိမ့်မည်။ အောင်နက်က အမြီးထောင်၍ ခပ်မှန်မှန် လိုက်လာသည်။ရွာအပြင်ရောက်လျှင် အောင်နက်က လှည်းအောက်မှ ရှေ့သို့ထွက်ပြီး သူ့ကိုဝိုင်းထားသော ခွေးများကို တဟုန်ထိုး ထိုးလိုမ့်ခါ ကိုက်ပါ သည်။အောင်နက်ကိုက်ပုံမှာ မြန်ဆန်လွန်း၍ ဘယ်လိုကိုက်မှန်း သေသေချာချာ မသိပါ။ သူတစ်ခါထိုးကိုက်လိုက်လျှင် ခွေးလေးငါးကောင် လိမ့်လိမ့်နေပါသည်။ သုံးခါလောက် ထိုးကိုက် လိုက်ပြီး နောက်ထပ်ခွေးများ သိပ်မကပ်ရဲတော့ပါ။ အကောင် ၁၀ လောက် ခပ်ကြောက်ကြောက် နဲ့ လိုက်ဝိုင်းနေကြသည်ကို တွေ့ရပါသည်။အောင်နက်က ထိုခွေးများကို အရေးမလုပ်ဘဲ သူ့ဘာသာသူ မှန်မှန်သွားမြဲ သွားနေပါသည်။ရွာနဲ့ခဲတစ်ပစ်လောက်အရောက်တွင် ခွေးများ ဆက်မလိုက်ရဲကြတော့ပါ။အောင်နက်သည် ကျွန်တော်တို့ပြောစကားကို နားလည်သလို ထင်ရပါ သည်။ဝပ်ဆို ဝပ်နေပါသည်။ထမင်းဟင်းများကို စားဆိုမှ စားပါသည်။နေ့လယ် တစ်နေကုန် ရုပ်သေးတစ်စင်လုံး၊ ဆိုင်းတစ်ဖွဲ့လုံးကို သူက ထိုင်၍စောင့်နေသည်။ မိတ္ထီလာနယ် ရွာတစ်ရွာ အရောက်တွင် ပွဲတစ်ညနား ကူးသည်မို့ ထိုပွဲကရမည့်ရွာသို့ နံနက် ၈ နာရီလောက် ရောက်ပါ သည်။မိုးပြေးကလေး ရွာပြီးစဖြစ်သဖြင့် တောကောင်များ မြူးတူးနေမည် ထင်ပါသည်။ကျွန်တော် သည် အောင်နက်ကိုခေါ်ပြီး တောထဲသို့ ထွက်လာပါသည်။ကျွန်တော့်လက်ထဲတွင် ဓားမတို တစ်ချောင်း ပါလာသည်။ချုံများကို အောင်နက်အား အနံ့ခံစေပြီး လိုက်ခဲ့၍ အတန်သွားမိလျှင် ချုံထဲမှ ဖွတ်ကြီးတစ်ကောင် ဝေါဝေါနှင့် ထွက်လာပါသည်။ကျွန်တော်နှင့်အောင်နက်က ဖွတ်နောက်သို့ အပြေးလိုက်ပါသည်။ဖွတ်က ယာခင်းအလယ်က မပြေးပါ။ချုံစဉ်ရိုးများထဲကသာ ပြေးပါသည်။အောင်နက်မှာ မြူးနေပြီး ဖွတ်ကို မရရအောင် လိုက်နေရမှန်းသိသော်လည်း ဆူးချုံများအတွင်းသို့ သူ မဝင်နိုင်ပါ။တစ်မိုင်လောက် ရောက်ပါပြီ။ဖွတ်ကလည်း ပြေးတုန်း ကျွန်တော်နဲ့အောင်နက်ကလည်း လိုက်တုန်း။ကျွန်တော်ကတော့ မောနေပါပြီ။တစ်နေရာ အရောက်တွင် ဖွတ်က ချုံတွင်းရှိ တွင်းတစ်ခုထဲသို့ ခေါင်းတိုးဝင်သွားပါသည်။ဖွတ်ကြီးမှာ နှစ်တောင်ခန့်ရှိသဖြင့် ခေါင်းနဲ့ကိုယ်က တွင်းထဲဝင်သွားသော်လည်း အမြီးဖျားက အပြင် တွင်းဝတွင် ရှိပါသည်။တအားဆောင့်ဆွဲသော်လည်း တုတ်တုတ်မျှ မလှုပ်ပါ။ဖွတ်မြီးကို လက်တွင်

လိမ်၍ ဆွဲသော်လည်း မရပါ။နောက်မှ စဉ်းစားမိပါသည်။ဖွတ်များသည် အလွန်ခြေလက်မြဲသဖြင့် အမြီးကဆွဲလျှင် အမြီးသာ ပြတ်ပါသွားနိုင်ပြီး ဖွတ်က ထွက်မလာနိုင်ကြောင်းသိသဖြင့် အောက်နက်ကို အမြီးက စောင့်စေပြီး ဆူးချုံကို ဓားမတိုဖြင့်ရှင်းကာ အတွင်းဘက်သို့ ရောက်အောင်ဝင် ခေါင်းရင်းဘက်မှ ဂယ်ပေါက်တူးပါသည်။ဂယ်ပေါက်ပွင့်ခါနီးတွင် ဖွတ်က ချက်ချင်းလှည့်၍ ပြွတ်ခနဲထွက်လိုက်ရာ အောင်နက်က ဖျတ်ခနဲ ကိုက်ချီထားလိုက်ပါသည်။

"အောင်နက် သာသာကိုက်"ဟု ကျွန်တော်ကပြောပြီး ချုံထဲမှ ထွက်လာပါသည်။ အောင်နက်က ဖွတ်ကြီး၏ခါးလယ်မှ ငုံကိုက်ထားသဖြင့် အမြီးနဲ့ခေါင်းမှာ ပါးစပ်၏ တစ်ဘက်တစ်ချက်တွင် လှုပ်ရမ်းလှုပ်ရမ်း ဖြစ်လာပါသည်။အောင်နက် ပျော်ရွှင်နေဟန် ရှိပါသည်။ ရုပ်သေးစင်အရောက်တွင် ကျွန်တော်က တောလိုက်၍ ဖွတ်ရလာကြောင်း ပြောလိုက်ပါသည်။ အားလုံးက ကျွန်တော့်ကို အံ့သြဟန်ဖြင့်ကြည့်ကာ ဖွတ်ကြီးကို ဝိုင်းကြည့်နေပါသည်။ဖွတ်ကြီးမှာ နည်းနည်းနာလာ၍ကော အောင်နက်ကြောက်၍ကော ဖွတ်မေ့ ပဒပ်မေ့ မေ့နေ၍လား မသိပါ။ မြေပြင်ပေါ်က ထွက်မပြေးပါ ငြိမ်နေပါသည်။အမေက ရုပ်သေးစင်ပေါ်မှ ဆင်းလာပြီး ဖွတ်ကြီးကိုကြည့်ကာ ကျွန်တော့်ကို ဆူပါသည်။

"ငါ့သားရယ် သူတစ်ပါးအသက် မသေကောင်းမပျောက်ကောင်း မိုက်ပါဘိ သားလေးရယ်"ဟု ပြောပါသည်။ပြီးလျှင် ဖွတ်ကြီးကို အမေ့လက်စွပ်ချွတ်၍ ၎င်းရေစင်ဖိုးမှရသော ငွေမတ်စေ့ကိုယူ၍ ဖလားတွင် ရေစိမ်ပြီး ဖွတ်ကြီးအား ရွှေငွေရေလောင်းပြီး ဆုများ တောင်းပေးပါသည်။နောက် ကျွန်တော့်အား ဖွတ်ကြီးကို စတွေ့သောနေရာသို့ ပြန်လွှတ်ခိုင်းပါသည်။ကျွန်တော်က ဖွတ်ကြီးကိုယူကာ စတွေ့သောနေရာသို့ ပြန်လွှတ်ခဲ့ရပါသည်။အောင်နက်ကမူ ပြန်လိုက်လာရင်း အူးအူးနဲ့ ဘာလို့ ပြန်လွှတ်တာလဲဟု မေးနေသလို ထင်မိပါသည်။ ဖွတ်လည်းရ၍ ဓားမလည်း မဆုံးခဲ့ပါ။

ရှေးအခါက တောမှီရသေ့ သူတော်ကောင်းများက စိတ်ပြေရန် ရသေ့စိတ်ဖြေ တရားဘာဝနာပွားရန် အရုပ်များပြုလုပ်၍ ထားခဲ့သည်။ရုပ်သေးသမိုင်း အစကို ခပ်ဝါးဝါးပဲ မြင်ခဲ့ရပါသည်။ရုပ်သေးတွင် အရုပ်ပေါင်း ၂၈ ရုပ် ပါသည်ကို အဠကလရုပ် ၂၈ ကြောင်းဟူ၍လည်းကောင်း၊ ဆိုင်းဝိုင်းတွင် ဗုံပေါင်း ၃၁ လုံးပါသည်ကို ၃၁ ဘုံဟူ၍လည်းကောင်း၊ ၃၁ ဘုံက မြှောက်ပေး၍ အဠကလရုပ် ၂၈ ပါးက ငိုကြ၊ ရယ်ကြ၊ ကကြ၊ ပျော်ရွှင်ကြ၊ ဆင်းရဲကြ သတိသံဝေရစရာ အဓိကဟု ရုပ်သေးကို တရားဖြင့် ဆင်ခြင်ကြည့်သင့်သဖြင့် မကြည့်တတ်လျှင် တဏှာ၊ ကြည့်တတ်လျှင် ဘာဝနာဟု ပြောရိုးရှိခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ဓာတ်ကြီးလေးပါးဖြင့် တည်ဆောက်စုဝေးထားသော ကမ္ဘာကြီးသည် ဤဓာတ်ကြီးလေးပါး၏ ဖျက်ဆီးခြင်းခံရ၍ ပျက်ကြရသည်။ရေဖျက်သော ကမ္ဘာ၊ မီးဖျက်သော ကမ္ဘာ၊ လေဖျက်သော ကမ္ဘာ စသည်ဖြင့် ကမ္ဘာကြီးပျက်ခါနီးလျှင် လောကပါလနတ်များက ကြွေးကြော်သံကို အကြောင်းပြု၍ ရုပ်သေးထွက်ခါနီးတွင် လင်းကွင်းနဲ့ မောင်းကြီးတီး၍ ချမ်း ချမ်း ချမ်း ဒူ ဟူ ဟူဟူ သုံးကြိမ်သုံးခါတီးပြီးမှ ဗိန်းမောင်းတိုက်သည်။လင်းကွင်းနဲ့ မောင်းကြီး ၃ ခါ တီးသည်မှာ လောကပါလနတ်များက ၃ ကြိမ် ၃ ခါ ကြွေးကြော်သံကဲ့သို့လည်းကောင်း၊ ဤသို့ ကြွေးကြော်ပြီးလျှင် ကမ္ဘာကြီးက ပျက်သုဉ်းခြင်းကို ဆိုင်းတော်တီး ရွာစားများက ဗိန်းမောင်းရိုက်တီး သရုပ်ဖော်ခြင်းဖြင့်လည်းကောင်း၊ ကမ္ဘာကြီးတစ်ခု ပျက်ပြီးနောက် ကမ္ဘာသစ်တည်သည်ကိုပြလို၍ သစ်ပင်တော်တော်များ စတင်ပေါ်ပေါက်လာပုံ ရုပ်သေးလက်တန်းရှေ့တွင် ခုံတစ်ခု၌ သစ်ကိုင်းကျိုး

စိုက်၍ သစ်ပင်များ စတင်ပေါက်ရောက်လာကြောင်း၊ ယင်းနောက် တိရစ္ဆာန်များ ပေါ်ပေါက်လာ ဟန်ကို အရုပ်ကြမ်းများအဖြစ် မြင်း၊ မျောက်၊ ဘီလူးကစ အဆင့်ဆင့်ပြီးလျှင် ဇော်ဂျီ၊ ဝန်ကြီး လေးပါး၊ သူငယ်တော် ရွှေတော်ပြေး၊ ရှင်ဘုရင် နန်းစီးပြည်တည်၊ ဇာတ်ထုပ်ဝင် နှစ်ပါးသွား နောက်ပိုင်းကွဲ ဒုက္ခဆင်းရဲရောက် ငို ပူ ဆွေး လွမ်း ဇာတ်ထုပ်ပြန်ပေါင်း စသည်ဖြင့် ရုပ်သေး ရုပ်စုံ၏ ပညာသည်များသည် သူ့နေရာနှင့်သူ မြန်မာမင်းများရှိစဉ်က စင်တော်ကြီး စင်တော်လေး စသည်ဖြင့် မင်းကမြှောက်စား၍ မြို့စား ရွာစားရခဲ့ကြသော်လည်း ယခုအခါတွင် မှေးမှိန်၍ တောရွာလေးများ၏ မေတ္တာကိုခံယူကာ လှည့်လည်ကပြနေရလေသည်။

အမေ ရုပ်သေးကရသောနယ်မှာ မိတ္ထီလာ မလှိုင်နယ်ဖြစ်၍ ထန်းပင်များ ပေါခြင်း ကြောင့် ဝါးတိုင်များထူ၍ ထန်းလက်မိုးခါ လှည်းကပ်ကြမ်းများကိုခင်း၍ ရုပ်သေးစင် ဆောက်ထား ပေသည်။ရုပ်သေးစင်က ထန်းလက်နှံ့သင်းသင်းကလေးဖြင့် ရွာပြင်ဘက် ယာကွင်းထဲတွင် ဆောက်ထားသော ရုပ်သေးစင်မှ လေကောင်း လေသန့်လေးများ ရှူရှိုက်ရခြင်းက အလွန် စိတ်ကြည်ပါသည်။အမေ့မှာ သားတွေကြောင့် အားရှိနေဟန်တူပါသည်။ကျွန်တော်တို့ အစ်ကိုလေးက ဆိုင်းထဲတွင် တီး၍လည်းကောင်း၊ အစ်ကို ကိုညဏ်ရင် (ကိုကျော်လှိုင်) က စင်ပေါ် မင်းသားလတ်နေရာမှ နောက်ပိုင်း ကန်ထကန်တက်များတွင် ပါဝင်နေပါပြီ။အမေ့ မွေးစားသား ကိုဘိုလေးမှာ ကျွန်တော်တို့ အစ်ကိုကြီးအရွယ်ဖြစ်ပြီး အသားမည်းမည်း အရပ်ရှည်ရှည် ဆံပင်ကောက်ကောက် နှာတံပေါ်ပေါ် သွားဖွေးဖွေးဖြင့် အမှတ်တမဲ့ကြည့်လျှင် ကုလားတစ်ဦးကဲ့သို့ ထင်ရပါသည်။သူသည် သွက်လက်ပေါ့ပါး၍ အမေ့ဝေယျာဝစ္စများကို မညည်းမညူ လုပ်ပေးပါသည်။

ရွာတစ်ရွာတွင် အမေ ရုပ်သေးကရာ ပရိသတ်မှာ စည်ကားလှပါသည်။ ပွဲကြည့် ပရိသတ်များ၏ထုံးစံမှာ ရုပ်သေးစင်ရှေ့တွင် ပရိသတ်များက ထိုင်ကြည့်ပြီး ထိုပရိသတ်ကြီးကို လှည်းတပ်ကြီးက ပတ်ပတ်လည် ဝိုင်းထားပါသည်။သက်ကြီးရွယ်အိုများက လှည်းပေါ်မှ ကြည့်တတ်ပါသည်။မိန်းမပျိုများက ပွဲခင်းရှေ့ပိုင်းတွင် ရှိတတ်ပြီး ကာလသားများက အပျိုများကို နောက်ဘေးမှ ကြည့်တတ်ပါသည်။ပွဲဦးနတ်ကတော်တွင် ကျွန်တော်က ဆိုင်းဝိုင်းထဲမှတီး၍ နတ်သံ ပြသူမှာ မင်းသား ဦးစပါယ်တစ်ခက် အသံမဟုတ်ဘဲ တစ်စုံတစ်ဦး၏အသံ ဖြစ်နေပါ သည်။ရုပ်သေးများတွင် လက်တန်းနောက်မှ ထိုင်ဆိုကြသဖြင့် လူမမြင်ရပါ။နတ်ကတော်ပြီး၍ အသံလာရာနေရာမှ အဘိုးကြီးတစ်ဦး စောင်ခြုံ၍ ထသွားသည်ကို မြင်လိုက်ရပါသည်။ နှစ်ပါးသွားခန်းပြီး နောက်ပိုင်းဇာတ်ထုပ်တွင် ထိုစောစောက မြင်ခဲ့ရသော အဘိုးအိုက ဆိုင်းထဲက ပတ်မကြီးကို လာရောက်တီးနေပါသည်။ငိုချင်းများကိုပင် ကောင်းကောင်းတီးတတ်၍ ကျွန်တော် က ရှေးဆိုင်းသမားကြီးတစ်ဦး ဖြစ်လိမ့်မည်ဟု ထင်လိုက်ပါသည်။၂ ပုဒ် ၃ ပုဒ်တီးပြီး ပြန်ထွက် သွားပါသည်။မနက်မိုးလင်း ပွဲသိမ်းတော့ ရုပ်သေးစင်ဘေးတွင် ထိုအဘိုးကြီးရပ်နေသည်ကို တွေ့ရသဖြင့် ကျွန်တော်တို့က မည်သူဖြစ်သည် သိရှိလိုသဖြင့် ထိုအဘိုးကြီးနားသွားရာ အမေက ရုပ်သေးစင်ပေါ်မှ ကပျာကယာဆင်းလာပြီး ကျွန်တော်တို့ မတ်တတ်ရပ်နေသည်ကို “ထိုင်ကြ ထိုင်ကြ”ဟု ပြောလိုက်ချိန်တွင် ထိုအဘိုးကြီးက ခြုံထားသောစောင်ကြီးကို ခွာလိုက်ရာ အလွန်အံ့သြသွားပါသည်။အဘယ့်ကြောင့်ဆိုသော် သစ်ခေါက်ဆိုးရောင်ဝတ်ထားသော ဘုန်းတော်ကြီးတစ်ပါး ဖြစ်နေသောကြောင့်ပါတည်း။ကျွန်တော်တို့ ညီအစ်ကိုများက ထိုင်၍ ဦးချကန်တော့နေသောအချိန်တွင် ထိုဘုန်းတော်ကြီးက-

"ဟဲ့ မြမှူ"

"ဘုရား"

"နင့်သားတွေ ငါ့ကျောင်းထည့်လိုက်"

"မှန်ပါဘုရား"

အမေက ဆက်လက်၍ ကျွန်တော်တို့အား "ဟဲ့ ငါ့သားတို့ လိုက်သွားကြ၊ ဒါ အမေ့ကို စောင့်ရှောက်ပေးနေတဲ့ ဆရာတော်ဖြစ်တယ်"ဟု ပြောပါသည်။ ဆရာတော်ကြီးမှာ သက်တော် ၇၀ ကျော်ခန့်ရှိသည်ထင်ရပြီး အရပ်တော်တော် မြင့်မြင့် ညိုညို ပျော့ပျော့ပျောင်းပျောင်း နဖူးတွင် များလှသော အရေးအကြောင်းတို့ဖြင့် လွန်စွာတည်ငြိမ်၍ အထူးကြည်ညိုဖွယ်ရာ ကောင်းလှပါသည်။

ဆရာတော်ကြီး၏ကျောင်းမှာ တောကျောင်းကလေးမျှသာဖြစ်ပြီး ကျောင်းဝိုင်းက သန့်ပြန့်ကျယ်ဝန်းလှပါသည်။ဆူးပုပ်ပင်ကလေးများက ပေါများလှပြီး ကျောင်းနဲ့ မနီးမဝေးတွင် စေတီကြီးတစ်ဆူရှိပြီး ထိုစေတီပတ်လည်တွင် ဈေးခင်းကျင်းကာ ဘုရားကြီးဈေးဟုခေါ်ပြီး စည်ကားနေပါပြီ။

ကျောင်းရောက်၍ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက် ထိုင်မိသောအခါ ဆရာတော်ကြီးက "ကဲကဲ မင်းတို့က မြမှုံသားတွေဆိုတော့ ငါတတ်နိုင်သလောက် ပေးရမှာပေါ့။မှတ်ထားဦး ငါ့ရဲ့ဆရာက ယက္ကန်းစင်တောင်ဆရာတော်ကြီး ဦးဩဘာသ ဖြစ်တယ်။ငါ့ဘွဲ့က မြင်းတော်ခံ ဦးဣန္ဒြစာရလို့ ခေါ်ကြတယ်။မြင်းတော်ခံ ကိုယ်တော်လို့ ခေါ်ကြတယ်။ငါက သီချင်းလေး ဘာလေး ပေါက်တတ်ကရဆိုတတ်လို့ ဘုန်းကြီးရူးလို့ ခေါ်ကြသေးတယ်"

ကျွန်တော်တို့က ငြိမ်သက်စွာ နားထောင်နေကြပါသည်။ထို့နောက် ဆရာတော်ကြီးက ဘုရားစင်ရှေ့မှ မိုင်းကိုင်စက္ကူထုပ်တစ်ထုပ်ယူပြီး တစ်ရွက်ချင်း ဖြန့်လိုက်သောအခါ စက္ကူမှာ တော်တော့ဆန်ကောဝိုင်းကြီးလောက် ကျယ်သည်။ အင်းများချထားသည်ကို တွေ့ရပါသည်။ ဘုရားပုံတော်များ၊ စမများ၊ အက္ခရာများ၊ ဂဏန်းများဖြင့် အဝင်အထွက် အပြည့်ချထားသော အင်းစာရွက်ကြီး ဖြစ်ပါသည်။

"ကဲကဲ မင်းတို့ ကုသိုလ်ကောင်းလို့ကြုံတာ ဒီအင်းကို တစ်ယောက်တစ်ရွက်စီ ဝမ်းထဲရောက်အောင် ဝါးမျိုချရမယ်။ဝါးနေတုန်း တံတွေးလည်း မထွေးရဘူး"ဟု ပြောပြောဆိုဆို ကျွန်တော်တို့ကို တစ်ယောက်တစ်ရွက်စီ ပေးပါသည်။ ထို့နောက်-

"အင်း. . မင်းတို့ ရှောင်ကြဉ်ရမှာကတော့ သူတစ်ပါးသားမယားနဲ့ အရက်ပဲ" ဟု ဆုံးမပါသည်။ဆရာတော်ကြီးပေးသော အင်းစာရွက်ကြီးကို လုံးလိုက်သောအခါ လက်သီးဆုပ်ကြီးကြီးလောက် ရပါသည်။ထိုမိုင်းကိုင်စက္ကူအင်းကြီးကို ကျွန်တော်တို့သုံးယောက် ဖြည်းဖြည်းခြင်း ဝါးစားနေကြရပါသည်။ထိုအချိန်တွင် သရက်သီးမှည့်များ ပေါ်နေပြီဖြစ်သဖြင့် မျောခွက်ကြီးထဲတွင် အရံသင့်လှီးပြီးသားဖြစ်သည့် သုံးလုံးတစ်တောင် သရက်သီးများကို မျောခွက်ကြီးဖြင့် ချပေးရင် "ရော့ ရော့ သရက်သီးနဲ့ ရောစားကြ"ဟု ပြောပါသည်။ထို့နောက် ဆက်၍-

"အေး. . မင်းတို့ အိပ်နေတဲ့အချိန် တစ်ယောက်ယောက် ဆွဲကိုင်လှုပ်နှိုးသလို မင်းတို့ လန့်နိုးသွားရင်တော့ အစောင့်အရှောက်ရောက်ပြီသာမှတ်ရော"ဟု အမိန့်ရှိပြန်ပါသည်။ ထိုအင်းကြီး အကုန်အစင် ဗိုက်ထဲရောက်ပြီးမှ ရေသောက်ခိုင်းပါသည်။

နောက်တစ်ဖန် ဆက်လက်၍-

"အေး. . အဲဒီအင်းတော်ကြီးဟာ ငါရောက်နေတဲ့ပညာကုန်အဆင့်ပဲ။ အင်း. . နေဦး နေဦး၊ မင်းတို့ကို ပေးစရာရှိသေးတယ်"ဟု ပြောရင်း ထလိုက်ပြီး ဘုရားစင်အနီးရှိ သက်န်းခေါက်ထဲမှ သက်န်းစတစ်စကို ယူလာပြီး-

"ရော့ရော့ ယူထား၊ ဒါဟာ ငါ့ဆရာတော် ယက္ကန်းစင်တောင် ဦးသြဘာသရဲ့ သက်န်းဖြစ်တယ်"ဟု အမိန့်ရှိပါသည်။သက်န်းမှာ ဖျင်ကြမ်းချည်လုံးအတုတ်ကြီးများဖြင့် ရက်လုပ်ထားပြီး သစ်ခေါက်ဆိုးသက်န်း ဖြစ်ပါသည်။

ထိုနေ့မှာ ဥပုသ်နေ့ ဈေးနေ့နဲ့ ကြုံကြိုက်နေပါသည်။ဈေးမှာ ငါးရက်တစ်ဈေးဖြစ်၍ တောရွာများမှ လှည်းများ၊ ခြေကျင်များဖြင့် ဘုရားကြီးဈေးသို့ လာရောက်ရောင်းဝယ်နေသည်မှာ အားရဖွယ်ဖြစ်ပါသည်။ဥပုသ်သည်များ တဖြည်းဖြည်း ကျောင်းဝိုင်းထဲတွင် များလာပါသည်။ ညက မိုးအလင်း ဆိုင်းတီးလာသော်လည်း စောစောက သရက်သီးစားထား၍ မအိပ်ချင်ပါ။ လန်းဆန်းနေပါသည်။ ကျွန်တော့်စိတ်ထဲတွင် မန္တလေးမုန့်တီကောင်းကောင်း စားချင်သောစိတ်ဖြစ်ပေါ်နေပါသည်။

ထိုအချိန်တွင် ဆရာတော်ကြီးက ထိုင်ရာမှထ၍ ကျွန်တော်တို့အား တောင်း ၂ လုံးကို ထမ်းပိုးနဲ့ထမ်းစေပြီး ဆရာတော်ကြီးက ရှေ့မှကြွပါသည်။ ကျွန်တော့်မှာ ဘုန်းကြီးကျောင်းသားဖြစ်ခဲ့၍ တောင်းထမ်းပြီး ဘုန်းကြီးနောက် လိုက်ရသောအခါများတွင် တစ်မျိုးပျော်ရွှင်ပါသည်။ ဆရာတော်ကြီးသည် ဘုရားကြီးဈေးသို့ ဝင်ပါသည်။ဆရာတော်ကြီးကိုမြင်သူများက ရိုသေစွာ ကန်တော့ကြပြီး ၎င်းတို့ဈေးရောင်းသောပစ္စည်းများကို လှူကြကာ လှူဖွယ်ပစ္စည်းများကို ကျွန်တော်တို့ တောင်းထဲသို့ ထည့်ကြပါသည်။ဆရာတော်ကြီး ကြွမလာစဖူး ကြွလာသည်ဟု ပြောဆိုကြပြီး ဝမ်းသာစွာ လှူဒါန်းကြသည်ကို တွေ့ရပါသည်။ဈေးမှာ ဘုရားစေတီတော်ကြီး ပတ်ပတ်လည် ခင်းကျင်းရောင်းချသဖြင့် ဈေးတစ်ဝက်လောက်အရောက်တွင် ကျွန်တော်တို့ တောင်း ၂ လုံးပြည့်လျှံ၍ ထည့်မဖြစ်တော့ပါ။ ကျွန်တော်က ပြည့်လျှံ၍ ဆရာတော်ကြီးအား လျှောက်မည့်အပြုတွင် "အေးအေး . . ပြန်တာပေါ့ကွာ"ဟု ရောက်နေသော တောင်မုခ်မှ အပြင်ထွက်၍ ကျောင်းသို့ ပြန်ကြွပါသည်။ကျောင်းရောက်သောအခါတွင် ပျစ်တောင်းများအား ချစေပြီး လှူလိုက်သောပစ္စည်းများကို ဆွမ်းစား စားပွဲပေါ်သို့တင်စေကာ ပထမတောင်းထဲမှ ဖက်နှင့် အထုပ်တစ်ထုပ်ကို ယူထားလိုက်ပြီး ကျန်သောပစ္စည်းများ တောင်းထဲတွင်ပင် ထားစေကာ ဒုတိယတောင်းထဲမှ ပစ္စည်းများကိုယူရင်းက အောက်မှ ပေါ်လာသော မြေအိုးကလေးကို လှမ်းဆွဲယူရင်းက စောစောက ဖက်နဲ့အထုပ်ကိုလည်းကောင်း၊ မြေအိုးကိုလည်းကောင်း ကျွန်တော့်ကိုပေးပြီး-

ဆရာတော်ကြီးက

"ရော့ရော့ မင်းစားချင်တဲ့ မန္တလေးမုန့်တီ"ဟု ပြောပြောဆိုဆို လှမ်းပေးလိုက်ပါသည်။ ကျွန်တော်က ဆရာတော်ကြီးပေးလိုက်သော အထုပ်ကိုဖြေလိုက်ရာ မုန့်တီဖတ်များဖြစ်နေပြီး မြေအိုးကလေးကို ဖွင့်လိုက်ရာ ကြက်သားဟင်းများဖြစ်နေသည်ကို အံ့သြဖွယ်ရာ တွေ့ရပါတော့သတည်း။

အမေ့ရုပ်သေးနဲ့ တစ်ရွာဝင်တစ်ရွာထွက် လှည့်လည်စဉ် ကနဦးက သဲတောဝမ်းတွင်း အနီး လိပ်တက်ရွာသို့ ရောက်လာပါသည်။ထိုရွာတွင် ခေတ္တနားရင်း ပွဲစောင့်ကနေရသဖြင့် ရက်နည်းငယ်ကြာလာသောအခါ ရွာသူ၊ ရွာသားများနဲ့ ခင်မင်လာကြပါသည်။ညအခါ

လသာသာများတွင် ကျွန်တော်တို့နဲ့ အားစမ်း၍ နပန်းကိုင်ခြင်း၊ တွတ်ထိုးခြင်းများ ကစားကြပါသည်။ခေတ္တနားချိန်တွင် ကာလသားအချို့က ကျွန်တော့်အား မခံချင်အောင် စကြပါသည်။ မန္တလေးသားတွေ ပညာတော့ ကောင်းပါတယ်။သတ္တိတော့ ကျုပ်တို့ တောသားတွေမမီဘူးဟု ပြောပါသည်။ ကျွန်တော်ကလည်း မခံချင်သဖြင့် ဘယ်လိုသတ္တိမျိုး ဆိုလိုတာလဲဟု မေးလိုက်ပါသည်။ထိုအခါ ကာလသားခေါင်းက "ခုချိန် ဟိုမန်ကျည်းတောရွာကို သွားရဲသလား၊ သွားရဲရင် ငွေ ၁၀၀ ကျပ် ပေးမယ်"ဟု ပြောပါသည်။ကျွန်တော့်စိတ်ထဲတွင် အလွန်ခံပြင်းပါသည်။ထိုအချိန်က မန်ကျည်းတောရွာတစ်ဝိုက်တွင် အစိုးရနဲ့ ကွန်မြူနစ်များ မကြာခဏတိုက်ပွဲဖြစ်ပွားနေပြီး ယခုလို ညအချိန်တွင် လုံးဝ အကူအသန်း မရှိပါ။ကျွန်တော်သွားလျှင် အစိုးရက ပစ်ခတ်၍ သေနိုင်သည်။ကွန်မြူနစ်တွေကလည်း ပစ်ခတ်၍ သေနိုင်ပါသည်။လိပ်တက်နဲ့ မန်ကျည်းတောရွာမှာ တစ်မိုင်သာသာလောက်ရှိပြီး လမ်းတွင် သုသာန်ကြီးတစ်ခု ရှိပါသည်။ညအချိန်ဖြစ်၍ သုသာန်ကို ဖြတ်ရမှာ ကြောက်ရသည်ထက် နှစ်ဘက်ကပစ်လိုက်မည့် ကျည်ဆန်များက မုချ သေနိုင်ပါသည်။

"ဟောဒီမှာ ငွေတစ်ရာ သတ္တိရှိရင်ယူ ကြောက်ရင် မယူနဲ့"

ကျွန်တော်သည် ဝုန်းခနဲ နေရာမှထကာ ရှေ့တွင် လာချသော ငွေတစ်ရာအား ကောက်ယူ၍ အိမ်သို့ထွက်လာပြီး အမေမသိအောင် ငှက်ကြီးတောင်ဓားတစ်ချောင်းယူ၍ စိပ်ပုတီးလည်ပင်းစွပ်ကာ ဆင်းလာပါသည်။အမေမသိအောင် ဓားယူရခြင်းမှာ အမေသိက သွားရမည်မဟုတ်ပါ။ကျွန်တော်သည် ငှက်ကြီးတောင်ဓားကို နောက်ပြန်တစ်ထောင်ဆစ်သို့ ကပ်ပြီး လိပ်တက်ရွာမှ ထွက်ခွာသည်။ကာလသားများက အံ့သြငေးမောစွာ ကြည့်နေကြပါသည်။

မန်ကျည်းတောရွာကို ကျွန်တော် မစိမ်းပါ။ပွဲကရင်း အမေနဲ့ ခဏခဏရောက်ဖူးပါသည်။အမေ့သားသမီးလိုနေသော ကိုရှိန်ကြီး-မခွေးမတို့ လင်မယား ရှိပါသည်။အရုပ်ဆိုးဆိုးနှင့် ဈေးဗန်းကြီးရွက် ဈေးရောင်းသော စုန်းမကြီးဟု နာမည်ကြီးသည့် ဒေါ်လှကြီး ရှိပါသည်။ ဒေါ်လှကြီးမှာ သူ့ရုပ်သွင် မြင်လိုက်က အရုပ်ဆိုးတာထက်ပိုပြီး ကြောက်စရာကောင်းပါသည်။ တစ်ခါ အမေပွဲကနေသော ရုပ်သေးစင်သို့ ဒေါ်လှကြီး ဈေးဗန်းနဲ့ ရောက်လာပါသည်။သူရောက်လာပြီး အချို့ ဘေးကလူများက ရှောင်သွားကြပါသည်။ကျွန်တော့်မှာ ဘယ်ဘဝက ရေစက်ပါလာသည် မသိပါ၊ မြင်ကတည်းက ဤအဘွားကြီးကို အလွန်သနားပြီး စိတ်ထဲက ချစ်ပါသည်။ ဒါကြောင့်လည်း ကျွန်တော်က ဒေါ်လှကြီး၏ ရုပ်ဆိုးကြောက်စရာကောင်းလှသည့် မျက်နှာကြီးကို ကြည့်ပြီး "အမေ"ဟု တစ်ခွန်းခေါ်လိုက်မိပါသည်။ဒေါ်လှကြီးမှာ ကျွန်တော်က အမေဟု ခေါ်လိုက်သဖြင့် အလွန်အံ့သြဟန်ဖြင့် ကျွန်တော့်ကို ပြန်ကြည့်နေကာ သူ့မျက်လုံးကြီးထဲက မျက်ရည်လေးများ စိမ့်ထွက်နေသည်ကို မြင်တွေ့ရသောအခါ ကျွန်တော့်မှာ ပိုသနားသွားပြီး သူ့လက်ကိုကိုင်ရမ်းပြီး "အမေ အမေ"ဟု နှစ်ခွန်းဆင့် ထပ်ခေါ်လိုက်မိပါသည်။ဤတွင် ကျွန်တော့်အမေက သူ့အား ခေါ်သည်မှတ်၍ "ဟေ ငါ့သား လူလေး ဘာတုန်း" ပြောပြောဆိုဆို ကျွန်တော်တို့နား ရောက်လာပါသည်။ထိုအခါမှ ကျွန်တော်က "အမေ အမေ ကျွန်တော်ခေါ်တာက အမေ့ကိုခေါ်တာ မဟုတ်ပါဘူး" "ဟောဒီအမေကို ခေါ်တာပါ"ဟု ဒေါ်လှကြီးလက်ကို ပုတ်ရင်း ပြောလိုက်ရာ ကျွန်တော့်အမေက "အမယ်လေး ငါ့သားက အမေတွေ တိုးနေတယ် ပေါ့"ဟု ဒေါ်လှကြီးကို ပြုံးပြုံးကြီးကြည့်ရင်း ပြောသဖြင့် ဒေါ်လှကြီးမှာ သနားစရာအသံ ကြည်နူးသော မျက်နှာကြီးဖြင့် ကျွန်တော့်ပခုံးကို လှမ်းကိုင်လိုက်ရင်း-

"မယ်မှုံ ညည်းသား ငါပေး"ဟု ပြောရာ အမေက ချက်ချင်းပင်-

"ယူပါတော် ယူပါတော်"ဟု ပြောလိုက်ပါသည်။ထိုအချိန်ကစ၍ ကျွန်တော့်တွင် အမေတစ်ယောက်ပေါ်လာပြီး အမေလုအိမ်တွင်လိုက်၍ လေးငါးရက်ခန့်နေခဲ့သော မန်ကျည်းတောရွာ ဖြစ်ပါသည်။

ကျွန်တော့်လက်ထဲ ငှက်ကြီးတောင်ဓားမှာ အလွန်လက်ဆကောင်းပြီး သူ့ကို များစွာ အားကိုးမိပါသည်။အချိန်မှာ ည ၁၁ နာရီခန့်ရှိပြီဖြစ်၍ တောပတ်ဝန်းကျင်တွင် တိတ်ဆိတ်နေသော်လည်း လမ်းဘေးဝဲယာ တဖောင်းချုံများပေါ်က ဒေါ့ရင်းများ၏ မြည်သံက ဆူညံလွန်းလှပါသည်။လရောင်ကလေးရှိသေးသဖြင့် လှည်းလမ်းကို ကောင်းစွာမြင်ရပြီး ထိုလှည်းလမ်းမကြီးပေါ်မှပင် မန်ကျည်းတောရွာဘက်သို့ ထွက်လာခဲ့ခြင်းဖြစ်ကာ ဒေါ့ရင်းများ၏မြည်သံကို မခံနိုင်လွန်း၍ တဖောင်းချုံကို ဓားဖြင့်ခုတ်ပိုင်းချလိုက်ပါသည်။ဒေါ့ရင်းသံများက တိတ်ဆိတ်သွားသဖြင့် ညက ပို၍ ချောက်ချားလာသလို ထင်မိပါသည်။ရှေ့မလှမ်းမကမ်းတွင် သုသာန်ဇရပ်ကြီးက သွပ်ပြားဖွေးဖွေးဖြင့် လှမ်းမြင်နေရပါသည်။ပတ်ဝန်းကျင်အားလုံးမှာ တိတ်ဆိတ်နေပြီး နောက်ထပ်အသံများ ဘာမှမကြားရပါ။လက်ထဲမှဓားကို ပိုမိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး ခြေလှမ်းမှန်မှန်ဖြင့် သုသာန်ဇရပ်ကြီးဆီသို့ ဦးတည်သွားနေရပါသည်။ဤသုသာန်ဇရပ်ကို မဖြတ်၍ မဖြစ်ပါ၊ သွားစရာလမ်းက ဒီတစ်လမ်းတည်း ရှိပါသည်။မကြာခင် ညှီစို့စို့အနံ့များနဲ့အတူ စိမ်းစိမ်းရွှေရွှေ အနံ့များက နှာခေါင်းဝတွင် စူးစူးဝါးဝါး နံလာပါသည်။ထိုအချိန်တွင် လေပြင်းတစ်ချက် ဝှေ့လိုက်ရာ သုသာန်ဇရပ် ခေါင်းမိုးသွပ်ပြားများက "ဖြန်း ဖြန်း ဖြန်း ဖြန်း"ဟု တိတ်ဆိတ်နေသော ညကို ဖြိုခွင်းလိုက်ရာ မကြောက်ဘူးဆိုသော်လည်း ကြက်သီးမွေးညင်းများ ထလာပါသည်။ လရောင်မှာ တိမ်ပုတ်များ ဖုံးအုပ်သွားသဖြင့် ဇရပ်ကြီးနားရောက်ခါနီးမှ ပို၍မဲမှောင်လာကာ လမ်းကိုပင် မနည်းကြည့်ရှုလျှောက်နေရပါသည်။ထိုအချိန်တွင် ဆိုးရွားသော အပုတ်နံ့များက ထောင်းထောင်းထအောင် နံလာပြီး ဟီးဟီးဟီးဟီးနှင့် လူညည်းသံကြီးလိုလိုကြားရကာ ကြောက်စိတ်များ ဝင်လာသဖြင့် လာမိတာ မှားပေါ့ဟု အထင်ရောက်မှ ချက်ချင်း အားမြန်တင်းကာ "ယောကျ်ား ဘာကြောက်ရမှာတုန်း"ဟု ကိုယ့်ကိုယ်ကိုယ်အားပေးရင်းက သုသာန်ဇရပ်တိုင်ကြီးကို ငှက်ကြီးတောင်ဓားဖြင့် ပြေး၍ခုတ်ချလိုက်ပါသည်။တိုင်ကြီးမှာ ကြီးလွန်း၍ တုတ်တုတ်မျှပင် လှုပ်ဟန်မရှိ ပါ။သို့သော် ကိုယ့်ကိုယ်ကိုယ် အားတင်းလိုက်ရ၍ အကြောက်ပြေသွားပါသည်။ သုသာန်ဇရပ်ကြီးကိုကျော်ပြီ တဖြည်းဖြည်း မန်ကျည်းတောရွာကို လှမ်းမြင်နေရချိန်တွင် လှည်းလမ်းမအတိုင်း ခပ်သုတ်သုတ်ကလေး လျှောက်လာရာ တစ်နေရာအရောက်တွင် တဖောင်းချုံကွယ်ထဲမှ လူရိပ်မြင်လိုက်ရပြီး-

"ဟိတ် ရပ်"ဆိုသောအသံနဲ့အတူ ကျွန်တော့်အား လူသုံးယောက်က သေနတ်များနှင့် ချိန်ထားလိုက်ကြပါသည်။သူတို့ပုံသဏ္ဌာန်မှာ လုံချည်ဝတ် စစ်အကျႌစိမ်းများနဲ့ဖြစ်သဖြင့် ကွန်မြူနစ်များဖြစ်လိမ့်မည်ဟု ထင်ပါသည်။ထိုအထဲတွင် တစ်ယောက်က ကျွန်တော့်အား "မင်း ဘယ်ကလာသလဲ"ဟု မေးရာ "ကျွန်တော်က လိပ်တက်ရွာက လာတာပါ၊ မန်ကျည်းတော သွားမလို့ပါ" "ဘာကိစ္စလဲ" "ဘာကိစ္စမှ မရှိပါဘူး၊ ကျွန်တော့်က ရုပ်သေးကတဲ့ ဒေါ်မြမှုံကြီး သားပါ။နာမည်က မောင်ကိုလေးလို့ ခေါ်ပါတယ်။အမေ့ရုပ်သေးထဲမှာ ဆိုင်းတီးပါတယ်။ လိပ်တက်ရွာက ကာလသားတွေက ဒီအချိန် မန်ကျည်းတောကို မသွားရဲဘူးလို့ပြောတာ မခံချင်တာနဲ့ လောင်းကြေးစားကြေးလုပ်လာတာပါ။ကျွန်တော့်ဆီမှာ လောင်းကြေးငွေတစ်ရာ

ပါပါတယ်”ဟု ပြောပြောဆိုဆို အိတ်ထဲမှ ငွေတစ်ရာကိုထုတ်၍ ပြလိုက်ပါသည်။ ထိုအခါကျမှ အံ့အားသင့်ဟန်ဖြင့် သူတို့က-

“ဟာ. . မိုက်ပကွာ ဒီလိုအချိန်မျိုးမှ မင်းလာတယ်။ကံကောင်းလို့ပေါ့။ ကဲကဲ. . မင်းပိုက်ဆံ ပြန်ထည့်ပြန်ထည့် မင်းက ဒေါ်မြမှုံကြီးသားကိုး ခုမှတော့ မထူးတော့ဘူး ဆက်သာ သွားတော့”ဟု ပြောပြောဆိုဆို လွှတ်လိုက်သဖြင့် ဆက်လာခဲ့ရာ မကြာခင် မန်ကျည်းတောရွာ တံခါးမကြီးနားသို့ ရောက်ရှိလာပါသည်။ကိုရှိန်တို့အိမ်မှာ သိပ်မဝေးသဖြင့် ပထမ လှမ်းခေါ် လိုက်မည်ပြုသေး၏။နောက်မှ အို ခုမှ မထူးတော့ပါဘူး။ရွာတံခါးပေါ်က ကျော်ဆင်းလိုက်ရင် အထဲကို ရောက်သွားမှာပါပဲဟု အောက်မေ့၍ ရွာတံခါးမကြီးကို ကျော်ဆင်းရန် စတက်လိုက် မိသည်ပင် ကျွန်တော့်အမှား ဖြစ်ပါတော့သည်။ဆူးများအထပ်ထပ်ကာ၍ ဝါးတစ်ရိုက်နီးပါး မြင့်သော တံခါးကြီးပေါ်သို့ရောက်အောင် ခက်ခဲကြိုးပမ်းတက်ပြီး ထိပ်ဖျားအရောက်တွင် ရွာဘက်သို့ လှမ်းငုံ့ကြည့်လိုက်ရာ လူ ၂၀ ခန့်က ခက်ရင်းခွရှည်ကြီး များ၊ လှံများ အပေါ်ထောင်၍ အသင့်စောင့်ကြိုနေကြသည်ကို တွေ့လိုက်ရပါသည်။ ညဖြစ်၍ လူများကို မည်သူ မည်ဝါမသိပါ။ ကျွန်တော့်လည်း သိဟန်မတူပါ။ ခပ်လှမ်းလှမ်းမှ ရေနံဆီမီးခွက် အလင်းရောင်ကလည်း ကောင်းကောင်းမလင်း၍ မမြင်ရပါ။

“ဗျို့ ဗျို့ အရမ်းမလုပ်ကြနဲ့ဦး ကျုပ် မောင်ကိုလေး ဒေါ်မြမှုံကြီးသားဗျ”

“ဟေ” တစ်ယောက်အသံ

“ဟ အစ်မမှုံသားဆိုပါလား လူမှားမယ်ဟ”

နောက်တစ်ယောက်အသံ

“မင်း မယ်မှုံသားက ဒီအချိန်ကြီးမှ ဘာလုပ်တာလဲ” အဘိုးကြီးတစ်ယောက်အသံ

“ကျုပ်အလောင်းအစားလုပ်တာ မသွားရဲဘူးဆိုတာ လိပ်တက်ရွာ ကာလသားတွေ ပြောတာ မခံချင်လို့လာတာ”

“ဟာ”

“ဟယ်”

“ဟင်”

“ဟာ. . မိုက်ပ့ါကွာ။မင်းနှယ် ကျည်ဆန်မှန်လို့မှမသေဘဲ” နောက်မှ မေးကြတာပေါ့ဟု ပြော၍ ဝါးလှေကားကြီးတစ်ခု ယူပေးသဖြင့် ကောင်းစွာ ဆင်းခဲ့ရပါသည်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် အစိုးရက ကောင်းစွာမအုပ်ချုပ်နိုင်သောအခါဖြစ်၍ ကျွန်တော်တို့အမေ ရုပ်သေးပွဲကသောနေရာများတွင်လည်း အုပ်ချုပ်သူအမျိုးမျိုး တွေ့ရပါသည်။ရဲဘော်ဖြူ ရဲဘော်ဝါ၊ အလံနီ၊ အလံဖြူ ကွန်မြူနစ်စသည်ဖြင့် အုပ်ချုပ်နေကြပြီး တစ်ခါတစ်ခါ အချင်းချင်းကျေနပ်၍ နယ်မြေခွဲဝေယူထားသလို မကျေနပ်၍ တိုက်ပွဲများဖြစ်သည့်အခါလည်း ကြုံရပါသည်။အမေ ပွဲကသော ရွာများမှာ အလယ်ကန်၊ ကြွယ်ကန်၊ ညောင်အုပ်ကြီး၊ ပင်းတလဲ၊ တဲစု၊ ထီးလှိုင်၊ ထနောင်းကုန်း၊ သစ်ပုလွေကန်၊ မကြီးတော၊ လိပ်တက်၊ ဒိုင်ကောင်းကုန်း၊ ရွာရှည်၊ ခွန်နှစ်ချက်၊ ရေချို၊ သိန်ကုန်း၊ မုံပင်၊ ရုံးစင်ကြီး၊ ပန်းအိုင်၊ သဖန်းကံ၊ ဖက်တော စသည့်ရွာများဖြစ်ပြီး ထိုရွာ များထဲမှ သဲတောဝမ်းတွင်းအနောက်ဘက် ၆ မိုင် ဝေးသော သစ်ပုလွေကန်ရွာတွင် သုံးလေးလ နေထိုင်ခဲ့ကြရာတွင် တစ်ရွာလုံးမှ ကျွန်တော်တို့အား နေစရာအိမ်ပေးပြီး အစားအသောက် မပူပင်ရအောင် ကျွေးမွေးစောင့်ရှောက်ထားကြပါသည်။တိုင်းရေး ပြည်ရေးအခြေအနေ အလွန်

ဆိုးဝါးလာသဖြင့် ရုပ်သေးအဖွဲ့ကို ခေတ္တသိမ်းပြီး မိမိတို့အိမ် မိမိတို့ ပြန်ကြသောအခါ အမေ့မိသားစုပဲ ကျန်ရှိပါသည်။သစ်ပုလွေကန်ရွာမှာပင် ခေတ္တနေထိုင်ခဲ့ကြပါသည်။

ကျွန်တော့်အမေသည် ရုပ်သေးကရာတွင်သာ ပရိသတ်ကြိုက်သည် မဟုတ်ပေ။ ဘုန်းကြီးပျံများ ဧယင်ကျူးရာတွင်လည်း မြို့ရွာများက အလွန်သဘောကျပေသည်။အမေသည် မြန်မာစာပေကျမ်းဂန်များကို နှံ့စပ်သည်ဖြစ်ရာ ဧယင်ကျူးရာတွင် ဤအချက်က များစွာအထောက်အကူပြုလျက်ရှိပြီး အငြိမ့်မင်းသမီးများလို အကကလေး ပါသည်မဟုတ်ပေ။အမေက မင်းသမီးနေရာ၊ လူရွှင်တော် ဦးကြံ့တိုင်းက မောင်ကြီးနတ်နေရာက တွဲဖက်၍ပြကြသဖြင့် ရောက်လေရာမြို့ရွာများ၏ နှစ်သက်သဘောကျခြင်း အားပေးခြင်းများကို ကောင်းစွာရရှိပေသည်။တစ်နေ့တွင် အမေ့ကို ဘုန်းကြီးပျံ ဧယင်ကျူးတစ်ပွဲ လာငှားသွားပါသည်။

ဘုန်းကြီးမှာ ဝါမဆိုခင် ပျံတော်မူပြီး ကျောင်းရွာတွင် သီတင်းသုံး၍ သုံးလအကြာ ပျံလွန်တော်မူခြင်း ဖြစ်ပါသည်။ပွဲငှားများ ပြန်သွားသောအခါ အမေက ကျွန်တော့်အား "ငါ့သားမင်းက ကဗျာလေး၊ ဘာလေး ၊ စာလေး ဝါသနာပါတယ်။ခု ဘုန်းကြီးပျံအတွက် တေးထပ်တစ်ပုဒ်ရေးစမ်း"ဟုခိုင်းကာ ဘုန်းကြီးပျံလွန်တော်မူသော ရွာနှင့် အချိန်ကာလ စသည်များ ပြောပြီးနောက် "ကဲ. . အမေက တေးတပ်အတွက် နောက်ဆုံးအပိုဒ်ကို ဆိုပြလိုက်မယ်။ငါ့သားက အစကနေ ဆက်ရေးပါ"ဟု ပြောပါသည်။ အမေ့ပါးစပ်ထဲတွင်ဖြစ်၍ ဆိုလိုက်သော တေးတပ်အချမှာ-

"ဆရာတော်ဘုရား နတ်ထီးစံကို ဤဝါဆိုပြန်ကြွဘုရာ့လေး"ဟူ၍ ဖြစ်ပါသည်။ ကျွန်တော်သည် အမေ၏တေးထပ် နောက်ဆုံးပိုဒ်ကိုရေးမှတ်ပြီး အပေါ်က စတင်ရေးကြည့်ပါသည် မရပါ။သစ်ပင်အောက်သွားရေးလည်း မရ။အိပ်ရာပေါ်တက်ရေးလည်း မရပါ။ဦးနှောက်များ ခြောက်အောင် စဉ်းစားလဲ တေးထပ်ကား မရပါ။ နောက် အမေရေးပေးသော တေးထပ်အချကို ပြန်စဉ်းစားရာတွင်

**"ဤဝါဆိုပြန်ကြွဘုရာ့လေး"ဟုဆိုသဖြင့် အမေ့ပညာကို မှီပြီး**

**"ဝါကိုပင် မဆိုရလို့ ငိုကြတဲ့ များတကာ၊ အို. . ဘုရားကျောင်းတော်မဟာကို ခေါင်းဖော်ခါ ကြည့်ဖူး။ရွှေဝိပါက်ခန္ဓာကုန်သော် မရဏာဘုံနော် ပြောင်းကြွလို့ကူး"** ဟု စတင်ရေးလိုက်ပါသည်။ရွှေဝိပါက်ခန္ဓာကုန်အောင်ဟု ဝိပါက်ကို ထည့်သွင်းရေးရခြင်းမှာ ပျံလွန်တော်မူသော ဘုန်းကြီးမှာ ပိုးထိ၍ ကံကုန်တော်မူရခြင်းဖြစ်သဖြင့် ဤသို့ ဝိပါက်ခန္ဓာကုန်သော်ဟု ရေးလိုက်ခြင်းဖြစ်ပါသည်။ ကျွန်တော်ရေးပေးလိုက်သော တေးထပ်ကို အမေက ဘုန်းကြီးပျံတွင် သီဆိုရုံမက ကျွန်မသားငယ်လေး ရေးပေးတာပါဟု ဧယင်ကျူးစဉ် ပြောပါသေးသည်။

ကျွန်တော်တို့ ရောက်နေသော သစ်ပုလွေကန်ရွာမှာ သတ္တိ ဗျတ္တိကောင်းသူများ၊ လိမ္မာယဉ်ကျေးသူ၊ စာပေလိုက်စားသူ ပရိသတ်များ၊ ဗုဒ္ဓဘာသာ ကိုင်းရှိုင်းသူများလည်း ပေါများလှပါသည်။ရွာကျောင်းက ကိုရင်တစ်ပါးဖြစ်သူ ရှင်နာဂမှာ ကျွန်တော်နဲ့ ခင်ပါသည်။သစ်ပုလွေကန်ရွာနားကနန်း၊ အိုင်သာရွာများကမူ စကားကို ပီသအောင် မပြောတတ်ကြပါ။ဥပမာအားဖြင့် "စလယ်တောင်း တည့်တည့်တယ်ပါ။တည့်တည့် မတယ်ရင် လဲသွားလိမ့်မယ်"ဟူသော စကားမျိုးကို "စလီတောင်း တိတိတည်၊ တိတိမတည်ရင် လိသွားလိမ့်"ဟု မပီမသပြောတတ်ပါသည်။

* * *

ပွဲကပြီး ကျွန်တော်တို့ မလှိုင်သို့ ပြန်ရောက်ကြပါသည်။မလှိုင်တွင် မြို့လယ်၌ ရွှေမုဋ္ဌော

ဘုရားကြီး ရှိပါသည်။ရွှေမုဋ္ဌောဘုရားကြီးတွင် ဝါတွင်း အဖိတ်နေ့များ၌ ဆွမ်းတော်ကြီး လှည့်ရာတွင် အတီးအမှုတ်များပါရာ ကျွန်တော်က မောင်းဆိုင်းတီးပြီး လိုက်ပါသည်။ထိုအချိန်က မလှိုင်တွင် နာမည်ကြီးဆိုင်းများရှိကာ စိန်မောင်ခင်၊ စိန်ဘသန်း၊ စိန်မူတူးတို့ ဖြစ်ပါသည်။ စိန်မောင်ခင်က အဖွဲ့အုံကောင်းကောင်း စီစဉ်ထားပါသည်။စိန်မူတူးတို့အဖွဲ့က သင့်တင့်စွာဖြင့် ရှိသော်လည်း တောနယ်များက ပတ်တီးမိုက်လွန်းသဖြင့် အလွန်ကြိုက်ကြပါသည်။စိန်မူတူး ဆိုသော နာမည်နဲ့လိုက်အောင် အသားက မည်းပါသည်။တောရွာလှည်းသမားများက နွားမောင်း တာတောင် "မူတူးကွ"ဟု အော်ဟစ်မောင်းကြပါသည်။အဲသလောက် လူကြိုက်များအောင် မိုက်မိုက်ကန်းကန်း ဇွဲကောင်းကောင်းနဲ့ တီးနိုင်သူဖြစ်ပါသည်။ စိန်ဘသန်းမှာ ဆိုင်းဝိုင်းထဲတွင် ထိုင်နေက စိန်ဗေဒါကြီးဟု ထင်ရပါသည်။ ဆိုင်းဆရာတစ်ယောက်တွင် ဝိုင်းထိုင်က လိုပါ သေးသည်။ဝိုင်းထိုင်ဟန် ပုံသဏ္ဌာန်များက တင့်တယ်ကောင်းမွန်ရပါသည်။စိန်ဘသန်းမှာ ကျွန်တော်တို့အမေ မွေးစားသားဖြစ်၍ သူ့ဆိုင်းကို သဘင်ပညာသည်ချင်းက မကြိုက်ပါ။ အရပ်သားများက အလွန်ကြိုက်ပြီး နာမည်အပြည့်အစုံမှာ ရဲဇာနည် စိန်ဘသန်း ဖြစ်ပါသည်။ မလှိုင်တွင် စိတ်ကောင်းကောင်းမနှံ့သော ဖိုးမြစ်ကြီးဆိုသူတစ်ယောက် ရှိပါသည်။ အဖိတ်နေ့ ဆွမ်းတော်ကြီးလှည့်ရာတွင် သူက ရှေ့ဆုံးက ကြေးစည်တီးလာတတ်ပါသည်။ဖိုးမြစ်ကြီး၏ ထူးခြားချက်ကား ဘယ်မြို့ဘယ်ရွာရောက်နေနေ အဖိတ်နေ့ ဆွမ်းတော်ကြီးလှည့်အမီ ရောက်လာ ခြင်းပင် ဖြစ်ပါသည်။

မြင်းခြံ၊ တောင်သာ၊ မလှိုင်၊ မိတ္ထီလာမြို့များက မြို့ဆွေမျိုးများဖြစ်ပါသည်။တစ်မြို့နဲ့ တစ်မြို့ သိပ်မဝေးလှပါ။မိတ္ထီလာမြို့က ကန်ကြီးရှိခြင်းကြောင့်လည်းကောင်း၊ သားချော့တေး တစ်ပုဒ်ဖြစ်သော လူကလေးရဲ့ ချော့စရာ မိတ္ထီလာ ကန်တော်အောက်က ဖားကောက်ခဲ့ပါဟု တေးကဗျာလေးရှိသဖြင့် လူတိုင်းပင် မိတ္ထီလာကန်ကို သိပြီးဖြစ်ကြပါသည်။ကျွန်တော်တို့ မြင်းခြံ တွင်ကား၊ ရေလမ်း၊ ကုန်းလမ်း၊ မီးရထားလမ်း၊ ကားလမ်း၊ ရေဆိပ်များရှိခြင်း၊ စွန်းလွန်းဂူကျောင်း ကလည်း ထင်ရှားလာသဖြင့် တစ်မျိုးစည်ကားကာ ကြည်နူးဖွယ်ဖြစ်ပါသည်။တောင်သာကား နွားပြင်းတောင်နဲ့ဆက်၍ ဗန္ဓဝတောင်ကြားလမ်းမှ တောမြို့ကလေးတစ်မြို့၏ အရသာကို စိမ်းစိမ်းစိုစို မြင်ရပါ၏။မလှိုင်မြို့ကား ထန်းလျက်နံ့များ တသင်းသင်းဖြင့် ရောင်းသူဝယ်သူ ချိန်တွယ်သူများနဲ့ ရိုးသားလှပသော မြို့လေးတစ်မြို့ ဖြစ်ပါသည်။အမေနဲ့ ခြောက်လလောက် အတူနေခဲ့ရပြီး မန္တလေးပြန်ရောက်ပါသည်။ အစ်ကို ဦးစိန်လှမောင်က ဆရာကြီးဦးဟံပထံ အပ်ပေးပါသည်။အဘဦးဟံပကို ကျွန်တော်က ဘဘဟုခေါ်ပါသည်။အဘ ဦးဟံပမှာ ၁၂၅၀ ပြည့် သောကြာသားဖြစ်ပြီး ပါးစပ်ကျယ်ကျယ် နောက်စေ့ကြီးကြီး အရပ်ပြတ်ပြတ်၊ ခြေဆံလက်ဆံ တိုပြီး လက်က လက်အခြောက်သမားဖြစ်ပါသည်။လက်အစိုသမားက လက်ဆီများ ထွက်နေခြင်း ကြောင့် ပတ်လုံးများတီးရာတွင် လက်မကွဲပါ။သို့သော် လက်အလွန် ကျိန်းတတ်ပါသည်။ လက်အခြောက်သမားများက လက်အဆီ မထွက်ပါ။လက်အဆီ မထွက်၍ ဆိုင်းပွဲများလျှင် လက်ကွဲပါသည်။ပွဲတော်တော်များလျှင် မြင်၍မကောင်းအောင်ပင် ကွဲပါသည်။ပလာစတာများ ကပ်၍တီးရပြီး လက်တော့ မကျိန်းတတ်ပါ။ ဘဘ ဦးဟံပထဲတွင် ကျွန်တော်က ပတ်တီး လက်ထောက် ကြေးတီးနေရပါသည်။ နှဲဆရာမှာ စစ်ကိုင်းက ဇေယျာမှန်၊ ပတ်မတီးက ဆိုင်းထောင်ဆရာ ဦးလှစိန်သား ကိုတင်မောင်ခေါ် ကိုဝဲကျော်၊ မောင်းတီး သရက်တပင်က မောင်ရွှေ၊ စည်တီး ဘကြီးအေး၊ နောက်ထ ဦးညိုစိမ့်၊ အဘ စိန်ဗေဒါနောက်ထ ဦးညိုသောင်း၊

စိန်ကျော်တင့်နောက်ထ လင်းကွင်းကြီးတီး ပတ်စာထိုး ကိုစိန်ဦး၊ အဆိုတော် သီးခြားမပါ။ဘဘ ဦးဟံပက ဆိုတီးအစ ဦးဟံပဆိုပြီး ကိုယ်တိုင်ဆိုတီးပါသည်။ နံနက်ခင်းတီးသောအခါ ကျွန်တော်က လယ်တော်မင်္ဂလာ ဆိုရပါသည်။ဘဘ ဦးဟံပနှင့် ပွဲများတော်တော်ရပါသည်။ဘဘ ဦးဟံပမှာ ပွဲကျတီးကို အလွန်နှစ်သက်ပါသည်။ မုန့်လုံးစက္ကူကပ်တီးလုံးကို တီးလိုက်ရင် ပရိသတ်များက တဝေါဝေါပွဲကျနေသောအခါမျိုး မကြာခဏ ကြုံတွေ့ရတတ်ပြီး တီးလုံးတစ်ပိုဒ် တီးလုံးတစ်ပုဒ်ကို အရှည်ကြီးတီး နားငြီးအောင်၊ အိုင်နေအောင် မတီးပါ။သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် အမြဲတီး၍ အသက်ခြောက်ဆယ်ကျော် ဆိုင်းဝိုင်းတွင်းမှ တီးနေသော်လည်း ပတ်လုံးသံ၊ ပတ်သံလေးများက နုပျိုသစ်လွင်လန်းဆန်းနေပြီး လှပကြော့ရှင်းသော မိန်းကလေး တစ်ဦး လမ်းသွားနေပုံမျိုးဖြင့် တူပါလိမ့်မည်။ဘဘဦးဟံပ၏ ပတ်လုံးသံလေးများက ရှတတဖြင့် သတ္တုသံပါနေပြီး နားဝင်ချိုသလောက် အားစိုက်ပြီး တီးရာတွင်လည်း ပတ်လုံးများက ငယ်သံပါ အောင် အော်နေသည် ထင်ရကာ ပွက်ကာသပ်ကာ တော်အောင်လျော်အောင် ဘယ်တော့မှ မတီးဘဲ တီးလုံးတိုင်း တီးကွက်တိုင်း အားသွန်ခွန်စိုက် ရိုက်နှက်တီးပြီး အငုတ်အပေါ်တီးများ အလွန်ကောင်းလှပါသည်။

ဘဘ ဦးဟံပသည် ရတနာသုံးပါးကို အလွန်ရိုသေခြင်းကြောင့် သူစတီးလျှင် တီးခြင်း ဗုဒ္ဓ ဓမ္မ သံဃပူဇဝန္တာကို သံရိုးခြောက်ပေါက်ဖြင့် အမြဲ ပွဲတိုင်းပွဲတိုင်း စတီးလေ့ရှိပါသည်။ ၎င်းသီချင်းမှာ-

ဗုဒ္ဓ ဓမ္မ သံဃ ပူဇဝန္တာ<br>
နိစ္စ ဂီတ ဝါဒိတနဲ့

ဦးဟံပရဲ့ ဆိုင်းတော်အောင်မင်္ဂလာ ဤနေရာတွင် ဘဘက ပူဇဝန္တာ "တာ" ဟူသော အက္ခရာစာသားတွင် ငါးပေါက်သံကျပါသည်။ထိုငါးပေါက်မှာ ခါးလယ်က ငါးပေါက်ကို တစ်လုံးတည်းရိုက်၊ ခြောက်ပေါက်အစု အပွက်ကလေးနဲ့ရိုက် ပတ်ဖျားလေးများက ငါးပေါက်ထိ ရုန်းယူလိုက်သော တီးနည်းတီးဟန်များကို ပရိသတ်က အလွန်သဘောကျပါသည်။ဤသို့ စ၍တီးလိုက်ခြင်းကပင် နာမည်ကျော်ကြားသူတစ်ဦး၏ ပင်ကိုအရည်အချင်းဖြစ်ကြောင်း ပြနေပါသည်။ စည်းချိန် နရီချိန် အသွက်တီးပြီး လေးတွဲ့တွဲ့ကြီးများ ရောင်ကြည်ပါသည်။ဘဘကို ဆရာ (အေဝမ်းဆရာညှာ) က သီချင်းတစ်ပုဒ် ပေးပါသည်။သီချင်းအမည်မှာ "ကေသာဖြူ"ဖြစ်ပြီး သီချင်းစာသားလေးများမှ အချို့မှာ **"ကေသာဖြူ မျက်ခုံးဖြူဖြူတာတွေ ဆေးမဆိုးပါ။ တပည့်များ သိစရာ ဦးဟံပရဲ့ စံနမူနာ နကိုရှိ နကိုင်းထွက်တာ ဆရာ့စိတ်မှာ ထင်တယ်။ ယခု သဘာဝကို လွန်ဆန်မရပါ။တီးနိုင်မှ လူတိုင်းကြိုက်မည်သာ။ ကြေညာသူ ကေသာဖြူ ဦးဟံပ စံပြပါ"** အိမ်မှာ တီးလုံးတိုက်နေစဉ်ပင် ဆရာနဲ့ တဝါးဝါး ပွဲကျကာ ရယ်နေကြပါသည်။ဘဘ ဦးဟံပ၏ အချို့တီးလုံးများမှာ သူ့ညီ ဦးလှဖေ တီထွင်သော တီးလုံးများဖြစ်ကြောင်း ပြောပြပါသည်။ ဦးလှဖေသည် ဘဘလောက် နာမည်မကြီးပါ။အောက်နယ် ဟင်္သာတတွင် နေစဉ်ကပင် ဘဘ ဦးဟံပက တစ်ခါတလေ ကိုယ်ပိုင်ဆိုင်း မထောင်ပါ။သို့သော် ပွဲငှားများက ဦးလှဖေဆိုင်းထဲတွင် ဝင်တီးပေးရန် မေတ္တာရပ် ငှားရမ်းကြကာ အရင် အင်္ဂလိပ်ခေတ်က ဦးလှဖေတစ်ဖွဲ့လုံး ၅၀ ကျပ် အခရသော်လည်း ဘဘ တစ်ဦးတည်းငွေကျပ် ၅၀ ပေး၍ ထည့်ကြသည်ဟု ပြောပါသည်။ ဘဘမှာ အသက်ကြီးသော်လည်း ကျွန်တော်တို့လို လူငယ်များနဲ့ လိုက်လျောညီထွေ ရှိပါသည်။ ဆိုင်းပွဲများ များလွန်း၍ တစ်ခါတစ်ရံ ကားလမ်းမပေါက်သောနေရာများကို လှည်းများနှင့် ကူးသန်း

ရသောအခါ ဘဘက လှည်းဦး နားတွင်ထိုင်၍ ပုတီးစိပ်လိုက်လာပါသည်။ကျွန်တော်က ဘဘအား အနက်ကျား ထီးကြီးမိုးပြီး လိုက်လာရာတွင် အိပ်ချင်လွန်း၍ ငိုက်သဖြင့် ဘဘခေါင်းကို ထီးရိုးနှင့် သွားသွားခိုက်မိပါသည်။ထိုအခါမျိုးတွင် ဘဘက-

"တယ်. . ဒီကမြင်းမလေး" ဒီလောက်ပဲပြောပြီး ပုတီးဆက်စိပ်နေပါသည်။ ကျွန်တော်က ငိုက်မြဲငိုက် ထီးရိုးနဲ့ခေါင်းနဲ့ ခဏခဏဆောင့်မိပြန်ပါသည်။

"ဟဲ့ ကမြင်းထီး" ဒါပဲပြောပြီး ပုတီးဆက်စိပ်ပါသည်။ကျွန်တော်က မငိုက်အောင် ကြိုးစားပါသည်။မရပါ။နောက်တော့ ထီးမဆောင်းခိုင်းတော့ပါ။

ဘဘက ဆိုင်းတီးသောအခါတွင် ပတ်လုံးများကို ကိုယ်တိုင်စီပါသည်။ ပတ်လုံးများကို အနည်းငယ် ဆိုင်းဝိုင်းဘက် စောင်းထားပါသည်။ဦးလေးမောင် (ဦးဘမောင်) ကမူ အလွန်စောင်းထားသဖြင့် တော်တော့လူ ဝင်တီးလို့မရပါ။ဘဘပတ်လုံးများက အထူးသားရေဖြင့် ကြက်ရပါသည်။ထိုအချိန်က ဆိုင်းပတ်စာထိုးမှာ ကိုစိန်ဦးဖြစ်၍ ပတ်စာမကောင်းသောပွဲများတွင် "စိန်ဦးက ငါ့သတ်သည်"ဟု ပြောတတ်ပါသည်။ ပတ်စာမကောင်းလျှင် ပတ်တီးအလွန်ဆင်းရဲပါသည်။ အထူးသဖြင့် မြို့ပေါ်ပွဲများထက် အဝေးကပွဲက ပိုအရေးကြီးပါသည်။တစ်ခါ နွားထိုးကြီးအလှူတွင် ပတ်စာများ မကောင်း၍ ပတ်လယ်တျာလက်ခေါ် သံမှန်လုံးနှင့် သုံးပေါက်ထိ ငါးလုံးသာ ထိန်းပြီး တီးသွားရပါသည်။အလွန်ကံကောင်း၍ တီးတတ်လွန်း၍ အရှက်တကွဲမဖြစ်ခြင်း ဖြစ်ပါသည်။ ပရိသတ်က ပတ်စာကောင်းတာ မကောင်းတာ မသိပါ။ ဗုံသံ ပတ်သံမြည်နေမှ ကောင်းသည် ထင်ကြကာ ယခုလို ပတ်စာမကောင်း၍ တီးမရသောအခါ ဆိုင်းဆရာများ အလွန်ဒုက္ခနှင့် ကြုံတွေ့ရပြီး ဆိုင်းဆရာအသက် ပတ်စာထိုးလက်ဆိုသော စကားထာ ထားခဲ့ခြင်းဖြစ်ပါလိမ့်မည်။ တကယ်တော့ လက်နက်ပြောင်မှ ရန်အောင်ဆိုသောစကားက ပိုမှန်ပါလိမ့်မည်။ဘာကြောင့် ဆိုသော် ဘဘဆိုင်းထောင်ဆရာ ဦးလှစိန်က သူကိုယ်တိုင်က ဆိုင်းဆရာတစ်ယောက်ဖြစ်ပြီး ဘဘကို ဆိုင်းထောင်ပေးရန် သူ့အိမ်သို့ခေါ်သွားပြီး တစ်ပတ်လောက်အကြာတွင် ဘဘက ဆိုင်းဝိုင်းခွေပြီး ပတ်လုံးများ ပတ်စာကပ်ကာ အစမ်းတီးပြပါသည်။ထိုစဉ်က ပတ်စာများ ကောင်းသော်လည်း ပတ်လုံးကကျနေသဖြင့် လုံး၀ တီးမကောင်းပါ။ ဦးလှစိန်မှာ ဘဘကို အလွန် အထင်ကြီးထားသဖြင့် အလွန်ကောင်းလိမ့်မည်ထင်ရာက လုံး၀ နားထောင်မဖြစ်သဖြင့် မျက်စိပျက် မျက်နှာပျက်ဖြစ်ကာ ကျွန်တော့်အား မျက်ရိပ်ပြပြီး လက်ဖက်ရည်ဆိုင် ထွက်သွားပါသည်။ဘဘက သူဘာကြောင့် တီးမကောင်းသည်ကို ချက်ချင်းသိပြီးဖြစ်၍ ဆိုင်းဝိုင်းထဲမှထွက်ပြီး ပတ်လုံးကြီးများ လျော့ကျနေသည်ကို ဆွဲခိုင်းပါသည်။ကိုစိန်ဦး၊ ဘကြီးအေး၊ မောင်ရွှေ၊ ကိုတင်မောင်တို့က ပတ်လုံးများဆွဲနေစဉ် ကျွန်တော်က ဦးလှစိန်နောက်သို့ လိုက်ခဲ့ပါသည်။ ဦးလှစိန်က ကျွန်တော်နဲ့အတူ လက်ဖက်ရည်သောက်ရင်း

စိန် ။ ။မောင်ကိုလေး ဘယ့်နှယ်လဲ ငါတော့ ဆရာ့ခေါ်မိတာ မှားပြီထင်တယ်ဟု
ပြောပါသည်။

ဦးလှစိန်က ဘဘကို ဆရာဟု ခေါ်ပါသည်။

ကျွန်ုပ်။ ။ဘာဖြစ်လို့လဲ ဦးလေးစိန်။

စိန် ။ ။ခုလက်တွေ့ ဆရာတီးတာ နားထောင်ပြီးပြီလေ။မန္တလေးက ဆရာကြီးတီးတာ
နားထဲက မထွက်သေးဘူး။ဒီလောက်နဲ့တော့ မဖြစ်ပါဘူးကွာ။

(ဆရာကြီးဆိုသည်မှာ အဘစိန်ဗေဒါကိုပြောခြင်း ဖြစ်ပါသည်)

ကျွန်ုပ်။ ။ရွှေကျီးညိုဇာတ်နဲ့ ကျွန်တော်နားထောင်ဖူးတယ်။ဒီလိုမဟုတ်ဘူး။အလွန် ကောင်းတယ် ဗျ။

စိန် ။ ။ဟေ ဟုတ်လား။

ကျွန်ုပ်။ ။ဟုတ်တယ်ဗျ။ခုဟာက ပတ်လုံးတွေ တအားကျနေတယ်။ဒါကြောင့် ပတ်လုံးတွေ ဆွဲခိုင်းနေတာတွေ့ခဲ့ရတယ်။

ဦးလှစိန်နဲ့ကျွန်တော် လက်ဖက်ရည်ဆိုင်မှာ တစ်နာရီလောက် ကြာသွားပါသည်။ထိုစဉ် မမျှော်လင့်ဘဲ တစ်ပြလောက်ဝေးသော ဦးလှစိန်အိမ်မှ တူးဝူးဝူးဝူး ဟူသော ကျယ်လောင်ပြင်းထန်သည့် အသံကြားသဖြင့် ကျွန်တော်ရော ဦးလေးစိန်ပါ အလန့်တကြားဖြစ်၍ အိမ်ဘက်သို့ ပြေးလာခဲ့ပါသည်။ဦးလေးစိန်က အိမ်ပြိုကျသည့်အသံလား၊ အဆောက်အဦကြီးတစ်ခုခု ပြိုကျသည့်အသံလားထင်ကြောင်း ပြောလာကြရာ အိမ်ရောက်တော့မှ လွန်စွာအံ့အားသင့်ကြရပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆိုင်းဝိုင်းထဲမှ ဘဘက ပတ်စာအပြည့်အစုံ ကပ်ထားပြီး ပတ်စာများ လေးပေါက်ဖျားက အကြီးဆုံး ဒုံးလဲကြီးထိအောင် ပြင်းထန်စွာ ဆွဲရိုက်တီးပြလိုက်ခြင်းပင်ဖြစ်ရာ စောစောက အသံကြီးကဲ့သို့ အနီးကပ်ကြားရသဖြင့် တူး ပူး ဝူ တူးဝူးဝူးဟူသောအသံကြီးဖြင့် မကြားစဖူး ကြားလိုက်ရာ ဦးလေးစိန်မှာ ပါးစပ်ကလေး အဟောင်းသား မျက်တောင်လေး ပုတ်ခပ်ပုတ်ခပ်နှင့် အလွန်အံ့သြသည့် အမူအရာဖြင့် ဘဘကို ငေးကြည့်နေကြောင်း တွေ့လိုက်ရပါတော့သည်။ထိုပတ်လုံးများကို အစအဆုံးရှုန်း၍ တီးလိုက်သည်မှာ ၂ စက္ကန့်လောက်ပင် ကြာပါမည်။ပတ်သံအမည်မှာ အိမ်ကြီးများ ပြိုကျလိုက်သလားထင်ရလောက်အောင် မြည်လှပါသည်။ မြန်မာပြည်တွင် အဘစိန်ဗေဒါကလွဲလျှင် ဘဘသည် အကောင်းဆုံးဆိုင်းဆရာတစ်ဦးဖြစ်သည်ကို မည်သူမျှ ငြင်းမရပါ။ဘဘ ကောင်းသည်မှာ စွယ်စုံကောင်းသည်ဟု ဆိုရပါမည်။သို့သော် ပညာရှိများညာဉ်လား၊ ဆိုင်းဆရာများ ညာဉ်လားတော့ မသိပါ။စိတ်မထင်ရင် တစ်ခါတစ်ခါ ပရိသတ်ကိုပင် အရွဲ့တိုက်ပါသည်။ တစ်ခါက အလှူနံနက်ခင်းတီးနေစဉ် "ဦးဟံပ ခင်ဗျား တေးဘုမ္မာရလျှင် တီးပြပါ"ဟု ဆိုကာ စီးကရက်ဘူးခွံပေါ်စာရေး၍ ခိုင်းပါသည်။ထိုစာကို ဘဘက စိတ်ဆိုးသွားသည်မှာ (၁) စီးကရက်ဘူးခွံလေးပေါ် မလေးမစားရေးပေးခြင်း၊ (၂) တေးဘုမ္မာရလျှင် ဤရလျှင်ဆိုသောအချက်ကို စိတ်ဆိုးခြင်းပင် ဖြစ်ပါသည်။သူလို ပုဂ္ဂိုလ်ကြီးကို တေးဘုမ္မာရလျှင်ဟု ရေးရမလားဟု အောက်မေ့ခြင်း ဖြစ်ပါသည်။သို့သော် ပညာရှိပီပီ ပညာသားပါပါ တီးပါသည်။ဘဘမှာ လောကုတ္တရာ စာပေဗဟုသုတ ကြွယ်ဝလှသဖြင့် "တေးဘုမ္မာ အနိစ္စ ဒုက္ခ အနတ္တ တရားမရလို့ များတဲ့လှသံသရာ" ပထမတစ်ပိုဒ်ကို ပီပီပြင်ပြင် အတွဲအဘက်များဖြင့် ရိုက်နှက်တီးပြီး အဓိပ္ပာယ်များကို ကိုယ်တိုင်ရှင်းပြပါသည်။အဓိပ္ပာယ်များ ရှင်းရာတွင် ပရိသတ် မပျင်းအောင် အတီးပိုဒ်ကို အမျိုးမျိုးခွဲတီးပြီးပြကာ နံနက်ခင်း သံရိုးတီးတွင် နိုင်နိုင်နင်းနင်းတီးသလို ပိုင်ပိုင်နိုင်နိုင် ပြောပြပါသည်။နံနက် ၈ နာရီလောက်က တေးဘုမ္မာ တီးတာ နံနက် ၁၁ နာရီ ခွဲ ဘိသိက်ပွဲများ မဏ္ဍပ်အလယ်လာချတော့မှ ခေတ္တ အတီးနားရမည် ဖြစ်၍ ပရိသတ်ကို ဤသို့ပြောပါသည်။"တေးဘုမ္မာ အတီးခိုင်းသော ပုဂ္ဂိုလ်များခင်ဗျား အခု ဟံပတီးတာ တေးဘုမ္မာ အစပဲ ရှိပါသေးတယ်။အဆုံးထိ နားထောင်ချင်ရင် နောက်ထပ် ၇ လှူလောက် ဆက်ငှားကြပါ"ပြောပြီး စည်တော်ရွှမ်းလိုက်ပါသည်။ ၎င်းအလှူပြီးသောအခါ အလှူ့တကာက တောင်းပန်စကားပြောရှာပါသည်။

အင်းဝမြို့သည် ရှေးဟောင်းမြို့တော်တစ်ခု ဖြစ်ပါသည်။အင်းဝမြို့တွင် ဘဘတီးသော အခါ ပရိသတ်တွေ အလွန်စည်ကားပါသည်။ဦးဟံပကြီးအား မမြင်ဘူး၍ လာကြည့်ကြသောသူ များက မနည်းလှပါ။နောက်တစ်နေ့ အလှူ ဘိသိက်ခန်းထဲမှာလည်း ပရိသတ်က အလွန်စည်ပြီး ဘိသိက်ဆရာက အင်းဝမြို့ ဆရာကာ ဖြစ်ပါသည်။ဆရာကာမှာ ဘဘနဲ့ ရွယ်တူသက်တူလောက် ရှိပါသည်။ အင်းဝဆရာကာဟူသောအမည်နဲ့ အင်းဝနယ်တစ်ဝိုက်တွင် နာမည်ကြီးတစ်ဦး ဖြစ်ပါ သည်။ဘိသိက်ခန်း စဖွင့်ကတည်းက ဆိုင်းနဲ့ဘိသိက် မတည့်ချင်ပါ။ဘဘက လောကုတ္တရာ အကြောင်းများ ပြောတီးတာ ပရိသတ်ကလက်ခံ၍ ဆရာကာက လောကုတ္တရာအကြောင်းများ သဘောပေါက် နားထောင်ကောင်းအောင် မပြောနိုင်ခဲ့ပါ။ဒါကြောင့်လည်း ဆရာကာက ဘဘကို အလိုလိုနေရင်းက မနာလိုဝန်တို ဖြစ်လာဟန် တူပါသည်။ဘဘက ဘုရားကန်တော့ခန်းတွင် ထူးမခြားနား သံဆန်း ဘုရားရောင်ခြည်တော်ဘွဲ့ကို ကိုယ်တိုင်ဆိုတီးပါသည်။ပရိသတ်ကိုလည်း ဘုရားဂုဏ်တော်များ ကြည်ညိုနိုင်အောင် ပြောပါသည်။ဆရာကာက သီချင်းတစ်ပုဒ်ဆိုပါသည်။ သူ့သီချင်းက ကိုယ်တိုင်ရေး သီချင်းဖြစ်ပြီး "ရွှေဝမြို့ ဆရာကာ ရောက်လာပြန်ပေါ့တစ်ခါ" သီချင်းက ရှေးလူကြီးဗီပီ ခရာသံစုံအလိုက် ရေးထားပါသည်။သို့သော် ဘဘက တီးမပေးပါ။

ဆရာကာ။ ။"ဦးဟံပ ဒီသီချင်း မတီးတတ်ဘူးလား"

ဘဘ ။ ။"တီးတတ်ပါတယ်၊ ခင်ဗျားသီချင်းက ခရာသံစုံအလိုက်ပါ။ကျုပ်တီးချင်တာက မဟာဂီတထဲက သီချင်းကြီးပါ။ဒီလို ဗရုတ်သုတ်ခ သီချင်းမျိုး ဟံပက မတီးပါဘူး"

ဆရာကာ။ ။"ကျုပ် ရေးထားတာ ဗရုတ်သုတ်ခ မဟုတ်ပါဘူး"

ဘဘ ။ ။"ခင်ဗျားရေးတာ ခင်ဗျား နားမလည်ဘူး။ရွှေဝမြို့က ဆရာကာ ရောက်ရပြန်ပေါ့ တစ်ခါ၊ ရောက်ရပြန်ပေါ့ တစ်ခါဆိုတာ နောက်တစ်ခါ မရောက်ရတော့ဘူးလို့ အဓိပ္ပာယ်ထွက်နေတာ သိရဲ့လားဗျ"

ဆရာကာ။ ။"အဓိပ္ပာယ်တွေ ဘာတွေ ပြောမနေနဲ့ ခင်ဗျား ဘယ်လောက် မိုက်လို့လဲ"

ပြောပြောဆိုဆို ဆရာကာက ဘိသိက်သွင်းသောခရုကို ကောက်ကိုင်ကာ လှမ်းထုရန်ရွယ်ရင်း မေးလိုက်သည်။ဘဘက ဆိုင်းဝိုင်းတွင်းက ပတ်လုံးလက်ရိုက်ကို ကိုင်ကာ မတ်ဘတ်ထလိုက်ပြီး-

"စမ်းကြည့်လေ ဘယ်သူက ခေါင်းအရင်ကွဲမလဲ"ဟုပြောလိုက်ရာ ပရိသတ်ကြီးပါ တအုံးအုံးဖြင့်။ဟာ. . လူကြီးတွေ ရန်ဖြစ်ကုန်ပြီ ရန်ဖြစ်ကုန်ပြီဟု တသောသော ရယ်မောရင်းက နှစ်ဦးလုံးအား ဝိုင်းတောင်းပန်ကြပါတော့သည်။

ဘဘက ဝက်သား မစားပါ။ဘဘဇနီး မမကြိုင်က ဝက်သားမစားခြင်းကြောင့် ဘဘက ပါ မစားတာလည်း ဖြစ်နိုင်ပါသည်။အလှူများကလည်း ဝက်သားကျွေး ခဏခဏတွေ့ရတတ် သဖြင့် အစားအသောက်အတွက် မကြာခဏ ကသိကအောင့် ဖြစ်ရပါသည်။နဲ့ဆရာ ဖေယျာမှန် (ဦးလေးမှန်) က အလှူအိမ်က ငါးခြောက်များတောင်းပြီး မီးဖုတ်ဆီဆမ်း၍ ပေးလေ့ရှိပါသည်။ ဘဘက ဆေးပြင်းလိပ်သောက်ပါသည်။အလှူက ဆေးပြင်းလိပ် မတည်ပါ။သနပ်ဖက်ပဲ တည်ပါ သည်။ထိုအခါများတွင်လည်း ဦးလေးမှန်ကပင် ဆေးပြင်းလိပ်ထုပ်များတောင်းပြီး ဘဘကို ပေးပါ သည်။ ကျွန်တော်တို့က သနပ်ဖက်နဲ့ စီးကရက် သောက်ကြပါသည်။ဆေးပြင်းလိပ် မသောက်ပါ။ အလှူက တစ်ခါတစ်ခါ ၅၀ ဝင် စီးကရက်သံဘူးများ ပေးပါသည်။ ထိုအခါမျိုးတွင် ဘဘက စီးကရက်ကို ဝေမပေးဘဲ သူချည်းယူတာ တွေ့ရပါသည်။ ဆိုင်းသမားများက ဘဘကွယ်ရာတွင်

မကောင်းကြောင်း ပြောကြပါသည်။ဆိုင်းနောက်ထိုင် ဦးညိုစိန့်ကဆိုလျှင် "ဒို့ဆရာနဲ့ သိပ်ကွာတာပဲ" ဟုပြောပြီး ဆက်၍ ဆရာက အလှူအိမ်တွေက ကျွေးတာတောင် သိပ်စားတာမဟုတ်ဘူး။ ဂုဏ်ရှိနေအောင် နေတတ်တယ်ဟု ပြောပါသည်။ပြောလည်း ပြောစရာပါ။ဘဘမှာ အလှူက ပေးတဲ့ ဆေးပြင်းလိပ်ထုပ်များ၊ ငါးခြောက်များ၊ စီးကရက်များက ပွဲများဆက်တီး သွားနေရသည့် အခါ ဆိုင်းသေတ္တာထဲတွင် ယင်းပစ္စည်းများက ပါပါလာသဖြင့် တစ်ရွာတစ်ရွာရောက်လျှင် "ဟာ. . ငါးခြောက်တွေဟ" "ဟာ. . ဆေးပြင်းလိပ်တွေဟ" ဟု ဘေးက ကာလသားများက အော်ကျယ်ဟစ်ကျယ်ပြောတတ်ကြသဖြင့် ကျွန်တော်တို့မှာ ငါးခြောက်ဆိုင်း၊ ဆေးပြင်းလိပ်ဆိုင်း ဖြစ်နေပါသည်။ကျွန်တော်က ဆေးပြင်းလိပ်များ၊ ငါးခြောက်များရှိပေစေ စီးကရက်ကို ဆိုင်းသမားများ ခွဲပေးရန်ပြောရာ ဘဘက "မင်းက ဘာနားလည်လို့လဲ"ဟု ကျွန်တော့်ကိုငေါက်သဖြင့် ငြိမ်နေလိုက်ရပါသည်။စစ်ကိုင်းဘက်တွင် ပွဲတော်တော်များများ တီးရပါသည်။ကျောက်ပနန်း ကန်ကြီးကုန်း၊ စာရေး၊ စကျင်၊ ကျောက်ဆည်၊ အောင်သာရ၊ ဆားတောင်၊ ကုန်းရွာ စသည့် တစ်ပွဲထွက် တစ်ပွဲဝင် အလှူများ ဆက်တီးနေရရာ တောရွာများဖြစ်၍ လက်ဖက်ရည်ဆိုင် မရှိပါ။ဆိုင်းထောင်ဆရာ ဦးလှစိန်နဲ့ ကျွန်တော်မှာ လက်ဖက်ရည်အလွန်ကြိုက်သူများဖြစ်၍ ဒုက္ခရောက်ပါသည်။ရွာများက နွားနို့နဲ့ ထန်းလျက်ပေါ၍ အလွယ်တကူရသော်လည်း လက်ဖက်ရည်မဟုတ်၍ မတင်းတိမ်ပါ။လက်ဖက်ရည် သောက်ချင်ပါသည်။ကျွန်တော်တို့ သောက်နေကျ နှင်းဆီခြံဆိပ်က ဦးသန်းမောင် လက်ဖက်ရည်ဆိုင်ကို သတိရနေပါသည်။ ကျွန်တော်တို့ လက်ဖက်ရည်ပြတ်နေတာ ၂ ပတ်လောက် ရှိသွားပါပြီ။မနေနိုင်သဖြင့် အုန်းတောနားက ရွာတစ်ရွာအလှူ ဆိုင်းလှည်းပစ္စည်းများချအပြီး လှည်းငှား၍ အုန်းတောသို့ လက်ဖက်ရည် သောက် ထွက်လာရာ လက်ဖက်ရည်တစ်ခွက် တစ်မတ်ဖြစ်သော်လည်း လှည်းခက ၁၀ ကျပ် ပေးရပါသည်။စီးကရက်ကို ကျွန်တော် အလွန်ကြိုက်ပါသည်။အချို့က စီးကရက်ကို စတိုင်လုပ်၍ သောက်ခြင်း၊ ရှူးထုတ်၍သောက်ခြင်း၊ ဟန်လုပ်၍သောက်ခြင်းများ ရှိကြပါသည်။ကျွန်တော်ကမူ စီးကရက်ကို ကြိုက်လွန်းသဖြင့် အိမ်သာထိုင်ရင်း သောက်ရလျှင် အလွန်အရသာရှိပါသည်။ လက်ဖက်ရည်သောက်ပြီးတိုင်းလည်း စီးကရက်သောက်ရမှ ဖြစ်ပါသည်။စီးကရက်သောက်လွန်း၍ လက်ညှိုးနှင့် လက်ခလယ် ထိပ်ကြားများတွင် ဆေးချီးများစွဲပြီး ဝါညစ်ညစ်ဖြစ်နေပါပြီ။ ကျွန်တော်နှစ်သက်သည်မှာ ကြောင်နက်စီးကရက်နှင့် ငါးသုံးလုံးစီးကရက်များဖြစ်ကာ ထိုစီးကရက်များ မရနိုင်သောအခါတွင် ရရာစီးကရက်ကိုပင် ဖြစ်သလိုသောက်ရပါသည်။ ကျွန်တော့်ဘဝတွင် အနှစ်သက်ဆုံးအရာများကား စီးကရက်၊ လက်ဖက်ရည်အချိုနှင့် ပိုင်းလော့ ဖောင်တိန်လေးပင် ဖြစ်ပါသည်။လက်ဖက်ရည်အချိုကို တစ်နေ့ ၁၈ ခွက်၊ အခွက် ၂၀ လောက် သောက်ဖြစ်ပြီး ထမင်းစားလျှင် အကြမ်းပန်းကန်တစ်လုံးသာသာလောက်သာ ရှိပါသည်။ ဆိုင်းတီးသွားရာတွင် ဘဘဆိုင်းပွဲက မျက်နှာ မငယ်ရပါ။အခွင့်သာသည်က များပြီး ပွဲတီးရတာ အလွန်ပျော်စရာကောင်းပါသည်။ သို့သော် ဆိုင်းသမားများကို ဘဘက စီးကရက်များ ခွဲဝေ မပေးခြင်း၊ ခရီးသွား နားရာတွင် လက်ဖက်ရည် မုန့်ပဲသရေစာ စသည်တို့ကို ဆိုင်းအဖွဲ့အား အကျွေးမွေးနည်းခြင်းတို့ကြောင့် ဘဘအား အတင်းပြောကြပါသည်။ကျွန်တော်က ကာကွယ် ပြောလည်း မရပါ။ထို့ကြောင့် ကျွန်တော်က ဘဘအား ဆိုင်းသမားများနှင့် အသေးအဖွဲကိစ္စလေး များကြောင့် ဂုဏ်မပျက်စေရန် သူတို့လိုချင်သော ဆေးလိပ်များ ခွဲဝေပေးသင့်ကြောင်း ဘဘအား ပြောပြရာ ဘဘ နားထောင်ပြီး ဘာမှ အဖြေမပေးပါ။

အလျှုတွင် ဆိုင်းက ယိုးဒယားတီးသောအချိန်မှာ ည ၇ နာရီခွဲဖြစ်ပါသည်။ ယိုးဒယားတွင် ကျွန်တော်က ကြေးဝိုင်းမှ ခေါင်းဆောင်တီးရပါသည်။ထိုအချိန်တွင် ဘဘက ဆိုင်းနောက်က ကော်ဇောတစ်ချပ်ပေါ်တွင်ထိုင်ပြီး ဆိုင်းဝိုင်းတွင်းတီးရန် ပတ်စာကပ်ဖို့ စောင့်ဆိုင်းနေတတ်သော အချိန်မျိုးဖြစ်ပါသည်။ကျွန်တော်က ဘဘကိုရွဲ့ပြီး ကြောင်နက်စီးကရက် ၁၀ လိပ်ဝင်ဘူး ငါးဘူး ဝယ်လာပြီး အားလုံးဖောက်ကာ ကြေးနောင်ဝိုင်း သင်ပုန်းခေါင်းကို စွပ်ထားလိုက်ကာ စီးကရက်ဘူးလေးများ ထောင်လျက် ဘူးဖောက်ပြီး ယူသောက်ရန် အသင့်ဖြစ်နေပါသည်။ကျွန်တော့်လက်နှစ်ဘက်လုံးတွင် လက်သူကြွယ်နှင့် လက်သန်းကြား၌ စီးကရက်တစ်လိပ်စီ မီးညှိညှပ်ထားပြီး ကြေးလက်ခတ်ကိုင်ကာ ယိုးဒယားတီးရန် ကြေးစမ်းလိုက်ပြီး

"ကဲကဲ အားလုံး ဟောဒီမှာ စီးကရက် စီးကရက် ယူသောက်ကြပါ၊ ယူသောက်ကြပါ"ဟု အော်ပြောရင်း ယိုးဒယားကို တီးလိုက်ပါသည်။ဘဘက အလွန်မကျေနပ်သော မျက်လုံးကြီးများဖြင့် ကျွန်တော့်အား ကြည့်နေပါသည်။

အစ်ကိုက ကျွန်တော့်အား အဘ ရွှာစားကြီး စိန်ဗေဒါ၏ သင်ရိုးကွက်များ တက်ပေးထားသဖြင့် ထိုသင်ရိုးကွက်များက အလွန်ကောင်းမွန်ပြီး စနစ်တကျရှိလှကာ သင်ရိုးများက နရီကိုက်၊ ဒိုးကိုက်များပါရှိသလို တီးလက်၏ ဘယ်ညာအားပါချက် အားသာချက်များရှိအောင် ကောင်းလှပြီး သံရိုးသီချင်းကြီးများ မဆိုထားဘိ အဘစိန်ဗေဒါတီးသော သံဆန်းတီးလုံးများကပင် အခြားသင်ရိုးသင်လက်ထက် အများကြီးကောင်းမွန်ကြောင်း အသေအချာသိမှ ကွာခြားကြောင်း သိရပါသည်။ရွှာစားကြီး စိန်ဗေဒါ၏မူများမှာ မန္တလေးမြို့တည် နန်းတည် မင်းတုန်းမင်းတရားကြီးလက်ထက် အသုံးတော်ခံ သဘင်ပညာရှင် ဆရာကြီးများအားလုံး၏ နည်းနာနိဿယများကို စုပေါင်းပြီး သူ့ဘဝ သူ့တစ်သက်၏ အကောင်းဆုံး စိတ်တိုင်းကျ တီထွင်ပြုစုခဲ့သော တီးလက်၊ တီးကွက်များဖြစ်သဖြင့် အခြားဆရာကြီးများ၏ သင်ရိုးထက် သာလွန်ကောင်းမွန်၍ သိပ္ပံနည်းကျ တိတိကျကျ စနစ်ကျသော အခြေခံ သင်ရိုးများဖြစ်ခြင်းကြောင့်လည်းကောင်း၊ မြန်မာတို့ တူရိယာ ပစ္စည်းများဖြစ်သည့် စောင်း၊ ဆိုင်း၊ ပတ္တလား၊ ကြေးနောင်၊ မောင်းဆိုင်း၊ နှဲကြီး၊ နှဲလေး၊ မြွေမိကျောင်း၊ ဒုံမင်း၊ တယော၊ ကျားမအဆိုများပါမကျန် ဂီတပညာများသင်ယူရာတွင် အထူးကောင်းမွန်ကြောင်းကို ပြောဖွယ်ရာမရှိဟု ဆိုချင်ပါသည်။ဘဘကလည်း ထူးခြားကောင်းမွန်သော တီးကွက်များ ပြပေးပါသည်။ဘဘကို သင်ပေးလိုက်သော ဆရာပေကြီးမှာ ရွှာစားကြီး စိန်ဗေဒါ၏ဖခင် ဆရာဖေကြီး၏လက်ထောက်တပည့်ဖြစ်ခဲ့သဖြင့် တီးကွက် တီးလက်များ သန္ဓေတူကြပါသည်။သို့သော် ကာလအတန်ကြာသွားသဖြင့် ရွေ့လျားပြောင်းလဲလာခြင်းများ ဖြစ်နိုင်သည်ဟု ကျွန်တော် ယူဆမိပါသည်။မန္တလေး အနောက်မြောက်နယ် မေယဂီရိ၊ ကသဲဝင်းရပ်၊ ဆိုင်းတောင်ဆရာ ဦးလှစိန်အိမ်မှာပဲ ဘဘရော အစ်ကိုမိသားစုပါ ပေါင်းနေကြပါသည်။ ကျွန်တော်က ဘဘနှင့် တစ်အိုးတည်းစား၍ နေထိုင်ကာ ပညာများ သင်ယူနေပါသည်။အတူစားမှာ ဘဘ ဦးဟံပ၊ ဇနီး ဒေါ်ကြိုင်၊ သား မောင်သန်းဌေး၊ သမီး မဗိုလ်မ၊ ခယ်မ မအေးမြင့် (မယ်ဒဂုဏ်မြင့်) နှင့် ကျွန်တော်ပါ စားအိုး ၆ ယောက် ဖြစ်ပါသည်။ဘဘက စားတော်ပဲကို ဆီအများကြီးနဲ့ နှစ်ကြော်တာကြိုက်ပြီး၊ မမကြိုင်က သားငါးအလွန်ကြိုက်ပါသည်။ ဦးလှစိန်အိမ်မှာ ၃ ခန်းပတ်လည် ၂ ထပ်ဖြစ်ပြီး ဦးလှစိန်တို့က အပေါ်ထပ်မှာ နေပါသည်။အိမ်က အရှေ့ဘက်လှည့်ဖြစ်သဖြင့် အိမ်အဝင် အင်္ဂါထောင့် ဦးရှူတိုင်အနီးတွင် ကျွန်တော်က ကင်းမကော့ခေါ် မိုးကာခင်း တစ်ယောက်အိပ်စင်လေးဖြင့် အိပ်ပါသည်။ဘဘတို့က စနေထောင့်

အနီးတွင်အိပ်ပြီး မအေးမြင့်နဲ့ အဖော် မစောတင်က ရာဟုထောင့်အခန်းတွင် အိပ်ကြပါသည်။ ရွာမှာတုန်းက ဘုန်းဘုန်းသင်ပေးလိုက်သော ပရိတ်ကြီးများကို ညစဉ်ရွတ်ဖတ် ဘုရားရှိခိုး အိပ်ပါသည်။ ကျွန်တော်အိပ်သော ခေါင်းရင်းက အိမ်တွင်းအုန်းဆွဲထားသော ဦးရှုတိုင်ဖြစ်ပါသည်။ တစ်ညတွင် ကျွန်တော် အိပ်မက်မက်ပါသည်။ကျွန်တော့်ခေါင်းရင်းရှိ နတ်အုန်းသီးထဲမှ ပွဲထဲမှာလို ဝတ်သော ဝန်ကြီးတစ်ဦး ထွက်လာပါသည်။သူထွက်လာသည်ကို ကျွန်တော်မြင်ရသည်မှာ အုန်းသီးအတွင်းမှ အရွယ်အစားပမာဏ ၆ လက်မ လောက်မျှ ဖြစ်ပါသည်။သို့သော် အုန်းသီးထဲက ထွက်လာပြီး တဖြည်းဖြည်းကြီးလာရာ ကျွန်တော့်အိပ်ရာနားအရောက်တွင် သာမန်လူထက်လည်း ထွားထွားကျိုင်းကျိုင်းနှင့် ဝန်ကြီးတစ်ပါးဖြစ်နေကာ လက်ထဲမှာ အရိုးရှည် မှန်စီရွှေချ ယပ်ကြီးကို ကိုင်ထားပြီး ကျက်သရေရှိသောမျက်နှာ ပြုံးပြုံးရွှင်ရွှင်ဖြင့် ကျွန်တော့်ဘေးတွင် မတ်တတ်ရပ်လိုက်ကာ နှုတ်မှလည်း-

"လူကလေးကို သတိပေးစရာရှိလို့လာတာ"ဟု ပြောပါသည်။ထိုအခါ ကျွန်တော်က-

"ဟုတ်ကဲ့ ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"အင်းအင်း သေသေချာချာ မှတ်ထားပါနော်။ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ် မနှစ်သောသူ အဲဒါရန်သူမျိုးငါးပါးပဲ။ဘယ်တော့မှ သွားမစလေနဲ့"

"ဟုတ်ကဲ့ခင်ဗျာ ဟုတ်ကဲ့ သွားမစပါဘူး"

"ကဲကဲ မှတ်မိအောင် လက်ချိုးရေပြီး မှတ်ထားလိုက်ပါဦး။ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ အဲဒါ ရန်သူမျိုးငါးပါးပဲ သေသေချာချာ မှတ်ထားနော်"

"ဟုတ်ကဲ့ခင်ဗျာ"

"သုံးကြိမ်ပြည့်အောင် မှတ်လိုက်ပါဦး။လက်ကလေးချိုးပြီး ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ အဲဒါ ရန်သူမျိုးငါးပါးပဲ ဘယ်တော့မှ သွားမစလေနဲ့နော်"

"ဟုတ်ကဲ့ခင်ဗျာ ဟုတ်ကဲ့ ကျွန်တော် မှတ်မိပါတယ်"

သုံးကြိမ်ပြည့်အောင် သတိပေးပြောကြားပြီးနောက် ကျွန်တော့်နားမှ ခြေမလှမ်းပဲ အပေါ်ကြွလျက် အုန်းသီးထဲသို့ တဖြည်းဖြည်းငယ်ငယ်သွားကာ နောက်ပြန်ဝင်သွားသည်ကို ကျွန်တော်က အိပ်ရာထက်မှ ဒူးထောက်ထိုင်ကာ အံ့ဩငေးမောစွာဖြင့် ကြည့်နေမိပါသည်။ ထိုအချိန်တွင် ကျွန်တော်က အိပ်ရာမှ နိုးနေပြီး တကယ်ပင် အုန်းသီးဆီသို့ ဝင်သွားသော ဝန်ကြီးကို ဒူးထောက်၍ ကြည့်နေမိပါတော့သတည်း။

ထိုနေ့က ဘဘဆိုင်း စစ်ကိုင်းတွင် ပွဲရှိပါသည်။အမရပူရ ကားသင်းမှ ကားစိမ်းဘတ်စ်ကားဖြင့် ဆိုင်းတီးထွက်လာကြရာ စစ်ကိုင်းတံတားကြီးနားအရောက်တွင် သပြေတန်းခံတပ်ဘေးမှ ကားကို အောက်သို့ရေဆိပ်ထိ ဖြည်းဖြည်းချင်း ဆင်းခဲ့ပါသည်။စစ်ကိုင်းတံတားကြီး ပြန်လည်မဆက်သေး၍ မကူးနိုင်သဖြင့် အောက်ရေဆိပ်မှဆင်းပြီး မော်တော်ဇက်ကလပ်ကြီးများပေါ်တွင် ကားတင်၍ ကူးရသောအခါ ဖြစ်ပါသည်။ရေဆိပ်တွင် အလွန်စည်ကားပြီး ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်၊ မုန့်တီဆိုင်၊ အကြော်ဆိုင်များဖြင့် စုံလင်နေပြီး မော်တော်ဇက်ကလပ်စောင့်ရင်း ခေတ္တနားနေကြသောအခါ ဖြစ်ပါသည်။ရေဆိပ်ရောက်လျှင် ဘဘက ကျွန်တော့်အား-

"လူလေး မုန့်တီစားမလား"ဟု ကားခေါင်းထဲကဆင်းရင်း မေးလိုက်ပါသည်။ကျွန်တော်က ရေမြင်လိုက်ရ၍ ရေအလွန်ချိုးချင်နေသဖြင့် "တော်ပြီ ဘဘ မစားဘူး"ဟု လှီးလွဲပြော

လိုက်က၊ ဘဘက "ဒါဖြင့် လက်ဖက်ရည်သောက်လေ" ဟု ပြောပြန်သဖြင့် "တော်ပြီ လက်ဖက်ရည်လည်း မသောက်ချင်ဘူး"ဟု ပြောလိုက်ပါသည်။ထိုအခါ ဘဘက အိတ်ထဲမှ ကျပ်တန်အသစ်တစ်ရွက်ထုတ်ပေးပြီး ရော့ ကြိုက်တာဝယ်စား။ရေဆင်းမချိုးနဲ့နော်"ပြောပြီး မုန့်တီဆိုင်ဘက်ကို ထွက်သွားပါသည်။ကျွန်တော်က စစ်ကိုင်းတံတားထိပ်မှ ဧရာဝတီမြစ်ပြင်ကို လှမ်းကြည့်လိုက်ပါသည်။အလယ်ခေါင်တွင် သောင်ထွန်းသည့်နေရာ သိပ်မကျယ်လှပါ။ မြစ်ပြင်ကို ဖြတ်ကျော်ကြည့်လိုက်တော့ စစ်ကိုင်းတောင်တန်းကြီးပေါ်မှ စေတီဖွေးဖွေးများကို ဖူးမြင်ရပါသည်။အင်းဝခေတ်က သူခိုးတေက်ပြားကို နှိမ်နင်းရန် ဘုရင် သတိုးဖျားက တေက်ပြားနှင့်လိုက်၍ ဒုဋ္ဌဝတီမြစ်ကို ဖြတ်ဖူးသည့်အကြောင်း ခေါင်းထဲတွင် ပေါ်လာပါသည်။ဒုဋ္ဌဝတီမြစ်ကား ဧရာဝတီမြစ်လောက် မကျယ်ပါ။ ကျွန်တော် ရေကူးသန်ပါသည်။ဤဧရာဝတီမြစ်ကို လက်ပစ်ဖြတ်ကူးလျှင် ရလိမ့်မည် ထင်ပါသည်။ကျွန်တော်ဧရာဝတီမြစ်ကို တစ်ခါမျှ ဖြတ်မကူးဘူးပါ။ ရေလယ်ခေါင်တွင် သောင်ကလေးပေါ်နေသည်က ပိုပြီးအားပေးရာရောက်သလို ဖြစ်နေသည်။ ကူး၍မောလျှင် သောင်ပေါ် ခေတ္တနားနိုင်မည်။ကျွန်တော်သည် ဘဘပေးသော ကျပ်တန်လေးကို အိတ်ထဲထည့် အင်္ကျီနဲ့လုံချည်ချွတ်၍ ကားပေါ်မှာ ထားခဲ့ပြီး ဘောင်းဘီတိုလေးနှင့် ရေဆိပ်သို့ ဘဘမမြင်အောင် ဆင်းလာပြီး အားရပါးရပျော်ရွှင်စွာ ကူးချလိုက်ပါသည်။ရေချိုးနေသူများကို ဖြတ်ကျော်ပြီး ကူးလာပါသည်။သပြေတန်းခံတပ်အောက်က ကူးလာလျှင် စစ်ကိုင်းအစီခံဆိပ် အောက်နားသို့ ရောက်မည်ထင်ပါသည်။ရေကူးညာတင်ဆိုသည့်အတိုင်း တည့်တည့်ဖြတ်ကူးလျှင် အလွန်ပင်ပန်းပါမည်။အညာမှ အကြေသို့ မျှောကူးလျှင် သက်သာပါမည်။အားရပါးရကူးလိုသော လက်များက မညောင်းသေးပါ။ငှက်များကလည်း မြစ်ပြင်တွင် ဥဒဟိုသွားလာ နေကြပါသည်။ ရေအောက်က ငါးများနှင့် တစ်ခါတလေ တိုးမိပါသည်။လင်းပိုင်ကြီးများက မကြာမကြာ ရေပေါ်သို့ ခေါင်းကြီးများ ထွက်လာတတ်ပါသည်။

ဇွဲကောင်းကောင်းနှင့် ကူးခဲ့သောကျွန်တော်သည် ယခုအခါ အတော်လက်ပန်းကျလာပါပြီ။ကျွန်တော် မသိသော ရေ၏ဆွဲငင်အားများက ရေအောက်သို့ ဆွဲနှစ်လိုက်တော့မလို ထင်ရပါသည်။ရေမကြောက်သောကျွန်တော် ရေကူးချင်သော ကျွန်တော် ကူးရတော့ အားများပျော့လာခါ တဖွားဖွား ကူးခပ်လာသော လက်များက အလွန်နှေးကွေးလာပြီး နောက်ထပ် ဆက်ရန် ဘယ်လောက်လိုသေးသလဲဟု လက်များက ပြန်မေးနေပြီ ထင်မှတ်လာရပါသည်။လက်များသာ ပန်းလာသည် မဟုတ်။အသက်ရှူရသည်မှာ လွန်လွန်မင်းမင်း ပင်ပန်းနေကာ မွန်းကျပ်ကျပ် ဖြစ်ပြီး ရေဆိပ်မှ ကူးလာစက ပါသည်ဟု မထင်ရသော ကျွန်တော့်ခန္ဓာကိုယ်လေးက ယခုအခါ ဆယ်ပြန်ဆယ်ဆလေးနေပြီဟု ထင်လိုက်ရပါသည်။နောက်ဆုံးတွင် ရေလယ်ခေါင်က သောင်ကလေးကို ဘယ်လောက်လိုသေးလဲဟု လှမ်းကြည့်လိုက်ရာ သောင်ပြင်ရောက်ရန် အလွန်ဝေးကွာသောကြောင့် မရောက်နိုင်တော့ကြောင်း သိလိုက်ရဖြင့် နောက်ပြန်လှည့်ရန် ရေဆိပ်ကို ပြန်ကြည့်လိုက်ရာ ရေဆိပ်က ဘတ်စ်ကားမှာ ပေါင်မုန့်တစ်လုံးစာလောက် သေးငယ်နေကြောင်း သိလိုက်ရသောအခါ ရှေ့လည်းမကူးနိုင် နောက်ပြန်မရောက်နိုင်တော့ပြီဟု အတွေးကဝင်လာ၍ စိတ်အားများလျော့သွားကာ ရေထဲသို့ တဖြည်းဖြည်းခြင်း နစ်သွားပါလေတော့သည်။ ရေနစ်သော နေရာက ရေအနက်မှာ ဝါးသုံးရိုက်ခန့်လောက် ရှိပါလိမ့်မည်။ တဖြည်းဖြည်းချင်း နစ်နေသော ရေထဲတွင် ညက အုန်းသီးထဲမှ ဝန်ကြီး၏ပုံက ပြန်ပေါ်လာပါသည်။

နှုတ်မှလည်း

"အင်းအင်း သေသေချာချာ မှတ်ထားပါ။ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ် မနှစ်သက်သောသူ။ အဲဒါရန်သူမျိုးငါးပါးပဲ ဘယ်တော့မှ သွားမစလေနဲ့"

"ဟုတ်ကဲ့ ခင်ဗျာ ဟုတ်ကဲ့ သွားမစပါဘူး"

ယခုတော့ အပြောနဲ့မညီ ကျွန်တော်က ရေကိုသွားစလိုက်၍ ရေနစ်ရလေပြီ။သို့သော် အတွေးတစ်ခုက ခေါင်းထဲမှာ ဝင်လာ၏။ဒီအတိုင်း ရေနစ်ပြီး အသေခံမလား၊ ယောကျ်ားပဲ ငုတ်မိသဲတိုင် တတ်နိုင်ဖျားရောက်တဲ့။သူနှစ်တာ စောင့်နေရင် ပိုမွန်းလာမှာပဲ။ကိုယ့်ဟာကိုယ် ဆောင့်နှစ်လိုက်ရင် မြန်မြန် သဲကိုထိမလား။သဲနဲ့ထိလို့ ခြေနဲ့ဆောင့်ကန်လိုက်ရင် အပေါ် မြန်မြန်ပေါ်ပြီး အမွမ်းသက်သာမယ်။သေတာလည်း သုံးခါပေါ်မှ သေတယ်ကြားဖူးတယ်။ခု ငါ့မှာ တစ်ခါမှ မပေါ်သေးဘူးဟု တွေးရင်းက ကိုယ့်ကိုယ်ကိုယ် တအားဆောင့်၍ ဆောင့်၍ နှစ်လိုက်ပါသည်။ကျွန်တော်ထင်သည့်အတိုင်း မကြာခင် သဲကိုခြေထောက်နှင့် ထိပါသည်။ သဲကို ထိလျှင် ထိချင်း ခြေထောက်နဲ့ သဲကို စုံကန်ဆောင့်၍ အပေါ်သို့ တိုးတက်လိုက်ပါသည်။ရေတွင်နစ်စဉ်က ၃ မိနစ်လောက် ကြာပါမည်။ယခုအပေါ်သို့ နရီ ၃ စည်းစာလောက်ဖြင့် ရေပေါ်ကို ဖွားခနဲ ပေါ်လာပါသည်။ပေါ်လျှင် ပေါ်ချင်း ကိုယ်ဖေ့၍ အသက်ဝအောင်ရှူခါ အနားပေးလိုက်ပါသည်။ တော်တော်လေး နားမိ၍ အညောင်းပြေသည်ထင်၍ လေးငါးလှမ်းကူးကြည့်ရာ ချက်ချင်း လက်ပန်းပြန်ကျလာ၍ ဆက်မကူးရဲဘဲ ကိုယ်ဖော့၍သာ အပန်းဖြေရပါသည်။အလွန်အညောင်း ပြေမှ သုံးလေးလှမ်းကူးရင်း နားလိုက်ဖြင့် အသက်လေးကို ဆင်ဆင်ခြင်ခြင် စဉ်းစားပြီး ထိန်းထိန်း သိမ်းသိမ်းကူးခဲ့ရာ ရှေ့သို့ မကြည့်မိပါ။ကျွန်တော် နားရင်း ကူးလာသည်မှာ သောင်ပြင်သို့ ရောက်ကြောင်း ခြေထောက်က သဲများနှင့် အရင်ထိမိလိုက်သည်တွင် နောက်ဆုံးတစ်ချက် လှမ်းကူးလိုက်ရာ သောင်ပြင်ကို လက်နှင့်စမ်းမိလိုက်ပြီး လူခန္ဓာကိုယ်က ရေတစ်ဝက်၊ ကုန်းတစ်ဝက်တွင် မေ့မြောသွားပါတော့သတည်း။

သောင်ပြင်ပေါ်တစ်ဝက် ရေတစ်ဖြင့် ကျွန်တော်သတိမေ့မြောနေသောအချိန်တွင် ဘဘနှင့် ဆိုင်းအဖွဲ့မှာ ဤသို့ဖြစ်နေကြပါသည်။မော်တော်ဇက်ကလပ်ကြီး ရောက်လာပြီး ဆိုင်းကားကူးရန် အလှည့်ကျသဖြင့် လူစစ်ကြည့်ရာ ကျွန်တော့်ကို မတွေ့ တစ်ယောက်လိုနေပြီ ဖြစ်နေပါသည်။ဆိုင်းအဖွဲ့များ အစဉ်အလာတစ်ခုမှာ လှည်းအကူး၊ လှေအကူး၊ ရထားအကူး၊ ကားအကူးများတွင် ကိုယ့်လူမကျန်ရစ်အောင် လူစစ်တတ်ကြပါသည်။ယခု လူစစ်သောအခါ ကျွန်တော်လိုနေ၍ မေးမြန်းစုံစမ်းကြရာက နောက်ဆုံး ရေချိုးဆင်းတာမြင်လိုက်ကြပြီး ပြန်ဘက် လာတာ မတွေ့ဟု အဖြေထွက်လာကြသဖြင့် ဘဘမှာ အလွန်စိုးရိမ်စိတ်များ ဝင်လာကာ တွေ့သူ မြင်သူများကို အသေအချာ အထပ်ထပ် မေးမြန်းစုံစမ်းနေပါတော့သည်။

"ဘောင်းဘီတိုလေးနဲ့ ရေကူးသွားတာမြင်လိုက်တယ်"ဟူသော စကားမျိုးသာကြားရပြီး ပြန်တက်လာတာ မတွေ့ကြရဟု အားလုံးက ဆိုပါသည်။ဤသို့ တဖြည်းဖြည်းနှင့် မေးမြန်းစုံစမ်း ကြရင်း နောက်ဆုံး ရေနစ်သေတာပဲဟူသော အဖြေသာ ထွက်လာကြတော့သဖြင့် မတတ်သာ သည့်အဆုံး ကျွန်တော့်အလောင်းအား ဝိုင်းဝန်းရှာကြပါတော့သည်။ထိုအချိန်က ရေဆိပ်တွင် ငှက်များ၊ လှေများ စည်ကားသောအခါဖြစ်သဖြင့် ငှက်များ၊ လှေများ အစင်းငါးဆယ်ခန့်ဝိုင်းဝန်း၍ ရှာကြပါသည်။အချို့က ပိုက်ကွန်များဖြင့် တိုက်၍ ဆယ်ကြပါသည်။အချို့ငှက်များက အောက်ဘက် နောက်ချီးကျွန်းအထိပင် သွား၍ကြည့်ပေးပါသည်။နောက်ချီးကျွန်းမှာ အထက် ဘက်က ရေနစ်သောသူများ ထိုကျွန်းတွင် သွား၍ပေါ်လေ့ရှိသဖြင့် သွားရှာပေးကြခြင်း ဖြစ်ပါ

သည်။ကျွန်တော့်မှာ ရေတစ်ဝက် ကုန်းတစ်ဝက် သတိမေ့မြောနေရာသို့ ငှက်လှေများ မရောက်လာကြပါ။ကျွန်တော့်ကိုယ်က သေးငယ်လှသည့်ပြင် ရေထဲ၌ ရင်ညွန့် ချိုင်းစနားလောက်ထိ နစ်နေပြီး ခေါင်းနဲ့လက်နှစ်ဘက်သာ သောင်ပြင်ပေါ်တင်နေရာ ရေဆိပ်များမှ လှမ်းကြည့်လျှင် မမြင်နိုင်ပါ။အနီးအပါးသို့ ရောက်လာစေဦး ကျောက်ခဲတစ်လုံးပင် မှတ်ယူကြမည်ဖြစ်ပြီး လူဟု ပီပီပြင်ပြင် သိရှိကြဟန်မတူ၍ မတွေ့သွားကြခြင်းဖြစ်ပါသည်။ငှက်လှေအစင်းများစွာ လူများစွာက ရှာကြသော်လည်း ကျွန်တော့်အလောင်းအား မတွေ့ကြပါ။ရေငုပ်ကျွမ်းကျင်သူများ၊ ပိုက်ကွန်ကျွမ်းကျင်သူများက အမျိုးမျိုး ကြိုးစားရှာဖွေကြသော်လည်း မည်သည့်အစအနမျှ မတွေ့ကြရပါ။

ကျွန်တော် ရေနစ်သောအချိန်မှာ ၃ နာရီ ၃ နာရီခွဲလောက် ဖြစ်ပါသည်။ ၅ နာရီလောက်မှ သိပြီးရှာကြရာ ရှာဖွေချိန် တစ်နာရီခွဲလောက်အတွင်း အပူတပြင်းကြိုးစား၍ ဝိုင်းရှာခဲ့ကြပါသည်။မော်တော်ဇက်ကလပ်ကြီးမှာ ညနေ ၆ နာရီ နောက်ဆုံးထားပို့သော်လည်း ထိုနေ့က ကျွန်တော့်ကြောင့် ညနေ ၆ နာရီခွဲထိ စောင့်ပြီး ဆိုင်းကားကို နောက်ဆုံးအခေါက်အဖြစ် ပို့ပေးခဲ့ပါသည်။ဘဘကမူ ငိုကြွေးရင်း-

"ကျွန်တော့်သားလေး သေပါပြီဗျ၊ ကယ်ကြပါဦးဗျ"ဟု တွေ့ကရာလူများကို ထပ်တလဲလဲ ပြောပြီးနေသည်ဟု သိရပါသည်။အလှူမှာ စစ်ကိုင်းရေဆိပ်တွင် မဏ္ဍပ်ကြီး ထိုးထားပြီးဖြစ်သဖြင့် ဆိုင်းကားရောက်သောအခါ ဆိုင်းအဖွဲ့ထဲမှ ကလေးတစ်ယောက် ရေနစ်သေကြောင်း သူတို့က သိနေကြပါပြီ။ထို့ကြောင့်ပင် ဆိုင်းကားရောက်လာသောအခါ အလှူ့ဒါယိကာ၊ အလှူ့အမများကိုယ်တိုင်က ဘဘအား "ဆရာကြီးတို့မှာ အပူတွေ့လာတာတာ။ညှော်ခံတွေ ဘာတွေ တီးမနေပါနဲ့ ဆိုင်းသံကြား၊ ပြောလေးတစ်ခါလောက် တီးပြီးရင် ကျေနပ်ပါတယ်ဟု ပြောပြီး ထမင်းပွဲများပြင်ကာ ကျွေးမွေးကြသော်လည်း မည်သူမျှ ထမင်းမစားနိုင်ပါ။ ဆိုင်းထုံးစံအတိုင်း မဏ္ဍပ်အတွင်း ဆိုင်းဝိုင်းပစ္စည်းများ ခင်းကျင်းပြင်ဆင်သောအခါ ကျွန်တော့်ကြေးနောင်ဝိုင်း ခွေမည့်သူ၊ စီမည့်သူ မရှိ၍ တစ်ခါ အားလုံးငိုကြပြန်သေးသည်ဟု သိရပါသည်။ ဆိုင်းနားထောင်ကြမည့် ပရိသတ်များက ဆိုင်းနားမထောင်ရဘဲ နေရစ်သည့်အကြောင်းများသာ မေးမြန်းနေကြောင်းတို့မှာ နောင်သောအခါမှ ကျွန်တော် သိရသောအကြောင်းများ ဖြစ်ပါသည်။

ရေနစ်၍ သတိမေ့မြောနေရာမှ ကျွန်တော် သတိပြန်ရသောအချိန်တွင် ည ၈ နာရီလောက် ရှိနေပါပြီ။ဦးစွာ မြင်လိုက်ရသည်ကား မည်းမည်းမှောင်နေသော ကောင်းကင်ကြီးအတွင်းမှ များပြားလှသောကြယ်ပွင့်ကလေးများဖြစ်ပြီး မည်းမည်းမှောင်နေသော ညအတွင်းမှ မားမားရပ်နေသော စစ်ကိုင်းတံတားကြီးကို အနီးကပ်မြင်နေရပါသည်။ကောင်းစွာ သတိရလာပြီဖြစ်၍ ရေထဲမှ သောင်ပြင်ပေါ်ဆွဲတက်ရာ ခြေထောက်များက ထိမှန်း မထိမှန်းမသိတော့ဘဲ ထုံနေပါသည်။အားယူ၍ မတ်တတ်ရပ်လိုက်သောအခါတွင် ခြေထောက်၏လှုပ်ရှားမှုကို လုံးဝမသိသဖြင့် ချက်ချင်း ပြန်ထိုင်လိုက်ပြီး ခြေထောက်များကို လက်နှင့်စမ်းကြည့်ရာ ပဲကြီးရေစိမ်လို အလွန်ပင် ရှုံ့တွနေပြီး ထုံကျင်နေသောခြေထောက်နှစ်ဘက်အား အသာဖြည်းဖြည်းချင်း လက်နဲ့ ရိုက်ပေးရင်းက ထိမှန်းသိအောင် လုပ်ပေးနေမိပါသည်။ထိုအချိန်ဝယ် လေက ခပ်ပြင်းပြင်းတိုက်ခတ်နေသဖြင့် တံတားကြီးဆီမှ ဝူးဟူးဟူး ဝဲဟဲဟဲဖြင့် ကြောက်မက်ဖွယ်အသံကြီးက အော်မြည်လာပါသည်။တံတားကြီးဆီ အသေအချာကြည့်ရာ ဘာမျှ ထူးထူးခြားခြားမတွေ့ရဘဲ ထိတ်လန့်ဖွယ်အသံဆိုးကြီးများကသာ မြည်ဆဲပင် ရှိနေပါသည်။ပို၍ ချောက်ချားဖွယ်ရာ ဖြည့်စွက်သည့်အသံများက ရေစီးသံ၊ တစ်ခါတစ်ရံ ငါးများပွက်လိုက်သည့် အသံများပင် ဖြစ်ပါတော့သည်။

တောင်မြောက်လေးပါး လှည့်လည်ကြည့်သော်လည်း လူသူဟူ၍ အနီးအပါးတွင် ဘာမျှမရှိ။ ကျွန်တော်တို့ ကားရပ်ခဲ့သော ရေဆိပ်ဆီကသာ သုံးလေးနေရာ မီးရောင်ကလေးများ လက်နေသည်ကို မြင်ရပါသည်။ဘောင်းဘီတိုလေးဖြင့် သဲခုံပေါ်တွင် လေတဟူးဟူးမို့ အချမ်းလွန်ကာ ခိုက်ခိုက်နေပြီး ထုံလှသော ခြေထောက်ကို ထုံကျဉ်ပြေစေရန် ခပ်နာနာ ဆက်ဆက်ရိုက်ရင်းက ကြောက်စိတ်များလည်း မဝင်ရန် ကိုယ့်ကိုယ်ကိုယ် အားပေးနေရပါသည်။သို့သော် ဘယ်လောက် အားပေးစေကာမူ ကြောက်စိတ်များက သည်နားက ဖြူဖြူကြီးက ဘာပါလိမ့်ဟု မြင်မိမြင်ရာ များက ထိတ်လန့်တုန်လှုပ်ဖွယ်ရာများနှင့် လေတိုးသံ၊ ရေစီးသံ၊ ငါးပွက်သံ၊ သဲပွက်သံတို့ကစ ကြောက်လန့်ဖွယ်ရာများသာ ဖြစ်နေသဖြင့် စောစောတုန်းကလို သတိမေ့နေတာ ကောင်းရဲ့၊ နေ့လယ်ခင်းမှ သတိပြန်ရရင် ဘယ်လောက်ကောင်းမလဲ၊ ခုတော့ မြင်သိစိတ်၊ ကြားသိစိတ်များက မြစ်လယ်ခေါင် ခုအချိန်မတော် တစ်ယောက်တည်းမို့ အားငယ်လာကာ သောင်ပြင်ပေါ်တွင် ထိုင်လျက်က တဖြည်းဖြည်း မတ်တတ်ရပ်စမ်းကြည့်လိုက်ရာ ကောင်းစွာရပ်နိုင်ပြီဖြစ်ပါသည်။ မတ်တတ်ရပ်နိုင်၍ ထွက်ပြေးစရာလည်း မရှိပါ။ရေထဲက ဖြတ်သွားကူးရအောင်ကလည်း ရေကူး၍ပဲ ရေနစ်ခဲ့ရပြီ မဟုတ်ပါလား။သို့သော် အကြောက်လွန်လာသောအခါ မကြောက်စိတ်များက ဝင်လာပါတော့သည်။ဘုရားဂုဏ်တော်များကို ရွတ်ဖတ်လိုက်ပါသည်။ကျွန်တော်ကား "ကယ်တော်မူကြပါဦးဗျို့"ဟု အော်မည့်သူ မဟုတ်ပါ။သို့သော် လျှောက်၍ တွေးမိတွေးရာ တွေးနေမိပါသည်။ယမန်နေ့ညက ကျွန်တော့်အိပ်ရာသို့ မင်းမဟာဂီရိအိမ်တွင်းနတ်က အုန်းသီးထဲက ထွက်၍ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ ရန်သူမျိုးငါးပါးဟု အစထား၍ အသေအချာ သုံးကြိမ်သုံးခါ သတိပေးလျက်ဖြင့် ကျွန်ုပ်က ရေနစ်၍ ယခုလို သောင်ပြင်ပေါ်တင်နေရခြင်းအဖြစ်ကို စဉ်းစားနေမိပါသည်။ ကျွန်တော်သည် အိမ်တွင်းမင်းမဟာဂီရိကို ချစ်ပါသည်။ကျွန်တော့်စိတ်ထဲဝယ် သူ၏ လူ့ဘဝဖြစ်စဉ်များကို ရွှေဒေါင်းညို ဇာတ်ပွဲကပြရာတွင် သိရှိသဖြင့် သူ၏နှမများ ဒွေးဖြူနဲ့ မြတ်လှကို ပခုံးတစ်ဘက်တစ်ချက်စီတွင်တင်လျက် မင်းဘေး မင်းဒဏ်ကြောင့် ထွက်ပြေးလာရပုံ၊ နှမများအား အချစ်ကြီးပုံ၊ ယောက်ျားပီပီသသ ရဲရဲဝံ့ဝံ့ ပန်းပဲသမားတစ်ယောက်အဖြစ် လုပ်ကိုင်စားသောက်ပုံ၊ ပန်းပဲသုံး မီးသွေးများဖုတ်ရန် မန်ဂီတောင်အသွား နဂါးမလေး ရွှေနဘေနှင့် ချစ်ကြိုးသွယ်တန်းမိပုံ၊ နှမလေးများအတွက် တောတောင်ထဲမှာ သစ်သီးများ သနပ်ခါးများ ယူလာပုံ၊ နောက်ဆုံး နှမတွေအတွက်ဖြင့်ပင် ဘုရင်၏ ပရိယာယ်ဖြင့် ဖမ်းဆီးခြင်းခံရပြီး စကားပင်ရင်း ဖိုကျင်ထိုး အသတ်ခံရပုံများကို ဇာတ်ပွဲကြည့်စဉ်ကပင် မှတ်သားမိခဲ့သဖြင့် လူအမည် ဦးတင့်တယ်၊ နတ်အမည် မင်းမဟာဂီရိအား အစ်ကိုကြီးသဖွယ် သနား၍မဆုံး ဖြစ်ခဲ့ရပါသည်။ထို့ကြောင့်ပင်လျှင် ကျွန်တော့်အား ရေနစ်မည့်ဘေးမှ ကြိုတင်သတိပေးခဲ့ခြင်းဖြစ်ပါလိမ့်မည်။သို့သော် ကျွန်တော့်မှာ ရေနစ်၍ မသေ။ တစ်ညလုံး အအေးပတ်၍ သေဖွယ်ရာလားဟုပင် ဖြစ်နေပါပြီ။မြစ်ပြင်ကျယ် သောင်ပြင်ပေါ်မို့ ထင်ပါရဲ့ လေတိုက်နှုန်းက လျှော့မသွားပါ။တစ်ကိုယ်လုံး အေးသထက် အေးစက်လာပါသည်။ကယ်မည့်သူကား ပေါ်မလာပါ။ပေါ်တ္တုပြည် ကျန်စစ်မင်းက နတ်ရုပ်များ မီးရှို့မည်ပြုသောအခါ မင်းမဟာဂီရိက မရှို့ရန် တားမြစ်ခဲ့၏။ကျန်စစ်မင်းက"အို. . မဟာဂီရိနတ် သင်ကား အကျွန့်ပေါ်တွင် ဘာများ ကျေးဇူးပြုခဲ့ဘိသနည်း"

"အို. . အသင်မင်းကြီး သင့်အား ဘုရင်နော်ရထာက နှောင်ကြိုးတဲ၍ အရိန္ဒမာလှံဖြင့် လွှတ်သောအခါ သင့်ရင်ညွှန့်မထိုးမိဘဲ နှောင်ကြိုးကိုထိုးမိစေပြီး အသက်ကယ်ခဲ့ဖူးပေသည်"

"အိမ်း. . သင်ဆိုသည့်တိုင် ဧကန်တရားမဟုတ်သော်လည်း ကြုံကြိုက်တရား ဖြစ်နိုင်သည် ရှိစေတော့"

"သင်မင်းကြီး စောလူမင်းကို ခိုး၍ကယ်စဉ် စောလူမင်းက ကျန်စစ်သား ငါ့ကို ခိုးသည်။ ကျန်စစ်သား ငါ့ကိုခိုးသည်ဆိုကာ အော်မြည်သဖြင့် စောလူမင်းကို ချန်ကာ ထွက်ပြေးခဲ့ရာ မင်းချင်းများလိုက်၍ ညောင်ဦးကမ်းပါး၌ သင့်အား မိလုမိစဉ် လှေငယ်တစ်စင်းဖြင့် အဘိုးအို တစ်ယောက် သင့်အား တစ်ဘက်ကမ်းသို့ ပို့ဆောင်ခဲ့သည်ကို ပြန်လည်မှတ်မိစေပါလော့"

ကျန်စစ်မင်းကြီးလည်း ခပ်မဆိတ်နားထောင်ရာမှ ဦးခေါင်းကိုညွတ်ဘိ၏။

ကျွန်တော် တမျှော်တခေါ်တွေးတောနေရာမှ ငှက်ခတ်သံ ကြားလာပါသည်။ငှက်မှာ စစ်ကိုင်းဘက်မှ ခတ်လာခြင်းဖြစ်ပြီး တံတားကြီးအောက်နား တိုင်ကြီးများအနားက ခတ်လာခြင်း ဖြစ်ပါသည်။ကျွန်တော့်မှာ အတိုင်းမသိ ဝမ်းသာသွားပြီး ငှက်ဆီလှမ်းကြည့်ရာ ငှက်ပေါ်တွင် လူတစ်ယောက်ပါပြီး ဆေးလိပ်မီးတဖွားဖွားနှင့် လိုက်ပါလာသည်ကို တွေ့မြင်ရပါသည်။ ကျွန်တော့်မှာ မည်မျှ အေးချမ်းခိုက်ခိုက်တုန် ဖြစ်သနည်းဟူမူ ထိုဆေးလိပ်မီးများဖြင့်ပင် ခြေထောက်အား ထိစေချင်ပါသည်။ တဖြည်းဖြည်းနှင့်ငှက်ကို သည်းသည်းကွဲကွဲ ကောင်းစွာမြင်ရသောအခါ-

"ဗျို့ငှက်ဆရာကြီး ငှက်ဆရာကြီး"

"သောင်ပေါ်က လူသံကြားတယ်"

ငှက်ခတ်သူကဆိုခါ ငှက်ပေါ်က လိုက်လာသူက

"လူမဟုတ်ဘူးကွ သရဲ သရဲ ညနေကမှ ရေနစ်သေတာလေ"

"ကျွန်တော် သရဲမဟုတ်ပါဘူး။လူအစစ်ပါဗျ။ရေနစ်တာတော့ မှန်တယ် မသေပါဘူး"

"ဟေ ဟုတ်လား တကယ်လား"

"ဟော့ကောင် မသွားနဲ့ မသွားနဲ့ သရဲများ ပရိယာယ်များတာ လူ့အတိုင်းပဲကွာ"

"အို ဒုက္ခပါပဲ လူအစစ်ပါဆိုနေမှ"

"ဟော့ ဒီနေရာကလည်း ကြမ်းလည်း ကြမ်းတယ်ကွ"

"သရဲမှ သရဲအစစ်နေမှာကွ"

ငှက်သမားက မကြောက်တတ်ပါ။ငှက်ပေါ်ကလူက ကြောက်တတ်ပါသည်။ထို့ကြောင့် ငှက်ကို ကျွန်တော့်ဆီမကပ်ရန် ဇွတ်ပြောနေခြင်း ဖြစ်ပါသည်။

"ကဲကဲ လူအစစ်လို့မယုံရင် ခင်ဗျားဆေးလိပ်မီးနဲ့ ထိုးကြည့်ဗျာ"

ငှက်သမားက ကျွန်တော်ထံ ကပ်ပြီးလာတာတောင် ငှက်ပေါ်ကလူက ကြောက်၍ ခပ်ရွံ့ရွံ့ပြနေသည်ကို တွေ့ရပါသည်။ကျွန်တော်က ငှက်ပေါ် ခုန်တက်လိုက်ပါသည်။ထို့နောက်

"ကျွန်တော်ကို အလှူအိမ်ပို့ပေးပါ"

ကျွန်တော် အလှူမဏ္ဍပ်သို့ ရောက်သွားတော့ အားလုံးက အလွန်အမင်း အံ့သြကုန်ကြပါသည်။ဘဘကမူ-

ကျွန်တော့်အား ဖက်ပြီး

"ငါ့သား မသေဘူးနော်၊ လူလေး မသေဘူးနော်"ဟု ငိုမလို ရယ်မလို သနားစရာ မျက်နှာကြီးဖြင့်ကြည့်နေပြီး ဘေးကကြည့်သူများ မေးမြန်းသူများဖြင့် စည်ကားနေပါသည်။ ကျွန်တော့်အား ဆရာဝန်လာရောက်ကြည့်ရှုကာ ဆေးများကို ထိုးပေးခြင်း၊ သောက်ဆေးများ

သောက်စေခြင်းခြင်း ပရုတ်ဆီများဖြင့် လိမ်းကျံပေးပြီး နွေးထွေးစွာ ဆိုင်းဝိုင်းနဲ့ ကြေးဝိုင်းကြားမှာ အနားယူလှဲ၍ ဘဘ ဆိုင်းတီးတာ နားထောင်နေရပါသည်။မောင်ရွှေက ကြေးနောင်တက် တီးပြီး မောင်းဆိုင်းကို ခေါက်ထားလိုက်ပါသည်။အလှူ့ဒါယကာ၊ အလှူ့အစ်မများက ကျွန်တော်မသေ၍ ပြန်ရောက်လာခြင်းက အလှူက ဧည့်ခံဆိုင်းတီးနိုင်ခြင်းတို့ကြောင့် ပျော်မဆုံးကြပါ။

အလှူပွဲများ တစ်ပွဲပြီးတစ်ပွဲ ဆက်တီးလာရာ လင်းကွင်းကြီးက ခဏခဏ ကွဲပါသည်။ လင်းကွင်းကြီးကွဲခြင်းမှာ အကြောင်း ၂ မျိုးရှိပါသည်။တစ်ခုက တီးသူ၏ လက်ကျမကောင်း၍ ကွဲခြင်း၊ နောက်တစ်မျိုးက မူလကပင် ကြေးခဲအစပ် ပြုလုပ်ခဲ့စဉ်က ညံ့ဖျင်း၍ကွဲခြင်းတို့ ဖြစ်တတ်ပါသည်။ဘဘက လင်းကွင်းကြီး ခဏခဏ ကွဲရမလားဆိုပြီး လင်ကွင်းတီး ကိုစိန်ဦးကို ဆိုပါသည်။ လင်းကွင်းကွဲလျှင် အသစ်တစ်စုံကို ဆိုင်းထောင်ဆရာ ဦးလှစိန်က ဝယ်ပေးရပါသည်။နှဲဆရာ ဦးလေးမှန် (ဇေယျာမှန်) မှာ ခပ်နောက်နောက် ပျော်ပျော်နေတတ်သူ ဖြစ်ပါသည်။ တစ်ရက်တွင် အလှူတစ်လှူ၌ စောစောပိုင်း ဆိုင်းမတီးသေးခင် ပတ်မချီ အချိန်လောက်တွင် အားလုံးရှေ့ ဘဘက ကိုတင်မောင်အား ပတ်မချီ တီးခိုင်းပြီး သူကိုယ်တိုင် လင်းကွင်းတီးပြပါသည်။ဘဘသည် ဦးဟံပဆိုသည့်အတိုင်း လင်းကွင်းကို ဟန်နှင့်ပန်နှင့်တီးပြီး လင်းကွင်းတီးရာတွင် ပတ်မလိုမ့် နေရာများ၌ သူ့ခေါင်းကို ဘယ်ညာရမ်း၍ ယိမ်း၍ ရှေ့ထိုးနောက်ငင်လုပ်၍ လင်းကွင်းကို စောင်းထိုး၍ မြှောက်၍ ကြွ၍ ဘယ်တစ်ခြမ်း ညာတစ်ခြမ်း အဖျားခပ်ကလေးများဖြင့် အမျိုးမျိုး ကစားပြီး တီးပါသည်။နောက်ဆုံး ပတ်မချီအပြီး "ဗေထိ ပ ပေပေ့"ဆိုသောအချတွင် အံကျရုပ်လိုက်ပြီး လင်းကွင်းနှစ်ဘက်ကို ကော်ဇောပေါ်သို့ မှောက်၍ အသာချလိုက်ရင်းက-

"ကဲ စိန်ဦး ဒီလိုတီးစမ်း၊ တို့များငယ်ငယ်တုန်းက လင်းကွင်းတီးတာနဲ့ ဘန်ကောက် လုံချည် ဝတ်ခဲ့ရတယ်။ဆိုင်းထောင်ဆရာက ဆုချတာ ဒီတိုင်းတီးစမ်း မင်းလင်းကွင်း ဆယ်နှစ် တီးတောင် မကွဲဘူး"ဟု ပြောရာ ကိုစိန်ဦးခမျာ မျက်နှာလေး မသာမယာဖြင့် ခေါင်းငုံ့နေပါသည်။ ထိုအချိန်တွင် နှဲဆရာ ဦးလေးမှန်က-

"ခက်တယ် စိန်ဦးရာ၊ မင်းတို့ပြောရတာ ဆရာလိုပုဂ္ဂိုလ်က ရှိမှမရှိဘဲ။ ပြတုန်း သင်တုန်းတော့ သေသေချာချာနားထောင်မှပေါ့။ခုဆရာ လင်းကွင်းတီးပြသွားတာ ဘယ်လောက် ကောင်းသလဲ လှလိုက်တာ။လူဟန်ရော ဘာရော ဆရာပြောတဲ့အတိုင်းသာ တီး၊ ဒီလင်းကွင်း ဆယ်နှစ်တီးတောင် မကွဲဘူးဆိုတာ ဟုတ်တယ်။အဲ. . တစ်ခုတော့ရှိတယ်၊ လင်းကွင်းက မြည်လည်း မမြည်ဘူး"ဟု ပြောလိုက်ရာ ဆိုင်းသမားများ ဝါးခနဲ ပွဲကျသွားပါသည်။ဘဘက ချက်ချင်း ဝါးလက်ခုပ်ဖြင့် ဦးလေးမှန်အားရိုက်ရန် ရွယ်လိုက်ရင်း-

"ဟယ် ဒီကမြင်းမသား မောင်မှန်"

ဟုဆိုပြီး ထလိုက်ရာ ဦးလေးမှန်က ဆိုင်းကို ပတ်ပြေးရာ ဘဘက လိုက်၊ ဦးလေးမှန်က ဆိုင်းကိုပတ်ပြေး၊ ဘဘကလိုက် ဦးလေးမှန်က ရှေ့ကပြေး၊ ဘဘက နောက်ကလိုက်။ ကိုတင်မောင်က ပတ်မကြီးကို ဗေထိ ဗေထိနဲ့ ဗိန်းမောင်းတိုက်ပေးရာ အားလုံးတသောသော ရယ်နေရပါသည်။

ဘဘ ဦးဟံပ၏ခယ်မ မအေးမြင့် (မယ်ဒဂုဏ်မြင့်) နှင့် ဆိုင်းထောင် ဆရာဦးလှစိန်သား ကိုတင်မောင်တို့ အကြောင်းပါပြီးနောက် ကိုတင်မောင်က ကျွန်တော်အား ယိုးဒယားထဲတွင် ဆရာအေဝမ်းဆရာညာရေးသော ချစ်တုန်းခင်တုန်း သီချင်းကို တီးခိုင်းပါသည်။ကျွန်တော်က လည်း လူငယ်သဘာဝ အချစ်သီချင်းလေးများ တီးရသည်မှာ အလွန်အရသာရှိလှပါသည်။

"မြတ်နိုးသူရယ်၊ ချစ်မိုးစွေခဲ့တယ်၊ ဘုံကြိုးပြတ်တဲ့ ဒေဝီနတ်မျိုးနွယ်" ဤသီချင်းကို မြင်းတက်ယိုးဒယားထဲတွင် နှစ်ပေါက်သံကျဖြင့် ပွဲတိုင်းထည့်တီးပါသည်။သို့သော် "ချစ်တုန်း ခင်တုန်း" သီချင်းကို ကျွန်တော် မတီးချင်ပါ။ဤသီချင်းက အလွန်လမိုင်းစီးသည် ထင်ပါသည်။ ဤသီချင်းမှာ ဇာတ်ဝင်သီချင်းဖြစ်ပြီး (ရွှေမန်းတင်မောင်) မြန်မာမင်းသားလေးနှင့် နော်မွန် ကရင်မလေး (မှန်နန်းတင်) တို့ အချစ်အလွမ်းခန်းတွင် ဆရာက ရေးခဲ့ခြင်းဖြစ်၍ သီဆိုတီးမှုတ်သူတိုင်းလည်း အသည်းကွဲဇာတ်လမ်းလေးများ ဖြစ်တတ်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ဖြစ်ခဲ့ဖူး၍ မတီးချင်သော်လည်း ကိုတင်မောင်က နားပူ၍ တီးရပါသည်။ထိုသီချင်းတွင် ပတ်မချောင်က ကိုတင်မောင်က လိုက်ဆိုရင်း စခွန့်တီးပါသည်။များမကြာမီ ကိုတင်မောင်မှာ နဂိုက အပျော်အပါးလိုက်စားလွန်းအားကြီးခဲ့၍ ဆေးရုံပေါ်တက် ဗိုက်ခွဲ အူဆက်ခဲ့ရသော်လည်း ချုပ်ရိုးများပြန်ပြေကာ ဆက်ထားသောအူက ပြန်လည်ယိုယွင်းပြီး သူ့ခမျာ လူ့ဘဝကို တစ်ခါတည်း စွန့်လွှတ်ခဲ့ရရှာပါသည်။ချစ်တုန်းခင်တုန်းသီချင်းစာသားမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"ချစ်တုန်းခင်တုန်း တပြုံးပြုံးရယ် နော်မွန်လေးရယ် ခွဲရတော့မယ် မောင့်အသည်း ဆိုင်ဝယ် ဆွဲကိုင်လှုပ်သိပုံနှယ် နှစ်ဦးဆုံကာ အချစ်ပလူးစမို့ မခွာ ရက်နိုင်ဘူး နှမပျိုရယ်။သို့သော်လည်း ကိုယ့်ဒူးကိုယ်ချွန်ရတော့မယ်။ သတ္တိစွမ်းအားရှိဖို့လိုတယ်။ လူဆိုတာ ပျော်ရာမနေရ၊ တော်ရာနေရာသွားမှသာ ကြီးပွားနိုင်မယ်။ချစ်သူလေးရယ် မပူရစ်နဲ့ ခွင့်လွှတ်ပါမောင့်ကို တကယ်။နောင်တစ်နေ့ကြုံရင်ကွယ် သတ္တိရှင်ရဲ့ ဇနီးလေး ဖြစ်ရမယ်"

ကိုတင်မောင် ကွယ်လွန်ပြီးနောက် ချစ်တုန်းခင်တုန်းသီချင်းတီးခိုင်းတဲ့ လူ မရှိတော့ပါ။ ကိုတင်မောင်နေရာတွင် စည်းတီး ဘကြီးအေးက ပြောင်းပြီး ပတ်မတီးပါသည်။စည်းကို ဆိုင်းထောင် ဦးလှစိန်က တီးပါသည်။ဦးလှစိန်မှာ ရှေးဆိုင်းဆရာဖြစ်၍ တစ်စုံတစ်ခု ထူးချွန်မကောင်းသော်လည်း တစ်ဆိုင်းလုံးက တူရိယာများကို ကောင်းကောင်းတီးတတ်ပါသည်။ဘဘ၏ ဆိုင်းသံမှာ ဆယ့်ခြောက်မူး ဖြစ်ပါသည်။ အသံတိုင်းတာခြင်းမှာ ကမ္ဘာသုံး သံမှန်စီသည် မြန်မာနဲ့လေး ဆယ့်တစ်လက်မနှင့်ညီမျှ၍ မြန်မာသဘင်သည်များက စီကို ဆယ့်တစ်ဟု ခေါ်ကြပါသည်။ ဆယ်ခြောက်မူးမှာ ဆယ့်တစ်ထက် အသံမြင့်ပါသည်။စီသံကို အများအားဖြင့် အသံမရသော မင်းသားများ ဇာတ်များနှင့် နိုင်ငံခြား တူရိယာတီးဝိုင်းများကသာ သုံးကြပါသည်။ မန္တလေးတွင် ရွာစာကြီး စိန်ဗေဒါ ကွယ်လွန်ပြီးနောက် အလွမ်းပြေ သားတပည့် စိန်ကျော်တင့်ကို ပရိသတ်က အလွန်အားပေးပါသည်။ဘဘ ဦးဟံပရောက်လာသောအခါ အချို့ရွာစားကြီး စိန်ဗေဒါ အစွဲကြီးသူများက မကြိုက်ကြပါ။ ဤအချက်ကို ဘဘက ကောင်းကောင်း သဘောပေါက်ပါသည်။ထို့ကြောင့် ဆိုင်းတီးရာတွင် ကျွန်တော့်အစ်ကိုကြီးဟု ဆိုင်းဝိုင်းထဲမှ ဦးခေါင်းတွင် လက်အုပ်ချီပြီး ပြောလေ့ရှိပါသည်။ထိုမျှမကသေး ရွာစားကြီး စိန်ဗေဒါနှင့်ပတ်သက်၍ ဤသို့ ရေးစပ်တီးပါသေးသည်။

"ရတနာပုံကို ရောက်လို့လာ ကြည်နူးဖွယ်ရာ စိန်ဗေဒါမှန်းလို့သာ တကယ်လွမ်းတာ၂။ ဘယ်ဆီကို ရော်ကာမှန်းလို့သာ စိန်ဗေဒါ အစ်ကိုကြီးကို လွမ်းရတာ။ရတနာပုံကို ရောက်လို့လာ ကြည်နူးဖွယ်ရာ စိန်ဗေဒါမှန်းလို့သာ တကယ်လွမ်းတာ"

ထို့နောက် မြမန်းဂီရိအလိုက်

"နေမျိုးဆိုတဲ့ ဗလကျော်သူ သွားလေသူ ထင်ယောင်မြင်ယောင်မှား ညီဟန်မှာ မေ့နိုင်ပါဘူးဗျာ။အမျှဝေကော ဝန္ဒနာစိတ်မှာထား တာဝတိံသာ နတ်တို့ပြည်ရွာ စောင်းညှင်းပတ်သာ တီးလို့ပျော်မှာ ဂန္ဓမ္ဗဆိုတာ နတ်မျိုးဖြစ်မယ်ထင်တော့တာ။"

ရွာစားကြီး စိန်ဗေဒါကြိုက်သော ပရိသတ်ကို ဤသီချင်းတီးလုံးဖြင့် အူအသည်းများ ဆွဲနုတ်လိုက်နိုင်ပါသည်။အချို့အဘွားကြီးများက ဤသီချင်းတီးသောအခါ စိန်ဗေဒါကြီးလွမ်းလို့ ဦးဟံပလည်း သနားလို့ဆိုပြီး မျက်ရည်ကျပါသည်။ဘဘက အဘစိန်ဗေဒါတက်ပေးသော သီချင်း တီးကွက်များ ပြင်ပေးပါသည်။ စောစောပိုင်းက အားနာ၍ လက်ခံခဲ့သော်လည်း နောက်ပိုင်းတွင် "ဘဘက အဘဟာ ပြင်မပေးပါနဲ့ သတ်သတ်တက်ပေးပါ"ဟု ပြောရပါသည်။အလှူတစ်လှူတွင် ရွာစားကြီး စိန်ဗေဒါတီးသော မင်္ဂလာပြောညွှန့်တီးပေးပါဟု လာခိုင်းပါသည်။ ဘဘက မသိကျိုးကျွံပြု၍ မတီးပါ။ခိုင်းသူကလည်း သုံးလေးခါ ထပ်ခိုင်းလာပါသည်။ ထိုအခါတွင် ဘဘက "ခင်ဗျားတို့ ပတ်တီးသက်သာတဲ့တီးလုံး တယ်နားထောင်ချင်ကြတာ တီးပြတာပေါ့"ဟု ဆိုပြီး မင်္ဂလာပြောညွှန့် ကောက်တီးပါသည်။ ထိုကိစ္စအတွက် ကျွန်တော် ဘဘကို စိတ်ဆိုးပါသည်။ ပရိသတ်က ဘဘများ မင်္ဂလာပြောညွှန့်တီးလိုက်ရင် အဘစိန်ဗေဒါနဲ့ အလွန်တူပြီး နားထောင် ကောင်းလိမ့်မယ်ထင်ပြီး လေးလေးစားစားခိုင်းကြခြင်း ဖြစ်ပါသည်။ဘဘက ပတ်တီးသက်သာတဲ့ တီးလုံးဟု အကြေးလှန် မပြောသင့်ဟု ထင်ပါသည်။ထိုပွဲပြီးသောအခါ ဘဘကို ကျွန်တော်က-

"ဘဘ ကျွန်တော် ဒီလကုန်ရင် ဘဘထဲ မလိုက်တော့ဘူး"ဟု ပြောလိုက်ပါသည်။ ဘဘက အမျိုးမျိုး ကျွန်တော့်ကို ချော့ပါသည်။မင်္ဂလာပြောညွှန့်ကိစ္စကို ကျွန်တော် မပြောပါ။ သို့သော် ဤကိစ္စကြောင့် စိတ်ဆိုးသည်ကို ဘဘက သိပါသည်။ထိုနေ့က ဆိုင်းပွဲ မြစ်ငယ် ဥယျာဉ်တော်သို့ ကူးသွားရပါသည်။မြစ်ငယ် ဥယျာဉ်တော်အလှူတွင် ပရိသတ်က အလွန်စည်ပါ သည်။ကျွန်တော် ယိုးဒယားတီးပြီး မမျှော်လင့်သော မိုးက သွန်းချရွာလိုက်ပါသည်။ဆိုင်းပစ္စည်းများ ကို အနီးရှိ ဓမ္မာရုံကြီးထဲသို့ ပြောင်းရွှေ့ကြရပါသည်။ဆိုင်းပွဲပျက်သွားမည် ထင်ပါသည်။ သို့သော် မိုးက တာမရှည်ဘဲ မိနစ် ၂၀ လောက်ရွာပြီး တိတ်သွားသဖြင့် ဆိုင်းနားထောင်ချင်သူများက ဓမ္မာရုံပေါ်တွင် ပြည့်ကျပ်စောင့်နေကြပါသည်။သို့သော် စောစောကပရိသတ်နဲ့ မတူတော့ပါ။ စောစောတုန်းက ကလေးငိုသံ၊ ပူစီဖောင်းသည်၊ ရေခဲပလုတ်တုတ် ဂလိုင်၊ မြေပဲဆားလှော်၊ ကွမ်းယာ၊ ဆေးလိပ်အော်သံများ မရှိတော့သဖြင့် ငြိမ်သက်နေပါသည်။ဘဘက ငါးပေါက်ပတ်စာ ပြောင်းတပ်လိုက်ပါသည်။ အသံခဲ့စက် ထိုအချိန်က မသုံးသေးပါ။သို့သော် ပရိသတ်က ငြိမ်သက်နေခြင်း၊ ဓမ္မာရုံအမိုးက သွပ်ပြားများဖြစ်ခြင်း၊ မိုးရွာလိုက်ခြင်းကြောင့် မြေများ ပိုမို သိပ်သည်းသွားခြင်း စသည်တို့ကြောင့် ပတ်လုံးသံလေးများကအလွန်ကောင်းလာသည်။ ဘဘက ဆိုင်းစလျှင်စချင်း "တောနှင့်တောင်စွယ်"ဟု သုံးပေါက်ဖျားလေးတစ်စုံကို ရိုက်၍စကာ ဘယ်လက်က နောက်တေးလက်ခေါ် ခုနစ်သံတွင်လည်းကောင်း၊ ညာလက်က ခြောက်ပေါက်ဖျား ခုနစ်ပေါက်များသို့လည်းကောင်း ငါးပေါက်စုံနှင့် ဒရန့်အသေးအပြွက်ကလေးနဲ့ ရိုက်နှက်ပြီး "တောင်စွယ်"နေရာတွင် ဖုံးကြီးများ ဘက်စုံရုန်း၍ ညာသို့လိမ့်ဆင်းလိုက်သည်မှာ ကြောက်ခမန်း လိလိ အလွန်လက်ဝင် လက်နိုင်မှ တီးနိုင်မည့်လက်ကွက် ဖြစ်ပါသည်။"ငှက်ကယ် လူလို" သုံးပေါက် စုံပြန်၊ ငါးပေါက်စုံပြန်၊ လေးပေါက်စုံပြန်၊ သုံးပေါက်စုံပြန်များဖြင့် ရိုက်နှက်၍ တီးရာ ပရိသတ်များက လက်ခုပ်တဖြောင်းဖြောင်း ဩဘာပေးကြပါသည်။ဘဘက တီးလုံးတစ်ပုဒ်ဆုံး လျှင် ခေတ္တရပ်လိုက်ပြီး ပရိသတ်ကို-

"ကျုပ် ခင်ဗျားတို့ တီးပြတာမဟုတ်ဘူး။ကျုပ်သားကို တီးပြတာ။သူက ဒီလကုန်ရင် ထွက်တော့မယ်ဆိုလို့ ကြားဖူးအောင် တီးပြတာ။ခင်ဗျားတို့က ကံကောင်းလို့ နားထောင်ရတာ"ဟု ခပ်ပြတ်ပြတ်ကြီး ပြောချလိုက်ပါသည်။

ကျွန်တော်ရော၊ ပရိသတ်ရောပါ အားလုံးအံ့အားသင့်နေကြပါသည်။တောနှင့် တောင်စွယ်ကို ဘဘက တစ်ပိုဒ်စီ တစ်ပိုဒ်စီ ကိုယ်တိုင်သီဆို၍ တီးခြင်းဖြစ်ပြီး ပတ်လုံးသံများမှာ ပရိသတ်ငြိမ်ခြင်း၊ သွပ်မိုးအရှိန်ကြောင့် အလွန်မြည်ပြီး အလွန်ပြောင်မြောက်ကောင်းမွန်လှပါသည်။ကျွန်တော့်တစ်သက်နှင့်တစ်ကိုယ် ဤမျှလောက်ကောင်းသော တောနှင့်တောင်စွယ်ကို မည်သူတီးတာမှ မကြားဘူးပါ။ ဤတစ်ကြိမ်သာ ကြားရပါသည်။ဆိုင်းတီးနည်းဖြစ်၍ အထူးသဖြင့် စည်းချိန်၊ နရီချိန်များ နိုင်နင်းလှပြီး ထိပ်ဝင်၊ ဇောင်းဝင်၊ အမြက်တိုက်၊ အရော်၊ အဟ၊ လက်ပူး၊ အလူး၊ အလိမ့်၊ အငုပ်၊ အပေါ်များဖြင့် တီးသွားသည်ကို ကက်ဆက်ဖြင့် အသံဖမ်းယူထားနိုင်က အလွန်ပင်ကောင်းမည်ဖြစ်သော်လည်း ယခု ဤစာရေးသောအချိန် ၁၉၈၈ ခုကဲ့သို့ ကက်ဆက်များ တွင်တွင်ကျယ်ကျယ် မရှိသေးဘဲ ထိုအချိန်က ၁၉၅၀ ခုလောက်ကဖြစ်သဖြင့် ယခုကဲ့သို့ ကက်ဆက်များ မသုံးစွဲကြသေးပါ။ဘဘက ထိုပွဲအပြီးတွင် ကျွန်တော့်အား "ဘယ့်နှယ်လဲ လူလေး၊ တောနှင့်တောင်စွယ် ကောင်းရဲ့လား"ဟု မေးပါသည်။ထိုအခါ ကျွန်တော်က "အရင်တော့ ဘဘ ဆိုင်းထဲ မလိုက်တော့ဘူးလို့နေတာ ခုတော့ ဆိုင်းတောင် တီးမစားတော့ဘူး"ဟု ပြောလိုက်ရာ "ဟင်ဘာပြုလို့တုန်း" "အို. . ဘဘကလည်း ဒါလောက်ကောင်းတာ သိရပြီး ကျွန်တော်တီးလည်း ဒီလောက်ကောင်းနိုင်မှာမှ မဟုတ်တာ တီးစားနေလည်းအပိုပဲ" "ဟေ့ မင်းက ငါ့ကို ချီးမွမ်းမနေနဲ့ ငါက ကျင်းနှုတ်ခမ်းနား ရောက်နေပြီ။အခု မင်းက မင်းအသက်ရွယ်ကလေးနဲ့ ငါလောက်နီးနီး ကောင်းနေတာလည်း ကြည့်ဦးမှပေါ့" ဟု ပြောပါသည်။

ဘဘက ကျွန်တော့်အား စိတ်ကျေနပ်စေရန် နှစ်သိမ့်ပြောခြင်းကို သိပါသည်။ထို့ထက် ကျွန်တော်က ဆိုင်းထဲတွင် ပတ်တီးလက်ထောက်တာဝန် ယူနေရသောကြောင့် စိတ်ချရသော လူစားမရသေးဘဲ ကျွန်တော်ထွက်သွားလျှင် မသင့်တော်သေးဟု ထင်မြင်မိပါသည်။တစ်ခါတစ်ရံ ဆိုင်းပွဲတီးရာများတွင် ဘဘက ပညာမာန်အလွန်ကြီးသည်ကို တွေ့ရပါသည်။နှဲဆရာ ဦးလေးမှန် မှာ တီးလုံးတိုက်ရာတွင် ဉာဏ်လေးသော်လည်း တီးလုံးများ ရသွားပါက အလွန်ကောင်းသည့်နှဲ ဖြစ်ပါသည်။ဦးလေးမှန်၏ နှဲသံမှာ ဆိုင်းကို အလွန်အရှိန်ရစေပြီး မဏ္ဍပ်ထဲတွင် နှဲ စ စမ်းလိုက်သည်နှင့် ပရိသတ်များက ခေါင်းထောင်၍ မော့ကြည့်ရသည့်နှဲမျိုး ဖြစ်ပါသည်။ ဦးလေးမှန်က တစ်ခါတစ်ရံ နံနက်ခင်းများတွင် သံလတ်မှုတ်ဟု ခုနစ်သံကို သံမှန်ထား၍ ကြိုးရေကင်းများကို နိုင်နင်းစွာ မှုတ်ပြတတ်ပါသည်။ဦးလေးမှန်၏ နှဲသံမှာ အလွန်မြည်ပြီး နှဲလေးခြေရော၊ နှဲကြီးခြေပါ ကြေးကို ပြုလုပ်ထားသည့် ကြေးခြေများ ဖြစ်ပါသည်။

ဘဘက တစ်ခါတစ်ရံ ဦးလေးမှန်အား "ဟေ့၊ မောင်မှန် မင်း. . တန်အောင် မှုတ်ပါကွ" ဟု အပေါ်စီးက ပြောတတ်သည်ကို ကျွန်တော်က သိပ်သဘောမကျပါ။ ထို့ကြောင့် "အဘရယ် ဦးလေးမှန်ကို အဲလိုမပြောပါနဲ့"ဟု ပြောမိပါသည်။တစ်ခါက အလှူတစ်ခုတွင် ဘဘတီးနေ သည်ကို ပရိသတ်များက အလွန်သဘောကျပါသည်။ ဘဘက ပန်းမြိုင်လယ်ကို ဆိုတီးတီးပြရာ ပရိသတ်များက အလွန်သဘောကျကြပါသည်။ ဘဘက နောက်ထိုင် ကိုညိုစိမ့်အား သူ့မျက်နှာ အဝတ်စည်းပေးရန်ပြောရာ ကိုညိုစိမ့်က ဘဘမျက်နှာကို ဗန်းမော်တဘက်ကြီးဖြင့် စည်းပေးလိုက် ပါသည်။ ဘဘက "ဟေ့ ညိုစိမ့် ခု ငါဘာမှ မမြင်ရတော့ဘူး။ဒါပေမဲ့ ပန်းမြိုင်လယ်တီးပြမယ်

သေချာနားထောင်”ဟုဆိုကာ ပန်းမြိုင်လယ် ပထမပိုဒ်ကို ဆိုပါသည်။ထို့နောက် အတီးပိုဒ်တွင် ပတ်ဖျားလေးများအား ငယ်သံပါအောင်ရိုက်၍ ပန်းမြိုင်လယ်ကို စတီးလိုက်ပါသည်။ရိဝေဖြာဖြာ လွှမ်းဖွယ်စေအပြီး အတောတွင် ပတ်လုံးများကို ပတ်ရင်းမှပတ်ဖျားအထိ ရိုက်နှက်လိမ့်ဆင်း၍ အဆုံးသတ်လိုက်ပါသည်။ထို့နောက် မျက်နှာသုပ်ပဝါကို ဖြေလိုက်ရာ ပရိသတ်ကြီးက ဩဘာ လက်ခုပ်သံများ တဖြောင်းဖြောင်းဖြင့် “ဦးဟံပကွ ဦးဟံပကွ” ပရိသတ်ထဲက အော်သူပင် ရှိပါသည်။သူတို့ ပွဲကျသွားသည်ကို ဘဘက ကောင်းကောင်းမနေပါ။ဘဘတို့လို လူကြီးများကို ဝေဖန်ရတာ ပြောရတာ ရေးပြရတာ ငရဲကြီးမလားတော့ မသိပါ။ထိုစဉ် လက်ခုပ်သံများ တဖြောင်းဖြောင်း ပွဲကျပြီးနောက် ဘဘက ဦးလေးမှန်ဘက်သို့လှည့်၍ “ဟေ့မောင်မှန် ခုငါတီးတာ ပွဲကျသွားပြီး မင်း ငါလိုပွဲကျအောင် လုပ်နိုင်ရဲ့လား၊ နှဲကြီးဆရာနဲ့တန်အောင် လုပ်ပြနိုင်ရင် လုပ်ပြစမ်း”ဟု ပြောပါသည်။

ဘဘ ဤသို့ပြောလိုက်သည်ကို ကျွန်တော်သာမက ဆိုင်းအဖွဲ့သားများကလည်း သိပ်သဘောမကျပါ။နှဲဆရာ ဦးလေးမှန်က နှဲလေးကိုကိုင်ပြီး မတ်တတ်ထရပ်လိုက်ပါသည်။ ထို့နောက် “ကိုညိုစိမ့်ရေ”ဟု လှမ်းခေါ်လိုက်ရာ “အမိန့်ရှိပါ ဇေယျာမှန် ခင်ဗျာ” “အေး ဦးဟံပကြီးဆိုတာ ခုချိန်မှာဖြင့် မြန်မာပြည်မှာ ဆိုင်းပညာအရာ အကြီးမားဆုံးပုဂ္ဂိုလ်ပေပဲဗျ” “ဟုတ်ကဲ့ ခင်ဗျာ” “ဆရာ့ဆိုင်းထဲမှာ တီးဖို့မှုတ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ဒါလည်း ပရိသတ်က သိပြီးသားပါ” အခု ဆရာတီးသွားတဲ့ ပန်းမြိုင်လယ် မျက်စိပဝါပိတ်ပြီး မမြင်ဘဲနဲ့ ပညာလက်နဲ့ တီးသွားတာ ဘယ်လောက်အံ့ဩစရာကောင်းသတုန်း” “ဟုတ်တာပေါ့ဗျာ” “အေး. . အခုတော့ ကျုပ်တာဝန်ကျလာပြီပေါ့ဗျာ” “ကိုညိုစိမ့်ရေ. . ” “ဇေယျာမှန်” “ခင်ဗျားလဲ ဆရာ စိန်ဗေဒါတပည့် ကျုပ်လဲ ဆရာစိန်ဗေဒါ တပည့်ပဲ။ဆရာက ကျုပ်ကိုမှာသွားတယ်။ ငါ့တပည့် ကိုယ်ရေးကြုံတဲ့အခါမှာထုတ်သုံးလို့ ပညာတစ်ခု ပြသွားတယ်။ဟော. . အခု ကိုယ်ရေး ကြုံလာပြီ”-

“ပန်းမြိုင်လယ် တီ တီ တယ်”

ပန်းမြိုင်လယ်ဆိုသည်မှာ ဦးလေးမှန် ပါးစပ်က ကိုယ်တိုင်ဆိုလိုက်သော အသံဖြစ်ပြီး တီး တီ တယ်မှာ လက်ထဲမှ နှဲကလေးကို ပန်းမြိုင်လယ်ဟု လိုက်၍မှုတ်ပြလိုက်ခြင်းဖြစ်ရာ အလွန်ကြည်သော၊ ပီသော၊ မြည်သောနှဲသံဖြစ်၍ ပရိသတ်များက ဝေါခနဲ ပွဲကျသွားပါသည်။ အမှတ်မထင် သီချင်းဆိုလိုက်ခြင်း၊ လျင်မြန်စွာ နှဲမှုတ်လိုက်ခြင်းကြောင့် ပရိသတ်များ ပွဲကျသည်ဟု ထင်မိပါသည်။ ထို့နောက် ဆက်ပြီး ဦးလေးမှန်က ပန်းမြိုင်လယ်ကို ကိုယ်တိုင်ဆိုပြီး နှဲလေးဖြင့် ပန်းမြိုင်လယ်ကို တစ်ပိုဒ်ခြင်း ပထမတစ်ခါတွင် ရိုးရိုးသံစဉ်ဖြင့်လည်းကောင်း၊ ဒုတိယတစ်ခါတွင် အတွဲ့အနွဲ့ အရှုအရှိုက် ချစ်စရာ အမူအနွဲ့ကလေးများဖြင့်လည်းကောင်း၊ တတိယတစ်ခါတွင် လက်ကွက်စိပ်စိပ် အလူးအလိမ့်ကလေးများဖြင့်လည်းကောင်း မှုတ်ပြရာ ပရိသတ်များက အလွန် သဘောကျပါသည်။ ထို့နောက် တစ်ခါ ပန်းမြိုင်လယ် “တီး တီ တယ်” ဒီတစ်ခါတော့ ပါးစပ်က ဆိုတာ ဟုတ်ပါသည်။ နှဲမှုတ်ပြရာတွင် နှဲလက်ပေါက်များကို လက်ချောင်းလေးများဖြင့် မပိတ်ဘဲ လက်မောင်းဖြင့် ကန့်လန့်ပိတ်မှုတ်ပြရာ ပရိသတ်များက တဝေါဝေါပွဲကျနေပါသည်။ ပန်းမြိုင်လယ်ကို ယခုအခါတွင် ပါးစပ်က ပန်းမြိုင်လယ်ဟူသော စားလုံးသုံးလုံးသာဆိုပြီး ဆက်မဆိုတော့ဘဲ နှဲလေးကို လက်မောင်းဖြင့် လက်ပေါက်များပိတ်၍ တစ်ပိုဒ်လုံးဆုံးအောင် မှုတ်ပြရာ ပရိသတ်များက ဩဘာလက်ခုပ်သံများ တဖြောင်းဖြောင်းနှင့် ချီးကျူးကြပါသည်။ထို့နောက် ဦးလေးမှန်က

ဆက်၍ ပန်းမြိုင်လယ်ဟု ပါးစပ်ကဆိုပြီး တီး တီ တယ်ဟု မှုတ်ပြလိုက်ပြန်ပါသည်။ဒီတစ်ခါတော့ နှဲလေးမပါတော့ဘဲ နှဲခင်လေးဖြင့်သာ လက်ခုပ်နှစ်ဘက်အုပ်၍ မှုတ်လိုက်သောအသံဖြစ်ပြီး ငှက်အော်သံလိုလို လူစကားပြောသံလိုလို ထွက်လာသောကြောင့် ပရိသတ်များလန့်ပြီး ပွဲကျသွားပါသည်။ပန်းမြိုင်လယ် တစ်ပိုဒ်လုံး နှဲခင်လေးကို လက်ခုပ်ဖြင့်အုပ်၍ မှုတ်ပြနေရာ ပရိသတ်ကြီးမှာ တဝေါဝေါနှင့် ဦးလေးမှန် ခေါင်းကလည်း စောင်းလိုက်ငဲ့လိုက် လှုပ်လှုပ်ရှားရှားနှင့် နောက်ဆုံးစာပိုဒ်ဖြစ်သော ရီဝေဖြာဖြာ လွမ်းဖွယ်စေအပြီး အတောနေရာတွင် "တီ တီ တီ တီတီတီ တီတီ တီတီ တတီတီ ဖူး"ဟု နှဲခင်လေးကို ပရိသတ်ထဲသို့ မှုတ်ထုတ်လိုက်ရာ ပရိသတ်ကြီးမှာ လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် မိုးသီးမိုးပေါက်များပမာ အားရပါးရတီးကြပြီး "ဇေယျာမှန်ကွ" "ဇေယျာမှန်ကွ"ဟု တဘက်မြှောက်၊ ပဝါမြှောက် ဝေ့ရမ်းအားပေးကြရင်းက အချို့ ဦးလေးမှန်အား ၅ ကျပ်၊ ၁၀ ကျပ် စသည်ဖြင့် ဆုငွေများ လာရောက်ချီးမြှင့်ရာ ခဏချင်းပင် ငွေ ၁၀၀ ကျပ် ရရှိပါသည်။

မန္တလေးမြို့ပေါ်တွင် ဘဘ၏ ဆိုင်းကြေးမှာ ၁၅၀ ကျပ် ဖြစ်ပါသည်။ ထို့ကြောင့် ငွေခွဲသောအခါ အစုဆိုင်းဖြစ်၍ ပုံမှန် ၁၀ ကျပ် ထွက်ပါသည်။ဘဘ သုံးစုခွဲရခြင်းကြောင့် ၃၅ ကျပ် ရပါသည်။ကျွန်တော်အစုနှင့်ပေါင်း ၄၅ ကျပ် ရပါသည်။ငွေက အဖိုးတန်ပါသည်။ ထိုအချိန်က ဆီတစ်ပိဿာ ၃ ကျပ်၊ ရွှေတစ်ကျပ်သား ၁၇၅ ကျပ် ဖြစ်ပါသည်။မြို့ပေါ်ပွဲများက ပုံမှန် ၁၀ ကျပ် အနည်းဆုံး ထွက်ပြီး နယ်ပွဲများက ၁၀ ကျပ် မကပါ။လကုန်ငွေခွဲလျှင် ကျွန်တော်ကပင် စာရင်းတွက်၍ ခွဲပေးရပါသည်။ကျွန်တော်ကား အလီမတွက်တတ်ပါ။အလီမသင်ခဲ့ရပါ။ ဘုန်းကြီးကျောင်းသားဖြစ်၍ ကိုးကြောင်းတွက်နည်းကိုတော့ တတ်ပါသည်။ သို့သော် အလီသမားများနဲ့ ယှဉ်တွက်က ကိုးကြောင်းက ပိုမြန်ပါသည်။ မှန်ပါသည်။

မန္တလေး တပို့တွဲ တပေါင်းကား အလှူလများ ဖြစ်ပါသည်။မည်သည့်ဆိုင်းပင်ဖြစ်စေ တီးကြရပါသည်။သံဃာကုန်ပင့်သည့်လများဖြစ်၍ တပို့တွဲ တပေါင်းမှာ ဆိုင်းသမားများ အားထားရဆုံး လဖြစ်ပါသည်။အစ်ကို၏ ကျေးဇူး၊ အစ်ကို စိန်ကျော်တင့်၏ကျေးဇူး၊ ဘဘတို့ကျေးဇူးများကြောင့် ကျွန်တော် ဆိုင်းဝိုင်းထဲမှာ အတော်လေး တီးနိုင်လာပါပြီ။အထူးသဖြင့် သီချင်းခန့်ကြီးများကို နံနက်ခင်းပိုင်းတွင် ဦးစားပေးတီးရခြင်းဖြစ်၍ ကျွန်တော့်လက်မှာ တစ်ခါတစ်ခါ ဂိုက်ကြီးဟန်ကြီးများနဲ့ ဖြစ်နေပါသည်။ပွဲများသော တပို့တွဲလဖြစ်၍ အထူးသဖြင့် ကျန်းမာရေးဂရုစိုက်၍ တီးနေရပါသည်။တစ်ယောက်ယောက်ဖျားနာက လူစားထိုးရတာ မလွယ်ပါ။လူရှာရ မလွယ်ပါ။ လူရှာရပြန်တော့ တီးလုံးတီးကွက်များ အံမကျ၍ တီးမကောင်းပါ။မန္တလေးမြောက်ဘက် ကပိုင်ရွာ၏ အနောက်ဘက် လှိုင်းပေါက်ဆိုသောရွာ အလှူတွင် ဘဘ ဆေးမှားသောက်မိသဖြင့် ကောင်းကောင်း မတီးနိုင်ပါ။ဆိုင်းတီးရင်း မျက်ခွံကြီးများ တွဲကျကာ နောက်ပိုင်း မျက်လုံးပေါ်သို့ ဖုံးအုပ်ကာ မတီးနိုင်တော့သဖြင့် ည ၁၀ နာရီကျော်လောက် ဆိုင်းသိမ်းလိုက်ရပြီး ဘဘကို ညတွင်းချင်း လှည်းဖြင့် မန္တလေးဆေးရုံကြီးသို့ ပို့လိုက်ရပါသည်။ဘဘ ဆေးရုံသို့ ကျွန်တော် မလိုက်နိုင်ပါ။နံနက်ဥ္ဆည့်ခံ ကျွန်တော်ပဲရှိ၍ လိုက်မဖြစ်ပါ။နံနက်ဧည့်ခံနဲ့ ဘိသိက်ကို ကျွန်တော်ပဲ တီးလိုက်ရပါသည်။ညပွဲကူးက စစ်ကိုင်းအနောက်ဘက် ဇီးချောင်းရွာမှာ ဖြစ်ပါသည်။ထိုရွာပွဲက အရေးကြီးပါသည်။

လှိုင်းပေါက်အလှူက မန္တလေးကိုလှည်းနှင့်ပို့ပြီး မန္တလေးက စစ်ကိုင်း ဇီးချောင်းကို ကားနဲ့ ကူးသွားရပါသည်။ဆိုင်းထောင်ဆရာ ဦးလှစိန်က ပရိသတ်ကျေနပ်စေရန် မင်းသမီး

ညိုညိုစိန်ကို ခေါ်လာပါသည်။အလှူရောက်တော့ ဘဘ ဦးဟံပကြီး လာမေးသူတွေကို စည်းတီးတဲ့ ဘကြီးအေးကို လက်ညှိုးထိုးပြလိုက်ရပါသည်။ဘကြီးအေးကား ဦးဟံပ ဖြစ်သွားပါပြီ။ဦးဟံပအစစ်ကား အရပ်ပြတ်ပြတ် ခေါင်းနောက်စေ့ကြီးကြီး၊ ပါးစပ်ကျယ်ကျယ်၊ ယခု ဦးဟံပကား ပိန်ပိန်ရှည်ရှည်၊ အသားမည်းမည်း၊ ပါးစပ်ပေါက်ကျဉ်းကျဉ်း ကားပေါ်က ဆင်းပြီးကတည်းက ဦးလေးစိန်က မင်းသမီးကို အခြားတစ်အိမ်သို့ ပို့ထားပါသည်။အနီးအဝေးရွာများက ဦးဟံပကြီး နားထောင်ချင်၍ လာကြသောပရိသတ်များက မဏ္ဍပ်မဆံ့ပါ။တကယ်တော့လည်း တစ်ဆိုင်းလုံးက စိုးရိမ်နေကြရပါသည်။ပရိသတ်နဲ့ ဆိုင်းနဲ့ တီးလို့ ဖြစ် မဖြစ်၊ လက်ခံ မခံ မန္တလေးဆေးရုံကြီး ပေါ်က ဘဘ အခြေအနေကိုလည်း အားလုံး စိတ်မောနေကြရ။ယိုးဒယားကို ထုံးစံအတိုင်း ကျွန်တော်က ကြေးဝိုင်းထဲကနေ တီးပါသည်။ ခါးတိုင်းထက် သွက်သွက်မြူးမြူး တီးလိုက်ပါသည်။ ဆိုင်းကို အရှိန်ရစေရန် ကြိုးစားခြင်းလည်း ဖြစ်ပါသည်။ယိုးဒယားတီးပြီး ဆိုင်းထဲ ပတ်စာကပ်ပါသည်။ဘဘကပ်သည့်အတိုင်း သံရိုးခြောက်ပေါက်ပဲ ကပ်ပြီး တီးလုံးများကို စိတ်ကူးနေရပါသည်။ ဘဘတီးသော ယခု လောကနယ်တစ်ခွင်မှာဆိုတာမျိုး ကျွန်တော် တီးလို့မရပါ။

ဘဘတီးတဲ့အတိုင်း ဗုဒ္ဓ ဓမ္မ သံဃ ပူဇဝန္ဒာကစ၍ တီးလိုက်ပါသည်။ တစ်ဆိုင်းလုံး တီးလုံးများက ခွင်ကျအံကျ တီးကောင်းပါသည်။မေတ္တာပို့ တီးလုံးများ၊ ခြောက်ပေါက် အထအကြွ တီးလုံးများ တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်ဆက်တီးလာပါသည်။များပြားလှသော မဏ္ဍပ်မဆံ့သည့် ပရိသတ်ကြီးက ငြိမ်ငြိမ်သက်သက် အားပေးကြပါသည်။အချို့က ဦးဟံပကြီး မတီးခင် သူ့သားလေး တီးတာဟု ပြောနေသံ ကြားရပါသည်။တီးလုံး လေးငါးပုဒ်ပြီးတော့မှ ဆိုင်းနောက်ထ ဦးညိုစိမ့်က ကြေညာရပါတော့သည်။"ပရိသတ်ကြီးခင်ဗျာ ဦးဟံပကြီး ဆေးရုံပေါ်မှာ တင်ထားခဲ့ရပါတယ်။ ဒါ့ကြောင့် သူ့သားတပည့်က တီးနေခြင်းဖြစ်ပါတယ်၊" နောက်ဆက်လက်ပြီး နောက်ထ ဦးညိုသောင်းက "ကျွန်တော်တို့ဟာ အလှူပွဲ အပျက်မခံနိုင်လို့ လာတီးရခြင်းပါ။ မနေ့က အလှူမှာ ဆရာကြီး ဦးဟံပ အင်္ဂလိပ်ဆေးနဲ့ မြန်မာဆေး ရောမှားသောက်မိလို့ အရေးပေါ် ဆေးရုံကြီးသို့ တင်ထားခဲ့ရပါတယ်။ပရိသတ်ကြီးမှာ ထိုအခါမှ အုန်း အုန်း အုန်းနှင့် စကားပြောသူပြော ဦးဟံပကြီး မပါတော့ဘူးတဲ့ဟေ့။ဦးဟံပကြီး မပါဘူးကွ။သူ့သားလေးပဲ တီးနေတာဟု အမျိုးမျိုး ဝေဖန်ပြောဆိုနေကြပါသည်။

ပရိသတ် ငြိမ်သွားတော့ ကျွန်တော်က တီးလုံးများ ဆက်တီးပါသည်။ အချို့တီးလုံးများမှာ ဘဘနဲ့မှ လိုက်ပါသည်။ကျွန်တော်နဲ့ မလိုက်ပါ။ဥပမာ ဆရာရေးသော လေဘာတီ တီးလုံးဆိုလျှင် ဘဘက ဆံပင်ဖြူသော်လည်း ပရိသတ် ကြိုက်ကြောင်းများ ရေးထားခြင်းဖြစ်ပါသည်။သို့သော် ဤသီချင်းတီးလုံးကို တီးခြင်းအားဖြင့် ပရိသတ်က ဒါ ဦးဟံပကြီးဆိုင်းအစစ်ကွဟု ကောင်းစွာ ယုံကြည်ကြပါတော့သည်။မင်းသမီး ညိုညိုစိန်ထွက်တော့ ၁၁ နာရီ မတ်တင်း လောက်ရှိပါပြီ။ ကိုညိုစိမ့်နဲ့ ကိုညိုသောင်းက ဆိုင်းရှေ့ မင်းသမီးနဲ့ တဝေါဝေါ ပွဲကျလျက်ပါ။

မန္တလေး လွတ်လပ်ရေးအောင်ပွဲတွင် ဘဘ ဆိုင်းတီးပါသည်။တောင်ကျုံးထောင့်အတွင်း မဏ္ဍပ်ကြီးထိုး၍ ဆိုင်းကို အရှေ့ဘက်က အနောက်ဘက်လှည့် ခင်းကျင်းထားပါသည်။ ထိုပွဲတွင် ဝန်ကြီးချုပ် ဦးနု လာပါသည်။ဝန်ကြီးချုပ်က ဆိုင်းရှေ့နားတွင် ဆက်တီကုလားထိုင်များဖြင့် ထိုင်ပါသည်။ဘဘက ဧည့်ခံဆိုင်း တီးပါသည်။မင်းစိုးရာဇာများ၏ပွဲမို့ ပရိသတ်များ မဏ္ဍပ်အပြင်ဘက်က နားထောင်ကြရပါသည်။လျှပ်စစ်မီးပြတ်သွား၍ အားလုံး မှောင်အတိကျ သွားပါသည်။ကျွန်တော် ကြေးဝိုင်းထဲမှ လှမ်းကြည့်ရာ ဘဘကိုမှ မမြင်ရပါ။တာဝန်ရှိသူများက

မီးပြင်ရန် လုပ်ဆောင်လျက်ရှိရာ ဝန်ကြီးချုပ်ကား အလွန်ကျေနပ်ရပါသည်။မီးပြန်လင်းလာတော့ ဘဘက "မကောင်းသောရန်စွယ် ပယ်ကာရှင်း"သီချင်းတီးလုံးကို ငါးပေါက်နဲ့ တီးပါသည်။ တီးလုံးဆုံးတော့ ဝန်ကြီးချုပ် ဦးနုအပါအဝင် အားလုံးက သြဘာလက်ခုပ်များ တီးကြပါသည်။ ဝန်ကြီးချုပ် ဦးနုက ဘဘဆိုင်းဝိုင်းနားရောက်လာပြီး "ဆရာကြီး တယ်ကျန်းမာတာပဲဟု ဘာတွေ စားတုန်း"ဟု မေးရာ ဘဘက "ကျွန်တော် ဂုဏ်တော်တွေကို စားနေပါတယ်"ဟု ဖြေလိုက်ရာ အားလုံးက သဘောကျနေပါသည်။ထိုပွဲပြီးတော့ ဘဘက သူနဲ့ ဦးနု ဟသ်ာတတွင် နေစဉ်ကပင် ရင်းရင်းနှီးနှီးရှိကြောင်း ပြောပါသည်။

မန္တလေးတွင် ဝါတွင်းပွဲမရှိပါ။သဘင်သည်များအဖွဲ့ ရှိတာပေါင်နှံ့ စားသောက်ကြရမြဲ ဖြစ်ပါသည်။တစ်ရက်တွင် ဘဘက ကျွန်တော့်ကိုခေါ်၍ နှင်းဆီခြံ ပုဏ္ဏား ဆရာမြကြီးထံ ဗေဒင် သွားမေးကြပါသည်။ဆရာမြကြီးက ဘဘအား "ဦးဟံပ ခင်ဗျားဆိုင်းတီးလာတာ ဘယ်လောက် အကျိုးပေးသလဲ" မေးပါသည်။ဘဘက "ဆရာမြ ကျွန်တော် ဆိုင်းတီးတာနဲ့ ဟသ်ာတမှာ ဆန်စက်တစ်လုံး ပိုင်ခဲ့တယ်။ စိန်တွေ ဝယ်နိုင်ခဲ့တယ်။တော်တော်အကျိုးပေးပါတယ်"ဟုပြောရာ ဆရာမြက "ဦးဟံပ ခင်ဗျား အခုလာမည့် ၆ လအတွင်းမှာ တစ်သက်လုံး မရဘူးသေးတဲ့ဂုဏ်ဒြပ် ရရှိမယ်။မရောက်ဘူးသေးတဲ့နေရာ ရောက်မယ်။မရဘူးသေးတဲ့စည်းစိမ် ရမယ်။ မကျော်ဘူး သေးတဲ့ နာမည်မျိုး ကျော်ကြားမယ်။ခင်ဗျားတစ်သက်လုံး မတွေ့ဘူး၊ မကြုံဘူးသေးတဲ့ အကျိုးပေး မျိုးဟာ ခင်ဗျား သေသည်အထိ ခံစားရမယ်" ဟောပါသည်။ဘဘက "ဆရာမြ ဒါတော့ မဖြစ်နိုင် တော့ဘူးထင်တယ်။ကျွန်တော့်အသက် အခု ခြောက်ဆယ်ကျော်နေပါပြီ"ဟုပြောရာ "ကျုပ် ဆရာမြ ဘယ်မှမသွားဘူး ပြောတဲ့အတိုင်းမဟုတ်ရင် နောက် ၆ လပြည့်ပြီးတော့ ခင်ဗျား ဒီကိုလာခဲ့" ဟု ပြောပါသည်။

ဆရာမြအိမ်မှ အပြန်လမ်းတွင် ဘဘက-

"ဟေ့ ကိုလေးရ ဆရာမြတော့ ငါစိတ်ချမ်းသာအောင် ဟောလိုက်ပြီထင်တယ်" ဟု ပြောရာ "ဘယ်ဟုတ်မလဲ ဘဘ။ကျွန်တော်တို့လည်း ဘုန်းကြီးကျောင်းထွက်ဆိုတော့ ဗေဒင်တော့ တတ်ခဲ့တာပဲ။ဘဘကိုဟောတာ တကယ်ဖြစ်လာမှာမို့ ဟောလိုက်တာပါဟု ပြောလိုက်ရပါ သည်။"ကံတရားများကား ဆန်းကြယ်လှပါသည်။နှင်းဆီခြံ ဆရာမြကြီးဟောလိုက်သည့် အတိုင်း ပင် ၆ လမပြည့်မီပင် ကိုကိုအေးလေး (သခင်အေးအောင်လေး) က ဘဘနဲ့ လာတွေ့ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်ဆိုင်းအဖွဲ့ ထားရှိမည်ဖြစ်၍ နိုင်ငံတော်ဆိုင်း တွင် အစိုးရက ခန့်ထားမည်ဖြစ်ကြောင်း။ယခုနှစ် လွတ်လပ်ရေးတွင် ဘဘအား အလက်ာ ကျော်စွာဘွဲ့ ချီးမြှင့်မည့်အကြောင်း ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ရန်ပါ စီစဉ်ပြီးဖြစ်ကြောင်း ပြောဆိုလာသည်။မန္တလေးမှာ လက်ခံထားသော ဆိုင်းပွဲများလျော်၍ ရန်ကုန်သို့ ဘဘ တစ်ခါတည်း ပြောင်းရွှေ့သွားရပါသည်။ကျွန်တော့်ကို လက်ထောက်အဖြစ် လိုက်ခဲ့ရန် ဘဘက ခေါ်ပါသည်။ကျွန်တော်က မန္တလေးမှာ ဗလာဆိုင်းတီးချင်သည့်ဆန္ဒရှိနေခြင်းကြောင့် မလိုက်ပါ။ များမကြာမီ ဘဘသည် ဆိုဗီယက်ယူနီယံ စသော နိုင်ငံခြားတိုင်းပြည်များသို့ ယဉ်ကျေးမှုအဖွဲ့ဖြင့် နိုင်ငံတော် ဆိုင်းဆရာကြီးအနေဖြင့် လိုက်ပါသွားရပါသည်။ဘဘ ယခုလို သူကောင်းပြုခံရခြင်း သည် ဝန်ကြီးချုပ် ဦးနု၏ကျေးဇူးအများကြီး ပါပါလိမ့်မည်။ဝန်ကြီးချုပ် ဦးနုသည် နိုင်ငံ့ ခေါင်းဆောင်တစ်ယောက်ဖြစ်လာခဲ့၍ ယခုလို အမျိုးသားယဉ်ကျေးမှုများကို ကိုယ်တိုင်ကိုယ်ကျ ဂရုတစိုက် ချီးမြှောက်ခြင်းဖြစ်သည်ဟု ကျွန်တော် သဘောပေါက်ပါသည်။ဘဘတို့ ရန်ကုန်

ပြောင်းသွားတော့ အစ်ကိုနဲ့ သွားနေရပါသည်။ အစ်ကိုက ဆိုင်းမတီးတော့ပါ။တရုတ်တန်း လမ်း ၈၀၊ ၃၁လမ်းထိပ်တွင် အိမ်ဈေးဆိုင်လေးဖွင့်နေပါသည်။အစ်ကို့အိမ်တွင် မြန်မာညွန့် ဦးချစ်မောင် (ဘကြီးချစ်) ထံကပို့ထားသော ဆင်နားရွက် စန္ဒရားအဟောင်းကြီးတစ်လုံးရှိရာ အစ်ကိုက ထိုစန္ဒရားကြီးဖြင့် ကျွန်တော့်အား သင်ပေးပါသည်။လက်ဆယ်ချောင်းတီးတတ်ရန် လက်လေ့ကျင့် ခန်းများ သင်ရပါသည်။သံစဉ် ၅ ခုတွင် လက်ငါးချောင်းကို တစ်ချောင်း ကျော်စီတွဲ၍ လက်မနဲ့ လက်ခလယ်၊ လက်ညှိုးနဲ့ လက်သူကြွယ်၊ လက်ခလယ်နဲ့ လက်သန်း စုံနှိပ်တီးလေ့ကျင့်ရာ လွယ်မယောင်နဲ့ ခက်ပါသည်။ဘယ်လက်ကလည်း ထိုအတိုင်း ကျင့်ရပါသည်။ကျွန်တော်က စန္ဒရားကြီးပေါ်မှမဟုတ်ဘဲ အပြင် တန်လျားခုံပေါ်ဖြစ်စေ၊ ကုလားထိုင်ပေါ်ဖြစ်စေ လက် လေ့ကျင့်ခန်းများ လုပ်နေတတ်ပါသည်။တစ်ခါ စန္ဒရားဖြင့် သီချင်းတစ်ပုဒ်တီးစဉ် တစ်လုံးမှား သွားပါသည်။ အစ်ကိုက "မင်း. . ခဏခဏမှားနေတာပဲ"ဟု ပြောရာ ကျွန်တော်က "ဟုတ်တယ် ကျွန်တော် မမှားဘူး လက်မှားတာ"ဟု ဆင်ခြေကန်လိုက်သဖြင့် "အေးအေး ဒါဖြင့် မင်းမှာ အပြစ်မရှိဘူး။လက်မှာ အပြစ်ရှိတာ မှားတဲ့လက်ပေး"ဟုဆိုသဖြင့် လက်ညှိုးကလေးကို စန္ဒရားခုံ ပေါ်တင်ပေးရာ အစ်ကိုက ပန်းတိမ်သုံး တူသေးသေးလေးဖြင့် တစ်ချက်ထုလိုက်ရာ အသည်းခိုက် အောင် နာသွားပါသည်။ကျွန်တော် ဆင်ခြေကန်သဖြင့် ကျွန်တော့်လက်ချောင်းများ တူထုခံရပြီး သားချည်းလို ဖြစ်နေပါသည်။ စန္ဒရားမှာ အပျက်ကြီးဖြစ်၍ လက်တွင်းတစ်နှိုက် အောက်သို့နှိပ်တီး ရပါသည်။ဤသို့ အပျက်ကြီးနဲ့ သင်ခဲ့ရ၍ နောင်သောအခါ ပွဲတီးများတွင် စန္ဒရားကောင်းကောင်း နဲ့ တီးရပါက လက်ရောက်၍ သဘောပေါက်သလောက် တီးနိုင်ပါသည်။ထိုအချိန်က မန္တလေး တွင် သီချင်းကြီး ခေတ်စားနေချိန်ဖြစ်ပါသည်။သီချင်းကြီးဝိုင်းမှာကား တစ်ဦးတစ်ယောက် မထူထောင်ရဘဲ အလိုလို လာရောက်တီးကြသည်ချည်း ဝါသနာတူများချည်း ဖြစ်ပါသည်။ သီချင်းကြီးဝိုင်းများက ပွဲလမ်းသဘင်များတွင် ပါဝင်တီးမှုတ်ကြခြင်း ဖြစ်ပါသည်။ဝါသနာရှင် တစ်ဦးကား ချမ်းသာရ ထုံးကုန်းရပ်နေ သစ်စက်သူဌေး ဦးအေးမောင် ဖြစ်ပါသည်။ဦးအေးမောင် အိမ်တွင် စနေ၊ တနင်္ဂနွေ အားလပ်ရက်များ တီးမှုတ်ကြခြင်းဖြစ်၍ ပတ္တလားဆရာ ဦးဘကလေး၊ ဘဘ ဦးဟံပ၊ မြန်မာညွန့် ဦးချစ်မောင်၊ စာရေးကြီး ဦးဘသင်၊ စာရေးဆရာ ဦးသက်တင်၊ အဆို ဦးထူး၊ ဦးမှတ်ကြီး၊ အစ်ကို စိန်လှမောင်၊ ဒေါ်လှကလေးစိန်၊ ဦးကျော်ကြီး စသည်တို့နှင့် အားလပ်သူများ လာရောက်တီးမှုတ်သီဆိုလေ့ ရှိကြပါသည်။ စက်ပိုင် ဦးအေးမောင် မှာ စန္ဒရားကို စနစ်တကျ ကောင်းကောင်းတီးတတ်ပြီး လက်ယူလက်နုတ် အလွန်သပ်ရပ်ကောင်းမွန်ပြီး သီချင်းကြီးလည်း အရများပါသည်။စုပေါင်းတီးကြသည့်အခါ ရှေ့က အခံလေးများ ခေတ်စား နေပါသည်။ထူးမခြားနားသီချင်းခန့်ကြီး တီးမည်ဆိုလျှင် ရှေ့က ထူးမခြားနား လူးတားအရင်ဆိုပြီးမှ တီးခြင်း၊ ချစ်သမျှကို ပတ်ပျိုးတီးမည်ဆိုလျှင် ရှေ့က အချစ်ခွန်းတောက်ကလေးဆိုတာမျိုး ဖြစ်နေပြီး ရှေ့က တစ်ခုခု အခီးလေးမပါလျှင်ပင် မပြည့်စုံသလို ဗဟုသုတနည်းသလို ထင်မြင် ခြင်း ခံရတတ်သောအခါဖြစ်သဖြင့် တစ်ရက်တွင် ကျွန်တော်သည် အောင်မြေမြမန်း ပတ်ပျိုးတီး ရန် ရှေ့က အခံအတိုလေး ဗုံထောက်သံဖြင့် ရေးလာပြီး ဆိုလိုက်ပါသည်။ ဗုံထောက်သီချင်းမှာ-

**"ပျော်ပျော်ရာ ထွေဆန်း ရွှေမန်းမြို့ သေလာ၊ ရံဝန်းခ မြနန္ဒာရေကန်သာရွှင်း၊ လူ့သနင်း မြစ်ရာဇာငယ် မင်းတုန်းမင်းမြတ်ရာဇာငယ် အောင်မြေမှာ နန်းစိုက်ခဲ့ခြင်း"** ၎င်းပြီးမှ အောင်မြေမြမန်းပတ်ပျိုးကို ဆက်ဆိုခဲ့ပါသည်။ပတ်ပျိုးဆုံးသောအခါ စောစောက ဗုံထောက် ကလေး ဘယ်သူရေးတာလဲ၊ ဘယ်ကရသလဲ မြဝတီဝန်ကြီးလား၊ မမြကလေးလား၊ ပြင်စည်

မင်းသားကြီးလား စသည်အမျိုးမျိုး မေးကြပါသည်။ကျွန်တော်က မလိမ်တတ်သဖြင့် မကြွားဝါချင် သော်လည်း ခပ်ရှက်ရှက်နှင့် "ကျွန်တော် ရေးခဲ့တာပါ"ဟု ပြောလိုက်ရပါသည်။မန္တလေး ပိုက်ကျိုး ရပ်တွင် ဘကြီးချစ်နဲ့ အမေဦးတို့ နေကြရာ ပညာသင်တပည့်များ ပေါများလှပါသည်။နေ့စဉ် တိုက်ပန်းကန်ပြားသာသာရှိသော မြေဆေးလိပ်ခွက်ကြီးထဲတွင် နဂါးဆေးလိပ်အတိုများ လေးငါးဆယ်ခန့် ရှိနေတတ်သဖြင့် တပည့်များ များပြားကြောင်း သိနိုင်ပါသည်။ ဘကြီးချစ်ကား အဘစိန်ဗေဒါ၏ နှဲကြီးဆရာဖြစ်ခဲ့သဖြင့် အဘ၏ပညာများ တော်တော်ရလိုက်၍ သီချင်းကြီးများ သင်ပေးရာတွင် စနစ်တကျရှိလှပါသည်။ အထူးသဖြင့် သိပ္ပံနည်းကျကျ တီးကွက်များ အများအပြားရှိပါသည်။နေ့လယ်နေ့ခင်းတွင် လက်ဖက်ရည်သောက်ချိန်တွင် ပိုက်ကျိုးကွေ့ အကြော်ဆိုင်က အကြော်များဝယ်ပြီး တစ်ယောက်တစ်လှည့် ဒကာခံကြပါသည်။အကြော်က တစ်ခု ငါးပြားဖြစ်၍ တစ်ကျပ်ဖိုး ၂၂ ခု၊ အကြော်များက လက်ဖက်ရည်အကြမ်းလုံး မျက်နှာဝ လောက် ကြီးပါသည်။အကြော် ငါးကျပ်ဖိုးလောက် ဝယ်ရပါသည်။တစ်ရက်တွင် ဘကြီးချစ်က စိန်ကျော်တင့်အား "ဟေ့ကောင် မင်း. . သူများဝယ်ကျွေးတဲ့ အကြော်တွေချည်းစားနေတာ မင်းတစ်ခါမှ ဝယ်တာမတွေ့သေးဘူး၊ သွား ပိုက်ဆံရှာချေ။ဒီနေ့ မင်းဝယ်ကျွေး" ဟု ပြောလိုက်ရာ စိန်ကျော်တင့်က "ဟုတ်ကဲ့" တစ်ခွန်းပြောပြီး အောက်သို့ဆင်းသွားပါသည်။စိန်ကျော်တင့် သွားတော့မှ ကျွန်တော်တို့အားလုံးကို ဘကြီးက-

"အေး. . ကြည့်ကွ၊ ကျော်တင့်ကို ငါပိုက်ဆံရှာခိုင်းတာ ဒီကောင် ဘယ်သူ့ဆီမှလဲ ချေးငှားတတ်မှာ မဟုတ်ဘူး။ဒီတော့သူ အိမ်ပြန် ဘန်ကောက်လုံချည်တစ်ထည်ယူ အပေါင်ဆိုင် သွားပေါင်မယ်။အပေါင်ဆိုင်က သူ့လက်မပုံစံနှိပ်ရမယ်။ နှိပ်ပြီးတော့ အပေါက်နားက အဝတ်စုတ်မှာ သူ့လက်ကို သုတ်ခဲ့မှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီကောင် အပေါင်ဆိုင် ကို သိပ်ရောက်ဖူးတာ မဟုတ်ဘူး။ ဒီတော့ သူပြန်လာရင် သူ့လက်မယူကြည့် ဆေးမည်းကြီးတွေ တွေ့လိမ့်မယ်"ဟု ပြောပြီး စောင့်နေကြပါသည်။စိန်ကျော်တင့် ပြန်လာသောအခါ ဘကြီးက ကျော်တင့် ဒီခဏဟုခေါ်ပြီး သူ့ဘယ်လက်မကိုလှန်ကြည့်လိုက်ရာ ဆေးမည်းကြီးထင်းနေသဖြင့် စိန်ကျော်တင့်က ရယ် ရယ်ပြီး "ဟ အို"ဟုဆိုကာ လုံချည်သုတ်လိုက်ရာ အားလုံးက ဝိုင်းရယ်ကြ ပါသည်။မန္တလေးကို ဘကြီးချစ်ရောက်လာမှ လေပြေဆော်သွင်းမြူး ယိုးဒယားကို လူတိုင်းရကြပါ တော့သည်။ဘကြီးချစ်နဲ့ အမေဦးတို့ ဇနီးမောင်နှံ အလွန်လိုက်ဖက်ပါသည်။ဘကြီးချစ်က ပတ္တလားတီးလျှင် အမေဦးက သီချင်းဆိုပါသည်။

ဘကြီးချစ်၏ တပည့်တစ်ဦးဖြစ်သူ ဂီတလုလင်မောင်ကိုကိုမှာ ရန်ကုန်တွင်နေပြီး အလွန်နာမည်ကြီးနေပါသည်။မန္တလေးသို့ အလုပ်တစ်ခုဖြင့်လာရာ၊ ချမ်းသာရ ထုံးကုန်း ဦးအေးမောင်တိုက်တွင် ဆုံ၍ တီးကြပါသည်။ထိုနေ့က ဦးအေးမောင်တိုက်တွင် မောင်ကို သုံးဦး ဆုံနေကြပါသည်။(၁) ဂီတလုလင် မောင်ကိုကို၊ (၂) စိန်မောင်ကို၊ (၃) ကျွန်တော် မောင်ကိုလေး တို့ ဖြစ်ပါသည်။ ပညာရှင် လူကြီးများလည်း ရှိပါသည်။ဂီတလုလင် မောင်ကိုကိုက စန္ဒရား၊ ကျွန်တော်က ဝါးပတ္တလားဖြင့် ကိုယ်တော်နှင်းနဲ့တီးကြရာ အဆိုက ဦးထူးဖြစ်ပါသည်။ လေးထွေ သံကပ်ခေါ် ကိုယ်တော်နှင်းနဲ့ တီးကွက်မှာ ရွှာစားကြီးစိန်ဗေဒါ၏ နောက်ဆုံးပြုစုခဲ့သော တီးလက် များမှ တီးနည်းများကို အစ်ကိုက တက်ပေးထားသဖြင့် ကျွန်တော် ကောင်းကောင်းရပါသည်။ ကိုယ်တော်နှင်းနဲ့ကို ကျွန်တော် အလွန်အားကိုးပါသည်။ ဘယ်ညာ အားပါသော အားသာသော တီးလက်များဖြင့် တည်ဆောက်ထားသော တီးကွက်မို့ အလွန်ထူးခြားပါသည်။ကိုယ်တော်နှင်းနဲ့ကို

ကျွန်တော် အားကိုးလွန်း၍ တစ်ခါက ငရဲကြီးဖူးပါသည်။ဘဘ ဦးဟံပကို ကျွန်တော် မကျေနပ်၍ အလှူနံနက်ခင်း ဆိုင်းဝိုင်းထဲရှိစဉ် ဘဘက ကြေးနောင်ဝိုင်းထဲထိုင်နေစဉ် ဘဘ လိုက်နိုင်ရင် လိုက်ဟူသောသဘောဖြင့် ကိုယ်တော်နှင်းနံ့ကို တီးခဲ့ပါသည်။ရွာစားကြီး စိန်ဗေဒါ၏ ကိုယ်တော်နှင်းနံ့တီးကွက်မှာ လုံးဝ ကပ်တီး၍ မရပါ။အသေအချာ တတ်မှ၊ ရမှ တီးနိုင်သော တီးကွက်မျိုးဖြစ်ပါသည်။ဂီတလုလင် မောင်ကိုကိုက စန္ဒရားလက်သံ အလွန်ကောင်းသည်မှာ ပြောစရာမရှိပါ။ လက်ပေါ်ပေါ်နဲ့ ကိုယ်တော်နှင်းနံ့ကို တီးပါသည်။ကျွန်တော်က အဘစိန်ဗေဒါ၏ မူရင်းကွက်ကို လက်ခိုင်ခိုင်နဲ့ တီးပါသည်။ကျွန်တော့်နောက်တွင် မည်သူမျှ မရှိပါ။ ဂီတလုလင် မောင်ကိုကို၏ နောက်တွင် ဘကြီးချစ် ထိုင်နေပါသည်။ကိုယ်တော်နှင်းနံ့က မြင်းခင်းသို့ တစ်ဆက်တည်း တီးရပါသည်။မြင်းခင်းမှာ မြန်ပြေနယ် ဇမ္ဗူပေါင်ဖြစ်ပြီး မျိုးမျိုးကွဲကွဲ အကွက်များ ပါပါသည်။တီးရင်းတီးရင်း အရှိန်ပိုရလာပြီး တစ်ပိုဒ်ပြီးတစ်ပိုဒ် တက်လာရာ စာမရှိသို့ ထူးမခြား နတ်မြင်းပျံသို့ မျိုးကွဲကွဲ ဤနေရာအရောက်တွင် ကိုမောင်ကိုက စန္ဒရားကို ရော်လိုက်ပါသည်။တစ်နည်းအားဖြင့် မွှေနှောက်၍ အကွက်ပြောက်တီးခြင်း ဖြစ်ပါသည်။လက်ဆယ်ချောင်းဖြင့် တီးသော စန္ဒရားသံများက ပင်လယ်ရေလှိုင်းများ လှိမ့်ဆင်းလာသလို ကြောက်ခမန်းဖြစ်လောက်အောင် ကောင်းလှပါသည်။ထူးခြားသော စန္ဒရားသံစုံများက လျှပ်ပန်း လျှပ်နွယ်တို့ဖြင့် ပြည့်ပြည့်စုံစုံ သဲသဲမဲမဲ ရွာချလိုက်သော မိုးကဲ့သို့ ကောင်းလှသော မောင်ကိုကို၏ လက်သံကြားဝယ် ကျွန်တော့် တီးကွက် ပျောက်မသွားရန် မနည်းဂရုတစိုက် အာရုံပြု တီးနေပါသည်။စန္ဒရားကို အရော်လွန်သွားသောအခါ သူ့မူရင်းတီးကွက်များ အလိုလို ပျောက်သွားပြီး ရှေ့ ဘာဆက်ရမှန်းမသိဖြစ်သွားသော မောင်ကိုကိုက လက်နှစ်ဘက်ကို ဆတ်ခနဲအမြောက်လိုက် ဘကြီးချစ်က နောက်ကနေ၍ သူ့ပခုံးနှစ်ဘက်အား ဖျတ်ခနဲ ဆုပ်ကိုင်လိုက်သဖြင့် ကျွန်တော်ပါ တီးနေရင်း ရပ်ပေးလိုက်ရပါသည်။

"မင်း သူ့ကို သွားဖျောက်လို့ ဘယ်ရမလဲကွ သူက ဆိုင်းကွက်နဲ့ ခိုင်ခိုင်ကြီးတီးနေတာ"ဟု ဘကြီးချစ်က မောင်ကိုကိုအား ပြောပါသည်။မောင်ကိုကိုကား ဆရာကောင်းတပည့် ပီသပါသည်။ဘကြီးချစ်ပြောတာကို အလေးအနက် ငြိမ်သက်စွာ နားထောင်ယူသည်ကို တွေ့ရပါသည်။

* * *

အစ်ကိုက ဆိုင်းမတီးတော့သော်လည်း ပတ္တလား၊ စန္ဒရား၊ စောင်း စသည်တို့ အမြဲမပြတ် တီးလေ့ရှိပါသည်။

တစ်နေ့တွင် မမျှော်လင့်ဘဲ အစ်ကိုနဲ့မမ စကားများရာ ကျွန်တော့်အား အစ်ကိုက အိမ်မှ နှင်ချလိုက်ပါသည်။အစ်ကိုက ကျွန်တော့်အား-

"အေး ဒို့လင်မယား ရန်ဖြစ်တာ မင်းနဲ့ ဘာမှမဆိုင်ဘူး။ဒါပေမဲ့ ရှုပ်တယ်ကွာ မင်းလည်း မနေနဲ့တော့"ဟုပြောပြီး နှင်လိုက်ရာ ကျွန်တော်က လွယ်အိတ်တစ်လုံးတွင် အဝတ်အစားများထည့်၍ ခြေဦးတည့်ရာ အနောက်သို့ ဆင်းလာရာ ၈၄ လမ်း၊ ၃၁ လမ်းအဆုံတွင် ဦးစိန်ငှက်ရိုး၏သား စိန်မောင်ကိုနှင့် တွေ့ပါသည်။ စိန်မောင်ကိုက စက်ဘီးနှင့်ဖြစ်ပြီး ကျွန်တော်က ခြေကျင်လာရင်း လမ်းမပေါ်တွင် ဆုံမိခြင်းဖြစ်ရာ စိန်မောင်ကိုက ကျွန်တော့်အား-

"ဟေ့ မောင်ကိုလေး ဒီနေ့ပွဲရှိသလား"

"ဟင့်အင် မရှိပါဘူး"

"ဒါဖြင့် ဘယ်သွားမလို့တုန်း"

"ဘယ်ရယ်လို့ မဟုတ်ပါဘူး"

"ဟ ဘယ်လိုတုန်း မင်းဟာက မျက်နှာလည်း မကောင်းဘူး"

ကျွန်တော် ကိုမောင်ကို မေးနေတာကို စိတ်က သိပ်မဖြေချင်တော့ပါ။ ဝမ်းနည်းလာပါသည်။ဒါကို ကိုမောင်ကို ရိပ်မိသဖြင့်-

"ကဲကဲ လာလာ ငါနဲ့လိုက်ခဲ့ မင်းဘယ်မှ မသွားရဘူး"ဟု ပြောပြောဆိုဆို သူ့စက်ဘီး ဖြင့်တင်ခေါ်သဖြင့် ပါသွားရတော့သည်။သူ့အိမ်သို့ ရောက်လျှင်ရောက်ချင်း သူ့ဇနီးအား၊ "ဟော့ မြကြွယ် ထမင်းခူးစမ်း ထမင်းခူးစမ်း၊ မောင်ကိုလေး ပါလာတယ်"ဟု ပြောလိုက်ရာ မမြကြွယ်က ကမန်းကတန်း ထမင်းပွဲကြီး ပြင်လိုက်ပါသည်။ထမင်းပွဲကြီးမှာ ကြီးလှပြီး ဟင်းတွေမှာ စုံလင်ကာ အားပါးတရ ရှိလှပါသည်။

ကျွန်တော်က ကိုမောင်ကိုအား-

"ကျွန်တော် ထမင်းလုံးဝ မစားချင်ဘူးဗျာ စိတ်မရှိပါနဲ့"ဟု အတင်းငြင်းဆန်သဖြင့် ကိုမောင်ကိုက "ကဲ. . ဒါဖြင့် လက်ဖက်ရည်သောက်ရအောင်"ဟုခေါ်ကာ ချမ်းသာရ ထုံးကုံး အနောက်ဘက် သင်္ဂဇာချောင်းထိပ် ကိုပိုက် လက်ဖက်ရည်ဆိုင်သို့ ထွက်လာကြပါသည်။ကိုပိုက် ဆိုင်မှာ ရေတစ်ဝက် ကုန်းတစ်ဝက် ဆောက်ထားသဖြင့် ရေဘက်က အခန်းကိုထိုင်ရလျှင် စိတ်ကြည်လင်ပြီး အေးချမ်းသာယာလာပါသည်။ ထိုဆိုင်မှာ ကျွန်တော်တို့သောက်နေကျဖြစ်ပြီး လက်ဖက်ရည်လည်း အလွန်ကောင်းပါသည်။လက်ဖက်ရည်များချပြီးနောက် ကိုမောင်ကိုက-

"ကဲ. . မောင်ကိုလေး ပြောစမ်းပါဦး၊ မင်း. . ဘယ်လိုဖြစ်လာတာလဲ"ဟု မေးရာ "ကျွန်တော်တော့ ဘာမှမသိပါဘူးဗျာ။နံနက်က အစ်ကိုတို့လင်မယား စကားများကြတယ်။ ခဏနေတော့ အစ်ကိုက "ဒို့လင်မယားရန်ဖြစ်တာ မင်းမပါဘူး။ ဒါပေမဲ့ မင်းလည်းရှုပ်တယ် မနေနဲ့တော့လို့ နှင်လိုက်တာပဲဗျာ" "ဟာ. . ဟုတ်လား ကိုလှမောင် ဘယ့်နှယ်လုပ်လိုက်ပါလိမ့်" ထို့နောက် လက်ဖက်ရည်များ သောက်ပြီးနေကာ "မင်းဘယ်မှ မသွားနဲ့ ဒို့ဆီမှာ နေရမယ်။ ဘာမှ အားမငယ်နဲ့ မပူနဲ့ကွ"ဟု ပြောပါသည်။လက်ဖက်ရည်ဆိုင်က ပြန်လာကြပြီးနောက် အိမ်ပြန်ရောက်သောအခါ ကိုမောင်ကိုက သူ့ဖခင် ဦးစိန်ငှက်ရိုးအား အကျိုးအကြောင်း ပြောပြပါသည်။ထိုအခါ ဦးငှက်ရိုးက "လှမောင် စိတ်ဆိုးတုန်းခဏနေမှာပါ"ဟု ပြောပါသည်။

နောက်တစ်နေ့နံနက်တွင် မြင်းလှည်းတစ်စီးငှားပြီး ကျွန်တော်နဲ့ ဦးလေးရိုး (ဦးစိန်ငှက်ရိုး) အစ်ကို ဦးစိန်လှမောင်ထံ သွားပါသည်။ရောက်သောအခါ အစ်ကို့ကို အခန့်သင့်တွေ့ပြီး ဦးလေးရိုးက-

"မောင်လှမောင် ငါ မင်းညီလာကို ပြန်လာပို့တာပဲ။မနေ့က တို့ဆီရောက်လာတယ်"ဟု ပြောပါသည်။ထိုအခါ အစ်ကိုက "ကိုကြီးရိုးကို ကျွန်တော် လေးစားပါတယ်။ဒါပေမဲ့ ကျွန်တော့်ညီတော့ ပြန်လက်မခံနိုင်ဘူး"ဟု ပြောပါသည်။သို့သော် ဦးလေးရိုးက လက်ခံရန် အကြိမ်ကြိမ် ပြောသော်လည်း အစ်ကိုက ငြင်းပယ်သဖြင့် နောက်ဆုံးတွင်-

"အေး. . မောင်လှမောင်၊ ဒို့က ဝတ္တရားရှိလို့ မင်းဆီ ပြန်ပို့တာ မင်း လက်မခံရင် ဒို့က ဘယ်မှအရောက်မခံနိုင်ဘူး။ငါ့ဆီထားမှာပဲ"ဟု ပြောပါသည်။

အစ်ကိုက ကျွန်တော့်အား "မင်းက စာဖတ်ဝါသနာပါတယ်။မင်း စာအုပ်တွေအားလုံး ယူသွား"ဟု ပြောပါသည်။စာအုပ်များနဲ့ အဝတ်အစားလေးများယူပြီး အစ်ကိုတို့နဲ့ အတူနေခဲ့သော တရုတ်တန်းမှ ချမ်းသာရ ထုံးကုံး ဦးလေးရိုးအိမ်သို့ လိုက်ခဲ့ရပါသည်။ဦးလေးရိုးနှင့် ဇနီး

ဒေါ်ဖွားဆိတ်မှာ သားသမီးများပါသည်။ မခင်ကြည်၊ ကိုမောင်ကို၊ ကိုချို၊ ကိုနက်ကြီး၊ မသိန်းနု၊ မဥ၊ မစု၊ မောင်တင်ဦး အပြင် အတူနေတပည့်များ မောင်ကြည်သောင်းရွှေနှင့် နယ်မှအပ်ထားသော တပည့်လေး ၃ ယောက်ပါ ၁၆ ဦးရှိခဲ့ရာ အိမ်ထောင်ခွဲ မခင်ကြည်နှင့် အဝေးနေ ကိုချိုမှလွဲ၍ အတူနေ ၁၄ ဦးရှိသဖြင့် ထမင်းအိုးကြီးမှာ ၂ ခါပြန် ချက်ရပါသည်။ လူတွေများသဖြင့် နံနက်လင်းအိပ်ရာထ အိမ်သာတွင် လူဆုံဆုံနေတတ်ပါသည်။

ထိုအချိန်က ကိုမောင်ကို (စိန်မောင်ကို) က ဆိုင်းခွဲမတီးသေးပါ။ ဆိုင်းဆရာ မဖြစ်သေးပါ။ဝင်းဖခင် ဦးလေးရိုး (စိန်ငှက်ရိုး) က မန္တလေးတွင် ဗလာဆိုင်း အလွန်နာမည်ကြီးနေချိန်ဖြစ်ပါသည်။ဦးလေးရိုးကား နေမျိုးဗလကျော်သူဘွဲ့ရ ရွာစားကြီး စိန်ဗေဒါ၏တပည့်ရင်းတပည့်အကြီး ဖြစ်ပါသည်။ဦးလေးရိုးနဲ့ရွယ်တူ ပညာသင်ဘက်မှာ စိန်ပန်းက ရပ်သေးနဲ့တီးနေသော ဦးရာကျော် ဖြစ်ပါသည်။ ဦးလေးရိုးသည် ပတ်စာကိုင် ရေကိုင် အလွန်ကောင်းပြီး တောက်တောက်ခါးခါး တီးတတ်ကာ တီးလုံးများ ပွဲကျအောင်တီးနိုင်ခြင်း၊ ခွန်းထောက်ချ လေပြေထိုး စသည်တို့တွင် နားထောင်သူ မျက်လုံးပြူးအောင် တီးနိုင်သူ ဖြစ်ပါသည်။ပတ်တီးဇွဲလည်းအထူးရှိပြီး မိုက်မိုက်ကန်းကန်း တီးနိုင်ပါသည်။အသားညိုညို အရပ်ပြတ်ပြတ် ရွှေသွားလေးဖြင့် စိတ်မြန်ပြီး အမည်ရင်းမှာ ဦးအုံးဖေ ဖြစ်ပါသည်။

ဦးလေးရိုးကား အဖွဲ့အုံကို ဂရုစိုက်သည်ဟု ဆိုရပါမည်။ထိုအချိန်က နှဲဆရာမှာ မြင်းခြံက ဩဘာချစ်၊ နောက်ထ ကိုပွကြီး၊ ကိုလောရှည်၊ ကိုမန်းစိန်၊ အဆိုတော် မဲဇာ ဦးမောင်ကြီး၊ ပတ်မတီးက မြန်မာညွန့် ဦးချစ်မောင်တပည့် ပခုက္ကူသား ကိုဆွေခေါ် ကိုတိုးဖြစ်ပါသည်။ ကိုမောင်ကိုက ကြေးတီး၊ ကိုနက်ကြီးက မောင်းတီး၊ မောင်ကြည်သောင်းရွှေက လင်းကွင်းတီး ကျွန်တော်က စည်းတီးနေရပါသည်။မန္တလေးအနီး စဉ့်ကိုင်နယ် သပြေရိုးတအုံ စသော ရွာများကား စိန်ငှက်ရိုးအား အသည်းစွဲရွာများ ဖြစ်ကြပါသည်။ဦးလေးရိုးကား နာမည်နဲ့လိုက်အောင် အချို့နေရာများတွင် ရိုးသားပါသည်။တစ်ရက်တွင် ဆိုင်းနောက်ထ ကိုမန်းစိန်က ငွေသုံးကျပ်တင်တောင်းရာ ဦးလေးရိုးက မပေးပါ။နောက်တစ်နေ့ အလှူတစ်လှူတီးရန် ဆိုင်းပွဲရှိပါသည်။ဆိုင်းတီးကာနီးတွင် ကိုမန်းစိန်က ဦးလေးရိုးအား-

'ဆရာ ဒါ အမေရိကန်ကလာတဲ့ဆေး သိပ်ကောင်းတာ။ အိပ်ရေးပျက်တာလည်း ခံတယ်။ လက်လဲမနာဘူး စားကြည့်စမ်းပါ'ဟုပြော၍ပြီး ပေးပါသည်။ ဦးလေးရိုးက တစ်ခုကို ချက်ချင်းယူစားလိုက်ပါသည်။

"ဟ မန်းစိန် မင်းဆေးက တကယ်အရသာရှိပါလားကွာ"

"အို အရသာရှိဆို အမေရိကန်ကလာတဲ့ဆေး ဆရာရဲ့"

ဦးငှက်ရိုးကား စားကောင်းကောင်းနဲ့ စားရင်း ၄၊ ၅ ခု ဆက်စားလိုက်ပါသည်။ ဆေးများစားပြီး၍ ဦးလေးရိုးက နာရီဝက်အတွင်း ဆိုင်းစတီးချိန်ဖြစ်၍ တီးရပါတော့သည်။ ပရိသတ်ကြီးက အလွန်စည်ပါသည်။စိန်ငှက်ရိုးဆိုပြီး သဲသဲမဲမဲ အပြေးလာနားထောင်သူတွေ မနည်းပါ။ဆိုင်းစ၍ ပတ်ဆစ်တစ်ပုဒ်တီးပြီးလျှင်ပြီးချင်း ဆေးတန်ခိုးပြပါတော့သည်။ဦးလေးရိုးက ဗိုက်ကလေးနှိပ်၍ ဆိုင်းဝိုင်းအပြင် ထွက်ပါသည်။ဆိုင်းသမားများလည်း အံ့အားသင့်သလို ပရိသတ်ကြီးကလည်း အံ့အားသင့်နေပါသည်။ဦးလေးရိုးကား ဗိုက်ကလေးနှိပ်ရင်း ပရိသတ်ထဲက ထွက်၍ အိမ်သာဆီ တန်းတန်းမတ်မတ် သွားပါသည်။ခဏကြာမှ ပြန်လာပါသည်။ပြန်၍ ဆိုင်းဝိုင်းထဲဝင်ကာ တစ်ပုဒ်တီးလိုက်ပါသည်။တစ်ပုဒ်တီးပြီးလျှင်ပြီးချင်း ဆိုင်းဝိုင်းအပြင် ထွက်ရ

ပြန်ပါသည်။အိမ်သာဆီသို့သွားပြီး ခဏကြာ ပြန်လာပါသည်။ဆိုင်းဝိုင်းဆီ ပြန်ရင်း တစ်ပုဒ်တီးရင်း တဖြည်းဖြည်း အိမ်သာက ပိုအရေးကြီးပြီး ဝမ်းတွေ မနိုင်အောင် သွားနေတော့သဖြင့် ဆက်မတီး နိုင်တော့ဘဲ သိမ်းလိုက်ရပါတော့သည်။ကိုမန်းစိန် စောစောကကျွေးသောဆေးမှာ ချောကလက် ဝမ်းနှုတ်ဆေးပြားများ ဖြစ်ပါသည်။

ကိုမန်းစိန် ချော့ကလက် ဝမ်းနှုတ်ဆေးပြားများအား သူ့ဆရာကို ကျွေးခဲ့ခြင်းမှာ သူကြိုတင်တောင်းသောငွေ မပေးခြင်းကြောင့် ဖြစ်ပါသည်။ကျွန်တော်လည်း တဖြည်းဖြည်း နေသားကျလာသောအခါ ဦးလေးရိုးတို့ မိသားစုနဲ့ တစ်လုံးတည်း တစ်စီးတည်း နေတတ်လာပါ သည်။ကိုမောင်ကိုနဲ့ ကျွန်တော်မှာ တီးဘက်ဆိုဘက်ဖြစ်ပြီး ပွဲအားညများတွင် တစ်ယောက်က ပတ္တလားတီး တစ်ယောက်က ဆိုပါသည်။ မကြာမကြာ သံပတ္တလား၊ ဝါးပတ္တလားနှစ်လုံး တစ်ပြိုင်တည်း သီချင်းကြီးများ တီးရသည်မှာ အရသာရှိလှပါသည်။မှိုင်းပြာမှုံဝေ ခွာပြာသင်း စသည်များကို ငါးပေါက် အောက်ပြန်ဖြင့် တီးကြပါသည်။ကိုမောင်ကို ပတ္တလားလက်ကျ ကောင်းပါသည်။ သူ့စိတ်ရလက်ရတီးသောအခါမျိုးတွင် သူ့လို ပတ္တလားတီးမိမည့်သူ ခပ်ရှားရှား ဖြစ်ပါလိမ့်မည်။ထို့ပြင် သူကား မှတ်ဉာဏ်အလွန်ကောင်းပါသည်။ကျွန်တော်က သီချင်းကြီး တီးကွက်များကို စာသားဖြင့် ကူးမှတ်ထားကာ မေ့သောနေရာများတွင် စာသားဆိုကြည့်ပြီး ဖော်လိုက်က ပြန်ပေါ်လာပါသည်။ကိုမောင်ကိုကား စာသားဖြင့် အားမပြုဘဲ တီးကွက်သက်သက် ချည်း မှတ်ဉာဏ်အားကောင်းလှကြောင်း တွေ့ရှိရပါသည်။

ကိုမောင်ကိုကား အနေအထိုင် အဝတ်အစား သန့်ရှင်းသပ်ရပ်ပါသည်။ တစ်ခါတစ်ရံ သူ့ကိုယ်သူ လူပျို့လုပ်လွန်းသည်ဟု သူ့ဇနီးက ပြောတတ်ပါသည်။ ကျွန်တော်ကား ဖြစ်သလို နေတတ်ပြီး ထိုအချိန်က လူပျိုဖြစ်သော်လည်း လူပျိုလုပ်ရန် သိပ်ဝါသနာမပါလှပါ။ကိုမောင်ကို နှင့် ကျွန်တော့်မှာ တော်တော်တူညီသော အချက်များများ ရှိပါသည်။သူ့ကို လူခပ်များများက မောင်ကိုကြီးဟုခေါ်ပြီး ကျွန်တော့်ကို မောင်ကိုလေးဟု ခေါ်ပါသည်။ခေါက်ဆွဲကြော်ကြိုက်တာ၊ လက်ဖက်ရည်ချိုကြိုက်တာ၊ စီးကရက်ကြိုက်တာ၊ အသုံးအဖြုန်းကြီးတာ၊ ပညာလိုက်စားတာ၊ ဇွဲကောင်းတာများ တော်တော်တူညီပါသည်။အရက်မသောက်တတ်တာလည်း တူပါသည်။ ဆန့်ကျင်ဘက်တစ်ခုမှာ သူက အသား၊ဖြူ၍ ဝပြီး စိတ်ရှည်ကာ၊ ကျွန်တော်က မည်းမည်း ပိန်ပိန်ခြောက်ခြောက်နှင့် စိတ်တိုတတ်ခြင်းပင် ဖြစ်ပါသည်။

ဝါတွင်း၌ ပွဲလမ်းသဘင်များ ရှားပါး၍ ပေါင်န့်စားသောက်ကြရပါသည်။ မကြာမကြာ ခဏခဏ ပေါင်နှံကြရ၍ အပေါင်ဆိုင်က တရုတ်များနဲ့ ရင်းရင်းနှီးနှီး ခင်မင်နေကြပါသည်။ ဝါတွင်း၌ ပွဲများပြတ်နေ၍ ဘိုင်ကျနေချိန်တွင် စန္ဒရား ကိုကျော်ဒင်က ကျွန်တော့်အား စန္ဒရားတီး ပေးရန် လာခေါ်ပါသည်။တီးရမည်မှာ အောင်ရုပ်ရှင်ရုံဖြစ်၍ ဂမုန်းဘီလူးအသံတိတ်ကားတွင် တီးဝိုင်းခေါင်းဆောင်အဖြစ် တီးပေးရမည် ဖြစ်ပါသည်။(မှတ်ချက်) ကိုကျော်ဒင်မှာ နောင်အခါ နိုင်ငံတော် ပန်တျာကျောင်းများ ဖွင့်လာသောအခါ မန္တလေးပန်တျာ၌ သင်္ကေတ (နုတ်) ဆရာ ဖြစ်လာသူ ဖြစ်ပါသည်။ကိုကျော်ဒင်က ကျွန်တော့်အား ဇာတ်ကား၏ မြူးဇစ်နှုတ် ဂီတသင်္ကေတ စာရွက်ကို ပေးပါသည်။တီးနည်းအသေးစိတ်များလည်း ပြောပြပါသည်။ကျွန်တော် တစ်ခါမှ တီးဝိုင်းခေါင်းဆောင်အဖြစ် ဇာတ်ကားများ မတီးဘူးသေး၍ ကိုကျော်ဒင်ပြပေးသော ဂီတ သင်္ကေတမျာကို သေသေချာချာမှတ်ရပါသည်။ ဂီတသင်္ကေတများမှာ သီချင်းများတီးရန် မျဉ်းကြောင်းများဖြင့် ရေးထားသော သင်္ကေတများ မဟုတ်ပါ။ဥပမာ ထူး ၁၊ တီးရှည် ၁၊ ကရောင်း ၂၊ Fပန်းရုံနား ပျောက်ရပ် T။

ထူး ၁ ဆိုသည်မှာ ပိတ်ကားပေါ်တွင် ဘုရားပေါ်လာ၍ ထူးမခြားနား ၁ ပိုဒ်တီးရန် ပြထားခြင်း၊ တီးရှည် ၁ ဆိုသည်မှာ သံမှန်တီးလုံးအရှည်တစ်ပုဒ် တီးရန်ပြထားခြင်း၊ ကရောင်း ၂ ဆိုသည်မှာ မြင်ကွင်းတွင် တောခန်းနဲ့ ဘီလူးများ ပေါ်လာ၍ ကရောင်း၂ ပိုဒ်တီးရန်၊ F ဆိုသည်မှာ သတ်ခန်း ပုတ်ခန်း ထိုးကြိတ်ခန်းများဖြစ်၍ F အတို ဖိုက်တင်ဗိန်းမောင်တိုက် တီးပေးရန်၊ ပန်းရုံနား ပျောက်ဆိုသည်မှာ ထိုးကြိတ်သတ်ပုတ်သူများ ပန်းရုံနားအရောက် ဗိန်းမောင်း ရပ်ရန်၊ T မှာ တော်ကီ စကားပြောခန်းများ ဖြစ်ပါသည်။

ကိုကျော်ဒင်က မြင်းခြံစသော နယ်များလက်ခံထား၍ ကျွန်တော့်အား အောင်ရုံကို လွှဲပေးခြင်းဖြစ်ပါသည်။အောင်ရုံမှာ မန္တလေးမြို့ ၈၄ လမ်း-၈၅ လမ်းနှင့် ၃၆ လမ်း-၃၇ လမ်း အတွင်း ဖြစ်ပါသည်။ရုံမှာ အညံ့စားရုံဖြစ်ပြီး နေ့ပွဲတွင် လူကျဲကာ ညပွဲများတွင် အလွန်စည်ပါ သည်။ကျွန်တော် စန္ဒရားတီးခ တစ်နေ့ ၁၂ ကျပ် ရပါသည်။ရုပ်ရှင်က တစ်နေ့ ၄ ပွဲ ပြပါသည်။ ကိုတင်မောင်က ဂျပ်စ်တီး၊ ဦးထူးက သံပတ္တလားတီး၊ ကိုဘတန်က ထရမ်းပက်၊ အဆိုက ဦးကျော်ကြီး၊ မ အဆိုက မခင်စိန်၊ နဲ့ဆရာ ကိုရှိန် ဖြစ်ပါသည်။အောင်ရုပ်ရှင်ရုံမှာ အရှေ့ အနောက် အလျားရှည်၍ မြောက်ဘက်က လူဝင်ပေါက်များထားကာ ပြစက်က အရှေ့ဘက်မှာ ဖြစ်ပြီး ပိတ်ကားက အနောက်ထိပ်မှာ အရှေ့ဘက်လှည့်ကာ တီးဝိုင်းခုံက ရုံတွင်း တောင်ဘက် ထိပ်မှာထား၍ တီးရကာ ရုပ်ရှင်ပြသောအခါတွင် ရုံမီးများအားလုံး ပိတ်ထားသော်လည်း စန္ဒရား ပေါ်ရှိ မီးလုံးသေးသေးအလုံးကား ဘေးသို့ အလင်းမပြန့်စေရန် အကာအကွယ်ပြုလုပ်ထားကာ ဇာတ်လမ်းနုတ်ကို မီးလုံးအောက်တွင် ထောင်၍တီးရပါသည်။ထိုဝိုင်းတွင် သံပတ္တလားတီးသော ဦးထူးမှာ သီချင်းကြီးများ ဝါသနာပါ၍ တော်တော်လိုက်စားသူဖြစ်သဖြင့် ဇာတ်ကား၏ အလွမ်းခန်းများတွင် သူနဲ့တိုင်ပင်၍ သူ့ကို အဆိုခိုင်းပါသည်။သူ့အသံကား သံဝါချို အောင်အောင်မြင်မြင် ပီပီသသရှိပါသည်။နောက်တွင် မန္တလေးရှိ ပန်တျာကျောင်းပေါ်လာသော အခါ အဆိုနည်းပြဆရာ ဦးထူးဟု ဖြစ်လာပါသည်။တစ်နေ့ ၁၂ ကျပ်ဖြင့် ကား ၂ ပတ်ပဲ တီးလိုက်ရပါသည်။တစ်နေ့ ၁၅ ကျပ်နှုန်း တိုးမြှင့်ခြင်းခံရပါသည်။၁၅ ကျပ်နှုန်းဖြင့် တစ်လ လောက် တီးပြီး ၂၀ ကျပ်ထိ တက်ရလာပါသည်။ထိုအချိန်က ငွေတစ်ကျပ်မှာ တန်ဖိုးရှိလှပါ သည်။

ရုပ်ရှင်ရုံတီးရသည်မှာ ထိုင်ရတာက မသက်သာလှပါ။တစ်နေ့ ၄ ပွဲမှာ နေ့ ၁၂ နာရီ က ညနေ ၃ နာရီ ၁ ပွဲ၊ ညနေ ၃ နာရီမှ ည ၆ နာရီ ၁ ပွဲ၊ ည ၆ နာရီက ၉ နာရီ ၁ ပွဲ၊ ည ၉ နာရီက ၁၂ နာရီ ၁ ပွဲ။ထိုအထဲ တစ်ပတ်တစ်ခါ ကားပြောင်း၍ နက်ဖြန် ကားသစ်လဲသည်ဆိုက ယနေ့ည နောက်ဆုံးညပွဲပြီး ၁၂ နာရီ ထိုးပြီးမှ နက်ဖြန်တင်မည့်ကားသစ်ကို တီးဝိုင်းက အားလုံး ကြည့်ကြရပါသည်။ ပေးထားသော ဇာတ်လမ်းနုတ်စ်ဖြင့် တိုက်ကြည့်ကြရပါသည်။သို့သော် ဇာတ်လမ်းသိရုံ လောက်သဘောဖြစ်၍ ပြစက်က ခပ်မြန်မြန်ပြပေး၍ ည ၁ ချက်ခွဲ၊ ၂ ချက် မတ်တင်းလောက်မှာ ပြီးတတ်ပါသည်။ညည ရုပ်ရှင်အပြီး ခြေကျင်လျှောက်ပြန်ရသည်မှာ အရသာရှိလှပါသည်။ရုံနဲ့အိမ်နဲ့ တစ်မိုင်လောက်ဝေးပါသည်။ကျွန်တော်ရသမျှ ငွေများကို ဦးလေးရိုးအား ပေးပါသည်။ဦးလေးရိုးက ဧည့်သည်များလာလျှင် “ဝါတွင်းတော့ မောင်ကိုလေးက လုပ်ကျွေးနေတာ စားရတာ”ဟု ပြောတတ်ပြီး ကျွန်တော့်အိတ်ထဲတွင် ပိုက်ဆံမပြတ်ရအောင် ပေးထားပါသည်။ကျွန်တော့်ဘဝကို ပျော်သလိုပဲ နေလိုက်ပါသည်။တစ်ခါတစ်ခါ အမေ့ကို လွမ်းပါ သည်။တစ်ခါတစ်ခါ ရွာက ဂူတော်လှဘုရားကိုလည်းကောင်း၊ မဲကန်ကြီးကိုလည်းကောင်း သတိရ

လွမ်းပါသည်။တစ်ခါတစ်ခါ ရွာက သူငယ်ချင်းများဖြစ်ကြသော ဦးလေး ကိုဘရှင်သား မောင်ကိုကြီး။ ချုံကြီးက ဖိုးရွှေ၊ အုံးမောင် အုံးဆောင် စသည်တို့ကို သတိရပါသည်။ ရွာက ကျွန်တော် မန္တလေးမှာ ပညာသင်နေတာကို အထင်ကြီးကြပါသည်။သူ့တို့ အထင်ကြီးသော်လည်း ကျွန်တော့်ဘဝက ဟိုအိမ်ရောက် ဒီအိမ်ရောက်ဖြင့် နေရသောဘဝမျှသာ ဖြစ်ပါသည်။ ကျွန်တော် အောင်ရုပ်ရှင်ရုံတွင် စန္ဒရားဝင်တီးနေရ၍ ကိုမောင်ကိုနဲ့ ပတ္တလား မတီးအားသေးပါ။ ကိုမောင်ကိုကား စိတ်ရင်းသဘောကောင်းလှပြီး ကျွေးချင်မွေးချင်စိတ် အလွန်ရှိပါသည်။ ကိုမောင်ကိုဇနီး မမြကြွယ်မှာ ဟင်းချက်ကောင်းသူတစ်ယောက်ဖြစ်သဖြင့် ထမင်းအမြဲတမ်း စားကောင်းပါသည်။ကျွန်တော့်အဝတ်အစားများကို ဦးလေးရိုးတပည့်များက ဝိုင်းဝန်းလျှော်ဖွပ်ပေးပါသည်။

အောင်ရုပ်ရှင်ရုံတွင် စန္ဒရားတီးဝိုင်းခေါင်းဆောင်အဖြစ်နဲ့ တီးရသည်မှာ သိပ်မသက်သာလှပါ။ကားသစ်ပြသောနေ့တွင် ညဘက်၌ပင် ၎င်းကားသစ်အား ရုံမှာ အစမ်းကြည့်ရသဖြင့် ညဥ့်နက်ကာ အိပ်ရေးပျက်ပါသည်။အိပ်ပျက်၍ အစားလည်း ပျက်ပါသည်။လက်ဖက်ရည် ဖန်ဖန်သာ သောက်လို့ကောင်းပါသည်။ထိုအခါက နို့စိမ်းများပေါသဖြင့် တစ်မတ်တန် လက်ဖက်ရည်မှာ နို့ဆီပျစ်ပျစ်၊ နို့စိမ်းများများ အဖန်ရည်ကျကျ ဖျော်ထားသဖြင့် လက်ဖက်ရည် ကိုသာ နေတိုင်း ခွက်ရေများများ သောက်ဖြစ်ပါသည်။နေ့စဉ် ၈ ခွက်အောက် မလျှော့ပါ။ စီးကရက်မှာ ငယ်ငယ်တုန်းကပင် ကြိုက်လာသဖြင့် ယခုလို တီးဝိုင်းခေါင်းဆောင်လည်းဖြစ်လာသောအခါ သံဘူး ၅၀ ဝင်ဘူးကို ဝယ်သောက်ဖြစ်လာပါသည်။မီးခြစ်မှာ နိုင်ငံခြားမှလာသော ဓာတ်မီးခြစ်ဖြစ်ပြီး တစ်လက်မပတ်လည်သာသာလောက်သာ ရှိခြင်းဖြစ်ပါသည်။ကားအသစ် နေ့တွင် သီချင်းများ ကြိုတိုက်ရန် ရုံကို ၁၀ နာရီလောက် အရောက်သွားကြရပါသည်။ ၁၀ နာရီခွဲလောက် လူစုံလျှင် သီချင်းသစ်ကို တိုက်ကြပါသည်။သီချင်းသစ်များမှာ များသောအားဖြင့် ပဏာမ ကုမ္ပဏီဇာတ်ကား ကြော်ငြာသီချင်းမျိုးဖြစ်၍ ဘယ်ကုမ္ပဏီက ဒါရိုက်တာ မည်သူ၊ မင်းသား၊ မင်းသမီး၊ လူကြမ်းစသည်များ တော်တော်ပြည့်ပြည့်စုံစုံရေးထားသော ကြော်ငြာသီချင်းမျိုးဖြစ်ပြီး နောက် အမျိုးအစားမှာ တိုင်တယ်ခေါ် နှစ်ပါးသွားများ၊ ဇာတ်ဝင်သီချင်းများ ဖြစ်ပါသည်။တစ်ခါတရံ ထိုသီချင်းများကို ကျွန်တော်တို့အဖွဲ့ ပတ္တလားတီးသူ ဦးထူးက ရေးတတ်ပါသည်။ အချို့ တော်တော်များများ သီချင်းများကျတော့ ဆရာညွှာရေးသောသီချင်းများ ဖြစ်နေပါသည်။

ကျွန်တော် အစ်ကို့အိမ်မှာတုန်းက တီးခဲ့သော စန္ဒရားနှင့် ရုံက စန္ဒရားမှာ အများကြီး ကွာပါသည်။အစ်ကို့အိမ်က စန္ဒရားမှာ လက်တစ်နှိုက်တီးမှ အသံထွက်ပါသည်။ခလုတ်တွေက ချောင်ပြီး ဘယ်လိုညှိညှိ မကြာခဏ အသံကျော်သွားတတ်ကာ ခက်ခက်ခဲခဲ တီးရပြီး၊ ရုံက စန္ဒရားမှာ အသစ်မဟုတ်သော်လည်း တစ်ပတ်ရစ် အကောင်းစားထဲကဖြစ်၍ ခလုတ်ကလေးများက တင်းတင်းရင်းရင်းရှိပြီး ထိလိုက်ရုံ တို့လိုက်ရုံဖြင့် အသံထွက်ကာ အသံများက ညီနေပြီး တစ်လတစ်ခါပင် ကောင်းကောင်းပြန်မညှိရပါ။ထို့ကြောင့်လည်း ကျွန်တော့်စန္ဒရားလက်က ပိုသွက် ပိုကောင်းနေသည် ထင်ပါသည်။နေ့စဉ်နေ့စဉ် တစ်နေ့ ၁၂ နာရီနီးနီး မပြတ်တီးရ၍လည်း လက်များက အထူးပါလာခြင်း ဖြစ်ပါသည်။မန္တလေးမြို့ပေါ်ရှိ စန္ဒရားဆရာများနှင့် ဝါသနာပါသော လူကြီးများက ရုပ်ရှင်ရုံသို့ ဇာတ်ကားလာကြည့်ရင်း ကျွန်တော့်စန္ဒရားသံကို လာရောက် နားထောင်ကြောင်း ပြောကြပါသည်။တစ်ခါတစ်ရံ စန္ဒရားတီးကောင်းတုန်း အနှောင့်အယှက်မှာ

ကုလားထိုင်များက ကြမ်းပိုးကိုက်ခြင်း ဖြစ်ပါသည်။ ရုပ်ရှင်တစ်ပွဲပြီး ကုလားထိုင် အပြင်ထုတ်ခါလည်း မရပါ။ကြမ်းပိုးများက ရုံထဲပြန်ဝင်ပြီး တဖြည်းဖြည်း ပြန်ပေါလာခါ ကိုက်ခြင်းဖြစ်ဟန်တူပါသည်။တစ်ခါတစ်ခါ ရုပ်ရှင်ကြည့်ပရိသတ်များထဲက-

"ကြမ်းပိုးကိုက်တယ်ဟေ့"ဟု အော်သံ မကြာမကြာ ကြားရပါသည်။ထိုအခါမျိုးတွင် အနောက်ဘက်က "မအော်နဲ့ဟေ့ ကြည့်ရတာ ဇိမ်ပျက်တယ်" "ကိုက်လို့ ကိုက်တယ်ပြော ဘာဖြစ်လဲကွ" သည်လိုနဲ့ ရန်ပွဲဖြစ်လာသဖြင့် ရုံတာဝန်ကျများက ထိန်းသိမ်းပေးရသည်လည်း ရှိပါသည်။ ရုံအားလပ်ချိန်ပေးလျှင် "မြေပဲဆားလှော်၊ ကွမ်းယာ၊ ဆေးလိပ်"ဟူသော အသံသေးလေးများဖြင့် ရောင်းချနေသော ကလေးများက အတန်းတိုင်းလို ရှိပါသည်။ထိုစဉ်က ရှေ့တန်းမှာ တစ်မတ်၊ ဒုတိယတန်း ငါးမူး၊ တတိတန်း သုံးမတ်၊ စတုတ္ထတန်း တစ်ကျပ်၊ အထူးတန်း တစ်ကျပ်ခွဲဖြစ်ပါသည်။ ရုပ်ရှင်ရုံတွင်းမှာ တစ်ခါတစ်ရံ လူအတော်စုံပါသည်။သူခိုး၊ အလစ်သမား၊ ခါးပိုက်နှိုက်၊ မကောင်းသောမိန်းမများက ရုံထဲတွင် အမြဲတမ်း အတွဲဖြင့်ရှိတတ်ပြီး ဘေး ချောင်ကျကျနေရာမျိုးတွင် နေရာယူတတ်ပါသည်။ကျွန်တော်တို့ တီးဝိုင်းမှ ဂျပ်စ်တီးသော ကိုတင်မောင်က ဒီကိစ္စမျိုး နည်းနည်းဝါသနာပါပါသည်။"ဟော. . ဘယ်သူ ဘယ်သူ ဘယ်နေရာမှာ ရှိတယ်" "ဟာ ဒီအသစ်ကလေး မမြင်ဘူးသေးဘူးဟ"

"ဟာ ဒီဟာမကြီးကတော့ စံပါပဲကွာ"စသည်ဖြင့် သူ့အသံကို မကြာမကြာ ကြားရတတ်ပါသည်။နာမည်တွေကိုလည်း သူက သိနေပါသည်။တစ်ရက်တွင် ည ၁၂ နာရီပွဲအပြီး အမျိုးသမီးတစ်ယောက်ကို သူက ခေါ်လာပြီး ကျွန်တော့်အား "မောင်ကိုလေး သူက မင်းကို ချစ်လို့တဲ့"

ကျွန်တော်က အမျိုးသမီးကို လှမ်းကြည့်လိုက်စဉ်မှာပင်-

"သူပြောတာ ဟုတ်တယ်"ဟု အမျိုးသမီးက ဝင်ပြောလိုက်ပါသည်။

"ဟာ. . ကိုတင်မောင်ကလည်း အတော်နောက်တာပဲဗျာ"

"ဟေ့ နောက်ပြောတာမဟုတ်ပါဘူးကွ သူက ငါ့ပြောခိုင်းနေတာ ကြာလှပြီ"

'သူပြောတာ ဟုတ်တယ်' အမျိုးသမီးကဝင်ပြောလိုက်ပါသည်။

"ဟင်း ခင်ဗျား မရှက်တတ်လို့ ပြောတာပဲ"

"ရှင်ထင်ချင်သလို ထင်နိုင်တယ်။ကျွန်မကတော့ ရှင့်ကိုချစ်တာ တကယ်ပဲ"

တကယ်ပင် ပြောနေသလား ထင်မှတ်ရပါသည်။ကိုတင်မောင်ပင်လျှင် စောစောကလို စပ်ဖြဲဖြဲမျက်နှာ မဟုတ်တော့ပါ။နည်းနည်း တည်သွားပါသည်။ ရုတ်တရက် ကျွန်တော် စိတ်မကောင်းဖြစ်သွားပါသည်။မကောင်းတဲ့မိန်းမဟု အသိစွဲနေခြင်းကြောင့် သူ့ကို ကျွန်တော်က ခပ်ပြောင်ပြောင် ပြောလိုက်မိခြင်းကို အားနာသွားပါသည်။ထို့ကြောင့် တောင်းပန်လိုက်ပါသည်။

"ကျွန်တော် ပြောမိတာ ခွင့်လွှတ်ပါ"

ထိုနေ့က ဤအမျိုးသမီးနဲ့ခွဲပြီး ခြေကျင်လျှောက်ကာ ၃၅ လမ်းက မလွန် ဆင်း၊ မလွန် ကနေ သကျသီဟဘက်ဖြတ်ကူး မိုးကောင်းတိုက်၊ ခင်မကန်တိုက်များကြားမှ ချမ်းသာရ ထုံးကုံးသို့ ရောက်ပါသည်။အိပ်ရာပေါ်အရောက် ထိုအမျိုးသမီးမျက်နှာ မြင်နေသော်လည်း ပင်ပန်းလွန်းနေ၍ ခဏနှင့်ပင် အိပ်ပျော်သွားပါသည်။

တဖြည်းဖြည်းနှင့် အောင်ရုံမဟုတ်တော့ဘဲ နယ်ထွက်၍ စန္ဒရားတီး လိုက်ရပါတော့သည်။စဉ့်ကိုင်၊ ကျောက်ဆည်၊ မြစ်သား၊ မတ္တရာ၊ မေမြို့ စသည်ဖြင့် နယ်ပွဲများလိုက်သောအခါ

ပိုက်ဆံပိုရပါသည်။သို့သော် အဖွဲ့က အောင်ရုံတုန်းက တီးခဲ့သောအဖွဲ့ မဟုတ်ပါ။ထိုမြို့များရှိ တီးဝိုင်းလူများနှင့် တွဲဖက်၍ တီးရခြင်း ဖြစ်ပါသည်။နယ်များတွင် ရုပ်ရှင်ပြစက်က တစ်လုံး တည်းပြသဖြင့် တစ်ဆက်တည်း မပြနိုင်ပါ။တစ်ပိုင်းပြီး ခဏရပ် နောက်တစ်ပိုင်း ဆက်ပြသဖြင့် အချို့နေရာများတွင် တီးဝိုင်းက ကျွံကျွံသွားပါသည်။ထိုအခါမျိုးတွင် ပရိသတ်က ညာသံပေး အော်ဟစ် လှောင်ပြောင်ပါသည်။၂ ခါ၊ ၃ ခါ ကျွန်တော် ခံလိုက်ရပါသည်။နောက်တော့ သတိထားကာ ပြစက်က ဖလင်တစ်ပိုင်းကုန်ခါးနီး ချောက် ချောက် ချောက် ချောက်အသံ မြည်လျှင် တီးလုံးကို ထိုးရပ်လိုက်ပါသည်။ခုမှ အိုးရွှဲ့ စလောင်းရွှဲ့ အံကျဖြစ်ပါတော့သည်။

ဝါတွင်း၌ ကျွန်တော် စန္ဒရားတီးခဲ့ရ၍ စားဝတ်နေရေး ပြေလည်ပါသည်။ သို့သော် ဝါကျွတ်ခါနီးလောက်တွင် နယ်ပွဲများ မရှိတော့ပါ။နယ်များက ပွဲလမ်းသမား များလာတော့ မည်ဖြစ်၍ ရုပ်ရှင်များက ထိပ်တိုက်မဝင်ပါ ရှောင်ကြပါသည်။ အောင်ရုံကလည်း လူစားသွင်းထား ပြီးဖြစ်၍ ကျွန်တော့်တွင် အလုပ်မရှိပါ။နေ့လယ် နေ့လယ် လျှောက်လည်ခြင်း၊ ညညများတွင် ကိုမောင်ကိုနှင့် ပတ္တလားတီး၍ သီချင်းများ ပြန်ဖော်ခြင်း၊ စစ်ခြင်း စသည်တို့ဖြင့် အချိန်ကုန် နေသော်လည်း အားမရ၍ နောက်ရက်များတွင် ကြော်ငြာလှည့်ကားပေါ်တွင် လိုက်တီးပါသည်။ ကြော်ငြာလှည့်ကားပေါ်တွင် တစ်နေ့ ၅ ကျပ်သာ ရပါသည်။ကြော်ငြာဝေရာ ကားနောက်သို့ ကလေးငယ်များက အပြေးအလွှားလိုက်၍ ကြော်ငြာတောင်းပါသည်။တစ်ခါတစ်ခါ လူကြီးများ အပျိုလေးများကလည်း တောင်းတတ်ပါသည်။တစ်ရက်တွင် နတ်ကနားဆိုင်းက လူလို၍ လာခေါ်သဖြင့် လိုက်သွားပါသည်။ကျွန်တော်က ကြေးနောင်တီးရပါသည်။နတ်ကနားဆိုင်းတွင် မောင်းဆိုင်းမပါပါ။နတ်ကနားတီးမှာ ပတ်မကြီးကို အသံပြုတီးကြရပါသည်။ဆိုင်းဝိုင်းထဲက အပိုခေါ် သံစဉ်တေးသွားများကို မတီးဘဲ ပတ်ဆစ်ချိုးများသာ တီးပေးရပါသည်။ဘယ်လောက် တီးကောင်းနေနေ နတ်ဝင်သည့် နတ်ကတော်က လက်အုပ်ချီလိုက်လျှင် ဆိုင်းက စည်တော်ရွှန်း၍ ဖြတ်ပေးလိုက်ရပါသည်။နတ်ထွက်သွားသည့် အထိမ်းအမှတ်ဖြစ်ပါသည်။မမနှဲဝင်သောအခါ အချို့နတ်ကတော်ကြီးများက အသက် ၇၀ ကျော်အရွယ်များဖြစ်၍ ကလေးများလို မပီကလာ ပီကလာပြောသည်များက ရယ်စရာကောင်းပါသည်။ထိုသို့ မမနှဲချော့နေစဉ် ကျွန်တော်က မအောင့်နိုင်၍ ရယ်လိုက်ရာ မမနှဲက "ဟဲ့ ရွှေမောင်လေး မလှောင်နဲ့ မလှောင်နဲ့"

"မလှောင်ပါဘူး ခင်ဗျား"

"ဟင့် ဟင့် လှောင်ရင် ဟောဒီ ရွှေဖင်သီး ပေးဘူး" သူ့လက်ထဲက ကြက်ဥလေးများ မြှောက်ပြပါသည်။နောက် ဆက်ပြောပြန်ပါသည်။

"နောက်တစ်ခါ ရွှေမောင်လေး လှောင်ရင်လေ ရွှေချောက်ပတ်နဲ့ ပွတ်မယ် သိလား"

မမနှဲ၏ သီချင်းသံကလေးများက ငါးပေါက်သံဖြစ်၍ ချစ်စရာ၊ ကြည်နူးစရာ အသံနဲ့ တေးသွားလေးများ ဖြစ်ပါသည်။

"ရွှေလရယ်သာသာ ရွှေလရယ်သာသာ ထမင်းကို ဆီဆမ်း ရွှေလင်ပန်းနဲ့ မနှဲကို မနှဲကို မနှဲကို မမနှဲကို မမနှဲကို ဆက်ပါ့မယ်လေး"

"မမနှဲ ဖြူဖြူ ဗိုင်းတောင့်လေးနဲ့တူ"

ဗေတိုး ဂျေးထိ ပတ်မသံ လင်းကွင်းသံ ထွက်လာသည်။

"နေပူမှာစိုး နေပူမှာစိုး"

"ပဒုမ္မာရွှေကြာရိုး ထီးလုပ်လို့ ထီးလုပ်လို့ မိုး" ဆိုင်းနောက်ထိုင်များ ပျော်ပျော်ရွှင်ရွှင်

ရှိလှပါသည်။ကျွန်တော့်မှာ အင်း. . သူ့သဘာဝနှင့်သူပဲဟုသာ မှတ်လိုက်ရပါတော့သည်။ နတ်ကနားတီးရသည်မှာ မရပ်မနားတီးရသည်က များသည့်အတွက် တယ်မသက်သာလှပါ။ တစ်ခါတစ်ခါ နတ်ကရင်း ချော့ရင်း နတ်ဝင်သူများက နတ်စကား ပြောတတ်ပါသည်။ထိုသို့ နတ်စကားပြောနေချိန်တွင် ဆိုင်းက ရပ်မပစ်လိုက်ရပါ။လိုက်စ်မြူးဇစ်တိုးတိုးလေး တီးပေးနေရပါသည်။ နတ်စကားပြောသူများက ဤကဲ့သို့ အတီးလေးနဲ့မှ ပိုပြောတတ်ကြပါသည်။

နတ်ဝင်သူ "ဟေ့ ငါမှန်းသိရဲ့လားကွ"

နတ်ချော့သူ "ကြောက်ပါတယ် ကိုယ်တော်"

ဆိုင်းက မြတ်နိုးသူရယ် ချစ်မိုးစွေခဲ့တယ် ဘုံကြိုးပြတ်တဲ့ ဒေဝီနတ်မျိုးနွယ်၊ တိုးတိုးချင်း တီးနေ၍ နှဲသံကလေးက မပီတစ်ချက် ပီတစ်ချက် ကြေးနောင်က အဖျားလေးများဘက် လု၍ အသံရှာတီးနေရ၏။"အို မျက်မာန်တော် ညှိုးပါနဲ့ မှော်ကိုးသူ"

"ဟေ့ ထောင်ထုပ် သောင်းထုပ်မလိုချင်ဘူးလားဟေ့"

"လိုချင်တာပေါ့ ကိုယ်တော်"

"အေးအေး ဘယ်နှစ်ခါရဖူးလဲကွာ"

"တစ်ခါ နှစ်ခါ ရဖူးပါတယ် ကိုယ်တော်"

"ဟင်း မင်းတို့က ဆက်တော့ ဆယ်ဂဏန်း၊ ရာဂဏန်း၊ ငါကပေးတော့ ထောင်ဂဏန်း၊ သောင်းဂဏန်း"

"မှန်ပါ ကိုယ်တော်"

"အေး. . ဒီတစ်ခါ ငါ့မေ့နဲ့ သောင်းထုပ်မက သိန်းထုပ်ပါရစေမကွဲ့ ကြားလားကွ"

"ဟေး. . "နတ်ဝင်သူက ဟေးဟု အချက်ပေးလိုက်ရင် ဆိုင်းက ပြန်၍ မြိုင်မြိုင် ဆိုင်ဆိုင် ဆက်တီးရပြန်ပါသည်။နတ်ကနားတီးရသည်မှာ သီချင်းကြီး များများပါသည်။ ဝေဇယန္တာ၊ ကောင်းချီးသဘင်၊ ဂန္ဓမာတောင်၊ ပန်းဟေဝန်၊ သာဆန်း ရဂုံဘွဲ့၊ ညှင်းညှင်း စသည်များဖြင့် ရှေးတီးနည်း တီးချက်များ စုပေါင်းတီးရခြင်း ဖြစ်သဖြင့် ဂီတဗဟုသုတတွင် လေ့လာ၍ ကောင်းပါသည်။နတ်ကနားဆိုင်းမှာ ညနေက စတီး၍ နားလိုက် တီးလိုက်ဖြင့် ည နာရီပြန် ၂ ချက် လောက်မှ သိမ်းပါသည်။နောက်တစ်နေ့နံနက် ထမင်းစားပြီး ၁၀ နာရီလောက်က ညနေ မိုးစုပ်စုပ်ချုပ်မှ ပြီးပါသည်။ထိုနတ်ကနားမှ တစ်ပွဲအတွက် ၁၈ ကျပ်ခွဲ ရခဲ့ပါသည်။

သီတင်းလည်း ကျွတ်ပါပြီ။ပွဲသံလေးများလည်း ကြားလာပါပြီ။ဆိုင်းပွဲများ ကောင်းကောင်းမရသေးပါ။အငြိမ့်နဲ့ ဇာတ်ပွဲများသာ များနေပါသည်။အငြိမ့်က ကျွန်တော်တို့ ဝင်တီး၍ မရပါ။သူက လူငါးယောက်တီး အံကျတိုက်ထားသဖြင့် သူ့လူနဲ့သူမှ အံကျခွင်ကျ ရှိပါသည်။ဇာတ်များက ထိုသို့မဟုတ်ပါ။ပွဲဦးများတွင် ဝင်တီးနိုင်သလို နောက်ပိုင်းများတွင်လည်း ဝင်တီးနိုင်ပါသည်။မြို့ပေါ်ရှိ ဇာတ်ပွဲများသို့လိုက်ပြီး ကျွန်တော် တီးနေပါသည်။ဇာတ်ပွဲများတွင် ခေါ်သည်ဖြစ်စေ၊ မခေါ်သည်ဖြစ်စေ လိုက်တီး၍ ရပါသည်။မနက်လင်းအောင်တီးက ဇာတ်ဆရာဖြစ်စေ၊ မင်းသား ဇာတ်ထောင်ဆိုပါကလည်း မင်းသားကဖြစ်စေ လက်ဖက်ရည်ဖိုး ၁၀ ကျပ်၊ ၁၅ ကျပ် ပေးစမြဲဖြစ်ပါသည်။

ကျွန်တော်သည် ပင်ပန်း၍ အိပ်ရေးများ ပျက်နေသည်က များနေပါပြီ။ တစ်ညတွင် ဦးလေး ဦးရာကျော်ဆိုင်း ရွှေဘိုတင်မောင်နှင့် တွဲတီးနေသည်မှာ ပရိသတ်များက ဆိုင်းရော ရုပ်သေးရော အလွန်ကြိုက်နေကြောင်း ကြားသိရသဖြင့် ထိုပွဲရှိသော ရွှေပြည်ဓမ္မာရုံသို့ လာခဲ့ပါ

သည်။ရုပ်သေးစင်က ဓမ္မာရုံရှေ့ အရှေ့ အနောက် လမ်းမကြီးမြောက်ဘက်ဘေး တောင်ဘက်လှည့်ကာ ဆောက်ထားပါသည်။ရွှေဘိုတင်မောင် ရုပ်သေးမှာ အုံ့ဩဖွယ်ကောင်းလောက်အောင် ပရိသတ်စည်ကားနေသည်ကို တွေ့ရပါသည်။ရုပ်သေးရှေ့ပိုင်း အရုပ်ကြမ်းများတီးနေသည်မှာ ကျွန်တော်ရထားသော တီးနည်းများနဲ့ တူညီသည်ကများပြီး အချို့နေရာများသာ နည်းနည်းမှုကွဲဖြစ်နေပါသည်။သို့သော် ကျွန်တော်က သိပ်ဇာမကျယ်ရဲပါ ခပ်ကုပ်ကုပ်ဖြင့် မောင်းတီးလိုက် စည်းတီးလိုက် နေပါသည်။ထိုနေ့က နောက်ပိုင်းတွင် ဆိုင်းဝိုင်းထဲ၌ ကျွန်တော် ဝင်တီးပါသည်။ ဇာတ်လမ်းမှာ သဘော်လွှင့်ခန်းပါလာသဖြင့် ကျွန်တော်က ဝေလာလောက်တီးပြီး သိပ်မကြာခင်မှာပဲ ဗိန်းမောင်းတိုက်လိုက်ပါသည်။

နံနက်လင်း၍ ပွဲသိမ်းသောအခါ ဦးလေး ဦးရာကျော်က-

"အေး. . ညက သဘော်လွှင့်တာ မင်းက ဝေလာတီးပြီး ချက်ချင်း ဗိန်းမောင်းတိုက်လိုက်တော့ သဘော်ကလည်း ချက်ချင်းမြုပ်ရတော့တာပေါ့။သဘော် စောစောမြုပ်တော့ ပွဲက စောစောသိမ်းလိုက်ရရော။ပွဲစောစောသိမ်းလို့ ပွဲရှင်က မကျေနပ်လို့ ငွေလျှော့ချေရင် မင်းတာဝန်ပဲ"ဟု ပြောပါသည်။ကျွန်တော့်မှာ ဘာစကားမှ မပြန်နိုင်တော့ပါ။အလွန်ရှက်ပါသည်။ ကိုယ့်ကိုယ်ကိုယ် လူတတ်ကြီးလုပ်ပြီး ဆိုင်းဝိုင်းထဲက ဝင်တီးခဲ့သမျှ ငွေထပ်လျှော်ရမည့်ကိန်းဆိုက်နေပါပြီ။ နောက်တစ်နေ့ည ရုပ်သေးသို့ ကျွန်တော် မသွားတော့ပါ။သို့သော် လေးငါးရက်အကြာတွင် ဦးလေး ဦးရာကျော်ခေါ်သဖြင့် သူ့အိမ် စိန်ပန်းသို့ သွားရပါသည်။ ထိုအခါ သူက ကျွန်တော့်အား ရုပ်သေးတီးနည်းများအကြောင်း အသေးစိတ်ပြောပြသည်။ကျွန်တော်သည် ပညာကုသိုလ်ကံကောင်းသည်ဟု ဆိုရပါမည်။ရွာမှာ ကျောင်းနေစဉ် ဘုန်းဘုန်းက အရေးကြီးဆုံးသော ပရိတ်ကြီး ၁၁ သုတ်နှင့် ဇကြောင်း ဂဏန်းတွက်နည်းကို သင်ပေးလိုက်ပါပြီ။မန္တလေးရောက်၍ အစ်ကိုက အဘိစိန်ဗေဒါ၏ သင်ရိုးတီးကွက်များ သူရသမျှ သင်ပေးပါသည်။ဘဘဦးဟံပက ခဲရာခဲဆစ် သီချင်းကြီးများ၊ ဆိုင်းတီးနည်းများ သင်ပေးပါသည်။ဦးလေး ဦးအုန်းရွှေ၊ ဦးလေးရိုး၊ ဦးလေး ဦးရာကျော်၊ အေဝမ်းဆရာညာ၊ ဦးဘမောင်ကြီး စသောပုဂ္ဂိုလ်များက သူတို့ရရှိထားသော လျှို့ဝှက်နက်နဲသည့် အနုပညာများကို ကျွန်တော့်အား သင်ကြားပေးကြပါသည်။ ကျွန်တော် မဟာဘုတ်တွင် ကြာသပတေးဂြိုဟ် ထွန်းပါသည်။ ၁၂ ရာသီစက်တွင် ကြာသပတေးက သိဟ်ရာသီတွင် ရှိပါသည်။သိဟ်ရာသီ ကြာသပတေးကား ပညာဖြင့် ရဲရင့်စေရန် ဖော်ညွှန်းပြနေပါသည်။မန္တလေးမြို့ပေါ်ရှိ ပွဲများ လိုက်တီးနေရ၍ ကောင်းကောင်းအိပ်ရေးမဝပါ။ အအိပ်ပျက် အစားပျက် ဖြစ်နေပါသည်။လက်ဖက်ရည်အချိုသာ စွဲစွဲမြဲမြဲသောက်နေပါသည်။ ညတွင် ဇာတ်ပွဲများ၊ နတ်ပွဲများ ကြုံရာလိုက်တီး၍ နေ့တွင် ကြော်ငြာလှည့်ကြရာ အတီးများနှင့် လိုက်တီးနေပါသည်။တစ်ရက်တွင် စန္ဒရား ကိုအုန်းမောင်က သူ့အား အတီးလိုက်ကူရန် ပြောပါသည်။သူက အရပ်သားပြဇာတ်ဖြင့်တီးရန် လက်ခံထား၍ ပြဇာတ်က တစ်ည ၂ ထုပ်၊ ၂ ထုပ်မိုးလင်း ကမည်ဖြစ်သဖြင့် သူက အလင်းမထိုင်နိုင်၍ နောက်ပိုင်း ၁ ထုပ် ကျွန်တော်က တီးပေးရန် လာပြောခြင်းဖြစ်ပါသည်။ကျွန်တော်က ကူညီမည်ဟု ကတိပေးလိုက်ပြီး နောက်တစ်နေ့ တီးလုံးတိုက်ရာ ကြေးသွန်းခပ်တန်းသို့ သွားကြပါသည်။နှစ်ထပ်အိမ်ကြီးကြီးအောက်တွင် စန္ဒရားကြီး ချထားပါသည်။ တီးဝိုင်းတွင် တယောဆရာ၊ သီချင်းဆိုမည့်သူများပါ ပါဝင်ပါသည်။ ကျွန်တော်က ထိုစဉ်အခါက အလွန်ပိန်ပိန်သေးသေးဖြင့် အိပ်ရေးပျက်အစားပျက် အရိုးနှင့်ငေါငေါအချိန် ဖြစ်ပါသည်။တီးလုံးတိုက်ရန် ကိုအုန်းမောင်က စန္ဒရားထိုင်သောအခါ မင်းသမီး

လုပ်မည့် အမျိုးသမီးက လူပေါင်း ၅၀ လောက် ရှိပါသည်။သူတို့ကိုယ်က ရေမွှေးနံ့၊ ပေါင်ဒါနံ့များက မွှေးလွန်း အီလွန်းနေပြီ။ကိုအုန်းမောင် ပတ်ပတ်လည်တွင်လည်းကောင်း၊ စန္ဒရားကြီး ပတ်ပတ်လည်တွင်လည်းကောင်း ပြည့်ကျပ်နေပါသည်။ ကိုအုန်းမောင်ကား ခေါင်းနောက်စေ့ ထွက်ဖြင့် အလွန်ဉာဏ်ကောင်းပါသည်။ဉာဏ်ကောင်းသလောက် စန္ဒရားလက်ကောင်းပြီး လက်ပေါ့လွန်းလှသူ ဖြစ်ပါသည်။ စန္ဒရားကို အရော်တီး အပျောက်တီးများဖြင့် လူကြောက်အောင် တီးနိုင်သူ တစ်ယောက် ဖြစ်ပါသည်။ယခုပြဇာတ်မှာ မန္တလေးတောင်ပြင် ကြေးသွန်းခပ်တန်းက စီစဉ်ပြုလုပ်သော အရပ်ပြဇာတ်ဖြစ်၍ သီချင်းတွေက များလှပါသည်။အရပ်ထဲက ကုလားထိုင်တွေ ခုံရှည်တွေငှားပြီး အားလုံး ထိုင်ခိုင်းရပါသည်။အချို့အမျိုးသမီးများက ကိုအုန်းမောင်နားတွင် မတ်တတ်ရပ်၍ သီချင်းဆိုပြနေကြပါသည်။ ထိုအချိန်တွင် ကျွန်တော်ကား လုံချည်တစ်ပတ်နွမ်း စွပ်ကျယ်လက်ပြတ် ဂျပန်တဘက်ကလေး ခေါင်းပတ်သွားသဖြင့် ကျွန်တော့်အား ပေါ်တာ ချာတိတ်လေးဟု အောက်မေ့ကြဟန် တူပါသည်။

အမျိုးသမီးများက ကျွန်တော့်အား

"ဟဲ့ ကောင်လေး ဟိုဘက်နားတိုးစမ်း"

"ဟုတ်ကဲ့ခင်ဗျာ" နောက်တစ်ယောက်က လာသောအခါ "ဟဲ့ ကလေး ဟိုဘက်တိုးပေးပါ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"၊ တဖြည်းဖြည်း ကျွန်တော် တီးဝိုင်းအပြင်ဘက် ရောက်ရပါသည်။ သို့သော် သီချင်းစာသားများကို ရေး၍ ပိုင်းလော့ဖောင်တိန်ကလေးနဲ့ ဗလာစာအုပ်ကို လက်က မချဘဲ သီချင်းများကို ရအောင် ကျက်မှတ်နေမိပါသည်။

နေ့လယ် ၁၂ နာရီထိုးသောအခါ နံနက်စာ ထမင်းစားနား၊ ရေမိုးချိုးပြီး ၁ ချက်လောက် တီးလုံးပြန်တိုက်ကြပါသည်။သီချင်းတွေက များလွန်းလှပါသည်။ အသံများကလည်း စုံပါသည်။ငါးပေါက်၊ ခြောက်ပေါက်၊ သံမှန်၊ ခုနစ်သံချီသီချင်းတွေ လက်မလည်နိုင်အောင် မှတ်နေရပါသည်။ကိုအုန်းမောင်ကား သီချင်းတစ်ပုဒ်ကို ၂ ခေါက်ထက် ပိုမကြောင်းရပါ။တတိယ အခေါက်တွင် သူက ရနေပါပြီ။ဤမျှ ဉာဏ်ကောင်းပါသည်။ကျွန်တော်က လက်တွေ့အတီးဖြင့် မှတ်ရသည်မဟုတ်ဘဲ စာဖြင့်မှတ်ရ၍ ကျွန်တော်အားသာသောစာဖြင့် လိုက်ဆိုကာ မှတ်ရသဖြင့် ကျွန်တော်လည်း တစ်ခေါက် နှစ်ခေါက်ကြောင်းရုံဖြင့် ရပါသည်။သီချင်းတိုက်ရာတွင် သီချင်းတွေများသလောက် တဖြည်းဖြည်း ညနေစောင်းလာပါသည်။ညနေ ၄ နာရီ ထိုးလောက်ရှိပါပြီ။ ဒီအတွင်း အိမ်သာသွားခြင်း၊ လက်ဖက်ရည် တစ်ခါသောက်ခြင်းသာ နားခဲ့ပါသည်။သီချင်းတွေ များများမှတ်ရသော ကိုအုန်းမောင်မှာ သူ့ဘေးနားတွင် အမျိုးသမီး၊ အမျိုးသားများက ပိတ်ရပ်ထားကြ၍ ပိုပြီး စိတ်အိုက်ဟန်ရှိပါသည်။ကျွန်တော့်မှာ ကောင်လေး ဖယ်ပါဆိုကြသဖြင့် အပြင်က လွတ်လွတ်လပ်လပ် မှတ်ရသဖြင့် ပိုမှတ်မိသလို ဖြစ်ပါသည်။ညနေ ၅ နာရီထိုးပါပြီ။ ထိုအချိန်တွင် မိန်းကလေးတစ်ယောက်က သူ့သီချင်းစာရွက်ကလေးကို ကိုအုန်းမောင်အား ပြလိုက်ပါသည်။ကျွန်တော်က ထိုအမျိုးသမီးအား လှမ်းကြည့်လိုက်ရာ ခေါင်းပေါ်တွင် ယောင်ကလပ်လေး ဖြင့် နားအောက်က ဆံကောက်က သွယ်ကျ၍ ပါးကွက်သနပ်ခါးကလေးက လင်းနေပါသည်။ သူကား တောသူအခန်းက ပါဝင်သရုပ်ဆောင်ရမည်ဖြစ်၍ ယခုပင် တောသူလေးနဲ့တူအောင် ဆင်ယင်ထားခြင်း ဖြစ်ပါသည်။

သူဆိုလိုက်သောအသံမှာ အောင်အောင်မြင်မြင်ကောင်းပြီး အသံကိုက်ပါသည်။

သီချင်းမှာ -

“တော$^{၂}$သူ$^{၃}$ခ$^{၄}$လေ့$^{၆}$မို့$^{၇}$ ပျော်$^{၄}$လို့$^{၄}$ရွှင်$^{၄}$လို့$^{၄၆}$ ခင်$^{၂}$ပျို့$^{၄၆}$မှာ$^{၄၃}$တော့$^{၄}$”

ကိုအုံးမောင်က သူဆိုပြသည်ကို ဤသို့ တီးကွက်ဖော်ပါသည်။

‘တော$^{၂}$သူ$^{၃}$ခ$^{၄}$လေ့$^{၆}$မို့$^{၇၁}$ ပျော်$^{၄}$လို့$^{၄}$ ရွှင်$^{၄}$ လို့$^{၄}$ ခင်$^{၂}$ပျို့$^{၄}$မှာ$^{၄}$တော့$^{၄}$”

ကိုအုံးမောင် စန္ဒရားသံဆုံးပြီး အားလုံးငြိမ်နေကြပါသည်။ပျော်လို့ ရွှင်လို့ ခင်ပျိုမှာ တော့ဆိုသောနေရာတွင် လေးပေါက်တစ်သံတည်း တီးပြထား၍ နားထောင်ရတာ မကောင်းပါ။

ကိုအုံးမောင်က အမှတ်မထင် ကျွန်တော့်ဆီ လှမ်းမေးလိုက်ပါသည်။

“ကိုမောင်ကိုလေး ကျွန်တော်တီးတာ ကောင်းသလား”

“မကောင်းဘူး” ကျွန်တော် ချက်ချင်းဖြေလိုက်ပါသည်။

“အေးဗျာ ကျွန်တော် လက်မြှောက်ပြီ ခင်ဗျားဝင်ပါဦး”ဟု စန္ဒရားမှ ထပေးပါသည်။ ကျွန်တော် ထိုင်ရာမှထကာ စန္ဒရားခုံတွင် ဝင်ထိုင်လိုက်ပြီး ထိုသီချင်းကို ပါးစပ်ကဆိုရင်း ဤသို့ တီးပြလိုက်ပါသည်။

‘တော$^{၄၃၂}$သူ$^{၃၂၃}$ခ$^{၄၃၆}$လေ့$^{၃၄}$မို့$^{၆၇၁}$ပျော်$^{၄၅၆}$လို့$^{၃၄၅}$ ရွှင်$^{၆၇}$လို့$^{၄၅}$ခင်$^{၆၇}$ ပျို $^{၆၇၁}$ မှာ$^{၇၆}$တော့$^{၇၄}$”

“ဟယ်” အားလုံးသံပြိုင်များ ထွက်သွားကြပါသည်။

ကျွန်တော့်ဆီက မမျှော်လင့်ဘဲ ထွက်လာသော သီချင်းတီးကွက် လက်သံနှင့် သီချင်းဆိုသံတို့ကြောင့် အားလုံးက အံ့အားသင့်နေကြပြီး ကျွန်တော့်အား အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြပါသည်။စောစောက သီချင်းနှင့် တောသူ အမျိုးသမီးလေး၏ မျက်နှာကဝင်း၍ ကြည်လင်နေပါသည်။

“ကဲ. . ခင်ဗျားသီချင်းဆက်ဆိုပါ”

ကျွန်တော်က ပြောလိုက်သဖြင့် သူက ဆက်ဆိုပြပါသည်။

“တောသူ ခလေ့မို့ ပျော်လို့ ရွှင်လို့ ခင်ပျို့မှာတော့ ကြော့ကြော့ရှင်းတဲ့ ယမင်းငွေဖော့ဆင်းတွေနော့သရှင်။
မွှေးနံ့သာသွေးခါ သတယ်။ဘိုကရိုဆံကေသိမ်းလို့ ဟိုအပျိုဟန် တွေယိမ်းလို့
ထဘီကလေးတိုတို ခါးရင်မှာ ရှားတင်သတယ် ပါးကွက်ကလေး စိုစိုပျိုပျို ဆိုဆို
အများဆင်သမြင်ရတဲ့အခါမှာတော့ နကို နကို နကိုယဉ်က ယဉ်ပျိုလေး တို့တောတွင်းမို့
အော်ရင်း ပျော်ရင်း သီချင်းဆိုလိုက်ချင်”

သီချင်းရှင် အမျိုးသမီးက မရှက်မကြောက် ရဲရဲဝံ့ဝံ့ ဟန်ပန်တွေဖြင့် တကယ့်တောသူ အမူအရာများပါ ထည့်၍ဆိုပြလိုက်ရာ အသံကောင်း၊ အဆိုကောင်း၊ သရုပ်ဆောင်ကောင်းဖြစ်၍ ကျွန်တော် စန္ဒရားတီးလက်များက အလိုလိုထွက်လာသလား မသိပါ။ရိုးရိုးလေးနှင့် ယဉ်ကျေးသော သီချင်းစာသားများပေါ်တွင် ခေတ်မီသော တေးသွားကလေးပါရှိလာသဖြင့် သူ့သီချင်းကား တီးကွက်တွင် ပို၍အသက်ဝင်လာပြီး အားပါးတရ တီးချလိုက်သော ကျွန်တော့်စန္ဒရားသံအဆုံးတွင် အားလုံးငြိမ်သွားပြီး အမျိုးသမီးများ၏ မျက်နှာတွင် ကျွန်တော့်အား ရိုသေလေးစားသည့် သဏ္ဍာန်များ ပေါ်လျက်ရှိနေပါပြီ။ထိုအချိန်ကစ၍ သူတို့က ကျွန်တော့်အား ဆရာလေးဟု ခေါ်ကြပါသည်။ထိုနေ့က ညစာစားပြီး ညဦးပိုင်းထိ ဆက်၍တီးလုံးတိုက်ကြရာ ၁၀ နာရီလောက်မှ သိမ်းလိုက်ကြပါသည်။အပြန် ဂျစ်ကားနှင့် လိုက်ပို့ရာ ကားပေါ်တွင် ကိုအုံးမောင်က ကျွန်တော့်အား-

"ကိုမောင်ကိုလေး ကျုပ် မန္တလေးမှာ တီးလုံးတိုက်တာ ဘယ်သူ့မှ ဗိုလ်မထားဘူး ခင်ဗျားနဲ့ကျမှ လက်မြှောက်ရတော့တာပဲ"ဟု ပြောသဖြင့်-

"ဟာ ကိုအုံးမောင်ကလည်း ခင်ဗျားကမှ တကယ်ချီးကျူးစရာ ကောင်းတာ။ဒီအတိုင်း အလွတ်တီးမှတ်နေတာပဲ။ကျုပ်က သီချင်းစာရွက်ပါတယ်လေ။" နောက်ရက်များတွင် တီးလုံး တိုက်က ညထိ မတိုက်ရတော့ပါ။ညနေ ၄၊ ၅ နာရီ လောက် သိမ်းလိုက်ပါသည်။ကျွန်တော်က ညပိုင်းများတွင် ကြံ့ရာဇာတ်များနဲ့ လိုက်တီးနေပါသည်။မန္တလေးမြို့ကား ပွဲပြတ်သောမြို့ မဟုတ်ပါ။နေ့တိုင်း တစ်နေရာ မရှိ တစ်နေရာတော့ ပွဲရှိပါသည်။သို့သော် ဇာတ်လား၊ အငြိမ့်လား၊ ဆိုင်းလား မကွဲပြားတာပဲရှိပါသည်။

နေ့စဉ် အအိပ်ပျက်ဒဏ်ကြောင့် ထမင်းစားများ ပိုပျက်လာပါသည်။ လက်ဖက်ရည် လောက်ပဲ စွဲစွဲမြဲမြဲသောက်နေ၍ ထမင်းမစားချင်ပါ။အားရှိအောင် တစ်ခါတစ်ရံ ကြက်ဥစိမ်းကို လက်ဖက်ရည်ထဲ ထည့်သောက်ပါသည်။ အိပ်ရေးပျက်လွန်း၍ လမ်းသွားလျှင် မြေကြီးတွေက ချိုင့်ချိုင့်ဝင်သွားသည် မှတ်ရပါသည်။ တစ်ခါတလေ မြေမျိုတာများလားဟု ထင်မိပါသည်။ ထမင်းစားရန် ထမင်းကိုကြည့်လိုက်က ဆန္ဒင်းတွေနဲ့ နယ်ထားသလို ထမင်းတွေက ဝါနေပါသည်။ ဤမျှထိ ကျွန်တော် အိပ်ရေးပျက်တာ ရက် ၂၀ နီးပါး ရှိနေပါပြီ။မိကွဲဖကွဲဖြင့် ရပ်ဝေးမှာ နေရထိုင်ရပြီး ညီအစ်ကိုမောင်နှမများနဲ့ တကွဲတပြားစီဖြစ်ပြီး တစ်ယောက်တည်းနေရသော ဘဝကို ကျွန်တော် မကျေနပ်ပါ။ဘယ်သူ့ကို ဒေါသဖြစ်ရမှန်းလည်း မသိပါ။ ကံမကောင်းလို့ဟု ကံကို အပြစ်မတင်ချင်ပါ။မခံချင်သောစိတ်၊ မနေတတ်သောစိတ်၊ မာနကြီးသောစိတ်တို့က ကျွန်တော့်အား အအိပ်အနေနည်းစေရန် တွန်းပို့လာကြပါသည်။မဖြစ်မနေ သူများထက် ထူးအောင် ကြိုးစားမည်ဟူသော ဇွဲတို့က အမြဲကပ်လျက်ရှိနေသော်လည်း ခန္ဓာကိုယ်က ကျန်းမာရေးအရ ခံနိုင်ရည်မရှိသည်ကို ကျွန်တော် မသိပါ။အိပ်ရေးပျက်တာ ရက်ပေါင်း ၂၀ ပြည့်သော ည၊ ထိုညကား ကြေးသွန်းခပ်တန်းရပ် အရပ်ပြဇာတ်ဖြင့် စန္ဒရားတီးနေသော ဒုတိယည ဒုတိယပိုင်းအချိန် ည နာရီပြန် ၂ ချက်လောက် ကားပိတ် ရှာတာ ချိန်းတီး၍ မဆုံးခင် ကျွန်တော် စန္ဒရားတီး၍ မဆုံးခင် ကျွန်တော်စန္ဒရားတီးရင်း ဘေးသို့ ထိုးကျသွားပါတော့ သည်။ လုံးဝ သတိမရတော့ပါ။

မန္တလေးပြည်သူ့ဆေးရုံကြီးပေါ်တွင် ကျွန်တော် သတိမရဘဲ မြောနေတာ ၃ ရက် လောက် ရှိသွားပါပြီ။ကျွန်တော့်ကို ဆေးရုံရောက်စကတည်းက မထင်ခန်းသို့ ပို့ထားကြပါသည်။ မထင်ခန်းမှာ သီးခြားအခန်း မရှိပါ။ဆေးရုံကြီး လူနာများထားရာ အခန်းအပြင်ဘက်တန်း စင်္ကြံဘေးတွင်ထားခြင်းကို မထင်ခန်းဟု ခေါ်ကြခြင်းဖြစ်ပါသည်။ထိုအကြောင်းအရာများကို နောက်မှ သိရပါသည်။ခေါင်းထဲတွင် ရီဝေဝေဖြင့် မူးခနဲ ရိပ်ခနဲ အသံဗလံများ မကြားတစ်ချက် ကြားတစ်ချက်ရှိပြီး နှာခေါင်းထဲတွင် ဆေးရုံအနံ့များက စူးစူးရှရှဝင်နေပါသည်။

"သူ့ကို ဒီတိုင်းပစ်ထားမှာလား"

မိန်းမတစ်ယောက်အသံ

"မင်းနဲ့ ဘာတော်သလဲ"

ယောကျ်ားတစ်ယောက်အသံ

"မတော်ပါဘူး"

"ဘာဖြစ်လို့ မင်းက စိတ်ပူနေရတာလဲ"

"သနားလို့ပါ"

စကားပြောသံ ဆက်မကြားတော့ပါ။ခေါင်းထဲက မိုက်ခနဲဖြစ်ကာ သတိပြန်လစ်နေပါသည်။မည်မျှကြာသည် မသိပါ။ပြန်သတိရသောအချိန်တွင် လက်မောင်းတွေနာပြီး အောင့်နေကာ တစ်ကိုယ်လုံးမှာလည်း ရိုက်ထားသလို နာကျင်ပြီး အောင့်နေပါသည်။

"ဟော. . သတိရလာပြီ သတိရလာပြီ"

ဝမ်းသာစွာပြောလိုက်သည့် အမျိုးသမီးတစ်ယောက်အသံ ဖြစ်ပါသည်။ မျက်လုံးကို အားယူရင်း ဖွင့်ကြည့်လိုက်ရာ စိုးရိမ်သည့်အရိပ်အယောင်ကြားမှ ချိုချိုသာသာလေး ပြုံးနေသည့် သူနာပြုဆရာမလေးကို တွေ့လိုက်ရပါသည်။ ထို့နောက် ဆရာမလေးက ကျွန်တော့်အနားမှ ထွက်သွားပြီး ချက်ချင်းပြန်လာရာ ဆရာဝန်ကြီးတစ်ဦး ပါလာပါသည်။ဆရာဝန်ကြီးက ပြုံးပြုံးကြီးဖြင့် ကျွန်တော့်မျက်နှာအား စူးစိုက်ကြည့်ရင်းက-

"သူ မသေတော့ပါဘူး"ဟု ဆရာမလေးကို ပြောလိုက်ရာ ဆရာမလေးက

"ကျေးဇူးတင်ပါတယ်"ဟု ပြောလိုက်ပါသည်။ဆရာမလေး၏ ကျေးဇူးတင်ပါတယ် အသံမှာ အလွန်သိမ်မွေ့ညင်သာစွာဖြင့် တိုးတိုးလေး ပြောလိုက်သောအသံဖြစ်သဖြင့် ကျွန်တော့် တစ်သက်တွင် ထိုအသံကို ဘယ်တော့မှ မမေ့နိုင်တော့ပါ။ အဖြစ်အပျက်မှာ ကြေးသွန်းခပ်တန်း ပြဇာတ်ဖြင့် ကျွန်တော် စန္ဒရားတီးနေစဉ် အားပြတ်၍ ထိုးကျသွားခြင်းကြောင့် ညတွင်းချင်း ဆေးရုံကြီးသို့ တင်လိုက်ရပါသည်။သို့သော် ကိုအုံးမောင်တို့ တီးဝိုင်းအဖွဲ့မှာ ပြဇာတ်များ ဆက်ပြီး တီးပေးနေကြရ၍ မည်သူမျှ မအားကြသဖြင့် ကျွန်တော်နေသော ဦးလေးရိုးအိမ်သို့ အကြောင်း မကြားနိုင်ခဲ့သဖြင့် ဦးလေးရိုးတို့မိသားစုကလည်း ကျွန်တော် ဆေးရုံရောက်နေသည်မသိ၍ မလာကြပါ။တီးဝိုင်းက လူများကလည်း မအား၍ မလာနိုင်ကြပါ။ဤသို့ဖြင့် ကျွန်တော့်မှာ ဆေးရုံပေါ်တွင် မေးမည့် မြန်းမည့်သူမရှိဘဲ ၃ ရက်လုံးလုံး မြောနေသဖြင့် သေလည်းမသေ၊ လာမေးမည့်သူလည်းမရှိ၍ စာနာတတ်သော သူနာပြုဆရာမလေးက ကျွန်တော့်အား ဆေးရုံရောက်၍ ၂ ရက်လောက်အကြာတွင် ပစ်မထားရန် ဆရာဝန်ကြီးအား ပြောကြားခဲ့သဖြင့် ဆရာဝန်ကြီးက နောက်ဆုံး ရလိုရငြား သေလည်းသေ ရှင်လည်းရှင်ဟု သဘောထားကာ စွန့်စားပြီး တစ်ညတည်း ဆေးများ တစ်လုံးပြီးတစ်လုံး စမ်းသပ်ထိုးပေးခဲ့ရာ ၃ ရက်မြောက်လွန်ပြီးသောအခါ ဆေးများ ဆက်ဆက်ထိုးပေးခြင်း အစွမ်းထက်လှသော အကြောဆေးတို့ကြောင့် ပြန်လည်သတိရ၍ ဆရာဝန်ကြီးနှင့် ဆရာမလေး စကားပြောသံကို ကြားလာရခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် ဂီတသမားတစ်ယောက်ဖြစ်၍ အသံကို ကောင်းကောင်းမှတ်မိပါသည်။မှိုင်းပြာရီဝေနေသော ဦးနှောက်တွင်းမှ ဆရာမလေး၏အသံကို ပြန်လည်မှတ်မိလာပါသည်။

"သူ့ကို ဒီတိုင်း ပစ်ထားမှာလား"

"မင်းနဲ့ ဘာတော်သလဲ"

"မတော်ပါဘူး"

"ဘာဖြစ်လို့ မင်းက စိတ်ပူနေရတာလဲ"

"သနားလို့"

ဤအသံကို ကျွန်တော် နှစ်ပေါင်းများစွာက ကြားဖူးသောအသံလို ထင်နေမိပါသည်။ ဤကြင်နာယုယသော အသံက ကျွန်တော့်ဘဝတွင် ဖြူစင်သော အလင်းမျှင်တန်းကလေး အဖြစ်ပင် မြင်နေရသည်။

ဆေးရုံပေါ် ၅ ရက်မြောက်နေ့တွင် ကိုမောင်ကို ရောက်လာပါသည်။

"ငါမသိဘူး မောင်ကိုလေးရာ။ဖြစ်မှ ဖြစ်ရလေ၊ မင်းနှယ် ကံကောင်းလို့ပေါ့ကွာ"ဟု သူက ကျွန်တော့်ဘေးနားက ခုံရှည်တွင်ထိုင်ရင်း ပြောပါသည်။ ကျွန်တော်က သတိကောင်းကောင်း ရပြီဖြစ်သော်လည်း စကားပင် ကောင်းကောင်းမပြောနိုင်သေးပါ။သူပြောတာ အသာခေါင်းညိတ်ပြီး နားထောင်ရပါသည်။ ကိုမောင်ကိုကား ကျွန်တော့်ကို စိတ်ချဟန်မတူပါ။သူရောက်လာတာ မနက်လား၊ ညနေလား ကျွန်တော်မသိပါ။သူမေးသမျှ ပြန်မဖြေနိုင်သည်က များပါသည်။ လူက သတိရသော်လည်း ဆေးထိုးထားသော နေရာများက အနံ့အပြားမှဖြစ်နေ၍ တစ်ကိုယ်လုံး နာနေပါသည်။တစ်နာရီကျော်ကျော်လောက် ကိုမောင်ကို ထိုင်သွားသည်ဟု ထင်ပါသည်။ကိုမောင်ကိုက ကျွန်တော်ကို စကားပြောနေချိန်များတွင် မကြာမကြာ ဆရာမလေး လှမ်းနားထောင်နေသည်ဟု ထင်ပါသည်။ကိုမောင်ကို ပြန်သွား၍ ခဏအကြာ ဆရာမလေးက ကျွန်တော့်နား လာရပ်ပြီး-

"နာမည် မောင်ကိုလေးလား"ဟု မေးလိုက်ပါသည်။ကျွန်တော် ခေါင်းညိတ်ဖြေလိုက်ပါသည်။ထိုအခါတွင် ခုတင်ခေါင်းရင်း၌ ချိတ်ထားသော အဖျားစာရင်းကတ် စာရွက်ကိုယူပြီး သူ့အင်္ကျီရင်ဘတ်၌ ချိတ်ထားသော ဖောင်တိန်ကလေးကိုဖြုတ်၍ စာရွက်ခေါင်းစီးထပ် နာမည်နေရာတွင် မောင်ကိုလေးဟု အင်္ဂလိပ်လို ရေးလိုက်ပါသည်။ထိုင်ခုံရှည်တွင် ဘေးစောင်းဝင်ထိုင်ပြီး စာရွက်ကို အနီးကပ်ရေး တာမြင်လိုက်ရ၍ သိရခြင်းဖြစ်ပါသည်။မောင်ကိုလေး ရေးရာတွင် Mg မောင်လို့ မပေါင်းမရေးဘဲ Maung ဟု ရေးသားလိုက်သည်ကို မြင်လိုက်ရပါသည်။ ဆရာမလေး ရေးနေသော ပိုင်းလော့ဖောင်တိန် အစိမ်းကလေးမှာ ကျွန်တော့်ဖောင်တိန်လေးဟု ထင်လိုက်မိပါသည်။နောက်ရက်များတွင် ဆေးရုံပေါ်၌ မေးသူမြန်းသူများ ပြည့်လျှက်ရှိပြီး မန္တလေးမြို့ပေါ်ရှိ သဘင်သည်တော်တော်များများ လာရောက်မေးမြန်းပါသည်။ကျွန်တော့်အစ်မ မခင်ညွန့်က ကျွန်တော့်သတင်းကြား၍ မလှိုင်ကလိုက်လာကာ ငိုပါသည်။

အစ်ကို့ကိုလည်း မကျေမချမ်း ပြောနေပါသည်။အစ်မလိုက်လာ၍ ကျွန်တော့်စိတ်တွင် တစ်မျိုးခံစားရပါသည်။အစ်မသည် ကျွန်တော်တို့၏ အစ်မအကြီးဆုံး ဖြစ်ပါသည်။အစ်ကို စိန်လှမောင်အောက် ဖြစ်ပါသည်။အစ်မသည် သာမန်အစ်မ မဟုတ်ပါ။ကျွန်တော်တို့ ငယ်ငယ်တုန်းက ကျွန်တော်တို့နေသော စွန်းလွန်းရွာကြီး မီးလောင်ရာ ကျွန်တော်တို့တစ်တွေနှင့် အစ်မပါ မီးထဲပိတ်မိနေကြပါသည်။ထွက်ပေါက်မရှိပါ။မီးက ပြင်းလွန်းလှသဖြင့် တဖြည်းဖြည်း ရပ်နေသော မြေကြီးတွေပါ ပူလာပါသည်။အော်ရင်း ဟစ်ရင်း အစ်မကယ်ပါ အစ်မကယ်ပါဟု ကျွန်တော်တို့တစ်တွေက ဝိုင်း၍ အစ်မကိုပြောကြရာ မတတ်သာသည့်အဆုံး အစ်မက သူ့ကိုယ်ကို မြေကြီးပေါ်တွင် ပက်လက်လှန်၍ "အစ်မကိုယ်ပေါ် တက်တက်" နေကြဟုပြောရာ အားလုံးက အစ်မကိုယ်ပေါ် ခြေသလုံးပေါ် ဗိုက်ပါမကျန် တက်နေကြပါသည်။အစ်မ၏ လူ့အသားများကအေး၍ သူ့အပေါ်တက်ခိုင်းပြီး သူက မီးအကျွမ်းခံခဲ့ခြင်း ဖြစ်ပါသည်။သို့သော် ကံအားလျော်စွာ အားလုံးမသေခင် ကယ်ထုတ်သူများ စွမ်းအားကြောင့် အသက်မသေဘဲ ချမ်းသာရာ ရကြခြင်း ဖြစ်ပါသည်။ကမ္ဘာမီးလောင် သားကောင်ချနင်းဆိုသော စကားကို အစ်မက ခြေဖျက်လိုက်ခြင်းဖြစ်ပါသည်။ရွာမီးလောင်ရာ အစ်မက သူ့ကိုယ်ကို မီးကျွမ်းခံ၍ ကျွန်တော်တို့အား အကာအကွယ်ပေးခဲ့ပါသည်။ယခု အစ်မက ကျွန်တော့်အနားရောက်လာ၍ စိတ်ထဲတွင် အားရှိလာပါသည်။အစ်မက ကျွန်တော့်နဖူးလေး သပ်ပေးပြီး ငိုပါသည်။

နောက်တစ်နေ့တွင် ဆေးရုံသို့ ဘဘ ဦးဟံပ ရောက်လာပါသည်။ဘဘက မန္တလေးတွင်

အလုပ်ကိစ္စတစ်ခုရှိ၍ ခဏလာစဉ် ကျွန်တော့်အကြောင်းကြား၍ ဆေးရုံသို့ လိုက်လာခြင်း ဖြစ်ပါသည်။ဘဘက ငွေသုံးရာကို ကျွန်တော်ခေါင်းအုံးအောက် ထားပေးရင်းက-

"ငါ့သား တယ်ကံကြီးတာပဲ ကံကောင်းလို့ပေါ့၊ နောက်တော့ ကျန်းမာရေးကို ဂရုစိုက်နေ၊"ဟုပြောရင်း မျက်ရည်တွေ ကျနေပါသည်။ဘဘမှာ တစ်ယောက်တည်း မဟုတ်ပါ။ သူ့နောက် ဧည့်သည်တွေ လေးငါးယောက်ပါပါသေးသည်။ကျွန်တော်က ပက်လက်က ဘဘအား လက်အုပ်ချီ၍ ကန်တော့လိုက်ပါသည်။ဆေးရုံပေါ် ရက်ကြာလေ ကျွန်တော်ထံ မေးသူမြန်းသူများလာလေဖြစ်နေပါသည်။အစ်မက မလှိုင်က လာရ၍ ရက်များများ မနေနိုင်ပါ။၂ ရက်ပဲနေပြီး ပြန်သွားပါသည်။ ဦးလေးရိုး မိသားစုက နေ့တိုင်း တစ်နေ့ ၃ ယောက် ၄ ယောက် လာပါသည်။ ကျွန်တော့်ခုတင်ဘေးရှိ ဗီရိုလေးထဲတွင် မုန့်များပြည့်ကျပ်နေပါသည်။အဘ ဦးဟံပပေးခဲ့သော ငွေသုံးရာ၊ အစ်မပေးခဲ့သော ငွေနှစ်ရာ၊ ကိုအုံးမောင်တို့လာပေးသော ငွေ နှစ်ရာငါးဆယ် ပေါင်း ငွေခုနစ်ရာငါးဆယ်ကို ဆရာမလေးအား အပ်ထားလိုက်ပါသည်။ ဆရာမလေးအမည်မှာ နော်မွန် ဖြစ်ပြီး ကရင်အမျိုးသမီးလေး ဖြစ်သည်။အသားဖြူဖြူ မျက်နှာသွယ်သွယ် နှာတံစင်းစင်း မျက်လုံးများက အထူးကြည်လင်လှပြီး ဆေးမဆိုးပဲ နှုတ်ခမ်းလေးများက ရဲနေပါသည်။ကိုယ်လုံးကိုယ်ထည် သေးသေးသွယ်သွယ် ကြော့ကြော့ရှင်းရှင်းရှိပြီး စကားပြောရာတွင် ချိုမြသာယာလှပါသည်။ အခြားလူနာများကလည်း ဆရာမလေးကို ပို၍အားကိုးကြပါသည်။ဂျီတိုက်ကြပါသည်။ တစ်ခါတစ်ခါ ဆရာမလေးမှာ မအားမလပ် လက်မလယ်နိုင်အောင် အလုပ်တွေ များလွန်းပါသည်။အိမ်သာမသွားနိုင်သော လူနာများအတွက် အိုးယူပေး၍ ကာရံပေးခြင်း၊ လူနာများ၏ ထွေးခံများ သွန်၍ထားပေးခြင်း၊ မျက်နှာသစ်ပေးခြင်း၊ လူနာအားလုံးအား မေတ္တာစေတနာ အပြည့်အဝဖြင့် ပြုစုပေးခြင်း တွေ့ရပါသည်။

ဆေးရုံပေါ်ရောက်တာ တစ်လလောက် ကြာပါပြီ။တော်တော်လေး နေကောင်းနေပါပြီ။ ပျင်းလွန်း၍ ကျွန်တော် ခုတင်ပေါ်မနေပါ။အခြားခုတင်များ၊ အခန်းများဘက်သို့ လျှောက်လျှောက် လည်နေပါသည်။ဆေးလာပေးသော အချိန်များတွင် မရှိက ဆရာမလေးက ဆူပါသည်။ ကျွန်တော့်လိုပင် ဆေးရုံရက်ကြာသော သူများက လည်တတ်ပါသည်။ဆေးရုံပေါ်တွင် လာရောင်းတတ်သော ဈေးသည်များက စုံပါသည်။ကျွန်တော့်မှာ စာဖတ်ဝါသနာပါ၍ စာအုပ်တွေပဲ အိပ်ရာဘေးတွင် ပုံနေပါသည်။ညနေ ဧည့်သည်များနှင်သော ကလိုင်သံကို ကျွန်တော် အမြဲတမ်းစိတ်တိုပါသည်။သည်ကလိုင်သံကြားလျှင် လူနာများ မျက်နှာငယ်လေးများဖြင့် ကျန်ရစ်ရပြီး လာမေးသောသူများ ပြန်ကြရပါသည်။သည့်နောက်တွင် မီးများ လင်းလာတတ်ပြီး ခြင်ထောင်များ ထောင်ကြရပါသည်။ပြီးတော့အပြင်မထွက်ကြရတော့ဘဲ လူနာအချင်းချင်း စကားပြောကြ၊ သက်သာသူများက ရယ်ကြမောကြ၊ မသက်သာသူများကလည်း ညည်း၍ အော်ကြဟစ်ကြနှင့် နေ့စဉ်နေ့စဉ် ကြားသိနေရသော ဆေးရုံအနိဋ္ဌာရုံများကား စုံလှပါသည်။ကျွန်တော့်မှာ နေကောင်းလာပြီဖြစ်သော်လည်း ဆရာဝန်ကြီးက ဆင်းခွင့်မပေးသေးပါ။လူက ချိနဲ့နဲ့ပင်ရှိသေး၍ အားပြည့်စေရန် ထားသည်ဟု ထင်ပါသည်။ဆေးရုံပေါ် အနားယူရတာ ကောင်းပါသည်။အပြင်လောက အပြင်ကိစ္စများနှင့် အဆက်ပြတ်၍ လူကို ကျန်းမာအောင်လုပ်လိုက်သလို ဆီး၊ ဝမ်း၊ ခြေ၊ လက်၊ ဝမ်းဗိုက်၊ မျက်စိ၊ နား၊ လည်ချောင်း၊ နှာခေါင်း၊ အရိုးများ၊ အကြောများ အားလုံးတစ်ခုစီ တစ်ခုစီ ဖြည်းဖြည်းချင်း စစ်ဆေးကုသပေးနေသည်ဟု ထင်မိပါသည်။

ဆေးရုံပေါ်တက်ရောက်ကုသနေစဉ် ဆေးဖိုးဝါးခ တစ်ပြားမှ မကုန်ရပါ။ အများဆုံး

ကုန်သည်မှာ လက်ဖက်ရည်ဖိုး၊ မုန့်ဖိုးဖြစ်ပါသည်။ ဆေးရုံကကျွေးသော ထမင်းဟင်းယူစား၍ နာလံထလာသောအခါ ဆေးရုံက ထမင်းဟင်းက အလွန်စား၍မြိန်ပါသည်။ ဆိတ်ရိုးနည်းနည်း၊ အာလူးအရည်ကြကြ၊ ဟင်းမျိုးက အလွန်ထမင်းမြိန်သော ဟင်းမျိုးဖြစ်ပါသည်။ တစ်ရက်တွင် ဆရာမလေးက ကျွန်တော်ဘေးနားရှိ ခုံတွင်ထိုင်ရင်း သူ့ရင်ဘတ်က ဖောင်တန်ကလေးဖြုတ်လိုက်ပြီး

"မောင်ကိုလေး ဆေးရုံပေါ်ရောက်စက သတိမေ့နေလို့ ခဏယူထားတာ နော်ရော့"ဟု ပြန်ပေးပါသည်။

"ဟင့်အင်း ကျွန်တော် မယူတော့ဘူး"

"ဒါ မောင်ကိုလေးပစ္စည်းလေ ယူလေ"

"မယူတော့ဘူး ဆရာမလေးကိုင်နေတာပဲ ယူလိုက်တော့"

သူက ခဏမျှ ဖောင်တိန်ကလေးကိုင်ရင်း ငေးကြည့်နေရာက

"နော်မွန်လေ ဒီဖောင်တိန်ကို သိပ်ခါစ်တာပဲ"

သူ့စကားကြောင့် ကျွန်တော့်မှာ ကြက်သီးမွေးညှင်းများထပြီး တစ်မျိုးကြည်နူးစွာ ခံစားလိုက်ရပါသည်။

"အို ဟုတ်လား ဒါဆို ကျွန်တော်အများကြီးဝမ်းသာတယ် ဆရာမလေးနော်"

ကျွန်တော့်စိတ်ထဲတွင် ဆရာမလေးကိုချစ်တာ အသက်သခင် ကျေးဇူးရှင်ဟု အောက်မေ့၍ ဖြူစင်သောမေတ္တာစေတနာဖြင့် ကြည်ညိုလေးစား အားကိုးချစ်နေခြင်းဖြစ်၍ မကောင်းသည့် ဖောက်ပြန်သည့်စိတ် မကူးမိပါ။ကျွန်တော်သာမက အခြားလူနာများအပေါ်ပါ သူက စေတနာမေတ္တာအပြည့်အဝထားသူဖြစ်၍ ပိုပြီးကြည်ညိုမိပါသည်။

ကျွန်တော် ဆေးရုံကဆင်းသောနေ့တွင် ဆရာဝန်ကြီးနှင့် ဆရာမများအားလုံးကို နို့ဆီဘူး၊ ကိတ်မုန့်၊ ကြက်ဥများဖြင့် လက်အုပ်ချီ၍ ကန်တော့ပါသည်။ ဆရာမလေးကိုလည်း ကန်တော့ပါသည်။ဆရာမလေးက ငိုနေ၍ အခြားဆရာများနဲ့ ဆရာဝန်ကြီးကပါ ဆရာမလေးအား ကျီစယ်ရယ်မောနေကြပါသည်။ ဆရာမလေးက ကျွန်တော်အပ်ထားသော ငွေများကို ပြန်ပေးရင်း-

"မောင်ကိုလေး ဒို့ဆီ မကြာမကြာလာပါနော်"ဟု ပြောပါသည်။

ဆေးရုံကဆင်းလာပြီး ဆရာလေးတို့ဆီ ကျွန်တော် တစ်ခေါက်မှ မရောက်ပါ။ မရောက်သည်မှာလည်း ကောင်းကောင်းမအားလပ်၍တစ်ကြောင်း၊ စက်ဘီးစီးရတာ မရဲသေး၍ ဘယ်မှမသွားဖြစ်သေးပါ။ သည်အတွင်း အစားမှား၊ ရေချိုးမှားဖြစ်ကာ ပြန်၍ဖျားပါတော့သည်။ဒီတစ်ခါတွင် ဆေးရုံမတင်တော့ပါ။ဦးလေးရိုးက မင်္ဂလာဈေးက ဆရာအေးကြီး သွားပင့်ပါသည်။ ဆရာအေးကြီးကား။ မြန်မာသမားတော်ကြီးပီပီ ကြည့်ရတာ ကျက်သရေရှိလှပါသည်။ပြုံးပြုံးရွှင်ရွှင်ဖြင့် အိမ်သို့ မြင်းရထားလေးဘီးတပ်ဖြင့် ရောက်လာကာ ကျွန်တော့်အား အသေအချာစမ်းသပ်၍ ဆေးပေးပါသည်။မန္တလေးမြို့တွင် ဆရာအေးကြီးကား နာမည်ကြီးလှပါသည်။ ကျွန်တော် အပြင်းအထန်ဖျားနေသဖြင့် ၂ ရက်ခြားလောက်တစ်ခါ ၄၊ ၅ ခေါက်ကြွ၍ ကုသပေး၍ ကံအားလျော်စွာ ၂၀ ရက်အကြာတွင် အခြေအနေ တော်တော်ကောင်းမွန်လာပြီဖြစ်၍ ဆန်ပြုတ်သောက်ရသည့်အဆင့်သို့ ပြန်လည်ရောက်လာပါသည်။နံနက် ခပ်စောစော ဆန်ပြုတ်ထပြုတ်ရသည့် ဦးလေးရိုး၏တပည့် မောင်ကြည်နဲ့ သောင်းရွှေက ကျွန်တော့်အား ကောင်းကောင်း

သောက်စေချင်၍ ဆန်ပြုတ်ထဲသို့ ဝက်သားများထည့်ပြုတ်ကြခါ ကျွန်တော်အိပ်ရာထ မျက်နှာသစ်ပြီး သူတို့က ဆန်ပြုတ်ပန်းကန်တစ်ခါတည်း ချပေးပါသည်။သူတို့၏စေတနာမှာ သောက်စေချင်၍လည်းကောင်း၊ ကောင်းကောင်းလေး အထူးသောက်စေချင်၍ ဝက်သားများ ထည့်ပြုတ်ထားခြင်း ဖြစ်ပါသည်။ကျွန်တော် သောက်ကြည့်ရာတွင် ခံတွင်းတွေ့ပြီး ကောင်းလှသဖြင့် နှစ်ပန်းကန်ဆက်သောက်လိုက်ရာ ဆန်ပြုတ်သောက်ပြီး ၁၅ မိနစ်ခန့်အကြာတွင် သတိလစ်၍ ချွဲဖောက်နေပါတော့သည်။ နောက်မှသိရသည်မှာ ကျွန်တော့်ရောဂါအတွက်ပေးထားသော ဆေးများက ဝက်သားရှောင်ရမည့်ဆေးများဖြစ်ကြောင်း၊ ဝက်သားများ မကျွေးရန် ဆရာကြီးက မှာထားခဲ့သည်ကို ကိုမောင်ကြည်နဲ့ သောင်းရွှေက မသိသဖြင့် ဆန်ပြုတ်ထဲ ထည့်ပြုတ်မိရာက ကျွန်တော်များများသောက်လိုက်မိသဖြင့် တစ်ခါတည်း သတိလစ်သွားခြင်းဖြစ်ပါသည်။

အနာရောဂါ ကင်းရှင်းကျန်းမာခြင်းသည် မြတ်သောလာဘ်တစ်ပါးဆိုခြင်းမှာ အလွန်မှန်ပါသည်။မကျန်းမာတော့မှ ကျန်းမာခြင်း၏ကျေးဇူးကို ပိုမိုသိရပါသည်။မည်မျှကြာကြာသတိလစ်နေသည် မသိပါ။သတိရသောအချိန်တွင် အခန်းမှာ လူများ ဝိုင်းအုံပြည့်ကျပ်နေပြီး အသက်ရှူ၍ ကောင်းကောင်းမရဘဲ ဇောချွေးတွေကျပြီး ဖိုလှိုက်ဖိုလှိုက်ဖြစ်ကာ တစ်ခါတစ်ခါ အသက်ပင်ပါသွားမလား အောက်မေ့ခံစားရပါသည်။

ရက်သတ္တတစ်ပတ်ကျော် ကြာသောအခါ အနည်းငယ်နေကောင်းသော်လည်း နာလံထတွင် အစားအသောက် အနေအထိုင် ဆင်ခြင်ရသည်က တကယ့်ကို ဒုက္ခမသေးပါ။ ဆေးရုံကဆင်း ကျန်းမာလာပြီးမှ ပြန်ဖြစ်ခြင်းက အနေအထိုင် အစားအသောက် မဆင်ခြင်၍ ဖြစ်ခြင်း ဖြစ်ပါသည်။ဒီတစ်ခါ ထပ်ဖြစ်က သုံးခါရှိသွားပြီဖြစ်၍ သေဖို့ပင် ရှိပါတော့သည်။ ကျွန်တော် နေကောင်းလာပြီး ဦးလေးရိုးက အပြင်ဖျားပါတော့သည်။အဖျားတာရှည်၍ အားလုံး စိတ်ဆင်းရဲ စိတ်ပူပန်ကြရကာ နေ့ရောညရော ဝိုင်း၍ဂရုစိုက်ကြပါသည်။စဖျားသည်က ၂ လ လောက်ရှိမှ တောင်ဝှေးနဲ့ထောက် လမ်းလျှောက်နိုင်သည့်အခြေအနေသို့ ပြန်ရောက်ပါသည်။ ဦးလေးရိုးကား နဂိုကမှ စိတ်တိုတတ်သူဖြစ်ရာ ဖျားသောအခါ ပို၍ စိတ်မြန်ကိုယ်မြန် ရှိခဲ့ပါသည်။ စိတ်တိုင်းမကျက ရှေ့တွင်ရှိ ဆေးလိပ်ခွက်ပင် လွှင့်ပစ်တတ်ပါသည်။တစ်ခုကောင်းခြင်းကား ဖျားနေ၍ ပါးစပ်ပျက်သဖြင့် ဆေးလိပ် မသောက်နိုင်ခြင်းပင် ဖြစ်ပါသည်။သို့မဟုတ်က ဦးလေးရိုး၏ ဆေးပြင်းလိပ်နံ့က ကျွန်တော်တို့ ဆေးလိပ်ကြိုက်သူပင် ဤအနံ့ကို မကြိုက်ပါ။ ဒေါင်းကျွန်းတွင် ဦးလေးရိုး ဆိုင်းတီးရန် အလှူတစ်ပွဲ လက်ခံထားပါသည်။ရေချိုးရက်ရပြီး ၂ ရက်လောက်အကြာ ဆိုင်းပွဲ ထွက်ရပါသည်။နဂိုက ဦးလေးရိုးက မလိုက်ဟုဆုံးဖြတ်ထားသော်လည်း ပွဲလာကြိုသူများက "ကျွန်တော်တို့ စိန်ငှက်ရိုး ငှားထားတာပါ မလာရင် လိမ်ငှားလာတာမို့ ပါမလာတာ ပြောပါလိမ့်မယ်။မတီးနိုင်လည်း လူပြရုံကလေးထိုင်နေပါ"ဆိုသဖြင့် လိုက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုပွဲကား ရေလမ်းခရီး မော်တော်ဖြင့်သွားရ၍ လူအနည်းငယ် သက်သက်သာသာလိုက်ရ၍ တော်ပါသေး၏။အလှူရောက်သောအခါ မဏ္ဍပ်တွင်း ဆိုင်းခွေပြီး ဦးလေးရိုးက နောက်နားတွင် စောင်ခြုံကြီးဖြင့် ထိုင်နေပါသည်။ပရိသတ်လာကြသူများက "စိန်ငှက်ရိုးကြီး ဖျားနေတာ ဟုတ်တယ်ဟေ့"

"အတော်ဖြစ်တာဟေ့"

"အင်း. . တော်တော်ကို ပိန်သွားတာပဲ" စသည်ဖြင့် ယခင်က မြင်ဖူး၊ သိဖူးထားကြသူများဖြစ်၍ လာကြည့်ကြ ပြောကြဆိုကြပါသည်။ညဆိုင်း စတီးသောအခါ ပရိသတ် မဏ္ဍပ်နှင့်

မဆုံအောင် စည်ကားပြီး အနယ်နယ်အရပ်ရပ်ကပါ လာနားထောင်ကြသဖြင့် ဆိုင်းစ၍ ယိုးဒယား တီးစဉ်မှာပင် ပရိသတ်က တဝေါဝေါနှင့် ပွဲကျနေပါသည်။အစီအစဉ်အရ ရှေ့ပိုင်းတွင် ကျွန်တော် တီးပြ၊ နောက်ပိုင်း ကိုမောင်ကို တီးရမည် ဖြစ်ပါသည်။ဦးလေးရိုးက လူပြရုံ ကျေနပ်ရုံလိုက်လာ၍ တီးရန် စီစဉ်မထားပါ။

ဆိုင်းဝိုင်းထဲတွင် ထိုင်၍ ခြောက်ပေါက်စာ တပ်လိုက်ပါသည်။ပတ်စာက ကောင်းပါ သည်။ပတ်လုံးများက တီးမထား၍ မကောင်းပါ။ကျွန်တော်ကလည်း လက်အလေ့အကျင့် လုံးဝ မရှိဖြစ်တော့၍ လက်တွေကလည်းက ခုန်နေပါသည်။ ပတ်လုံးနဲ့လက်နဲ့ မကပ်ပါ။ဆိုင်းအဖွဲ့က အုံကတောင့်တင်း ကောင်းပါသည်။ ခြောက်ပေါက်တီးလုံးများ တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်ဆက် တီးပါသည်။ပတ်သံ မကောင်းပါ။ပတ်စာအဝင်နဲ့ ပတ်လုံးများ ချောင်နေ၍ ဆွဲမထားရသဖြင့် မကောင်းပါ။ ပရိသတ်က ကျွန်တော့်ကို မကြိုက်ပါ။သို့သော် အုံနဲ့ကျင်းနဲ့ စနစ်တကျတီးလုံးများ တီးနေတာကို လက်ခံပါသည်။ပိန်ပိန်သေးသေး မည်းမည်းချောက်ချောက်ကလေး ကျွန်တော့်မှာ ဆိုင်းဝိုင်းနဲ့မလိုက် ဖြစ်နေပါလိမ့်မည်။ပရိသတ်မကြိုက်မှန်းသိ၍ ကျွန်တော်က ဆက်မတီးချင်ပါ။ မူလအစီအစဉ်ထက် တီးလုံးများလျှော့လိုက်ပြီး ဆိုင်းဝိုင်းအပြင်ဘက် ထွက်လာပါသည်။ ကျွန်တော်ပြီး ကိုမောင်ကိုက ဖြူဖြူ၀၀ ခံ့ခံ့ညားညားမို့ ဆိုင်းဝိုင်းထိုင်ကောင်းပါသည်။ကိုမောင်ကို လည်း တစ်ပုဒ်ပြီးတစ်ပုဒ် တီးပါသည်။ပရိသတ်ကို ဣန္ဒြေရအောင် မထိန်းနိုင်ပါ။ဟိုနားက ကြွက်စီကြွက်စီ ဒီနားက ကြွက်စီကြွက်စီ ပရိသတ်က မငြိမ်ပါ။ပရိသတ်မငြိမ်ခြင်းပါ။ပညာရှင်က သြဇာမရောက်၍ မငြိမ်ခြင်းဖြစ်ပါသည်။တစ်နည်းအားဖြင့် ဆိုင်းက ပရိသတ်ကို ငြိမ်အောင် မထိန်းနိုင်ပါ။ပရိသတ်ကြိုက်လျှင် ဆိုင်းကို ငြိမ်ငြိမ်သက်သက် နားထောင်ကြပါမည်။မဏ္ဍပ်တွင်း ဟိုထောင့်နား စီခနဲ ညံခနဲ ဒီထောင့်နားက စီခနဲ ညံခနဲ ဖြစ်နေပါသည်။ဒါပေမဲ့ ကျွန်တော်နဲ့ စာလျှင် ကိုမောင်ကိုခမျာ သူ့ခမျာ တာဝန်ပိုကြီးပါသည်။သူ့အဖေကိုယ်စား သူခမျာ မကြိုက် ကြိုက်အောင် အားသွန်ခွန်စိုက် ကြိုးစားပြီး တီးနေရှာပါသည်။ကိုမောင်ကိုလည်း ကျွန်တော့်လိုပင် ပတ်လုံးနဲ့လက်နဲ့ မကပ်ပါ။လွန်ခဲ့တဲ့ရက်များက ဆိုင်းဝိုင်း တီးမထားကြခြင်းက မဟာအမှား ဖြစ်နေပါသည်။ပတ်လုံးသံများက လိုသလိုမရပါ။ပတ်လုံးပေါ် လက်ရောက်တိုင်း အသံထွက် မကောင်းပါ။တစ်ခါတလေမှာ ပတ်သံနဲ့တူပါသည်။ဦးလေးရိုး၏ဆိုင်းကား အဖွဲ့အုံ အလွန် တောင့်တင်းပါသည်။ကိုမောင်ကို တော်တော်လေးတီးပြီး အဆိုတော် မဲဇာ ဦးမောင်ကြီးက မဲဇာတောင်ခြေ ခွန်းထောက်ကို ထ၍ဆိုလိုက်ပါသည်။"မဲဇာချောင် တောင်ခြေက လွမ်းပြန် တော့" ဦးမောင်ကြီးအသံမှာ အလွန်မြည်ပြီး အသံလုံး မတုတ်ပါ။သေးလည်း မသေးပါ။နှာသံ ဗျာပါသံ ခရာသံ ရိုးရိုးစင်းစင်းလေးပါသည့် အသံမျိုးဖြစ်ပြီး အသံအဆီရှိပါသည်။ဦးမောင်ကြီး အသံက အထူးသဖြင့် နယ်ကြိုက်အသံမျိုးဖြစ်၍ သူ့ခွန်းတောက်စသည်နှင့် ပရိသတ်က တဝေါဝေါပွဲကျသွားပြီး ငြိမ်သွားပါသည်။"မဲဇာချောင် တောင်ခြေက လွမ်းပြန်တော့" ပညာရှင် သြဇာ ရောက်၍ ပရိသတ် ငြိမ်နေပါသည်။ဦးမောင်ကြီးလက်ထဲတွင် ရွှေးဟွန်းတယောတစ်လက် ပါလာပါသည်။မဲဇာတောင်ခြေ ခွန်းထောက်ဆိုရင်း တယောသံကလေးက သူ့အသံကျလေးများကို တီတီတာတာလိုက်ထိုးပေးရင်း လိုက်ဖက်သောအဆိုနဲ့ တယောသံအောက်ဝယ် ပရိသတ် တုတ်တုတ်မျှ မလှုပ်ပါ။မဲဇာဦးမောင်ကြီးကား သာမန်မျှ ပရိသတ်ကို ထိန်းသူမဟုတ်ပါ။ထိုပွဲတွင် ဦးလေးရိုး မတီးနိုင်မှန်းသိသဖြင့် သူက အစွမ်းကုန် သီဆိုဖျော်ဖြေရင်း ပရိသတ်ကို သူ့အချိန် တစ်နာရီခွဲလောက် ဖျော်ဖြေညှို့ခံသွားပါသည်။ကျွန်တော်တို့ နာရီကြည့်လိုက်တော့ ည ၁၁

နာရီခွဲ ရှိပါသေး၏။မြို့ပေါ်ပွဲဆို ဆိုင်းသိမ်းချိန်ရောက်နေပါပြီ။နယ်ပွဲဖြစ်၍ ယခုအချိန်က နည်းနည်းစောနေပါသည်။မဲဇာဦးမောင်ကြီးအပြီး ဦးလေးရိုးက ကိုမောင်ကိုအား ဆိုင်းဝိုင်းထဲမှ ထွက်ခိုင်းပြီး သူ ဝင်လိုက်ပါသည်။ထို့နောက် ပတ်စာပိုးကို ဖြည်းဖြည်းချင်း ညှိတပ်သွားရာ ပရိသတ်က ငြိမ်သက်စွာ နားထောင်နေကြပြီး နေမကောင်းသည့် လူမာတစ်ဦးမှန်း မျက်မြင် လက်တွေ့ မြင်နေကြ၍ နားထောင်ရတာပင် အားနာနေသလိုရှိသော်လည်း စိန်ငှက်ရိုးဟူသော နာမည်ကြီးတစ်ဦး၏ လက်သံကိုမူ သူတို့ အလွန်နားထောင်ချင်နေကြမှန်း သိသာလျက်ရှိရာ ငြိမ်သက်စွာပင် နားထောင်နေကြသော်လည်း သူတို့မျက်နှာများက ပြုံးရွှင်လျက် ခြေတို့ လက်တို့ ခေါင်းညိတ်ကာ လက်ဟန်ခြေဟန်နှင့် စကားပြောပြီး ဦးလေးရိုးဆီသို့ အာရုံပြုနေရာ ခုပတ်စာပြင် တပ် အသံညှိနေသော ပတ်လုံးလေးများက ကျွန်တော်တို့ တီးစဉ်ကနှင့် မတူတော့ဘဲ သူ့ပတ်လုံး နှင့် သူ့လက် အကြောင်းသိခြင်း တွေ့ကြ၍လား မပြောတတ်ပါ။ပတ်စာညှိပြီး သူ့၏နာမည်ကြီး ပတ်ထတစ်ပုဒ်ဖြစ်သော ရွှေပြည်နိုင်ငံကို ချက်ချင်းကောက်တီးလိုက်ရာ ပတ်လုံးသံလေးများက အော်အော်ထွက်နေပြီး ပတ်ထဆုံးလျှင် ဆုံးချင်း ပရိသတ်ကြီး၏ လက်ခုပ်သံများ မဏ္ဍပ်ကြီး အတွင်း ဖြောင်းဖြောင်းချင်း ဆက်သွားပါတော့သတည်း။

"စိန်ငှက်ရိုးကွ"

"စိန်ငှက်ရိုးကွ"

လက်ခုပ်သံတွေကြားထဲက သြဘာပေးကြသည့် ပရိသတ်၏အသံများကလည်း ပွတ်ပွတ်ညံနေကာ ဆိုင်းတစ်ဖွဲ့သားလုံးလည်း ထိုအခါမှပင် စိတ်ချကာချ ပြုံးနိုင်ကြပါတော့ သည်။

ဦးလေးရိုးတီးသောအချိန်တွင် ကျွန်တော်တို့ တီးတုန်းကလို မဟုတ်တော့ပါ။ကျွန်တော် တို့က တီးထားပြီးဖြစ်၍ ပတ်လုံးများက အတော်အတန် ပတ်ရေလည်နေပါပြီ။ပန်းကုံးကြားထဲသို့ ရေများရောက်နေပြီဖြစ်၍ ပတ်လုံးများက ကြက်ပြီး တက်နေကာ ရိုက်နှက်တီးသည့်ဒဏ်ကို သူက ခံနိုင်ရည်ရှိနေပြီ။စောစောပိုင်း ပတ်လုံးကျစဉ်က အသံမကောင်းသော ပတ်လုံးများက ယခု ပတ်သံကောင်းလာခြင်း ဖြစ်သဖြင့် ဦးလေးရိုးနဲ့ ကျွန်တော်တို့ ၂ ယောက် ဘာကွာသလဲ မေးက ပညာရော သမ္ဘာရော ကွာသည်ဟု ပြောရပါမည်။

တစ်ရက်တွင် မန္တလေး ဒါးတန်းမြို့မဝင်းအသင်းတိုက်တွင် တီးရန် လာခေါ်၍ ဦးလေးရိုးက ကျွန်တော့်ကို ထည့်လိုက်ပါသည်။ရုပ်ရှင်ရိုက်ကူးရာတွင် ဘေးကနေတီးပေးရန်ဖြစ်ပြီး ထိုစဉ်က နှဲ့ကဆရာ မြင်းခြံသြဘာချစ် ဖြစ်ပါသည်။ ကျွန်တော် မောင်းဆိုင်းတီးရပြီး တစ်ခြမ်းဝိုင်း သဘော။မောင်းဆိုင်း၊ နှဲ၊ ပတ်မ၊ စခွန့်၊ ခြောက်လုံးဒိုး၊ လင်းကွင်း၊ စည်းဝါးပဲ ဖြစ်ပါသည်။ နောက်မှ မြို့မ အသင်းတိုက် ဝင်းအတွင်းရှိ ကျောင်းအစ်မကြီး အမေပု (မမပု) တိုက် အနောက် ဘက်တွင် ခုတင်ကြီးတစ်ချပ်ခင်း၍ ထိုခုတင်ပေါ်တွင် အကကပြီး ထိုအကကို ကျွန်တော်တို့က တီးပေးကြရပါသည်။အကများကို မှတ်တမ်းတင်ရန် ရိုက်ကူးမည်ဖြစ်ပြီး ကမည့်သူများမှာ ဇာတ်မင်းသာ ရွှေဒေါင်းညိုနှင့် အဘစိန်ဗေဒါနှင့် တွဲခဲ့သော ရှေးအငြိမ့်မင်းသမီး သြဘာသောင်း ဖြစ်ပါသည်။ထိုအစီအစဉ်ကို စီစဉ်ညွှန်ကြားနေသူမှာ ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်လေး ဖြစ်ပါသည်။ဗိုလ်ခင်မောင်လေးကို ကျွန်တော် ကြည့်လိုက်ရာ အရပ်မြင့်မြင့် နဖူးကျယ် နှာတံ သွယ်သွယ်ဖြင့် အတော်ပါးရည်နပ်ရည်ရှိမည့် ဥပမိရုပ်မျိုး ဖြစ်ပါသည်။ညဖြစ်၍ မီးတွေက ဖွေးနေအောင် ထွန်းထားပါသည်။ရုပ်ရှင်ရိုက်သူများကို ဗိုလ်ခင်မောင်လေးက ညွှန်ကြားပေး

ပါသည်။ဘေးကနေ၍ ဝန်ကြီးဟုခေါ်သူ မရှိပါ။ရင်းရင်းနှီးနှီးဖြင့် ဆရာ ဆရာဟု ခေါ်ကြသူတွေ သူ့နားမှာ လူ ၅၀ ထက် မနည်းပါ။ဆရာ ဆရာ ဆရာက သိပ်နားလည်တာပဲ၊ သိပ်တော်တာပဲ စသည်ဖြင့် ဆရာခြင်း မိုးမွှန်အောင် အော်ပြောရင်း မြှောက်ပင့်နေသူတွေကြားက ဗိုလ်ခင်မောင်လေးက တီးရန် ညွှန်ကြားနေပါသည်။

အမျိုးသားကျောင်းတွင် ကျောင်းဆရာလုပ်ခဲ့၍ ဗိုလ်ခင်မောင်လေးအား ဆရာဟု ခေါ်ကြကြောင်း နောက်မှ သိရပါသည်။ထိုအချိန်က ဗိုလ်ခင်မောင်လေးမှာ ပြည်ထဲရေးဝန်ကြီး ဖြစ်၍ အလွန်တန်ခိုးအာဏာကြီးသောအခါ ဖြစ်ပါသည်။

ရွှေဒေါင်းညိုက ခုတင်ကြီးပေါ် မီးရောင်အောက်တွင် မင်းသားနှစ်ပါးသွား ဝတ်သည့် အဝတ်အစားမျိုး ခေါင်းပေါင်းအပြည့်အစုံနှင့် ကရန် အသင့်ရှိနေပါပြီ။ ကင်မရာများ၊ မီးမောင်းထိုးသူ၊ ဆိုင်းအဖွဲ့၊ ကမည့်သူ အားလုံးအသင့်ဖြစ်သည်နှင့် တစ်ပြိုင်နက် စတင်ရိုက်ကူးပါတော့သည်။ကျွန်တော်တို့အဖွဲ့က စောစောက မင်းသား ရွှေဒေါင်းညိုနှင့် ကြိုတင်ညှိထားသည့် အတိုင်း လေပြေဆော်သွင်းမြူး ယိုးဒယားကို စခွန့်အဆစ်များထည့် တီးပေးရပါသည်။ရွှေဒေါင်းညိုမှာ အကကောင်းသူဖြစ်၍ စတင်လှုပ်ရှား၍ ကလိုက်သည်နှင့် သူ၏အကများ အသက်ဝင်လှပါသည်။"လေပြေ ဆော်သွင်းမြူး" ပေါင်တူး ဗေတူး ဗေတူး ပေါင် တုန်း ဂျိန်းဂျိန်း ပေါင်တူး ဗေတူး ဗေတူး ပေါင်တုန်း ဂျိန်းဂျိန်း စခွန့်အဆစ်များက ဝါးလပ်အမြူးအဆစ်ဖြစ်၍ တော်ရုံတန်ရုံတီးတာကြားတာနဲ့ ကချင်လာသည့်အဆစ်မျိုးဖြစ်ပါသည်။သီချင်းစာသားမှာ လေပြေဆော်သွင်းမြူး ဟံသာဗွေ မန်းလေ ရွှေနန်းဦး ထူးထူးထွေလာ ငါးပါးပဋ္ဌ ရွှေတံမြှာ သီချင်း ဆုံးလျှင် အတောက ဒူ$^{၇}$တယ်$^{၆}$ တယ်$^{၅}$ နယ်$^{၆}$ ဒူ$^{၅}$ တယ်$^{၄}$ တဲ$^{၅}$နယ်$^{၆}$ ဒူ$^{၂}$တဲ$^{၇}$ တေး$^{၁}$ ဒီ$^{၄}$တယ့်$^{၃}$နယ်$^{၄}$ တယ်$^{၁}$။ဤနေရာတွင် ဗိုလ်ခင်မောင်လေး အတောအဆုံးနဲ့အကိုက် ဟိုး. . ဟု အရပ်ခိုင်းအလိုက် တီးကွက်အဆုံးနဲ့ အံကျဖြစ်သွားသည်ကို ဘေးကလူများက ဆရာကို သိပ်တော်တာပဲ သီချင်း အသံနဲ့ အံကိုက် ရပ်နိုင်တယ်ဟု ပြောကြပါသည်။နောက် ဒုတိယအကြိမ် ပြန်တိုက်ပါသည်။ သည်လိုပင် စရိုက်ရန် ညွှန်ကြားလိုက်ပြီး သီချင်းအဆုံးအတောပြီးခါနီးတွင် ဟိုး. . ဟုသာ ခိုင်း လိုက်ပါသည်။ဘေးကလူများကလည်း ဝန်ကြီးတော်ကြောင်း အနုပညာကို ကောင်းကောင်း နားလည်ကြောင်း ချီးမွမ်းနေကြပါသည်။အကမှတ်တမ်းတင်ဖြစ်၍ အခြားသီချင်းများ ပြောင်း မတီးရပါ။လေပြေဆော်သွင်းမြူးပဲ ထပ်ခါထပ်ခါ တီးရပါသည်။တီးတိုင်း တီးတိုင်း ဗိုလ်ခင်မောင် လေးက အတောအဆုံးနေရာ တဲ$^{၅}$ နယ်$^{၆}$ ဒူ$^{၂}$တယ်$^{၇}$ တေး$^{၁}$ ဒီ$^{၄}$ တဲ$^{၃}$နယ်$^{၄}$ တယ်$^{၁}$ တေး$^{၁}$ ဒီ$^{၄}$ တဲ$^{၃}$ နယ်$^{၄}$(ဟိုး) တေး$^{၁}$ ဒီ$^{၄}$ တဲ့$^{၃}$ နယ်$^{၄}$(ဟိုး) ကျွန်တော်တို့တီးနေသောသီချင်း အတောဆုံးတွင် ဗိုလ်ခင်မောင်လေးက ရပ်ခိုင်းနေသည်။သူမခိုင်းလည်းဘဲ တစ်ပိုဒ်တီးသီချင်းဖြစ်၍ တီးသူက သူ မဆိုထားဘိ ကင်မရာကိုင်သူ၊ မီးထိုးသူများပင် ဤမျှလောက်ကို နားရည်ဝ သိပြီးသားဖြစ်ပါ သည်။သို့သော် သူ၏အရှိန်ဩဇာကို အားလုံးက လက်ခံနေကြပါသည်။ကျွန်တော်ကမူ ကျွန်တော် တို့ တီးနေသည့်အချိန်အတွင်း အရပ်ခိုင်းသည်မှာ ကျွန်တော်တို့က မရပ်တတ်၍ ပြပြပေးရတာနဲ့ တူသဖြင့် စိတ်ထဲက အောင့်သက်သက်ဖြစ်နေပါသည်။သူက နိုင်ငံတော်ရဲ့ဝန်ကြီးတစ်ဦးပါ။ ကျွန်တော်က သာမည ဂီတသမားတစ်ယောက်၊ သို့ပေမယ့် ဂီတသမား အနုပညာသမားဆိုသည် မှာ မှန်ရာကို ကြိုက်နှစ်သက်သူများဖြစ်၍ ယခုလို ဂီတဆရာမဟုတ်ဘဲ ဂီတအနုပညာသည်များ အပေါ်တွင် ဝန်ကြီးဩဇာသုံးနေသည်ကို မကြိုက်ပါ။မနှစ်သက်ပါ။သီချင်းဆုံး အတောနောက် တွင် ကျွန်တော်က ခါတိုင်းလို ရိုးရိုးမတောတော့ပဲ "ငါးပါးရယ် ပဋ္ဌင်ရွှေတံမြှာ" တဲ$^{၇}$တဲ$^{၇}$တယ်$^{၁}$

တဲ၆ တဲ၆ တယ်၇ တဲ၆၅ တဲ၇တယ်၆ တဲ၇နယ်၄တယ်၁" ဗိုလ်ခင်မောင်လေးက ကျွန်တော်၏ အတောကို မသိသဖြင့် (ဟိုး) ဟု သူထင်သောနေရာ ရပ်ခိုင်းလိုက်ရာ ကင်မရာကိုင်သူရော မီးထိုးသူများပါ ကသိကအောင့်ဖြစ်ကုန်ပါသည်။ ခါတိုင်းလို အံကျမဟုတ်တော့ပါ။အံကျ အရပ်ခိုင်းရန် (ဟိုး) ဟု မပြတတ်တော့ပါ။ ဤအဖြစ်ကြောင့် သူလည်း အတော်စိတ်ဆိုးသွားဟန် ရှိပါသည်။ဘေးကလူများ အသံလည်း ငြိမ်သွားပါသည်။"ကဲ. . ဆက်ဆက်ပြန်ရိုက်မယ်" ဗိုလ်ခင်မောင်လေးက အသံကျယ်ကျယ် မာမာ ခပ်ဆတ်ဆတ်ပြောလိုက်သဖြင့် အားလုံးငြိမ်သွား သလား ထင်ရပါသည်။"ရိုက်မယ်" "စ" သူအသံဆုံးသည်နှင့် ကျွန်တော်၏ မောင်းဆိုင်းသံ၊ နှဲဆရာ ဩဘာချစ်၏ နှဲသံများစကာ အခွန့်အဆစ်သံများက ဝေဝေဆာဆာဖြင့် တီးလုံးကောင်း တစ်ပုဒ်အဖြစ် တီးပေးနေပါသည်။"ငါးပါး ပဥ္စရွှေတံမြွာ" တီးပေးနေပါသည်။ဒျန့်၇တဲ၇ နယ်၁ ဒူ၇တယ်၆ ဒျန့်၅ တေး၇ နေ၁ ဒူ၅တယ်၄ ဒျန်၇ တေး၇ နေ၄ တူ၇တယ်၂ တေး၁လေ၂ ဒူ၇တေ၂ တဲ၇နယ်၄တဲ၆ တယ်၇ဒယ်၁။ဒီတစ်ခါ အတော ဆုံးလည်း သူမသိသဖြင့် ရမ်း၍ (ဟိုး) လိုက်ပါသည်။၂ ကြိမ်တီးပြီး၍ ၃ ကြိမ် မြောက်တွင် ဗိုလ်ခင်မောင်လေးက အတောသတိထားပြီး အံကျရပ်ခိုင်းရန် စိတ်သန်နေပုံရပါသည်။သူ့လက် ကြိုကြိုတင်တင်ရွယ်ထားခြင်းဖြင့် သိသာနေ ပါသည်။"ငါးပါး ပဥ္စင်ရွှေတံမြွာ" တိန်း၇ မောင်၇ တိန်း၆မောင်၆ တေး၆ မောင်၆တူး၁ ဗျော်၄ ဗျော်၇ ပျော်၂ ဖြိုင်၁ ကျွန်တော်၏ အတောအဆုံးမှာ ဝန်ကြီးဗိုလ်ခင်မောင်လေး၏ စည်းချက်မကျ ဝါးချက်မကျ (ဟိုး အိုး ဟိုး) သူ ကသိကအောင့်အသံနဲ့အတူ မျက်နှာကြီးက နီးမြန်းနေပြီး ကျွန်တော့်ဘက်လှည့်လိုက်ကာ ရှက်ဒေါသဖြစ်နေပါသည်။ကျွန်တော်တို့နဲ့ အံကျရှိသူမှာ ရွှေဒေါင်းညိုပင် ဖြစ်ပါသည်။ရွှေဒေါင်းညိုက ကျွန်တော် ဘယ်လိုတောတော သူက အံကျ ကနိုင် ပါသည်။ဝန်ကြီးဗိုလ်ခင်မောင်လေးမှာ ယခုအချိန်တွင် ကျွန်တော်တို့တီးနေသော လေပြေ ဆော်သွင်းမြူး ယိုးဒယားကို ဘယ်နေရာတွင် ဟိုးဟု ရပ်ခိုင်းရန် ခက်နေပါပြီ။ထို့နောက် ဗိုလ်ခင်မောင်လေးက ကျွန်တော့်ဘက်လှည့်ကာ "ဟေ့ကောင် တောတာ မင်းက ရှိုးရှိုးတောပါကွ။ မင်းက အဆန်းထွင်တော့ ငါက ဘယ်နေရာရပ်ရမှန်း မသိဘူး"ဟုပြောရာ ဘေးရှိလူများက ကျွန်တော့်အား ဝိုင်းဘေချင်သည့် မျက်နှာမျိုးများဖြင့် တင်းတင်းမာမာ ဂုဏ်ပြုနေကြပါသည်။

နောက်တစ်ခါ လေပြေဆော်သွင်းမြူး ပြန်တီးလေရာ အတောနေရာတွင် ရှိုးရှိုးတော ပေးလိုက်ရသော်လည်း မောင်းသံများကို အပွတ်ကလေးများဖြင့် ရွဲ့တီးပေးလိုက်ပါသည်။ ထိုနေ့ညက ရွှေဒေါင်းညိုအခန်းများရိုက်ပါသည်။ ဒေါ်ဩဘာသောင်းမှာ အကတွင် အလွန် ကောင်း၍ နာမည်ကြီးသူတစ်ယောက်ဖြစ်ပါသည်။ သေးသေးသွယ်သွယ် မည်းမည်းပြတ်ပြတ် ဖြစ်၍ မင်းသမီးလို ဝတ်စားထားသည်မှာ ကြည့်ကောင်းသော်လည်း လိမ်းထားသော သနပ်ခါး များကမူ ရယ်ချင်စရာလို ထင်မိပါသည်။ ဒေါ်ဩဘာသောင်းအတွက် အငြိမ့်သီချင်း ကကွက် တစ်ပုဒ် တီးပေးရမည် ဖြစ်ပါသည်။ကျွန်တော်က နှဲဆရာ ဩဘာချစ်အား ဤသီချင်းတီးမည်ဟု ပြောထားလိုက်ပါသည်။သက်ဆိုင်ရာပုဂ္ဂိုလ်များ အားလုံးအသင့်ဖြစ်သည်နှင့်တစ်ပြိုင်နက် စရိုက် ပါသည်။ဒေါ်ဩဘာသောင်းအတွက် သီချင်းမှာ ရွှေဒေါင်းညိုတုန်းကလို လေပြေဆော်မြူး မဟုတ်ပါ။အငြိမ့်ကရန် တီးပေးရမည်ဖြစ်၍ စလျှင်စချင်း ကျွန်တော်က သီချင်းတစ်ပုဒ်ကို ကောက်တီးလိုက်ရင်း ဤသီချင်းကို ဆိုလိုက်ပါသည်။

"က၅မှာ၅ ဦး၇ အ၆စ၁ တည်၇ လူ၇တန်း၆စား၇လွတ်၆လပ်၇ခဲ့၁တဲ၂၄ ကျုပ်၇တို့၅
မြန်၇ပြည်၇"

"ဟေ့ ဟိုး ဟိုး"

ဗိုလ်ခင်မောင်လေးအသံကြောင့် အားလုံးရပ်လိုက်ကြပါသည်။ဗိုလ်ခင်မောင်လေးက ဒေါသထွက်နေသောမျက်နှာမျိုးဖြင့် ကျွန်တော့်ကို လှည့်ကြည့်လိုက်ရင်းက

"ဟေ့ ဒါကွန်မြူနစ်သီချင်းကွ မတီးနဲ့"

သူ့အပြောကို ကျွန်တော်က သွက်လက်စွာ ဖြေလိုက်ပါသည်။

"ဒါမြို့မငြိမ်း ရေးတာဗျ"

အားလုံးငြိမ်သွားပါသည်။ဝင်းကြီးတစ်ဝင်းလုံးရှိ လူများ ငြိမ်ကျသွားခြင်းက ပိုမှန်ပါလိမ့်မည်။

ဝန်ကြီး ဗိုလ်ခင်မောင်လေးက ကျွန်တော့်အား အမှုကြီးအောင် ကွန်မြူနစ် သီချင်းဟု ဆိုင်းဘုတ်တပ်ပေးလိုက်ခြင်း ဖြစ်ပါသည်။ကျွန်တော်က မြို့မငြိမ်းရေးတာဟု ပြောလိုက်ခြင်းကြောင့် ဗိုလ်ခင်မောင်လေး အပါအဝင် အားလုံးက ငြိမ်သွားခြင်းဖြစ်ပါသည်။ကျွန်တော်တို့ ရောက်နေသော ဝင်းကြီးကား မြို့မအသင်းတိုက်တည်ရာ မြို့မဝင်းဖြစ်ပါသည်။မြို့မငြိမ်းမှာ မြို့မအသင်းကြီး၏ ထူးခြားထက်မြက်လှသော သီချင်းရေးဆရာကြီးတစ်ဦးဖြစ်ခြင်းကြောင့် အခြားသူများထက် ယခုဝင်းအတွင်း ရှိလူများက ပိုမိုလေးစားကြရခြင်းနှင့် သက်ဆိုင်နေ၍ ဖြစ်ပါသည်။ကျွန်တော်သည် ဦးလေးငြိမ်း (မြို့မငြိမ်း) သီချင်းကို မြတ်နိုး၍လည်းကောင်း၊ ကကွက်တီးပေးရန် ကောင်း၍လည်းကောင်း တီးပေးလိုက်ခြင်းဖြစ်ပါသည်။မြို့မငြိမ်းသီချင်းသည် ကွန်မြူနစ်သီချင်း မဟုတ်ပါ။မြို့မငြိမ်းသည် ကွန်မြူနစ်တစ်ဦး မဟုတ်ပါ။ပြည်သူအများ ချစ်မြတ်နိုးသည့် သီချင်းရေးဆရာတစ်ဦး ဖြစ်ပါသည်။ထိုအကြောင်းအရာများကို ကျွန်တော့်ထက်ပို၍ ဝန်ကြီးဗိုလ်ခင်မောင်လေးက သိပါမည်။သို့သော် ကျွန်တော် သီဆိုတီးလိုက်သည့် သီချင်းစာသား တီးကွက်ကို မြို့မငြိမ်းရေးမှန်း မသိ၍ ကျွန်တော့်အား ဖိနှိပ်ရန် ရည်ရွယ်၍ ပြောလိုက်ခြင်း ဖြစ်ပါလိမ့်မည်။သို့သော် ထိုနေ့ညက ဒေါ်ဩဘာသောင်း ကကွက်ကို ဤသီချင်းပင် ထပ်ခါတီးလိုက်ရာ ကန့်ကွက်သူ မပေါ်တော့ပါ။ထို့ကြောင့် ဤသီချင်းနှင့်ပင် ဒေါ်ဩဘာသောင်း ကကွက်တို့ ထပ်ခါတလဲလဲ တီးပေးရင်း အကမှတ်တမ်းတင် ရုပ်ရှင်ရိုက်ကူးကြရပါတော့သည်။

* * *

ဆိုင်းပြိုင်တစ်ပွဲကို ကျွန်တော် ရောက်ရှိသွားခဲ့သည်။စိန်အောင်မြိုင်နှင့် စိန်ကျော်တင့်တို့၏ ဆိုင်းပြိုင်ဖြစ်သည်။

တေးထပ်ကို မိတ်ဆက် မပြသန်းကဆိုပြီး ပထမ စိန်အောင်မြိုင်က တီးပါသည်။နောက် စိန်ကျော်တင့်အလှည့်ရောက်၍ တီး၏။တေးထပ်တီးနည်း ကွာခြားပါသည်။စိန်ကျော်တင့်က သူ့ဆရာကြီးဖြစ်သူ နေမျိုးဗလကျော်သူဘွဲ့ရ ရွှာစားကြီးစိန်ဗေဒါ ခေတ်ပြားထဲတွင် ထည့်သွင်းခဲ့သောမူအတိုင်း၊ ဟန်အတိုင်း တီးရာ အလွန်ကောင်းပါသည်။တေးထပ်၏ ပထမပိုင်းစာလုံး ငါးလုံးခြောက်လုံးတွင် နရီတစ်စည်းစာ ရှိပါသည်။ထိုနရီတစ်စည်းစာကို ရွှာစားကြီး စိန်ဗေဒါက ခြောက်မျိုးလောက် အနုစိတ် ပတ်ဖျားလေးများနဲ့ ခွဲခြားတီးထားခဲ့ပါသည်။တေးထပ်တီးပြီးသောအခါ အရသာချင်း၊ ဆိုင်းချင်း ကွာခြားလှပါသည်။သို့သော် စိန်ကျော်တင့်ဘက်က မတူတာကို ပြတ်ပြတ်သားသား မပြောရဲကြပါ။ကြောင်ခံနေပါသည်။ ကျွန်တော်က ဆိုင်းနောက်က နားထောင်ရင်း အသားတွေ တဆတ်ဆတ်တုန်နေပါပြီ။ထို့ကြောင့် ဆိုင်းဝိုင်း

မင်းပေါက်နားကပ်၍ စိန်ကျော်တင့်အား 'အစ်ကိုကြီး ကျွန်တော်တီးဦးမည်"ဟု ပြောလိုက်ရာ ကျွန်တော့်ကိုလှည့်ကြည့်ပြီး "အေးအေး" ဟုပြောကာ ဆိုင်းဝိုင်းထဲက ထွက်ပေးပါသည်။ ကျွန်တော်က ဆိုင်းဝိုင်းမင်းပေါက် (လူဝင်ပေါက်)နားတွင်ထိုင်၍ အနန္တော အနန္တငါးပါးကို ရှိခိုးပါသည်။ပြီးလျှင် နှုတ်က "အဟံတုဘရာဇာ"ဟုရွတ်၍ ဆိုင်းဝိုင်းအတွင်းရှိ ကြေးသေတ္တာ (ဆိုင်းတီးရန် သေတ္တာ)ကို လက်ဝါးဖြင့် တအားရိုက်၍ အဟန့်ပြုလုပ်ပြီး ဝင်ထိုင်လိုက်ပါသည်။

စိန်အောင်မြိုင်မှာ ခပ်ဝဝ နှာတံပေါ်ပေါ် ဥပဓိကောင်းကောင်း ဆံပင်တိုတို မျက်နှာချိုချို ရှိသူဖြစ်ပြီး အသက် ၃၅ နှစ်ခန့် ရှိလောက်ပါသည်။ကျွန်တော့်ထက် ၁၀ နှစ်ကျော်ကျော်လောက်ကြီးပြီး လူလုံးလူဖန်ကလည်း သားနဲ့အဖလောက် ကွာခြားနေပါသည်။ စိန်ကျော်တင့်နဲ့ ဝိုင်းထဲယှဉ်ထိုင်နေစဉ် အသက်အရွယ်ချင်း သိပ်ကွာခြားပုံမရသော်လည်း စိန်ကျော်တင့်က သူ့ထက် အသက် ၆ နှစ်လောက် ကြီးပါမည်။အဘယ်ကြောင့်ဆိုသော် စိန်ကျော်တင့်၊ ဗိုလ်ချုပ်အောင်ဆန်း၊ မြင်းခြံခရိုင် ဆရာစိန်လက်မတို့မှာ ၁၂၇၆ ခု တစ်ခုတည်း သားများဖြစ်သောကြောင့်ပါ။ကျွန်တော်နှင့် ယှဉ်ထိုင်သောအခါ သူ့အရွယ်၊ သူ့အသက်က အများကြီး ကြီးနေသလိုထင်ရပါသည်။ဆိုင်းဝိုင်းထဲ ကျွန်တော်ရောက်နေသဖြင့် သူတို့ဆိုင်းက အံ့အားသင့်ဟန်ဖြင့် ကြည့်နေကြပါသည်။စိန်ကျော်တင့် တီးလှည့်ဖြစ်၍ ဆိုင်းဝိုင်းထဲမှ ကျွန်တော်က စကားပြောလိုက်ပါသည်။ဆိုင်းနောက်ထိုင်အား-

"ဗျို့ ကိုစိန်ကွက်"

"အမိန့်ရှိပါခင်ဗျာ"

"အလှူတော်ကြီးက တယ်ကျက်သရေမင်္ဂလာရှိတာကိုးဗျ"

"ဟုတ်ပါ့ခင်ဗျာ"

"အင်း. . အလှူတော်ကြီးမှာ ဧည့်ခံဖို့ ငှားရမ်းတာဝန်ပေးထားတာကတော့ ဒီဘက်က စိန်ကျော်တင့်ဆိုင်းအဖွဲ့နဲ့ ဟိုဘက်က ရွှာစားကြီး စိန်အောင်မြိုင်တို့ ဖြစ်ပါတယ်ခင်ဗျား"

"ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့"

"ကျွန်တော်ကတော့ ငှားရမ်းတာဝန်ပေးတဲ့ထဲ မပါပါဘူးခင်ဗျာ"

"ဩော်. . ဟုတ်လား။ဒါဖြင့်ဆရာက ဘာလို့ဧည့်ခံတီးမှုတ်နေတာလဲခင်ဗျာ"

"ဒါကတော့ ဒီလိုပါ။အလှူ့တကာကြီးက ကျွန်တော့်ကို အလှူဖိတ်ပါတယ်။ကျွန်တော် အလှူလာတဲ့အခါ အလှူ့တကာကြီးက ကျွန်တော့်ကို ငွေတို့၊ ဘာတို့ ဆရာ လက်မဖွဲ့ပါနဲ့။ ကိုယ်တိုင်တစ်ပုဒ်တစ်ပိုဒ်တီးပြီး ဧည့်ခံကူပါလို့ပြောတာနဲ့ အလှူ့တကာရဲ့ ဆန္ဒအရ ဝင်ရောက်ဧည့်ခံတီးရခြင်း ဖြစ်ပါတယ်"

"ဩော် ဟုတ်ကဲ့ ပိုပြီးပြည့်စုံသွားတာပေါ့ခင်ဗျာ"

"ကျွန်တော်ရတဲ့အချိန် ၁၅ မိနစ်လောက်နဲ့ ကိုက်ညီတဲ့သီချင်းတစ်ပုဒ်ကို တီးပြချင်ပါတယ်"

"အမိန့်ရှိပါ ခင်ဗျာ"

"ရွှာစားကြီး စိန်ဗေဒါရဲ့ဖခင် ဆရာဖေကြီးက ဇေယျာရွှေမြေသီချင်းခန့်ကြီး အစအဆုံး တစ်ယောက်တည်းတီးနိုင်လို့ မြန်မာဘုရင်မင်းမြတ်က ရွာစား ပေးသနားခဲ့တာကိုး။ ဒီတော့ ဆိုင်းဆရာမှန်ရင် ဇေယျာရွှေမြေ ၉ ခန်းကို တတ်မြောက်သင့်ပါတယ်။၁၀ တန်းအောင်မှ အလုပ်ရတာလိုပါပဲ။ဒီဇေယျာရွှေမြေ ၉ ခန်းကျွတ်မှ ဆိုင်းခွဲခွင့် ပေးပါတယ်။အခုခေတ်တော့

ဒီလိုမဟုတ်ပါဘူး။ဇေယျာရွှေမြေ ၉ ခန်း ရသည်ဖြစ်စေ မရသည်ဖြစ်စေ ရွာဘုန်းကြီးက ဆိုင်းထောင်ပေးလို့၊ ဘကြီးက ဆိုင်းထောင်ပေးလို့၊ တောမှာ ပစ္စည်းလေးဘာလေး နည်းနည်းရှိတဲ့ အရီးက ဆိုင်းထောင်ပေးတော့ ဆိုင်းဆရာလုပ် တီးကြတာပါပဲ။ဒါပေမဲ့ အဲဒီထဲတော့ ဟိုဘက်က ရွာစားကြီး စိန်အောင်မြိုင်တော့ မပါလောက်ပါဘူး။အဲ. . နားထောင်ကြပါခင်ဗျာ။ ဇေယျာရွှေမြေ ၉ ခန်းဟာ ဝက်ပါလိုပါပဲ။အစအဆုံးတီးဖို့ အလွန်ခက်ပါတယ်။နရီစည်းပေါင်း ၂၂၂ စည်းရှိပြီး အချိန် ၁၅ မိနစ်လောက်ကြာပါမယ်။ကျွန်တော် စိန်တင်ဟန်ကိုယ်တိုင်ဆိုရင်း တီးပြပါ့မယ်။ နားသောတ ဆင်တော်မူကြပါခင်ဗျာ။"

**(မှတ်ချက်) ဇေယျာရွှေမြေသီချင်းခန့်ကြီးကို မြဝတီမင်းကြီး ဦးစရေး၍ ဂီတ ဝိသောဓနီ ကျမ်းစာမျက်နှာ (၁၀) တွင် ပါရှိပါသည်။**

အလျှူ၏ မနက်ခင်းဧည့်ခံချိန်မှာ စကားပြောကြ၊ နှုတ်ဆက်ကြ၊ ကွမ်းဆေး လက်ဖက် ဧည့်ခံကြ၊ ထမင်းရုံကြွရန် တာဝန်ရှိသူများက ခေါ်ကြနှင့် ဆူဆူညံညံအချိန်ဖြစ်သော်လည်း ဆိုင်း ၂ ဆိုင်းပြိုင်ဖြစ်နေ၍ ပရိသတ်က အာရုံစိုက် နားထောင်နေသည်ကို သတိထားမိပါသည်။ ဇေယျာရွှေမြေကို တကယ်တီးသောအခါ တော်တော်ပင်ပန်း ခက်ခဲပါသည်။ဝါးပတ္တလားဖြင့် အကြိမ်ပေါင်းများစွာ တီးခဲ့ဖူးပါသည်။ ယခုမူ ပတ်လုံးတွေကို တီးရသဖြင့် အချို့ အတောများ၊ တီးကွက်များကို လက်က ကောင်းကောင်းမလုံချင်ပါ။ထိန်းတီးရပါသည်။သည့်ထဲတွင် ကိုယ်တိုင် သီဆိုနေ၍ သီချင်းစာသားများ သီချင်းပိုဒ်များ မမှားစေရန် ဂရုစိုက်သီဆိုနေရ၍ တစ်ခါတစ်ခါ အတီးဘက်လျှော့သွားသလို တစ်ခါတစ်ခါ အဆိုဘက်က လျော့သွားသလိုဖြစ်နေသည်ကို ပထမ ၂ ခန်းလောက်ထဲက သိလာရသဖြင့် အတီးအားလျော့၍ အဆိုဘက်ကို မဲတင်းပေးလိုက်ပြီး၊ အဆိုအားပျော့လျှင် အတီးက မဲတင်းပေးလိုက်၍ ပရိသတ်ကလည်း ဇေယျာရွှေမြေသီချင်းကြီး၏ တာဝန်ကြီးမားခြင်းကို အတော်အတန် သဘောပေါက်လာကြသဖြင့် ကျွန်တော်၏ အားနည်းချက် များကို သူတို့ကဖြည့်စွက် နားထောင်ပေးဟန် ရှိပါသည်။

ဇေယျာရွှေမြေ ဆုံးသွားလျှင် ပရိသတ်၏ လက်ခုပ်သြဘာသံများနဲ့အတူ ကျွန်တော့်ထံ သို့ ဆုချငွေများ ရောက်လာပါသည်။ဆုချငွေများမှာ တစ်ယောက်တည်းက မဟုတ်ပါ။ ၇ ဦး၊ ၈ ဦး ခန့်ဆီက ဖြစ်ပါသည်။တီးပြီး ဆိုင်းဝိုင်းထဲက ထွက်လာရန်ဖြစ်သော်လည်း မထွက်ရသေးပါ။ အကြောင်းကတော့ ဒီလိုဖြစ်လာပါသည်။ကျွန်တော်တီးသော ဇေယျာရွှေမြေကို စိန်အောင်မြိုင် အား တီးခိုင်းပါသည်။ ရပ်ကွက်လူကြီးများက တီးခိုင်းခြင်းကြောင့် စိန်အောင်မြိုင်က ဇေယျာရွှေ မြေ မရပါဟုပြောလာသဖြင့် ပရိသတ်က လှုပ်လှုပ်ရွရွ ဖြစ်ကုန်ပါသည်။ထို့နောက် စိန်အောင်မြိုင် က ဤသို့ပြန်ကြားပါသည်။

"စောစောက စိန်တင်ဟန်တီးသွားတဲ့ ဇေယျာရွှေမြေကို ကျွန်တော် မရပါဘူး။သီချင်း ကြီးဆိုတာ သူရတဲ့သီချင်း ကိုယ်ရချင်မှ ရမှာပါ။ကျွန်တော်ရတဲ့ သီချင်းလည်း စိန်တင်ဟန်က ရချင်မှ ရမှာပါ။ဒီတော့ ၂ ယောက်ရတဲ့ သီချင်းတစ်ပုဒ်ရွေးပါ။ တစ်ယောက်တစ်လှည့် တစ်ပိုဒ် စည်းဝင်စည်းထွက် အတီးမမှားဘဲ တီးကြတာကမှ တရားသဖြင့် ဖြစ်ပါမယ်"ဟု ပြောပါသည်။ စိန်အောင်မြိုင် ဆိုင်းနောက်ထများက ဘုန်းကြီးလူထွက်များပါသဖြင့် စာအလွန်တတ်ပါသည်။ ထိုအကြောင်းကို သူ့ဆိုင်းနောက်ထများ ပါဠိပါဒ်သားများရွတ်၍ ထပ်ဆင့်ပြောဆိုပါသည်။ မူလက ကျွန်တော် တစ်ပုဒ်တီးပြီးထွက်ရန် ဖြစ်သော်လည်း ဆက်တီးရပါဦးမည်။၂ ယောက်ရတဲ့ သီချင်း ရွေးကြရာ ရဝိန် ဒေါင်းယာဉ်ပျံ ပတ်ပျိုးကို ၂ ဖွဲ့လုံး ၂ ဆိုင်းလုံးရ၍ သီချင်းကို အတည်ပြု

ရွေးချယ်လိုက်ပါသည်။ထိုသီချင်းကို ဒိုင်လုပ်သူ ဘိသိက်ဦးစိန်မောင်က သီဆိုပေးမည်ဖြစ်ပြီး တစ်ဖွဲ့ တစ်လှည့်စီတီးရန် မဲချရာ ကျွန်တော့်ဘက်က အရင်တီးကြပါသည်။ဆိုင်းပြိုင် ဆိုင်းပြိုင်နှင့် ယခု ကျွန်တော်တီးနေရသည်ကတော့ အကြိတ်အနယ် အပြိုင်ဖြစ်နေပါပြီ။ရဝိန်ဒေါင်းယာဉ်ပျံ စလျှင်စချင်း ကျွန်တော်တီးနေသော အဖွဲ့အုံက တောင့်တင်းလှပါသည်။တက်တက်ကြွကြွ စိတ်အားထက်ထက်သန်သန် မကြောက်မရွံ့ တီးကြသည်မို့ ပို၍ ဆိုင်းကကောင်းနေပါသည်။ အဆိုပိုဒ်ပြီး အတီးပိုဒ်တွင် ပတ်မဆစ်များထည့်တီးရာ မြိုင်မြိုင်ဆိုင်ဆိုင် စိုပြည်စွာ စည်းစည်းဝါးဝါး ကောင်းလှသဖြင့် တီးရတာ အားရှိလှပါသည်။ကျွန်တော့်အလှည့် သီချင်းအတောအပြီး စိန်အောင်မြင် စည်းဝါးမပျတ်ဘဲ တောက်လျှောက်ဆက်တီးပါသည်။ကျွန်တော်က ရှေ့တီးကျနေသဖြင့် သူတို့က ကျွန်တော်တို့ တီးသလို လိုက်တီးပါသည်။တစ်ပိုဒ်ပြီး တစ်ပိုဒ်တီးခဲ့ကြ၍ အပိုဒ်တိုင်း ကျွန်တော်တို့တီးသလို လိုက်တီးပါသည်။ပထမ အဆစ်များနှင့်တီးလျှင် ပတ်မဆစ်များ၊ စခွန့်ဆစ်များထည့်လျှင် စခွန့်ဆစ်များ ဒုံးအဆိုများ ထည့်တီးလျှင် ဒုံးအဆိုများဖြင့် လိုက်တီးနေရာ အဓိပ္ပာယ် ၂ မျိုးထွက်ပါသည်။ပထမတစ်မျိုးက မန္တလေးတီးနည်းအတိုင်း ပေးပေးဝါးဝါးလိုက်၍ တီးနေသည်ဖြစ်ပြီး နောက်တစ်မျိုးက မင်းတို့တီးတာကို ဒို့လည်း တီးတတ်တာပဲဟု အဓိပ္ပာယ်သဘောရောက်နေပါသည်။ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် မသာယာပါ။ သူတို့၏ အားနည်းချက်များကို သူတို့တီးသောအခါတွင် နားထောင်ရင်းက ချောင်းနေပါသည်။သူတို့ကိုသာ ဂရုစိုက်ပါသည်။စိန်အောင်မြင်သည် သူရှိတာထက် သူ့ကိုယ်သူ ပိုအထင်ကြီးသည်ကို နားထောင်ရင်း တွေ့ရှိလာရပါသည်။သူ့တီးပိုဒ်များတွင် မျက်နှာက ပြုံးရွှင်စွာဖြင့် ပါးစပ်ကလည်း ဟော့ ဟယ်ဟု အသံပေးကာ မကြောက်သလို ဂရုမစိုက်သလိုပုံမျိုးဖမ်း၍ တီးနေသော်လည်း သူ့မျက်နှာတွင် ခေါင်းငုံ့၍ မဲတင်းတီးရသောအခါများကလည်း ထင်းထင်းရင်းရင်းကြီး မြင်နေရပါသည်။

**“မိန်ရာသီ ခါတော်ဦးမို့ ဖက်ချိုးတော်လှ့သည့်ခါတွင်”** ဤအပိုဒ်၏ အတီးပိုဒ်ကို ကျွန်တော်က ချွင်ချပ် ပတ်စမ်းတီးနည်းဖြင့် တီးလိုက်ပါသည်။စောစောက တီးခဲ့သော ပတ်မစခွန့် ဒုံးများထည့်တီးတာနှင့် နှိုင်းယှဉ်လျှင် ယခု ပတ်စမ်းတီးနည်းက လွယ်ကူပါသည်။ဆိုင်းဝိုင်း နဲ့ ကြေးမောင်း ဆိုင်းစည်း ဤ ၅ ဦးပဲ တီးရ၍ ကျန်လူများက သက်သာပါသည်။ကျွန်တော့်အလှည့်အပြီး စိန်အောင်မြင်တို့ကလည်း ကျွန်တော်ကဲ့သို့ပင် ပတ်စမ်းဖြင့်တီးပြီး လိုက်လာပါသည်။ပတ်စမ်းမို့ တီးရတာနည်းနည်းလွယ်သွားသဖြင့် သူတို့က သဘောကျသလို လှောင်သလို မျက်နှာထားမျိုး တွေ့ရပါသည်။ကျွန်တော်က နောက်တစ်ခါ မိန်ရာသီအတီးပိုဒ် ပြန်၍တီးလည်း ပတ်စမ်းဖြင့်ပင် တီးပါသည်။အထက်ပါအပိုဒ်တွေတုန်းက တစ်လှည့်စီ တစ်လှည့်စီ ပြောင်းတီးခဲ့ပြီး ဒီအပိုဒ်ကျမှ ပတ်စမ်း ၂ ခါ တီးသည့် အကြောင်းအရင်းကို မသိကြ။သူတို့က ကျွန်တော့်ကို အထင်သေးဟန်ဖြင့် ကြည့်နေသည်ကို တွေ့မြင်ရပါသည်။သူတို့မျက်နှာတွင် ဒီပြင်တီးစရာနည်း မရှိတော့ဘူးလား။ဒါပဲလား။ ဒါပညာအကုန်လားစသည်ဖြင့် သူတို့မျက်နှာနဲ့ အမူအရာများက သိသိသာသာကြီး ထင်ရှားနေပါသည်။ကျွန်တော်ပြီးလျှင်ပြီးချင်း သူတို့က စည်းဝါးမပျက် ဆက်တီးရပါမည်။စလျှင်စချင်း အဆိုပိုဒ်များကချည်း စရခြင်းကြောင့် အဆိုတွင် နရီစည်း ဆက်တီးရပါသည်။ကျွန်တော့်အပေါ် သူတို့အထင်သေးအောင်ဖန်တီး၍ ပတ်စမ်း ၂ ခါ တီးနေခြင်းအပေါ် သူတို့က ကျွန်တော် ထင်သလို ကျွန်တော့်အား အထင်သေးစွာဖြင့် ခပ်ပေါ့ပေါ့ နားထောင်နေကြပါသည်။ထိုအပိုဒ်၏အဆုံး စာသားများမှာ **“မြစ်ကြီးငယ် သောင်ခုံတွေ ဖော်စုံရွှေလို့ ယိုးလေးဆွဲ”** ဤအပိုဒ်ပြီးလျှင် အတောက ၇၁ ၆၆၅၄ ၅၆ ၂၇၁ ၄၃၄၁ ဤအတောသံ

များက အဆိုပိုဒ်ပြီး အတီးပိုဒ်ပြီးပါသည်မို့ ၇ ခါ ၈ ခါလောက် တီးနေရပြီးဖြစ်၍ ရိုးနေပါပြီ။

ထို့ကြောင့် ကျွန်တော်က သီချင်းဆုံးလျှင်ဆုံးချင်း အတောကို အထက်ပါကဲ့သို့ မတော တော့ဘဲ လေဘာတီမမြရင် သီချင်းထဲက "ယောက်ျားလေးမြင်ရင် မိန်းမက စ၍ခင်" ၄၂၃၄, ၁၂၃၄ ၆၇၁ဟု တောပြီး ဖြတ်လိုက်ရာ အတောပြီးလျှင်ပြီးချင်း စိန်အောင်မြင်က ဆက်ဝင်တီး ရမည်ကို ရုတ်တရက် အတောတစ်မျိုး အသံထွက်၍ မကြားဘူးသဖြင့် အံ့အားသင့်နေစဉ် အတောဆုံးသွားရာ စည်းဝါး မပြတ် ဆက်တီးရမည်ဖြစ်သည်ကိုသိ၍ သိလျှင်သိချင်း ကပျာကယာ လိုက်တီးကြရာ ချွမ် ဖဝေါ ဂွမ်း ဒိန်း ဖျောက် တီ တီး တီ စသည်ဖြင့် ကြောက်ကြောက်ရွံ့ရွံ့ မှားယွင်းတီးမိပြီး စည်းတခြား ဝါးတခြား ကြေးတခြား မောင်းတခြား အမှားကြီးမှားပြီး ရှေ့သို့ ဘယ်လိုဆက်တီးရမှန်း မသိတော့ဘဲ တစ်ဆိုင်းလုံးကြောင်၍ ထိုးရပ်သွားပါတော့သည်။ပရိသတ် ကြီးက ဝေါခနဲ ဟာ ဟယ် ဟင် အာမေဍိတ်သံ များဖြင့် အံ့အားသင့်ကာ ငေးမောနေကြရပါ သည်။ကျွန်တော် လှမ်းကြည့်လိုက်ချိန်တွင် စိန်အောင်မြင်က ဝိုင်းထဲက အတီးရပ်ကာ ကြက်ကြီး လည်လိမ်ချိုးလိုက်သလို ခေါင်းငိုက်စိုက်ကျသွားပါတော့သည်။သူ့ဆိုင်းဘက်က အားပေးကြသော မဏ္ဍပ်ဘေးနားက လူကြီး တောသားကြီး ၂၀ လောက်က အချို့က ဘူးသီးခြမ်း ဓားမကို ခါးမှာ ထိုးလျက် အပေါ်အင်္ကျီ လုံးဝမပါဘဲ ထလိုက်ကြရင်းက-

"ငမြိုင်ရေ ဒီကောင်လေးနိုင်ဖို့ အနှစ် ၂၀ လောက်ကြိုးစားပါဦး ငမြိုင်ရ ဒို့ ရှက်လွန်း လို့ပါဟ"ဟု ဝမ်းနည်းသံကြီးများဖြင့်ပြောရင်း ထပြန်ကုန်ကြပါသည်။ များပြားလှသော ပရိသတ် များထဲက ကျွန်တော့်အား ဆုငွေများ လာရောက်ချီးမြှင့်ကြ ပါသည်။ဆင်ကောင်လောက်ကြီးသော လူကြီးတစ်ယောက် ပရိသတ်အလယ်မှာ ကျွန်တော်က ကောင်းစွာနိုင်သဖြင့် လာပေးသော ဆုချငွေများကို ဆိုင်းဝိုင်းအလယ်မှ မတ်တတ်ရပ်ကာ သောက်ရှက်ခပ်နည်းနည်း ကလေးဆန်ဆန် ခပ်ကြွားကြွားဖြင့် ပုဆိုးစ ၂ ဖက်ကို မ၍ ငွေများကို ခံယူပါသည်။

ကျွန်တော် ဆိုင်းဝိုင်းထဲကထွက်သောအခါ ဆိုင်းသမားတစ်ယောက်က "အစ်ကိုလေး ဒါမျိုးဆိုတာ ရှက်ရမ်း ရမ်းတတ်တယ် လူပျောက်နေတာကောင်းတယ်" ဟု ပြောသဖြင့် ဘိသိက်ခန်းများတီးရန် ကျန်နေသေးသည်ကို နားမထောင်တော့ဘဲ ဆုချငွေများ လွယ်အိတ်ထဲသို့ ပြောင်းထည့်ကာ စက်ဘီးလေးစီး၍ မန္တလေးသို့ ပြန်လာပါသည်။

"အိမ်ရောက်လျှင် အမေက ဟဲ့ မောင်ကို မင်းနိုင်လာတယ်မဟုတ်လား ပြောစမ်း"ဟု ဆီးကြိုကာ မေးပါသည်။ကျွန်တော်က မပြောနိုင်သေးဘဲ အမေက သိနေသည်ကို အံ့ဩမိ ပါသည်။

* * *

အိမ်တွင် ဓာတ်စက်နှင့် ဓာတ်ပြားများရှိ၍ တစ်ခါတစ်ခါ အဘစိန်ဗေဒါ၏ တီးလုံး များဖွင့် နားထောင်ရာ အမေက အဘကို သတိရ၍ မျက်နှာပျက်နေတတ်ပါသည်။မင်္ဂလာ ဗြောညွှန့်လို အဘကိုယ်တိုင် သီချင်းဆိုသည့် အဘအသံကို ကြားရလျှင် အမေက ငိုပါသည်။ ထို့ကြောင့် ဓာတ်စက်ဖွင့်ခြင်းကို ရပ်ပစ်လိုက်ရပါသည်။အမေ ဟိုနားသည်နားသွားမှ ဖွင့်ရ အောင်လည်း အမေက အလွန်လမ်းနည်းပါသည်။နီးနေသောဈေးပင် မသွားပါ။ထို့ကြောင့် ကျွန်တော်က သိပ်နားထောင်ချင်သောအခါများတွင် ဓာတ်စက် အပ်ခေါင်းကိုဖြုတ်၍ မီးခြစ်ပုံးခွံ ကို အပ်ခေါင်းလုပ်ဖွင့် နားထောင်ရပါသည်။တိုးတိုးလေး ကြားရပါသည်။တစ်ခါတစ်ခါ အမေက ပုခက်လွှဲရင်း ကလေးချော့သိပ်ရင်း သီချင်းတိုးတိုးလေး ဆိုပါသည်။အမေဆိုတာက ဘုန်းပျံနေနန်း

ပတ်ပျိုးကြီးထဲကပါသော "လဲ့" ဖြစ်ပါသည်။"လဲ့"သည် လူသိ အလွန်နည်းပြီး ကြိုးဘွဲ့ သီချင်းခန့် ပတ်ပျိုးများလို လူသိ မများပါ။"လဲ့"ကို ဂီတပညာ လိုက်စားသော သာမန်အဆင့်ထက် မြင့်သူ ဘဝရောက်မှ ရင်းနှီးတတ်ကျွမ်းကြပါသည်။အမေဆိုနေသော "လဲ့" စာသားလေးများမှာ **"ညာခြေ ဝင်းလှလှ၊ ခါနွေ သွင်းစစ၊ တောင်တောငယ် တစ်ခို၊ ရှုတိုင်းငယ်စို၊ ညိုစိမ်းမြမြ၊ ဝါရွှေငယ်ဆန်း ပင်နန်းငယ်သာထွေ၊ ရော်ရွက် ကယ်ကြွေ နွေသွင်းစ ရွှေလရောင်ညီ ဘရဂုဏ္ဍိနှင့် ယှဉ်မှီထွန်းလိုပြန်တော့မယ်"**

နားထောင်ကောင်းသည်ဆိုပြီး အမေဆိုပြပါဦးခိုင်းလည်း အမေက မဆိုပါ။ သူဆိုချင်သည့်အခါမှ ဆိုပါသည်။ကလေးပုခက်လွှဲတိုင်း ဆိုသည်မဟုတ်ပါ။နောက်တော့ ကျွန်တော်က အမေ အမှတ်မဲ့သီချင်းလေးများဆိုလျှင် လိုက်ဆိုပါသည်။ ထိုအခါမျိုးတွင် အမေက ပြုံးပါသည်။နောက် ကျွန်တော်မှားသော နေရာများကို ထပ်မံသီဆို ပြပေးပါသည်။အမေက ညောင်လေးပင် ပုစွန်ချောင်းအောက်အရပ်သူမို့လား မသိပါ ငါးပိရည်မပါဘဲ ထမင်းမစားပါ။ ငါး၊ ပုစွန်လည်း ကြိုက်ပါသည်။ငါးပိရည်ကျိုသောအိုး သီးသန့်ရှိပါသည်။ရေချိုငါးပိကို နနွင်းမှုန့် အနည်းငယ်ထည့်၍ ကျအောင်ကျိုပါသည်။နောက် ပုစွန်ခြောက်ထောင်းပါသည်။ငရုတ်သီးစိမ်း မီးကင် ကြက်သွန်ဖြူ ၂ ဥ လောက် ထည့်ထောင်းပြီး ငါးပိရည် အရိုးမပါစေရန် စစ်ခပ်ပြီး ထည့်ပါသည်။ သံပရာသီးခြမ်းသေးသေးလေးများစိတ်ကာ ငါးပိရည်နှင့် တို့မြုပ် အခွံပါ စားပါ သည်။ကြာတော့ ကျွန်တော်လည်း ငါးပိရည်မပါဘဲ ထမင်းမစားတတ်သလို ဖြစ်နေပါသည်။ အမေ့ငါးပိရည် အလွန်ကောင်းပါသည်။အမေကား အနေအထိုင် အလွန်သန့်ရှင်းပါသည်။ အမေက အသားဖြူဖြူ၊ အဘက အသားမည်းမည်း အဖြူနဲ့အမည်း ခေါ်ရမလားမသိပါ။အမေက သနပ်ခါး နံ့သာဖြူ ကရမက်များ ရွေးထုံးစံအတိုင်း လိမ်းကျံတတ်ပါသည်။လူကြီးလူကောင်း ပီပီသသ နေထိုင်ပြီး မကလက်ပါ။တပည့်သားသမီးများအပေါ် အော်ဟစ်ဆူပူခြင်းမရှိဘဲ အလွန် တည်ငြိမ်ခြင်းက အားလုံး ရိုသေကြောက်ရွံ့လေးစားကြရပါသည်။အမေနှင့် တစ်ရပ်ထဲနေ ဖန်ချက်တန်းက အဘွားကြီးတွေက "ဒေါ်စိန်မေတို့များ သိပ်ကုသိုလ်ကောင်းတာနေတာ မိဖုရား လေးလို နေရတာ"ဟု အဘ စိန်ဗေဒါရှိစဉ်က နေထိုင်လာပုံများကို အားကျ၍ ယခုအချိန်ထိ ပြောပါသေးသည်။အဘစိန်ဗေဒါက ၁၂၄၄ ခုဖွား သောကြာသားဖြစ်ပြီး အမေက ၁၂၅၂ ခုဖွား ဗုဒ္ဓဟူးသမီး ဖြစ်ပါသည်။အဘက အမေထက် ၈ နှစ် ကြီးပါသည်။အဘတွင် ဆုံဆို့နာ (လည်ချောင်းကင်ဆာ)ဖြစ်၍ ဂျပန်ခေတ်တွင် မန္တလေးမှ ရန်ကုန်သို့ ဆေးသွားကုရာ ရန်ကုန်တွင် ၁၃၀၄ ခု၌ ကွယ်လွန်ပြီး အဘကို မီးသင်္ဂြိုဟ်ကာ အရိုးကို မန္တလေးသို့ ပြန်ယူလာပြီး မြေအိုးလေးနဲ့ ထည့်ကာ အမေက အဘအရိုးအိုးကို နေ့စဉ် ခေါင်းအုံးအိပ်ပါသည်။ကျွန်တော် အမေ့ဆိုင်းတီးပြီး တစ်နှစ်လောက်အကြာတွင် အမေက သံဃာတော်များဆွမ်းကပ်ရာ ဆွမ်းကိစ္စပြီး၍ ပရိတ်ရွတ် တရားနာ ရေစက်ချ သာဓုအနုမောဒနာများပြုပြီးသောအခါ ဘုန်းတော်ကြီးတစ်ပါးက အမေ့အား-

"ဒကာမကြီး ဆွမ်းစားပြီးပြီ၊ ကျုပ် မေတ္တာပို့ပြီးကြည့်တယ်။အိမ်တွင်း အိမ်ပြင်အားလုံး အိမ်မှာ မထားအပ်တဲ့အရာ ရှိနေတယ် ဒကာမကြီး"

"အမိန့်ရှိပါဘုရား"

"အင်း. . ဘာပစ္စည်းလဲဆိုတာတော့ ကျုပ်လဲ မသိဘူး၊ အိမ်မှာတော့ မထားအပ်ဘူး"

"ဘယ်လိုပစ္စည်းများ ဖြစ်နိုင်ပါသလဲဘုရား"

"ဒကာမကြီးတို့လည်း နည်းနည်းပါးပါး စဉ်းစားကြည့်ပါ"

ဘုန်းတော်ကြီးက စကားကို ခေတ္တ ရပ်ထားလိုက်ပါသည်။အားလုံး ငြိမ်သက်စွာဖြင့် နားထောင်နေကြရင်း ဘာများပါလိမ့်ဟု သိလိုဇောဖြင့် စိတ်စောနေကြပါသည်။တအောင့်လောက် စဉ်းစားပြီးမှ အမေက-

"တခြားဟာတော့ မသိပါဘူးဘုရား။အိမ်မှာရှိတာကတော့ တပည့်တော်ရဲ့ ခင်ပွန်း အရိုးကို အိုးနဲ့ထည့်ပြီး ခေါင်းအုံးအိပ်နေတာတော့ ရှိပါတယ်ဘုရား"ဟု လျှောက်လိုက်၍-

"ဩော်. . ဒါ့ကြောင့်ကိုး၊ အင်း. . တိုက်တိုက်ဆိုင်ဆိုင် အာရုံထဲပေါ်လာလို့ ပြောလိုက်ရတာပဲ ဒကာမကြီး"

"တင်ပါ့ဘုရား"

"အင်း. . ဒါပေမဲ့ ဘုန်းကြီးပြောရဦးမယ်၊ ဒကာမကြီးရဲ့ခင်ပွန်းကို ဒကာမကြီး ရှိသေလို့ လေးစားလို့ အရိုးကို ခေါင်းအုံးအိပ်တာတော့ ဘုန်းကြီးတို့က ထူးထူးခြားခြားသိရတာမို့ ချီးမွမ်းပါရဲ့။သို့သော်လည်း လူ့အရိုးဆိုတာ အိမ်မှာမထားရဘူး မထားအပ်ဘူး ဒကာမကြီး"

"မှန်ပါ မသိပါဘုရား"

"အင်း. . အိမ်ထားလျှင် အိမ်မွဲတယ်။ကျောင်းထားလျှင် ကျောင်းမွဲတယ်။ ဘုရားထားလျှင် ဘုရားမွဲတယ်။လူမပြောနဲ့ ဘုန်းကြီးအရိုး၊ ဆရာတော်ကြီးတွေ အရိုးတောင် ကျောင်းထား ကျောင်းမွဲတယ်။အရိုးအိုး စေတီတည်တယ် ဘယ်မှာ စည်ကားတဲ့ဘုရား ရှိသလဲ။ အဲဒါကြောင့် အိမ်ဖြစ်စေ၊ ကျောင်းဖြစ်စေ၊ ဘုရားဖြစ်စေ မထားအပ်ဘူးလို့ မှတ်ရမယ်နော်။"

"တင်ပါ့ဘုရား"

"ဒီတော့ သွားလေသူ ဒကာကြီးလည်း အကျိုးရှိအောင် ဒကာမကြီးတို့လည်း အကျိုးရှိအောင် ဒကာကြီးရဲ့ အရိုးအချို့တစ်ဝက်ကို ရေမျှောလိုက်ပါ။ ကျန်တဲ့အရိုးကို ပြာချပြီး ကမ္ဗဝါ လုပ်တဲ့ထဲမှာ အနည်းအကျဉ်းလေးပါအောင် ထည့်လိုက်ပါ။ဒကာမကြီးမှာ အကျိုးများမယ်။ ဒါတောင် ဒီကမ္ဗဝါကိုကိုင်ရတဲ့ ပုဂ္ဂိုလ်က အတော့်ကို တရားပြည့်စုံမှဖြစ်မယ် ဒကာမကြီး။"

"မှန်ပါ့ဘုရား၊ ဘုန်းဘုန်းကြီးအမိန့်ရှိသလို ဆောင်ရွက်ပါ့မယ်ဘုရား"

အဲဒီနောက်တစ်ရက် မြေအိုးလေးထဲက အဘအရိုးကို တချို့ရေမျှောလိုက်ပြီး ကျန်တာ ပြာချ၍ ကမ္ဗဝါသရိုးလုပ်ရန် ပေးအပ်လိုက်ပါသည်။

အဲဒါကြောင့်လားမသိပါ သည်နောက်မကြာခင် အမေက စက်မြေရပ်မှ မူလနေရာ ဖန်ချက်တန်း (တရုတ်တန်း) သို့ အိမ်သစ် ပြန်လည်ဆောက်လုပ်နိုင်ခဲ့ပါသည်။

အစ်ကို စိန်လှမောင် ဦးစီးပြီး အဘစိန်ဗေဒါမွေးနေ့ပွဲ ပြုလုပ်ပါသည်။ တရုတ်တန်း အဘအိမ်ရှေ့တွင် တန်ဆောင်မုန်းလကွယ်နေ့ညတွင် ဆိုင်းများ ဧည့်ခံတီး၏။နတ်တော်လဆန်း ၁ ရက်နေ့ သံဃာတော်များ ဆွမ်းကပ်လှူကြပါသည်။ ထိုစဉ်က တစ်ဆိုင်းလျှင် ငွေ ၁၀၀ ကျပ် အလှူငွေထည့်၍ ဆွမ်းကျွေးအတွက် ငွေခွဲရာ ဆိုင်းဆရာတစ်ဦးက ဆိုင်းကြီး၊ ဆိုင်းလေး ဟူ၍ ခွဲပြောသဖြင့် စကားများကြရပါသည်။နောက်တော့ ဘယ်သူက ဆိုင်းကြီး၊ ဘယ်သူက ဆိုင်းလေးဟု မတပ်သင့်ပါ။ကိုယ်စေတနာရှိသလို တတ်နိုင်သလို လှူနိုင်ပါသည်။သို့သော် တစ်ဖွဲ့ ငွေ ၁၀၀ စီ အနည်းဆုံးလှူကြရန် ဆုံးဖြတ်ကြပါသည်။

| | |
|---|---|
| စိန်ကျော်တင့် | ၁၀၀ |
| စိန်လှမောင် | ၁၀၀ |
| စိန်ကျော် | ၁၀၀ |

စိန်ကျော်သောင်း ၁၀၀
စိန်မောင်ကို ၁၀၀
စိန်ဘမောင် ၁၀၀
စိန်တင်ဟန် ၁၀၀
စိန်နက်ကြီး ၁၀၀

ကျွန်တော်တီးနေသော အဘစိန်ဗေဒါဆိုင်းကို အငြိမ့်ခုံပေါ်တွင်ခင်း၍ မဲချ တီးကြပါသည်။အဘ၏ တီးလုံးများသာတီးရန် သတ်မှတ်ထားသဖြင့် မဲချရာ ရှေ့သာ ကျချင်ကြပါသည်။တစ်ခါတစ်ခါ ကိုယ်တီးမည့်တီးလုံး သူကဦးပြီး တီးသွားတာမျိုးဖြစ်၍ ပျော်စရာတစ်မျိုး၊ အသည်းထိတ်စရာတစ်မျိုး ဖြစ်ကြရပါသည်။

ထိုပွဲတွင် မင်းသမီး မင်းသားစသည့်အကများ မပါပါ။ဆိုင်းသက်သက် တီးခြင်းဖြစ်ပြီး အဘစိန်ဗေဒါကို ဂုဏ်ပြုသောမွေးနေ့ပွဲ ဖြစ်ပါသည်။

**စိန်ကျော်တင့်**မှာ အသားခပ်ညိုညို အရပ်ပုပု ရွှေသွားများဖြင့် မျက်နှာတွင် အမြဲအဆီပြန်တတ်ပြီး စိတ်တိုတတ်ပါသည်။ဝိုင်းထိုင် (ဆိုင်းဝိုင်းအတွင်းထိုင်နေခြင်း) အသင့်အတင့်လှပြီး တီးနေစဉ် ခေါင်းက ရှေ့ကြည့်ထက် နောက်ကြည့်က ပိုလှပါသည်။ဇာတိ ပခုက္ကူသားဖြစ်ပြီး အဘစိန်ဗေဒါ ကွယ်လွန်ပြီး အဘဆိုင်းကို ပထမဆုံး တီးရသူဖြစ်ပါသည်။ပတ်တီးဖွဲ့ သက်လုံအထူးကောင်းပြီး အပင်ပန်းခံတီးနိုင်သူ ဖြစ်ပါသည်။

**စိန်လှမောင်**မှာ ကျွန်တော့်အစ်ကိုအရင်း ဆရာဖြစ်ပြီး အသားဖြူဖြူ အရပ်အမောင်းအဆင်ပြေပြေ လူချောလူလှတစ်ဦး ဖြစ်ပါသည်။ယခင်နာမည် ကိုလှဒင်ဖြစ်၍ ကိုလှမောင်အမည်ကို အဘက ပြောင်းလဲပေးခဲ့ခြင်း ဖြစ်ပါသည်။ဝိုင်းထိုင် အလွန်လှပါသည်။တစ်ပွဲစ နှစ်ပွဲစကောင်းအောင်တီးနိုင်ပြီး ပွဲတွေဆက်တီးလျှင် မတီးနိုင်ပါ။ပတ်ချ ကောင်းပါသည်။ကိုယ်တိုင်အဆိုအပြောများကို အားကိုးတတ်ပါသည်။ တီးလုံးတီးရာ စည်းကမ်းကြီးပါသည်။အစ်ကို့ကိုအမေက မုံရွာနယ်တွင် မွေးဖွားခဲ့ရာ သံမြစ်ချောင်းလား လင်းကတောလား ကျွန်တော်ကောင်းကောင်း မမှတ်မိပါ။

**စိန်ကျော်**မှာ မြင်းခြံလက်ဝဲ ဇာတိဖြစ်ပြီး စိန်ကျော် စိန်ကျော်ဟု နာမည်ကြီးသူ ဖြစ်ပါသည်။အဆူတီး၊ အုံ့တီး၊ အခြောက်အခြားတီးများ ကောင်းပါသည်။ အထူးသဖြင့် အရပ်ကြိုက်အောင် တီးနိုင်သူဖြစ်ပါသည်။အသားနည်းနည်းညိုပြီး အရပ်အမောင်းကောင်း ဥပဓိတင့်တယ်ပြီးနှာတံပေါ်ပေါ် ဖြစ်ပါသည်။တီးရာတွင် ဖွဲ့ကောင်းလှသည်။ဝိုင်းထိုင်လှပြီး အတီးလောဘကြီးပါသည်။

**စိန်ကျော်သောင်း**မှာ ဖြူဖြူ သေးသေးသွက်သွက် အဘစိန်ဗေဒါထံ ပညာသင် လာအပ်စဉ်က ခေါင်းက ဆံပင်ဘိုကေအရောင်နဲ့ သူစီးသော ရှူးဖိနပ်က တစ်ရောင်ထဲလို နှစ်ခုလုံးပြောင်လက်နေသော စဥ္စကူးသူဌေးသား ဖြစ်ပါသည်။ သူလည်း ဥပဓိကောင်းသူဖြစ်ပြီးသံရိုးများကို လေးလေးစားစား တီးတတ်သူ လိုက်စားသူ ဖြစ်ပါသည်။ပတ်တီးဖွဲ့ အသင့်အတင့်ကောင်း၍ လက်ရောက်ပတ်ချ သိပ်မကောင်း။ ဆိုင်းဝိုင်းကြီးများတွင်ပါသော ပဋ္ဌရှုပရုပ်နေရာတွင် သူက မြင်းရုပ်ကြီးကို အစားထိုး ထည့်သွင်းတီးခဲ့သူဖြစ်ပြီး မကြီးမငယ်နှင့် ဆိုင်းတီးလျှင်သွားရည်ကျတတ်ပါသည်။

**စိန်မောင်ကို**မှာ အဘစိန်ဗေဒါ၏ သားတပည့်ကြီး ဦးစိန်ငှက်ရိုး၏ သားအရင်းဖြစ်ပြီး

ဦးငှက်ရိုးက ညိုညို၊ စိန်မောင်ကိုက ဖြူဖြူဖွေးဖွေး ခပ်ဝဝ တရုတ်ကြီးတစ်ယောက်နှင့် တူပါသည်။ အလှအပ အလွန်ကြိုက်ပြီး ခေါင်းပေါ်က ဘိုကေကို အမောက်ကြီးထောင်နေအောင် ခေါင်းလိမ်းဆီ လိမ်းတတ်ပြီး မျက်နှာကိုလည်း စန္ဒီးမိုးပွင့် အမြဲလိမ်းပါသည်။ပါးဖောင်းဖောင်း နှာတံ မျက်လုံး မျက်ခွင်းကောင်းကောင်း ဥပဓိကောင်းပါသည်။အဖွဲ့အုံစနစ်တကျ စုစည်းတီးတတ်ပြီး ပတ်တီးဖွဲ့ ကောင်းပြီး ပတ်ချက်လက်ရောက်များ အသင့်အတင့်ကောင်းပါသည်။ဇာတိ မလှိုင်က ဖြစ်ပါသည်။

**စိန်ဘမောင်**မှာ မြင်းခြံနယ်၊ ကျောက်ပန်းတောင်းမှ ဆီးမီးခုံ တဲရွာဇာတိ။ ဆိုင်းဆရာ ဆရာဖေကြီး၏သား ဖြစ်ပါသည်။ဆရာဖေကြီးမှာ ကျွန်တော်တို့ အမေ ဒေါ်မြမ့် ရုပ်စုံ (ရုပ်သေး) နှင့် တွဲခဲ့ဖူးသူ ဖြစ်ပါသည်။စိန်ဘမောင်မှာ စိန်ငှက်ရိုး တပည့်ရင်းဖြစ်ပြီး ငယ်စဉ်က ရွှေမန်း တင်မောင်ဇာတ်နှင့် တီးခဲ့ရာ မင်းသမီး စိန်လှကြည်နှင့် အကြောင်းပါပါသည်။အသား မဖြူမညို၊ အရပ်ပုပု ခပ်သေးသေး ဖြစ်သော်လည်း လူချောတစ်ဦး ဖြစ်ပါသည်။မောင်းတီး (မောင်းဆိုင်းတီး) အလွန်ကောင်းသူ ဖြစ်ပါသည်။ပတ်တီး ပတ်ကျကောင်းပြီး လက်ရောက်ပါသည်။ပတ်သံချိုပြီး အားခွန်စိုက်တီး အားနည်းပါသည်။

**စိန်တင်ဟန်**မှာ ကျွန်တော်ဖြစ်ပြီး မူလငယ်နာမည် မောင်ကို ဖြစ်ပါသည်။ အမေ့ ဆရာတော်ကြီးက နာမည်ပြောင်းခိုင်းပြီး စိန်တင်ဟန် ဖြစ်လာပါသည်။ အသားညိုညို နှာတံ ပေါ်ပေါ် အပေါ်ရှေ့သွား ၂ ချောင်းက နည်းနည်းခေါပါသည်။ အရပ် ၅ ပေ ၄လက်မခန့်။ ကျွန်တော်၏ ဥပဓိရုပ်ကို ဖျက်သည်မှာ ဘယ်ဘက်ခြေထောက်ဖြစ်ပါသည်။ဘယ်ဘက် ခြေထောက်က နည်းနည်းခွင်ပါသည်။ ကောင်းကောင်းမသန်ပါ။သားရေဖိနပ်ထူထူစီးလျှင် ဘယ်ဘက် ရုပ်တိုက်လိုက်ပါသည်။ပတ်တီးဖွဲ့ လက်ချများ ကောင်းပါသည်။ထိုအကြောင်းများကြောင့် အဘ စိန်ဗေဒါ၏ဆိုင်းကို ဒုတိယမြောက် ဆက်လက်တီးရသူဖြစ်ခဲ့သည် ထင်ပါသည်။

**စိန်နက်ကြီး**မှာ ဦးငှက်ရိုးသား စိန်မောင်ကို၏ညီအရင်း ဖြစ်ပါသည်။စိန်နက်ကြီး နာမည်ကို အဘ စိန်ဗေဒါက ပေးခဲ့ပါသည်။သဘောကောင်းသူဖြစ်ပြီး ရိုးသားဖြောင့်မတ်ခြင်းတွင် အတော်အတုယူထိုက်သော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပါသည်။

အဘ စိန်ဗေဒါ၏ တပည့်ရင်းများထဲတွင် ကျောက်ဆည်က နှဲ ကိုလှဖေကြီး၊ အဆိုတော် ဦးစိန်ခင်၊ ဆိုင်းနောက်ထ မန္တလေး ရသာတန်းက ဦးညိုစိမ့်၊ ကျောက်ဆည် ငယ်တိုးရွာက ဦးဥသြတို့ကလည်း တစ်ဦးချင်း အလျှငွေ နှစ်ဆယ် အစိတ် စသည့်ဖြင့် ထည့်ဝင်ကြပါသည်။ ညဆိုင်း ဧည့်ခံတီးကြသောအခါ တစ်ယောက်ဆိုင်းဝိုင်းထဲဝင် လျှင် ကျန်လူများက ကြေးမောင်း ပတ်မတီး လင်းကွင်းအုပ်စုံ စသည်နေကြပါသည်။ ဆိုင်းနောက်ထိုင်နေရာတွင် ဦးညိုစိမ့်နဲ့ ဦးဥသြ အပြင် မိမိတို့ ဆိုင်းနောက်ထများမှ အဆင်ပြေရာလူကို ခေါ်လာတတ်ပါသည်။တစ်ယောက်လျှင် နာရီဝက်သာသာလောက်ပဲ အချိန်ရကြပါသည်။ဒါတောင် ည ၈ နာရီလောက် စတီးတာ၊ နာရီပြန် ၁ ချက်လောက်မှ သိမ်းကြပြီး မနက်ဆွမ်းကပ်ရန် ချက်ပြုတ်ကြ နောက်ကြ စကြနှင့် မိုးအလင်း မအိပ်ကြတော့ပါ။ထိုပွဲတွင် စာရေးဆရာ ဦးသက်တင် လာတတ်ပါသည်။ ဆရာ ဦးသက်တင်မှာ အဘ စိန်ဗေဒါအား မင်္ဂလာရေကောင်း၊ အလှပြိုင်ပွဲ၊ မင်္ဂလာ ရင်မဲ့သတို့သားစသည် သီချင်းများ ရေးပေးခဲ့သူဖြစ်ပါသည်။မြန်မာ-ရခိုင်ဖြစ်ပြီး မန္တလေး မဟာမုနိဘုရားကြီးရှိ ၄၅ တာ မြောက်ဘက်တွင် နေထိုင်ကာ အရပ်ပုပု အသားမည်းမည်း ဆေးတံအမြဲသောက်ပြီး စာရေးဆရာပီပီ နဖူးတွင် အရေအတွန့်တွေ အများကြီးပါပါသည်။ဆိုင်းကြိုက်သောပရိသတ်များနဲ့

အဘ စိန်ဗေဒါကို လေးစားသောသူများ ဤမွေးနေ့ပွဲကို ဂရုတစိုက်လာ၍ နားထောင်တတ်ကြပါသည်။

မန္တလေးမြို့ ဇာတ်ပွဲရာသီတွင် ဆိုင်းပွဲ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲများ ညစဉ်လိုလိုရှိပါသည်။ သူ့ခေတ်နှင့်သူ နာမည်ကြီးကြရာ လေဘာတီ မမြရင်ကို ကျွန်တော် မမီလိုက်ပါ။ကျွန်တော်တို့ခေတ်တွင် အငြိမ့်မင်းသမီး ရွှေမန်းရီရီက နာမည်ကြီးပါသည်။ရွှေမန်းရီရီပွဲက ညစဉ်လိုလို ရှိတတ်ပါသည်။ရွှေမန်းရီရီကို ကျွန်တော်က သဘင်ပညာရှေ လူရောကြိုက်ပါသည်။ကျွန်တော် ပွဲအားသောညများတွင် ရွှေမန်းရီရီပွဲ ရှိပါက စက်ဘီးဖြင့် လိုက်ရှာကြည့်ရသည်မှာ အမောပါ။သူ၏ဆွဲဆောင်ပုံကလည်း အလွန်ကောင်းပါသည်။မျက်နှာတည့်တည့်ပြုံးပြီး ကြည့်နေသူကို ဓာတ်ပုံရိုက်ထားတာနဲ့ တူပါသည်။ဘယ်သူ့ဘက်ကကြည့်ကြည့် မိမိကိုသာလျှင်ကြည့်နေသည် ထင်ရတတ်ပါသည်။ထို့အတူပင် သူပြောသောစကား၊ သူကြည့်သော အပြုံးလေးများက ကျွန်တော့်အားကြည့်နေသည် ပြောနေသည် ထင်ရပါသည်။ကျွန်တော့်လိုလူတွေ အများကြီးရှိမည်လား စဉ်းစားပါသည်။ဒါကြောင့်လည်း သူ့ပွဲတွင် ကျွန်တော့်လို လူပျိုလူလွတ်တွေ အားပါးတရ စည်ကားနေခြင်း ဖြစ်ပါသည်။တစ်ခါတစ်ရံ ကျွန်တော့်ဆိုင်းနှင့်အငြိမ့် ညွှန့်ပေါင်းတွေ့သောအခါများသူ ပါပါလာတတ်ပါသည်။ အငြိမ့်ညွှန့်ပေါင်းဆိုသည် အဘ စိန်ဗေဒါဆိုင်းဖြင့် လေဘာတီမမြရင်၊ ဥက္ကလာ အေးကြည်၊ ဩဘာသောင်း၊ ဂီတမယ် လှကလေးစိန် စသည်တို့နှင့် လူရွှင်တော်များ စုပေါင်းကသည်ကို အငြိမ့်ညွှန့်ပေါင်း ခေါ်ပါသည်။ကျွန်တော့်ဆိုင်းနှင့် ရွှေမန်းရီရီ တွေ့ကြရာ မတီးခင် မစခင် သူက ကျွန်တော်ရှိရာလာပြီး-

"ဒါပဲနော် သူများကိုပဲ အားကိုးတာ သိတယ်မဟုတ်လား"

"ဝလု" ကျွန်တော် တံတွေးမျိုလိုက်ရခြင်းပါ။

"ကဲ. . ပြော ဘာတွေဆိုရမလဲဟင် ကိုလေး"

သူ ဤသို့ပြောလိုက်သည်များကို ကျွန်တော်က အလွန်ကျေနပ်သာယာမိပါသည်။ သူကတော့ ဘယ်ဆိုင်းနဲ့တွေ့တွေ့ ဤသို့ပဲ ပြောချင်ပြောနေပေလိမ့်မည်။ သို့သော် ကျွန်တော်ကတော့ ဤသို့မထင်ပါ။မုံရွာမြို့ကြီး မီးအကြီးအကျယ်လောင်ရာ မန္တလေးမြို့ရှိ သဘင်ပညာသည်များက မီးဘေးရန်ပုံငွေပွဲအတွက် ကကြရာ အငြိမ့်ခုံထိုးပြီး ဆိုင်း ၂ ဆိုင်းခင်းကား အပြိုင်တီးစေပြီး မင်းသမီးညွှန့်ပေါင်း၊ မင်းသား ညွှန့်ပေါင်း၊ လူရွှင်တော် ညွှန့်ပေါင်းဖြင့် တီးမှုတ်သီဆိုကပြကြပြီး အလှူငွေခံပါသည်။ ပွဲတော်တော်များ စီစဉ်ကြရာ ၂၆ ဘီလမ်း ယူနီဘာဆယ်နားတွင်ကျွန်တော်နဲ့ စိန်ဘမောင် ၂ ဆိုင်း ပြိုင်ကြပါသည်။ထိုပွဲတွင် ရွှေမန်းရီရီ ပါပါသည်။ညပွဲမစမီရီရီက ကျွန်တော့်နားလာပြီး တိုးကပ်ကာ-

"ဒါပဲနော် နိုင်အောင်တီးရမယ် အသင်းက ခိုင်းတာဖြစ်ဖြစ်၊ ရန်ပုံငွေပွဲဖြစ်ဖြစ် နိုင်အောင်တီးရမယ်နော်"ဟု မျက်စောင်းလေးထိုးပြီး မျက်နှာထား ခပ်တည်တည်ဖြင့် ပြောပါသည်။၂ ဆိုင်းလုံး ယိုးဒယားတီးကတည်းက ပတ်စာကပ်ထားကြသည်မို့ ပတ်စာစုံနေပါသည်။ ဆိုင်းသံချင်းကလည်း တူနေပါသည်။စိန်ဘမောင်က ဆယ်ခြောက်မူး၊ ကျွန်တော်ကလည်း ဆယ်ခြောက်မူးဖြစ်ပြီး ကပ်ထားသည်။ ပတ်စာကလည်း သူကလည်း ခြောက်ပေါက် ကျွန်တော်ကလည်း ခြောက်ပေါက် ဖြစ်ပါသည်။စိန်ဘမောင်က အရင်တီးကျ၍ သူ့ဆိုင်းတီးလုံး ၂ ပုဒ်အပြီး ပတ်ကော်ခေါ် တစ်ယောက်တည်းတီး အားသွန်ခွန်စိုက် တီးနေပါသည်။၂ဆိုင်းလုံး အသံချဲ့စက်မပါသော်လည်း စိန်ဘမောင်ဆိုင်းသံ ပတ်လုံးသံတွေက မြည်ဟိန်းပြီး ရှိန်နေပါသည်။ လမ်းဘေး

၂ ဘက် ဝဲယာကလည်း တိုက်တွေမို့ တိုက်တွေရဲ့ ပဲ့တင်သံကလည်း ပိုအားကောင်းစေပြီး ပရိသတ်နားထဲတွင် ဆုပ်ဆုပ်သွင်းလိုက်သလို ပြောင်ပြောင်မြောက်မြောက် နားဝင်နေပါသည်။ စိန်ဘမောင်မှာ ပင်ကိုလက်ကျကောင်းပြီး လက်ရောက်လည်း အတော်တီးနိုင်သူဖြစ်သည့်ပြင် ကျွန်တော့်လို လူငယ်လေးတစ်ယောက်နှင့် ယှဉ်တီးရသည်ကို ကျေနပ်ဟန်မတူဘဲ အားသွန် ခွန်စိုက် ပညာကုန် လက်ကုန်သုံး၍ တီးနေပါသည်။ထိုအချိန်တွင် ကျွန်တော်က ရွှေမန်းရီရီဆီ လှမ်းကြည့်လိုက်ရာ စိုးရိမ်ဟန်ဖြင့် ကျွန်တော့်ကို ပြန်ကြည့်နေသည် ထင်မိပါသည်။စိန်ဘမောင်က နောက်ဆုံးပတ်ကော် ပတ်ပြွက်များ ရိုက်ချအဆုံးသတ်ရန် အားအရှိန်ယူကာ တီးလာပါသည်။ အဆုံးသတ်ရန် ၂ စီးစာလောက် လိုပါတော့သည်။သူတီးချအဆုံးသတ်လျှင် ပွဲက သွန်ကျသွား နိုင်ပါသည်။သူတီးတာ ပွဲကျသွားလျှင် ကျွန်တော့်ဘက်က မလွယ်ပါ။သူ့လို ပွဲကျရန် အတီးခက် နေသောအခါ ဖြစ်ပါသည်။နောက်ဆုံး သူ အဆုံးသတ်ခါနီးတွင် ကျွန်တော်က ဝိုင်းထဲက ကျွန်တော့်လူများအား တီးတော့မည်ဟု တတ်ဆိုသော အသံလေးတစ်ချက်ပေးလိုက်ပြီး သူတီး၍ ဆုံးရန် ပတ်ပြွက်များရိုက်၍ ၂ လုံးလောက်အလိုတွင် ကျွန်တော်ဘက်က အဆူအမြိုင် အဘ စိန်ဗေဒါ၏ ဧရေကင်းကို ကောက်တီးလိုက်ပါသည်။ကျွန်တော်က မတီးဘဲ သူ့သာ လုံးဝပြီးသည် ထိ လွှတ်ပေးလိုက်လျှင် သူနိုင်သွားပါမည်။ယခုတော့ သူမဆုံးတဆုံးလေးမှာ ကျွန်တော်က ရုတ်တရက် ကောက်ခါတီးလိုက်ခြင်းကြောင့် သူ့ကျမည့်လက်ခုပ်များက ကျွန်တော့်ဆိုင်းဘက်သို့ ဖြောင်းဖြောင်းချင်းထပ်အောင် တီးသံများ ကြားလိုက်ရပါသည်။တစ်ဘက်မှာတော့ သူ့ကို ကျွန်တော်က ပွဲကျမပေးဘဲ သူ ကြိုးစားခဲ့သမျှ ပွဲကျကို ကျွန်တော်က အတီးကောင်းသလိုနှင့် လုပ်လိုက်ခြင်း ဖြစ်ပါသည်။

"ဒါပဲနော် နိုင်အောင်တီးရမယ်နော်" ရီရီ၏ ပြောသံလေးက ကျွန်တော့်နားဝယ် ပဲ့တင်ထပ်နေပါသည်။ထိုနေ့ညပွဲတွင် ပါဝင်ကပြကြသော မင်းသမီး၊ မင်းသားများက ကျွန်တော့်အား အထူးအလေးပေး ဂရုစိုက်ကြပါသည်။ပွဲသိမ်း၍ ပြန်ကြရန် နှုတ်ဆက်ချိန်ဝယ် ရီရီက ကျွန်တော့် အား-

"ကိုလေးနော် ရှီ့ထက်သာတာတွေတွေ့ရင် ဘယ့်နှယ်လဲ"ဟူသော မေးခွန်းကလေးများ ကပျာကယာမေးရင်း နှုတ်ဆက်ထွက်သွားပါသည်။ကျွန်တော်တို့နေသော တရုတ်တန်းတွင် ညီအစ်ကိုလိုနေသော လူပျိုကြီး ကိုစိုးဝင်း ရှိပါသည်။ သူက ကျွန်တော်တို့ အစ်ကိုကြီး စိန်လှမောင်နဲ့မှ ရွယ်တူလောက်ဖြစ်သော်လည်း ကျွန်တော်နဲ့ သွားတူ စားတူ၊ ပေပေတေတေ နေတတ်ပါသည်။တစ်နှစ် သင်္ကြန်တွင် သူက ကျွန်တော့်အား "ဒီမယ် ကျွန်တော်ပြောမယ် ဒီနှစ်သင်္ကြန်မှာ ခင်ဗျားနဲ့ ကျွန်တော်နဲ့ ခြေကျင် ရေပက်သွားမယ်။တစ်ယောက်ကို ငွေဖလားလေး တစ်လုံး စီကိုင်ပြီး ရေမွှေးနဲ့ရေနဲ့ ရောစပ်ထည့်ထားမယ်။ပြီးတော့ သပြေခက်ကလေး တစ်ညွန့်စီ လည်း ဖလားထဲမှာ ထည့်ထားမယ်"

"နေပါအုံး အဲဒါ ဘယ်သူ့ကို သွားပက်မှာတုန်း"

"ပြောပါ့မယ်လေ ဆရာကလည်း တယ်သိချင်ပြန်တာကိုးဗျ"

"အိုး. . ခင်ဗျားက ဒီလိုပဲ ပြောရင် လုပ်ရင် ဝိုင်းဝိုင်းနေတာပဲ"

"အင်းပါ နားထောင်ပါဦး တစ်ယောက်ကို ငွေ ၅၀ စီလောက်ထည့် လာမယ်။ဒါကတော့ ဆာတဲ့အချိန် ကြုံရာမှာ စားဖို့သောက်ဖို့ပါ"

ထိုအချိန်က ထမင်းအဝစား ၅ မူး (ငါးမူး) ဖြစ်ပါသည်။

"ပြီးတော့ တွေ့တဲ့လူတိုင်း လျှောက်မပက်ဘူး။တိုက်တွေ အိမ်တွေထဲထဲမှာ ပုန်းနေတဲ့ သိပ်ချောသိပ်လှတဲ့ အိမ်တွင်းပုန်းလေးတွေ သွားပက်မယ်"

"နေပါဦး အဲဒီအိမ်တွင်းပုန်းလေးတွေ ခင်ဗျားက ဘယ်လိုရအောင် ထုတ်မှာလဲ"

"အိုး ဒါတော့ မပူနဲ့ ကျွန်တော့်မှာ နည်းရှိတယ်"ဟုပြောပြီး သူ့အစီအစဉ်အတိုင်း သင်္ကြန်အကျနေ့တွင် ငွေဖလားတစ်လုံးစီတွင် ရေနဲ့ ရေမွှေးရောစပ်ပြီး သပြေခက်ကလေးများ တစ်ညွန့်စီထည့်ကာ ထွက်လာကြပါသည်။ကိုစိုးဝင်းက သူ့နည်းကို သေချာအောင် သူနဲ့ ရင်းနှီးသော တိုက်တစ်တိုက်ကို အရင်သွားရာ တိုက်တံခါးပိတ်ထား၍ အပေါက်ဝရောက်လျှင်-

"အိုး မမတင် မမတင်"

ထူးသံမကြား

"ဗျို့ မမတင် မမတင်"

"ဟဲ့ အပြင်ဘက်က ဘယ်သူလည်းဟဲ့"

"ကျွန်တော်ပါ မောင်စိုးဝင်းပါ"

"အေး. . မောင်စိုးဝင်းလား အေး အသံတော့တူပါတယ် အောက်မေ့တာ" သမီးရဲ့ တံခါးဖွင့်ပေးပါဦး"ဟု ပြောပြောဆိုဆို မိန်းမချောလေးတစ်ယောက် တံခါးလာဖွင့်ပေးပါသည်။ ကျွန်တော်တို့လက်က ကိုင်လာသော ငွေဖလားထဲက ရေမွှေးနံ့က မိန်းကလေး၏ မျက်နှာလေး အား ပြုံးရွှင်သွားစေပါသည်။

ကိုစိုးဝင်းက ကျွန်တော့်ကို ချက်ချင်း မျက်ရိပ်ပြလိုက်ရာ "ခဏနေဦး"ဟု အဓိပ္ပာယ် ထွက်လာပါသည်။

"အမယ် ကြည့်စမ်း လက်စသတ်တော့ မင်းတို့ ရေလောင်းဖို့ တံခါးဖွင့်ပေးရတာပါ လား"ဟု ပြောရင်း ရယ်၍နေစဉ် ကိုစိုးဝင်းက သပြေညွန့်ကလေးကို ငွေဖလားထဲနှစ်၍ ထိုအမျိုးသမီးကြီး၏ ပခုံးထက် ဆွတ်ဖျန်းပေးပါသည်။နှစ်ကြိမ် သုံးကြိမ်လောက် ဤသို့လုပ်ပါ သည်။ကျွန်တော်ကလည်း သူလုပ်တဲ့အတိုင်း မျက်နှာကို အတတ်နိုင်ဆုံးချိုအောင်ထားပြီး သပြေခက်ကလေးနဲ့ ဆွတ်ဖျန်းပက်ပါသည်။ ထိုအမျိုးသမီးကြီးက အကင်းပါးပါသည်။တစ်ဘက် သို့လှည့်၍-

"သမီးရေ လာပါဦး မင်္ဂလာယူပါဦး"ဟု လှမ်းပြော၍ ရေလောင်းခံခိုင်းပါသည်။ ကျွန်တော်က ကိုစိုးဝင်းထက် အရင်စိုအောင် ထိုမိန်းကလေးအား သပြေခက်နှင့် မရဲတရဲ ရေမွှေးရည်လေးများ ဆွတ်ဖျန်းလိုက်ပါသည်။ကျွန်တော်ပြီး၍ ကိုစိုးဝင်းအလှည့်အရောက်တွင် ကိုစိုးဝင်းက ကျွန်တော့်လို သပြေခက်နှင့် မဖျန်းတော့ပါ။ မိန်းကလေး၏ ကုပ်နားမှနေ၍ ဒီအတိုင်း ငွေဖလားထဲက ရေမွှေးရည်တွေ တစ်ဝက်လောက် လောင်းချလိုက်ပါသည်။

လမ်းတွင် ကျွန်တော်က သူ့ကို ကောင်းကောင်း စကားမပြောပါ။

သူက သဘောကျသလိုဟန်နှင့် ကျွန်တော့်ကို ပြုံးပြုံးကြီးကြည့်နေပါသည်။ သူပြော သည့်အတိုင်းလည်း ဟုတ်ပါသည်။တချို့ကရှက်၍ ရေပက်ခံ မထွက်ကြပါ။ တချို့က ရေပက်မှာ ကြောက်၍ မထွက်ပါ။တချို့က ညစ်ပတ်သောရေများ အလောင်းမခံလိုကြပါ။ယခုကဲ့သို့ သန့်သန့် ရှင်းရှင်း ရေအေးလေးများကိုတော့ အများအားဖြင့် နှစ်သက်ကြပါသည်။

ထို့ကြောင့် တိုက်တော်တော်များများ အိမ်တော်တော်များများ ယဉ်ယဉ်ကျေးကျေး မွှေးမွှေးကြိုင်ကြိုင်ဖြင့် ရေကန်တော့လိုပါသည်ဆိုခြင်းကို လိုက်လျော၍ ဖွင့်ပေးတတ်ကြရာ

တကယ်ပင် အိမ်တွင်းပုန်း အချောအလှလေးများအား ရေပက်ခဲ့ကြရသည်။ကိုစိုးဝင်းနည်းမှာ လူကြီးများကို တရိုတသေ သပြေခက်နှင့် ပက်ဖျန်းပြီးမှ အမျိုးသမီးငယ်လေးများအား ရေလောင်းကြရခြင်း ဖြစ်ပါသည်။သူနှင့်ကျွန်တော် လမ်း ၈၀ အတိုင်း လျှောက်လာကြရာ လမ်း ၈၀ နှင့် ၄၂ လမ်း ဒေါ်လှဝိုင်းတံတားပေါ်တွင် မမျှော်လင့်ဘဲ ရွှေမန်းရီရီနှင့် ဆုံမိကြပါတော့သည်။ ရွှေမန်းရီရီမှာ ရေတွေ စိုရွှဲနေသော်လည်း အဝတ်အစား သိပ်မပါးပါ။ထူထူထဲထဲမို့ တစ်မျိုးကြည့်ကောင်းနေပါသည်။သူ၏ အမြဲတမ်းပြုံးတတ်သော အပြုံးလေးက မျက်နှာပေါ်တွင် ပေါ်လာပါသည်။ကိုစိုးဝင်းက ကျွန်တော် ရွှေမန်းရီရီကို ပိုးနေကြောင်း သူက သိပြီးဖြစ်ပါသည်။ထို့ကြောင့်လည်း သူက ကျွန်တော့်အား “ဆရာ အရင်ပက်ပါ”ဟု အခွင့် အရေးပေးလိုက်ပါသည်။ ရွှေမန်းရီရီက “ဆရာကြီးတွေ ဘယ်သူ့ချောင်းပြီး လိုက်ရှာနေတာလဲ မှန်မှန်ပြော”ဟု ပြော၍ ရယ်မောနေပါသည်။ထိုအခါ ကျွန်တော်တို့ သူ့နားရောက်လာပါသည်။ကျွန်တော်က “ဘယ်သူ့ရှာရမလဲ ရီရီကို လိုက်ရှာနေတာပေါ့” ဟုပြောရင်းက ဖောဖောသီသီ အားရပါးရ ငွေဖလားထဲမှ ရေမွှေးများကို အကုန်လုံး သူ့ကုပ်ကလေးပေါ်မှ လောင်းချလိုက်ပါသည်။

ထိုအခါ ရီရီက “အိုး မွှေးလိုက်တာနော်”ဟု ကျေနပ်သောအသံ မျက်နှာလေးဖြင့် ပြုံးပြုံးလေးကြည့်ပြီးပြောရာ ကျွန်တော့်တွင် ပီတိတွေအလွန်ဖြစ်ပြီး ဘာဆက်ပြောရမှန်းပင် မသိပါ။လောင်းစရာရေလည်း ကုန်သွားပါပြီ။နှစ်ယောက်သား တံတားအလယ်ခေါင် ခေတ္တရပ်ကာ နေပါသည်။နောက်မှ ရီရီက ဆက်သွားမည့်ဟန်ပြင်လိုက်ရာ ကျွန်တော်က ကိုစိုးဝင်းအား ဆရာ လောင်းဦးလေဟု ခပ်ပေါ့ပေါ့ ပြောလိုက်မိပါသည်။ရီရီက ကျွန်တော်နဲ့လွန်သွားပြီး ကျွန်တော့်နောက်က ကိုစိုးဝင်း ရှေ့ ရေလောင်းရန် ခေတ္တရပ်ပေးလိုက်ပါသည်။ထိုအခါတွင် ကိုစိုးဝင်းက ကျွန်တော့်လို ငွေဖလားထဲကရေ မလောင်းတော့ပါ။သူ့လက်ထဲက အီဗီးနဲ့ ပဲရစ် ရေမွှေးပုလင်း ပြားလေးအဖုံးကိုဖွင့်ကာ ရေမွှေးပုလင်းလိုက် ရီရီ၏တစ်ကိုယ်လုံးပေါ်သို့ လောင်းချပေးနေပါတော့သတည်း။

မန္တလေးမြို့ အလှူတွေမှာ အချို့က ထမင်းကျွေးအလှူ လက်ဖက်ရည်တိုက်အလှူ ရေခဲမုန့်ကျွေးအလှူဟူ၍ ရှိတတ်သော်လည်း ဆိုင်းအဖွဲ့ကိုတော့ ထမင်းကျွေးကြရပါသည်။ အလှူဝင်သောနေ့ ညနေစာထမင်းကို တစ်ဆိုင်းလုံး စားခဲ့ပါသည်။ဆိုင်းပစ္စည်းများ ကြိုတင်ပြင်ဆင်သွားသူများသာ စားပါသည်။နောက်တစ်နေ့ အလှူကြီးနေ့ နံနက်စာကို ဘုန်းကြီးဆွမ်းကျွေးပြီး ဆိုင်းအဖွဲ့ကို ဆက်ကျွေးပါသည်။ ယခင်ရက်က ကြိုတင်ဆွမ်းကပ်လည်း ဆိုင်းကိုတော့ ရှေးထုံးစံ ကျွေးကြရပါသည်။ ထိုနေ့က ကျွန်တော်တီးသောအလှူမှာ သူဌေးတစ်ဦး၏အလှူဖြစ်ပါသည်။ညဆိုင်းတီးပြီး ဆိုင်းကို ဂရုစိုက်တာ နည်းပါသည်။နောက်တစ်နေ့ နံနက်ဆိုင်းအဖွဲ့ကို ထမင်း မကျွေးပါ။ဤသို့ မကျွေးကြခြင်းမှာ အလှူ့တကာသဘော မဟုတ်ပါ။လုပ်တဲ့ကိုင်တဲ့ လူတွေ စီမံမှုတွေရဲ့ ပေါ့လျော့လစ်ဟင်းမှု ဖြစ်ပါသည်။အလှူက သူဌေးအလှူဖြစ်သောကြောင့် ကားတွေပြည့်ကျပ်စည်ကားပြီး ရေခဲမုန့်နှင့်ကျွေးရန် ခနုံများက တောင်ပုံရာပုံ လုပ်ထားရပါသည်။ ဆိုင်းကို ထမင်းမကျွေးသော်လည်း ရေခဲမုန့်နှင့် ခနုံများကျွေးလျှင် တော်ပါသေးသည်။သို့သော် ဘာမျှမကျွေးပါ။ကျွန်တော်က စိတ်ဆိုးပြီး ဆိုင်းအဖွဲ့သားများကို ထမင်းစားခိုင်းလိုက်ပါသည်။ ကျွန်တော်တို့ရှာရင် မတွေ့မည့်ဆိုင် စားဟုလည်း မှာလိုက်ပါသေးသည်။ဆိုင်းက လူမရှိ၍ တီးမဖြစ်ပါ။ ကျွန်တော်တစ်ယောက်တည်း ဆိုင်းဝိုင်းထဲ ထိုင်နေပါသည်။အလှူတွင် ဘိသိက်သွင်းမည်က ပုဏ္ဏားဘိသက်မို့ ပုဏ္ဏားများ ရောက်လာရာ အလှူတကာက ကျွန်တော့်ဆီလာပြီး

ဘိသိက်သွင်းတော့မည်ဖြစ်၍ စည်တော်ရွမ်းပေးရန်ပြောရာ အဖွဲ့သားများ မရှိသေးပါ။အပြင် ခဏ ထမင်းစားသွားပါသည်ဟု ပြောလိုက်သဖြင့် အလှူ့တကာက-

"အိုး အပြင်သွားစားတယ်ဟုတ်လား အလှူက မကျွေးဘူးလား"

"ဩော် မကျွေးပါဘူး အလှူ့တကာကြီး သူတို့မအားကြလို့နဲ့ တူပါတယ်"

"ဟာ. . မဟုတ်တာပဲဗျာ။ကဲကဲ. . လာလာ ခင်ဗျားလူတွေ လိုက်ရှာရအောင်"ဟု ကျွန်တော့်ကိုခေါ်ကာ သူ၏ မှန်ကားအနက်ကြီးဖြင့် ဈေးချိုရုံတော်ကြီးတစ်ဝိုက် လိုက်ရှာပါသည်။ ဘယ်ဆိုင်မှ မတွေ့ပါ။တစ်နာရီလောက်လိုက်ရှာပြီး ပြန်လာ၍ အလှူရောက်လာရာ ဘိသိက်က ဆိုင်းမပါဘဲ သွင်းပြီးသွားပါပြီ။ ထိုသူဌေးကြီးအလှူတွင် ဆိုင်းအဖွဲ့သားများ ထမင်းမစားကြရပါ။ အလှူဆိုသည်မှာ ကျွေးမွေးပေးကမ်းခြင်း ဖြစ်ပါသည်။ယခုမူ အလှူနှင့် ဆန့်ကျင်ဘက် မကျွေး မွေး၊ မပေးကမ်းပါ။ထိုအလှူအပြီး မန္တလေး မြစ်တစ်ဖက်ကမ်း သံဗိုလ်ကျွန်းရွာ အလှူသို့ ပွဲဆက် ကူးရပါသည်။သံဗိုလ်ကျွန်းရွာသို့ ကျွန်တော်တို့အဖွဲ့ တက်လာသည်ကို မြင်လျှင်မြင်ချင်း အပျိုများထဲမှ အချို့က ဆူညံစွာ အော်ဟစ်ရင်း-

"အစ်ကိုတို့လာပြီ ဆီးသီးတွေ လှုပ်ဟေ့"ဟုပြောရင်း ဆီးကြိုကာ ဆီးပင်များကို အားပါး တရ လှုပ်နေသည်။သူတို့၏ ပြုံးရွှင်သောမျက်နှာများကို မြင်ပါသည်။ ကျွန်တော်တို့လာသောအခါ ကျွေးချင်လွန်း၍ သူတို့ဆီက ဆီးပင်မှ ဆီးသီးများကို လှုပ်နေကြခြင်းဖြစ်ပါသည်။သူတို့ဆီမှာ ဆီးသီး၊ ပြောင်းဖူး၊ နွားနို့၊ မြေပဲ အလွန်ပေါပါသည်။အလှူရှိလျှင် တစ်ဆိုင်းလုံးကို တစ်ရွာလုံးက လက်ဖက်ရည်သောက်ခေါ်ပြီး ကျွေးမွေးရာ မစားနိုင်ပါ။၁၀ အိမ်လောက် စားသောက်ပြီး နောက်ထပ် ဗိုက်မဆံ့တော့ပါလို့ပြောလည်း မရပါ။အိမ်စေ့လိုက်ခါ သောက်ရပါသည်။ ရက်သတ္တ တစ်ပတ်လောက်ကြာ၍ ကျွန်တော် ပွဲအားနေသောရက်တွင် ကျွန်တော်တို့ ထမင်းမစားခဲ့ရသော သူဌေး အလှူ့ဒါယိကာကြီး အိမ်သို့လာ၍ အမေ့ကိုတောင်းပန်ပါသည်။

"ရှင်တို့ ကိုမောင်လေးမရှိမှ စော်ကားကြတာပဲ"ဟု အမေက နာနာကြည်းကြည်း ပြောလိုက်ပါသည်။အမေက သူ့ခင်ပွန်း ရွာစားကြီး စိန်ဗေဒါကို ဦးဗေဒါဟု မခေါ်ပါ။ ငယ်နာမည်အတိုင်း "ကိုမောင်လေး"ဟုသာ ခေါ်ပါသည်။ ထို့ကြောင့်-

"ရှင်တို့ ကိုမောင်လေးမရှိမှ စော်ကားကြတာပဲ"ဟု ပြောလိုက်ခြင်း ဖြစ်ပါသည်။အမေ့ စကားကြောင့် သူဌေးကြီးမှာ ဘာမှပြန်မပြောနိုင်သေးပဲ ငိုင်နေပါသည်။ နောက်မှ မျက်ရည်များ သူ့မျက်လုံးအိမ်ထဲမှ ကျလာခါ ပါးစပ်ကလည်း-

"မမ ကျွန်တော်တို့ စော်ကားတာမဟုတ်ပါဘူး။အကျွေးအမွေး တာဝန်ပေးထားတဲ့ လူတွေ လစ်ဟင်းသွားတာကြောင့်ပါ။ကျွန်တော် မမကိုရော သွားလေသူ ဆရာ့ကိုရော အမြဲ လေးစားပါတယ်"ဟု ပြောပြောဆိုဆို ထိုင်ရာမှ အမေ့ကို လက်အုပ်ချီ ကန်တော့ပါသည်။ထိုနေ့က အမေ့မျက်နှာမှာ အလွန်တင်းမာပြီး တည်ငြိမ်လှပါသည်။အမေသည် ဆိုင်းနဲ့ပတ်သက်လာလျှင် ဘယ်တော့မှ အနှိမ်ခံ့ချမခံပါ။လမ်းမှန်ကိုလည်း နှစ်သက်ပါသည်။ဒါကြောင့်လည်း နေမျိုးဗလ ကျော်သူဘွဲ့ရ ရွာစားကြီး စိန်ဗေဒါ ကွယ်လွန်ပြီးသည့်နောက်တွင် ဆိုင်းလောကသားအားလုံး ဆိုင်းအဖွဲ့များ အားလုံးရှေ့ဆောင် မားမားမတ်မတ်ရပ်ပေးခဲ့သဖြင့် ဒီနေ့ထိ မြန်မာ့ဆိုင်းသည် ကမ္ဘာတွင် ဝံ့ကြွားနေရသည် မဟုတ်ပါလား။

ကျွန်တော့်ဆိုင်းနှင့် စိန်အောင်မြိုင် စိတ်မကျေပွဲ ထပ်တွေ့ပါသည်။ထိုသို့မတွေ့ခင် ကျွန်တော်တို့ စိန်ဗေဒါ၏တပည့်များက နေမျိုးလုလင်အမည်ဖြင့် တော်တော်လေး ဂီတဘက်တွင်

ကြိုးစားလုပ်ရှားနေကြပါသည်။အဘစိန်ဗေဒါ၏ တပည့်အရင်းမဟုတ်သော်လည်း အဘစိန်ဗေဒါ၏ တပည့်ကြီးအဖြစ် နာမည်ကျော်သူ ဆိုင်းဆရာ ဗန္ဓုလဘသာ၏တပည့်တစ်ဦးဖြစ်သူ မြို့ချစ် ကိုအေးမောင်က ကျွန်တော်တို့နှင့် စိတ်တူကိုယ်တူ လာရောက်ပြီးပေါင်းကာ အဘစိန်ဗေဒါ၏ သားတပည့်များစာရင်း သွင်းပေးပါ၊ ခိုင်းသမျှ ပေးသမျှတာဝန် ကျေပွန်ပါမည်ဟု ပြောဆိုပါသည်။ကိုအေးမောင်ကား "ဇ"ရှိသူ ဖြစ်ပါသည်။အမရပူရ စံရွှေသားဖြစ်ပြီး မဟုတ်မခံ နာမည်ကြီးသူ ပတ်တီးဆိုင်းတီးကောင်းသလောက် သတ္တိရှိသူ လုပ်ရဲချရဲသူဟူ၍ နာမည်ထွက်သူဖြစ်ပါသည်။အသားဖြူ၍ အနည်းငယ်ဝပြီး နှာတံချွန်းချွန်း မျက်လုံးကျ နည်းနည်းသေးသေး ဝိုင်းဝိုင်းဖြင့် ဆင်ကြည့်ကြည့်တတ်ပြီး ဘိုကေအတိုထားကာ ဥပဓိရုပ်ကောင်းသူဖြစ်ပြီး ထိုအချိန်တွင် ဆိုင်းပြိုင်များ အနည်းအကျဉ်း ခေတ်ထလာကာ စည်းစည်းလုံးလုံးရှိဖို့ လိုအပ်လာသော အချိန်ဖြစ်၍ ကျွန်တော်တို့ ၄ ယောက် တိုင်ပင်ကြပါသည်။ထို ၄ ယောက်မှာ-

(၁) စိန်ကျော်တင့်

(၂) မြို့ချစ်မောင် (ခ) မြို့ချစ်အေးမောင်

(၃) စိန်မောင်ကို

(၄) စိန်တင်ဟန်တို့ ဖြစ်ပါသည်။

ထိုအထဲတွင် စိန်ကျော်တင့်က ဦးဆောင်ပြီး တစ်ယောက်ထိလျှင် တစ်ယောက်က မခံတမ်း၊သည် ၄ ဦးသည် ရန်မလို ဆိုင်းပြိုင်မတီးတမ်း။တစ်ဦးအပြိုင်ရှိလျှင် ကျန်လူများက ကူညီဝိုင်းဝန်းကြစတမ်း ညီရင်းအစ်ကိုကဲ့သို့ သဘောထားကာ တစ်ယောက်၏အခက်အခဲကို တစ်ယောက် ကူညီရန် စသည်ဖြင့် အမျိုးမျိုး ပျော်ပျော်ရွှင်ရွှင် တိုင်ပင်ကြပါသည်။နောက်ဆုံးတွင် ဤသို့ ပါးစပ်ဖြင့်ပြောနေသည်ထက် တကယ်တမ်း တစ်ယောက်ကိုတစ်ယောက် အကူညီလိုကြလျှင် သစ္စာရေ သောက်ကြပါဟု အကြီးဆုံး စိန်ကျော်တင့်က ပြောပါသည်။ ၄ ယောက်သား သစ္စာရေ သောက်ကြရန် သဘောတူပြီး စိန်ကျော်တင့် ကိုးကွယ်သော လူဆရာကြီးတစ်ဦးထံ သွားကြပါသည်။ထိုဆရာကြီးက ကျွန်တော်တို့အား ဆုံးမစကားပြောပြီး တစ်ဦးကို တစ်ဦး သစ္စာဖောက်လျှင် သို့မဟုတ် သစ္စာပျက်လျှင် ဘေးဆိုးဒဏ်ဆိုးသင့်ပါစေ ဆိုသည်မျိုး ကျိန်တွယ်သစ္စာဆိုမည်ကို လက်မခံကြောင်း၊ ၎င်းကဲ့သို့ဆို၍မဖြစ်ကြောင်း၊ ဘာကြောင့်ဆိုသော် မင်းတို့သည် လူငယ်များဖြစ်ကြ၍ စိတ်လိုက်မာန်လိုက် ဒေါသအလိုက် ဖြစ်လာတတ်သော အကြောင်းများက မိမိတို့ဆိုထားသော သစ္စာက မိမိကိုယ်ပင် ပြန်လည်ဒုက္ခပေးနိုင်ကြောင်း၊ ထို့ကြောင့် တစ်ဦးကို တစ်ဦး အရေးရှိက ကူညီပါမည်။အကယ်၍ ကူညီနိုင်လျက် မကူညီဘဲ မစောင့်ရှောက်ပဲနေပါက မိမိတွင် လာဘ်သပ်ပကာအဝင် နည်းပါစေ။ထိုအခါတွင် မိမိက သတိရ၍ ထိုပုဂ္ဂိုလ်အား ကူညီစောင့်ရှောက်ပါက လာဘ်သပ်ပကာများ ပြန်လည်ပြည့်စုံပါရစေဟု ၎င်းလောက်သာ ကျိန်တွယ်သစ္စာဆိုစေပါသည်။ကျွန်တော်တို့ ၄ ဦး သစ္စာဆိုသော နေရာမှာ မန္တလေးမြို့ အနောက်မြောက်ပိုင်း ညောင်ကွဲအနီးရှိ ရှင်အရဟံသိမ်တော်အတွင်း ဖြစ်ပါသည်။

ဒီတစ်ခါ စိန်အောင်မြင်နဲ့ ကျွန်တော်ပြိုင်ရသည်မှာ ကျွန်တော့်ဆိုင်းနှင့် ပြိုင်ရခြင်းဖြစ်ပါသည်။အရင်တစ်ခါတုန်းကတော့ အစ်ကိုကြီး စိန်ကျော်တင့် ဆိုင်းဘက်မှနေ၍ ပြိုင်ခဲ့ရခြင်းဖြစ်ပြီး ယခုပွဲမှာ သူတို့ဘက်က စိတ်မကျေပွဲအဖြစ် အထူးစီစဉ်သောပြိုင်ပွဲဖြစ်ပါသည်။ အရင်တစ်ခါ ပြိုင်ခဲ့သော အမရပူရ (တောင်မြို့) တွင်ပဲ ဖြစ်ပါသည်။အလှူ့ဒါယကာအမည်က ဦးဘကျော် ဖြစ်ပါသည်။ပြိုင်ပွဲကိုလည်း သူတို့က အရှုံးကြေးဆပ်လို၍ ပြိုင်သည်ထင်ပါသည်။

ကျွန်တော်ကတော့ ကြော်ငြာထားသည်မှာ ကျွန်တော်ကစပြီး ဘယ်သူနဲ့ ပြိုင်ချင်တယ်၊ ဘယ်ဆိုင်းနဲ့ ပြိုင်ချင်တယ် မပြောပါ။ကျွန်တော်ကစပြီး ပြိုင်ရအောင်လည်း မစီစဉ်ပါ မလုပ်ပါ။ အဲ. . ကျွန်တော့် လာပြိုင်ရင်တော့ ဆရာသမားများ၊ ဆရာသမားဂိုဏ်းဝင်ပုဂ္ဂိုလ်များကို ရှောင်ပြီးတော့ ကျန်တာ ဘယ်သူ့မှ မရှောင်ပါဟု ပြောပါသည်။ကျွန်တော် ဆိုင်းပြိုင်ရာသို့ မြို့ချစ်မောင်၊ စိန်မောင်ကို၊ စိန်ကျော်တင့်တို့က ကူညီရန် လိုက်မည်ပြောပါသည်။ကျွန်တော်က အလိုက်မခံပါ။

"ဟေး မဟုတ်သေးဘူးကွ ကိုလေးရ။သူတို့ဘက်ကလည်း အများကြီးလိုက်မယ်ကြားတယ်ကွ"ဟု မြို့ချစ်မောင်က ပြောရာ-

"အို ကိစ္စမရှိပါဘူး နောင်ကြီးရာ သူတို့ဘက်က များများလိုက်လေ ကျုပ် ကောင်းလေ အများကြီးအားနဲ့ ကျုပ်တစ်ယောက်တည်းနဲ့ပြိုင်ရတာ ပိုကောင်းသေး" ဟု ပြောလိုက်ရပါသည်။ ကျွန်တော် ဘယ်သူ့မှ အလိုက်မခံပါ။ရှုံးမည်လည်း မထင်ပါ။ အလှူရောက်တော့ မဏ္ဍပ်တောင်ဘက်လှည့်ဖြစ်ပြီး မဏ္ဍပ်နှင့်ဆိုင်းများက ပေ ၂၅ဝ လောက်ကွာပြီး မဏ္ဍပ်ဘက် မျက်နှာမူ၍ ဆိုင်းဆင်ထားကြပါသည်။ကျွန်တော့်ဆိုင်းက အရှေ့ဘက်ကဖြစ်ပြီး စိန်အောင်မြိုင်ဆိုင်းက အနောက်ဘက်က ခင်းထားကာ ကြားတွင် အိမ်တစ်လုံးခြားပြီး တစ်ဆိုင်းနဲ့တစ်ဆိုင်း ပေ ၂၀၀ လောက် ခြားပါသည်။ သူ့ပရိသတ်နှင့်သူတီး၊ ကိုယ့်ပရိသတ်နှင့်ကိုယ်တီး ဖြစ်ပါသည်။ စိန်အောင်မြိုင်ဆိုင်းဘက်က ဆိုင်းအဖွဲ့တော်တော်များများ လိုက်လာကြပါသည်။အထူးသဖြင့် မုံရွာကို ဗဟိုပြု၍ မုံရွာ ကျားတက်၊ မုံရွာ အရာတော်၊ မုံရွာ မုံရွေးကြေးမုံ၊ မုံရွာ ကျောက္ကာ စသည်ဖြင့် သူတို့ဘက်က စည်းလုံးမှုနဲ့ အင်အားက မသေးပါ။ဆိုင်းအဖွဲ့တွေချည်းတောင် မြို့ဘတ်စ်ကား ၃ စီးဖြင့် စိန်မောင်ကြိုင်၊ ရွှေဒေါင်းမြိုင်၊ စိန်မြဆင်၊ တိုင်းချစ်စိန် ဆိုင်းအဖွဲ့များ လိုက်လာကြပါသည်။ဆိုင်းပစ္စည်းများ ပြင်ဆင်ပြီး အလှူက ထမင်းစားခေါ်၍ လိုက်သွားရာ ဆိုင်းစောင့် (ဆိုင်းပစ္စည်းများစောင့်သူ) မထားခဲ့ခြင်းမှာ ကျွန်တော်၏အမှား ဖြစ်ပါသည်။ အဘယ်ကြောင့်မူ ထမင်းစားပြန်လာသောအခါ ပဋ္ဌရူပအောက်ဆွဲထားသော ပတ်မကြီး၏ အမဘက် မျက်နှာဝကို တစ်စုံတစ်ယောက်က ဓားနဲ့ကွင်းလှီးပြီး ပြတ်လုပြတ်ခင် တဲတဲလေးသာ တွေ့ရှိလိုက်ရပါတော့သည်။

ကျွန်တော်တို့ တစ်ဆိုင်းလုံး အလွန်ဒေါသဖြစ်သော်လည်း အတွေ့အကြုံများသော ကျွန်တော်တို့နဲ့ဆရာ ဩဘာချစ်က ထိုသို့ပြုလုပ်ခြင်းမှာ ဘယ်သူလုပ်သည် အတိအကျ မသိသေးဘဲနှင့် ကိုယ်က ပြန်ရမ်း၍မဖြစ်ကြောင်း ကိုယ့်မေတ္တာရှိတဲ့ လူရှိသလို သူ့မေတ္တာရှိတဲ့လူလည်း ရှိကြောင်း၊ သူ့မေတ္တာရှိတဲ့ အရပ်သားတစ်ဦးကလည်း ဝင်လုပ်သွားနိုင်ကြောင်းပြောပြီး အဖြေရှာနေစဉ် အလှူ့တကာက ထိုသတင်းကြား၍ ချက်ချင်းရောက်လာပါသည်။အလှူ့ဒယကာက ဤသို့ပြုလုပ်သည်ကို မိမိလက်မခံကြောင်း၊ ဆိုင်းချင်းနိုင်အောင် ပြိုင်နိုင်က ပြိုင်ဖို့ဖြစ်ပြီး ယခုကဲ့သို့ ပြုလုပ်သည်မှာ မိမိ၏အလှူကိုပင် ဖျက်ဆီးသည်ဟုထင်မိကြောင်း၊ ထို့ကြောင့် စိတ်ရှည်ရှည်ထား သည်းခံ၍ ကိုယ့်အလုပ်ကိုလုပ်ရန် ကျွန်တော်တို့အား မေတ္တာရပ်ခံပြီး နောက်ထပ် ပတ်မကြီးတစ်လုံးလဲရန် ဂျစ်ကားတစ်စီးပေးလိုက်ပြီး ကုန်ကျငွေကိုလည်း တစ်ခါတည်း ပေးလိုက်ပါသည်။ကျွန်တော်က ပတ်မလဲခိုင်းလိုက်သူကို မြို့ချစ်မောင်ထံ လွှတ်လိုက်ပါသည်။ထိုလူပြန်လာရာ-

"ဟ ကိုအေးမောင်ကြီးကတော့ မလွယ်ဘူးဗျို့။တောက်တခေါက်ခေါက်နဲ့ ခါးတောင်းကြီးကျိုက်ပြီး လိုက်ပါ့မယ်တကားကားလုပ်နေတာ။ကျွန်တော်လည်း ဆိုင်းဆရာက

မှာလိုက်တာနဲ့ မနည်းတားထားခဲ့ရတယ်"ဟု ပြောပါသည်။ကျွန်တော်က လူချင်း ရန်ပွဲများ ဖြစ်ကုန်မည်စိုး၍ မလိုက်စေရန် သေသေချာချာ မှာလိုက်ခြင်းဖြစ်ပါသည်။ကျွန်တော့် နဲ့ဆရာ ဩဘာချစ် (ဦးလေးချစ်) မှာ ကျွန်တော်နဲ့ တစ်နယ်တည်းသားဖြစ်ပြီး ဆိုင်းကောင်းများဖြစ်သည့် မြင်းခြံ စိန်လက်မ၊ မန္တလေး စိန်ကျော်တင့်တို့နှင့် နှစ်တော်တော်များ တွဲလာပြီး ကျွန်တော်တို့ထက် ပညာ၊ သမ္မာ အများကြီးရင့်ပါသည်။ဦးလေးချစ်၏ ပင်ကိုနဲ့သံ မကောင်းပါ။ရုတ်တရက် ကောက်ပြီး နဲ့စမ်းလိုက်လျှင် အရပ်သားနဲ့ကြီးဟု အောက်မေ့ရပါသည်။သို့သော် ပတ်လိုက် အလွန်ကောင်းပါသည်။ပတ်လိုက်ဆိုသည်မှာ ရှေ့ကပတ်တီးက တီးလုံးတိုက်ပြီးသော တီးလုံး တီးတီး သူ့သဘောနဲ့သူ့တွန့်ပြီး တီးချင်တီး နဲ့က မျက်စိပါသလို သိမြင်တတ်ပြီး ထက်ကြပ်မကွာ လိုက်နိုင်ခြင်းကြောင့် ပတ်လိုက်ကောင်းသောနဲ့ဖြစ်၍ ဆိုင်းဆရာများက စုံမက်ကြပါသည်။ ပတ်လိုက်ကောင်းခြင်းကြောင့် နဲ့သံကလည်း သံစဉ်များ ကောင်းသွားပါသည်။နဲ့သံလည်း ကောင်းသွားပါသည်။

ထိုနေ့ညတွင် ကျွန်တော်က ပတ်စာပိုး (သံမှန်) က စတီးပါသည်။ တစ်ဆိုင်းနဲ့တစ်ဆိုင်း မမြင်ရပါ။အသံကလည်း ကောင်းကောင်းမကြားရပါ။စတီးကတည်းက ပရိသတ်အခြေအနေ ကျွန်တော့်ဘက်က အလွန်ကောင်းပါသည်။ မှန်တာပြောရလျှင် ကျွန်တော့်တွင် စိုးရိမ်စိတ် အများကြီးရှိပါသည်။ကိုယ့်လူတွေပဲ ပြောမှားဆိုမှားမဖြစ်အောင် သတိထားရပါသည်။ ဆိုင်းနောက်ထိုင်များ၏ သဘာဝကလည်း တော်တော်ပြောရ ခက်ပါသည်။ကိုယ့်ဆိုင်းကိုယ်တော့ နိုင်ချင်ကြသည်မို့ အစောင်းအချိတ်ကတော့ မလွတ်ပါ။ကျွန်တော့်နောက်ထိုင် ၂ ယောက်မှာ ဦးစိန်ငှက်ရိုးလက်ထွက် ကိုပွကြီးနဲ့ ကိုမန်းစိန် ဖြစ်ပါသည်။တဖြည်းဖြည်း တိုးတိုးလာသော ပရိသတ်များကြောင့် ကွင်းလပ်မရှိတော့ပဲ ပြည့်ညှပ်ကာ ဆိုင်းနဲ့ မဏ္ဍပ် ပေ ၂၅၀ လောက်အတွင်း ပြည့်နေရုံတင်မက နှစ်ဖက်ဝဲယာ ရှေ့နောက် ပြည့်ညှပ်သိပ်ကာ ရုတ်ရုတ် ရုတ်ရုတ်ဖြင့် တအား စည်လာပါသည်။ကျွန်တော့်ဘက် ဒီလောက်စောစောကြီး အပြတ်အသတ်နိုင်လာမည်မထင်ပါ။ ၉ နာရီခွဲသာသာလောက် ရှိပါသေးသည်။စည်ကားလွန်းသည့် ပရိသတ်ကြီးက တစ်ဘက်သတ်လို ဖြစ်လာပါသည်။

ထိုအချိန်တွင် ကျွန်တော်က ပဒေသာပတ်စမ်းရှည်ကြီး တီးနေပါသည်။ ပတ်နဲ့ နဲ့နဲ့ ၂ ယောက်တည်း အပင်ပန်းခံ၍ လက်စွမ်းပြ ပဒေသာကြီး တီးနေခြင်းဖြစ်ပြီး ထိုပတ်စမ်း ရှည်ကြီးကို ဦးလေးချစ်က အမြဲမတ်တတ်ရပ် မှုတ်ပါသည်။ ထိုပတ်စမ်းရှည်ကြီးဆုံးကာနီး မရောက်ခင်လေးတွင် ဦးလေးချစ်က ကျွန်တော့်အား "တော်တော့" "တော်တော့"ဟု ပါးစပ်က လှမ်းပြောပါသည်။တီးနေတုန်း စကားပြောရိုး ထုံးစံမရှိပါ။ နဲ့ဆိုသည်မှာ ပါးစပ်က မှုတ်ရ၍ နဲ့မှုတ်ရပ်၍ပြောခြင်းကြောင့် အံ့အားသင့်သွားပါသည်။ကျွန်တော်က အရှိန်ကြောင့် မရပ်နိုင်ပါ။ ဦးလေးချစ်က အလန့်တကြား "ဟေ့ကောင် တော်တော့၊ တော်တော့"ဟု ထပ်ပြောပါသည်။ သူပြော၍ ကျွန်တော်က ပတ်စမ်းရှည်ကြီး အဆုံးသတ်ရန် တီးလိုက်စဉ်မှာပင် ဦးလေးချစ်က နဲ့ကြီးကိုင်လျက် နောက်ပက်လက်လန်ကာ ထန်းပင်လဲ လဲကျသွားပါတော့သည်။

စောစောက သူမပြောစဖူး ပြောလိုက်၍ သတိထားနေခဲ့သော ဆိုင်းနောက်ထိုင် ကိုမန်းစိန်က လဲကျသွားသော ဦးလေးချစ်အား အချိန်မီ ခါးမှ လှမ်းဖက်လိုက် နိုင်သော်လည်း အရှိန်ကို ကောင်းစွာမထိန်းနိုင်၍ အောက်နားအရောက် နှစ်ယောက်လုံး လဲကျသွားပါတော့သည်။ ပွဲခင်းကြီးတစ်ခုလုံး အုန်းအုန်းသဲသဲ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ပါသည်။လဲကျသွားသော ဦးလေးချစ်

က အားယူထနိုင်သော်လည်း "အမယ်လေး ယားလိုက်တာကွာ ယားလိုက်တာ"ဟူ၍ မျက်နှာရော လက်တွေရော ကုတ်ရာက အဖူးအပိမ့်ကြီးများ ချက်ချင်းထွက်ကာ မျက်စိအောက်တွင်ပင် ယားရင်း ကုတ်ရင်းက ကိုယ်ပျက်သည့်လူများလို မျက်နှာတစ်ခုလုံးထွတ်ခါ မြင်မကောင်း ဖြစ်လာပါတော့သည်။ဦးလေးချစ် လဲကျသွားသောအချိန်တွင် ကျွန်တော်လည်း အမြင့်တစ်ခုခုမှ လိမ့်ကျသွားသလို ရင်ထဲတွင် အေးစိမ့်ပြီး ဖိုသွားပါသည်။ချက်ချင်း ရင်ကိုဖိ၍ ဣတိပိသောဂုဏ်တော် ရွတ်လိုက်ပါသည်။နောက် အကြောင်းရှိလျှင် သုံးဟု ဆရာတော်ချီးမြှင့်လိုက်သော ဖယောင်းတိုင်လေးအား မီးထွန်းညှိလိုက်ပါသည်။ ဆိုင်းနားထောင်သော ပရိသတ်ကြီးက ဒေါသထွက်ပြီး ဆိုင်းချင်းပြိုင်တာ နိုင်အောင်မတီးဘူး မတော်မတည့် ဘာတွေ လုပ်ထားတုန်းဟု ဟိုဘက်ဆိုင်းကို ချကွာနှက်ကွာဟု ပြောပြောဆိုဆို အချို့တစ်ဝက်သွားကြရာ တာဝန်ကျရဲများက အချိန်မီ ထိန်းသိမ်းပေးလိုက်ရပါသည်။ထိုအချိန် ဘယ်ကကြွလာသည်မသိ။ဘုန်းကြီးအိုကြီးတစ်ပါး ဆိုင်းနားရောက်လာပါသည်။

"ဟေ့ ဆိုင်းသမားတွေ မင်းတို့ဆိုင်းထဲ ရေအိုးမပါဘူးလားကွ"ဟု လှမ်းမေးသံ ကြားရပါသည်။ကိုပွကြီး-

"ပါပါတယ်ဘုရား"

"အေး. . ပါရင် ရေတစ်ခွက်ပြည့်ပြည့်ပေးစမ်း"

ကိုပွကြီးက ခပ်ပေးလိုက်ရာ ရေခွက်ကို ခေတ္တမျှကိုင်ပြီး

"ရော့ ဒါ ရေအိုးထဲ နည်းနည်းပြန်ထည့် ပြီးရင်ကျန်တာ ဟိုကောင် သောက်စေ"ဟု ဦးလေးချစ်အား လက်ညှိုးထိုးပြောပါသည်။

နောက်တွင် ဦးလေးချစ်က ပြန်ပြောရာ ရေသောက်လိုက်စဉ်က မီးကျီးခဲများအား ဝမ်းထဲလောင်းချလိုက်သလို ပူဆင်းသွားသည်ဟု ပြောပါသည်။ထို့နောက် ဦးလေးချစ်၏ အဖုအပိမ့်များ ချက်ချင်းပျောက်ကုန်ပါသည်။ထိုအချိန်အတွင်းဝယ် စိန်အောင်မြိုင်ဆိုင်းက သိမ်းသွားရပါပြီ။ကျွန်တော်တို့ ဆက်တီးမှုတ်နေရာ ပရိသတ်က ပြန်လည်ငြိမ်သက်ပြီး သန်းခေါင်ကျော်မှ သိမ်းလိုက်ပါသည်။ဆိုင်းများ မဏ္ဍပ်ထဲ ရွှေ့ပြီးသောအခါ စိန်အောင်မြိုင်ဘက်မှ လိုက်ပါသော စိန်မြဆင်က ကျွန်တော့်နားလာ စကားပြောပြီး ဆိုင်းဝိုင်းမင်းပေါက်ကို လာနှိုက်ပြီး ပတ်လုံးအကြီးဆုံး (ဒုံးကဲကြီး) ကို သာသာလေး စမ်းတီးကြည့်ပါသည်။

နောက်တစ်နေ့ နံနက်လင်း၍ လက်ဖက်ရည်သောက်သွားရာ ဆိုင်ထဲက လူတွေက-

'ညတုန်းကတော့ဟေ့ နိုင်တာတော့ စိန်တင်ဟန်က နိုင်တာကွ ဒါပေမဲ့ လူလုပ်တာခံရတယ်"ဟု ပြောသံများ ကြားနေရသဖြင့် ကြာကြာမထိုင်တော့ဘဲ ဆိုင်းရှိရာ ပြန်လာပါသည်။ နံနက်ခင်း ဧည့်ခံတီးတွင် တစ်လှည့်စီတီး၍ အချိန်ကုန်ပါသည်။ဘိသိက်ခန်းတွင် ဘိသိက်ဆရာခိုင်းသော သီချင်းများတီးကြ၍ ဘိသိက်ဆရာ ဦးကျော်စိန်က သူတို့ဘက် ပင်းပြီး အလုပ်လုပ်နေသည်ကို တွေ့ရပါသည်။ မနက်ခင်း တီးနေသော်လည်း စိန်အောင်မြိုင်မှာ မျက်နှာမကောင်းပါ။သိပ်ရွှင်ရွှင်ပျပျ မရှိပါ။ဘိသိက်ဆရာ ဦးကျော်စိန်က ဒိုင်သဖွယ် ဘိသိက်သွင်းရင်းက တစ်လှည့်စီ တာဝန်ပေးရာဝယ် စိန်အောင်မြိုင်သို့ ဘက်လိုက်ပြီး ပေးနေပါသည်။ထို့ကြောင့်လည်း စိန်အောင်မြိုင်၏ နောက်ထများက အားတက်ကာ စာသံပေသံများ ရွတ်ကြ၊ သူတို့ဆရာအား တကယ့်အရေးကြုံမှ သိရသော ပညာရှင်ကြီးပါ။ထူးချွန်ပြောင်မြောက်သော ဆိုင်းပညာရှင်ကြီး ဖြစ်၍ ရတနာမင်းနေပြည်သို့တက်ကာ ကျက်သရေဆောင် ပုဂ္ဂိုလ်ကြီးအဖြစ် ရပ်တည်ဖို့

ရောက်လာပါသည် စသည်ဖြင့် ချီးမွမ်းပြောဆို အားပေးနေကြပါသည်။ကျွန်တော့်ဆိုင်းနောက်ထ ခေါင်းဆောင် ကိုပွကြီးကား ဆေးသမား (ဘိန်းစား) ဖြစ်၍ သူဆေးသုံးတာ ရေချိန်ကိုက်ဆိုလျှင် အလုပ်တွင် ကောင်းပါသည်။ ထိုပွဲတွင် ကိုပွကြီးအား ကျွန်တော်က သူဆေးသုံးတာ မနည်းမများ ရေချိန်ကိုက်စေရန် စောစောကတည်းက ကြိုတင်ပြောထားခဲ့သည်မို့ အားကိုးရသော အခြေအနေ တွင် ရှိပါသည်။ဘိသိက်ဆရာခိုင်း၍ ကျွန်တော်တို့အလှည့်တွင် ကိုပွကြီးက-

"ရှာစားကြီး စိန်ဗေဒါ ကွယ်လွန်ပြီးနောက် သားတပည့်တွေက အစဉ်အဆက် စိန်တပ် လာကြပါတယ်။စိန်ဗေဒါနောက် စိန်ကျော်တင့်၊ စိန်တင်ဟန်၊ စိန်ဆိုင်းမျိုးရိုးမို့ စိန်တပ်လာတာ သံချပ်ကလည်း ရှိတယ်။ဘွဲ့ဖြူ စိန်ဆိုင်း သတင်းကျော် အတွင်းတော် ၁ မှတ် ဆိုင်းပဲ။ ဒါအခုတီးနေတာ စိန်မျိုးရိုးအစစ် စိန်တင်ဟန်ဆိုင်း၊ စိန်ဗေဒါဆိုင်း၊ တချို့ဘာမျှမဆိုင်ဘဲ ဆိုင်းဆရာဖြစ်လာတော့ စိန်တပ်တယ်။(ဟိုဘက်ဆိုင်း စိန်အောင်မြိုင်နာမည်တွင် စိန်ပါ၍ ပြောခြင်းဖြစ်သည်) စိန် စိန်နဲ့ ခရမ်းချဉ်သီး ကလပ်ပေါ်တင်တော့ စိန်ဖြစ်ရမှာလား၊ အဲ. . စိန် အစစ် ဝဇီရာဝုဓ စိန်တင်ဟန်ရေ သိကြားပေးခဲ့တဲ့လက်နဲ့ ဆရာ့ကရမက်သားလေး လက်များနဲ့ တောက်တော်မူစမ်း"

ကိုပွကြီး ဆိုင်းဆင့်ကြောင့် ပရိသတ်က တဝေါဝေါ ပွဲကျနေသည်။ဒိုင်လုပ်သူ ဘိသိက် ဆရာ ဦးကျော်စိန်ပင် ပါးစပ်က ဆေးပြင်းလိပ်ကြီးခဲလျက် အကြံယူနေပုံ ပေါက်သည်။နောက် တစ်ခေါက်အပြီးတွင် ဘိသိက်ဆရာ တေးထပ်ဆိုပြီး စိန်အောင်မြိုင်ဘက်ကို ပထမ အလှည့် ပေးသည်။စိန်အောင်မြိုင်၏ တေးထပ်တီးနည်းကို စိန်ကျော်တင့်နဲ့ အရင်အလှူမှာကတည်းက ကျွန်တော်က ကြားဖူးထားပြီး တေးထပ်တီးနည်း အဖြစ်သာသာပဲ ရှိသည်။ညံ့သည်။ဒါကို ဘိသိက်ဆရာ ဦးကျော်စိန်က မသိသဖြင့် တေးထပ်တွင် စိန်အောင်မြိုင်က အားရပါးရ စီးစီးဝါးဝါး တီးနိုင်လိမ့်မည် အထင်နဲ့ တေးထပ်ဆိုပေးပြီး ပထမအလှည့်ပေးလိုက်ခြင်းဖြစ်သည်။

ပရိသတ်က ဆိုင်းနှစ်ဆိုင်းလုံးကို အထူးအာရုံစိုက်နေကြသည်။စိန်အောင်မြိုင်မှာ ဥပမိ အင်္ဂါရုပ်ကောင်းသလို ပတ်လုံးလက်ချကောင်းသည်။တီးလိုက်တဲ့ ပတ်သံတိုင်းက ချိုကြည်၍ ထွက်လာသည်။သူ၏ ပင်ကိုလက်ကျက အထူးကောင်းသည်။ဘိသိက်ဆရာက တေးထပ်ဆိုပြီး ဆိုင်းတီးအလှည့်တွင် နေ့ခင်းကြီးဖြစ်သော်လည်း ပရိသတ်က အထူးငြိမ်ငြိမ်သက်သက်လေး နားထောင်ကြသည်။ပရိသတ်က အာရုံစိုက်လွန်းသွားသည်ကပင် သူတို့အတွက် ချောက်ချားစေ သည်။တေးထပ်တွင် တစ်စည်းချင်း တစ်ဝါးချင်း တပ်တပ်တူတူ ဂဃနဏတီးနိုင်မှ ကောင်းသည် သို့မဟုတ်က အလွန်ကျွေပျက်သည်။ဘယ်ထောင့်ဘယ်ကွေ့ ဘယ်စည်းဖမ်းရမှန်း ဘယ်ဝါးချရ မှန်းမသိ ဖြစ်တတ်သည်။တစ်ယောက်တည်းတီးလည်း စည်းနဲ့ကမ်းနဲ့မတတ်လျှင် ကိုယ့်အထုပ်ကို ဖြေပြသလို ဖြစ်သည်။တစ်ဆိုင်းလုံး တီးလည်း ဟိုလူထိန်းရမလို ဒီလူထိန်းရမလို အလွန်ခက် ပါသည်။စိန်အောင်မြိုင်၏ တေးထပ်တီးနည်းက ပေ့ါပြက်ပြက်နှင့်ပင် ပြီးဆုံးသွားရပါတော့သည်။ ဘိသိက်ဆရာ ဦးကျော်စိန်က ရိပ်မိ၍ ကျွန်တော့်အလှည့်ကို မပေးချင်ပါ။သို့သော် ပရိသတ်က လက်မခံပါ။ထို့ကြောင့် တေးထပ်တစ်ဖန် ပြန်ဆိုပြီး ကျွန်တော့်ဆိုင်းဘက် အလှည့်ပေးလိုက် ပါသည်။တေးထပ် ပထမပိုဒ်၏ တစ်ခုချင်း စည်းတွက်လျှင် အပြည့်အစုံ ဆယ်စီးရှိပါသည်။ ဘယ်ပတ်တီး ဘယ်ဆိုင်းဆရာ ကောင်းသည် မကောင်းသည်၊ ပတ်တီး ကောင်းသည် မကောင်း သည်ကို ဤတေးထပ်၏ ပထမအပိုဒ်တီးတာ နားထောင်လျှင်ပင် အကဲဖြတ်လို့ရပါသည်။

ကျွန်တော်က တေးထပ်ပထမပိုဒ်ကို နေမျိုးဗလကျော်သူဘွဲ့ရ ရှာစားကြီး စိန်ဗေဒါ

ခတ်ပြားထဲက တီးထားသည့်အတိုင်း တီးလိုက်ရာ စိန်ဗေဒါကြိုက်သော မြို့ပရိသတ်၏ လက်ခုပ်သံများ မဏ္ဍပ်တွင်းဝယ် ပြောင်းပြောင်းချင်း ထပ်သွားပါသည်။ကျွန်တော်က ဆက်၍-

"ကိုပွကြီးရေ"

"အမိန့်ရှိပါခင်ဗျား"

"ကျွန်တော် အခုတီးပြတာကတော့ အဘ စိန်ဗေဒါရဲ့ တေးထပ်ပါခင်ဗျာ"

"ပရိသတ်က သိပြီးသားဗျို့"

"အဲ. . ကျွန်တော်နဲ့ စိန်အောင်မြိုင်နဲ့ ပြိုင်ရတာ ဒါနဲ့ဆို ၂ လှူ ရှိသွားပြီခင်ဗျ"

"ပြောပါဦးခင်ဗျာ"

"အဲ. . အခု ကျွန်တော် ထပ်တီးပြမယ့် တေးထပ်ကတော့ ရွာစားကြီး စိန်ဗေဒါရဲ့ အခက်ဆုံး တေးထပ်တီးနည်းပါခင်ဗျာ"

"ဩော် ဟုတ်ကဲ့"

"အဲဒီနည်းကို ဆရာများ မှာတာကတော့ အရေးတစ်စုံ ကိုယ်နှိုက်ကြုံမှ သုံးရမယ်လို့ ဆိုပါတယ်။ခု ကျွန်တော့်မှာ အရေးကြုံနေပါပြီ။ဆိုင်းဆရာဆိုတာ ပတ်လုံးလေးပေါ် ပတ်စာ ကပ်ထားမှ သံစဉ်ပါမှ တီးတတ်ပါတယ်။ပတ်စာမကပ်ဘဲ မတီးတတ်ပါဘူး။ကျွန်တော်က ပတ်စာ မပါဘဲ တီးပြပါမယ်။"(ပြောပြောဆိုဆို ကျွန်တော် ပတ်ဖျားပတ်လုံးလေးများ ပတ်စာခွာလိုက်ပါသည်) ပရိသတ်ကလည်း အာရုံစိုက် နားထောင်နေပါသည်။ကျွန်တော်က ဆက်၍-

"အဲ. . အခု ကျွန်တော်တီးပြတဲ့နည်းအတိုင်း စိန်အောင်မြိုင်က တီးနိုင်ရင် ကျွန်တော့် လက် ၂ ဘက် ဖြတ်ယူသွားပါလို့ ပရိသတ်ကြီးအလယ်မှာ ကြေညာလိုက်ပါတယ်"

"ဟာ ဟယ် ဟေ" ပရိသတ်၏ အံ့ဩသံများ လွှမ်းသွားပါသည်။

ပတ်လုံးလေးတွေကို ကျွန်တော်က ပတ်စာမကပ်ဘဲ တေးထပ် ၈၀ ပေါ် ထပ်တွန့်ကြီး ကို အားရပါးရ တီးလိုက်ပါသည်။ပတ်လုံးလေးတွေမှာ ပတ်စာ မကပ်သော်လည်း ပတ်လုံး အကြီး အငယ်အလိုက် သံစဉ်အကြီးအငယ် ရှိနေပါသည်။ (ထို့ထက် သာလွန်သည်မှာ အဘ စိန်ဗေဒါက ပတ်လုံးမရှိလည်း သံပုံးကို လူကြိုက်အောင် ပုတ်တီးမယ်ဟူသော ပညာမျက်စိရှိပါသည်) ပတ်စာ မပါဘဲ တီးရာ ပတ်လုံးလေးတွေက သံကုန်အော် မြည်နေပါသည်။ကျွန်တော်ကလည်း စိတ်ရှိ လက်ရှိ အားရပါးရ ရိုက်၍ရိုက်၍ တီးနေပါသည်။ပတ်လုံးလေးတွေ၏ မျက်နှာဝကို ဖိနှိပ်ရိုက်၍ ၎င်းတီးရင်းက နောက်ဆုံးတေးထပ်ကို အဆုံးသတ်ရာ ပရိသတ်က တဝေါဝေါ ဖြင့် ပွဲကျသွားပြီး လက်ခုပ်သြဘာသံများ ပွက်ပွက်ညံသွားပါတော့သည်။

ကျွန်တော်ကိုယ်တိုင် ကြက်သီးမွေးညင်းထ၍ တုန်လှုပ်သွားရပါသည်။ အကြောင်းမှာ ကျွန်တော် တေးထပ်တီးပြီး ခဏအကြာ စိန်အောင်မြိုင်ကို ကျွန်တော်ကြည့်လိုက်ရာ ခေါင်းကြီး ငိုက်စိုက်ချပြီး လက်နှစ်ဘက်က ဆိုင်းဝိုင်းလက်ရုံးကိုကိုင်၍ ငြိမ်ငြိမ်သက်သက်ကြီး ရှိသမျှ အားတွေ လျှော့ချလိုက်ရဟန်ပုံပေါက်နေပြီး သူ့တစ်ဆိုင်းလုံး တုပ်တုပ်မျှမလှုပ်ပါ။

ကျွန်တော် ကြက်သီးမွေးညင်း ထမိနေပါသည်။သူ့ခမျာ ပရိသတ်အလယ်မှာ ရှုံးရတာ အရှက်ကွဲရတာပါလား။ငါ ဒီလိုအဖြစ်မျိုးရောက်ရင် ဘယ်လိုနေမလဲဟူသော ကိုယ်ချင်းစာစိတ် များက တဖွားဖွားပေါ်လာပြီး နိုင်လိုက်ရခြင်းကို အရသာမခံနိုင်ပါ။ တေးထပ်တီးနည်းမှာ သူ၏ အားအနည်းဆုံးနှင့် ကျွန်တော်၏ အားအသာဆုံး တွေ့ဆုံလိုက်ခြင်း ဖြစ်ပါလိမ့်မည်။ကျွန်တော့်ကို လာရောက်ဆုငွေများချီးမြှင့်သည်ကိုပင် ကျွန်တော်က ဝမ်းမမြောက်မိတော့ပါ။နောက်ထပ် ဆိုင်းပြိုင်များဆိုလျှင် ဘယ်သူနဲ့ဖြစ်ဖြစ် ရှောင်ရန် ကိုယ့်ကိုယ်ကိုယ် ပြောနေမိပါသည်။

ကျွန်တော်တီးနေသော အဘစိန်ပေဒါ၏ ဆိုင်းက ထူးခြားမှုများရှိပါသည်။ အထူးသဖြင့် ပဥ္စရူပခေါင်းက အသက်ဝင်လှပါသည်။အဘ စိန်ပေဒါက မန္တလေး တရုတ်တန်းရပ်က ပန်းပု ဆရာကြီး ဦးထွန်းမြတ်ကို စိတ်တိုင်းကျမှာပြီး ပြုလုပ်ခဲ့သော အရုပ်ဖြစ်ပါသည်။ပဥ္စရူပ၏ခေါင်းက အလွန်အသက်ဝင်ပါသည်။အထူးသဖြင့် ပါးစပ်နှင့် မျက်လုံးက ဒေါသကြီးနေသည့်ပုံ ပေါက်ပါ သည်။အချို့ အဘတပည့်များကမူ ဒီအရုပ် ဒေါသကြီးလို့ သူခိုက်လို့ ဒို့အဘသေတာဟုများပင် ပြောကြပါသည်။ပဥ္စရူပကို ကုန်းဘောင် ပရမေပတ်ပျိုးကြီးတွင်

**အဆင်းငါးဖြာ ကမ္ဘာငယ်လေ ရှည်မြင့်ကြောင်း**

**အကြောင်းကဲလွန်စွာ သီဟာငယ် လေမြိုင်သနင်း ငါကြင်းတူမကွာ**

**နာဂစွယ်လျှာ သင်မဟိသ်ာ ငှက်မွန်ဆင်းစာ ဟံသာရွှေမှုခါ**

**ဟတ္ထိယာနာ စွယ်လျှနှာမောင်း ကုန်းပေါင်ငယ်မဂ်လာရှိဦး တပ်ဆင်ကာ**

စာပါအတိုင်းကြည့်ရာ (ပဥ္စ) ငါးမျိုး (ရူပ) အဆင်း၊ ပဥ္စရူပ အဆင်းငါးမျိုးရှိသော သတ္တဝါဟု အဓိပ္ပာယ်ရပါသည်။သို့သော် ကျွန်တော် ရေကြည့်သောအခါ ၆ မျိုး ဖြစ်နေပါသည်။ ခြသေ့်၊ ငါးကြင်း၊ နဂါး၊ ကျွဲ၊ ဟသ်ာ၊ ဆင်ခေါင်း ၆ ကောင် ဖြစ်နေပါသည်။မြဝတီမင်းကြီး ဦးစ သာသာထိုးထိုး တစ်ကောင်များ ပိုလိုက်ပါလေသလားဟု သုံးသပ်မိပါသည်။အဘစိန်ပေဒါ၏ ပဥ္စရူပခေါင်းကို သယ်ယူရာတွင် ခေါင်းကို သေတ္တာထဲမှာထောင်၍ထည့်ပြီး မေးအောက်က တန်းနှင့်ချိတ်ထားပြီး ကြိုးလေးထိန်းပေးထားပါသည်။ကိုယ်လုံးကို အဝတ်ဂွမ်းဖုံးနဲ့ပတ်။အိတ် ကြိုးစီးပြီး ခြေ အမြီး အတောင်ပံတို့ကို အခြားသေတ္တာထဲမှာ ထည့်ယူပါသည်။အရုပ်ခေါင်း အမြင့်မှာ တစ်ပေခွဲလောက်ရှိပြီး ကိုယ်လုံး အလျားက ၅ ပေ လောက် ရှိပါသည်။ အဘ စိန်ပေဒါ၏ ကြေးနောင်များက အပေါ်ဘုခပ်နိမ့်နိမ့် ကြေးသားထူထူ ကြေးတိုက် (အရွယ်) ကောင်းပါသည်။ကျွန်တော် တီးသောအခါတွင် ထိုကြေးများက ကုန်းတစ်ခါပြန်ပြီး ဖြစ်ပါသည်။ ကုန်းပြန်ဆိုခြင်းမှာ ထိုကြေးနောင်များကို အရည်ဖြစ်အောင် မကျိုဘဲ ပြန်လည်မီးဖုတ်၍ အသံများ ညီအောင် ထုထားခြင်းဖြစ်ပါသည်။ ကြေးနောင်ဝိုင်းမှာ ဆိုင်းဝိုင်း၏ သုံးပုံတစ်ပုံခန့်သာ ဖြစ်ပါ သည်။ကြေးကို ကြိမ်ခွေနဲ့ အမြင့်စီပါသည်။ကြေးဝိုင်းပေါ်တွင် စိန်တောင်များ မပါဘဲ ဝက်အူရစ် များ တပ်ထားပြီး ထိုဝက်အူများကို ကြိုးချိတ်၍ ကြေးစီရာ ကြေးက မြင့်ပြီးလှပါသည်။ ဆိုင်းဝိုင်းမှာ ယမနေသား ၄ ပြားဝိုင်းဖြစ်ပြီး ပန်းများ အထက်အောက် တစ်ပြေးညီ ထုထားပါသည်။ပန်းရိုး ပန်းရက် ပန်းညွှန့်ကလေးများချည်း ဦးစားပေး ထုလုပ်ထားခြင်းဖြစ်ပြီး မှန်စီရွှေချများက ချစ်စရာကောင်းပါသည်။သာမန်ဆိုင်းက ၃ ပေ အမြင့်ပါ။ထိုထက် ၃ လက်မလောက် ပိုမြင့်ပါ သည်။ဆိုင်းဝိုင်းပန်းပြားနံပါတ် ၂ အချပ်တွင် သက်သေတိုင် တစ်ခါတည်း ဝက်အူစုပ်တပ်ထားပါ သည်။ပဥ္စရူပ ဆင်သောအခါ သက်သေတိုင်အရှင်တစ်ခု ထပ်စိုက်၍ ထိုအပေါ်မှ အရုပ်ဆင် ပါသည်။အဘ စိန်ပေဒါ၏ ပတ်လုံးအရွယ်အစားမှာ သာမန်ဆိုင်းများထက် ထွားပါသည်။ ပတ်လုံးများ ပေါက်၍ ပြန်လည်အကြက်အပ်ရာ စိန်ပန်းက ဦးထွန်းစိန်ဆိုသော အဘစိန်ပေဒါ ပတ်ကြက်ဆရာက ကြက်ပေးပါသည်။သူကြက်ပေးသော ပတ်လုံးများက ထူလွန်းပါသည်။ ထိုသို့အထူများက ချက်ချင်းမကောင်းပါ။၂ နှစ်၊ ၃ နှစ်လောက် တီးပြီးမှ အသားကျ ပတ်ရေလယ်ပြီး ကောင်းပါသည်။ဒါတောင် အသံက တုတ်တုတ် တုတ်တုတ်နှင့် မူလအထူဇာတိ မပျောက်ပါ။တစ်ခါတွင် ပတ်လုံးတစ်လုံးကြက်ရာ နွားသားရေကို အမွေးကုန်အောင်မထိုးဘဲ ပြင်လိုက် ကပ်ကြက်ပေးလိုက်ပါသည်။ထို့ကြောင့် ဦးထွန်းစိန်ထံ ပြန်အပ်ကြက်ခိုင်းရာ၊ သူက

"ဟော့ဆရာတောင် ငါကြက်ပေးတာ တီးတာ၊ မင်းကျမှ ပြင်ကြက်မပေးနိုင်ဘူး"ဟု ပြောလွှတ်လိုက်ပါသည်။

အခြားသူများတွေက ပတ်လုံးသားရေ ပါးပါးလေးနဲ့တီးကြ၍ လူ သက်သာသည်။ ထို့ကြောင်း ပါးပါးလေး တီးချင်လာသည်။တီးချင်၍ အမေ့ကိုပြောရာ အမေက "ငါ့သားရယ် မင်းအဘ ခြေရာလက်ရာ မင်းတို့ကျမှ ဖျက်တော့မှာလား"ဟု ပြောသဖြင့် နောက်ထပ် မပြောရဲတော့ပါ။သို့သော် နောက်တစ်နှစ်လောက်အကြာတွင် ပတ်ကြက်ဆရာတစ်ယောက် ပြောင်းလိုက်ရပါသည်။အခြားကြောင့် မဟုတ်ပါ။ ဦးထွန်းစိန် ကွယ်လွန်သွားခြင်းကြောင့် ဖြစ်ပါသည်။ နောက်ဆရာကလည်း အရင်ဆရာကြီးလို ထူထူကြိုက်ဖြစ်၍ မနည်းပါးအောင် ပြောရပါသည်။ ဒါတောင် သားရေတစ်ဝက်လောက် ထူပါသေးသည်။အဘစိန်ဗေဒါ၏ပတ်မမှာ အလွန်သန္တေကောင်းပါသည်။ဘယ်တော့ ပတ်စာတပ်တပ် အသံရှိန်က ဟိန်းနေပါသည်။စခွန့်ကလည်း အိုးလေးလုံးပြီး ပုံလည်းလှ အသံထွက်လည်း ကောင်းပါသည်။အဘ စိန်ဗေဒါဆိုင်းကို အဘ ကွယ်လွန်ပြီးမှ တစ်ခါ၊ ကျွန်တော်တီးစဉ်ကတစ်ခါ ပြန်လည်ရွှေချရပါသည်။ ရသာတန်းက ဆရာဘကြီးသား ကိုတူထံတွင် မှန်စီရွှေချ အပ်နှံပါသည်။ဆိုင်းဝိုင်းထိပ်တွင် သိုင်းပေါက်ကြိုင်းပေါက်များ ပါရှိပါသည်။မောင်းဆိုင်းမှာ ကွဲလွယ်၍ အဘ တီးတုန်းကမောင်းများ မရှိတော့ပါ။နောက်ထပ် အသစ်လဲ ထားရပါသည်။ပတ်မချောင်တွင် ခြောက်လုံးပတ်ဆိုသော်လည်း ပတ်လုံး ၅ လုံးတည်း တီးပါသည်။(၁) ဒုံးကဲ၊ (၂) တဆစ်၊ (၃) ဒူးလုံး၊ (၄) တျာလက်ခေါ်လုံး (၅) ၄ ပေါက်လုံးဖြစ်ပါသည်။ ထိုအဖျား ၄ ပေါက်က အခရာပါ။ခြောက်ပေါက်တီးလျှင် သူက ခြောက် ပေါက် ပတ်စာတပ်သဖြင့် ဒူးလုံးပါ ခြောက်ပေါက်တပ်ရပါသည်။ငါးပေါက်တီးလျှင် ငါးပေါက် တပ်၍ ဒူးလုံးက ငါးပေါက်တပ်ရပါသည်။အပိုးတီးလျှင် ၄ ပေါက်ပါ။ ဆိုင်းဝိုင်းပေါ်တွင် မီးထွန်းသော ဖာလ်ပဒိုင်းက မှန်လာထုပ်တွန့်အသေးများ ဖြစ်ပါသည်။ပတ်လုံးများက ဗိုက်ပူပြီး ဝမ်းရှိသော ပိတောက်သားများဖြစ်ပါသည်။ ပတ်တိုက် (ပတ်လုံးအရွယ်အစား) မှာ ပတ်တိုက်ထွားဖြစ်ပါသည်။တစ်ခါက ဆိုင်းဆရာကြီး ဦးဘမောင် (အလင်္ကာကျော်စွာ) အမေ့ကို လာကန်တော့စဉ် ဆိုင်းဝိုင်းခွေထားသဖြင့် ပတ်လုံးတွေကြည့်ပြီး ပတ်တိုက်လျှော့ပစ်ရန် ပြောပါသည်။ ဦးဘမောင် (ဦးလေးမောင်) က အဘစိန်ဗေဒါကို ဘထွေးဟု ခေါ်ပါသည်။ထို့ကြောင့် သူက-

"ဘထွေးလက်နဲ့တော့ ပတ်လုံးတွေက အတော်ပဲကွ။မင်းတို့လက်နဲ့ဆိုတော့ နိုင်မှာ မဟုတ်ဘူး လျှော့ပစ်လိုက်ပါ"ဟု ပြောပါသည်။သို့သော် အဘ၏ ခြေရာလက်ရာကို မပြင်ရဲ၍ ဒီအတိုင်းပဲ တီးနေရပါသည်။မှန်ပါသည်။အဘ စိန်ဗေဒါသည် သာမန်ပုဂ္ဂိုလ်မဟုတ်ပါ။မြန်မာဘုရင် သီပေါမင်းတရား၏ ရွှေသိုင်း ၄ ချက်အလံ၊ ၄ ချက်ဖာလ်အိုး ၅ လုံးဘွဲ့ဖြူများနှင့် နေမျိုးဗလကျော်သူဟူသော ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခြင်းခံရသူဖြစ်၍ သူ ကွယ်လွန်သော အခါ သူ၏နှုတ်ခမ်းများ လက်ဖျားများကို ရွှေချခဲ့ရပါသည်။

* * *

ဗတလစ ဥက္ကဋ္ဌ ဦးညဏ်က ခိုင်း၍ ပွဲတစ်ပွဲ တီးရပါသည်။ဗတလစ ဥက္ကဋ္ဌ ဦးညဏ်မှာ အသားဖြူဖြူ ခပ်တုတ်တုတ် အရပ်အမောင်းသင့်သင့် ဆံပင်သျှောင်ထုံး ပါးပါး တစ်စောင်းထုံး လေးနဲ့ ဖြစ်ပါသည်။ဗတလစအဓိပ္ပာယ်မှာ ဗမာနိုင်ငံ တောင်သူလယ်သမားအစည်းအရုံးဟု အဓိပ္ပာယ်ရပါသည်။ဦးညဏ် (ဘကြီးညဏ်) ကား မန္တလေးအရှေ့ဘက် အောင်ပင်လယ် သမ္မတော၊ သလဲကုန်း၊ ဗိုလ်တက်ကုန်း စသော ရွာများက လေးစားကြပြီး ရွာများနှင့် ဆက်စပ်

နေပါသည်။ဘကြီးညဏ် ခိုင်းသောပွဲမှာ မန္တလေးမြို့ နာရီစင်မြောက်ဘက် ဒါးတန်းရပ်ရှိ တိုက်ကြီးတစ်တိုက်ပေါ်တွင် တီးမှုတ်ရခြင်း ဖြစ်ပါသည်။ဧည့်သည်များက ကုလားထိုင် များဖြင့် ထိုင်ကြပြီး မန္တလေးမြို့ပေါ်ရှိ ဂုဏ်သရေရှိ လူကြီးလူကောင်း တော်တော်များများကို တွေ့ရပါသည်။ဘကြီးညဏ်က စောစောကပင် ကျွန်တော့်အား-

"စိန်တင်ဟန်ရေ ဒီပွဲက အရေးကြီးတယ်ကွ"ဟု ပြောထား၍ ဘာအရေးကြီးမှန်း မသိပါ။နောက်မှ မင်းပွဲစိုးပွဲဖြစ်၍ ပြောခြင်းဟု သိပါသည်။ပရိသတ် တော်တော်စုံသောအခါ ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် ကြွရောက်လာပါသည်။ဗိုလ်ချုပ်ကတော်ကို ကျွန်တော် သေသေချာချာ မမြင်ဘူးပါ။ဗိုလ်ချုပ်အောင်ဆန်းကိုတော့ မန္တလေး ရှမ်းဝိုင်းတရားပွဲတုန်းက ရှေ့ဆုံးမှ နားထောင်ရ၍ အနီးကပ် မြင်ဖူးခဲ့ရပါသည်။ဗိုလ်ချုပ်ကတော်မှာ အလွန်တည်ကြည် ဣန္ဒြေသိက္ခာနှင့် ပြည့်စုံသောပုဂ္ဂိုလ် ဖြစ်ပါသည်။မျက်လုံးမျက်တွင်း ကောင်းကောင်း ထူးထူးခြားခြားရှိပါသည်။ရှေးပုံ ဘီးဆံပတ် ခပ်သေးသေးဖြင့် မူလကပင် ကြည်ညိုရင်းစွဲ ရှိပြီးဖြစ်၍ ဗိုလ်ချုပ်ကတော်တို့ပါသောပွဲကို ကျွန်တော့်အားတီးရန် စီစဉ်ပေးသော ဘကြီးညဏ်အား စိတ်ထဲမှ ကျေးဇူးတင်နေမိပါသည်။

မကြာခင်ပင် ဆက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ရောက်လာပါသည်။ ဝန်ကြီးချုပ် ဦးနုကား ပရိသတ်အတွင်းဝယ် သူ၏ အမြဲတမ်း ကြည်လင်ချိုပြုံးသော မျက်နှာက ထင်းထင်း ရင်းရင်း ရှိပါသည်။ကျွန်တော်တို့ တီးနေသော တိုက်ပေါ်သို့ ဘကြီးညဏ်က ဦးဆောင်၍ ဝန်ကြီးချုပ်ကို ခေါ်လာပါသည်။ဝန်ကြီးချုပ်က ဘကြီးညဏ်ကို ဥက္ကဋ္ဌကြီး ဥက္ကဋ္ဌကြီးဟု ခပ်ကျယ်ကျယ် ခေါ်ဝေါ်သုံးနှုန်း ပြောဆိုပါသည်။ ဘကြီးညဏ်အား ဝန်ကြီးချုပ်က ဥက္ကဋ္ဌကြီးဟု ခေါ်လောက်စရာပါပေ။ခါတိုင်း သူ့အိမ်သွားလျှင် တွေ့နေကျ အိမ်ရှေ့ခုတင်လေးပေါ်ဝယ် တင်ပလ္လင်ခွေထိုင်၍ စွပ်ကျယ်အကျီခပ်ပွပွ ပုဆိုးခပ်နွမ်းနွမ်းဝတ်ထားသော ဘကြီးညဏ် မဟုတ်ပါ။ ပိုးချိတ်အဝါနုနုကလေးများ ရက်လုပ်ထားသော ပုဆိုးတောင်ရှည်ဝတ်၊ သနပ်ခါးရောင် ဖျော့ဖျော့ အဆင်းရှိသော ပိုးတိုက်ပုံ ရင်ဖုံးအကျီဖြင့် ၎င်းခေါင်းပေါ်ဝယ် သျှောင်ထုံးသေးသေး လေးကို တစ်စောင်းသေချာစွာထုံးပြီးသော် ပန်းနုရောင်ပဝါကို ခေါင်းပေါင်းကို ကိုယ်တိုင် ပေါင်းနည်းဖြင့် သျှောင်ထုံးရှိသော ညာဘက်ခေါင်းတွင် ပဝါစလေးအထက်သို့ ချွန်အောင် ထောင်ထားပြီး အသက်ကြီးသော်လည်း မျက်မှန်မတပ်ရသေးသော သူ့မျက်နှာက နုပျို လန်းဆန်း တက်ကြွစွာဖြင့် ခန့်ညားထည်ဝါစွာ တွေ့မြင်ရပါသည်။ထိုပွဲတွင် ဘကြီးညဏ်က ဝန်ကြီးချုပ်လာမည်။ဗိုလ်ချုပ်ကတော်တို့ လာမည်ဟု ကျွန်တော်တို့ကို ကြိုတင်ပြောမထားပါ။ ထို့ကြောင့် ဧည့်ခံတီးရာ သီချင်းတီးလုံးများ ကြိုတင်မစီစဉ်ရပါ။ဗိုလ်ချုပ်နှင့်ဆိုင်သော သီချင်း တစ်ပုဒ်ကို သတိရပါသည်။ထိုသီချင်းမှာ ဗိုလ်ချုပ်တို့ ကျဆုံးစဉ်က ကျွန်တော့်ဆရာ အေဝမ်း ဆရာညွှာက စိန်ကျော်တင့်၊ စိန်လှမောင်တို့ဆိုင်းအဖွဲ့သို့ ရေးပေးသော သီချင်းဖြစ်ပါသည်။ သီချင်းက ၇ သံချီ အလွမ်းပါ။သို့သော်လည်း မတတ်နိုင်ပါ။ထိုအကြောင်းကို ကျွန်တော် အနည်းငယ်မျှ ပြောလိုက်ပြီး တီးပြလိုက်ပါသည်။ထိုပွဲသည် ဘကြီးညဏ်က ကျွန်တော့်အား လူရာဝင်အောင် လုပ်ပေးလိုက်သောပွဲ ဖြစ်ပါသည်။

* * *

ကျွန်တော်တို့ ဆိုင်းသမားဘဝသည် အရပ်တကာ၊ နယ်တကာရောက် လူတကာနှင့် ဆက်ဆံရ စုံလှပါသည်။ရေပိုက်များ ပိုက်ခေါင်းများရောင်းသော လုပ်ငန်းဖြင့် ကြီးပွားလာသော

ကြီးပွားရေး ဦးတင်ဆိုသူက အလှူလှူရာ ကျွန်တော်တို့ဆိုင်းကို ငှားပါသည်။အသားမည်းမည်း အရပ်အမောင်းကောင်းကောင်း မျက်လုံး ကလယ်ကလယ်ဖြင့် ကြည့်တတ်သော သဘောကောင်း သည့် ကြီးပွားရေး ဦးတင်မှာ တစ်ကြောင်းစွဲ စိုက်လိုက်မတ်တတ် ထင်မိထင်ရာ မဖျောက်နိုင်သူ ဖြစ်ပါသည်။ ကျွန်တော်နဲ့လည်း ရင်းနှီးပါသည်။ထိုစဉ်က ကျွန်တော့်ဆိုင်းကြေးမှာ တစ်ပွဲ ၁၈၀ ကျပ် ဖြစ်ပါသည်။ဦးတင်က သူ့အလှူအတွက် ကျွန်တော့်ဆိုင်းတီးရန် စရန်ပေးအပြီး-

"ဒီမယ် ဆိုင်းဆရာ ကျုပ်ပြောစရာရှိတယ်"

"ဟုတ်ကဲ့ ပြောပါ ဦးလေးတင်"

"ကျုပ်အလှူမှာ မခေါက်ပြောငှားထားတယ် ဒီတော့ ခင်ဗျားမတီးနဲ့ သူတို့ကို အချိန် များများပေးပြီး တီးခိုင်းချင်လို့ဗျ မခေါက်ပြောက သိပ်ကောင်းတာ"

"ဩော် ဟုတ်လား"

"ဒီမယ် ကောင်းတာမှ နည်းနည်းကောင်းတာ မဟုတ်ဘူး။တော်တော်ကြီးကို ကောင်းတာ။ဒီတော့ ခင်ဗျားက နည်းနည်းလေးတီးပြီး သိမ်းပေးလိုက် ကျန်တာ သူတို့ ဧည့်တီးလိမ့်မယ်"

"ဒါတော့ ဦးလေးတင်အလှူပဲလေ ဦးလေးတင်သဘောကျ စီစဉ်ပါ"

"အို မဟုတ်ဘူးဗျ သိပ်ကို ကောင်းလို့ပြောတာ"

သူ့အလှူ နေ့ည ကျွန်တော့်ဆိုင်းက ဧည့်ခံတစ်ပုဒ် ၂ ပုဒ်တီးပြီး ရပ်ထားလိုက်ပါ သည်။စောစောကြီးသိမ်းဖြစ်ဖို့ရာကလည်း ပရိသတ်ကို မျက်နှာပူ၍ မသိမ်းရဲပါ။၁၅ မိနစ်လောက် နားထားရ၍ ပရိသတ်ကလည်း ကြောင်အမ်းအမ်းကြီးဖြင့် ဆိုင်းက ဘာလို့ဆက်မတီးတာပါလဲဟု တီးတိုးပြောနေစဉ် အလှူ့တကာ ကြီးပွားရေး ဦးတင်ရောက်လာပါသည်။

"ဒီမယ် ဆိုင်းဆရာ ကျုပ် မခေါက်ပြောအဖွဲ့ ရောက်မလာသေးဘူးဗျ။ ဒီတော့ ခင်ဗျား တီးနေပါဦး"

ကျွန်တော်တို့က ဆက်တီးနေရပါသည်။မခေါက်ပြောလာရင် ဆိုင်းက သိမ်းပေးရမည်။ မလာသေးလို့သာ တီးနေရတာဟု ကျွန်တော့်စိတ်က နည်းနည်းတော့ ကွဲမြီးတိုချင်နေပါသည်။ နောက်တော့ မထူးဘူး လာမှလာ သိမ်းမှသိမ်းတော့ သဘောပိုက်ပြီး ဆိုင်းတီးလုံးများ ခွင်ကျ အံကျများ တစ်ပုဒ်ပြီးတစ်ပုဒ်တီးခဲ့ပြီး ဆိုင်းသိမ်းကာနီးတွင် အဘစိန်ဗေဒါ၏ မင်္ဂလာပြော၊ ခေါင်စည်ပြော ထည့်တီး၍ ဆိုင်းနောက်ထိုင်များက -

"ဘယ်သူမှ မတီးတတ်တဲ့ ခေါင်စည်ပြောနော် နားထောင်ထားကြ"ဟု ခပ်ထေ့ထေ့ လေးပြောကြပါသေးသည်။မန္တလေးထုံးစံက အလှူတွင် မဏ္ဍပ်အပြင်ဘက် ညတိုင်း ဧည့်ခံတီးလေ့ ရှိပါသည်။ညတီးပြီးမှ မဏ္ဍပ်ထဲ ရွှေ့ပါသည်။ ထိုည ကျွန်တော်တို့ဆိုင်းမဏ္ဍပ်ထဲ ရွှေ့ပြီးနောက် ရေသောက်နေစဉ် အလှူ့တကာက-

"ကျုပ် မခေါက်ပြောအဖွဲ့ အခု ရောက်လာပြီဗျာ။သူတို့ လမ်းမှာ လှည်းကျိုးနေလို့တဲ့" ဟုပြောဆိုပြီး အချိန်လည်း မရှိတော့ပါဘူး။နံနက်ကျမှ အတီးခိုင်းပါတော့မယ်ဟု ပြောသွားပါ သည်။နံနက် ၄ နာရီထိုးတွင် ကျွန်တော့်ဆိုင်းက အလှူပြောတီးပါသည်။ထိုအချိန်တွင် မခေါက် ပြောအဖွဲ့ကလည်း ရောက်ပြီမို့ ဆိုင်းနဲ့ မျက်နှာချင်းဆိုင်တွင် ပြောများချ ဆင်ထားကြပါသည်။ ကျွန်တော်တို့ ပြောတီးပြီး ၅ မိနစ်လောက်အကြာတွင် မခေါက်ပြော တီးလာသည်။အလှူ့ ဒယကာက ဘုန်းကြီးများ ဆွမ်းကပ်ရာမှ မခေါက်ပြောဘက်လှည့်လှည့်ပြီး မဲတင်းကြည့်နေသည်

ကို မြင်ရပါသည်။မနက်ခင်း ဆိုင်းအဖွဲ့က ထုံးစံအတိုင်း ဝေလာသာကွင်း ထူးမခြားနား စသည် စည်စည်ဝေဝေတီးလုံးများက အလျှုတွင် ကျက်သရေရှိလှပါသည်။ဆိုင်းဆရာက နံနက် ၈ နာရီ လောက်မှ ဧည့်ခံဝင်တီးရာ တစ်ပုဒ်တီးပြီး အလှူ့တကာက ကျွန်တော့်အား လာတားပါသည်။

"ဒီမယ် ပြောအလှည့်ပေးလိုက်ပါဦး"

ဆိုင်းက ရပ်နားထားလိုက်ရာ မခေါက်ပြောက တီးနေပါသည်။မခေါက်ပြော၏ အရသာမှာ ညဆိတ်ဆိတ်ငြိမ်ငြိမ်တွင် ဇာတ်လမ်းလေးများပြောရင်း သီဆိုရင်း နားထောင်က အလွန်ကောင်းပါသည်။ယခုမူ နံနက်ခင်း ဧည့်ခံဖြစ်၍ မခေါက်ပြောက ပရိသတ်ကို နိုင်အောင် မထိန်းနိုင်ပါ။ဆူညံသောပရိသတ်ကို ပြောသံက လွှမ်းမိုးမသွားပါ။ပြောတီးရပ်သွားပြီး ကာလသား တွေဘက်က ပူညံပူညံဖြစ်လာပါသည်။ပြောက ကာလသားတွေနား ပစ္စည်းဆင်ထားကြပါသည်။ ကာလသားတွေက ဆိုင်းကလည်း တီးဦးမှပေါ့ဟု ပြောသဖြင့် အလှူ့တကာက ဆိုင်းကို ပြန်တီး ခိုင်းပါသည်။နံနက်ခင်းတွင် ဆိုင်းတစ်လှည့် ပြောတစ်လှည့်တီး၍ ဧည့်ခံနားလိုက်ပါသည်။ ဘီသိက်ခန်းတွင် ဆိုင်းက တော်တော်များများ တီးရပါသည်။ဘိသိက်ဆရာနှင့်တွဲတီးရသည်မှာ အကြောင်းအရာမျိုးစုံ၊ သီချင်းမျိုးစုံ တီးရသည်ဖြစ်၍ ပြောက ခဏလောက်ပဲတီး၍ အဆင်ပြေ ပါသည်။အလှူ့ဒယကာကမူ အလှူအောင်ပွဲအဖြစ် ညတွင် သူ့မခေါက်ပြောအား တီးခိုင်းဦးမည် ဆိုပါသည်။ဘိသိက်ပြီး၍ ကျွန်တော်တို့ ဆိုင်းအဖွဲ့က ပစ္စည်းများသိမ်းပြီးသောအခါ အလှူ့ ဒယကာက ကျွန်တော်နှင့် မခေါက်ပြောဆရာတို့ လက်ဖက်ရည်သောက်ရန် မဏ္ဍပ်တွင်းဝယ် လက်ဖက်ရည်ပွဲခင်းပြီး ကျွန်တော်တို့နားသို့ တိုးတိုးကပ်ကာ-

"ဒီမယ် ဆိုင်းဆရာ ခင်ဗျားကံကောင်းတာ သူတို့နဲ့တွေ့တဲ့ ကြုံတဲ့အခါမှာ ပညာလေး ဘာလေး ယူထားလိုက်သိလား"ဟု ပြောပါသည်။စင်စစ်မူ ကြီးပွားရေး ဦးတင်က ကျွန်တော့်အား သူတို့တပည့်ခံခိုင်းနေခြင်း ဖြစ်ပါသည်။ထိုအချိန်တွင် ကျွန်တော့်အစ်ကို ဆရာဖြစ်သူ ဦးစိန်လှမောင်က လမ်းကြုံ၍ဝင်လာသဖြင့် ကျွန်တော့်အစ်ကိုပါ လက်ဖက်ရည်သောက်ရန် ခေါ်ပြီး မခေါက်ပြောဆရာတို့နဲ့ ရောထိုင်လိုက်ပါသည်။အလှူ့ဒယကာကလည်း ကျွန်တော်တို့နဲ့ ရောထိုင်ပြီး လက်ဖက်ရည်သောက်ရင်း သူက စကားပြောစေရန် တိုက်တွန်းနေပါသည်။ ကျွန်တော်က အစ်ကိုနဲ့အလှူ့ဒယကာ၊ မခေါက်ပြောဆရာတို့ကို မိတ်ဆက်ပေးလိုက်ပြီး-

"ကျွန်တော့် အလှူ့ဒယကာကတော့ မခေါက်ပျောကြိုက်တာမှ နောက်ထပ် ဘယ်သူမှ မကြိုက်ရလောက်အောင်ကိုပဲ အစ်ကို။နောက်ပြီး တွေ့တဲ့ကြုံတဲ့အခါမှာလည်း ပြောဆရာတွေ ဆီက နည်းပညာလေးများ ယူထားဖို့လည်း တိုက်တွန်းနေတာခင်ဗျ" အစ်ကို့ကို လှမ်းပြောရင်းက အားလုံး၏မျက်နှာများကို လွှမ်းခြုံကြည့်လိုက်ပါသည်။ ကျွန်တော့်အစ်ကိုကား အလွန်အကင်းပါး သူ ဖြစ်ပါသည်။

"ဟုတ်တာပေါ့ဗျာ၊ ပညာဆိုတာ တစ်ဦးနဲ့တစ်ဦး စေတနာနဲ့ပေးရင် ကြီးမြတ်တဲ့ဒါန ပေပဲဗျာ"ဟု အထိုက်အလျောက်ပြောလိုက်ရာ ပြောဆရာတွေရဲ့ မျက်နှာက မျက်နှာပူပြီး ရှက်စနိုးဟန် ပေါက်နေပါသည်။ထို့နောက် အစ်ကိုကပင် ဆက်လက်၍ "ပြောဆရာတို့ကို ကျွန်တော် မသိလို့ မေးပါရစေ။ကျွန်တော်တို့ ဆိုင်းတီးစသင်တော့ သဘင်အစ စည်းဝါးက လို့ဆိုပြီး သီချင်း သင်ရာ၊ တက်ရာမှာတော့ သဘင်အစ ထံတျာကလို့ ဆိုပါတယ်။ထံတျာတွေ အပါအဝင် ကလပ်ကြိုး ၅ ပုဒ် ဖောင်ဆိုက် ဖောင်လား ၃ ပုဒ် သာနိုး ၅ ပုဒ် ဒါတွေပြီးမှ ဘွဲ့သီချင်းခန့် ပတ်ပျိုး ယိုးဒယားဆိုတာကို အဆင့်ဆင့်တက်ရန် အခြေခံ ထံတျာက စခဲ့ရပါ

တယ်။ ဒီတော့ ဆရာတို့ မခေါက်ပြောမှာ ဘယ်သီချင်း ဘယ်အခြေခံ ဘယ်ဟာတွေက စသင်ယူပြီး အဆင့်ဆင့် တက်လာရတာလေးတွေ သိပါရစေ ခင်ဗျာ" အစ်ကို့ စကားအဆုံးတွင်-

အားလုံးငြိမ်သွားပါသည်။အလှူ့ဒယကာကလည်း သိချင်သည့်ဇောဖြင့် သူ့ပြောဆရာတွေဆီ လှမ်းကြည့်ရင်း စူးစမ်းအကဲခပ်နေပါသည်။ပြောဆရာတွေဆီက ချက်ချင်းစကားမပြန်ပါ။အချို့က ကျွန်တော့်မျက်နှာကို ရဲရဲမကြည့်ရဲပါ၊ နောက်မှ သူတို့ခေါင်းဆောင်လုပ်သူက-

"ဟုတ်ကဲ့ ကျွန်တော်တို့ ပြောအခြေခံဆိုတာကတော့ ဘာကစတယ်ဆိုတာ ကျွန်တော့်တို့လည်း မသိပါဘူးခင်ဗျာ။ခုလို ရရာသီချင်းလေးတွေ သီရိမွှာတို့ ဘာတို့ စုပေါင်းစပ်ပေါင်းလိုက်ပြီး တီးလာခဲ့တာပါတဲ့။အခုလည်း ဆရာကြီးတို့နဲ့ တွေ့တဲ့အခါ ကျွန်တော်တို့ပြောနဲ့ သင့်လျော်မယ့် တေးသီချင်းလေးများ၊ ပညာများ ချီးမြှင့်ခဲ့ပါလို့ အသနားခံတယ်ခင်ဗျား"

"ဟိုက်" အလှူ့တကာ၏အသံ-

သူ့အလှူပြီး နောက်တစ်ရက်တွင် ကျွန်တော့်အား အလှူ့တကာ ကြီးပွားရေး ဦးတင်က အိမ်သို့ လာရောက်တောင်ပန်ရင်း သူမသိတာများ ဝန်ခံပြောဆိုသွားပါသည်။

မန္တလေးမြို့ ရှမ်းပွဲရပ်ရှိ သဘင်ပညာသည်များ အသင်းတည်ရာဌာနတွင် ပြဿနာတစ်ခု ရောက်ရှိလာပါသည်။အကြောင်းမှာ စိန်ဘမောင်ဆိုင်းက နှဲဆရာ စိန်မြရှိန် (ကိုရှိန်) နှင့် ခင်မင်သော သဘရာဇာ (ရွာကြီး) များ၏ အလှူတီးရန် သဘောတူလက်ခံရန် စရန်ငွေယူပြီး ၁၀ ရက်လောက်ကြာမှ ဆိုင်းဆရာက မတီးနိုင်တော့ကြောင်း အကြောင်းပြန်ကြား၍ အသင်းရုံးသို့ရောက်လာကြခြင်း ဖြစ်ပါသည်။ ထိုအချိန်မှာ အသင်းကြီးက သဘင်နှင့်ပတ်သက်သော ပြဿနာများကို အမှုဆောင်များက ပြေပြေလည်လည်ဖြစ်အောင် စေ့စပ်ဆောင်ရွက်ညှိနှိုင်းပေးသောအခါ ဖြစ်ပါသည်။အမှုဆောင်လူကြီးများက မေးမြန်း၍ ဆိုင်းဆရာ စိန်ဘမောင်က ဖြေကြားရာတွင် ဤအလှူကို နှဲဆရာစိန်မြရှိန်နှင့် ခင်မင်သူများဖြစ်၍ စိန်မြရှိန်နှင့်တိုင်ပင်ပြီး တီးမည်ဟု ဆုံးဖြတ်လက်ခံခဲ့ခြင်းဖြစ်ကြောင်း၊ နောက် ဆိုင်းအဖွဲ့သားများက သုသာန်တစ်စဥ္စ လှူမည်ဖြစ်သော သဘရာဇာများ၏အလှူကို မတီးနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် လာဘ်တိတ်တတ်၍ဖြစ်ကြောင်း၊ အကယ်၍ တီးမည်ဆိုပါက အဖွဲ့က မလိုက်နိုင်တော့ကြောင်း၊ အခြားတီးမည့် အဖွဲ့သားများ ရှာကြံခေါ်ယူသွားပါဟု ပြောကြောင်း၊ အဖွဲ့သားများကို ဆန့်ကျင်၍ မဖြစ်သဖြင့် မတီးနိုင်ကြောင်း ပြန်ကြားပြီး ထုံးတမ်းစဉ်လာအရ စရန်ငွေတစ်ဆယ် ပေးလျော်မည်ဖြစ်ကြောင်း ပြောသွားပါသည်။၎င်းသော အလှူရှင်များဘက်က ပြောကြားရာတွင် ကျွန်တော်တို့ သဘရာဇာများ ဖြစ်ပါသည်ဟု နဂိုကတည်းက ပြော၎င်းကြောင်း၊ အချို့လည်း တီးကြသည်။ အချို့လည်း မတီးပါဟုပင် ကြိုတင်ပြောခဲ့ပါကြောင်း၊ တီးမည်ဆို၍ ကျွန်တော်တို့ သဘရာဇာများကို ပြောကြားပြီးဖြစ်ကြောင်း၊ မတီးနိုင်တော့ဘူးဆိုသည့်သတင်းက ကျွန်တော်တို့ လောကသားများတွင် ပျံ့နှံ့သွားပြီမို့ ကျွန်တော်တို့မှာ အရှက်ကွဲရပါကြောင်း၊ စရန်ငွေပြန်ပေးလျော်မည်ကို လက်မခံနိုင်ပါကြောင်း၊ တီးပေးစေချင်သည့် ဆန္ဒတစ်ခုတည်းသာရှိပါကြောင်း၊ အကယ်၍ တီးမပေးနိုင်ဘူးဆိုပါက မထူးတော့သည့်အတူတူ သက်ဆိုင်ရာသို့ ပွဲ၎ားစာချုပ်တင်ပြပြီး တရားစွဲဆိုမည်ဖြစ်ကြောင်း ပြောသွားပါသည်။နှစ်ဖက် ညှိနှိုင်းမရပါ။ဆိုင်းဆရာဘက်ကလည်း မတီးချင်၍ မဟုတ်ပါ၊ အဖွဲ့ပျက်မည်စိုး၍ မတီးရခြင်းဖြစ်ကြောင်းနှင့် ၎ားသူများဘက်ကလည်း မတီးနိုင်ဘူးဆိုက တရားဥပဒေဖြင့် ရင်ဆိုင်မည်ဖြစ်ကြောင်း အခိုင်အမာပြောနေကြရာ၊ အသင်းလူကြီးများ ခေါင်းခြောက်ကာ ကြိုးစား၍ နည်းလမ်းများ ရှာဖွေနေကြ ပါသည်။နောက် ပွဲ၎ားသူများက

စိန်ဘမောင်တီးမယ်ဆိုတာ အကုန်သိကြပါပြီ။ သို့သော် မတီးနိုင်ရင် ဆိုင်းအဖွဲ့ အစားထိုးပေးပါ။ အလှူမှာ ဆိုင်းပါဖို့က အဓိကပါဟု ပြောပါသည်။သို့သော် အပြောသာလွယ်သည်။သုသာန်ထဲက သင်္ချိုင်းထဲမှာ ဘယ်သူ့ဆိုင်း သွားတီးခိုင်းလို့ရနိုင်မလဲ။အချိန်ကကြာလာသည် ညီမရ၊ စေ့စပ်မရ။

"ကျွန်တော့်ဆိုင်း တီးမယ်"

ကုလားထိုင်မှထ၍ ကျွန်တော်က ပြောလိုက်ခြင်းဖြစ်ပါသည်။ အသင်းလူကြီးများရော အားလုံးပါးစပ်အဟောင်းသားဖြင့် အံ့အားသင့်ကုန်ကြပါသည်။

"ကျွန်တော် တီးမယ်ဆိုတာ ငွေလိုချင်လို့လည်း မဟုတ်ဘူး။လူစွမ်းကောင်းလုပ်ဖို့လည်း မဟုတ်ပါဘူး။အားလုံး အခက်အခဲတွေကို ပြေလည်စေဖို့ တီးတာပါ။ ကိုဘမောင်ကလည်း စရန် တစ်ဆ မလျော်ပါနဲ့။ပွဲငှားသူများကလည်း အလျော်မယူပါနဲ့၊ ခင်ဗျားတို့အလှူမှာ စိန်ဗေဒါကြီး ဆိုင်း ဗိမာန်ဆိုင်းဝိုင်းကြီးနဲ့ စိန်တင်ဟန် လာတီးမယ်လို့ ကြေညာလိုက်ပါခင်ဗျား"

အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်တို့၏ မျက်နှာများက ရွှင်လန်းသွားပါသည်။ စိန်ဘမောင်က ထိုင်ရာမှထကာ-

"ညီလေးရာ မင်းကျေးဇူး အစ်ကိုဘယ်တော့မှ မမေ့ပါဘူးကွာ"ဟု ပခုံးကိုပုတ်ရင်း ပြောပါသည်။ပွဲငှားသူနှင့် ပါလာသူ အလှူ့ဒါယိကာ အလှူ့အမများကို ကျွန်တော်လှမ်းကြည့်ရာ နှစ်ယောက်လုံး ပြုံးရင်းက မျက်ရည်များ ကျလာသည်ကို လှမ်းမြင်လိုက်ရပါသည်။

သဘင်အသင်းကြီးတွင် ကျွန်တော်ကိုယ်တိုင်က အသင်းအလုပ်အမှုဆောင် ဖြစ်နေသောကြောင့် ပြဿနာကို ပြေလည်စေချင်၍ ပြောလိုက်ခြင်းဖြစ်ပြီး ထိုနေ့ အသင်းရုံးကအပြန် စိတ်ထဲတွင် တစ်မျိုးကြီး ခံစားနေရပါသည်။အမေ့ကို ဖွင့်ပြောလိုက်မှ အမေက မတီးရဘူးဆိုရင် ဘယ်နှယ့်လုပ်မလဲ စသည်ဖြင့် တွေးတောလာပါသည်။အိမ်ရောက်၍ အမေ့ကို အကျိုးအကြောင်း ကျွန်တော်က ပြောပြပြီး သုဘရာဇာများ၏အလှူကို လက်ခံလာခဲ့ကြောင်း တီးရမည့်နေရာက သင်္ချိုင်းတော် အနောက်လမ်းတည့်တည့်။အင်းပဲ ပုဏ္ဏားကန်အလွန် ကုလားသင်္ချိုင်းနားဟုပြောကြောင်း၊ နေရာကိုပါ တစ်ခါတည်းပြောလိုက်ပါသည်။ထိုအခါ အမေက-

"အေး. . ငါ့သားရယ် အလှူတီးတာပဲ မင်္ဂလာရှိတာပေါ့ကွဲ့။ဘုရားသာသနာတော်ထဲမှာ အမျိုး ၄ မျိုးဆိုတာ မရှိဘူး။သုဘရာဇာ ဒွန်းစဏ္ဍား၊ စန္ဒာလ၊ သူဆင်းရဲ၊ သူဌေး၊ သူကြွယ်၊ ပဒေသရာဇ်၊ ဧကရာဇ်၊ မဟာသမတ မင်းဆိုတာ မရှိဘူး။ဘုရားရဲ့ သာသနာတော်ထဲ ရောက်သွားတာနဲ့ အတူတူပဲ။ငါ့သား မတူတာက ရဟန်းကိစ္စပြီးတာနဲ့ မပြီးတာပဲ ကွာတာ။ ရဟန်းကိစ္စပြီးတယ်ဆိုတာက အာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားတာ။ရဟန်းကိစ္စမပြီးဘူးဆိုတာက ပုထုဇဉ် ရဟန်းဘဝမှာပဲ ရှိသေးတာ။ အခု ငါ့သားတီးမယ့် အလှူ့ဒယကာက သူကိုယ်တိုင်လည်း ရဟန်းခံမယ်ဆိုတော့ သူကများ ရဟန်းကိစ္စပြီးတဲ့ ရဟန္တာပုဂ္ဂိုလ်ကြီး ဖြစ်သွားရင် ငါ့သားတို့ အမေတို့ တခြားလူတွေက သူကတော့ သုဘရာဇာကဝတ်တဲ့ရဟန်းကြီးလို့ မထေမဲ့မြင် ပြစ်မှားရင်း အလွန်ကြီးလေးတဲ့အပြစ်ဒဏ် ခံရမှာပေါ့။ငါ့သား ခု မင်းလက်ခံလာတဲ့ပွဲက သာသနာအမွေခံပွဲပဲ မင်း ဘာမှစိုးရိမ်မနေနဲ့"ဟုပြောရာ ကျွန်တော့်တွင် အမေပြောသည်များကို ကြက်သီးမွေးညှင်းများထ၍ နားထောင်ပီတိဖြစ်ရင်း ဝမ်းမြောက်ကာ စိတ်လက်ပေါ့ပါးသွားပါသည်။

မန္တလေးထုံးစံအရ အလှူက ကြိုတင်ငှားတာ များပါသည်။ကျွန်တော်က ဆိုင်းအဖွဲ့သားများအား မပြောခဲ့ပါ။ထိုအလှူပွဲမှာ ဆိုင်းပွဲများသော တပို့တွဲလတွင်ဖြစ်၍ မန္တလေးမြို့

အရှေ့တောင်ဘက် မိုင်လေးဆယ်ရွာအလျှမှ ပွဲကူးသွားရခြင်း ဖြစ်ပါသည်။ကျွန်တော့်ဆိုင်းက မိုင်လေးဆယ်ရွာကတီးပြီး မန္တလေးမြို့တွင်းဝင်လာရာ ၂၉ လမ်း၊ ၈၁ လမ်း ဒီဘက်နား အရောက်တွင် ကားကို ခေတ္တရပ်ခိုင်းပြီး ကျွန်တော်က ကားခေါင်းထဲမှထွက်ကာ ကားရှေ့ပိုင်း အပေါ်သို့ တက်လိုက်ပြီး ဆိုင်းအဖွဲ့သားများကို ကြည့်လိုက်ပါသည်။နောက်ကလိုက်လာ သူများလည်း အရှိန်ပျက်သွား၍ ဘာလဲဟု ကြောင်တိကြောင်တောင် ကြည့်နေကြပါသည်။

"ဒီမယ် ကျွန်တော်ပြောမယ် အားလုံးနားထောင်ပါ"ကျွန်တော့်လေသံက နည်းနည်းမာ နေသောကြောင့် သူတို့က အံ့အားသင့်ဟန်ဖြင့် ကြည့်နေကြပါသည်။

"အခု ကျွန်တော်သွားပြီးတီးမယ့်အလှူက သူတောင်းစားတွေ၊ သုဘရာဇာတွေအလှူပဲ မတီးနိုင်ရင် မလိုက်ချင်ရင် ဒီကပဲ ဆင်းနေရစ်ပါ"

အားလုံးက ငြိမ်သက်နေပါသည်။ကျွန်တော်၏ စွတ်တရွတ်လုပ်တတ်သော အကျင့်ကို လည်း သူတို့က နားလည်ထားကြပါသည်။၁၀ မိနစ်လောက်ထိ ငြိမ်နေပါသည်။အချို့က ဖြစ်ချင်ရာဖြစ် သွားချင်တဲ့ဆီ သွားတီးဟူသောမျက်နှာမျိုး၊ အချို့က အံ့သြ သဘောမကျဟန်မျိုး၊ အချို့က သရော်ပြုံးလေးများ၊ အချို့က ပွဲပန်းနေ၍ အိပ်ချင်နေ၍ ဘာမှစိတ်မဝင်စားတာမျိုး အတန်ကြာမှ စည်းတီး ဘိုးချက် (ဦးချက်) က-

"ဒီမှာ ဆိုင်းဆရာ ခင်ဗျားက ကျုပ်သားလောက် ရှိသေးတာပဲ။ဒါပေမဲ့ ခင်ဗျားက ဆရာလေ၊ ခင်ဗျားသွားရင် ကျုပ်တို့ ဘာလို့မလိုက်နိုင်ရမှာလဲ"

ကျွန်တော်က ပြန်ဆင်း၊ ကားရှေ့ခန်းတွင် ဝင်ထိုင်လိုက်ပြီး ကားကို ဟိုဘက်မောင်းခိုင်း ခဲ့ပါသည်။ပွဲကူးရသောကြောင့် အလှူကို စောစောမရောက်နိုင်ပါ။ထို့ကြောင့် ကျွန်တော်က သင်္ချိုင်းတော်ဘက်အဆင်း ခြင်္သေ့ကြီးနှစ်ကောင်လွှန်ကတည်းက ဆိုင်းလာနေပြီဟုသိအောင် ပတ်မကြီး အဖိုဘက်ကို ဗိန်းဘေး ဗိန်းဘေးဟု မပြတ်တီးခိုင်းခဲ့ပါသည်။ဆိုင်းသံ ဗုံသံကြား၍ သူတို့က ထွက်ကြည့်လိုက် ပြန်ဝင်လိုက်ဖြင့် ဟုတ်မှဟုတ်ပါ့မလားဟု စိတ်တထင့်ထင့်ဖြင့် ကြိုဆို နေကြရင်းက ကားခေါင်းရှေ့ခန်းထဲက ခေါင်းတစ်ချက်ထွက်၍ ကြည့်လိုက်သော ကျွန်တော့် ကိုမြင် မှ "ဟုတ်တယ် ဟုတ်တယ်"ဟု အော်ရင်း ငိုသူငို ရယ်သူရယ်ဖြင့် ကြိုဆိုနေသည့်ကြားမှ သုသာန်တွင်းသို့ ကျွန်တော့်ဆိုင်းကား ဝင်လိုက်ရပါသည်။

မဏ္ဍပ်ကို သုသာန်အလယ်တွင် ဆောက်ထားပြီး ၆ ခန်း ၇ ခန်း ဖြစ်ပါသည်။ဆိုင်းကား ရပ်လိုက်သော မဏ္ဍပ်ဘေးဝယ် လူသေထည့်သော ခေါင်းအကျိုး အဆွေးအပျက် မို့မောက်နေသေး သော မြေပုံများ လတ်လတ်ဆတ်ဆတ် ဆတ်တွန့်စက္ကူစုတ်များ၊ လူရိုးများ၊ ဦးခေါင်းခွံ၊ ကလေးပုခက်အစုတ်နှင့် အထူးသဖြင့် ညှီစို့စို့ အနံ့ဆိုးကြီးက ဆီးကြိုနှုတ်ဆက်နေပါသည်။မူလက သုဘရာဇာလည်း လူပဲ၊ ငါလည်း လူပဲ၊ လူသေတွေကလည်း လူပဲဟု သတ်မှတ်ထားသော အတွေး များ ကြက်ပျောက် ငှက်ပျောက် လွင့်ကုန်ကြပါသည်။ပို၍ဆိုးသည်မှာ မဏ္ဍပ်ဆောက်ရန် နေရာကို မြေညီအောင် ညှိလိုက်ရသဖြင့် မူလက အဆွေးအဟောင်းများက ဘေးပတ်လည်တွင်ပုံပြီး ဆွပေးထားသလို အနံ့ရော မြင်ကွင်းရော ထောင်းထောင်းထပြီး မျက်စိထဲဝယ် မသတီစရာ ကြက်သီးထစရာများ။"ဆိုင်းဆရာ ရောက်ပြီလေ" ကားဆရာကပြောမှ သတိပြန်ဝင်ကာ "ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့"

"ဝေါ့"ကားပေါ်မှ တစ်ယောက် အန်ချလိုက်ခြင်းဖြစ်ပါသည်။"ဟေ့ခေါင်းခွံကြီးဟာ ဒို့ကို ကြည့်နေသလိုပဲဟ" နောက်ထိုင် ကိုပွကြီးအသံ။ "အံမယ် သေရင် ကျုပ်တို့ အားလုံး ဒီနေရာ

ရောက်မှာပဲ” ကိုမန်းစိန်အသံ။ထိုစဉ် ဆိုင်းသေတ္တာများ ကူညီချရန် ရောက်လာကြသဖြင့် အားလုံး ကားပေါ်ကဆင်းပြီး ပစ္စည်းများ ချကြရပါတော့သည်။

မဏ္ဍပ်၏အဝင် ထိပ်တည့်တည့် ရှင်လောင်းစင်တောင်ဘက် သံဃာစင်၊ ဆိုင်းထားရန် လက်ယာဘက်အဝင်ထောင့်တွင် ထုံးစံအတိုင်း လိပ်ပြာတောင် ဆင်လိုက်ပါသည်။အလှူ့တကာ ဦးဘဌေးက ဝမ်းပန်းတသာဖြင့် နှုတ်ဆက်ပါသည်။ ဆိုင်းပစ္စည်းဆင်နေစဉ် ဘေးပတ်ပတ်လည်မှ ဝိုင်းအုံကြည့်နေကြပါသည်။သူတို့ အားနာစိတ်ကြောင့်လား၊ သနားမေတ္တာစိတ်ကြောင့်လား ပစ္စည်း ဆင်တာ နာရီဝက်လောက်ကြာမှ ပြီးလို့လားတော့မသိ ရောက်ခါစက အနံ့ဆိုးကြီးများ တဖြည်း ဖြည်း နှာခေါင်းယဉ်သွားပြီး မနံတော့ပါ။အာရုံမစိုက်တော့ခြင်းလည်း ဖြစ်ပါသည်။ သံဃာစင် အလယ်မှာ ဘုရားစင်ကို အထူးမွမ်းမံပြင်ဆင်ထားပါသည်။ကြီးမားလှသော မှန်စီရွှေချ အုပ်ကြီး အပြည့် ဘုရားကန်တော့ပွဲကြီးတွင် ငှက်ပျောညွန့်ပန်းထောင်က မဏ္ဍပ်ခေါင်ထိရောက်နေသည်ကို တွေ့ရပြီး သစ်သီးမျိုးစုံ၊ မုန့်မျိုးစုံ ဆွမ်းတော်ပွဲများ၊ မီးပဒေသာရောင်စုံမီးသီးတွဲများ နောက်ခံ မဏ္ဍပ်ပန်းချီကားကြီးကလည်း ဘုရားရှင် ပဥ္စဝဂ္ဂီငါးဦးအား တရားဟောနေဟန်၊ ခပ်ဝေးဝေး မှုန်ပျပျတောင်တန်း သစ်တော စိမ်းစိမ်း သမင်ငယ်လေးများ ချမ်းမြေ့စွာတည်ရှိနေဟန်။

မြတ်စွာဘုရား၏ သာသနာတော်ကြီးအား ချီးမြှောက်နေကြသော သာသနာ့ ဒါယကာ၊ သာသနာ့ဒါယိကာမများပါလားဟု ကြည်ညိုလေးစားသောစိတ်များ၊ အသိတရားများ ဝင်ရောက် လာ၍ စောစောက စွဲရှာညစ်ညူးနေသော မကောင်းစိတ်များ ပျောက်သွားပြီး သန့်ရှင်း ကြည်လင်သွားပါသည်။

“ကဲ. . ဆိုင်းဆရာတို့ ထမင်းသုံးဆောင်ရန် ကြွပါခင်ဗျား”

ထမင်းစားလာခေါ်၍ လက်ကနာရီကို ကြည့်လိုက်ရာ ည ၆ နာရီခွဲပြီး သွားပါပြီ။

“ဘကြီးအေး ပတ်မတုတ်လိုက်ပါဦး” ကျွန်တော်က ပတ်မတီး ဘကြီးအေးအား လှမ်းပြောလိုက်ပါသည်။ဆိုင်းထုံးစံ ထမင်းစား လာခေါ်လျှင် ပတ်မကြီး အဖိုဘက်ကို “လေးလေး မှန်မှန်” “ဗိန်းပေး”ဟု သုံးကြိမ်တီးပြီး လူခေါ်ရပါသည်။ တပိုတပါးသွားနေသူ အပြင်ဟိုနား ဒီနား ခေတ္တသွားနေသူရှိက ဤပတ်မသံကြားက ထမင်းစားခေါ်မှန်းသိ၍ လာကြပါသည်။ ထမင်းစားခေါ်ရာသို့ ကျွန်တော်ကလွဲပြီး တစ်ယောက်မှ မလိုက်ပါ။

“ဆိုင်းဆရာ ဒီအလှူ တီးလာဆိုလို့ အားလုံးတီးကြမှာပဲ။စားတာ သောက်တာထိတော့ ဇွတ်အတင်း မစားခိုင်းပါနဲ့။သူတို့ မစားချင်ကြတာ အနိုင်ကျင့်ပြီး ခိုင်းသလိုဖြစ်ပါမယ်။ မကောင်းပါဘူး မစားခိုင်းပါနဲ့” အားလုံးက သဘောတူညီပြီးဖြစ်၍ ကျွန်တော်က ဘာမှမတတ် နိုင်ပါ။ကျွန်တော်က တစ်ယောက်တည်းရှိနေသည်ကို အကျွေးအမွေးတာဝန်ခံများက ကြားဝင်၍ ပြောပါသည်။

“ဆရာတို့အားလုံးကို စားစေချင်ပါတယ်ခင်ဗျား။ဆရာတို့စားမည့် ထမင်းဟင်းများကို ကျွန်တော်တို့ မချက်ပါဘူး။မင်းတဲအီကင်းရပ်ကို တာဝန်ပေးငှားပြီး သူတို့ဆီက အိုးခွက်၊ ပန်းကန် များနဲ့ကျွေးမှာ ဖြစ်ပါတယ်။အဲ. . ကျွေးတာကတော့ အလှူဒါယကာဆီမှာမို့ ဒီမှာပဲ ယူကျွေးရခြင်းပါ ခင်ဗျား” ဘယ်လိုပြောပြော မရပါ။ နောက်ဆုံး ကျွန်တော်တစ်ယောက်တည်း ထမင်းစားလိုက်ခဲ့ပါသည်။အလှူအိမ်က မဏ္ဍပ်နဲ့ သိပ်မဝေးပါ။နှစ်ထပ်အိမ် ခပ်နိမ့်နိမ့် အပေါ်ထပ်တွင် ထမင်းပွဲကြီးက အငွေ့တထောင်းထောင်း ဟင်းတွေကစုံစုံ။အလှူ့အစ်မက ထမင်းပွဲနားထိုင်၍ ငိုနေ ပါသည်။ဆိုင်းအဖွဲ့သားများက ထမင်းမစားကြဘူးဆို၍ ဝမ်းနည်း၍ ငိုနေခြင်းပါ။ ကျွန်တော်က ထမင်းပွဲထိုင်လိုက်ရင်းက-

"ဒီမှာ အလှူ့အစ်မကြီး ဘာမှငိုမနေနဲ့ သူတို့နဲ့ မထိုက်လို့သာ အောက်မေ့လိုက်တော့ ဒီဆိုင်းမှာ ကျွန်တော်က ဆိုင်းဆရာပဲ။ဒီအဖွဲ့မှာ ကျွန်တော်က ဗိုလ်ပဲ။ အမြင့်ဆုံးပဲ၊ ကျွန်တော် တစ်ယောက်တည်း ဝမ်းမြောက်ဝမ်းသာ စားမယ်။ညကျွေးမှာ ဒီလိုဂရုစိုက်ကျွေးတာ အလှူ တစ်ရာ အလှူတစ်လှူ မရှိဘူး။ဘာမှ အားမငယ်နဲ့"

တရုတ်နံ့နံ့ ဓားပြားရိုက်ခပ်ထားသော ဟင်းချိုကို ကျွန်တော်ဘယ်တော့မှ မေ့မည် မဟုတ်ပါ။ဟင်းမျိုးစုံကလည်း ကောင်းလှပါသည်။ကြက်သား၊ ဝက်သား၊ ငါးဖယ်ဆုပ်၊ ပဲကြီးဆီပြန်၊ ငါးပိထောင်း ငရုတ်သီးစိမ်း ကျွန်တော် အားရပါးရစားတာကြည့်ပြီး အလှူ့အစ်မက သဘောကျ ဟန် ရှိသွားပါသည်။

"တကယ်စားတယ်နော် ဟင်းတွေထည့်ပါဆရာ"

"အဲ. . ထမင်းစားတော့ကြီးတယ်။အလှူ့အစ်မ ဟင်းစားတော့ မကြီးဘူးဗျ"

အလှူ့အစ်မ ပြုံးလာပါသည်။

"ဟင်းစားနည်းတာကတော့ ငယ်ငယ်ကတည်းက အကျင့်ပါလာလို့ပါ"

"အားရပါးရစားပါဆရာ ကျွန်မ ဝမ်းသာလွန်းလို့ပါ"

ကျွန်တော် ထမင်းစားပြီး ဆိုင်းနောက်ရောက်တော့ လက်ဖက်ရည်ပွဲများ ပို့လာသည်။ လက်ဖက်ရည်ပွဲတွင် ထိုးမုန့်၊ ဆနွင်းမကင်း၊ မာစကပ်၊ လက်ဖက် စုံပါသည်။နဂါးဆေးလိပ်၊ ကြောင် ၂ ကောင် စီးကရက်၊ ငါးသုံးလုံး စီးကရက်သံဘူး ၁ ဘူး ပါသည်။ကျွန်တော့် ဆိုင်းအဖွဲ့သားများ ပြန်ရောက်လာသောအခါ အနီးအနားပတ်ဝန်းကျင်တွင် ထမင်းဆိုင်မရှိ၍ သရေစာမုန့်အဝစားခဲ့ကြသည်ဟု ပြောပါသည်။ထို့အပြင် နို့ဆီဘူးခွံလေးများဖြင့် လက်ဖက်ရည် အချို့ ထပ်ဝယ်ခဲ့ပြီး ပေါင်မုန့်နဲ့ စားကြသည်ကို တွေ့ရပါသည်။

ကျွန်တော် ဆိုင်းမတီးခင် သူတောင်းစားမလေး ၄၊ ၅ယောက်လာ နှုတ်ဆက်ကြပါသည်။ အလှူရှိလျှင် ကျွန်တော်က ဆိုင်းတီးရပြီး သူတို့က အတောင်းအရမ်းလာကြ၍ အလှူများတွင် မကြာခဏဆုံရ၍ မျက်နှာတန်း မှတ်မိနေကြပါသည်။အလှူတွင် သူတို့လာသောအခါ ခေါင်းတွင် လုံချည်စုတ်ကလေးများဆောင်း၍ မျက်နှာတစ်ခြမ်း ကွယ်ကွယ်ထားသဖြင့် သူတို့ရဲ့အလှကို သေသေချာချာ မမြင်ရပါ။ ယခုတော့ လက်က ခွက်လည်းမပါ။မျက်နှာ တစ်ခုလုံးကလည်းမြင်ရ။ သပ်သပ်ရပ်ရပ် ဝတ်စားထားကြပြန်သဖြင့် အံ့ဩစိတ်ဝင်စားဖွယ် လှပနေကြပါသည်။"ဆရာ ညဆိုင်းဝိုင်းထဲမှာ ချွေးသုတ်ဖို့"ဟူ၍ပြောပြီး မျက်နှာသုပ်ပဝါအသေးလေး ၂ ထည်၊ လက်ကိုင်ပဝါ ၂ ထည် ပေးကြပါသည်။

"ဒါကတော့ အနံ့အသက်ကောင်းအောင် ရေမွှေးပါ"

သူတို့ပတ်ဝန်းကျင်က အနံ့ဆိုးများကို ရိပ်မိကြဟန်တူပါသည်။ထို့ကြောင့် ရေမွှေးပေး တာ ဖြစ်ပါသည်။ခုတော့ ကျွန်တော်တို့ နှာခေါင်းက အနံ့ယဉ်သွားပါပြီ။ မီးအလှထွန်းထားသော မဏ္ဍပ်ကြီးအတွင်းဝယ် အဘစိန်ဗေဒါ၏ ဆိုင်းဝိုင်းကြီးနှင့် ပစ္စည်းများက တင့်တယ်လှပါသည်။ ညနေခင်းက မြင်ခဲ့ရသော အနိဋ္ဌာရုံများကလည်း အမှောင်ဘက်တွင် ကျရောက်နေ၍ မမြင်ရ တော့ပါ။ဆိုင်းစ တီးပါပြီ။

ဆိုင်းတီးလုံးတစ်ပုဒ်ဆုံးကာရှိသေး ဆုချငွေက လာပါသည်။

ဆိုင်းနောက်ထိုင်များကလည်း ခက်သည်။ထမင်းမစား၊ ဟင်းမစား ရွံတာပဲ ရှိသည်။ ပိုက်ဆံတော့ အလိုချင်ကြသား။သူတို့ပြောတာ ကြည့်ပါ။

"မန်းစိန်ရေ"

"ပွကြီးရေ"

"အဲ. . ဆုတော်ငွေများ လာတယ်ကိုးကွ"

"ပွဲဦးမင်္ဂလာပါခင်ဗျား"

"အေး. . ဒါက ရေလာကောင်းအောင် မြောင်းသွယ်ပေးတာ။နောက်ထပ် အလှူ့ဒါယကာ၊ အလှူ့အစ်မ ဆွေတွေ မျိုးတွေက လာကြဦးမှာ လာကြဦးမှာ"

"ထူးကဲတဲ့ စေတနာတွေပါ ခင်ဗျား"

ကျွန်တော်တစ်ပုဒ် သို့မဟုတ် နှစ်ပုဒ်လောက်တီးပြီးတိုင်း ဆုငွေများ လာသည်။ ဆိုင်းအဖွဲ့သားတွေ မျက်နှာတွေ ပြုံးရွှင်နေသည်။ကျွန်တော်က အားနာသည်။ ဆုချငွေက ငှားတဲ့ပွဲ ၃ ပွဲစာမက ရနေပြီ။သူ့ပရိသတ်နှင့်သူ စည်ကား၍ မဏ္ဍပ်မဆံ့။မဏ္ဍပ်အပြင်ဘက်တွင် အချို့ထိုင်၍ ဆိုင်းနားထောင်နေကြသည်။တီးလုံးတစ်ပုဒ်အပြီး ကျွန်တော်က "အားလုံး နားထောင်တော်မူကြပါခင်ဗျား" ကျွန်တော် စကားစလိုက်၍ ငြိမ်သွားသည်။"အခုချိန်ကစပြီး ကျွန်တော်တို့ဆိုင်းကို ဆုမချပါနဲ့တော့ ဆုချရင် ကျွန်တော် ဆက်မတီးတော့ဘူး"

"ဟာ" ပရိသတ်ကြီး အံ့သြသွားသည်။

"ကျွန်တော် ငွေလိုချင်လို့ ဒီအလှူလာတီးတာ မဟုတ်ပါဘူး။စေတနာ၊ မေတ္တာ သက်သက်နဲ့ လာတီးတာပါ။အလှူ့ဒါယကာ၊ အလှူ့အစ်မကပဲ ဆိုင်းထုံးစံ ငှားရမ်းချီးမြှင့်ငွေ ရှိပြီးသား။ဒီတော့ ကျွန်တော် တီးလုံးလေးများ ဆက်ဆက် ကောင်းကောင်းတီးနေပါရစေ"

ဆိုင်းသိမ်းတော့ ည ၁၂ နာရီ။ဒါတောင် မသိမ်းခင် ဆုငွေများ စုပေါင်းပြီး တစ်ကြိမ်တည်း ပေးလိုက်ကြသေးသည်။ဆိုင်းတီးပြီး သူတို့ခေါ်ရာ လိုက်သွားရသည်။ လဝင်သွားပြီ။ မဏ္ဍပ်မီးရောင်ကြောင့် အနည်းအကျဉ်းမြင်ရသည်။သုသာန်ဂူတွေကြားထဲတွင် ဘုန်းကြီးအိုကြီး တစ်ပါး ထိုင်နေသည်။ကျွန်တော့်ကို ခေါ်လာသူများက ထိုင်လိုက်ကြပြီး ကန်တော့ကြသဖြင့် ကျွန်တော်ကလည်း ကန်တော့လိုက်သည်။ ဘုန်းကြီးအိုကြီးက သူ့နားတွင် ရှိတတ်သော ရေအိုးမှ ရေများကို ခွက်တစ်ခုဖြင့် ကျွန်တော့်အား လှမ်းပေးလိုက်ပြီး-

"သောက်လိုက်ဦး အမောပြေ အန္တရာယ်ကင်းပေါ့ကွယ်"ဟု ပြောလိုက်ပါသည်။ ကျွန်တော်က လှမ်းပေးသောခွက်ကို ကြည့်လိုက်ရာ ကလေးငယ်၏ ဦးခေါင်းခွံ ဖြစ်နေပါသည်။

ကျွန်တော်က လေးလေးစားစား ယုံယုံကြည်ကြည်ဖြင့် သောက်လိုက်မိရာ ခေါင်းထဲ အေးသွားပြီး ခေါင်းခွံခွက်ကလည်း လုံးဝညှီစော်မနံပါ။ကျွန်တော် ရေမဝသေးပါ။နောက်ထပ် တစ်ခွက်လောက် သောက်ချင်ပါသေးသည်။

"အေး. . မင်း မဝသေးဘူး ပေးပေးခွက်ပေး အဲအဲ ရော့ရော့ နောက်ထပ် တစ်ခွက် ထပ်သောက်လိုက်ဦး"

"အလို ဘုရားဘုရား ကျွန်တော့်စိတ်ကို သိနေပါလား"

နောက်ထပ်တစ်ခွက်သောက်လိုက်ရာ တစ်ကိုယ်လုံး သိမ့်သိမ့်တုံ အေးမြသွားပြီး အလင်းရောင်ဉာဏ်များ ပွင့်သွားသလို အကြောတွေ ရှိရှိသမျှ အညစ်အကြေးတွေ လိုက်တားမြစ်နေသလို ခံစားရပါသည်။

"ရတနာသုံးပါးကို အမြဲ အာရုံပြုကန်တော့ပါ"

"တင်ပါ့ဘုရား"

"၇၂ ကောဌာသကို မပြတ်မပြတ် ဆင်ခြင်ပေးပါ"

"မှန်ပါ့ဘုရား"

ဘုန်းကြီးအိုကြီးအား ကန်တော့ပြီးပြန်လာကြရာ ထိုဆရာတော်ကြီးမှာ ဗမာပြည်တစ်ပြည်လုံးရှိ သုသာန်များတွင်သာ လှည့်လည်စုတင်ဆောက်တည်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ အလှူရက်နှင့် ကြုံကြိုက်၍ ဖူးတွေ့ရခြင်းဖြစ်သော ပုဂ္ဂိုလ်ထူးကြီး ဖြစ်ကြောင်းများ ပြောလာသည်။နောက်တစ်နေ့ နံနက်ခင်း အလှူတွင်းဝယ် ပရိသတ်တွေ စည်ကားနေပါသည်။မန္တလေးမြို့၏ မြို့တော်ဝန် မင်းဘူး ဦးမောင်မောင် အလှူလာသည်ကို တွေ့မြင်ရပါသည်။နံနက်ခင်း ဆိုင်းဝိုင်းထဲ ကျွန်တော် ဧည့်ခံမတီးခင် သူတို့ထဲက မိန်းမပျိုလေးတစ်ဦး ကျွန်တော့်ကို လာနှုတ်ဆက်ပါသည်။ သူ့ခေါင်းပေါ်တွင်လည်း စိန်ပန်းခိုင် ပန်ထားသည်ကို တွေ့မြင်ရပါသည်။ အရိုးက ရွှေ၊ အရွက် မြအပွင့်က စိန်များ စီခြယ်ထား၍ တဖျပ်ဖျပ် တတုံတုံ ရွှေသားရိုးညှာက စပရိန်ပါသလို ခေါင်းကလေးလှုပ်လိုက်တိုင်း တဝင်းဝင်း တလက်လက် ရှိနေပါသည်။

"မင်း ခေါင်းပေါ်က ပစ္စည်းက တယ်လှပါလားဟင်"

"ဟုတ်တယ်ဆရာ နန်းစဉ်ပစ္စည်းလို့ ပြောတာပဲ ကျွန်မလည်း အတိအကျ မသိပါဘူး"

"ဟော့ တန်ဖိုးလည်း သေးမှာမဟုတ်ဘူးနော်"

"ဟုတ်ကဲ့ဆရာ အဘတို့ပြောသံကြားတာတော့ ငါးသောင်းလောက် တန်တယ်လို့ ပြောတာပဲ" ရွှေ ၁ ကျပ်သား ၁၇၅ ကျပ်ဈေးနှင့် ငွေငါးသောင်း၏ရွှေချိန်ကို တွက်ကြည့်မိသည်။ အလို ရွှေ ၃ ပိဿာနီးနီး တန်ဖိုးကြီးတဲ့ ပစ္စည်းပါလား။

"ဆရာကတော့ အံ့သြပါတယ်။ထူးဆန်းတဲ့ ပစ္စည်းတွေလည်း တွေ့ရ။ လူတွေကလည်း ကျက်သရေရှိ၊ အနေအထိုင်တွေကလည်း ပြောင်းသွားတယ်။ မဏ္ဍပ်တစ်ခုလုံး မွှေးကြိုင်နေတာပဲ"

"ဟုတ်ကဲ့ဆရာ ဆရာသိတဲ့အတိုင်းပါပဲ။ကျွန်မတို့ အမြဲတမ်း ပေပေရေရေ ညစ်ညစ်ပတ်ပတ် ဝတ်စားနေရတော့ အလှူရက်အတွင်းမှာ ရေကို အထူးသန့်ရှင်းအောင် ချိုးရမယ်။ ရေမွှေးဆပ်ပြာလည်း သုံးကြရမယ်။အလှူရက်တွေမှာလည်း တစ်ယောက်ကို ရေမွှေးတစ်ပုလင်းစီ ကုန်အောင် ဆွတ်ဖျန်းထားကြရမယ်လို့ ဩဝါဒပေးထားပါတယ်ဆရာ"

ကျွန်တော်တီးချိန်ရောက်၍ ဆိုင်းဝိုင်းထဲဝင်ရန် မင်းပေါက်နားထိုင်လိုက်ချိန် မဏ္ဍပ်ဘေးဝါးလုံးတိုင်ခြေရင်းတွင် ဆိုင်းနောက်ထ ကိုပွကြီးက ရွံလို့ဟုပြောပြီး ထွေးထားသော တံတွေးများက မြင်မကောင်းပါ။ကျွန်တော်က ဒေါသဖြစ်သွား၍ ဆိုင်းဝိုင်းထဲ မဝင်သေးဘဲ

"ကိုပွကြီး"

"ခင်ဗျာ"

"ခင်ဗျား မလုပ်နဲ့ ခင်ဗျားက ဘိန်းစား"

"ဘာ"

"မဘာနဲ့ ခင်ဗျားက ညစ်ပတ်ပတ်၊ ခင်ဗျားမှ ရွံ့စရာကောင်းတယ်။ပြီးခဲ့တဲ့ ၇ ပွဲလောက်ကတည်းက ခင်ဗျားဝတ်ထားတဲ့ စွပ်ကျယ်အင်္ကျီ ဂျီးတွေနဲ့ ဘိန်းခိုးတွေနဲ့ ရေမချိုး မိုးမချိုး ညစ်ပတ်နေတာ စိတ်ဓာတ်လည်း ပုပ်ညှီနေတာ။လှူတဲ့တန်းတဲ့ လူတွေကြည့်ပြီး ရွံနေတာ။သူတို့က သုဘရာဇာ၊ သူတောင်းစားမှန်ပေမယ့် လူကလည်း သန့်ရှင်း၊ စိတ်ထားကလည်း လှူတန်းကြည်နူးနေတာ။ခင်ဗျားနဲ့ သိပ်ကွာတာ။ရွံစရာကောင်းတာ ခင်ဗျား"

ကျွန်တော် ဒေါသဖြစ်မှန်းသိနေ၍ ဘာမှပြန်မပြောပါ။တကယ်တော့ ကိုပွကြီးက ဓားစာခံပါ။ကျွန်တော်က တစ်ဆိုင်းလုံးကို ဒေါသဖြစ်နေခြင်းပါ။

မန္တလေးအလှူက ဘိသိက်ပြီးပါက ပြီးပါသည်။ဆိုင်းက ပွဲကူးရှိ ဆက်သွားရုံပါ။ ဘိသိက်ပြီး၍ ကျွန်တော်ပြန်ခါနီးတွင် သူတို့ဆီရှိ လူကြီးများက လက်ဖက်ရည်သောက်ခေါ်ပြီး ကျေးဇူးတင်စကားပြောပါသည်။

"ကဲ. . ဆိုင်းဆရာ လက်ဖက်ရည်သောက်ပါဦး။ကိုဘဌေးကပြောလို့ ကျွန်တော်တို့ အားလုံးက ကြိုတင်ပြီး ကျေးဇူးတင်နေကြတာပါ။အလှူကို ဆိုင်းမပါဘဲ အရှက်တကွဲ ဖြစ်နေတဲ့ အခက်အခဲကို ဆရာ ဝင်ကူညီတာစာ ကျွန်တော်တို့ ဝမ်းမြောက်တာ ပြောစရာမရှိပါဘူး။ ပြီးတော့ ကျွန်တော်တို့က ဆရာကို ပြန်ကူညီပါရစေ"

"ဟာ. . ခင်ဗျားတို့က ဘာမှမကူညီနဲ့တော့ ညကလည်း ဆုချငွေတွေ စုစုပေါင်း ၁၀၀၀ နီးနီးလောက် ရှိမယ်ထင်တယ်"

"မဟုတ်သေးပါဘူးဆရာ။ကျွန်တော်တို့ ကူညီနိုင်တာလေးတွေ ဆရာ မှတ်ထားပါဦး"

"ဩော် ဟုတ်ကဲ့ မှတ်ထားပါ့မယ်"

"ကျွန်တော်တို့ဆီမှာ သူငယ်နာကုကောင်းတဲ့ပုဂ္ဂိုလ် ရှိပါတယ်"

"ဟုတ်ကဲ့"

"နောက် မတော်တဆ မမျှော်လင့်ဘဲ တိုင်းပြည်တို့ ဘာတို့ပျက်ရင် ဆရာ့မိသားစုနဲ့ ခေါ်ချင်တဲ့လူခေါ်ခဲ့ပါ။ကျွန်တော်တို့ဆီမှာ မြေအောက်ဂူကြီးတွေ ရှိပါတယ်။ကျန်းမာရေးနဲ့ ညီညွတ်ပြီး လေကောင်းလေသန့်ကတော့ ခု ကျွန်တော်တို့ ကုန်းပေါ်မှာထက် ရပါတယ်။ ဘယ်လောက်ကြာကြာ ကျွန်တော်တို့ ကျွေးမွေးစောင့်ရှောက် ထားပါမယ်။တစ်ရက်လောက် လာပါဦး။ဂူကြီးတွေထဲ ဆင်းကြည့်ရအောင်"

"ဟုတ်ကဲ့ခင်ဗျား"

"နောက် လူ့လောကဆိုတာ ငွေပဲ လမ်းသွားဦးဆောင်နေတာ။ ဒီတော့ ဆရာမှာ ငွေအခက်အခဲရှိရင် အချိန်မရွေး လိုသလောက်ပြောပါ။

"ဟုတ်ကဲ့ ဟုတ်ကဲ့"

"နောက် ဆရာ့ကို မည်သူကဖြစ်ဖြစ် အကျိုးယုတ် အရှက်တကွဲဖြစ်အောင် လုပ်ရင် ပြောပါဆရာ။ကျွန်တော်တို့ ကူညီနိုင်တဲ့နည်းလမ်းတွေ အများကြီးရှိပါတယ်"

ကျွန်တော့် ဆိုင်းကားထွက်လာတော့ မိန်းကလေးများက လက်ရမ်း၍ နှုတ်ဆက် ကျန်ရစ်ခဲ့သည်။ဆိုင်းအဖွဲ့ ဆာနေတာသိ၍ ရုံတော်ကြီး စားသောက်ဆိုင်တစ်ခုရှေ့ ကားရပ်ပေး လိုက်လေသည်။

"ကဲ. . ဆင်းကြ ဆင်းကြ ခင်ဗျားတို့ ရွှံ့ပေမယ့် သူတို့ပိုက်ဆံနဲ့ စားကြရမှာပဲ စားကြ စားကြ"

* * *

တရိပ်ရိပ်ပြေးနေသော ဆိုင်းကားရှေ့ခန်းဝယ် ကျွန်တော် ငိုက်ရင်း လိုက်ပါလာသည်။ ပွဲများ၍ ပွဲပန်းနေသောကြောင့် ယခုလို လေတဖြူးဖြူး တဝေါဝေါပြေးနေသော ကားပေါ်ဝယ် အိပ်ငိုက်၍လိုက်လာရခြင်းအရသာကား ကြီးမားလှပါဘိသည်။ညိမ့်ခနဲ ကားရပ်၍ ကြည့်လိုက်ရာ အုန်းတောရောက်နေမှန်း သိလိုက်ရသဖြင့် လက်ဖက်ရည်သောက်ရန် လေးတွဲ့စွာဖြင့်ပင် ဆင်းလိုက်ရသည်။

လက်ဖက်ရည်ဆိုင်ထဲဝယ် လူတော်တော်စည်ကားနေသည်။ကျွန်တော် စားပွဲလွတ် တစ်လုံးတွင် ဝင်ထိုင်လိုက်၍ ကျွန်တော်မသိသော လူ ၄ ဦးကလည်း ကျွန်တော့်စားပွဲတွင်

ဝင်ထိုင်လိုက်ပြီး လက်ဖက်ရည်များ မှာသောက်ကြပါသည်။ သူတို့ကတော့ ကျွန်တော် ဘယ်သူဆိုတာ သိနေကြပါသည်။

'ဆိုင်းဆရာ ဘယ်သွားတီးမှာတုန်း' သူတို့ထဲက တစ်ဦးက မေးမြန်းလိုက်ခြင်းပါ။

"ရွာမကိုပါ"

'ခင်ဗျားကတော့ ပွဲတွေ သိပ်စိပ်တာပဲဗျနော။'

"ဟုတ်ကဲ့ ရာသီကလည်း ပွဲရာသီမို့ ဒီလ တော်တော်လေး များပါတယ်ဗျာ"

'အေးဗျာ ဝမ်းသာပါတယ် ဝမ်းသာပါတယ်'

'ဒါထက် နေပါဦး ဆိုင်းတီးနေရင်း အိမ်ကောပြန်နိုင်ရဲ့လား'

"ဟာ ဘယ်ပြန်နိုင်မလဲဗျာ။တစ်ခါတစ်ခါ ပွဲကူးတောင် မနည်းမီအောင် ကူးရတာ"

'အင်း အင်း ဟုတ်တာပေါ့လေ။နို့ ဘိသိက်ကတော့ ဘယ်အချိန်ပြီးတတ်တုန်း'

"အခုလို နယ်ပွဲတွေဆိုရင်တော့ နေ့လယ် ၁ နာရီ၊ အများဆုံး ၂ နာရီပေါ့ ခင်ဗျာ"

'နို့ ဆိုင်းကားက အလှူကပေးတာလား ဆိုင်းဆရာက ငှားခဲ့တာလား'

"ငှားတာကတော့ ကျွန်တော်ငှားခဲ့တာပါ။ငွေကတော့ သူတို့က အကုန်အကျခံရတာပါပဲ"

'အေးဗျာ ကျွန်တော်တို့ကလည်း အဆက်အသွယ်လေး ဘာလေးရှိတော့ နောက်ငှားရင် လွယ်အောင်လို့ စုံစမ်းထားရတာပေါ့ဗျာ'

"ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့"

တကယ်တော့ သူတို့အဖွဲ့က ဓားပြတွေ ဖြစ်၏။ခက်တာက သူခိုး ချိုးပါတာမှတ်လို့ ဆိုသကဲ့သို့ ဓားပြဆိုသည်မှာလည်း သူလိုကိုယ်လိုလူဖြစ်ခြင်းကြောင့် ဓားပြမှန်း မသိ။ကျွန်တော့်ကို ဓားပြတိုက်ချင်၍ အုန်းတော လက်ဖက်ရည်ဆိုင်ထဲကစောင့်ပြီး သူတို့က မေးမြန်းနေခြင်း ဖြစ်သည်။ထိုအချိန်က စစ်ကိုင်းနဲ့ အုန်းတောကြားသို့ မကြာမကြာ ဓားပြတိုက်နေသောအချိန် ဖြစ်သည်။ကျွန်တော့်ဆိုင်းက စစ်ကိုင်းအနောက်တစ်ခွင် လွှန်းထိုး လွှန်းပြန်တီးနေတာ သူတို့က မျက်စိကျနေပြီ ဖြစ်သည်။ ဒါကြောင့် ကျွန်တော့်ကို မေးမြန်းရာတွင် ဘယ်သွားတီးမှာတုန်းက အစချီပြီး အိမ်ပြန်နိုင်ရဲ့လားဆိုသည့် မေးခွန်းက အိမ်ပြန်ရင် ငွေများထားခဲ့နိုင်သည်။မပြန်ရင် မထားနိုင်။ဘိသိက် ဘယ်အချိန်ပြီးမလဲဆိုသည်က သူတို့က ကျွန်တော်တို့ အပြန်လမ်းမှာ စောင့်မည့်အချိန်အတွက် မေးခြင်းဖြစ်ပြီး ဆိုင်းကားက အလှူ့ဒါယကာက ပေးတာလား ဆိုသည်မှာ အလှူကပေးရင် အချိန်မှန်ချင်မှ မှန်မည်။ဆိုင်းက ကိုယ့်ကားနဲ့ ကိုယ်လာရာ အခြားစောင့်စရာမလို ဘိသိက်ပြီးသောအချိန် ပြန်လာမည်။ ဒီအချက်တွေကိုသိချင်၍ မေးခြင်းဖြစ်သည်။ကျွန်တော်ကတော့ ကျွန်တော့်တိုက်မည့် ဓားပြဟု မသိပါ။ရိုးရိုးသားသားပင် ဖြေခဲ့သည်။

ကျွန်တော်တီးမည့် ရွာမရောက်တော့ ပွဲငှားသူ ဦးဘညွန့်က အထူးဂရုစိုက်သည်။ တောအလှူများထုံးစံအတိုင်း အကျွေးအမွေးက အလျှံပယ်။ ညဆိုင်းတီးတော့လည်း ပရိသတ်က ငြိမ်ငြိမ်သက်သက် နားထောင်ကြသည်။ပွဲပန်းနေသော်လည်း တစ်ပွဲတစ်ပွဲကြိုက်အောင် တီးရသည်။ကိုယ့်ကြိုက်လို့ ငှားတာဆိုပြီး ဟန်ကြီးပန်ကြီး မလုပ်ရဲ၊ ဆိုင်းတီးလို့ ဆိုင်းကိုကြိုက်သွားပြီဆိုမှ ဟင်းချရသည်။နောက်တစ်နေ့ နံနက်ခင်းဧည့်ခံနဲ့ ဘိသိက်ကို အထူးဂရုစိုက်တီးရသည်။တောအလှူများက ဆိုင်းနဲ့ ဘိသိက်အချီအချကို အလွန်သဘောကျကြသည်။ဘိသိက်ပြီး ပြန်ကာနီးတွင် ဦးဘညွန့်က ဘဲဥပြုတ်ပြီးသားများ အလုံး ၁၀၀ လောက် ဆိုင်းအဖွဲ့စားရန်

ပေးလိုက်သည်။ပေါလိုက်သည့် ဘဲဥတွေ တောင်းကြီးနဲ့ ထည့်လို့ပေးလိုက်တာ ဆိုင်းသေတ္တာတွေထဲ ထည့်ယူလာသည်။အုန်းတောကျမှ မုန့်တီဆိုင် ဘဲဥများများထည့် အဝစားကြမည်။ ကျွန်တော့်ဆိုင်းက ရွာမက ထွက်လာခဲ့ရာ ဘယ်ခရီးသွားသွား ကျွန်တော့်ထုံးစံ ကားပေါ်ယာဉ်ပေါ်တက်ရင် ဘုရားဂုဏ်တော်များ အမြဲရွတ်သည်။ မကြာခင် အုန်းတောကားဂိတ်သို့ရောက်လာကာ တစ်ဘက် ရွှေဘိုလမ်းခွဲမှလာသော ကျားမင်းကြီးရွာမှ တီးပြန်လာသော စိန်အောင်မြိုင်ဆိုင်းကားနှင့် ဂိတ်အဝင်တွင် တွေ့ဆုံမိလိုက်ကြသည်။ကားထိပ်ပေါ်တွင် တင်ထားသော ဘင်ကြီးတွင် စိန်အောင်မြိုင် စာလုံးကြီးက ထင်းထင်းကြီး၊ လူကလည်း ကားရှေ့ခန်းက ကျွန်တော့်မြင်လိုက်၍ လားမသိ ပြုံးပြုံးကြီး "ဟေး ရပ်ဦး ရပ်ဦး" ကျွန်တော်က သူတို့ဆိုင်းအဖွဲ့ကို လက်ဖက်ရည်တိုက်ချင်၍ အရပ်ခိုင်းလိုက်သည်။သူတို့အစီအစဉ်က အုန်းတောတွင် ခေတ္တနားလက်ဖက်ရည်သောက်မည်လားမသိ။ယခုတော့ ကျွန်တော့်ဆိုင်းကို တွေ့လိုက်၍ သူတို့ကားက မရပ်တော့ဘဲ လှည်းပြိုင် နွားပြိုင်များလို အတင်းဆက် မောင်းခိုင်းကာ ပတ်မကြီးလည်း ညာသံပေး၍ "ဗိန်းပေး ဗိန်းပေး ဗိန်ပေး ဗိန်းပေး" အမြန်တီးရင်း ပါးစပ်ကလည်း စိန်တင်ဟန်ကြီး ရှုံးပြီနေရစ်ခဲ့တော့ဟေ့ဟု နောက်ပြောင် အော်ဟစ်ခါ စွတ်မောင်းသွားပါတော့သည်။

ကျွန်တော်က ဆိုင်းအဖွဲ့သားများ လက်ဖက်ရည်သောက်ရန် ကားကို ခေတ္တနားကာ စားသောက်ပြီးမှ အုန်းတောက ပြန်ထွက်လာရာ လမ်းမကြီးရှင်း၍ ကျွန်တော်တို့ကားတစ်စီးပဲ အေးအေးသက်သာမောင်းလာရာ စစ်ကိုင်းရောက်၍ မိုးဇာဈေးထိပ်တွင် စိန်အောင်မြိုင်ဆိုင်းကားနဲ့ ပြန်လည်ဆုံမိပါသည်။ ကျွန်တော့်ကားဆရာကို သူ့ကားဘေးနား ခေတ္တရပ်ခိုင်းလိုက်ပါသည်။

"ဗျို့ဆရာကြီး စွတ်မောင်းသွားတာပဲ။ခုမှ လက်ဖက်ရည်သောက်ကြတာလား"ဟု စိန်အောင်မြိုင်အား မေးလိုက်သည်။

"လက်ဖက်ရည်သောက် နားတာမဟုတ်ဘူးဗျ။ကျုပ်တို့ ဓားပြတိုက်ခံရလို့ ကားကလည်း ဒီအရောက် ဓာတ်ဆီပြတ်လို့ ပိုက်ဆံမရှိတော့တာနဲ့ ကားဆရာက သူ့အသိ လိုက်ရှာနေတာ"

"ဗျာ ဓားပြတိုက်ခံရတယ် ဟုတ်လား"

"ဟုတ်တယ်ဗျ။ အုန်းတောတုန်းက ခင်ဗျားတို့ကားကိုရှောင်ပြီး အမြန်မောင်းထွက်လာတာ အဲဒီအုန်းတောကထွက်ပြီး တောစပ်နားရောက်တော့ ဓားပြတိုက်တာ ခံရတာပဲ။"

"ဟောဗျာ"

"တိုက်တာမှ ဓားပြက ပြောသွားတယ် ခင်ဗျားကို စောင့်တိုက်တာတဲ့။ ကျုပ်တို့က ကံဆိုးလို့ ခံရတာတဲ့"

စိန်အောင်မြိုင်တို့ဆိုင်းကား အုန်းတောကအထွက် လမ်းတွင် ဓားပြများကစောင့်၍ ကားကို တောစပ်ချုံကွယ်ရာ မောင်းခိုင်းပြီး ပါသမျှပစ္စည်း အကုန်တိုက်ယူကြသည်။ဓားပြဗိုလ်က-

"ပစ္စည်းရချင်လို့တိုက်တာ လူတော့ ကျုပ်တို့လက်ဖျားနဲ့မှ မတို့ဘူးပါတဲ့။ ရွှေငွေ လက်ဝတ်လက်စား အားလုံးထုတ်ပေးပါ။ကျုပ်တို့က ဘယ်သူ့ဆီမှာ ကျန်သေးတယ်ထင်ပြီး အဲဒီလူ့ဆီထပ်ရှာလို့ တွေ့ရင်တော့ ဒီနေရာမှာတင် ပစ်သတ်သွားမှာပဲ"

သူတို့ဆိုင်းကားပေါ်တွင် ခရီးကြုံလိုက်လာကြသော သူများကလည်း ကံဆိုးကြရှာသည်။ပါသမျှပစ္စည်း အားလုံးထုတ်ပေးရသည်။သူတို့က မျက်နှာတွင် အဝတ်များစည်းကာ ရုပ်ဖျက်ထားသည်။ကားပေါ်ပါတဲ့လူတွေအားလုံး ဝမ်းလျားမှောက်ခိုင်းသည်။မော့မကြည့်ရ

မှောက်ရင်းက ပစ္စည်းများ ထုတ်ပေးကြရသည်။ထိုစဉ် ဓားပြဗိုလ်က ကားထိပ်ပေါ်ရှိ စားလုံးကြီး မြင်သွားသည်။

"စိန်အောင်မြိုင်"

"စိန်အောင်မြိုင်ဆိုတာ ဘယ်သူလည်း ခေါင်းမော့ကြည့်ပါ"

"ကျွန်တော်ပါ ခင်ဗျ"ဆိုင်းဆရာက မရဲတရဲမော့ရင်း ဖြေသည်။"ဪ . . စိန်အောင်မြိုင်ဆိုတာ ခင်ဗျားကိုး။ကျုပ်တို့က စိန်တင်ဟန်ကို စောင့်တိုက်တာပဲ။ ခင်ဗျားကို တိုက်တာမဟုတ်ပါဘူး။ဒါပေမဲ့ လုပ်မိမှတော့ ဓားပြဆိုတာ အဖေတောင် မရှောင်ဘူး။ဒီတော့ ပါသမျှသာ ပေးခဲ့ကြတော့" ဘယ်သူမျှ မချန်ရဲ အားလုံးထုတ်ပေးကြရသည်။

"အဲအဲ. . တိုင်လား တောလားတော့မလုပ်နဲ့ ဆိုင်းဆရာ ကြားလား"

"ဟုတ်ကဲ့ပါ ခင်ဗျ"

"ကျုပ်တို့က အမှောင်ထဲကလူ ခင်ဗျားတို့က အလင်းကလူ တိုင်ရင်တော့ ကျုပ်တို့ အမှောင်ထဲက ကျည်ဆန်တစ်တောင့် ခင်ဗျားဆီ ရောက်လာမှာပဲ"

"ဟုတ်ကဲ့ မတိုင်ပါဘူးခင်ဗျား"

ကျွန်တော့်အတွက် ဓားစာခံလိုက်ရသော စိန်အောင်မြိုင်အား စိတ်မကောင်းပါ။ သည်တော့မှ မနေ့က အုန်းတောလက်ဖက်ရည်ဆိုင်ထဲက ကျွန်တော့်ကို မေးမြန်းနေတဲ့လူတွေရဲ့ ရုပ်ပုံလွှာများ ပြန်ပေါ်လာသည်။

* * *

စာရွက်ဖြူဖြူလေးပေါ်တွင် လက်နှိပ်စက်ဖြင့်ရိုက်ထားသော စာလုံးများကို ကျွန်တော်က ဖတ်ကြည့်မိသည်။သို့သော် စာမဖတ်ခင်ကပင် အကျိုးအကြောင်းတော့ သိပြီးသား။အစအဆုံး သေသေချာချာ ဖတ်ကြည့်လိုက်တော့ ကျွန်တော့်မရတဲ့ သီချင်း ၂ ပုဒ် ပါသည်။ဒါလည်း ကိစ္စမရှိ။ အလက်ၤာကျော်စွာ ဦးဘကလေး (ဦးလေးဘ) မန္တလေးပန်တျာ ပတ္တလားနည်းပြဆရာထံ သွားတက်ယူလျှင် ရနိုင်သည်ကို ကျွန်တော်က သတင်းကြားကတည်းက စဉ်းစားပြီးသား။ စာရွက်နှင့်လာ သူနှစ်ဦးက ကျွန်တော် စာဖတ်နေတာ သေသေချာချာအကဲခတ်ပြီးမှ တစ်ဦးက-

"ကဲ. . အဲဒါပဲ ဆိုင်းဆရာရေ အဲဒါတွေ ခင်ဗျား တီးနိုင်ရင်တော့ ခင်ဗျားပွဲဖြစ်သွားမှာ ပဲ။ဘယ်နှယ့်လဲ"

နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ဒေဝတာဗလိ ပူဇော်ပွဲ ဖြစ်သည်။တီးရမည့်နေရာက မန္တလေး နန်းတွင်း လွတ်လပ်ရေးကျောက်တိုင်ကွင်း အရပ်ခေါ် ခေါ်လျှင်တော့ ဗလိနတ်စာကျွေးပွဲ ဖြစ်သည်။ထိုဗလိနတ်စာကျွေးပွဲအတွက် သင့်လျော်ရာ ဆီဆိုင်ရာများ တီးမှုတ်ရန်များကို နိုင်ငံတော်က သတ်မှတ်ပေးထားသည်။သတ်မှတ်ပေးသည်ဆိုသည်မှာ သီချင်းများတီးရန် ဖြစ်သည်။ထိုသတ်မှတ်ချက်များကို စနစ်တကျ ပြုစုပြီး ထားသည်။ဤတီးနည်းများကို မန္တလေးမြို့ ပေါ်ရှိ နတ်ဆိုင်းများ၊ ဗလာဆိုင်းတော်တော်များများ သူတို့မေးမြန်းပြီးခဲ့သည်ကို ကျွန်တော်က ကြိုတင်သိရှိခဲ့သည်။ ဤစာရွက်ဖြူဖြူလေးပေါ်မှာ စာလုံးမည်းမည်းလေးများက ပညာစကားများ ချည်း ဖြစ်သည်။ဗလိနတ်စာကျွေး တီးရန်ဆိုသော်လည်း လက်ရှိ နတ်ဆိုင်းများတီးနိုင်ဖို့ အလွန် ဝေးကွာသည်။နတ်ဆိုင်းများက ထင်သလို တီးကြသည်။"မြတ်နိုးသူရယ် ချစ်မိုးစွေခဲ့တယ်" လည်း တီးတတ်သည်။'ထားဝယ်သူများ ရေခပ်သွား ရည်းစားကိုယ်စီ ပါခဲ့ပြီ။" ဒါလည်း တီးတတ်သည်။

"ဟုတ်ကဲ့ ဒီအညွှန်းပါတွေများအတိုင်း ကျွန်တော် တာဝန်ယူ တီးနိုင်ပါတယ်" သီချင်း ၂ ပုဒ် မရတာကိုတော့ ကျွန်တော်က ဖွင့်မပြောပါ။

"အဲ တီးနိုင်တယ်ဆိုရင်တော့ ဆိုင်းဈေးပြောဗျာ"

"ဟုတ်ကဲ့ ဒီပွဲအတွက် ဆိုင်းကြေး ၅၀၀ ပါခင်ဗျာ"

"ဗျာ" အံ့အားသင့်ဟန်ဖြင့် ကျွန်တော့်ကို တစ်ဦးက လှမ်းကြည့်လိုက်သည်။

"ကျွန်တော်ပြောပြီးပါပြီ ၅၀၀ ပါခင်ဗျာ"

"နေပါဦး နေပါဦး အခုမြို့ပေါ်မှာ တစ်ပွဲတီးတာ ၁၅၀ မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဒါဖြင့် ခင်ဗျားက ၅၀၀ ဆိုတော့ မများလွန်းဘူးလား"

"မများပါဘူးခင်ဗျာ"

"ကဲ. . ၂ ပွဲစာ ၃၀၀ ယူဗျာ"

"ကျွန်တော်ပြောပြီးပါပြီ ၅၀၀ ပါခင်ဗျာ"

"ဒီမယ် ဒါက နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ပွဲဗျာ"

"မှန်ပါ လေးစားပါတယ်"

"ဝန်ကြီးချုပ်ရဲ့ပွဲ တီးရတာဆိုတော့ ခင်ဗျားလည်း ဂုဏ်တက်တာပေါ့ဗျ"

"ဟုတ်ပါတယ်ခင်ဗျား"

"ကျုပ်တို့ပြောတဲ့ ၃၀၀ ထား ဟုတ်လား"

"မထားနိုင်ပါဘူးခင်ဗျာ"

"ကဲ. . ဒါဖြင့် ဒီလိုလုပ် ကျုပ်တို့လည်း သက်ဆိုင်ရာ တင်ပြရဦးမယ်။
နက်ဖြန်လာအကြောင်းပြန်မယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

သူတို့ ပြန်သွားတော့ ကျွန်တော်က ဦးလေးဘဆီ အမြန်ပြေးပြီး ကျွန်တော် မရသေးသော ဗုံနှံ့ဝတိန်သာ (ပင်လယ်နတ်ကြီးကြိုး) နှင့် ဆွတ်ဖျန်းလေး ကြိုင်သင်း (နတ်ပင့်ကြိုး) တို့ကို သွားတက်ယူသည်။ဦးလေးဘက ကျွန်တော့်ကို ပတ္တလားဖြင့် ပြပေးသည်။ပြပေးရင်းက "ဒါတွေ ဆိုင်းဆရာ ရပြီးသားအကွက်တွေပါ"ဟု ပြောသည်။သူ့မြေးအရွယ်လောက် ကျွန်တော့်ကို လေးလေးစားစား ဆိုင်းဆရာဟု ခေါ်သည်။နောက် ရပြီးသားအကွက်တွေပါဟု ဂုဏ်တင်ပြီး ပြောလိုက်သေးသည်။ သီချင်းရ၍ ကျွန်တော်က ငွေ ၅၀ ဖြင့် ထိုင်ကန်တော့ရာ ၂၅ သာယူပြီး "ကျုပ် အခု ပန်တျာကျောင်းက လခတွေ ဘာတွေရနေပြီ စားမယ့်လူမရှိဘူး။အဘွားကြီး ပဲရှိတာ။ တစ်လ တစ်လ မကုန်ပါဘူး" မိမိကိုယ်ကို နှိမ့်ချသောစိတ်၊ တစ်ဘက်သားအား ဂုဏ်တင်ပေးသောစိတ်၊ ညှာတာသောစိတ်များက သူ့အား အလက်ာကျော်စွာဘွဲ့ရစေရန် အထောက်အကူ ပြုပါသည်ဟုတွေးရင်း ပြန်လာသည်။

နောက်တစ်နေ့တွင် ကျွန်တော်ပြောသော ဈေးနှုန်းဖြင့် လာငှားသွားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ ဒေဝတာဗလိ ပူဇော်ပွဲကျင်းပရာနေရာ မန္တလေးနန်းတွင်း ကျောက်တိုင်ကွင်းကြီးထဲတွင် ပိတ်ဖြူမဏ္ဍပ်ကြီးထိုးထားသည်။မဏ္ဍပ်ကြီးတစ်ခုလုံး ပိတ်ဖြူဖြင့် ဆောက်လုပ်ထားသည်။မဏ္ဍပ်က အနောက်ဘက်လှည့်ဖြစ်ပြီး ၂၅ တောင် ပတ်လည်လောက် ရှိပါမည်။မဏ္ဍပ်တွင် ဘုရားစင်ကို အရှေ့ဘက်၊ အနောက်ဘက် လှည့်ထားသည်။မဏ္ဍပ်တွင်းဝယ် ဘုံအဆင့်ဆင့်များ ပြုလုပ်ထားပြီး ထိုဘုံအဆင့်ဆင့်ပေါ်တွင် ကန်တော့ပွဲများ၊ သစ်သီးပွဲများ၊ ပျားရည်နှင့် အမွှေးအကြိုင်များ မွှမ်းထုံထားသည်။ကန်တော့ပွဲများတွင် သုံးထောင့်ချွန်း အလံကလေးများစိုက်၍ ထိုအပေါ်တွင် နတ်မင်းကြီးများ၏အမည်များ ဒတ္တရဋ္ဌ၊ ဝိရူဠှက၊

ဝိရူပက္ခ၊ ကုဝေရ စသည်ဖြင့် ရေးထားသည်။အချို့ မြန်မာလိုရေးထားတာများလည်း ရှိသည်။ မီးနတ်၊ ရေနတ်၊ လေနတ်၊ မြေနတ်စသည်ဖြစ်ပြီး အခြားကျွန်တော်တို့ လူသိများသော သူရဿတီ၊ စန္ဒီ၊ ပရမိဿွာ၊ မဟာပိန္နဲစသည်တို့လည်း ပါကြသည်။

ကျွန်တော်တို့ ဆိုင်းအဖွဲ့ရောက်ပြီး ပစ္စည်းများပြင်ဆင်ပြီးသောအခါ ညနေစာစားချိန် ရောက်၍ သာသနာရေးအရာရှိ ဦးမြင့်ဟန်ကိုပြောရာ မဏ္ဍပ်အတွင်းတော့ မည်သည့်သားငါး ချက်ပြုတ်ပြီးကိုမျှ မယူရ မသွင်းရ၊ထို့ကြောင့် တစ်နေရာရာမှာ စားကြရအောင်ဟုပြောပြီး သူ၏ လင့်ရိုဘာကားလေးဖြင့် လိုက်ပို့ပါသည်။ကျွန်တော်နှင့်အဖွဲ့က စားသောက်ဆိုင်တစ်ခုတွင်ဝင်၍ ခေါက်ဆွဲကြော်များ စားကြပါသည်။ဦးမြင့်ဟန်က ကျွန်တော့်အား-

"ဟေ့ကောင် အမှန်တော့ ဒီနေ့ နက်ဖြန် ၂ ရက်လောက် မင်းက ဘာသားမှမစားဘဲ နေရမှာကွ"ဟု ပြောပါသည်။ထိုအခါ ကျွန်တော်က "ဘာသားမှ စားတာမဟုတ်ပါဘူး။ ခေါက်ဆွဲကြော် စားတာပါ"ဟုပြောရာ သူက ရယ်မောနေပါသည်၊ ပြီးမှ-

"အေး. . ငါထင်သားပဲ ဒီကောင် ငါ့တွေ့ရင် တစ်ခုခုတော့ ကျီတိုက်မယ်လို့" ဦးမြင့်ဟန် ကား ကျွန်တော်တို့ကို သွေးသားရင်းလို ဆက်ဆံသောပုဂ္ဂိုလ် ဖြစ်ပါသည်။တစ်ခါတစ်ရံ မန္တလေး အလှူကြီးများတွင် သူက ဩဘာစာများ ချီးမြှင့်ခြင်း၊ ဘုရား၊ ပုထိုး၊ စေတီထီးတင်ပွဲများတွင် မကြာမကြာ တွေ့ရတတ်သူဖြစ်ကာ တွေ့တိုင်း ကျွန်တော့်အား တစ်နည်းနည်းဖြင့် စောင့်ရှောက် သူ ဖြစ်ပါသည်။ကျွန်တော်တို့ မဏ္ဍပ်ပြန်ရောက်ပြီး ပြောစည်များ တီးကြပါသည်။ထို့နောက် သာသနာရေး အရာရှိတစ်ဦးဖြစ်သူ ဦးတင်မောင်က အစီအစဉ်များ ပြောပါသည်။ဦးတင်မောင်က ပါဠိဘာသာ၊ မာဂဓဘာသာ၊ သက်ရိုက်ဘာသာများဖြင့် ရွတ်ဆိုပူဇော်ခြင်းများ ရှိမည်။ ထိုသို့ ခက်ခဲသော ဘာသာများ ရွတ်ဆိုပူဇော်ပြီး ဆိုင်းတီးရန်နေရာအတွင်း မခက်ခဲစေရန် မြန်မာလို ပြန်၍ပေးမည်ဖြစ်ကြောင်း ပြောပါသည်။ဦးတင်မောင်မှာ ကျွန်တော်နှင့် ခင်မင်ရင်းနှီးပြီးသူ ဖြစ်ပါသည်။အသားညိုညို ကျောက်ပေါက်မာသက်သက်၊ ရွှေသွားလေးဖြင့် အသံပြာလဲ့လဲ့ရှိသူ ဖြစ်ပြီး ကျွန်တော် ဆိုင်းဆရာမဖြစ်ခင် အစ်ကို ဦးစိန်လှမောင်ဆိုင်းထဲ မောင်းဆိုင်းတီးဘဝကပင် သူ့ကို သိလာပါသည်။ထိုစဉ်က အထက်မြန်မာနိုင်ငံ စာရေးဆရာများ၊ သတင်းစာဆရာများ၊ သတင်းထောက်များ စာဆိုတော်နေ့အထိမ်းအမှတ် မြဝတီမင်းကြီးဦးစ ပြဇာတ်ကို ကပြရာ ဦးတင်မောင်က ရုပ်သေးကိုင် ငရွှေသာအခန်းမှပါဝင်သူ ဖြစ်ပါသည်။ဦးစ၏ ဇာတ်လမ်း အကျဉ်းမှာ-

> ဘကြီးတော်လက်ထက် ညီတော် ရွှေဘိုမင်းက ခြားနားရာ ဦးစက "အရှင့် ညီတော် ရွှေဘိုမြို့စား ခေင်ငယ်သည် အရှင့်အား ခြားနားရန် ကြံစည်ကြောင်းပါ"ဟု တင်လျှောက်ခဲ့ဖူးသည်။
>
> မင်းသားက သူ၏ ငယ်နာမည်တွင် "င" တပ်၍ ခေင်ငယ်ဟူသော အသုံး အနှုန်းကို တေးမှတ်ထားသည်။သူ အထွတ်အထိပ်ရောက်သောအခါ မြဝတီ ဦးစကို ပထမဆုံး ထောင်ထဲသွင်းလိုက်သည်။ဦးစ ထောင်သားဘဝဖြင့် လမ်းများခင်းနေရ သည်။တစ်နေ့တွင် ရွှေဘိုမင်း မြို့ကိုလှည့်လည်သည် ထိုအထဲတွင် သမီးတော်လေး ပါလာသည်။လမ်းဘေးဝဲယာ လမ်းခင်းနေသော ထောင်သားများထဲမှ ဦးစကို သမီးတော်လေးက မြင်သည်။ဦးစသည် သူ့အား စောင်းတော်တီးသင်ပေးသောဆရာ ဖြစ်သည်။ထို့ကြောင့်ရပ်၍ သမီးတော်လေးက အကျိုးအကြောင်းမေးပြီး ဦးစကို

သီချင်း တစ်ပုဒ်လောက် ရေးပါဟု ပြောသွားသည်။သမီးတော်လေး ပြောသည့်အတိုင်း မြဝတီ မင်းကြီး ဦးစက ကုန်းဘောင်နေမင်းပတ်ပျိုးကို ထောင်ထဲမှ ရေးသား၍ သမီးတော်လေး ထံ ပို့သည်။သမီးတော်လေးက ၎င်းပတ်ပျိုးကို ခမည်းတော် ရွှေဘိုမင်း ညီလာခံတွင် ရုပ်သေးကိုင် ငရွှေသာအား သီဆိုစေသည်။ရွှေဘိုမင်းက သီချင်းကို သဘောကျ၍ မည်သူရေးတာလဲမေးရာ မှန်ပါ မြဝတီမြို့စားရေးကြောင်းလို့လျှောက်ရာ ဘုရင်က ချက်ချင်း ဒေါသထွက်၍ "သယ် ဒင်း ခုထိရှိသေးသလား"ဟု ဒေါသဖြင့် ကြိမ်းဝါး၍ သမီးတော်လေးက "မှန်လှပါ ကောင်းကောင်းကျန်းမာဟန် မရှိပါဘူးဘုရား"ဟု ခမည်းတော်အား လျှောက်ထားလိုက်သည်။ရွှေဘိုမင်းသည် အကင်းပါး၍ လူရိပ်လူကဲ ကို သိသည်။ ငါကသာ သတ်ချင်တာ သမီးတော်လေးကတော့ သူ့ဆရာမို့ သေဖို့မဆို ထားဘိ ကျန်းမာရေး မကောင်းတာပင် စိတ်ထိခိုက်ရှာသည်ဟု တွေးတောဆင်ခြင်ကာ ဤ ညီလာခံမှာပင် သူကောင်းပြု အစီးအနင်း အဆောင်အရွက်များ ချီးမြှင့်၊ နေရာဝယ် သမီးတော်အား ထူးမြတ်သော ဇီဝိတဒါနဆုကို ပေးလိုက်လေသည်။ ဇီဝိတဒါနဆုမှာ သူက သတ်စေအမိန့်ပေးထားသူကို သမီးတော်က နှုတ်ယူနိုင်သောဆုပင် ဖြစ်သည်။ထိုနေ့က မင်းကြီးဦးစ ထောင်မှ လွတ်ရတော့သည်။ ဤကား မြဝတီမင်းကြီး ဦးစ၏ ဇာတ်လမ်းအကျဉ်းဖြစ်သည်။

ထိုစဉ်က ရုပ်သေးကိုင် ငရွှေသာ ဦးတင်မောင် ယခု သူက သာသနာရေးအရာရှိ။ ညဇည့်ခံတီး သိပ်မရှိပါ။ထူးမခြားနားနှင့် စွယ်တော်ကြိုးများလောက်သာ တီးပြီး သိမ်းရသည်။ နားထောင်မည့်သူလည်း မရှိ။အရပ်ထဲ မဟုတ်၊ ခြင်ကိုက်လွန်း၍ အိပ်မရ။မဏ္ဍပ်က လေလုံ၍ နေ၍ အပြင်ဘက် ထွက်အိပ်ကြရသည်။ကောင်းကောင်း အိပ်မပျော် မှေးမှေးမှေးမှေး နံနက် ၃ နာရီ ထိုးသွားပြီ။"ဟော ဝန်ကြီးချုပ်လာပြီ။ ဝန်ကြီးချုပ်လာပြီ" နားထဲက အသံကြားလိုက်ရ၍ ခေါင်းထောင်ကြည့်လိုက်ရာ မင်္ဂလာတံခါးဘက်ကဝင်လာသော ကားမီးတန်းကြီးက ထင်းထင်း ရင်းရင်း တာဝန်ကျ ရဲဘော်တစ်ဦးက ကျွန်တော်တို့ မျက်နှာသစ်ရန် မီးသတ်ကားက ရေဖွင့် ပေး၍ ကပျာကယာ မျက်နှာသစ်ကြရသည်။မဏ္ဍပ်အဝင်အထွက် ရာဇမတ်ကာ ကော်ဇောနီ ခင်းထားသော မင်းလမ်းမ ပြုလုပ်ထားသည်မို့ ထိုလမ်းအတိုင်း ဝန်ကြီးချုပ်က ကားပေါ်မှဆင်းကာ ရှေ့ဆုံးမှ လျှောက်လာသည်။မောင့်ကျက်သရေခေါင်းပေါင်း၊ လည်ပင်းမှာ သိုးမွေးတဘက် ပတ်ထားသည်။သက္ကလပ် တိုက်ပုံအင်္ကျီနှင့် ပုဆိုး အကွက်ကြီးကြီး၊ လက်ဖက်ရည်အချိုရောင် ခြေအိတ်နှင့် ခြေနင်းစီးထားသည်။ တန်ဆောင်မုန်းလပြည့်ကျော် မန္တလေး၏ အအေးဆုံး။ ဤမျှလောက် ထူထူထဲထဲမှ နေနိုင်ရုံရှိသေး၏။ဝန်ကြီးချုပ် မဏ္ဍပ်ထဲရောက်ခါနီး ကျွန်တော့် ကိုမြင်၍ ပြုံး၍ နှုတ်ဆက်သည်။ကျွန်တော်တို့ဆီ ၃ နာရီထိုးလောက်ရောက်အောင် လာတာ ဆိုတော့ တည်းခိုရာက ၂ နာရီလောက် ထလာမှ ဖြစ်မည်။သူ့ ဝီရိယကို ကျွန်တော် ချီးကျူးမိ သည်။မဏ္ဍပ်ဆီရောက်လျှင်ရောက်ချင်း ဘုရားစင်ရှေ့ဝယ် ရိုရိုသေသေ လေးလေးစားစား ထိုင်ကာ ဘုရားမီးထွန်းပြီး ဘုရားဝတ်ပြုသည်။ထိုစဉ် ကျွန်တော်တို့ ဆိုင်းသို့ လူတစ်ယောက် လာပြီး ထူးမခြားနား တီးပါဟု ဝန်ကြီးချုပ် ဘုရားဝတ်ပြုနေသည်ကို လက်ဟန်ဖြင့်ပြပြီး ခိုင်းသည်။ ကျွန်တော်က "အာရုံပျက်သွားပါလိမ့်မယ် မတီးတာ ကောင်းပါတယ်"ဟု ထိုသူကို တီးတိုး ပြန်ပြောလိုက်သည်။ကျွန်တော်တို့နားရှိ ဝန်ကြီးချုပ် အကြံပေးအရာရှိ ဦးအုန်းက ခေါင်းညိတ်၍

ပြုံးလိုက်ပါသည်။ထိုသူလည်း နောက်ထပ် မခိုင်းရဲတော့။

ထိုသို့ အစီအစဉ်ဖြင့် တီးရသောပွဲများတွင် အစီအစဉ်ထဲမပါသည်များကို အရမ်း မတီးရဲပါ။ဝန်ကြီးချုပ်၏ အကြံပေးအရာရှိ ဦးအုန်းမှာ ဖြူနီဖွေးဖွေး ပဲပိုးတီကြီးနဲ့ တူပါသည်။ ဆိုင်းဝိုင်းနဲ့ မောင်းဆိုင်းဘေးနားတွင် ဘုရားစင်ဘက်ကို မျက်နှာမူပြီး သိမ်သိမ်မွေ့မွေ့ ရှိရှိကျိုးကျိုး ထိုင်နေပါသည်။ဝန်ကြီးချုပ် ဘုရားကန်တော့နေစဉ် ကျွန်တော် ပတ်စာပုန်း တပ်နေပါသည်။ ပတ်စာပုန်းဆိုသည်မှာ အသံမထွက်ဘဲ ပတ်စာကပ်နည်းဖြစ်ပြီး အလွန်ခက်ပါသည်။သံမှုန် ခြောက်ပေါက် ငါးပေါက်စသည် ကြေးနောင်သံကို မူတည်ပြီး ပတ်လုံးများ ပတ်စာကပ်၍ အသံညှိ ရပါသည်။ အသံထွက်ညှိမှ အသံကိုက်သည် မကိုက်သည် သိရပါသည်။ယခုမူ အသံမထွက်ရ၍ ခဲယဉ်းပါသည်။ပတ်စာကိုလက်မနှင့်ဖိ၍ ကပ်လိုက်ပြီး လက်ပြန်အခွာလိုက်တွင် တစ်ကိုယ်ကြား သံ တိုးတိုးလေးကို ကပ်နားထောင်က ကြားရပါသည်။ထိုသို့ ခဲခဲယဉ်းယဉ်း နားထောင်ပြီး ကပ်ရ ပါသည်။ဝန်ကြီးချုပ် ဘုရားကန်တော့အပြီးတွင် ကျွန်တော့်ဆိုင်း ထူးမခြားနားတီးလိုက်ရာ စောစောက ငြိမ်သက်နေသော မဏ္ဍပ်ဝယ် သက်ဝင်လှုပ်ရှားသွားပါသည်။ထူးမခြားနားတီးပြီး နားလိုက်သောအခါ ကော်ဖီများလာပို့၍ သောက်ကြပါသည်။မဏ္ဍပ်အတွင်း ဝန်ကြီးချုပ်ရှိနေ သော်လည်း အနီးကပ် လုံခြုံရေးများ သိပ်မမြင်မိပါ။နန်းတွင်းမို့ စိတ်ချရသဖြင့် ခပ်ဝေးဝေးက ထားတာလည်း ဖြစ်နိုင်ပါသည်။ဒေဝတာဗလိ ပူဇော်ပွဲတွင် ရွတ်ဖတ်သံများက ကျွန်တော်တို့ နားထဲဝယ် ထူးဆန်းနေပါသည်။သက်ရိုက်ဘာသာဖြင့် ရွတ်ဖတ်သည်မှာ တော်တော်ပင် လျှာထား အာထားများခက်၍ နားထောင်ရသည်မှာ အချို့နေရာများတွင် ရယ်ချင်စရာ ကောင်းသော်လည်း လူကြီးများကြောင့် မရယ်ရဲပါ။ကျွန်တော်တို့၏ ရုပ်သေးကိုင် ငွေသာ ဦးတင်မောင်က အခမ်းအနားတွင် သူက ဇာတ်လိုက်လောက် ဖြစ်နေပါသည်။

အစီအစဉ်တွင် မြတ်စွာဘုရားအားပူဇော်ကန်တော့ခန်း၊ တရားမြတ် ပူဇော်ကန်တော့ ခန်း၊ သံဃာတော်များအား ပူဇော်ကန်တော့ခန်း၊ သာသနာစောင့် နတ်မင်းကြီးများအား ပင့်ဖိတ် ခန်း စသည်ဖြင့် တစ်ခန်းပြီးတစ်ခန်း အစီအစဉ်အတိုင်း ပြုလုပ်ခဲ့ရာ တစ်ခန်းပြီးလျှင် နိုင်ငံတော် ဆိုင်း စိန်တင်ဟန်က ထူးမခြားနားတီးစေ စသည်ဖြင့် ဆိုင်းတီးရန် ခိုင်းပါသည်။ကျွန်တော်က မပူတော့ပါ။ဆရာဦးဘကလေး ကျေးဇူးကြောင့် ကျွန်တော် မသိ မတတ်တဲ့ ကြိုး ၂ ပုဒ်လည်း ရပြီးဖြစ်နေ၍ ခိုင်းသောအခါ ကျွန်တော့်ဘက်က တလူလူနဲ့ တီးနေပါသည်။သာသနာရေးအရာရှိ ဦးမြင့်ဟန်က ကျွန်တော်တို့တီးလျှင် ပြုံးပြုံးဖြင့် သဘောကျဟန်လေးများပြ၍ နားထောင်ပေး ပါသည်။ဆိုင်းတီးနေစဉ် အမွှေးတိုင်များ ထွန်းထားခြင်း၊ ရေမွှေးများ ဖျန်းပက်ထားခြင်း၊ သစ်သီးဝလံများ အနံ့၊ ပန်းနံ့များ ရောစပ်ပြီး မွှေးလွှန်းနေပါသည်။ ကန်တော့ပွဲထဲဝယ် တံခွန်တွင် ရေးထားသော နတ်မင်းများကို အားလုံးတီးနေက ၇ ရက်လောက် တီးရမည်ထင်ပါသည်။

ယခုတော့ ဤသို့မဟုတ် စုပေါင်းတီးရ၍ အဆင်ပြေပြေ ချောချောမွေ့မွေ့ဖြင့် နံနက် ၉ နာရီကျော်ကျော်လောက်တွင် အခမ်းအနားပြီးပါသည်။အခမ်းအနားပြီး၍ စည်တော်ရွှမ်းခိုင်း ရာ ကျွန်တော်တို့အဖွဲ့က စည်တော်ရွှမ်းနေစဉ် ဝန်ကြီးချုပ်နှင့်အဖွဲ့က မဏ္ဍပ်ကိုလှည့်ပတ်၍ ငွေဖလားကြီးကို ဝန်ကြီးချုပ်ကကိုင်ပြီး ပိုက်ဆံကြဲပါသည်။အရပ်သူ အရပ်သားများ မရှိ၍ လည်းကောင်း၊ လူစိမ်းများမရှိ၍လည်းကောင်း ပိုက်ဆံကောက်မည့်သူ မရှိပါ။ဆိုင်းထဲက ဆိုင်းအဖွဲ့သားများက ထွက်ကောက်ကြပါသည်။စည်တော်ရွှမ်းနေရင်းက တစ်ယောက်ထွက် တစ်ယောက်ထွက်နှင့် နောက်တော့ ကျွန်တော်နှင့် ပတ်မတီးနှစ်ယောက်သာ ဆိုင်းထဲရှိပါသည်။

ဆိုင်းက စည်တော် ရွှမ်းနေသော်လည်း ပြောင်ပြောင်ထီး ဆိုတာလွဲ၍ အခြားဘာသံမျှ မထွက်တော့ပါ။ ဝန်ကြီးချုပ်က ပြုံးပြုံးဖြင့် ဆိုင်းဝိုင်းနား အရောက်တွင် ကျွန်တော့်ဆီကို ပိုက်ဆံများ ဆိုင်းဝိုင်းတွင်း လှမ်းကြဲပေးပါသည်။မဏ္ဍပ်ကို ၃ ပတ်ပတ်၍ ပိုက်ဆံကြဲသဖြင့် ပိုက်ဆံကောက်ရာ ကျွန်တော့်ကြေးနောင်တီး လှအောင်က အကဲဆုံးဖြစ်ပါသည်။ စောစောက ရိုးရိုးကောက်နေရာက နောင်တော့ ထီးတစ်လက်ဖွင့် ပြောင်းပြန်လှန် ဝန်ကြီးချုပ်ကြဲသည့် ပိုက်ဆံတွေ ခံယူပါသည်။ဒါလည်း ဝန်ကြီးချုပ်က သူ့ထီးထဲသို့ လှမ်းပစ်ပစ်ကြဲပေးပါသည်။ ဝန်ကြီးချုပ်နောက်က လိုက်လာသူများကလည်း လူကြီးတွေချည်းမို့ ပြုံးပြုံးဖြင့် ရယ်မောနေကြပါသည်။လှအောင်က ငယ်ကလည်းငယ် လူကလည်းသေးသေးမို့ ကလေးကြီးလေးသာသာလောက် ရှိသည်။အရှက်အကြောက်မရှိ ထီးကိုလှန်၍ ပိုက်ဆံကောက်ခြင်းကို ဝန်ကြီးချုပ်နှင့် အားလုံးက သဘောကျပြီးနေပါသည်။ ဝန်ကြီးချုပ် မဏ္ဍပ်အတွင်း ပြန်ရောက်လာပြီး ထိုင်မှ ကျွန်တော်တို့က စည်တော်ရွှမ်းတာ ရပ်လိုက်ပါသည်။အားလုံးပြီးသောအခါ ဝန်ကြီးချုပ်က ကျွန်တော်တို့ ဆိုင်းဝိုင်းရှေ့ လာရပ်ပြီး နှုတ်ဆက်ပါသည်။ဆိုင်းဝိုင်းဘေးနား လူကြီးများသာ ဝိုင်းနေကြရပါသည်။ ကျွန်တော့် အိပ်ကပ်ထဲက ရွှေရောင်စီးကရက်ဘူးလေးကိုကြည့်ပြီး ဝန်ကြီးချုပ်က ကျွန်တော့်အား-

"စီးကရက်တစ်လိပ်လောက် သောက်ရအောင်"ဟု ပြုံးပြီး ပြောပါသည်။ ကျွန်တော့်ကို ရင်းရင်းနှီးနှီးပြောခြင်းဖြစ်သည်ကို ကျွန်တော် နားလည်ပါသည်။ ဘဘ ဦးဟံပဆီ ကျွန်တော် ကြေးနောင်တီးစဉ်ကပင် မှတ်မိထားခြင်း သိထားခြင်း ဖြစ်ပါသည်။ထို့နောက် ကျွန်တော့်ကို-

"ရန်ကုန် ဘာမှာဦးမလဲ ပို့စ်မင်းလုပ်ပေးမယ်လေ"ဟု ပြောပါသည်။ ရန်ကုန် ဘဘ ဦးဟံပဆီ ဘာမှာဦးမလဲမေးခြင်း ဖြစ်ပါသည်။

ကျွန်တော်က "အထူးမရှိပါဘူးခင်ဗျာ။နေထိုင်ကောင်းကြောင်းလေးသာ" ဟု ကျွန်တော်က စကားကို ဖြတ်ထားလိုက်ပါသည်။ထိုအခါတွင် ဝန်ကြီးချုပ်က-

"သွားမယ်နော်၊ အားလုံးအားလုံး သွားမယ်နော်"ဟု ဆိုင်းတစ်ဖွဲ့လုံးအား နှုတ်ဆက်၍ မဏ္ဍပ်ထဲက ထွက်သွားပါသည်။

* * *

ဓားပြတိုက်ခြင်းကို ကြုံခဲ့ရသော အလှူတစ်လှူ ရှိပါသည်။မန္တလေးနှင့် သိပ်မဝေးသော ရဲပွန်တောင်ရွာကလေးမှ အလှူမှာဖြစ်သည်။ရွာကလေးမှာ ဆန်စပါး သီးနှံအထွက်ကောင်းပြီး စီးပွားရေးဖွံ့ဖြိုးပုံ ရပါသည်။ထိုရွာကလေးရှိ မိသားစုများမှာ ရွှေငွေလက်ဝတ်ရတနာများကို အမြတ်တနိုး ဝယ်ယူစုဆောင်းထားကြသည်။

သူတို့ ရွှေများကို အလှူမင်္ဂလာရှိမှ ထုတ်ဝတ်ကြသည်။ဒီပြင်အချိန်တွင်တော့ မြေကြီးထဲမှာ မြှုပ်ထားကြသည်။ရွှေတွေကလည်း ကြည့်ပါဦး ရွှေလက်ကောက်ဆိုရင် ပုရပိုက်ခေါက်လို ရွှေမျိုး လက်သန်းတစ်ဝက်လောက်တုတ်ပြီး အရှည်က တစ်တောင်လောက် ရှည်လိမ့်မည်။ လက်တွင် ကြိုးပတ်သလိုပတ်လိုက်တော့ လက်ကောက်အတုတ်ကြီး ၄၊ ၅ ကွင်း ဝတ်ထားသလိုပင်။ရွှေခြေကျင်းကလည်း ဒီလိုရွှေမျိုး ဒီလိုအလုံးကြီးပင်။ မဝတ်သည့်အချိန်တော့ ဖြေပြီးထားကြ သိမ်းကြသည်။ လည်ဆွဲဘယက်ဒေါင်းခွက်များကတော့ ရိုးရိုးရွှေဖြင့် ပြုလုပ်ဝတ်ကြသည်။အလှူရှင်လောင်းလှည့်ကာနီးတွင် အပျိုတွေများ ဝတ်စားထားသော ရွှေတွေက သူ့ထက်ငါ ပြိုင်နေသလို ထင်ရသည်။အချို့အပျိုများ လည်ပင်းတွင် ရွှေဒင်္ဂါး ၄၊ ၅စုံ ရွှေကြိုး ဖြင့်သီ၍ ဆွဲထားသည်။

မိန်းကလေးတစ်ဦးကမူ ငယ်လည်းငယ် လှကလည်းလှ၊ သျှောင်ကလည်း ဆံတောက်ကောက်ကလေးနှင့် သနပ်ခါးပါးကွက် ထင်းထင်းလိမ်းထားပြီး ခါးတွင် ရွှေမတ်စေ့များကို ခါးပတ်လုပ်ဝတ်ထားသည်။ရှင်လောင်းလှည့် ထွက်သွားသောအခါ ဖုန်တွေတစ်ထောင်းထောင်းအောက်ဝယ် လှမ်းကြည့်မိသည်။ မန္တလေးနှင့် သိပ်မဝေးသော ရဲမွန်တောင်ရွာလေး ဖြစ်သည်။အလှူထုံးစံအတိုင်း သွားသူ၊ လာသူ၊ ဝင်သူ၊ ထွက်သူများ ရှုပ်ယှက်ခတ်နေသည်။ထမင်းကျွေး တာဝန်ကျထမင်းရုံကလည်း မစားရသေးသူများ တကြော်ကြော်ခေါ်၍ ကျွေးနေသည်။ ကျွန်တော်တို့လည်း စားပြီးပြီ။ညကျွေးက ဝက်သားဖြွမ်း၊ ငရုတ်သီးတောင့်လုံးကြော်၊ သရက်ချဉ်၊ များသောအားဖြင့် ညကျွေးက မနက် ဝက်သားဟင်းပြောင်စားရတာထက် မြိန်တာများသည်။စားသောက်ပြီး တာဝန်ကျအောင် ဆိုင်းက ပြောတီးဦးမှ ဖြစ်မည်။မဏ္ဍပ်ထဲတွင် ဆိုင်းဆင်ထားရသည်မို့ မဏ္ဍပ်နဲ့ဆိုင်းနဲ့ ပဏာရသည်။ မဏ္ဍပ်က အနောက်ဘက်လှည့်ဆောက်ထားပြီး ဆိုင်းက တောင်ဘက်ထိပ်တည့်တည့်က မြောက်လှည့်ခင်းထားသည်။မဏ္ဍပ်ထဲတွင် ကော်ဇောတွေအပြည့် ဆိုင်းက ပထမဆုံး ပြောတီးကြသည်။ပထမဆုံးပြောကို စည်းကမ်းဖျက်မတီးရ၊အဆန်းထွင်မတီးရ။ လေးလေးနဲ့မှန်မှန်ကြီး စည်းချိန်၊ နရီချိန်ကောင်းကောင်းနဲ့ တီးရသည်။သီချင်းကလည်း ထူးမခြားနား၊ ဘုရားရောင်ခြည်တော်ဘွဲ့ကိုသာ တီးရသည်။

အလှူတွင် အင်ဂျင်မီးစက်ပါ၍ မီးစက်က မဏ္ဍပ်မြောက်ဘက် ပေ ၂၀၀ လောက်အကွာမှာ ထားသည်။တော်ပါသေးရဲ့ မီးစက်က မဏ္ဍပ်နားကပ်နေလျှင် မီးစက်သံကြောင့် ဆိုင်းတီးမကောင်းတတ်။မီးစက်သံက ညဥ့်နက်လေ ပိုမြည်လာသလို ထင်ရလေ၊ သူမြည်လာလေ တီးမကောင်းလေ။အလှူရောက်လျှင် ဆိုင်းထုံးစံ ရေအိုးကန်တော့ပွဲ၊ ဖိတ်စာတောင်းရစမြဲ။အချို့များသောအားဖြင့် ရပ်က ရွာက သိပြီးဖြစ်၍ တောင်းမနေရတော့။ရှင်လောင်းလှည့်များ ပြန်ဝင်လာကြသည်။ အိုးစည်အဖွဲ့၊ ဒိုးပတ်အဖွဲ့တွေက အပြိုင်တီးလျက် ရှင်လောင်းတွေ စီးလာသောမြင်းတွေက မဏ္ဍပ်ရောက်တာတောင် အရှိန်က မသေချင်။သွားချင်လာချင်ထားပုံ ရှိနေသလို စောစောက လှပခဲ့ကြသော အပျိုများ၏မျက်နှာဝယ် သနပ်ခါး ပေါင်ဒါ မှုန့်များအစား ဖုန်မှုန့်များ၊ ချွေးများက နေရာယူထားကြပြီ။ရွှေထီးများကို ပိတ်ယူ၍ ဘုရားစင်နား သွားထားနေသော ကာလသားများ၊ သက်န်းပန်းကိုင်လာသူ အမျိုးသမီး များက တစ်ယောက်ပြီးတစ်ယောက် ရှေ့ဆင့်နောက်ဆင့် ဝင်လာ၏။အလှူကြီး တစ်လှူကား လွယ်သည်မဟုတ်ပေ။အစစအရာရာ အဘက်ဘက်က ပြည့်စုံအောင် ကူညီကြ ဝိုင်းကြမှ ဖြစ်သည်။အလှူ့တကာက လှူနိုင် တန်းနိုင်သော်လည်း ဝိုင်းဝန်း ကူညီသူများက စေ့စပ်မှ အားလုံးချောမောအဆင်ပြေတတ်သည်။တောအလှူပေမယ့် မိတ်များသောအလှူမို့ ညဦးပိုင်း စောစောကပင်မဏ္ဍပ်ထဲ၌ ပရိသတ်က ပြန်စည်နေသည်။ကျွန်တော့်ဆိုင်းကလည်း ယိုးဒယားတီးနေပြီ။ဆိုင်းဝိုင်းနဲ့ ကြေးဝိုင်းကြားတွင် ပတ်မကြီးကြီးရှိသည်။အပျိုများက ဆိုင်းရှေ့နားတွင် နေရာယူကြသည်။ကာလသားများက ပရိသတ်ရဲ့ဘေးနားက နေကြသည်။ဟိုရွာ သည်ရွာက ဧည့်သည်များကို နေရာဦးစားပေးကြသည်။မီးစက်သံက သဲ့သဲ့လေးကြားရသည်။မဏ္ဍပ်ကြီးတစ်ခုလုံး မီးချောင်းများ မီးလုံးများက လှပနေသလို ညကျက်သရေကို ဆောင်နေသည်။ ဆိုင်းဝိုင်းထဲ ကျွန်တော်ပတ်စာစုံပြီး စတီးတော့ ည ၉ နာရီမတ်တင်း။ပတ်မတီး ဘကြီးအေးမှာ ဘဘ ဦးဟံပထံမှာကတည်းက ကျွန်တော်နဲ့ တွဲလာသူ ဖြစ်သည်။

ဘဘတုန်းက သူက စည်းတီး၊ ကျွန်တော့်က ကြေးတီး၊ ခု ကျွန်တော့်ဆိုင်းကျတော့

သူက ပတ်မတီး။အသက် ၆၀ ကျော်သော်လည်း ပိန်ပိန်သေးသေး မည်းမည်းရှည်ရှည် ကျန်းမာရေးကောင်းသည်။တီးလုံး ၄၊ ၅ ပုဒ်တီးပြီး ဆိုင်းအရှိန်ကောင်းနေစဉ် ဒိုင်းခနဲ သေနတ်သံတစ်ချက် ကြားလိုက်ရပြီး မဏ္ဍပ်တစ်ခုလုံး အမှောင်ကျသွားသည်။ခွေးအူသံများ ခပ်လှမ်းလှမ်းက လူသံအော်သံ အမိန့်ပေးသံလိုလို မဏ္ဍပ်အတွင်းက ပရိသတ်ကတော့ ပထမ ငြိမ်နေသေးသည်။နောက်တော့ ထိန်းမရ တစ်ယောက်စ တစ်ယောက်ဆင့်ဆင့်ပြီး ပြောလိုက်ကြ သည်။ဓားပြတိုက်ပြီ၊ ဓားပြတိုက်ပြီ မဏ္ဍပ်ထဲက ကုန်းကုန်းနှင့် ထွက်သူများ ဧည့်သည် ပရိသတ်ကတော့ မဏ္ဍပ်ထဲမှာပဲ ထိုင်နေကြသည်။ဓားပြများက မီးစက်ကို သေနတ်ဖြင့်လှမ်းပစ်၍ မီးငြိမ်းလိုက်ခြင်း ဖြစ်သည်။ဓားပြအင်အားမှာ ၈ ယောက်လောက်ရှိပြီး သေနတ် ၅ လက်နှင့် ငှက်ကြီးတောင်ဓား၊ ဗလချိုက်ဓားများ ကိုင်ဆောင်ထားပြီး ရွာသေးသေးမို့ အပြင်ဘက် ၅ ယောက်ဝိုင်းထားပြီး အတွင်းကို လက်နက်နဲ့ ၃ ယောက်ဝင် လာကြသည်။ပရိသတ် လူအင်အား များသော်လည်း လက်နက်မို့ ကြောက်ကြသဖြင့် တုတ်တုတ်မျှ မလှုပ်ရဲ။ရွာလူကြီးတစ်ဦးကို မေးတာ ကောင်းကောင်းမဖြေဟုဆိုပြီး သေနတ်နှင့် ရင်ဝဆောင့်လိုက်ရာ ပက်လက်လန် ကျသွားပြီး မထရဲတော့။မဏ္ဍပ်နဲ့ မီးစက်ကြား ကွင်းကျယ်လေးရှိသည်။ထိုကွင်းကျယ်ထဲသို့ လူများကို သူတို့တွင်ပါသော လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ ကျားမခွဲထိုင်ခိုင်းပြီး အမျိုးသမီးများ လက်ဝတ်လက်စား၊ ရွှေများအားလုံး ဖြုတ်၍ပေးကြရသည်။အမှောင်ကျသွား၍ ကျွန်တော်က ဆိုင်းဝိုင်းထဲက ကောင်းကောင်းမမြင်ရ နည်းနည်းလှမ်းနေသည်။အသံကသာ အုပ်အုပ်နဲ့ကြား ရသည်။တစ်ချက်တစ်ချက် ပိတ်ရိုက်လိုက်သည့်အသံမျိုးကြားတော့ လူတွေအသံက ပို၍ငြိမ်သွား သည်။ထိုအချိန်တွင် ဘေ ထိ ထိ ထိ ထိဟု ပတ်မတီး ဘကြီးအေးက သူ့ပတ်မကြီးကို အေးအေး သက်သာ တီးလိုက်သည်။ကျွန်တော်က ဆိုင်းဝိုင်းထဲကနေ၍ ဓားပြတိုက်နေတာတောင် အေးအေး ဆေးဆေး ပတ်မကြီး စမ်းတီးလိုက်သော ဘကြီးအေးသတ္တိကို စိတ်ထဲမှ ချီးကျူးနေစဉ် ဒိုင်းခနဲ သေနတ်သံက ထွက်လာပြီး ဆိုင်းဝိုင်းနားက မန်ကျည်းပင်ကြီးလာမှန်လို့ မန်ကျည်းပွေးများ ကျွန်တော့်အပေါ် ကျလာသည်။ဓားပြများက ဆိုင်းသံကြား၍ ကျွန်တော်တို့ဆီ လှမ်းပစ်လိုက်ခြင်း ဖြစ်သည်။ဆိုင်းနောက်ထိုင် ကိုမန်းစိန်က "ဆိုင်းဆရာ ခင်ဗျားကိုပစ်တာ ထွက်ထွက်" ဟု မင်းပေါက်ကနေ ကျွန်တော့်ကို အတင်းဆွဲယူသည်။ကျွန်တော်လည်း ဆိုင်းဝိုင်းဘေးနား ထိုင်လိုက် ရသည်။"ဓားပြတိုက်တာ ဂရုစိုက်လို့" ဘကြီးအေးက ပြောလိုက်သေးသည်။သူ့စကားဆုံးကာ ရှိသေး နောက်ထပ် ဒိုင်းခနဲတစ်ချက် ကြားလိုက်ရသံနဲ့ အတူ ဂွမ်းခနဲ ချိတ်ထားသော မောင်းကြီး ကို ထိမှန်သွားပါသည်။ဓားပြများက ကျွန်တော်တို့ကို ဒေါသဖြစ်သွားပုံရပြီ။ ဆိုင်းနောက်တွင် မဏ္ဍပ်အကာ ပိတ်ကာထားသည်။အခြား ရှောင်တိမ်း၍မရ ဆိုင်းနောက်တွင် ဝပ်နေချင်နေ မနေချင် မဏ္ဍပ်ပေါက်ရောက်အောင်ထွက် ဒါပဲရှိသည်။ထိုအချိန်တွင် အချက်ပေးလေချွန်သံ တစ်ခု ထွက်လာသည်။ကျွန်တော်တို့ ဆိုင်းရှိရာ လက်နှိပ်ဓာတ်မီးရောင်တစ်ချက်လက်သွားသည်။ လေချွန်သံက ပို၍ စူးစူးရှရှပေးနေသည်။စောစောက ကွင်းကျယ်က ရွှေတွေ ဖြုတ်ယူနေသော ဓားပြ ၃ ယောက် ချက်ချင်းပြန်ဆုတ်ကြသည်။ဆုတ်ရင်းက ရွာစည်းရိုးဘေးရှိ သူတို့အစောင့် များနဲ့ ပေါင်းမိလာသည်။အခြေအနေကား တစ်မျိုးဖန်တီးလာသည်။ဤရဲမွန်တောင်ရွာ အလှူတွင် ဓားပြတိုက်လိမ့်မည်ထင်သည်။ တောထဲတစ်နေရာတွင် နတ်တင်ထားသည်ကို ရွာသားတစ်ဦးက တွေ့၍ ကြိုတင်အကြောင်းကြားခဲ့သဖြင့် အခြားကျေးရွာ လုံခြုံရေးများ ၃၊ ၄ ရွာ စုပေါင်းပြီး ဓားပြများကို ပြန်လည်ဝိုင်းထားလိုက်နိုင်ခြင်း ဖြစ်သည်။ဓားပြများက ချက်ချင်း သူတို့လူများ

စုစည်း၍ ခေါင်းဆောင်က ရွာအရှေ့ဘက်မှ ထွက်သွားသည်။အနောက်ဘက်တွင် ရွာများရှိနေ၍ အရှေ့ဘက် ထွက်ကြခြင်းဖြစ်သည်။ကျေးရွာ လုံခြုံရေးများရဲ့ သတ္တိနဲ့ညဏ်ကို ကျွန်တော် ချီးကျူးမိသည်။ဓားပြများကို အနောက်ဘက်ကပင် တမင်လူယောင်ပြ၍ ခြောက်ထုတ်လိုက်သည်။သူတို့ ပြေးစရာကလည်း အရှေ့ဘက် ကွင်းသာရှိသည်။ဓားပြများကလည်း လွတ်လောက်ပြီ အထင်နှင့် ရွာအရှေ့ဘက် လယ်ကန်သင်းရိုးနားမှတစ်ဆင့် သရက်ခြံရိုးဘက်သို့ လှမ်းအကူးတွင် ဒိုင်းခနဲ မြောက်ဘက်ကတစ်ချက် နောက်ထပ် ဒိုင်းဟူ၍ နောက်တည့်တည့်ကတစ်ချက် လုံခြုံရေးက လှမ်းပစ်လိုက်ပြီး လက်နက်ချခိုင်းလိုက်သည်။ရှေ့က သရက်ခြံထဲကလည်း လုံခြုံရေးက ရှိနေသည်။တောင်ဘက်ကလည်း ရှိနေပြီ၊ ဘယ်မှပြေးမလွတ်။ဓားပြများကို ဝိုင်းထားသူများက စုစုပေါင်း လူ ၆၀ လောက် သစ်ပင်များ၊ ကန်သင်းရိုး အမြင့်များ ရရာနေရာယူထားပြီး သေနတ်က ၁၅ လက်လောက် ရှိသည်။ကျန်တာ ဓား ရရာလက်နက် ဓားရှည်၊ ဓားမ၊ လှံ၊ တောထိုးခက်ရင်း၊ ဓားပြများ မတတ်သာ၍ လက်နက်ချလိုက်ကြသည်။သို့သော် ခေါင်းဆောင်က လက်နက်မချ သူ့သေနတ်ပိုက်၍ မြေပြင်လှိမ့်ပြေးသည်။သရက်ခြံရိုး ရှေ့နားတွင် ချောင်းကလေးရှိသည်။ ချောင်းကလေးက ရေခန်းနေ၍ ချောင်းရိုးအတိုင်း ပြေးသည်။လူလွတ်သွားပြီ ထင်ရသည်။ သို့သော် အရှေ့တောင်ထောင့်ထိပ်က စောင့်နေသောသူက ချောင်းရိုးအတိုင်း ပြေးလာသည်ကို မန်ကျည်းပင်ကွယ်မှ မြင်နေရသည်။ချောင်းဘေးရှိ ချုံစပ်အကွယ်ရှိရာသို့ သူကဆင်းပြီး ထိုင်နေလိုက်ကာ လွယ်အိတ်လွယ်ရင်း သေနတ်ကိုင်ပြေးလာသောသူကို သူ့နားအရောက်တွင် လက်တွင် ပါလာသောလှံနှင့် ထိုးချလိုက်ရာ လှံက ဗိုက်မထိဘဲ ပေါင်ထိုးမိသွားသည်။အားများသော သူ့လှံက ပေါင်ကို ထုတ်ချင်းခတ် ပေါက်သွားကာ ရှေ့ဟပ်ထိုးလဲကျအသွားတွင် သူက ခုန်အုပ်လိုက်ပြီး ထိုလူ၏လည်ပင်းကို ညှစ်ထားသည်။ဓားပြဗိုလ်မှာ သေနတ်ကလည်း လွတ်ကျသွားပြီး ပေါင်ကလည်း လှံကြီးတန်းလန်းနှင့်မို့ ဘာမှပြန်၍မခုခံနိုင်တော့။ဓားပြများကို သက်ဆိုင်ရာ လုံခြုံရေးများက ဖမ်းဆီးခေါ်သွားပြီးနောက် ပါသွားသော ရွှေတွေကို မဏ္ဍပ်တွင်းယူလာပြီး ကိုယ့်ပစ္စည်း ကိုယ်ယူရန် ရွာလူကြီးက ပြန်လည်ပေးနေသည်။ မီးစက်က ပြန်လည်ခုတ်မောင်းကာ မီးထွန်းလိုက်ပြီမို့ မဏ္ဍပ်တစ်ခုလုံး လင်းလင်းချင်းချင်း လူတွေမျက်နှာကလည်း အကြောက်ပြေကာစ ပြုံးပြုံး။ထိုအချိန်တွင် ပတ်မတီး ဘကြီးအေးက သူ့ပတ်မကြီးကို ပြန်လည်စမ်းသပ်လိုက်သည်။

"ဘော ထီ ထီ ထီ ထီ"

သည်တစ်ခါတော့ သူတီးလိုက်သည့် ပတ်မသံကို အားလုံးက သဘောကျ၍ ရယ်မောနေကြပါပြီ။

* * *

**"ရွှေဝါရောင် သန့်ရှင်းကို လူထုက မဲပေးကြသည်။ ကျွေးတာကိုစား ပေးတာယူထား ဖက်ဆစ်နဲ့ ဒီမိုကရေစီ အားလုံးသိသည်။မဲပေး မမှားဖို့ နှိုးဆော်သည် ခြိမ်းခြောက်တာ ဒို့မကြောက်ပြီ။ရဲရဲဝံ့ဝံ့ရင်ဆိုင်သည့် သန့်ရှင်းပေး သန့်ရှင်းလာပြီ . ."** ၁။ သူ့ခေတ်နဲ့သူ အလွန်တွင်ကျယ်သောသီချင်း၊ လူကြိုက်များသောသီချင်း ဖြစ်သည်။သန့်ရှင်းတည်မြဲကွဲသော ခေတ်တွင် ပေါ်လာသောသီချင်းဖြစ်ပြီး သန့်ရှင်းက ဝန်ကြီးချုပ်ဦးနု၊ သခင်တင် ခေါင်းဆောင်ပြီး အဝါရောင်၊ တည်မြဲက ဦးဗဆွေ၊ ဦးကျော်ငြိမ်း ခေါင်းဆောင်ပြီး အနီရောင်။ အနီရောင် သီချင်းကတော့ ထွက်မလာ။ အဝါရောင်သီချင်းကတော့ လူကြိုက်များ၍ နေရာတကာမှာပင် သီဆိုနေကြသည်။ ကျွန်တော်ကိုယ်တိုင်က အဝါကို နှစ်မြို့လာသည်။ဘာကြောင့် အဝါကြိုက်

သည်ဟူမူ အနုပညာသုခုမဘာဝ သဘင်သည်ဘဝကို အချို့က အထင်မြင်သေးတတ်ကြသည်။ လေးစားသူတွေရှိသလို သဘင်သည်ဆိုလျှင် ညာစားသော လူတွေပါဟု အချို့ ပစ္စည်းနေကြယ်ဝသူတို့က ထင်မြင်တတ်ကြသည်။သဘင်သည်ဘဝက ငွေကြေးခန ကြွယ်ဝချမ်းသာသောသူအဖြစ် ရောက်ရန်ခဲယဉ်းသည်။သို့သော် ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ သူမြတ်နိုးသော သဘင်သည် အနုပညာရှင်ဘဝကို လေးလေးစားစားမြတ်နိုးကြသည်။အနုပညာထဲတွင် အမှန်တရားများ၊ ဘဝသရုပ်မှန်များက အမြဲတစေ ဖော်ထုတ်လျက်ရှိသည်။ထို့ကြောင့် အနုပညာသည်ဆိုလျှင် အမှန်တရားဘက်ကို အားစိုက်လာလေ့ရှိသည်။အနုပညာသဘောတွင် ဖိနှိပ်ခြင်းကို လွန်စွာစက်ဆုပ်သည်။ရွံရှာသည်။ဖိနှိပ်သည့်အမှုများကို အမြဲတစေ တွန်းလှန်တတ်သည်။ အမှန်တရားကို မြတ်နိုး၊ ဖိနှိပ်မှုကို သည်းခံတတ်ခြင်း၊ ဆင်းဆင်းရဲရဲဘဝကို ကောင်းစွာရင်ဆိုင်နိုင်ခြင်းများ ဖြစ်လာသည်။

၁၉၅၆ ခုနှစ်က ဆိုဗီယက်နိုင်ငံသို့ မြန်မာနိုင်ငံက ယဉ်ကျေးမှုအဖွဲ့ စေလွှတ်သည်။ ထိုစဉ်က ဝန်ကြီးချုပ်မှာ ဦးဗဆွေဖြစ်သည်။နိုင်ငံခြားမသွားခင် အစမ်းပွဲကပြကြရာ ကျွန်တော့်အစ်ကို ဦးစိန်လှမောင်၏ ပဏာမ စောင်းအခန်းတွင် လက်ညှိုးလေး ပါးစပ်ထဲသို့ ထိုးသွင်း၍ တံတွေးလေး ဆွတ်ဆွတ်တီးသည့်အချိန်၊ ဆိုင်းဆရာဘဝကလာသောကြောင့် ကြမ်းတမ်းသောလက်ကို နူးညံ့သွားအောင် တံတွေးလေး ဆွတ်တီးရာက အကျင့်ပါလာခြင်းဖြစ်သည်။လက်က နူးညံ့သွားမှ စောင်းသံက ချိုလာသည်။ထိုအစမ်းပွဲအပြီး ဦးဗဆွေက အစ်ကို့အား လက်ကို တံတွေးတို့မတီးရန် နိုင်ငံခြားတွင် နိုင်ငံခြားသားများအမြင်တွင် အရုပ်ဆိုးနေမှာစိုး၍ သတိပေးလိုက်သည်။အစ်ကိုတို့အဖွဲ့ ဆိုဗီယက်ရောက်တော့ သူတို့အဖွဲ့ကို ကားဖြင့် လိုက်ပို့ရာ မောင်းသူက သူကားမောင်းသည့်နေရာမှ ပလတ်စတစ်ဘီးကိုယူပြီး ပါးစပ်ထဲက တံတွေးများ ထွီး ထွီး ထွီးဟု သုံးလေးခါ ဘီးပေါ်ထွေးချလိုက်ပြီးမှ ခေါင်းဖြီးသည်။ခေါင်းလိမ်းဆီအစား တံတွေးကို အသုံးပြုရခြင်းဖြစ်သည်။ဤအဖြစ်အပျက်ကို အစ်ကိုပြန်ရောက်လာတော့ ပြောပြသည်။ အနုပညာသမားဘဝမှာ မဟုတ်မခံတတ်သောစိတ်များ ရှိနေတတ်သည်။ဦးကျော်ငြိမ်းကိုလည်း ကျွန်တော် သတိထားမိသည်။ နိုင်ငံရေးတော်သူ စိတ်မြင့်သူဟု နိုင်ငံရေးလောကသားများ၏ ပြောဆိုချီးကျူးခြင်း ခံရသူဖြစ်သည်။သို့သော် ကျွန်တော်တို့ နိုင်ငံလွတ်လပ်ရေးရပြီးကတည်းက မငြိမ်သက်တော့။သူပုန်က နေရာတိုင်း၊ နယ်တိုင်းမှာရှိ၏။ကျွန်တော် အင်္ဂလိပ်ခေတ်ကို နည်းနည်းလေး မီလိုက်သည်။ထိုခေတ်ကို လူတွေက အခါကောင်းတုန်းက အခါကောင်းတုန်းကဟု ပြောပြောနေကြသည်ကို ကျွန်တော် တွေး၍ တွေး၍ ရှက်မိသည်။အင်္ဂလိပ်ရဲ့ ကျွန်ဘဝနေရစဉ်ကာလကို အခါကောင်းတုန်းက အခါကောင်းတုန်းကဟု ပြောကြသည်မှာ လေးလေးနက်နက် တွေးလေ ရှက်စရာကောင်းလေ။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အသက်သွေး တော်လှန်ရေး၊ အရပ်သားတော်လှန်ရေး၊ ရဲဘော်တို့၏သွေးများဖြင့် သမိုင်းအဆက်ဆက် တိုက်၍ယူခဲ့ရသော လွတ်လပ်ရေး မြန်မာလို ရက်တွက်ရင် ဗိုလ်ချုပ်တို့ ကျဆုံးပြီးနောက် လွတ်လပ်ရေးရခဲ့သည်။လွတ်လပ်ပြီးနောက် နိုင်ငံတော်အေးချမ်း တည်ငြိမ်အောင် မအုပ်ချုပ်နိုင်ကြသည့်ပြင် သူ့လူကိုယ့်ဘက် လိုက်ပေးကြရရင်းက ကွဲပြဲရခြင်းဖြစ်သည်။

ကျွန်တော်သည် ဆိုင်းသမားတစ်ယောက် ဆိုင်းဆရာတစ်ယောက်ဖြစ်သော်လည်း သာမန်ဆိုင်းသမားတစ်ယောက်ဟု ခံယူမထားပေ။ဂီတချာလျှင် လူမျိုးချာသည်၊ ဂီတသာမှ

လူမျိုးသာသည်ဟုသိရှိပြီး နိုင်ငံတော်၏ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို တစ်ထောင့် တစ်နေရာက ထိန်းသိမ်းနေသူ၊ စောင့်ရှောက်သူ၊ ပြုစုပျိုးထောင်သူအဖြစ် ကိုယ့်ကိုယ်ကိုယ် တာဝန်သတ်မှတ်ထားသည်။သူ့ကျွန် မခံမည်သူ၊ ကျွန်မျှမခံလို အမျိုးသားရိုးရာတေးဂီတကို တီးမှုတ်နေသောသူ ဖြစ်သည်။ သန့်ရှင်းတည်မြဲကွဲပြီးနောက် တည်မြဲဘက်က သတင်းသန့်သန့် ထွက်လာသည်။သန့်ရှင်းတည်မြဲကွဲသောအချိန်တွင် ဆောင်ပုဒ်တစ်ခု ထုတ်လိုက်သည်။

**"ဘယ်သူတရားပျက်ပျက် ကိုယ်က တရားမပျက်စေနှင့်"**

ကျွန်တော်ထင်ပါသည်။ကျွန်တော်တို့လို ပုဂ္ဂိုလ်ခင်၍ တရားမင်သွားသောသူတွေ ထိုအချိန်က အများကြီးဖြစ်ပါလိမ့်မည်။သန့်ရှင်းဘက်က ထွက်လာသော ရွှေဝါရောင်သီချင်းကို မတ္တရာအလှူမှာ ကျွန်တော်တီးစဉ် ပရိသတ်က လွန်စွာအားပေးသည်။မန္တလေးမြို့ပေါ် အလှူတွေမှာလည်း ရွှေဝါရောင်သီချင်းကို အလှူတိုင်း တီးခိုင်း၍ အလှူတိုင်းမှာ တီးရသည်။ သို့သော် ယခုသွားတီးမည့်အလှူကတော့ ငါန်းဇွန်ဖြစ်သည်။အလှူ့ဒါယကာ ဦးလွင်က တည်မြဲ၊ ကျွန်တော်သွားတီးသောအချိန်က ၆ လောင်းပြိုင် သတ်ထားမှုက ပူပူနွေးနွေးရှိသေးသည်။ ကျွန်တော့်ဆိုင်း ငါန်းဇွန်ရောက်တော့ ဆီးမေးကြသည်။ည ရွှေဝါရောင်သီချင်း တီးမှာလား၊ ရွှေဝါရောင်သီချင်း တီးမှာလား။အလှူ့ဒါယကာ ဦးလွင်က တည်မြဲဆိုတာ ကျွန်တော် သိထားပြီ။ တည်မြဲနဲ့ ရွှေဝါရောင်သီချင်းနဲ့ဆိုတာ ဘုန်းကြီးနဲ့ဘီး ဘယ်လိုမှ မအပ်စပ်။ကျွန်တော်တို့ဆိုင်း အလှူမဏ္ဍပ်ထဲဆင်ပြီးတော့ အလှူ့ဒါယကာ ဦးလွင်က ကျွန်တော့်ကို ခေါ်ပြောသည်။

"ဆိုင်းဆရာ ကျွန်တော်ကတော့ တည်မြဲ အနီပဲ။ဒါပေမဲ့ အလှူမှာ လုပ်တဲ့ကိုင်တဲ့ ဆောင်ရွက်တဲ့သူတွေက အဝါတွေ (သန့်ရှင်းဆိုလိုသည်) အလှူလာကြမည့်သူတွေကလည်း အဝါတွေ၊ ဒီတော့ ညမှာ သူတို့ခိုင်းတဲ့ ရွှေဝါရောင်သီချင်း တီးပေတော့။ အားလုံး လုံခြုံရေး အတွက် စစ်တပ်ကို ခေါ်ထားတယ်"ဟု ပြောပါသည်။ကျွန်တော် ဆိုင်းစမတီးခင် နေဝင်ဖျိုးဖျ အချိန် စစ်တပ်ကရောက်လာပြီး မဏ္ဍပ်အပြင်ဘက် ပတ်ပတ်လည်စောင့်နေပါသည်။

မန္တလေးမြို့ပေါ် တီးရတာနဲ့မတူ။နယ်မှာ ဆိုင်းတီးရတာက ဆိုင်းကို ဂရုစိုက် နားထောင်သူ များပြားသည်။ညဦးပိုင်း ဆိုင်းတီးလုံးများ အလှူသီချင်းများ တစ်ပုဒ်ပြီးတစ်ပုဒ် တီးနေစဉ်ကပင် ရွှေဝါရောင်သီချင်းကို ဆိုခိုင်းသော စာတွေက ဆိုင်းဝိုင်းပေါ်မှာ အစီအရီ တစ်ပုံကြီး။တီးပါ့မယ်ဆို ကတိပေးပြီး သူ့ကိုမတီးသေးဘဲ ကိုယ်တီးချင်သော သီချင်းတီးလုံးများကို တီးရသေးသည်။ ဤအချိန်များတွင် ပရိသတ်ထဲတွင်လည်း ရွှေဝါရောင်သီချင်း တီးမည် ရွှေဝါရောင်သီချင်းတီးမည် ဟု တစ်ယောက်နဲ့တစ်ယောက် ပြောနေကြပြီ။ရွှေဝါရောင် သီချင်းရေးသူဆရာက ဘယ် အသံနှင့် ရေးလိုက်သလဲ ကျွန်တော်မသိပါ။ကျွန်တော်ကတော့ ငါးပေါက်နဲ့ တီးသည်။ သကြ်န်ဒိုး အဆစ်တန့် ဘေတိုး တူးပို့ တူးပို့ တူး မြူးမြူးကြွကြွ လင်းကွင်းကြီး စည်တို၊ နှဲက ငါးပေါက် ညာညှစ်သံများနဲ့အတူ ရွှေဝါရောင်သီချင်းတီးသောအခါ ပရိသတ်ကြီးက အသက်ပင်မရှူဟု ထင်ရလောက်အောင် ငြိမ်ငြိမ်သက်သက် နားထောင်သည်။

ကျွန်တော့်ဘဝတွင် စစ်တပ်အစောင့်အရှောက်ဖြင့် တီးမှုတ်ခဲ့ရသော သီချင်းဟူ၍ လည်း ရွှေဝါရောင်သီချင်းတစ်ပုဒ်သာ ရှိခဲ့ပါသည်။

လေးစားအပ်သော ပုဂ္ဂိုလ်တစ်ယောက်ကိုလည်း ကျွန်တော် တွေ့ခဲ့ရသည်။ထိုသူမှာ မိမိပြိုင်ဘက် နိုင်ငံရေးအဖွဲ့အစည်း၏ စည်းရုံးလှုံ့ဆော်ရေးသီချင်းကို တီးခွင့်ရအောင် စီစဉ် ဆောင်ရွက်ပေးသူ အလှူ့ဒါယကာ ဦးလွင်ပင် ဖြစ်ပါသည်။

* * *

ဆရာကြီးဒဂုန်ရွှေမျှား၏ ဘာသာပြန်ဝတ္ထုများ ဖတ်ရသည်မှာ အရသာရှိလှပါသည်။ စာပေကို လူတိုင်း ဝါသနာမပါတော့ မဖတ်ချင်ကြတာကိုတွေးပြီး အလွန်နှမြောပါသည်။မုဆိုးကြီး အလန်ကွာတာမိန်းနှင့် အာဖရိကတောနက်ကြီးထဲဝယ် အသည်းတအေးအေး ရင်တမမဖြင့် တစ်ခါတစ်ရံ ရောက်သွားတတ်ပါသည်။လူဖြူဘုရင်မဝတ္ထုကို ဖတ်သည့်နေ့က မနက်စာ လွတ်ပါသည်။တောတွင်း လူရိုင်းများ တွင်ရှိတတ်သော စကားထုံးစံများ ရက်စက်ကြမ်းကြုတ်မှုနှင့်အတူ ရိုးသားဖြောင့်မတ်ခြင်း၊ အယူသီးခြင်း စသည်တို့ပဲ မကြာမကြာ ကြုံရပါသည်။အင်္ဂလိပ် စာရေးဆရာကြီး ဆာရိုက်ဒါဟက်ဂတ်၏ အကွက်စေ့စေ့ ရေးသားတတ်ပုံမှာ ဖတ်ကြည့်မှ သိရသည်ဟုလည်း ပြောရပါမည်။မိန်းမသားများ၏အလှကို ဖော်ကျူးရာတွင်လည်း မြန်မာလို ပဒုမ္မဇာ ဆင်းသိင်္ဂီလှ မျက်တောင်ကော့ညွတ်ကွေးဟု ဖော်ပြမနေဘဲ သဘာဝအလှ မိန်းမသားတို့တွင် ရှိသင့်သည့် ယောကျာ်းများ တဖိန့်ဖိန့် တရှိန်းရှိန်းထအောင် ရေးပြတတ်ပြီး ကြောက်မက်ဖွယ်ရာ အခန်း၊ ဘေးအန္တရာယ် အခန်းများဆိုလျှင်လည်း ဖတ်သူပင် ဒုက္ခရောက်နေသလို ထင်ရအောင် ရေးစွမ်းနိုင်သည့် စာပေများဖြစ်ပါသည်။ဆရာမင်းသုဝဏ်၏ ကဗျာများကား မြန်မာ့ယဉ်ကျေးမှုကို များစွာကြီးမြင့်စေပါသည်။သားရှင်ပြုအလှူများတွင် ဆိုင်းတီးနေရသော ကျွန်တော်တို့ဘဝနှင့် ရင်းနှီးသော ကဗျာများကား **"အလို နေခြည်မှာ ရွှေရည်ဝင်းလို့ ဆယ်စင်းလဲမက အဝေးကမှန်းဟိုရွာလမ်း ထီးတန်းကြီး လှပါဘိ။ အလှူ့တကာ၊ အလှူ့အစ်မ ရွှေထီးများ ကွမ်းတောင်ကိုင် အမျိုးသမီး၊ သင်္ကန်းပန်း ကိုင်လာသော အပျိုများ အိုးစည် ဒိုးပတ် ပြောအဖွဲ့စသည့် တေးဂီတကို အနုစိတ် ခြယ်မှုန်းပြသသည်။နဲ့ဆရာ၏ လွမ်းဖွယ်ကြည်နူးဖွယ်၊ ကာလသားများ၏ ရွှဲတိုက်သံများ မြင်းပေါ်က မောင်ရင်လောင်း"** စသည်ဖြင့် ဆရာမင်းသုဝဏ်၏ ကဗျာများက ကျွန်တော့်ကို အများကြီး လူဖြစ်စေပါသည်။ဒေါင်းနွယ်ဆွေ၏ သင်မယုံလည်း သင်ယုံသောအခါ ဤကဗျာသည် **"စီးလာမျက်ရည်စမ်းစမ်း စိမ့်စိမ့်လိမ့်တကား"** ဟူသော စာလုံးလေးများနှင့် အကြောင်းအရာများကို ကျွန်တော့်အသည်းထဲတွင် ပြတ်ပြတ်ထင်ထင် စွဲကပ်ခဲ့ပါသည်။ဇန်းမော်ညို့ရွှဲ၏ လှပသော ကဗျာများကား ကဗျာအရသာကို ခံစားရင်းက ပညာမျက်စိ ပွင့်စေပါသည်။ ဒေးလ်ကာနက်ဂျီရေး၍ ဝန်ကြီးချုပ် ဦးနု မြန်မာပြန်သော လူပေါ်လူဇော်လုပ်နည်း စာအုပ်ကား လူတစ်ယောက်ကို လူတောထဲ ကောင်းစွာဝင်ဆံ့နိုင်ရန် မီးရှူးတန်ဆောင် ဖြစ်ပါသည်။ ရွှေလှုန်ဗိုလ်ကတော် ခေါ် မင်းကြီးကတော် ခင်ဆုံရေးသည့် ရဝေနန်းသီချင်းခန်းတွင် **"သိသိကြေ ထုံးလိုမှုန်းရ အာဏာပြင်းတယ်၊ ရာမမင်းထွဋ်ဦးငယ်ဖွေ့"**ဟူသော အရေးအသားကား ရန်အပေါင်းကို စိစိညက်ညက်ကြေ ထုံးလိုချေ ရေကိုနှောက်ခါ အောင်မြင်တော်မူသော အာဏာ တန်ခိုးကြီးမြင့်တော်မူသည့် ဘုရင်မင်းကြီးဟူ၍ အဓိပ္ပာယ်ထွက်ကာ အလွန်အတုယူဖွယ် အရေးအသားဖြစ်ပါသည်။ပါရဂူ၊ ရွှေတည်လျှောင်တို့ကျေးဇူးကြောင့် အိန္ဒိယစာဆိုတော်ကြီး ရာဘင်ဒြာနသ်တဂိုး၏ စာပေများကို ဖတ်ခွင့်ရပါသည်။တဂိုး၏ ကာဗူလီဝါးလားဝတ္ထုကို ကျွန်တော် အလွန်သဘောကျပါသည်။ တဂိုးဝတ္ထု၏ ထူးခြားချက်များကား ဝတ္ထုတစ်ပုဒ်စီ တစ်ပုဒ်စီတွင် သူ့အရသာနှင့်သူ သိသိသာသာကြီး ခြားနားနေခြင်း ဖြစ်ပါသည်။တဂိုး၏ ဂီတဥ္စလီ ဥယျာဉ်မှူး ကဗျာများကား အတန်းကျောင်းမနေခဲ့ရသော ကျွန်တော်တို့ဘဝအတွက် အားသစ်များစွာ လောင်းပေးပါသည်။တဂိုးကို ကျွန်တော် ကြည်ညိုလေးစားလွန်းသဖြင့် သူ့ရုပ်ပုံကို ကျွန်တော့် သီချင်းစာအုပ်ကြီးတွင် ရေးဆွဲထားပါသည်။

ကျွန်တော်သည် ပန်းချီဝါသနာပါပြီး ပန်းချီမတတ်ပါ။သို့သော် တဂိုး၏ပုံကို ကျွန်တော် ခဲဖြင့် ဖြည်းဖြည်းချင်း ဆွဲပါသည်။လူ့ဘဝတွင် ကျွန်တော်သည် လူပုံ သုံးပုံသာ မှတ်မှတ်ရရ မှတ်တမ်းတင်အဖြစ် ဆွဲဖူးပါသည်။ထိုပုံများမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တဂိုးတို့၏ပုံများနှင့် ကျွန်တော့်ချစ်သူ၏ပုံပင် ဖြစ်ပါသည်။ ဆရာကြီး ရွှေဥဒေါင်း၏ အရေးအသားများကား ကဗျာ မဆန် မဖွဲ့မနွဲ့ ရိုးရိုးရှင်းရှင်းကြီးများဖြင့် စေ့စေ့စပ်စပ်ရှိလှပြီး စိတ်ဝင်စားဖွယ်၊ လေ့လာ မှတ်သားဖွယ် ကောင်းလှပါသည်။မောင်ရင်မောင်၊ မမယ်မဝတ္ထုကိုရေးသော ဂျိမ်းစ်လှကျော်ကို ကျွန်တော်များစွာ အံ့သြပါသည်။သူ၏အရေးအသားများက အချက်အလက်စုံစုံလင်လင် အချိတ် အဆက် အလိမ်အဝှက် အပြောက်ကလေးများနှင့် စုံထောက်ဇာတ်လမ်းလိုလို ဖတ်ရင်း အသည်း တအေးအေး ခံစားရပါသည်။ဗန်းမော်တင်အောင်၏ ဘုန်းမောင်တစ်ယောက်တည်းရယ် ဝတ္ထု ကား လွတ်လပ်ရေးခေတ်ဦးတွင် ကျော်ကြားလှပါသည်။လင်းရောင်ခြည်မဂ္ဂဇင်းက အမေရိကန် နိုင်ငံ၏ အကြောင်းအရာများကို သိမြင်ရပါသည်။နိုင်ငံခြားမဂ္ဂဇင်းများ လိုက်ဖ် စသည်တို့ကို ကြည့်ရှုသောအခါ များစွာ ဗဟုသုတတိုးပွားပါသည်။စာလုံးများ မဖတ်တတ်သော်လည်း အချို့ကို ဓာတ်ပုံများက အဓိပ္ပာယ်ဖော်ပြပါသည်။ဘာပဲပြောပြော လူနေမှုအဆင့်အတန်း မြင့်မားနေပြီမို့ လား။သူတို့မဂ္ဂဇင်းများကို ကြည့်ခြင်းအားဖြင့် သိသာလှပါသည်။ ဆရာဇဝန၏ သုနက္ခ အစိုးရ သည် သုနက္ခ ပြည်သူလူထုကို ဒိသွာ မြင်သည်ရှိသော် ဟီးသိကုံ ညှင်းဆဲအံ့စိမ့်သောငှာ ဒန္ဒ ပုဒ်မ ၅ ကို ဒသန္တေ ပြ၏။ထိုခေတ်က အဖမ်းအဆီးတွင် ရေပန်းစားသော ပုဒ်မ ၅ ကို လောကနီတိလာ ပါဠိဖြင့် သရော်ဘာသာပြန်ထားသည်မှာ ပြောင်မြောက်လှပါသည်။အောင်ဗလ၊ ကြပ်ကလေးတို့၏ ကာတွန်းများကား ဗဟုသုတတိုးပွားသော ဟာဒယရွှင်ဆေးများ ဖြစ်ကြသလို သော်တာဆွေ၏ မယ်တတ်ကုန်းမှာ အခေါက်အခါအခါပြန်ဖတ်မိရပြီး ယခုလည်း ပြန်ဖတ်ချင်၍ ရှာရာ မတွေ့သေးပါ။

ရုရှားသူဌေးကြီး တော်စတွိုင်း၏ စာပေများကို ဘာသာပြန်များ ကျေးဇူးကြောင့် ဖတ်ခွင့်ရ၍ သိရပါသည်။ပြည်သူတို့ဘဝ ခံစားချက် အခြေအနေများ ရေးသားရာတွင် ပီပြင်လှပါ သည်။ဆရာကြီး အိုင်စတိုင်း၏ နိယာမ သဘောတရားများ လေ့လာသောအခါ ကျွန်တော် အူလယ်လယ် ဖြစ်ရပါသည်။အရှေ့မရှိ၊ အနောက်မရှိ၊ တောင်မြောက်မရှိ၊ အထက်အောက်မရှိ ဆိုသည်များကို သေချာစွာစဉ်းစားမှ အဘိုးတန်သော သဘောတရားများဖြစ်ကြောင်း သိရပါ သည်။အင်္ဂလိပ် စာရေးဆရာကြီး ဂျော့ဘားနတ်ရှောကား လူ့ဂွစာကြီးဟု နာမည်ကြီးသလို သူ့အဆိုအမိန့်များကား အထူးမှတ်သားဖွယ်ကောင်းလှပါသည်။တစ်ခါက ချောမောလှပသော မိန်းမပျိုလေးတစ်ဦးက ဂျော့ဘားနတ်ရှောအား "ဆရာကြီးနဲ့ကျွန်မသာရလျှင် အလွန်ချောမော လှပပြီး ပညာဉာဏ်ကြီးတဲ့ သားလေးမွေးမှာပဲ"ဟု ပြောရာ ဆရာကြီးက "မင်းရုပ်နဲ့ ငါ့ဦးနှောက်မျိုး မွေးလာရင် တော်ပါရဲ့။ငါ့ရုပ်နဲ့ မင်းဦးနှောက်လို မျိုးမွေးရင် ပစ်လိုက်ရရော"ဟု ပြန်ပြောလေသည်။စွယ်စုံကျော်ထင်ကျမ်းသည် များစွာသော ဗဟုသုတများရနိုင်သော စာကောင်းပေကောင်း စာကြီးပေကြီးဖြစ်သလို မှတ်ထိုက် သင်ယူထိုက်သော ပညာရပ်လည်း များစွာပါဝင်ပေသည်။ ပြင်စည်မင်းသားရေးသော စိန်မြလျှံခြယ်ကား လွမ်းချင်းအား နူးညံ့သော စာလုံးများဖြင့် ခံစားချက်များကို အသေးစိတ် အနုစိတ်ခြယ်မှုန်းရေးပြထားသည်မှာ အံ့သြဖွယ် ရာပါပေ။ထို့အတူပင် အနောက်နန်းမတော် မမြကလေး၏ ပြာပြာညိုရောင် ပတ်ပျိုးသည် သနားဖွယ်ရာ သူတစ်ယောက်၏ဘဝကို ပီပီပြင်ပြင် ရေးသားဖော်ပြနိုင်စွမ်း ရှိပေသည်။

ကမ္ဘာကျော်ဆရာကြီး ကိုင်ရို၏ လက္ခဏာကျမ်းကား စိတ်ကူးယဉ်ဖြင့် ရေးသားထားခြင်းမဟုတ်ဘဲ သိပ္ပံနည်းကျကျဖြင့် အသေးစိတ်တိတိကျကျ ရေးသားထားခြင်းဖြစ်၍ ကြည့်ရှုဖတ်သူများအဖို့ လွန်စွာပင် အားရကျေနပ်စရာ ဖြစ်ရုံမျှမက လက္ခဏာပညာ လိုက်စားသူများအတွက်ဆိုလျှင် ထိုစာအုပ်ကို သေချာကုန်စင်အောင် ဖတ်မှတ်ပြီး ဆရာတစ်ဆူလုပ်ကိုင်နိုင်ကြောင်း တွေ့ရှိရပေသည်။အမျိုးသား ပညာဝန်ဦးဖိုးကျား၏ ကျိုက်ထီးရိုးသို့ ဘုရားဖူးသွားခြင်းမှာ ကျွန်တော် ငယ်ငယ်ကပင် စွန်းလွန်းမှာနေစဉ် အခါမပျက်ခင် ကလေးဘဝက ဖတ်ဖူးခဲ့သောစာဖြစ်ပြီး စုံစုံမက်မက် နှစ်နှစ်ခြိုက်ခြိုက် ဖြစ်ခဲ့ရပါသည်။မန်လည်ဆရာတော်ဘုရား၏ မဟာသုတကာရီ မာဃဒေဝလင်္ကာသစ်ကား စာမျက်နှာများသလောက် ပြောင်မြောက် ခက်ခဲနက်နဲသော အဓိပ္ပာယ်လွယ်ကူသော၊ အဓိပ္ပာယ် စာကိုယ်အဖြေ ဥပမာ ဥပမေယျ ဥဒါဟရုဏ်များစွာဖြင့် လည်းကောင်း **(နွားနို့ကုလား ထန်းသမားတို့ မုသားမဖက် ရေမစွက်သည် သက်သက်မရှိ ဟူတုံဘိသို့) (ရှေးခါသောက ပဒုမနှင့် ကိန္နရဒေဝီ မဟေသီတို့ မပီလူရုပ်ကို ဖားပြုတ်သို့ မည်းပုပ် နက်ညို ငဆွဲ့အိုနှင့် ပေါင်တိုယောက်ျား သူတို့အားလည်း သွားရှုကိုယ်တိုင် အနိုင်အတင်း စကုန် လျှင်း၏)** ဝါကျတိုတို ထိထိ မိမိရေးသားထားသော အံ့မခန်းစာများပါတည်း။ဆရာကြီး စလေ ဦးပုညကား စာဗေဒင်ဟု ခေါ်ရမလောက်တည်း။သိဟ်၊ မေထုံ၊ မကာရ သုံးဌာန ရာသီကွက် မလပ်ဂြိုဟ်မှီမူ ကြိုက်ရာမှီပူး ပါရမီကံထူး ကြီးမြောက်လို့ ထီးထောက်ဖို့ ချီးမြောက်လို့ မကုန်တယ် အာဏာဂုဏ်ကဲမြင့် လွန်ကြူးရှစ်ဆယ်ပေါ် ထပ်ကွန့်တေးထပ်ကြီးကို နိုင်နိုင်နင်းနင်း ရေးပြ လိုက်ပြီး စာကိုယ်အဓိပ္ပာယ်မှာ တစ်စုံတစ်ယောက်၏ ဇာတာခွင်ရှိ ၁၂ ရာသီစက်တွင် သိဟ်ရာသီ၊ မေထုံရာသီ၊ မကာရရာသီများ၌ ဂြိုဟ်များတည်ရှိလျှင် ထိုသူသည် ပါရမီထူးသော အာဏာရှိ၊ ဂုဏ်ရှိ၊ ချီးကျူးမကုန်သောသူဖြစ်သည်ဟု ရေးပြထားခြင်းပင် ဖြစ်ပေသည်။

တစ်ဖန် သူ့အား စာပြိုင်လာသူ အချုပ်တန်းဆရာဖေအား **(ခါးတောင်းကျိုက် ပိတုန်းပိတ်ငယ်နှင့် ကျုံးထိပ်က ငဖေ ကုန်းပြိတ္တာတစ္ဆေလို အသရေဟိတ်နွမ်း)** တစ်ဘက်သားအား ဥပမာပေး၍ မနိုင်နိုင်အောင် ရေးပြထားသည်မှာ မခံချိမခံသာ ရှိစေလှပါသည်။အချုပ်တန်း ဆရာဖေကြီးကလည်း ထူးခြားသောပညာရှင် ဖြစ်ပါသည်။သူ့ပြိုင်ဘက် စလေဦးပုညအား **(သပြေမှာ ကဝေမြောက်သူမို့ စလေရောက် သူပါ။မင်းလှဘွဲ့ သခ်ရာ ရွာစည် ရွာပိုင်စား မောင်ပုည ခေါ်ဆိုသည်။ညာရွှေကိုယ် လက်က မအား)** အဓိပ္ပာယ်မှာ မင်းကသာ ငါ့ကို ကုန်းပြိတ္တာတစ္ဆေနဲ့ တူသလေး ဘာလေးနဲ့ တကယ်တော့ မင်းက ဘုရင်ချီးမြှင့်လို့ မင်းလှ သခ်ရာဘွဲ့နှင့် ရွာစည် ရွာစားရသူဖြစ်ပေမယ့် ညာလက် မသန်ဘူး။ကိုယ်အင်္ဂါ ချို့တဲ့တယ်။ ငါလို စင်းလုံးချော ကြွားကြွားရွားရွား မဟုတ်ဘူးဟု ဆိုလိုခြင်းဖြစ်ပါသည်။တကယ့်ပုဂ္ဂိုလ်များ ပါပေ။ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်းတို့လည်း နန်းတွင်းစာဆိုတော်များဖြစ်သည်။တစ်ခါက ရွာတစ်ရွာသွားရာ အမျိုးသမီးတစ်ဦးက အိမ်သာပေါ်တက်၍ ရှူးရှူးပေါက်သည်ကိုတွေ့ရာ ဖိုးသူတော်ဦးမင်း ရုတ်ချည်း စာဆိုလိုက်သည်မှာ **(မဆင်ဘဲရယ်နဲ့ ဖြုန်းခနဲ တက်လို့ရွာ အိမ်သာ က မိုး)** ထိုသို့ ဆိုလိုက်၍ ချက်ချင်း လူဦးမင်းက **(ခြေမမှန် ရေပြန်ကို စာဆိုတတ်သူက မိုးမှတ်လို့ ချီး)**ဟူ၍ ဖြည့်စွက်လိုက်ပါသည်။ဆရာကြီး ပီမိုးနင်း၏ စာပေများကား ဘယ်တော့မှ မရိုးနိုင် သော စာများနှင့်တူပါသည်။ထမင်းကို မနက်တိုင်း၊ ညနေတိုင်း စားရသော်လည်း မရိုးပါ။ထို့အတူ ဆရာကြီးပီမိုးနင်း၏ စာပေများကား တန်ဖိုးကြီးကြီး ကြွယ်ကြွယ်ဝဝ အသိဉာဏ်ပညာ အလင်း ရောင် ထွန်းပေးသည့် မီးရှူးတိုင်ကြီးနှင့် တူလှပါသည်။ဇေယျသင်္ခါ ငွေဥဒေါင်း၊ မောင်ထင်၊

တက်တိုး၊ သိပ္ပံမောင်ဝ၊ တက္ကသိုလ်စိန်တင်၊ ကုသ၊ မဟာဆွေ၊ ရန်အောင်၊ ဒဂုန်ခင်ခင်လေး၊ ဇော်ဂျီတို့၏ စာပေများကား ခုဖတ် ခုပျောက်သွားသောစာပေများ မဟုတ်ကြပါ။အရှည်သဖြင့် မှတ်သင့်မှတ်ထိုက် နည်းနာနိသျှယူသင့်သော စာပေများဖြစ်ပြီး တိုင်းပြည်နဲ့ လူမျိုးအကျိုးပြု စာပေများသာ ဖြစ်ပါသည်။တက်တိုး၏ မြန်မာ-အင်္ဂလိပ် အဘိဓာန်များကို ကျွန်တော် မဖတ်နိုင်ပါ။သို့သော် အင်္ဂလိပ်စာလုံးလေး များကို လေးလေးစားစားကြည့်ပါသည်။အသံထွက်များ ခဲခဲယဉ်းယဉ်း ဖတ်ကြည့် ပါသည်။ဘုန်းကြီးကျောင်းသား ကျွန်တော်တို့မှာ အင်္ဂလိပ်စာ မဖတ်ခဲ့ရပါ။ သို့သော် ငယ်စဉ်က ရွာမှာ ဦးလေးချစ်က CAT ကက်က ကြောင်၊ BAT ဘက်က လင်းနို့၊ RAT ရက်တ် က ကြွက်စသည့် တစ်လုံးစ နှစ်လုံးစ သင်ခဲ့ဖူးပါသည်။

ရွာစားစိန်တင်ဟန်

## နောက်ဆက်တွဲ
## (စိန်တင်ဟန်၏ နေ့စဉ်မှတ်တမ်းမှ)

၂၄-၉-၈၁

ယနေ့ နံနက် ၄ နာရီလောက်ထပြီး ခရီးသွားဖို့ ပြင်ဆင်၊ သားတို့နိုး၊ ကျွန်ုပ်တို့လင်မယားနှစ်ယောက် လက်ဆွဲအိတ်တစ်ခုစီ ကြိမ်ချင်းတစ်လုံး အပို ယူပြီးထွက်လာ၊ အိမ်ရှေ့ရောက်တော့ ဆိုက်ကားတွေ့ ၄ား၊ ဘူတာကြီးလာ နှစ်ကျပ်၊ တရုတ်တန်းခုံးတံတားကြီးပေါ်ကဆင်း မြောက်ဘက်ပေါက်က ဝင်လာ၊ ရထားတွဲကြီးက ထိုးထား၏။နည်းနည်းစောနေသေး၍လားမသိ ဘူတာကြီးထဲတွင် လူခပ်ရှင်းရှင်း၊ နံနက် ၆ နာရီရောက်ရန်ဆိုသော်လည်း ကျွန်ုပ်တို့က မိနစ် ၂၀ လောက် စောနေ၏။ညဥ့်ဦးကပင် ထောက်လှမ်းရေးက စစ်ဗိုလ်တစ်ဦးက ရထားလက်မှတ်ပေးသွားသဖြင့် အထူးတွဲဖြင့် လိုက်ရမည်မှန်း သိထား၍ ၎င်းအထူးတွဲနဲ့နီးတဲ့ စကြံထိုင်ခုံပေါ်မှာ ထိုင်ကြ၏။ကျွန်ုပ်တို့ မန္တလေးကလိုက်မည့် အခြားပုဂ္ဂိုလ်များ တစ်ယောက်မှ မမြင်သေး။ဘူတာထဲက လက်ဖက်ရည်ဆိုင်က လည်း မဖွင့်သေး။ကျွန်ုပ်တို့လင်မယားမှာ ယခုအချိန်တွင် နှယ်နှယ်ရရ မဟုတ်ပေ။နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းက ဂုဏ်ပြုညစာစားပွဲ ဖိတ်ကြားခြင်းခံရ၍ ရန်ကုန်သို့ သွားကြရမည့်သူများ ဖြစ်ပေသည်။ကျွန်ုပ်တို့ကို ဖိတ်ကြားခြင်းမှာ သဘင်ကောင်စီ စည်းရုံးရေးကော်မတီဝင်ဖြစ်၍ ကျွန်ုပ်ရော ဇနီးပါ တက်ရောက် ခွင့်ရှိသဖြင့် လာကြခြင်း ဖြစ်လေ၏။၆ နာရီလောက် မြို့တော်သိန်းအောင်ချွေးမ တင်တင်ဝင်းနှင့် ကားမောင်းသူ ရောက်လာ။ သူ့ယောက္ခမ ကန့်ဘလူတွင် ပွဲကနေ၍ မရောက်လာသေးကြောင်း။ရန်ကုန် လိုက်ရမည်လည်း သိထား၍ ယခုနံနက် ရထားများ ဆိုက်လေမလား ပါလာမလား လာကြိုနေ၍ လျှောက် ကြည့်။နောက် ထောက်လှမ်းရေးက တာဝန်ရှိ ပုဂ္ဂိုလ်ရောက်လာ။၎င်းနဲ့နှုတ်ဆက်။ တင်တင်ဝင်းက အကျိုးအကြောင်းပြော ခဏနေ မင်္ဂလာဦးသိန်းအောင် ရောက်လာ။မန္တလေးက သဘင်ကောင်စီဝင် အလုပ်အမှုဆောင်များမှာ မြို့တော် ဦးသိန်းအောင် ဒုဥက္ကဋ္ဌ-၂၊ ဦးသြဘာ အဖွဲ့ဝင်၊ မင်္ဂလာ ဦးသိန်းအောင် အဖွဲ့ဝင်၊ ရွှေနန်းတင် အဖွဲ့ဝင်နှင့် ကျွန်ုပ် ဦးစိန်တင်ဟန် အဖွဲ့ဝင်တို့ ဖြစ်ပေသည်။ ၆ နာရီခွဲလောက် အရှေ့မြောက်ကဖွင့်သော ဘူတာတွင်း လက်ဖက်ရည်ဆိုင် လက်ဖက်ရည်သောက်။ကျွန်ုပ်၏ဇနီးကို ရထားတွဲပေါ် တင်ပေးထားလိုက်၏။ တွဲနံပါတ် ၁။အထူးတွဲ ထိုင်ခုံနံပါတ် ဘီ ၄၊ စီ ၄ နှစ်ယောက်တွဲလျက် ထိုင်နိုင်၏။ ကျွန်ုပ်က လက်ဖက်ရည်သောက် တာဝန်ရှိသူ ဦးကျော်မင်းကို လက်ဖက်ရည် တိုက်။၎င်းကသောက်ပြီး သူ့မိတ်ဆွေတစ်ဦးက ပိုက်ဆံပေးသွား၏။ပေါင်မုန့်

ထောပတ်သုတ် ကျွန်ုပ်က နှစ်ခုစား။ မဖို့ တစ်ခုဝယ်လာ။ရထားထွက်တော့ နံနက် ၆ နာရီ ၄၅ မိနစ်။ ကျွန်ုပ်တို့ လင်မယား၊ မင်္ဂလာသိန်းအောင် ပါလာ၏။နောက် ပန်းချီဦးလှဘော် နောက်တွဲမှာ ပါလာ၏။ကျောက်ဆည်ရောက်တော့ မဏ္ဍပ်ဆရာ ဦးမြမောင် ဖိတ်ကြားခံရသူ ပါလာ၏။ရယ်စရာ မောစရာများပြောကာ လာ၏။မကြာခင် မင်္ဂလာသိန်းအောင်နဲ့ ရင်းရင်း နှီးနှီး ဖြစ်သွား။ထောက်လှမ်းရေးက တာဝန်ရှိသူ ဦးကျော်မင်း၏ ကလေးက ထိုင်ခုံမှာ ပါလာ၏။ ၎င်းက ထိုင်ခုံပြောင်း၍ စီးတတ်၏။အထူးတွဲမှာ ခရီးသည် ခပ်ချောင်ချောင် သာစည်ဘူတာ ရောက်တော့ ထမင်းထုပ် ဝယ်စား၏။တစ်ထုပ် ၅ ကျပ် နှစ်ထုပ်။ကြက်သားဟင်း ပူပူနွေးနွေး ကောင်း၏။ထမင်းနည်း၏။ကောင်းကောင်း မဝချင်။ကျွန်ုပ် မဝမှန်းသိ၍ ဇနီး မစိန်တင်က ထမင်းပေး၏။ ဩော်. . အချစ် အချစ်။ ကျွန်ုပ်တို့နဲ့ အတူပါလာတဲ့ ထောက်လှမ်းရေးက ဦးကျော်မင်း ဗိုက်နာသည်။အစာအိမ် မကောင်းဆို၍ ထမင်းမစား။ရထားတွဲက ဇိမ်ရှိ၏။ အထူးတွဲထိုင်ခုံများဖြစ်၍ ဆိုဖာများ နောက်မှီများ ကောင်းလှ၏။ခြေတင်ရန်အတွက် မိမိထိုင်ခုံရဲ့ ရှေ့ခုံနောက်ကျော အောက်ခြေတွင် ခြေနင်းခုံအရှင် တပ်ထား၏။အနိမ့်အမြင့် လိုသလို လုပ်ထား၏။ ကျွန်ုပ်တို့ ထိုင်ခုံမှာလည်း  အရှင်ဖြစ်၏။ခလုတ်က လက်တင်ထိပ်က သတ္တုဘု လေးအား အထက်ဆွဲ မြှင့်လိုက်လျှင် ထိုင်ခုံနောက်မှီက အောက်နိမ့်သွား၏။ဆိုဖာမှာ အစွပ်များ ပါ၏။ကျွန်ုပ်ဇနီးက မန္တလေးက သူပြုတ်လာသော မြေပဲပြုတ်များပေး၍ စားကြ၏။ဦးသိန်းအောင်၊ ဦးမြမောင်၊ ဦးကျော်မင်းတို့လည်း ပေးလိုက်၏။တောင်ငူဘူတာရောက်တော့ ဩဇာသီးဝယ်စား၏။ ၃ လုံး ၁ ကျပ်။ကျွန်ုပ် တစ်လုံး၊ မ တစ်လုံး၊ ဦးကျော်မင်း တစ်လုံး ဖြစ်၏။ကျွန်ုပ်၏ဇနီးမှာ ကျွန်ုပ်နှင့် ခရီးအလွန်သွားချင်ရှာ၏။ ကျွန်ုပ် ဆိုင်းတီးသောအရပ်များသို့ ခေါ်သွားဖူးသည် မဟုတ် ပေ။ရင်းနှီးသောပွဲများသာ ခေါ်ဖူး၏။ယခုလို ခရီးသွားချင်ရှာသည်ကို သွားရ၍လည်းကောင်း အထူးသဖြင့် သမ္မတကြီး၏ ဖိတ်ကြားခြင်းခံရ၍ ဂုဏ်ပြုထမင်းစားပွဲတက်ရန် သွားသောခရီးတွင် မျက်နှာလေး ကြည်လင်၍ ပျော်နေရှာ၏။အစိမ်းရောင်ဝတ်စုံ ဝတ်ထား၏။ သူ့အသက်သည် ၄၂ နှစ်ဖြစ်သော်လည်း အရွယ်က မကျပေ။လှတုန်း နုပျိုတုန်း ဖြစ်၏။ရိုးရိုးလှတာထက် နည်းနည်း ပိုဝနေ၏။ယခုအကြိမ်သည် ရန်ကုန်မြို့သို့ သူ့အဖို့ ဒုတိယအကြိမ်ဖြစ်၏။တွဲပေါ်တွင် ငိုက်လိုက် အိပ်လိုက်ဖြင့် အားလုံးပါလာကြ၏။အချို့က စာဖတ်ကြ၏။တဖြည်းဖြည်း အဆင့်ဆင့် ဘူတာများ ဖြတ်ကျော် လာခဲ့၏။ရထားကြီးအရှိန်က ကောင်း၏။ရန်ကုန်ဘူတာကြီး ဝင်လာပြီ။တာဝန်ရှိ သူများက ဆီးကြို၏။၎င်းတို့ခေါ်ရာ ပါလာကာ ပန်းချီဦးလှဘော်၊ ဦးမြမောင်တို့ကို ကားတစ်စင်း ဖြင့် ခေါ်သွား၏။ကျွန်ုပ်တို့က ကားတစ်စင်း။ကားကြီးက ကောင်းလှ၏။ တည်းခိုရန်နေရာကား ကချင်ရိပ်သာဖြစ်၏။မစ်ရှင်လမ်း မစ်ရှင်ဘူတာရုံအနီး ဖြစ်၏။ လွှတ်တော်ကိုယ်စားလှယ်များ အဆင့် မြို့နယ်ကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူးများအဆင့်လောက်မှ တည်းခိုရသည်ပြော၏။ ၃ ထပ်တိုက်၊ တစ်ထပ်တည်းရ၏။ ကျွန်ုပ်တို့လင်မယားအတွက် နောက်ဆုံးအခန်းတွင် ပေး၏။ ပေ ၂၀ ပတ်လည်လောက် ကျယ်၏။တွဲလျက် ရေချိုးခန်း၊ ရေအိမ်သာ၊ ထိုင်ခုံပါ၏။ရေချိုးခန်းက ရေကန် ရေပန်း ရေပိုက် လိုသလိုသုံးနိုင်၏။စက္ကူလိပ် အရန်သင့်ရှိ၏။အိပ်ရာအတွက် ခုတင် တစ်လုံးစီ၊ ခြင်ထောင်အသစ်၊ ခေါင်းအုံး၊ အိပ်ရာခင်းအဖြူ သက္ကလပ်စောင်။ ခြေရင်းတွင် အဝတ်လှမ်းစင်၊ မျက်နှာသုတ်ပဝါတင်လျက် ခုတင်ဘေးတွင် ဗီရိုအသေးစားတစ်လုံးစီပေါ်တွင် သွားပွတ်တံ၊ သွားတိုက်ဆေး (ပက်ဆိုးဒင့်) မွှေးဆပ်ပြာတစ်ခဲစီ အသင့်ရှိထား၏။စားပွဲတစ်လုံး၊ စားပွဲခင်း ပန်းအိုးအလှ ကုလားထိုင်နှစ်လုံး ခင်းကျင်းထား၏။မီးလုံး နှစ်ပေမီးချောင်း ပန်ကာကြီး

တစ်ခု တပ်ထား၏။ အခန်းနံပါတ် ၁၇ ဖြစ်၏။ပစ္စည်းများချပြီး ထမင်းစားရန် ခေါ်၏။အလယ်ခန်းတွင် ဧည့်ခန်းထားပြီး ၎င်းဘေးတွင် ထမင်းစားရန် စားပွဲကုလားထိုင်များနှင့် ထမင်းဟင်းခူးခပ်ပြီး အသင့်ဖြစ်၏။ဟင်းတွေက ကောင်း၏။ပုစွန်ထုပ် ငါးဖယ်စသည့်ဟင်းကောင်းများ ဖြစ်၏။ လျှော့စားရ၏။ဆင်ခြင်ရ၏။ဝသွား၏။ကျွန်ုပ်တို့အရင်ရောက်နေသော ဖိတ်ကြားခံရသူ မော်လမြိုင်က ပန်းချီဆရာ ဦးဘကြည်တို့လင်မယား ရှိနေကြ၏။ထမင်းစားပြီး ဧည့်ခန်းထိုင်စကားပြောကြ။အိပ်တော့ ည ၁၀ နာရီလောက်။

## ၂၅-၉-၈၁

ယနေ့နံနက် ကျွန်ုပ်တို့ တည်းခိုနေရာမှ တာဝန်ရှိသူများက ဘူတာကြီးသို့ သွားကြို ကြ၏။မြို့တော် ဦးသိန်းအောင်၊ ဦးဩဘာ ရောက်လာကြ၏။ကျွန်ုပ်တို့ ဧည့်သည်များ စားသောက်ရေးအတွက် အမျိုးသမီးအဖွဲ့က ချက်ပြုတ်ကျွေး၏။ အမျိုးသားများက အခြား ဗာဟီရ လိုအပ်သည်များ ပြောပြဆောင်ရွက်ပေး၏။ ကျွန်ုပ်က ကျွန်ုပ်တို့လင်မယား အစီအစဉ်ကို ပြောလိုက်၏။ ၂၆ ရက် ထမင်းစားပွဲပြီး ၂၇ ရက် အစ်ကို့အိမ် ဂျူဗလီဟောအနီး ပို့ပါ။၂၈ ရက် ညရထားဖြင့် ပြန်မည်ဖြစ်ကြောင်း ပြောလိုက်၏။ဦးဩဘာနဲ့ မြို့တော်သိန်းအောင်ကလည်း ၂၈ ရက်ည ရထားဖြင့် ပြန်မည်ဖြစ်ကြောင်း ပြောလိုက်၏။မင်္ဂလာသိန်းအောင်က ရွေးချယ်ပွဲ အတွက်ဆိုပြီး ၂၇ ရက် နံနက်ပြန်မည် ပြော၏။ကျွေးမွေးတာတွေ အလွန်ကောင်း၏။ အခြား လည်ပတ်ချင်သော်လည်း တာဝန်ရှိသူများ တာဝန်ကြီးမှာစိုး၍ လိုက်မပို့ခိုင်းတော့။ဒါတောင် ည မြို့တော်ကြီးကပြော၍ ဗိုလ်တထောင်ဘုရား လိုက်ပို့၏။ အပြန် ဗိုလ်တထောင်သတင်းစာ တိုက်ဝင် အန်ကယ်ညွန့်တို့ အယ်ဒီတာအဖွဲ့နဲ့ တွေ့၏။နှုတ်ဆက်ကြပြီး ၂ မိနစ်လောက်ထိုင် ပြန်လာ၏။

## ၂၆-၉-၈၁

ယနေ့ကား ရွှေနန်းတင်ရောက်လာ တာဝန်ရှိသူများက သွားကြို၏။ မန္တလေးအဖွဲ့ စုံပြီ။ရေချိုးခန်းထဲ ရေချိုးရတာ အလွန်ကောင်း၏။ချေးညှော်ကင်းစင်ရေး သန့်ရှင်းရေးအတွက် ရေချိုးခြင်းသည် အလွန်ကောင်း၏။ကျွန်ုပ်နှင့်ဇနီးမှာ အခန်းတွင်း၌ ဖိနပ်မစီးကြပါ။ရှေးအခေါ် ဖယောင်းပုဆိုး၊ ယခုခေတ် ပလတ်စတစ်အထူ အကောင်းစားများခင်းထား၍ သန့်ရှင်း၏။ ဖိနပ်စီးလျှင် အခင်းအကျင်းများ ပေရေညစ်ပတ်သွားနိုင်၏။အထူးသဖြင့်ကား ပန်းအလှပြင်ခြင်း ဖြစ်၏။ စားပွဲတင်ပန်းကို ဂျပန်ပြန်ပုဂ္ဂိုလ်များက ပြင်ဆင်နေ၏။အလှပညာပါ၏။ကန်စွန်းရွက်၊ ပိန်းရွက်ကလေးတွေပင် လှနေ၏။ဂုဏ်မြောက်နေ၏။၈ လက်မ အဝိုင်းလောက်သာသာ စဉ့်ခွက်ထု ငါးမူးလောက်ထူပြီး နှုတ်ခမ်းက ငါးမတ်လောက်ဖြင့် ရေထည့်ထား၏။၎င်းထဲတွင် သံဘရွတ် ၅ လက်မ ၃ လက်မလောက် ရှိ၏။၎င်းသံဘရွတ်အချွန်လေးထဲများတွင် ပန်းရိုးလေး များစိုက်လျက် အတိုအရှည် အစောင်းအနိမ့် လိုသလို ပြုပြင်၍ ပန်းရွက် ပန်းရိုးပန်းပွင့်များ အလှပြင်ထား၍ လှ၏။မော်လမြိုင်က ပန်းချီဆရာ လင်မယားက ခဏခဏ အပြင်ထွက်၏။ ရွှေနန်းတင်က ရွှေဘိုမြို့ထောင့် ပွဲကနေရင်း လိုက်လာသည့် အကြောင်းများ ပြော၏။ မြို့တော်ကြီးက သူ့အတွက် သမုဒ္ဒရာ ပြောသောပုံပြင် ပြဇာတ်အတွက် သီချင်းမေး၏။ဇာတ်လမ်း တွေ ဖတ်ပြ၏။ဦးဩဘာက ရယ်စရာလေးများ ကြားညှပ်ပြောတတ်၏။မင်္ဂလာဦးသိန်းအောင်က

သူ့သားအတွက် ဇာတ်ကို အားသွန်ခွန်စိုက် လုပ်ပေးထားကြောင်းများ ပြော၏။တာဝန်ရှိသူများက နေ့လယ် လက်ဖက်ရည်တိုက်၊ နေကျချိန်တွင် မုန့်များ ခါတိုင်းထက် ပိုကျွေး၏။ ထမင်းစားပွဲက ယနေ့ညဖြစ်၍ ထမင်းစားချိန် မိုးချုပ်နေမည်၊ စားပြန်လည်း အလှလောက်စားသင့် အလှလောက်ပဲ စားဖြစ်ကြမည်ဖြစ်၍ မဆာအောင် ယခု ကြိုတင်၍ စားစေခြင်းဖြစ်၏။ တိုက်နေကျ နက်စ်ကော်ဖီတစ်ခွက်နှင့် အထူးပေါင်မုန့် ၂ ချပ် နည်းနည်း ကြီးကြီးဖြစ်၏။ ညနေ ၄ နာရီလောက်တွင် ကျွန်ုပ်တို့အခန်းများ မီးမလာတော့ပေ။နေ့လယ် တရေးတမောမပင်ပန်းဘဲ အိပ်ကြ၏။ သမ္မတကြီး၏ ကျေးဇူးပါတကား။၁၉၆၃ ခုနှစ်ကစပြီး နိုင်ငံတော်အတွက် အကျိုးပြုလုပ်ငန်းများ လုပ်ခဲ့၏။ယင်းကျေးဇူးကြောင့် ယခုလို အသိအမှတ်ပြုခြင်း ဖြစ်ပေလိမ့်မည်။ညနေ ၅ နာရီထိုးပြီး ကျွန်ုပ်တို့ အဝတ်အစားလဲပြီးကြပြီ။

ဦးသြဘာနဲ့ ကျွန်ုပ်က မမျှော်လင့်ဘဲ လုံချည်ဆင်တူ ဖြစ်နေကြ၏။ကချင်လုံချည်များဖြစ်၏။တိုက်ပုံက သူက လက်ဖက်ရည်ချိုရောင်၊ ကျွန်ုပ်က နက်ပြာဖျော့အကွက်။မင်္ဂလာသိန်းအောင်နဲ့ ရွှေနန်းတင်က ပတ်လည်စင်းကြီး၊ ရွှေနန်းတင်က အဖြူစင်း၊ မင်္ဂလာသိန်းအောင်က အစိမ်းစင်းကြီး၊ တိုက်ပုံက အဖြူများဖြစ်၏။ မြို့တော်သိန်းအောင်က ပိုးကြိုးခပ်ဖြူဖြူဖျော့ဖျော့၊ တိုက်ပုံက လက်ဖက်ရည်အချိုရောင် ဖြစ်၏။ကျွန်ုပ်၏ဇနီးက ကြေးနီရောင်ချိတ်ထဘီ၊ အင်္ကျီက အဖြူရောင်ဖြစ်၏။ ဆံပင်ပုံက ထမင်းချက်ကျွေးတဲ့ အမျိုးသမီးများအဖွဲ့က ပြင်ဆင်ထုံးပေး၏။ကျွန်ုပ်အမြင်နှင့် ခေါင်းကဆံပင်က ခေတ်ဆန်သော်လည်း နောက်ချေးပုံကပ်ထားသည်နှင့် တူ၏။ကျွန်ုပ်ဇနီးမျက်နှာနှင့် လိုက်ဖက်သည် မထင်ပေ။လူကိုယ်လုံး မျက်နှာကရိုးသား၍ ခေါင်းက ဆော့ချင်သည့်ခေါင်းပုံလို တူနေ၏။ဒါပေမဲ့ သူ့ကိုမြတ်နိုး၍ ဝိုင်းအလှပြင်ပေးထားသည်ကို လက်ခံရမည်ဖြစ်၏။အိမ်တော်ထဲမှာ အလုပ်မရှုပ်ရအောင် ယခုကပင်တင်တင်ကြိုကြို အီးပါထားခြင်း၊ ရှူးရှူးပေါက်ထားခြင်းများ လုပ်ထားရ၏။ကျွန်ုပ်၏ဇနီးအတွက် ပန်စရာ ပန်းကိုလည်း သူ့အဖွဲ့များကပင် လုပ်ပေး ရှာပေးထား၏။မမညွန့်၊ ဒေါ်ခင်မှီ၊ ဒေါ်မြခင်တို့အဖွဲ့ ဖြစ်၏။ကူညီကြ၏။ ဗိုလ်ကြီးတင်ကိုကို၊ ဦးအေးကျော်တို့ကည်း ကျွန်ုပ်တို့အား အစစအရာရာ လိုလေသေးမရှိ ဂရုစိုက်ပေးကြ၏။ကျွန်ုပ်တို့ကို ဂရုစိုက် ဧည့်ခံစောင့်ရှောက်ရသောအဖွဲ့မှာ ကျွန်ုပ်အထင် အားလုံးမှာ ထောက်လှမ်းရေးအဖွဲ့ဝင်များဖြစ်သည်ထင်၏။ ဦးဘကြည်တို့လင်မယားမှာ ရိုးသား၏။ကလေးငယ်များလို သဏ္ဌာန်တူ၏။ဦးဘကြည်၏ဇနီး ဝတ်စားသည်မှာ ချိတ်အဆန်းဖြစ်၏။သို့သော် မကလက်ပေ။သမ္မတကြီးအိမ်တော် ထမင်းစားပွဲသို့ ထွက်လာသော အချိန်မှာ ညနေ ၆ နာရီ ၅ မိနစ်အလိုလောက်ဟု ထင်မိ၏။ကျွန်ုပ်လက်က လက်ပတ်နာရီမှာ ပျက်နေ၏။ကျွန်ုပ်တို့စီးလာသော ကားကြီးမှာ သမ္မတကြီး ဧည့်သည်တော်များအတွက် သတ်မှတ်ထားသော အထူးကားဖြစ်၏။ဗိုလ်ကြီး တင်ကိုကိုက ပြောပြသည်မှာ မြန်မာပြည်တွင် ဤကားမျိုး ၂ စင်းသာ ရှိသည်ဟု ဆို၏။ဟီးနိုးကား အစင်းကြီးပါပေ။တစ်ပတ်ရစ် ခပ်သစ်သစ်ထဲက ဖြစ်၏။ ကားမောင်းသူသည် သတ္တိကောင်း၏။ညှာ၏။လိမ္မာပါးနပ်ပုံရ၏။ထက်ထက်မြက်မြက် ရှိပုံလည်းရ၏။ကားထွက်လျှင် ကားထဲတွင်ပါသော ကက်ဆက်ရေဒီယိုဖွင့်၏။ ကျွန်ုပ်တို့ တည်းခိုသောနေရာနှင့် ထမင်းစားပွဲပြုလုပ်သော သမ္မတကြီးအိမ်တော် နေရာမှာ မဝေးလှ။၃ မိနစ်လောက်မောင်းရသည်ထင်၏။ကားတွေက အများကြီး။ ရဲအရာရှိများ၊ တပ်မတော်မှပုဂ္ဂိုလ်များ အဝင်ဝတွင် တွေ့ရ၏။ဖိတ်စာနှင့် လာကြရသည်ဖြစ်၍ ဖိတ်စာကို သုံးပုံတစ်ပုံဖြတ်ပြီး ပေးကြရ၏။ ဖြတ်ရန် နဂိုကပင် လုပ်ထား၏။ကျွန်ုပ်၏ ဖိတ်စာနံပါတ်မှာ ၂၅၈ ဖြစ်၏။အိမ်တော်ဝင်းထဲ

ကားတဖြည်းဖြည်း ဝင်လာ၏။တာဝန်ရှိသူများ၊ ဧည့်သည်များ ရောက်နေကြသည်တွေ့ရ၏။ ဧည့်ခံခန်းမကြီးမှာ အရှေ့အနောက် ထင်မိ၏။အနောက်ဘက်ထိပ်က ဝင်လာပြီး ၃ ခန်းလောက်တွင် ထိုင်လိုက်ကြ၏။စားပွဲနှင့် ဆက်တီကုလားထိုင်များ ၈ လုံးတစ်စုံ ဝိုင်းခင်းထား၏။ ဤသို့ ဆက်တီများ ၃ စုံ အနံ အလျားလိုက်ကာ ၁၂ စုံခန့် ရှိသည်ထင်၏။ကျွန်ုပ်တို့မှာ ခန်းမကြီးကို မျက်နှာမူ၍ ဝင်လာပြီး ဝဲဘက်အစွန်းတန်းတွင် ထိုင်လိုက်ကြခြင်း ဖြစ်၏။ကျွန်ုပ်တို့ စားပွဲဝိုင်းတွင် ကျွန်ုပ်နှင့်ဇနီး၊ မြို့တော်ဦးသိန်းအောင်၊ မင်္ဂလာဦးသိန်းအောင်၊ ဦးဩဘာ၊ ဦးရွှေနန်းတင်တို့ ဖြစ်၏။ဘေးတွင် အနိမ့်ဖြစ်ပြီး ခန်းမကြီး တံစက်မြိတ်လောက် အောက်နားတွင် ဆက်တီကုလားထိုင်များ ခင်းကျင်းထား၏။ မီးရောင်စုံ ၅ ဝပ်မီးသီးလေးများ ၁၀ လုံး ၁၂ လုံးတွဲလျက် အလျားလိုက် ထွန်းထားသည်ကို ဘေးတွင် လှမ်းမြင်ရ၏။ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့ဘေးမှာက အလယ်တန်းတွင် ကိုညွန့်ဝင်း၊ ကိုဝင်းဗိုလ်တို့ ရှိ၏။၎င်းအလယ်တန်း နောက်ခုံတွင် ကိုထွန်းဝေကြီးတို့ ရှိ၏။ကျွန်ုပ်တို့နဲ့ တစ်တန်းတည်း ရှေ့ခုံတွင် နွဲ့နွဲ့စန်းတို့ ရှိ၏။နွဲ့နွဲ့စန်းက လာနှုတ်ဆက်၏။ကျွန်ုပ်ဇနီးက အစ်ကို ဦးစိန်လှမောင်ကို လှမ်းမြင်၏။အစ်ကိုက လာနှုတ်ဆက်၏။ နောက် အစ်ကို့ဇနီး မမကြည် လာ၏။အစ်ကိုတို့ အတန်းက ခန်းမ ယာဘက်အစွန်ဖြစ်၏။ပရိသတ်တော်တော်များ၏။အပြင်ဘက်တွင်လည်း တာဝန်ရှိသူများ၊ အရာရှိများ၊ တပ်မတော်သားများပါ အားလုံး လူ ၁၀၀၀ ထက် နည်းမည်မထင်ပေ။အဖျော်ယမကာများ လာချပေး၏။ကြိုက်တာ သုံးဆောင်ပါ ပြော၏။ဘီယာပါ၏။ကျွန်ုပ်တို့ လင်မယားက ဘီယာမသောက်၊ ဘိလပ်ရည်ပဲ သောက်ကြ၏။ငါးမုန့်ကြော်လေးတွေ အမြည်း။ဘေးတွင် ချိတ်ထမီနှင့် အမျိုးသမီးလေးများက တစ်ခန်းလျှင် ၃-၄ ယောက် အမျိုးသားတစ်ယောက် ရပ်နေ၏။အခင်းကြီး အခင်းလေးသွားချင်လျှင် ကူညီပေးကြ၏။တစ်ခန်းလျှင် စပီကာအရှည်တစ်လုံးထား၏။အပေါ်တွင် နည်းနည်းစောင်းလျက် တင်ထား၏။သီချင်းသံများ ပျံ့လွင့်လာ၏။မောင်ကိုကို ဂီတလုလင်အဖွဲ့ တေးသံများ ဖြစ်၏။ဧည့်ခံပွဲကြီးတွင် မြန်မာမှုနှင့်ပတ်သက်၍ အပါနည်း၏။ ဝါးပတ္တလားတစ်လုံး တီးဝိုင်းခုံလေး အစွန်ဆုံးနားတွင် တင်ထား၏။မြန်မာဆိုင်းအဖွဲ့နှင့် မြန်မာ့ဂီတများ မပါပေ။သူ့နေရာနဲ့သူ ဂီတများကလည်း နေရာယူချင်ပုံ ရ၏။မြန်မာနိုင်ငံက နိုင်ငံခြား ခေတ်ပေါ်တူရိယာများ တီးမှုတ်ကြသော မြန်မာ့ဂီတ အမည်ခံပုဂ္ဂိုလ်များသည် ခေတ် ခေတ်ဆိုပြီး အမျိုးသားယဉ်ကျေးမှုကို နားလည်သလိုလို အရေးပေးသလိုလိုနှင့် တကယ်တော့ မြုပ်စား သုပ်စားလုပ်နေကြသူများသာ ဖြစ်၏။သို့သော် သူတို့ဩဇာကား ကြီးမား၏။မြန်မာအသံတစ်ခုလုံးပင် စီးထား၏။ရာထူး ဌာနန္တရကြီးသူများနှင့် ပလဲနံပသင့်အောင် ပေါင်း၍ မိမိအကျိုးအတွက် မြန်မာ့ဂီတအမည်ခံကာ ထင်သလို ခြယ်လှယ်နေကြ၏။ယခုလည်း ခေတ်ပေါ်တူရိယာအဖွဲ့ သီချင်းနှင့် တီးသံများသည် မထူး၍ မဆန်းသစ်သော သီချင်းတေးသံများသာ ဖြစ်၏။

သမ္မတကြီးနှင့်အဖွဲ့ဝင်များ ကြွလာပြီး ခန်းမထိပ်က ဝင်လာ၏။ပရိသတ်များအားလုံး မတ်တပ်ရပ် အရိုအသေပြုကြ၏။ဘာပဲပြောပြော ရှေးစကားနှင့်ပြောရသော် သမ္မတကြီးသည် မင်း၏အသရေဆောင်နိုင်၏။ကျက်သရေနှင့် ပြည့်စုံ၏။ ကြီးမားသောမေတ္တာ ကရုဏာနှင့် ချီးမြှောက်ခြင်းကိုလည်း ဖြစ်စေ၏။ကျွန်ုပ် လှမ်းမြင်နေရသည်မှာ ချီးမြှင့်ခြင်း၊ ရွှင်လန်းခြင်း၊ ပွင့်လင်းခြင်း၊ မှတ်ဉာဏ်ကောင်းခြင်းတို့ဖြင့် ပြည့်နှက်လျက်ရှိ၏။သမ္မတကြီး၏ အသက်သည် ၇၁-၇၂ လောက်ရှိပြီဟု ခန့်မှန်းရ၏။သို့သော် အဘိုးအိုကြီး မဟုတ်။ဖျတ်လတ်သွက်လက်နေ၏။ တာဝန်ကျေသော နိုင်ငံ့ခေါင်းဆောင်ကောင်းတစ်ယောက်အဖြစ် အလုပ်လုပ်လျက်ရှိ၏။အားလုံး

လျှောက်၍ နှုတ်ဆက်၏။အလယ်စားပွဲတန်းက ကျွန်ုပ်တို့နား ရောက်လာ၏။ ဦးစန်းယု၊ ဦးမောင်မောင်ခ၊ ဦးသောင်းကြည်တို့ ပါလာ၏။ထိုပုဂ္ဂိုလ်များ၏မျက်နှာတွင်လည်း တည်ငြိမ်ခြင်းနှင့် ရွှင်လန်းခြင်း ရောပြွန်းနေ၏။ကိုထွန်းဝေကြီးတို့ခုံ ရောက်လာပြီး နှုတ်ဆက်၏။ရုပ်ရှင်လားရုပ်မြင်သံကြားလားတော့မသိ ရိုက်နေကြ၏။ဓာတ်ပုံများကလည်း တဖျပ်ဖျပ်၊ မီးရောင်တွေကဖွေးခနဲ လက်ခနဲ။ကျွန်ုပ်တို့၏ သဘင်ကောင်စီ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိန်အောင်မင်းကသမ္မတကြီးနဲ့အတူ လိုက်ပါပြီး သူက ရှေးမင်းသားများအတိုင်း ဆံပင်ရှည် သျှောင်ထုံးထားသည်မို့ ခေါင်းပေါင်း ပေါင်းထားလျက် (မောင့်ကျက်သရေ မဟုတ်သော) ကိုယ်တိုင်ပေါင်း အစထောင်ဖြစ်ပြီး ခေါင်းပေါင်းအစမှာ အဝါခြောက် ဖြစ်၏။ရုပ်ရှင် သဘင် စသည့် အနုပညာရှင်များအားဦးစိန်အောင်မင်းက ဦးဆောင်ပြီး မိတ်ဆက်ပြုလုပ်ပေး၏။ ကျွန်ုပ်တို့အနားကို တိုက်ပုံအင်္ကျီအနက်ဖြင့် ပုဂ္ဂိုလ်များ ၃၊ ၄ ယောက် ရောက်လာ၏။ သမ္မတကြီးအား နှုတ်ဆက်ရန် ထကြ၏။ကျွန်ုပ်တို့အဖွဲ့က ချက်ချင်းတော့ မထကြပေ။သမ္မတကြီး လိုက်နှုတ်ဆက်နေသည်မှာ အလယ်လိုင်းဖြစ်၍ ကျွန်ုပ်တို့အဖွဲ့က ဘေးလိုင်းဖြစ်သဖြင့် ဝင်လုပြီး နှုတ်ဆက်ရသလို သို့တည်းမဟုတ်မျက်နှာလုပ်ချင်လွန်း၍ နှုတ်ဆက်ရာရောက်သလိုမို့ မထကြပေ။နောက် အရပ်ခပ်ပုပုလူကမြို့တော် ဦးသိန်းအောင် နာမည်ခေါ်ပြီး ဦးသိန်းအောင်တို့ လာကြပါ နှုတ်ဆက်ရအောင် နေရာယူကြပါပြောသဖြင့် ထကြပြီး အလယ်လိုင်း စားပွဲခုံများဘေးသို့ ဝင်လိုက်ကြ၏။ကျွန်ုပ်တို့အဖွဲ့နှင့်တစ်ပါတည်း နွဲ့နွဲ့စန်းတို့အဖွဲ့ ပါလာကြ၏။မီးမောင်းရောင်တွေက ကျွန်ုပ်တို့ဘက်ထိုးထားရာသမ္မတကြီးမျက်နှာကို အနီးကပ်မြင်ရ၏။ကျွန်ုပ်တို့ မန္တလေးအဖွဲ့ဝင်များကို နှုတ်ဆက်၏။ မန္တလေးမှာတုန်းက ကျွန်ုပ်တို့စီစဉ်ပေးသော ပဒေသာကပွဲမှ သူငယ်တော် ဝတုတ်တုတ် ကတာ မေး၏။တကယ်လည်း မမေ့နိုင်စရာပေ။ထိုစဉ်က သူငယ်တော် ကသူမှာ မင်းသမီး နယ်လီမြိုင်ဖြစ်၏။လူက ခပ်ဝဝဖြစ်နေပြီး ခါးတောင်းကြိုက် ခါးပုံထိုး ရင်ဘတ်တွင် ရွှေရောင်ဒေါ်လာပြား ၅ လက်မပတ်လည်ခန့်၊ ပါးကွက် နပန်းဆံ ၂ ဖက်ချ ဖြစ်၏။ကျွန်ုပ်တို့နဲ့ နှုတ်ဆက်ရင်း မန္တလေးတုန်းက ဧည့်ခံပွဲကို သတိရ၍ မေးခြင်းဖြစ်၏။ပါးရည်များ ရှုံ့နေသော်လည်း သူ့အပြုံးတွင်နုပျိုရွှင်လန်းပြီး မေတ္တာဓာတ် ပါ၏။သနပ်ခါးရောင် တိုက်ပုံအင်္ကျီခပ်ဖျော့ဖျော့ ဖြစ်၏။လုံချည်မှာပိုးစစ်လုံချည်နှင့် တူပေသည်။ကျွန်ုပ်နှင့် လက်ဆွဲနှုတ်ဆက်လိုက်၏။ကျွန်ုပ်ဘေးတွင် လူတွေကျပ်နေ၏။နွဲ့နွဲ့စန်းတို့အဖွဲ့က နှုတ်ဆက်ကြ၏။သမ္မတကြီးသည် နောက်နားလေးတွင် ကျန်ရစ်နေသော ကျွန်ုပ်ဇနီးအား လှမ်းလက်ယပ်ပြီး လက်ဆွဲနှုတ်ဆက်၏။ မည်သူ့ကိုမျှ မျက်နှာကြီးငယ်မလိုက်ခြင်း သတိကောင်းစွာဖြင့် ချီးမြှောက်ပေးခြင်းက ယခုနှုတ်ဆက်နေသည့်အချိန်ပိုင်းလေးအတွင်းမှာပင် ပေါ်လွင်နေ၏။သဘင်ကောင်စီဝင်များဖြစ်သည့် အတွင်းရေးမှူး ဦးရဲဒွေး၊ တွဲမှူးဦးစိန်ဗိုလ်တင့်၊ အဖွဲ့ဝင် ဦးသူတော်၊ ဦးစိန်ချစ်တီး စသည်ဖြင့် မြင်နေရပြီး သမ္မတကြီးနှင့်အဖွဲ့ကလည်း ဆက်၍ဆက်၍ ရွှင်လန်းစွာပင် အားလုံးအားနှုတ်ဆက်ကာ ခန်းမကြီးထိပ်ပြန်ရောက်သွားပြီး ထိုင်လိုက်၏။သီချင်းသံများက ပျံ့လွင့်လာပြီး ဧည့်သည်များ အားလုံးကိုလွှမ်းမိုးလိုက်သလို ထင်မှတ်ရ၏။သီချင်း ၂ ပုဒ်ခန့်ပြီး ထမင်းစားသွားကြ၏။ဗိုလ်တထောင်အယ်ဒီတာ ဦးမောင်ညွန့် (အန်ကယ်ညွန့်) နဲ့ သူ့ဇနီး မမတင် တွေ့၏။အလွန်ရယ်စရာကောင်းသော ဇနီးမောင်နှံ ဖြစ်၏။ဦးအောင်ညွန့်က အရပ် ၇ ပေလောက် မမတင်က ၄ ပေသာသာလောက်။ဦးအောင်ညွန့်က သိပ်မကျ။ မမတင်က တော်တော်ကျသွား၏။အိုမင်းရင့်ရော်ခြင်းတွေ သိသိသာသာပေါ်လာ၏။ သူတို့ကိုနှုတ်ဆက်ပြီး ထမင်းစားခန်းများရှိရာ

ထွက်လာကြ၏။တဖြည်းဖြည်း ဖိတ်ကြားထားသူများ၊ အရာရှိများ၊ လုံခြုံရေးတာဝန်ကျများ ရောပြွန်းသွားသလို ထင်ရ၏။ထမင်းမှာ သဘင်ကောင်စီဖြစ်မြောက်ရေး ၁၉၆၃ ခုတုန်းက ကျွေးသော ပုံစံမျိုးဖြစ်၏။မိမိပန်းကန်ပြား ကိုယ်တိုင်ယူ ကိုယ်တိုင်ကြိုက်ရာများ တစ်ခုပြီးတစ်ခု ထည့်ထည့်သွားပြီး စားပွဲမှာ သွားစားရန်ဖြစ်၏။လူစုကွဲသွားပြီ။ကျွန်ုပ်တို့ဇနီးမောင်နှံနဲ့ ရွှေနန်းတင်နဲ့ပဲ တွဲမိ၏။ထမင်းစားပွဲများ ထိုင်စား ကြ၏။ထမင်းကြော်၊ ခေါက်ဆွဲကြော် စသည့်တို့လည်း ထည့်လာတုန်းက ပါလာ၏။ဟင်းချို ထည့်ပေး၏။အသားစုံနှင့် ငုံးဥများ ပါလာ၏။လက်သုပ်ပဝါ အဖြူကြီးများက ကော်တောင့်ပြီး ခွက်ထဲမှာ ထောင်နေအောင် ထည့်ထား၏။ ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင်စားနေသောသူက လက်သုပ်ပဝါယူပြီး လုံချည်ပေါ် ဖြန့်ခင်းစားလိုက်၏။သည်တော့မှလည်း စားနည်း စားဟန်ကို ပြန်သတိရပြီး ‘မ’ကို လက်သုပ်ပဝါ သူ့ပေါင်ပေါ် ဖြန့်ခင်းပေးလိုက်၏။ ဟင်းချိုဟင်း ကောင်း၏။စားစရာဟင်းများက ခပ်ခြောက်ခြောက် ကြော်ထားသည်မို့ တစ်နည်းစားလို့ ကောင်း၏။ဇွန်းခက်ရင်းသံများ ထွက်လာ၏။ကျွန်ုပ်တို့ တောင်ဘက်စားပွဲမှာ ဒေါက်တာခင်မောင်ညွန့်တို့ ရှိ၏။ထမင်းစားပြီးတော့ ပူတင်းလာချပေး၏။ ရေနွေးကြမ်းက ခါးလွန်းနေ၏။ဟင်းလိုက် ရေနွေးကြမ်းချသည့် စားပွဲလိုက် လုပ်ငန်းတွင် အသက် ၂၀ ကျော် ဝန်ထမ်းလူငယ်များသာဖြစ်သည်ကို တွေ့ရ၏။ကျွန်ုပ်တို့က စားပြီး ကိုယ့်နေရာ ပြန်သွားရန် ထလိုက်ပြီး ထမင်းစားပွဲနံဘေးနား ရပ်လိုက်ကြ၏။သမ္မတကြီး လာနေလို့ပါဟု ပြော၏။ကျွန်ုပ်တို့လင်မယားက ပြန်ထိုင်ရန် လှည့်အလာတွင် သမ္မတကြီးက ကျွန်ုပ်တို့စားပွဲနား ရောက်နေပြီ။ဘေးကလူတွေကလည်း တော်တော်များများ လိုက်လာသဖြင့် မထိုင်နိုင်တော့ပေ ရပ်နေလိုက်ရ၏။ ထမင်းစားနေသူများကို ဆက်ပြီးနှုတ်ဆက်သွား၏။ခဏနေပြီး ကျွန်ုပ်တို့လည်း ကိုယ့်နေရာကိုယ် ပြန်လာကြပြီး ထိုင်လိုက်၏။ခန်းမကြီးထဲတွင် ထမင်းစားပြီးသူများ တဖွဲဖွဲ ပြန်ရောက်လာ၏။မိနစ် ၂၀ အတွင်းလောက်မှာပင် လူစုံပြန်လာပြီး သီချင်းသံများက ဆောင်းဘောက်အတွင်းက ထွက်လာ၏။စပီကာ ဆောင်းဘောက်များက အရှည်ကြီးတွေ ဖြစ်၏။ အမေ့ကို (ဒေါ်အောင်ကြည် ဝဏ္ဏကျော်ထင်) တွဲခေါ်လာတာ မြင်ရ၏။အမေ့အသံတွေ အလွန် တုန်နေ၏။အမေသည် ချစ်သမျှကို ပတ်ပျိုးကို ဆို၏။ချစ်သမျှ ဟအ ဟအ ဟအ ကို ဟို့အို ဟို့ အိုဟို့အို အမေ့အသံတွေ တုန်နေ၏။သမ္မတကြီးက အဆိုခိုင်းတာ ဖြစ်မည်ထင်၏။ သမ္မတကြီးသည် အမေ့ကို အလွန်မြတ်နိုး လေးစား၏။မန္တလေးမှာတုန်းကလည်း အမေ့ကို သီချင်းဆိုခိုင်းပြီး အမေဆိုတော့မယ် အမေ အမေဆိုတော့မယ်ဆိုပြီး အားရပါးရ ပျော်ရွှင်ခြင်း မျိုးဖြင့် အားပေးခဲ့သည်။ယခုလည်း အမေ့ကို အသားပေးပြီး ဆိုခိုင်းသည်ထင်၏။ချစ်သမျှကိုသည် အရပ်သားအခေါ် သီချင်းကြီးထဲတွင်ပါ၏။ သဘင်အသုံးအနှုန်းဖြင့် ဆိုရသော် သံရိုးတွင် ပါဝင် ၏။ချစ်သမျှကိုသည် ပတ်ပျိုးဖြစ်၏။သို့သော် ပတ်ပျိုးကလေး ပတ်ပျိုးကြီးမဟုတ်။ပတ်ပျိုး အလတ်သာ ဖြစ်၏။နာမည်ကြီးသော သီချင်းထဲတွင် ပါ၏။အမေသည် သံထောက်ပါ ဆို၏။ “လွမ်းစေ့ဝသုန်” စသည်ဖြင့် စာသားအဖြတ်အတောက်တွေ အလွန်ကောင်း၏။တိကျ၏။ ခိုင်မာ၏။ လက်ခုပ်သံတွေ ညံသွား၏။ ကျွန်ုပ်က လက်ခုပ်တီးလိုက်မိသည် မတီးသည် သတိ မထားမိ “အမေ မောနေတော့မှာပဲ”ဟု နှုတ်က ခပ်ကျယ်ကျယ်ပြောလိုက်မိ၏။ကျွန်ုပ်နားတွင် လူကြီးတစ်ယောက် လာထိုင်၏။ဝန်ကြီး ဦးလေးမောင်နဲ့ နည်းနည်းတူသည်ထင်၏။နောက် တစ်ယောက် ထပ်ရောက်လာပြန်၏။ကုလားထိုင်တွေ ခန်းမရှေ့ဘက် နည်းနည်းလှည့်ထိုင် လိုက်ကြ၏။သီချင်းသံများကား ဆက်လက်ပျံ့လွင့်နေ၏။အမျိုးသမီးတစ်ယောက် ဆို၏။

"ရွှေဘိုသနပ်ခါးတုံးတော့" သီချင်းမဆုံးမီ ၎င်းသီချင်းဆိုဖို့ အမျိုးသား ရောက်လာ၏။ ဦးအံ့ကြီးဟု ပြော၏။သိပ်အဆင်ပြေသည် မထင်။အမျိုးသမီးဆိုတုန်းမပြီးခင် အမျိုးသားဆိုဖို့ ရောက်လာခြင်းက အမျိုးသမီးဆိုနေမှုအတွက် အောင့်သွား၏။ နောက်သိပ်မကြာ အစီအစဉ်များ တစ်ခုပြီး တစ်ခု ဆက်တိုက်ပြောင်းလာ၏။ဆင်ဝန်ကတော်ကြောင့်ကြ သီချင်းဆို၏။အမျိုးသမီးတစ်ဦးက ၎င်းသီချင်းဆိုပြီး ကျွန်ုပ်အစ်ကို ဦးစိန်လှမောင်က ၎င်းသီချင်းအဓိပ္ပာယ် စင်ပေါ်တက်ပြီး ရှင်းပြ၏။အစ်ကို စင်ပေါ်ကဆင်းတော့ လက်ခုပ်သံများက ဆူညံသွား၏။အခမ်းအနားပြီးတော့ ည ၁၀ နာရီကျော်လောက် ရှိပြီထင်၏။ကျွန်ုပ်တို့စီးလာသော ကားကြီးက အခြားကားများ၏ နောက်ဆုံးလောက်မှ ရောက်လာ၏။ပြန်လာကြ၏။တည်းခိုသော ကချင်ဂေဟာရောက်တော့ စကားသံများ ညံနေ၏။ဘာပဲပြောပြော ဝမ်းသာနေသော အတွေ့အကြုံများအဖြစ် ရွှင်လန်းနေ၏။အိပ်တော့ ည ၁၂ နာရီလောက်။

၂၇-၉-၈၁


နံနက် ၇ နာရီလောက်မှာ အိပ်ရာထကြ၏။ရေချိုးခန်း အိမ်သာတွဲလျက်မို့ မျက်နှာသစ်ခြင်း ရေချိုး အိပ်သာတက်ခြင်းများ အလွန်လွယ်ကူ၏။နံနက် ၈ နာရီလောက် လက်ဖက်ရည်ဝိုင်းမှာ ဆုံကြ၏။ဗိုလ်ကြီးတင်ကိုကိုက အခြားရွှေ့ပြောင်း တည်းခိုမနေပါနဲ့ သွားချင်တာ လိုက်ပို့ပေးမည်ဟု ပြော၏။အစ်ကို့အိမ် လိုက်ပို့ခိုင်း၍ ၎င်းက လိုက်ပို့၏။ ကားပြန်လွှတ်လိုက်၊ အစ်ကို့အိမ်မှာ လက်ဖက်ရည်သောက်ကြပြီး ကျွန်ုပ်နဲ့ ဇနီး မစိန်တင် ရွှေတိဂုံဘုရား သွားကြ၏။စစ်မှုထမ်းဟောင်းများကားစီး ဘုရားရောက် ဓာတ်လှေကားနဲ့တက်။ ဓာတ်လှေကားကဆင်း စောင်းတန်းပေါ်ကနေပြီး မန္တလေးဆီ လှမ်းကြည့်၊ သားတို့နဲ့ သမီးလေး သတိရနေကြ၏။ရွှေတိဂုံဘုရားကိုယ်တော် မြတ်ကြီး စေတီတော်ကြီး ဖူးရသည်မှာ အလွန့်အလွန် ကြည်ညိုမိ၏။ဘယ်တော့ဖူးဖူး ဖူး၍မဝနိုင်ပါလေ။မြေပြင်တွင် ရွှေတောင်ကြီးပေါက်နေသလို ထင်မှတ်မိ၏။ ပြာလဲ့နေသော ကောင်းကင်ပြာနှင့် ဖြတ်ကျော်သွားနေသော တိမ်လိပ်တိမ်လွှာတွေက စေတီတော်ကြီး၏ ထီးတော် စိန်ဖူးတော် ငှက်မြတ်နားတော်များအား ဦးခိုက် ရိုကျိုးသွားသည်ဟု ထင်မှတ်ရ၏။ဓာတ်လှေကားနဲ့အပြန်ဆင်း ဟီးနိုး ၈၀ လိုင်စီး ဂျူဗလီထောင့်ဆင်း။ အစ်ကို့အိမ် ခြေကျင် တစ်ပြလောက် လျှောက်။ရောက် ခဏနား နံနက်စာစား၊ စားပြီး ကျွန်ုပ်က သဘင်ကောင်စီအစည်းအဝေး ဆက်သွား။ ကျောက်ကုန်းဥက္ကဋ္ဌ ဦးစိန်အောင်မင်းတိုက်၊ ဦးရဲဒွေး၊ ဦးဗိုလ်တင့်၊ ဦးသူတော်၊ ဦးဩဘာ၊ မြို့တော်သိန်းအောင်၊ ကိုဝင်းဗိုလ်၊ စိန်ချစ်တီး၊ ဦးရွှေငါး၊ ဦးရွှေဒေါင်းညို (ဆရာဉာဏ်)တို့ ဖြစ်၏။မတက်ရောက်နိုင်သူများ ရွှေနန်းတင်၊ သခင်တင်ဦး၊ မင်္ဂလာသိန်းအောင်နှင့် ကွယ်လွန်သူ ယုဝတီ ဒေါ်ခင်ညွန့်တို့ ဖြစ်၏။အစည်းအဝေးတွင် မန္တလေး ပွဲကသည့်အကြောင်း ငွေကိစ္စများ ကျွန်ုပ်က ရှင်းလင်းဆွေးနွေး၏။သဘင်ကောင်စီက သွက်လက်ထက်မြက်သင့်သလောက် မသွက်လက်ဘဲ ဖြစ်နေ၏။စည်းရုံးရေးအတွက် သီချင်းများ တီးလုံးများ စိန်ဗိုလ်တင့်နဲ့ သူ့ပတ်ဝန်းကျင်တွေသာပင် ဖြစ်နေ၏။သည်ထက် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်မှ ကောင်းမည်။စည်းကမ်း၊ လုပ်ထုံး လုပ်နည်းများ၊ ဖွဲ့စည်းပုံများ ထွက်မလာသေးပေ။စည်းကော်မတီက ပြုလုပ်ညှိနှိုင်းပြီး ပါတီဌာနချုပ်တင် ၎င်းက ပြန်ကျလာမှ လုပ်ရမည်ဖြစ်၏။ယနေ့ သဘင်ကောင်စီ စည်းရုံးရေးကော်မတီ ဖွဲ့စည်းပေးပြီး၏။၁၄ လခွဲလောက် ရှိသွားပြီ။သွက်လက်ထက်မြက်မှုမရှိသေးဟု ထင်မိ၏။ညနေ ၄ နာရီမတ်တင်းလောက် စည်းဝေးပြီး ကားလာခေါ်

အစ်ကို့အိမ် မ,ဝင်ခေါ် တည်းသော ကချင်ဂေဟာ ပြန်လာ။ တည်းခိုရိပ်သာပြန်ရာက်တော့ ကိုယ့်အိမ် ကိုယ့်ရာလေးလိုလို စိတ်ထဲတွင် အားမနာ ပေါ့ပါးနေ၏။ကျွန်ုပ်တို့နဲ့ ဆက်ဆံရသော ပုဂ္ဂိုလ်တွေ ကျေးဇူးကြောင့်ပင် ထင်မိ၏။ ကျွန်ုပ်တို့ ရုပ်ရှင်ကြည့်ကြ။ပပဝင်းရုံ ထင်၏။အပေါ် ထပ် ၅ ကျပ်တန်း ကျွန်ုပ်တို့ လင်မယား၊ ဦးဘကြည်တို့လင်မယား၊ ဗိုလ်ကြီးတင်ကိုကို၊ ဦးသြဘာ၊ မြို့တော်သိန်းအောင်တို့ ဖြစ်၏။လျှို့ဝှက်သည်းဖိုကား သေနတ်ပစ်ကား ဖြစ်၏။ကျွန်ုပ်ဇနီးက နေကြာစေ့လှော်များဝယ်ပြီး အားလုံးအား ပေး၏။ရုံအတွင်းမှာ အားလုံး အအေးခန်း ဖွင့်ထား၍ သာကောင်း၏။

၂၈-၉-၈၁

ယနေ့ ကျွန်ုပ်တို့ မန္တလေးပြန်မည့်နေ့ ဖြစ်၏။ပစ္စည်းများ ခပ်စောစော ထသိမ်းကြ။ ဆပ်ပြာခဲ တစ်ခဲပျောက်နေ၏။အစောင့်တွေ ပြန်သိမ်းသွားသလားမသိ။ လက်ဖက်ရည်သောက်ပြီး အညောင်းပြေ မစ်ရှင်ဘူတာရုံသို့ သွားကြည့်၏။ဘူတာက မြို့ပတ်ရထားလမ်းဘူတာရုံဖြစ်၏။ အဆောင်အယောင် အခမ်းအနားက တောဘူတာရုံလေးပဲ ဖြစ်၏။နံနက်စာကျွေးတော့လည်း ဟင်းကောင်းတွေချည်း ဖြစ်၏။ ကျွန်ုပ်တို့အဖွဲ့က အမဲ၊ ဝက် မစားဆို၍ ငါးသလောက်၊ ငါးဖယ်၊ ကြက်သား၊ ဆိတ်သား၊ ပုစွန်ထုပ် စသည်ဖြစ်၏။နေ့လယ် ဗိုလ်ကြီးတင်ကိုကိုက ကုန်ပဒေသာ ဆိုင် လိုက်ပို့၏။ဦးသြဘာ ချေးများ၏။ဟိုဟာလိုချင် ဒီဟာလိုချင် ဝယ်တော့ လုံချည်နှစ်ထည်။

ညနေ မြို့တော်သိန်းအောင်က သူ့မိတ်ဆွေများဆီ သွားဦးမည်ဆို၍ ကျွန်ုပ်က ရထား လက်မှတ်ပေးလိုက်။ဘူတာသွားတော့ သူက ရောက်မလာသေး။ ဦးသြဘာရော ဗိုလ်ကြီးတို့ရော စိတ်လောနေကြရ၏။ရထားထွက်ကာနီးမှ ကပ်ရောက်လာ၏။ အဖွဲ့အစည်းအတွင်း သတ်မှတ် ထားသော လူမစုံခြင်းကား အလွန်စိတ်မောရသော အလုပ်ဖြစ်၏။ရောက်လာတော့မှပဲ အားလုံး စိတ်လက်ပေါ့ပါးသွား၏။ ဗိုလ်ကြီးတင်ကိုကိုက ရင်းရင်းနှီးနှီး နှုတ်ဆက်၏။၆း၄၅ နာရီတွင် ရထား စတင်ထွက်ခွာလာခဲ့၏။ဘူတာကြီးနဲ့ တဖြည်းဖြည်းဝေးလာခဲ့ပြီး ရန်ကုန်မြို့နဲ့ပါ ဝေးလာ ၏။မိုးရွာ၍ ဘေးတံခါးတွေပိတ်ပြီး ထိုင်ခုံခလုတ်များလျှော့ချပြီး အိပ်လိုက်ကြ၏။ မီးရထားခမှာ တစ်ယောက်အတွက် ၈ဂို့ ၃၅ါး ဖြစ်၏။အသွားအပြန် ကျွန်ုပ်တို့လင်မယားနှစ်ယောက်အတွက် ၃၄၉ိ ၄ဝါးဖြစ်၏။ထမင်းတစ်နပ် အနည်းဆုံး ၁၀ တန်၏၊ ၈ နပ်က နှစ်ယောက်အတွက် ၁၆၀၊ အိမ်တော် ညက တစ်နပ်စာ ၂၅ ခန့် နှစ်ယောက်စာ ၅၀ ပေါင်း ရထားခပါ။တည်းခိုခန်းနှင့် ပေါင်းလျှင် နှစ်ယောက်အတွက် ၁၀၀၀ ထက် မနည်းပါပေ။သို့သော် စေတနာနှင့် တန်ဖိုးဖြတ်မှု ကား တိုင်းတာမရပေ။ရအပ်သော ဂုဏ်မှာကား ကျွန်ုပ်တို့ လင်မယားအဖို့ သမ္မတကြီး၏ ဂုဏ်ပြု ညစာစားပွဲ တစ်သက်တွင် ဒီတစ်ခါသာ အဖိတ်ကြားခံရပေ၏။



ရှာစား စိန်တင်ဟန်ရေးစပ်တဲ့ သီချင်းတစ်ပုဒ်၏ လက်ရေးမူ

**JULY 1988** ၁၃၅၀ ပြည့်နှစ် ဝါဆို


3
Sunday
တနင်္ဂနွေ ၅

4
Monday
တနင်္လာ ၆

5
Tuesday [illegible]
အင်္ဂါ ၇

6
Wednesday
ဗုဒ္ဓဟူး ၈

7
Thursday
ကြာသပတေး ၉




8 [illegible]
Friday
သောကြာ ၁၀

9
Saturday
စနေ ၁၁


ရှာစား စိန်တင်ဟန် လက်ရေးမူ



ရှာစား စိန်တင်ဟန်စိတ်ကူးထဲက ဆိုင်းဝိုင်း၊ ကြေးဝိုင်း၊ မောင်းကာနဲ့ ပဉ္စရူပကြီး



ရွာစား စိန်တင်ဟန် နေအိမ်ပုံကြမ်း



ရွာစား စိန်တင်ဟန် နေအိမ်ကို အုတ်တက်ထားပုံ ပုံကြမ်း

ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးဒီဇိုင်း- ဇော်မောင်၊
ထုတ်ဝေသူ- ဦးဝင်းကျော်ထွန်း၊
မုံရွေးစာပေ၊
၈၀-ခ၊ သံလွင်လမ်း၊ ဗဟန်း၊ ရန်ကုန်
ပုံနှိပ်သူ- ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်၊
၁၄၀၊ ၄၅ လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်
ပထမအကြိမ်၊ စောင်ရေ ၅၀၀
၂၀၁၄ ခု၊ ဖေဖော်ဝါရီလ၊ တန်ဖိုး ၃၀၀၀ ကျပ်

ရှာစား စိန်တင်ဟန်
ဆိုင်းသမား/ရှာစား စိန်တင်ဟန်။ — ရန်ကုန်။
မုံရွေးစာပေ၊ ၂၀၁၄။
စာ ၂၆၂၊ ၁၅. ၇ × ၂၂. ၃ စင်တီ။
(၁) ဆိုင်းသမား

# ဆိုင်းသမား

ရွာစားစိန်တင်ဟန်

